ဒုတိယအုပ်

# ဂဏ္ဍဒူဝဝ

မြန်မာ့သာသနာဂဓမ်ကျွန်းတင်

ဓမ္မာစရိယဦးဇွေးဆိုင်

ပန်း၊ ချိ၊ ဝံ့

သူတော်ကောင်းခတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာ တည်ရမည်၊

ဂုဏ္ဍာသယ သဗ္ဗမင်္ဂလာ
သာဝိတ္ထို ဂါထာတော်ကြီး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

* ပုံနှိပ်ခြင်း — ပထမအကြိမ်၊
၁၉၈၈၊ မေလ

* အုပ်ရေ — ၁၀၀၀

* တန်ဖိုး — [redacted] ၈၀/-

* ဘာသာရေးဆိုင်ရာ
စာမူ ခွင့်ပြုချက် အမှတ် — (၅၇)

* မျက်နှာဖုံးခွင့်ပြုချက်အမှတ် — (၆၄)

* ထုတ်ဝေသူ — ဒေါ်ကြင်မြင့် (မြ-၀၂၀၀၉)
ဇုဒ္ဓအသံစာပေ
အမှတ် ၁၉ (စ)၊မြစပယ်လမ်း
၈-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

* ပုံနှိပ်သူ — ဒေါ်မတုပ်မှေကာ (မြ-၀၃၆၅၆)
မြရည်စန္ဒာပုံနှိပ်တိုက်၊ အမှတ် ၃၂၊
၁၀၁-လမ်း၊ မင်္ဂလာတောင်ညွှန့်
မြို့နယ်၊ ရန်ကုန်မြို့။

* မျက်နှာဖုံး — မှူးကျောက်စိမ်း အောင်မိဆက်

* အဖုံးပန်းချီ — စံတိုး

* အတွင်းဘလောက် — အဝင်း

* စာအုပ်ချုပ် — ညွှန့်မိသားစု စာအုပ်ချုပ်၊
ကမ္ဘာ့မှအေး

# ဂဂ္ဂဒုတ

မြန်မာ့သာသနာ့မော်ကွန်းတင်
ဒုတိယအုပ်

## ဓမ္မာစရိယ ဦးဘွေးလှိုင်

ပညာအလင်းပြစာအုပ်ဆိုင်
၁၃၀ ဗိုလ်ချုပ်လမ်း၊ရန်ကုန်မြို့၊
ဖုန်း-၉၀၉၂၇

ဖြန့်ချိရေး



စာတိုက်ဗူးအမှတ်[illegible] ၂၃
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့။

ဗုဒ္ဓအသုံးစာပေ

## သာသနာတော်နှောင်ရေး စိတ်မအေးနိုင်ကြသူများ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် သာသနာရေးနှင့် ပတ်သက်ပြီးတော့ တော်တော် စိတ်မအေးဖြစ်နေတဲ့ မထေရ်တစ်ပါးနှင့်ပုဏ္ဏား ဒကာတစ်ဦးရှိခဲ့ဖူးတယ်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှာ သာသနာတော်က တော်တော် တိုးတက်စည်ကားနေပါတယ်။ သူတို့ကိုယ်တိုင်တွေ့မြင်နေကြတယ်၊ ဝမ်းမြောက် ဝမ်းသာဖြစ်နေကြတယ်၊ တကယ်သို့များ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားတဲ့ နောက်မှာ ဒီသာသနာတော်ဟာ ဘယ်လိုများဖြစ်မလဲ။ ပြိုကွဲပျက်စီးသွားမှာ လေလား၊ သာသနာတော် အရှည်တည်တံ့ရာ တည်တံ့ကြောင်း ဘယ်လိုလုပ်ရ ပါ့မလဲလို့တွေးတောပူပန်နေတဲ့မထေရ်တစ်ပါးနှင့်ပုဏ္ဏားတစ်ဦးရှိခဲ့ဖူးတယ်။

မထေရ်က အရှင်ဘဒ္ဒဖြစ်ပြီး အရှင်အာနန္ဒာကို လျှောက်ထားတယ်။ ဒကာက အမည်မထင်ရှားသော ဒကာဖြစ်ပြီး သူက မြတ်စွာဘုရားရှင်ကို လျှောက်ထားတယ်။

''မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်း တရား ကြာမြင့်စွာ မတည်တံ့ခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း၊ ပရိနိဗ္ဗာန်ပြုသော်လည်း ကြာမြင့်စွာ တည်တံ့ခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း''

''အို....ပုဏ္ဏား၊ သတိပဋ္ဌာန်တရား လေးပါးတို့ကို မပွားများခြင်း ကြောင့်၊ ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့်....ကြာရှည်စွာ မတည်တံ့ ပေ။....ပြုလုပ်ခြင်းကြောင့် ငါဘုရား ပရိနိဗ္ဗာန်ပြုသော်လည်း သူတော် ကောင်းတရား ရှည်ကြာစွာ တည်တံ့ပေ၏''။

အဋ္ဌကထာမှာက 'မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေသော် လည်း မဒ္ဒဝဒတ် စသူတို့ကဲ့သို့ သတိပဋ္ဌာန်တရား လေးပါး မပွားများ သူမှာ သာသနာကွယ်သည်မည်တယ်' လို့ ဖွင့်ပြထားတယ်။ သာသနာ သက်တမ်းဟာ အကန့်အသတ်မရှိ တည်တံ့နိုင်တယ်ဆိုတာလဲ ထင် ရှားစေပါတယ်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ စိရဋ္ဌိတိကသုတ်နှင့် အညတရဗြာဟ္မဏသုတ်။ ရွှေမန်းဖြေအဘုတ္တ။)

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားကြီး

## ဘုရားနှုတ်ထွက် မေမွစက်

## ရွေးကျက် ရွတ်ပူဇော်

"ဆရာတော်ဘုရား၊ ပဋ္ဌာန်းရွတ်တဲ့ အတွက် သူတစ်ဖက်သား ထိခိုက်တယ်လို့ ပြောကြတယ်။ ဟုတ်ပါသလား ဘုရား" တဲ့။

မဟုတ်ပေဘူး-ဒကာမကြီး၊ ပဋ္ဌာန်းရွတ်လို့ သူတစ်ဖက်သား ထိခိုက်တယ်ဆိုကာ မဖြစ်နိုင်ဘူး။ နေဦး ဒကာမကြီး၊ ပဋ္ဌာန်းအပြင် ပရိတ်ကြီး ၁၁-သုတ်အပြင် အခြား ဘာတွေ ရွတ်သေးသလဲ... မေးတော့... ပရိမိတ္တဇာလသုတ်တို့၊ ဆဒိသာပါလသုတ်တို့၊ ဓာရဏပရိတ်၊ စက်ပရိတ် စုံလို့ပဲ၊ ဒါတွေ ရွတ်တယ်....တဲ့။

"အဲ....ဟုတ်ပြီ ဒကာမကြီး၊ဒီပရိတ်တွေက ဘုရားဟော မဟုတ်ဘူး။ မကောင်းဘူးတော့မဟုတ်ဘူး၊ ကောင်းပါတယ်။ ဒါပေမယ့် အဲဒီပရိတ်တွေ ရွတ်ရင် မိမိဘေးရန်ကင်းရုံနဲ့ မနေဘူး။ သူများတွေကိုပါ ထိခိုက်တတ်တာကိုလဲ တွေ့ရတယ်။ ဒါကြောင့် ဘုရားဟောစစ်စစ်ဖြစ်တဲ့ ရိုးရိုးပရိတ်ကြီး ၁၁ သုတ်သာ ရွတ်သင့်တယ်။ ဒါကတော့ ကိုယ်လဲ ဘေးရန်ကင်း၊ သူလဲ ဘေးရန်ကင်းတယ်။ ချမ်းသာရစေနိုင်တယ်။

နောက်ပြီး ဆက်လျှောက်သေးတယ်။ "ပဋ္ဌာန်းရွတ်ရင် အိမ်စောင့်နတ်တွေ မနေနိုင်ဘူးဆိုတာ ဟုတ်ပါသလား" တဲ့။ ဒီတော့ ဘုန်းကြီးက ပြောတယ် "ဒကာမကြီး အိမ်စောင့်နတ်ထွက်သွားတာ မြင်ဖူးတဲ့လူရှိလို့လား။ ဒါလဲမဖြစ်နိုင်ဘူး၊ သူတို့ ကိုးကွယ်နေတဲ့ နတ်ရုပ်တွေကဟာတွေ ထွက်ပြေးတာ ဖြစ်ချင်ဖြစ်မယ်။ ပဋ္ဌာန်းတရားဆိုတာ လူတွေကိုဟောတဲ့ တရားတော် မဟုတ်ဘူး ဒကာမကြီး၊ တာဝတိံသာက နတ်တွေကို ဟောတဲ့တရား။"

ကျေးဇူးရှင် နယ်ခြား တောင်တန်းသာသနာပြု
အရှင် ဦးဥတ္တမသာရ ဆရာတော်ဘုရားကြီး



# မာတိကာ


နိဒါန်းစကား ၈

— ဝမ်းနည်းဝမ်းသာ စာတွေလာ ၈

— ဘင်္ဂလားဒေ့ရှ်က စာတစ်စောင် ၁၀

— မြန်မာစာသင်နေတဲ့ ဂျာမန်အဘွားကြီး ၁၁

— နီပေါနိုင်ငံက ဗုဒ္ဓဘာသာ သတင်းလွှာ ၁၃

— ဓမ္မဂီရိ (အိန္ဒိယ) သို့ ဓမ္မခရီးသည် ၁၄

— ဓမ္မဂီရိမှ ဂုရုကြီး၏ ဓမ္မရင့်ကျူးသံ ၁၅

— ၂၀-ရာစု အနာထပိဏ် ၁၈

— တောင်ပုလုဆရာတော်၏ အမေရိကန်ဓမ္မဒူတခရီး ၂၁

၁—ဒါနကထာ

၁။ ရှိသမျှ အကုန်လှူသော ပါမောက္ခကြီး ၂၉

၂။ မောင်းထောင်သူဌေး ဦးမြရာ ၄၇

၃။ မုံဘဝဂူမှ သံတော်ဆင့်မင်းကတော်ကြီး အဘွားသစ် ၆၉

၂—သီလကထာ

၄။ အိုနာ ကျိုး ကန်း ကံအစွမ်း ၈၁

၅။ ဝဋ်နှင့်ကြွမှာ မလွတ်သာ ၈၇

၆။ သတ်၍မသေနိုင်သော ပဥ္စင်းလောင်း ဗိုလ်ချုပ် ၁၀၅

— ရွှေကျင်ဆရာတော်၏ သူသတ်သြဝါဒ မေတ္တာစာ ၁၁၆

၇။ အတ္တလန္တိတ်သမုဒ္ဒရာထဲက မြန်မာ့ရတနာများ ၁၂၀

၈။ အံ့ဖွယ့် မေတ္တာ ၁၂၆

၉။ အင်းဝမြို့က ဘုန်းကြီးလူထွက်ဆရာနှင့် ကျောင်းထိုင်ပြိတ္တာ ၁၃၁

၁၀။ ဘုရားမပွင့်မီက ပရိတ်တော် ၁၄၅

— ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ဆီ၊ ပရိတ်သဲ ပြုလုပ်သုံးစွဲ နည်း သမိုင်းအကျဉ်း ၁၅၃

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

### ၃-သင်္ဂကထာ


၁၁။ အမေ့မေတ္တာ ၁၆၁
၁၂။ နေ့စဉ်ပိဋကသုံးပုံ ရွတ်ဖတ်ပူဇော်သူများ ၁၆၉
၁၃။ ထမင်းတစ်လုတ် ကုသိုလ် ၁၀၃
၁၄။ အရဟံဂုဏ်တော်ဖြင့် မုန်တိုင်းကို ဖြိုခွင်းသူ ၁၀၉
၁၅။ စစ်တွေမုန်တိုင်းနှင့် ရတနာသုံးပါးကံလှိုင်း ၂၀၁
၁၆။ တစ်ကြိမ်ဦးချ ကျိုးဖလ ၂၀၃
၁၇။ အန္တရာယ် လူနှစ်ယောက်နှင့် မြင်းကြီး ၂၀၇
၁၈။ သေမင်းမျက်စိလည်သွားခြင်း ၂၁၃
၁၉။ သက်တော်ရှည် ဆရာတော်ကြီး ကိုယ်တွေ့ အန္တရာယ်ကင်း ဂါထာ ၂၂၇


### ၄-မဂ္ဂကထာ


၂၀။ တောပန်း မတင်ကြည် ၂၃၃
၂၁။ ခွဲစိတ်ကုသခံရမည့် ဒေါက်တာ ၂၄၃
၂၂။ ယောဂီ ဘုန်းတော်ကြီး ဦးပဏ္ဍိ ၂၆၉


### ၅-သာသနဝံသ ကထာ


၂၃။ ဗန်းမော်က မြို့နယ်မှ ရဟန္တာဟု ကျော်ကြားသော အရှည်ဝါသီ ဝေ့သုက္ခိ ဆရာတော် ၂၉၃
၂၄။ ဟန်လင်း သစ်ဆိမ့်ကြီး ဆရာတော် ညီနောင် (ရဟန္တာ အရှင် ဇဝနနှင့် အရှင်ဝိသုဒ္ဓါစာရ) ၃၁၁
၂၅။ ရဟန္တာ မဆိတ်သုဉ်းသော မြန်မာနိုင်ငံ (ဆရာတော် အရှင် ဦးဥတ္တမသာရ) ၃၂၀
၂၆။ အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့အတွက် ယနေ့ မြန်မာ့အကူအညီ ၃၅၉
— ကလျာဏမိတ္တ ဂုရုကြီး ဦးဂိုအင်ကာ ၃၆၀
— အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့ အပေါ် ထားရှိခဲ့သော ဥက္ကဋ္ဌ ဦးနု၏ စေတနာ ၃၆၃
၂၇။ မဟာစည်နိုင်ငံခြားသာသနာပြုလုပ်ငန်းနှင့်နိုင်ငံခြားသား ယောဂီများ ၃၆၇

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါန်းစကား

လူကြီးမင်းခင်ဗျား ...

လူကြီးမင်း စာပေတိုက်မှ ထုတ်ဝေသော ဓမ္မာစရိယ ဦးဧွး လှိုင်၏ 'ဓမ္မဒူတ' စာအုပ်ကို ဖတ်ရှုရသဖြင့် အလွန်ဝမ်းမြောက် ကျေးဇူးတင်လျက် ရှိပါသည်။

အထူးသဖြင့် ဓမ္မဒူတစာအုပ်မှာအခြေခံသိမှတ်စရာ၊ကျက်မှတ် စရာ၊ လေးလေးနက်နက် စဉ်းစားစရာ၊ ဝိပဿနာနှင့် နိုင်ငံခြားသာသ နာရေး သတင်းများအထိ ရသာစုံပါရှိသဖြင့် ယခုခေတ် ကျောင်းသူ ကျောင်းသားများနှင့်လည်း အထူးသင့်လျော်ပါသည်။ လူငယ်များ စာရိတ္တရေးရာ ဘာသာရေး အသိဉာဏ်အတွက် များစွာအထောက် အကူ ပြုနိုင်သည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ကျွန်တော်တာဝန်ကျသော မြို့နယ်မှ ကျောင်း ပေါင်း ၆၀-ရှိ စာကြည့်တိုက်များအတွက် ဓမ္မဒူတ အုပ်ရေ ၆၀- အလိုရှိပါ၍ မည်ကဲ့သို့ ဆက်သွယ်ဝယ်ယူရမည်ကို စာပြန်ကြားပါ ရန် လူကြီးမင်းအား မေတ္တာရပ်ခံပါသည် ခင်ဗျား။

ဘလှ (ဦးဘလှ)
မြို့နယ်ပညာရေးမှူး
.................... မြို့။

ဝမ်းနည်းဝမ်းသာ စာတွေလာ —

( ၁ )

ဓမ္မဒူတစာအုပ်နှင့်စပ်၍ အထက်ပါစာမှာ ကျွန်ုပ်စိတ်မကောင်းဖြစ်ဆုံး သော စာတစ်စောင်ဖြစ်ပါသည်။

ဒုတိယအကြိမ်

ကျွန်ုပ်၏စာအုပ်ဖြန့်သူများမှာ မိမိတို့ထံတွင် အနည်းငယ်မျှသာ လက်ကျန်ထားပြီး စာအုပ်ရောင်းသူများအား တစ်လီတည်း အပြီးခွဲဝေပေးလိုက်သည်က များပါသည်။ ဦးဘလှစာ ရောက်လာသောအခါ လက်ကျန်အနည်းငယ်ကို မရောင်းသေးဘဲ ဆိုင်းငံ့ထားပြီး ဆိုင်ကြီးများထံမှ နည်းနည်းစီပြန်လည် မေတ္တာရပ်ခံကာ စုစည်းခိုင်းရပါသည်။ ကံဆိုးချင်တော့ လိုအပ်သော အရေးအတွက် ပြည့်ခါနီးမှာ လူကြီးများမရှိခိုက် အိမ်မှာ စုထားသော စာအုပ်များအားလုံး စာအုပ်သည်များက မသွားသဖြင့် မိတ်ဆွေကြီးဦးဘလှ၏ဆန္ဒကို မဖြည့်စွမ်းနိုင်ဘဲ ရှိရပါသည်။

ထို့နောက် လစဉ်ထုတ်မဂ္ဂဇင်း၊ စာစောင်များမှအပ၊ စက္ကူမပေးတော့၍ စာအုပ်ထုတ်ဝေခြင်းမပြုနိုင်ခဲ့ပါ။ ယခုတိုင်စာအုပ်ထုတ်သူများမှာ အခါအားလျော်စွာ မြန်မာဖြစ်စက္ကူများဖြင့် ဆက်လက် ထုတ်ဝေနေကြသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ကျွန်ုပ်အဖို့ စဉ်းစားခက်လာပါသည်။

စက္ကူရသော အချိန်ကာပင် အများစု ဝယ်ယူဖတ်ရှုနိုင်စေရန် သတင်းစာစက္ကူဖြင့်သာ ထုတ်ဝေနေရသည့် အဆင့်မှ မြန်မာလုပ် စက္ကူများဖြင့် ထုတ်ဝေရန်မှာ စိတ်တွေ့ တွန့်ဆုတ်နေပါသည်။ မည်သို့မျှ စာဖတ်သူများ စိတ်နှလုံး ချမ်းမြေ့ကြမည် မထင်ပါ။ သို့ရာတွင် စက္ကူညံ့သည်နှင့်အမျှ စာအုပ်ဈေးနှုန်းကလည်း ပို၍ ကြီးလေး လာမည်ဟု တွက်ချက် သိရှိရပြန်ပါသည်။

'ကြွားပေါက်စာအုပ်'ခေါ် ဘာသာရေးစသောလုံးချင်းစာအုပ်များ ရပ်ဆိုင်းနေချိန် မဂ္ဂဇင်းအုပ်ထူကြီးများကား တစ်အုပ်ပြီးတစ်အုပ် အပြိုင်အဆိုင် အားရစဖွယ် ထွက်ပေါ်လာသည်ကို တွေ့ရသဖြင့် စာမွေ့သူများအတွက် ဝမ်းမြောက်ဖွယ် ကောင်းပါသည်။ ဘာသာရေးစာစောင်များကလည်း တစ်ခုပြီးတစ်ခု စက္ကူရသော-မရသော ကသောကမျော ထွက်လာကြသဖြင့် ဘာသာရေး စာဖတ်ပရိသတ်များအတွက် အတန်ငယ် ဖြေသိမ့်စရာကား ဖြစ်လာပါသည်။

ဂျပန်နိုင်ငံစာအုပ်ထုတ်ဝေမှုသမိုင်းကိုကြည့်ရှု၍ ဘာသာရေးစာအုပ်အများဆုံးဟု တွေ့ရချိန် မြန်မာနိုင်ငံတွင်ကား မဂ္ဂဇင်းစာအုပ် အများဆုံးထုတ်ဝေသောခေတ်ဟု ဆိုရမည် ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ စက္ကူများမပေးတော့ဟု သဲသဲကွဲကွဲကြားရမီကပင် ကျွန်ုပ်စာအုပ်များအားလုံး ကိုယ်စားလှယ်များက တဖွဲဖွဲသယ်ဆောင်သွား

ကြရာ "ထူးထူးခြားခြား ငါ့စာအုပ်တွေ ဒီနှစ်အရောင်းသွက်လှချည့်ကလား" ဟု ပီတိဖြစ်ခဲ့ရပါသည်။ ယခုအခါ ၅၅°-တန် 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' စာအုပ်သည် ၁၅၀-ကျပ် ဖြစ်နေသည်ဟု ဆိုကြပါသည်။ ဝယ်ယူသူများသည် စာအုပ်ကိုလည်းလိုချင်၊ စျေးကလည်းများ၊ ဖင်ပြန်ခေါင်းပြန် လှန်လှော၍ကြည့်ရှုစဉ်းစားရင်း နောက်ဆုံး အိတ်ထဲက ငွေ ၁၅၀-ကျပ်ကို မချိမဆန့် လှမ်း၍ပေးလျက် ပါးစပ်က မြည်တွန်သွားသည်မှာ—

"ဒီခေတ်မှာ ဓမ္မာစရိယဦးဌေးလှိုင်တော့ ပိုက်ဆံတွေ ထားစရာမှ ရှိသေးရဲ့လားမသိဘူး" ဟူ၏။

ဤကား ကျွန်ုပ်တို့ထံ စာရေးဆက်သွယ်ထားသူများအတွက် ပြန်ကြားချက် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဓမ္မဒူတနိဒါန်း ဖြစ်ပါတော့သည်။

ထို့ထက် ဝမ်းနည်းဖွယ်ကောင်းသော စာတစ်စောင်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

## (၂)

## ဘင်္ဂလားဒေ့ရှ်က စာတစ်စောင်

"ဒကာကြီးဦးဌေးလှိုင်ထံ ဦးပဥ္စင်း မေတ္တာရပ်ခံအကြောင်းကြားအပ်ပါသည် ဒကာကြီး။

အကြောင်းမှာ ၁၃၄၂-ခုနှစ် သင်္ကြန်ရက်အတွင်းက ဒါကာမြို့သို့ သီလပေး ရေစက်ချ တရားဟောရန် ကြွစဉ်က ဒကာကြီး ရေးသော မေတ္တာဝါဒ ဗြဟ္မဝိဟာရစာအုပ်ကို သံရုံးမိသားစု အိမ်တစ်အိမ်တွင် ဖတ်ရှုခဲ့ရပါသည်။ ထိုစာအုပ်ကို ခေတ္တငှားရမ်းပြီး စစ်တကောင်း တောင်တန်းရှိ ဖလံထောင် ဗုဒ္ဓသံဃရက္ခိတအဖွဲ့၊ အဖွဲ့ဝင် ဆရာတော်များအားလုံးကို တစ်ဆင့်ဖတ်ရှုစေခဲ့ရာ အလွန်သဘောကျ နှစ်ခြိုက်တော်မူကြပါသည်။

စာအုပ်ပင်မတွေ့ရသော်လည်း မေတ္တာဝါဒစာအုပ်ကိုကြည့်ရှုရကာမျှဖြင့် အခြားစာအုပ်များလည်း ဘုရားရှင် အလိုတော်ကျဖြစ်ပြီး သာသနာတော်အား ကျေးဇူးများမည်ဟု ယုံကြည်ယူဆပြီး ဖတ်ရှုလိုသောဆန္ဒ ပြင်းပြနေကြပါသည်။

သို့ပါသောကြောင့် ဒကာကြီး စာအုပ်များကို ဝယ်ယူရန် သက်ဆိုင်ရာမှ နိုင်ငံခြားငွေ ခွင့်ပြုချက် လျှောက်ထားခဲ့ရာ ခွင့်မပြုသောကြောင့် အခက်အခဲ တွေ့ခဲ့ရပါသည်။ ဤကိစ္စကို အဖွဲ့ဝင် ဆရာတော်များ အားလုံးအား လျှောက်ထားရာ ဆရာတော်ကြီးများက ဤသို့ အမိန့်ရှိကြပါသည်။

"ဓမ္မာစရိယ ဦးဌေးလှိုင်ရေးတဲ့စာအုပ်များမှာ ချစ်တကောင်းတောင်တန်းဒေသရှိ ဗုဒ္ဓဘာသာ ဗရမာလူမျိုးများအတွက် အလွန်သင့်လျော်၍အထူးလိုလားအပ်တဲ့ စာအုပ်များ ဖြစ်ပေတယ်။ ဝယ်ယူဖို့အခက်အခဲရှိနေလျှင် အားလုံးဖြန့်ဝေဖတ်ရှုနိုင်အောင် ဒကာကြီးထံမှာပဲ နှစ်စုံလောက် စာရေးပြီး အလှူခံကြပါ" ဟု အမိန့်ရှိသောကြောင့် ဦးပဥ္စင်း ဤစာကိုရေးပြီး မေတ္တာရပ်ပါသည် ဒကာကြီး။

ဦးသောဘဏ
အတွင်းရေးမှူး
ဗုဒ္ဓသံဃရက္ခိတအသင်း
စစ်တကောင်းတောင်တန်း
ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

ဘင်္ဂလားဒေ့ရှ်၊ ဒါကာမြို့ မြန်မာသံရုံးမှတစ်ဆင့် ပေးပို့ရန် မေတ္တာရပ်ခံလိုက်သော အထက်ပါစာကို ဖတ်ရှုရသောအခါ အလွန် ဝမ်းမြောက်ဖွယ်ကောင်းသည်ကို တွေ့ရပါသည်။ အလွန်လည်း ဝမ်းသာ၍ မဆုံးရပါ။ သို့သော် ဝမ်းသာရမည့်အစား ရောင်းစရာ၊ လှူစရာ စာတစ်အုပ်မျှ လက်ကျန်မရှိသည့်အတွက် ကြီးစွာ စိတ်မကောင်း ဖြစ်ရပါသည်။

## မြန်မာစာသင်နေတဲ့ ဂျာမန်အဘွားကြီး

## ( ၃ )

ကျွန်ုပ်၏ စာဖတ်ပရိသတ်များအား ကျွန်ုပ်၏ စာအုပ်များနှင့် ပတ်သက်၍ ဝမ်းမြောက်ဖွယ်သတင်းများကိုလည်း ဖောက်သည်ချပါဦးမည်။

စာဖတ်သူများ အခိုက်အတန့်အားဖြင့် စိတ်ညစ်ညူးသွားပါလျှင် အောက်ပါ စာပိုဒ်ကလေးကို ဆက်လက် ဖတ်ရှုရန် တိုက်တွန်းလိုပါသည်။ အောက်ပါ စာပိုဒ်ကလေးမှာ နိုင်ငံ့ကျော် ဓမ္မကထိက၊ ကမ္ဘာ့သာသနာပြု

သံကုန်းဆရာတော် အရှင်ဉာဏိဿရ၏ 'အနှစ်ကိုးပါးတရားတော်' စာအုပ်မှ မူရင်းအတိုင်း ကောက်နုတ်ချက် ဗဟုသုတ ဓမ္မစကားတော်များ ဖြစ်ပါသည်။

"ဗုဒ္ဓဂယာ ဗောဓိပင်ပတ်လည်မှာ ဥရောပ၊ အမေရိကနှင့် သြစတြေလီးယားက လူတွေဟာ လူပေါင်း နှစ်ထောင်ကျော်လောက် ရှိနေတယ်။ ဘုရားဖူးလာကြတာ နှစ်လတောင်ရှိပြီ....တဲ့။

အဲဒီမှာပဲ ဂျာမန်အဘွားကြီး တစ်ယောက်ကိုလဲ တွေ့ရသေးတယ်။ အဲဒီအဘွားကြီးကတော့ မြန်မာပြည်မှာ ၇-ရက်တည်းရပေမယ့် ၇-ရက်တည်းနဲ့ မြန်မာပြည်မှာ နှံ့အောင် နေ့ရောညပါ ပြေးလွှား လည်ပတ်ပြီးတော့ ပြန်သွားတာ။ သူ ဘယ်ကို အဓိကထားပြီးတော့ သွားသလဲဆိုတော့ မြန်မာပြည်မှာ နာမည်ကြီးတဲ့ ဆရာတော်တွေချည်း လျှောက်ဖူးပြီး ပြန်သွားတာ။ သူကတစ်မျိုး။ တန်ခိုးကြီး ဘုရားတို့ ဘာတို့၊ ရှေးဟောင်း ပုဂံမြို့တော်တို့ ဒါတွေကို သူက အဓိက မထားဘူး။

ပရိယတ္တိ ဘယ်လောက် တော်သလဲ၊ ပဋိပတ္တိ ဘယ်လောက် တော်သလဲ၊ ပရိယတ်နှင့် ပဋိပတ် ဘယ်ဆရာတော် ဘယ်လောက်တော်သလဲဆိုတာကို မြန်မာပြည်မှာ စုံစမ်းပြီးတော့ အဲဒါတွေ အကုန် လျှောက်ဖူးပြီးတော့ သူက ပြန်သွားတာ။ မိုးညှင်းလဲ သူရောက်တာပဲ။ တောင်ပုလုလဲ ရောက်တာပဲ။

ရန်ကုန်က မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ရိပ်သာတော့ ကာမှပြောမနေနဲ့၊ ပိုပြီးတော့ ရောက်သေးတယ်။ စွန်းလွန်းရိပ်သာလို ရိပ်သာတွေအနှံ့ သူ တော်တော်ရောက်တယ်။ သံလျင်ဘက်လဲ သူ ရောက်တယ်။ တော်တော်စုံစုံ ရောက်တာပဲ။

ဓမ္မာစရိယ ဦးဌေးလှိုင်ရေးတဲ့ 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' ဆိုတဲ့ စာအုပ်ကြီးလဲ သူက ပိုက်ထားတယ်။ 'ခင်ဗျား မြန်မာစကား တတ်သလား' လို့ မေးတော့ 'မြန်မာလို မတောက်တခေါက်လေး ပြောတတ်တယ်'တဲ့။ 'မြန်မာစာကော တတ်သလား'လို့ မေးကြည့်တော့ 'မတတ်သေးဘူး'-တဲ့။ 'ဗျည်း၃၃-လုံးနဲ့ သင်ပုန်းကြီးကိုတော့ သူ တစ်ခေါက် ဖတ်ပြီးပြီ'-တဲ့။ အဲဒါ မြန်မာစာတတ်ချင်လို့ အခု သူ မြန်မာစာ သင်နေတယ်။ တတ်အောင်သင်နေပါတယ်-တဲ့။

"မြန်မာစာတတ်တော့ ခင်ဗျား ဘာလုပ်မှာတုံး' လို့ ဘုန်းကြီးက မေးတော့ 'ဒီလို အဖိုးတန်တဲ့ စာအုပ်တွေကို ဖတ်ချင်လို့' တဲ့။ အဲဒီမှာ တစ်ဆက်တည်း ပြောလိုက်သေးတယ်။ 'ဒီလောက်တောင် အဖိုးတန်တဲ့ စာအုပ်တွေ မြန်မာပြည်မှာ ရှိပါလျက်နှင့် အင်္ဂလိပ်လို ပြန်ပြီးတော့ ကမ္ဘာကို မထုတ်တာ ဘာဖြစ်လို့လဲ'-တဲ့။"

အထက်ပါ ဆရာတော်၏ ကိုယ်တွေ့ဖြစ်ရပ်ကလေးကို ကြည့်ခြင်းအားဖြင့် ယခုအခါ လူမျိုး၊ ဘာသာမရွေး စဉ်းစား တွေးခေါ် အမြော်အမြင်ဉာဏ်ရှိသူတိုင်း ဗုဒ္ဓဓမ္မအပေါ် အထူးစိတ်ဝင်စားလာကြသည်မှာ ထင်ရှားလှပေသည်။

## နီပေါနိုင်ငံက ဗုဒ္ဓဘာသာသတင်းလွှာ

ထိုမှတစ်ပါး နီပေါနိုင်ငံ ကဋ္ဌမဏ္ဍူမြို့၊ သမထ ဝိပဿနာ ဘာဝနာ အသင်း ဆရာတော် ဦးပညာသာမိထံမှ ပေးစာ ကောက်နုတ်ချက်ကိုလည်း ဖော်ပြလိုပါသည်။ ၎င်းမှာ—

"ဗုဒ္ဓသာသနာတော် ပြန့်ပွားရေး အတွက် ဒကာကြီး ဦးဧဒွေး လှိုင်ထံ ဘုန်းကြီး စာရေး၍ အသိပေး အကြောင်းကြားအပ်ပါသည်။ ဘုန်းကြီးတို့ သမထ ဝိပဿနာ ဘာဝနာအဖွဲ့ နီပေါနိုင်ငံတွင် ဖွဲ့စည်းသည်မှာ မကြာလှသေးပါ။ သို့သော်လည်း ဘုန်းကြီးတို့အဖွဲ့မှ လစဉ်ထုတ် 'ဗုဒ္ဓဘာသာသတင်းလွှာ' ကို ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်သို့ ဖြန့်ဝေလျက်ရှိပါသည်။

ဒကာကြီး အထူးသိစေလိုသည်မှာ နီပေါနိုင်ငံ ကဋ္ဌမဏ္ဍူမြို့ တရိဘုဝန် တက္ကသိုလ် ပါမောက္ခ အာရှရမ်ဆာကျ၏ တိုက်တွန်းတောင်းပန်ချက်အရ ဒကာကြီးရေးသားသော 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်မှ ပုဂ္ဂိုလ်ထူးများ အကြောင်းကို အဆိုပါ စာစောင်၌ အင်္ဂလိပ်လို ဘာသာပြန်ပြီး ရေးသားဖော်ပြခဲ့သည်မှာ ၈-ပါးခန့်ရှိသွားပါပြီ"

ထိုသတင်းများသည် ဗုဒ္ဓဘာသာအတွက် ဂုဏ်ယူ ဝမ်းမြောက်ဖွယ်ကောင်းလှ၏။ ကျွန်ုပ် တစ်ဦးတစ်ယောက်တည်းအတွက်သာ မဟုတ်ပါချေ။ ဗုဒ္ဓဓမ္မကို မူရင်းကျကျ ဘိုးစဉ်ဘောင်ဆက် ဆက်လက် ထိန်းသိမ်းလာခဲ့ကြသော မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား အားလုံး အတွက် ဂုဏ်ယူဖွယ် ဖြစ်ပါသည်။

---

ယင်းသို့ ကမ္ဘာနှင့်အဝန်း ဗုဒ္ဓဓမ္မအပေါ် အလှိုင်းတကြီး စိတ်ပါဝင်စားလာမှုနှင့်စပ်၍ ဝမ်းမမြောက်သူဟူ၍ ရှိမည်မဟုတ်၊ သို့သော်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အပေါ်၌ တာဝန်ကြီးတစ်ခုတက်လာသည်ကိုမူ သတိပြုကောင်းမှ ပြုမိကြပေလိမ့်မည်။ ဘာသာရေး စိတ်ဝင်စားသူ များလာသည်ကို အကြောင်းပြု၍ စာရေးဆရာများကလည်း သူ့ထက်ငါ ဘာသာရေးကို အလေးပေးရေးသားလာကြ၏။

ကိုယ်တိုင် စာတွေ့လက်တွေ့ ဓမ္မအမြင်ရှင်းအောင် လေ့လာကျင့်သုံးပြီး အစင်ကြယ်ဆုံးနှင့် အလွယ်ကူဆုံး နည်းလမ်းကို ပြညွှန်နိုင်ကြရန် ပို၍ အရေးကြီးလာပေသည်။

## ဓမ္မဂီရိ (အိန္ဒိယ)သို့ ဓမ္မခရီးသည်

## ( ၄ )

ယခု ကမ္ဘာအရပ်ရပ်၌ ဗုဒ္ဓဘာသာနှင့်စပ်၍ ထုထည် အရှိန်အဟုန်ပြင်းစွာ တိုးတက်လာနေသော ဖြစ်ရပ်သတင်းများကား နေရာများစွာ၌ ဖြစ်ပေါ်လျက်ရှိ၏။

ဝမ်းမြောက်ဖွယ်ကောင်းသော ထိုထိုသတင်းများအနက် ကျွန်ုပ်တို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို တင်ပြအသိပေးလိုပါသည်။ ထိုဖြစ်ရပ်ကား အိန္ဒိယနိုင်ငံကြီးကို ဗဟိုပြု၍ ကမ္ဘာအရပ်ရပ်သို့ လှည့်လည်လျက် သာသနာပြုနေသော မန္တလေးသားဇာတိ ဂုရုကြီး ဦးဂိုအင်ကာ၏ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ သာသနာပြု လုပ်ဆောင်ချက်များ အကြောင်းပင် ဖြစ်ပါသည်။

ကလျာဏမိတ္တဂုရုကြီး ဦးဂိုအင်ကာ၏အကြောင်းကို မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနာကို စိတ်ဝင်စားသူတိုင်း အထိုက်အလျောက် သိရှိကြပြီးပင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ကိုယ်တိုင် မြန်မာပြည်မှ ကြားနေရသော သတင်းနှင့် လက်တွေ့ မျက်မြင်မှာ လွန်စွာ ခြားနားလျက်ရှိကြောင်း ကိုယ်တွေ့ ကြုံခဲ့ရပါသည်။ ထို့ကြောင့်လည်း ဂုရုကြီး ဦးဂိုအင်ကာက မြန်မာပြည်မှ ဓမ္မမိတ်ဆွေများအား မျက်မြင်ကိုယ်တွေ့လေ့လာပြီး ပရိယတ် ပဋိပတ်နှင့်စပ်၍ အကြံကောင်း ဉာဏ်ကောင်းများ ကူညီပံ့ပိုးရန် ဖိတ်ခေါ်ပြသခြင်းဖြစ်၏။

ဦးဂိုအင်ကာ၏ အပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းဌာနမှာ ဘုံဘေမြို့၏အရှေ့မိုင် ၈၀-ကျော် (၃-နာရီခရီး) ဝေးသော အီဂတ်ပူရီမြို့ကလေး၌ ဖွင့်လှစ်ထားသည်။ အီဂတ်ပူရီ၏ ပထဝီအနေအထားမှာ မေမြို့နှင့် ဆင်ဆင်

တူ၏။ ထိုမြို့ကလေး၏ ဗဟို၌ ကော ၄၀ ခန့်ရှိ တောင်ကုန်းမြင့်ကလေးကို 'ဓမ္မဂီရိ'ဟု သမုတ်ကာ တရားဌာန ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ဥယျာဉ်ဟောင်းဖြစ်၍ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်နေ၏။ ရောင်စုံပန်းများကို စနစ်တကျ စိုက်ပျိုးထားရာ ရိပ်သာထဲဝင်လိုက်သည်နှင့် အမောပြေစေ၏။ ရိပ်သာပတ်ပတ်လည်၌ ပေငါးရာကျော်ခန့်ရှိ ကျောက်တောင်ကြီးများက တံတိုင်းသဖွယ် ဝန်းရံထားသည်။

ဆရာကြီး ဦးဘခင် ကွယ်လွန်သည့် ၁၅-နှစ်မြောက်၊ ဓမ္မဂီရိသက်တမ်း ၁၀-နှစ်မြောက် ဝိပဿနာ နှီးနှောဆွေးနွေးပွဲကို ကျင်းပသည်။ ၈၆-ခု၊ ဒီဇင်ဘာလ ၂၀-ရက်နေ့မှ ၈၇-ခု၊ဇန်နဝါရီလ ၁-ရက်နေ့အထိ ကမ္ဘာ့နိုင်ငံပေါင်းစုံ ယောဂီပေါင်း ၃၅၀-ကျော် စုဝေးပေါင်း၍လည်း တရားထိုင်ကြရ၏။

မြန်မာနိုင်ငံမှ မဂ်လာဗျူဟာ အသင်းဥက္ကဋ္ဌ ဦးအောင်သိမ်း၊ ဦးလှကြိုင်(ပါရဂူ)၊ ဦးဝင်းမောင် (မင်းယုဝေ)၊ ဦးကျော်ခင်မြင့် (မြောင်းမြမောင်ရင့်ကျူး)နှင့် ကျွန်ုပ်တို့ ကမ္ဘာ့ဝိပဿနာဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြရ၏။ ယင်းသို့တက်ရောက်နိုင်စေရန် ဖိတ်ကြားသောအိန္ဒိယနိုင်ငံမှ 'ဝိပဿနာ သုတေသနအဖွဲ့' (Vipassana Research Institute )နှင့် နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနများအားကျေးဇူးတင်၍ မဆုံးကြရပါ။

## ဓမ္မဂီရိမှ ဂုရုကြီး၏ ဓမ္မရင့်ကျူးသံ

ကာလကတ္တားမှတုံဘေသို့ အမြန်အကူးရထားဖြင့် စီးနင်းလိုက်ပါလာခဲ့ကြရာ ၃၄-နာရီအကြာ အီဂတ်ပူရီဘူတာသို့ဆိုက်ရောက်ကြပြီး ထိုမှတစ်ဆင့်ကားဖြင့် ၁၇-မိနစ်အတွင်း ဓမ္မဂီရိသို့ ချောမောစွာ ရောက်ရှိကြပါသည်။ ဘူတာမှ ဓမ္မဂီရိလမ်းတစ်လျှောက်တွင် ကျောပိုးအိတ် ကိုယ်စီနှင့် နိုင်ငံခြားသား အမျိုးသား အမျိုးသမီးငယ်များကိုလည်း တွေ့မြင်ကြရ၏။ နှစ်ရက်တစ်ည ရထားစီးခဲ့ရသော ဒုက္ခကိုပင် မေ့ပျောက် သွားပါတော့သည်။ ကျွန်ုပ်တို့ရောက်ချိန် ဓမ္မဂီရိတစ်တောင်လုံး မီးလင်းနေပြီ။

ရိပ်သာမြေသို့ ခြေချမိလျှင်ပင် အသံချိုစက်မှ မကြားစဖူးသော အသံတစ်ခုကို ကြားလိုက်ရရာ အလိုလို ခြေလှမ်းများ တုံ့ဆိုင်းသွား၏။ အထုပ်အပိုးများကို လေးလံစွာ ထမ်းပိုးလျက်က ရပ်ပြီးနားစိုက်ကြည့်ရာ နိုင်ငံခြားအသံထွက်ဖြင့် ဓမ္မစကြာ ပါဠိတော်ကို ရွတ်ဆိုနေကြောင်း သိရပါသည်။ (အနတ္တလက္ခဏသုတ်၊ ပရိတ်ကြီး ၁၁-သုတ်၊မဟာသတိပဋ္ဌာနသုတ်နှင့်ပဋ္ဌာန်းပစ္စယနိဒ္ဒေသတို့ကိုလည်း နေ့စဉ်ညဥ့်ဦးယံနှင့်မိုးသောက်ယံတိုင်းကြားနေရ၏။)

ကလျာဏမိတ္တဂုရုကြီး ဦးဂိုအင်ကာ ကမ္ဘာ့ဝိပဿနာ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်နေသည်မှာ အံ့သြစရာ မရှိပါ။

နေရာချထားရေးအဖွဲ့က လက်ခံထောက်ကမ္မဋ္ဌာန်းဆရာများ အဆောက်အအုံ၌ နေရာချထား၍ တအောင့်တနား ပြင်ဆင်အမောဖြေခိုက် ဧည့်ခံကျွေးမွေးရေးအဖွဲ့က အကြိုထောက်လာသဖြင့် ဘောဇနသာလာ (စားရိပ်သာ)သို့ သွားရောက် စားသောက်ကြရသည်။ ကျွန်ုပ်တို့ကဲ့သို့ ရောက်သစ်စနိုင်ငံခြားသား ယောဂီ ၁၅-ယောက်ခန့်လည်း အတူတူပင် စားကြ၏။ ဟင်းလေးမျိုး၊ ထမင်း၊ မုန့် နှစ်မျိုး သုံးမျိုး၊ နွားနို့ ဒိန်ချဉ်၊ သစ်သီးစုံ။ ကိုယ့်ဗန်းကလေးနှင့်ကိုယ် ကြိုက်ရာအာဟာရကို ကြိုက်သလောက် (ဘုန်းကြီးဆွမ်းခံသကဲ့သို့) ခံယူ သုံးဆောင်နိုင်သည်။ သကြား၊ ဆား၊ ထန်းလျက်နှင့် ညနေတွင် ဖာလာနှင့်ထန်းလျက် ချင်းပြုတ်ရည်ပူပူကို ကြိုက်သလိုသုံးဆောင်နိုင်ရန် စားပွဲတစ်ခုပေါ်၌ အမြဲချထားသည်။ ဖာလာပြုတ်ရည်မှာ အထူးသဖြင့် ဥပုသ်စောင့်ကြရသော ယောဂီဟောင်းများအတွက် ဖြစ်၏။

ပွဲတော်ရက်အတွင်း ယောဂီပေါင်း ၃၅၀-ကျော်ရှိ၍ လ-နှင့်၊နှစ်နှင့်ချီပြီး အားထုတ်နေသော ယောဂီဟောင်းများလည်း အစိတ် သုံးဆယ်ကျော်ရှိကြောင်းသိရ၏။ ထိုမျှ များပြားသော ယောဂီများအား တစ်နေ့လျှင် သုံးကြိမ်ခန့်ကျွေးမွေးထားနိုင်သည်မှာ သာမည သဒ္ဓါတရား မဟုတ်ပါချေ။ ပိဋကအခြေခံပါဠိသင်တန်းကိုလည်းပါဠိပရော်ဖက်ဆာတစ်ဦးထား၍ ဖွင့်လှစ်ထားရာ ၆-လ သင်တန်းပြီးဆုံးသွားသော နိုင်ငံခြားသား ယောဂီ ၁၁-ဦးပင် ရှိနေ၏။ ထိုသင်တန်းမှာ ပါဠိဒေါက်တာတွဲနှင့်အရည်အသွေး တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်လျက်ရှိရာ ဓမ္မဂိရိ၏ ပရိယတ်၊ ပဋိပတ်အနာဂတ်အလားအလာသည် လွန်စွာအားရဖွယ်ကောင်းလှပါ၏။ ဂုရုကြီးဦးဂိုအင်ကာကမူ ထိုမျှနှင့်အားမရ၊ပိဋကတ်သုံးပုံမှ ပဋိပတ်နှင့်တိုက်ရိုက် နီးနွယ်သောဒေသနာများကို ကွန်ပျူတာ၌ ထည့်သွင်း အသုံးပြုရန်ပင် စီမံလျက်ရှိသည်ကို တွေ့ရသည်။

ဦးဂိုအင်ကာကြီးသည် ပဋိပတ်ကို ဆရာနည်းကျ ပြသနိုင်သည့် အပြင် ပရိယတ်ပါဠိစာပေကိုပင် အထိုက်အလျောက် ဖတ်ရှုစိစစ်နေပြီဖြစ်ကြောင်း သူ၏ သုတေသနစာတမ်းများက ဖော်ပြလျက်ရှိ၏။

ကျွန်ုပ်တို့သည် စားရိပ်သာ၌ ထမင်းစားပြီး ပြန်ထွက်လာကြသည်။ အပန်းဖြေနားနေရန်ပင် သတိမရ၊ စားရိပ်သာရှေ့ရှိ ဘလက်ဘုတ်ကြီးများ၌ ရေးကပ် ညွှန်ကြားထားသော ကြော်ငြာများကို တစ်ခုပြီးတစ်ခု လိုက်လံ

ကြည့်ရှုကြ၏။ သူ့တာဝန်နှင့်သူ လုပ်အားပေးတာဝန်ယူနေသောယောဂီ ယောင်းများက လိုအပ်သည်များကို ညွှန်ကြားကြသည်။ ကျောပိုးအိတ် ကိုယ်စီနှင့် အနောက်တိုင်းသား ယောဂီများကား တစ်သုတ်ပြီး တစ်သုတ် လာနေကြဆဲ။

ကျွန်ုပ်တို့အားလုံး ကမ္ဘာသစ်တစ်ခုသို့ ရောက်နေကြရသလို အိပ်လို စိတ်ပင် အလျဉ်းမရှိ။ ခက်ခက်ခဲခဲ လာရောက်နေကြသော အနောက်တိုင်း သားများကိုကြည့်ကာ အားရဝမ်းသာသည့်စိတ်နှင့် အငမ်းမရလေ့လာကြည့်ရှု လိုသော စိတ်က နိုးဆွလျက်ရှိ၏။ သို့နှင့် မအိပ်ခင် (ခေတ်ပုံထဲမှာသာတွေ့ရ ဖူးသော) ရိပ်သာအတွင်းရှိ စေတီတော်ကို သွားရောက်ဝတ်ပြုရန်နှင့်ရိပ်သာ တစ်ပတ် လှည့်လည်၍ ကြည့်ရန် စေတီတော်ဘက်သို့ လမ်းညွှန်ဆိုင်းဘုတ် များ ကြည့်ကာ ထွက်လာခဲ့ကြသည်။

## ဗုဒ္ဓမ် ဆရဏမ် ဂတ်ချာမိ

လမ်းမီးများက လင်းထိန်နေ၏။ ယောကျ်ားကြီးသုံးဖက်ခန့်ရှိ သရက် ပင်အိုကြီးများအောက်၌ တစ်ယောက်နေ ပလပ်စတစ်တဲ (ဂျစ်ပဆီကင့်ပ်) ၅-လုံး ၆-လုံးထက်မနည်း တွေ့ရလျှင်ပင် ခြေထောက်များ အလိုလိုရပ်တန့် သွားပြန်၏။ တစ်နေရာနှင့်တစ်နေရာ မလှမ်းမကမ်း သစ်ပင်ကြီးတိုင်းမှာလိုလို ပင်တစ်တောင်ကျော်ကျော်ရှိ မြန်မာကြေးစည်ကြီးများ၊ ဆန်ကောလောက် ရှိသော မြန်မာမောင်းကြီးများ အချက်ပေးရန် ချိတ်ဆွဲထားသည်ကို တအံ့ တဩ ကြည့်နေမိကြပြန်သည်။

ဂုရုကြီးဦးဂိုအင်ကာသည် မြန်မာပြည်ဖွား ဖြစ်သည် အားလျော်စွာ မြန်မာပြည်မှ ရရှိလာသော ဓမ္မကိုသာမက မြန်မာ့ ယဉ်ကျေးမှုနှင့် မြန်မာ့ ကျေးဇူးကို မည်မျှဖော်ကျူးနေကြောင်း မြင်သာလှပါသည်။

ထိုသို့ ကြည့်ရှုမိန်းမောကာ အတွေးကိုယ်စီနှင့် နေသခိုက်၊ တစ်ချက် ဝှေ့၍ တိုက်လိုက်သော လေပြည်ဒဏ်ကြောင့် ညိုးညိုးညံညံ အသံပေးဖိတ်ခေါ် နေသော ဒုတိယသာသနစေတီပေါ်သို့ ရောက်သွားကြ၏။ အိန္ဒိယ၌ တစ်ခု တည်းသော မြန်မာ့ဗိသုကာဟန်၊ မြန်မာပြည်သို့ပြန်ရောက်နေကြရော့သလား ထင်မှားလောက် ပေသည်။ အားရပါးရ ဘုရားဝတ်ပြုကြ၏။ စိတ်တွေ တက်ကြွလာကာ တင်ပျဉ်ခွေကိုယ်စီနှင့် တရားထိုင်လိုက်ကြသေးသည်။ သို့သော် မကြာပါချေ။ စေတီတော်အောက်ဘက်ရှိ လူသုံးလေးရာ စုပေါင်းတရား ထိုင်နိုင်သော ခန်းမကြီးဆီမှ ထူးဆန်းသောအသံတစ်သံကြောင့် အလိုလိုစေတီ အောက်သို့ ဆင်းလာမိကြသည်။ တစ်ယောက်ထိုင်ဂူကလေး နှစ်ရာကျော်ကို

ဖြတ်ကျော်လျက် တရားခန်းတံခါးမကြီးအနီးသို့ မယောင်မလည်သွားရောက် စူးစမ်းနေမိကြ၏။

"ဗုဒ္ဓမ် သရဏမ် ဂစ်ချာမိ"

တရားခန်းမကြီးထဲသို့ လှမ်း၍ ကြည့်လိုက်သောအခါ လက်ထောက်ကမ္ဗဒ္ဒာန်းဆရာတစ်ဦး၏ ရှေ့မှောက်၌ လက်အုပ်ချီလျက် ကျုံ့ကျုံ့ကလေး ထိုင်ကာ တရားတောင်းနေကြသော အိန္ဒိယအမျိုးသမီးကြီးငယ် ဆယ်ယောက်ခန့်ကို တွေ့မြင်ကြရသည်။ ထုံးစံအတိုင်း ယောဂီသစ်များအား ဆရာက 'သံသာရဝဋ္ဋဒုက္ခတော' အစရှိသော တရားတောင်းနှင့် ဘုရားရှိခိုး (နမောကဿ)၊ သရဏဂုံ၊ ငါးပါးသီလတို့ကို ရှေ့ကတိုင်၍ ချပေးနေခြင်း ဖြစ်သည်။

ပြန့်ပြူးသော ဓမ္မဂီရိတောင်ကုန်းမြင့် တစ်နေရာ၌ လရောင် မီးရောင်တို့အောက်တွင် ရွှေရောင်တဝင်းဝင်း၊ ဆည်းလည်းသံတချွင်ချွင်နှင့် အိန္ဒိယပြည်တွင် တစ်ဆူတည်း ကိန်းဝပ်တော်မူနေသော ဒုတိယ သာသနစေတီ၊ စေတီရင်ပြင်၌ ရောင်မျိုးစုံ ဖူးပွင့်နေသော ပန်းရနံ့၊ ဆွတ်ပျံ့ဖွယ်သော တရားတောင်း သီလဆောက်တည်သံများ....ထိုနေ့ ရောက်သစ်စည အိပ်ရာဝင်ခဲ့ကြသော်လည်း ထိုမြင်ကွင်း ထိုအသံတို့ကား မျက်စိထဲ နားထဲ၌ ရစ်ဝဲလျက်သာ။

## ၂၀-ရာစု အနာဂတ်ပိဋက

## ( ၅ )

ဓမ္မဒူတ ဒုတိယအုပ် စီစဉ်နေဆဲ မမျှော်လင့်ဘဲ နှစ်လကြာ ဓမ္မခရီး ထွက်သွားရသဖြင့် ဓမ္မဒူတ ဒုတိယအုပ် မျှော်လင့်ထားသူများအတွက် ပို၍ မျှော်ရက်တိုးသွားခဲ့ပါသည်။ တစ်ဖန် အိန္ဒိယသို့ ဓမ္မခရီး ထွက်သွားရသည်ကို ကြားသိကြရသော ဓမ္မမိတ်ဆွေများကလည်း ပြန်လာလျှင် ဓမ္မဒူတ ဓမ္မသတင်းကောင်းများ ကြားနာဖတ်ရှုကြရ လိမ့်မည်ဟုလည်း မျှော်လင့်နေကြောင်း သိသားပါသည်။

အဆိုပါ စာရှုသူ ဓမ္မမိတ်ဆွေများအတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ် အထက်ဖော်ပြပါ ဓမ္မဂီရိမှ ဂုရုကြီး၊ ကလျာဏ မိတ္တကြီး ဦးဂိုအင်ကာ၏ ဓမ္မဒူတသတင်းစကားကို အမြွက်မျှ ပါးလိုက်ပါသည်။ ဦးဂိုအင်ကာ၏ ဇနီး (မာတာဂျီး) နှင့် ညီအစ်ကို ၆-ယောက်၊ သား ၄ ယောက်တို့မှာလည်း သမိုင်းတင်လောက်သော သာသနာ့ပြုဖက်၊ ပါရမီဖြည့်ဖက်များ ဖြစ်ကြ၏။

ဗုဒ္ဓလက်ထက်တော်က ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးကို အစားအစာ ပေးလှူရာ၌ စံတင်ကြရ၏။ စိတ္တ သူကြွယ်ကို တရားပေးရာ၌ စံတင်ကြရ၏။ ဂုရုကြီး ဦးဂိုအင်ကာမှာမူ မျက်မှောက်ခေတ်၌ နှစ်ယောက်မရှိသော "အစား ကျွေး၍ တရားပေးသူ၊ အစားရော တရားပါ ကျွေးနိုင်သူ" ဟုပင် မော် ကွန်းထူလောက်သူပါပေတည်း။

ကလျာဏမိတ္တကြီး ဦးဂိုအင်ကာ တရားပြခဲ့သည်မှာ (၇၇-ခု၊ ဇန်နဝါရီလ အထိ) ကမ္ဘာအရပ်ရပ် ၁၀-ရက် တရားပတ်ပေါင်း ၂၇၅-ပတ် ရှိပြီဖြစ်၏။ ကမ္ဘာအရပ်ရပ်ရှိ လက်ထောက် ကမ္မဋ္ဌာန်းဆရာများ ပြသသော အကြိမ်လည်း အလားတူပင် ရှိပြီဖြစ်ရာ လူပေါင်း ၂-သိန်းကျော် တရား အားထုတ်ပြီးကြလေပြီ။ ဓမ္မဂီရိ၌မူ အမြဲတမ်း လျှောက်လွှာတင်ထားသူ ၂,၀၀၀-ကျော် ရှိနေရာ ၂၅၀-အလွန်ဆုံး ၃၀၀-လောက်ကိုသာ လက်ခံ ပြသနိုင်သည်ဟု သိရပါသည်။

ယင်းသို့ ဆိုသော် 'ဦးဂိုအင်ကာ တရားပြလို့ ဗုဒ္ဓ ဘာသာဝင်ဖြစ် သွားတဲ့ လူဦးရေ ဘယ်လောက်ရှိပါပြီလဲ'ဟု မေးငြားအံ့။ တရားဝင်ပြီးသူ ၂-သိန်းကျော်လုံး (အခိုက်အတန့်အားဖြင့်) ဗုဒ္ဓဘာသာဝင် ဖြစ်သွားကြပြီဟု ပင် လွယ်လွယ်ဖြေရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် တရားဝင်သူတိုင်း တရားထိုင်တိုင်း နမောတဿ-ဘုရားရှိခိုး သုံးခေါက်၊ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ၊ ယောဂီဟောင်းများ ရှစ်ပါးသီလ ခံယူပြီးမှ တရားထိုင်ရ သောကြောင့်ဖြစ်ပါသည်။ (အနည်းအကျဉ်းခြွင်းချက်လည်းရှိနိုင်ပါသေး၏။)

အထက်ပါ မေးခွန်းမျိုးကို တစ်စုံတစ်ဦးက မေးငြားအံ့၊ အမေးခံ ရသူက အမေးရှင်အား ဤသို့လည်း ပြန်လည် မေးခွန်းထုတ်နိုင်ဖွယ် ရှိနေ ပါသည်။

"ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြီး ဗုဒ္ဓအဆုံးအမအတိုင်း မနေသူနှင့် ဗုဒ္ဓဘာသာ အမည်မခံသော်လည်း ဗုဒ္ဓ၏ အဆုံးအမအတိုင်းနေသူ၊ ထိုနှစ်ဦး တွင် အဘယ်သူက ပို၍ တန်ဖိုးရှိပါသနည်း" (ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ-တရားမြင်သူမှ ငါဘုရားကို မြင်သူမည်ပေတယ်။)

သို့သော် ဦးဂိုအင်ကာကြီးကား ထိုအချက်ကို ပဓာနမထား၊ တရား ထိုင်ဖြစ်ဖို့ကိုသာ ဦးစားပေး၏။ တရားယူသော အခါတွင်လည်း သရဏဂုံ သုံးပါးနှင့် သီလကို ကျကျနနချပေးသည်။ ဘာသာတစ်စုံတစ်ခုသို့ကူးပြောင်း ခံယူရန် ဆောင်ရွက်နေခြင်း မဟုတ်ကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းပင်

ကြေညာထားသည်။ မည်မျှ ပြတ်သားသော အမြင်နှင့် ခံယူချက်ဖြစ်ပါသနည်း။

ပင်မမူလ အိန္ဒိယပြည်ကြီးနှင့်တကွ တစ်ကမ္ဘာလုံးမှာ နှစ်ပေါင်းထောင်ချီ၍ ပျောက်ကွယ်သွားသော နည်းကောင်းတစ်ခုကို မြန်မာလူမျိုးများ လက်ဆင့်ကမ်း ထိန်းသိမ်းထားကြရာမှ ပြန်လည်ဖော်ထုတ်ချခြင်းဖြစ်ကြောင်း ဗုဒ္ဓဓမ္မနှင့် မြန်မာ့ဂုဏ်ကျေးဇူးကို ယနေ့ကမ္ဘာလှည့်၍ အကျယ်လောင်ဆုံးနှင့် အကျယ်ပြန့်ဆုံး ကြွေးကြော်နေသူမှာ ဦးဂိုအင်ကာကြီးပင်ဖြစ်ပါသည်။

## ဟိန္ဒူယောဂီများအတွက် 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး'

ယခုအခါ မြန်မာနိုင်ငံ၌ ပရိယတ္တိဘက်ကလည်း နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ကြီးက ဦးဆောင်လျက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ပေါ်ပေါက်လျက်ရှိသည်ကို ကြားသိနေရသော ဦးဂိုအင်ကာကြီးသည် အိန္ဒိယ၌ ပရိယတ် ပဋိပတ် ဘက်စုံထွန်းကားစေရန် အားသန်လျက်ရှိသူဖြစ်သည့်အတိုင်း နှစ်ပေါင်း ၂၀-ကျော်ခွဲခွာခဲ့ရသောမွေးဇာတိမြေသို့အလည်အပတ်ပြန်ကာ သံဃာ့ မထေရ်ကြီးများအားဖူးမြော်ရန်၊ သံဃာ့မဟာနာယကအဖွဲ့ကြီး၏ ဩဝါဒခံယူရန် လွန်စွာ ဆန္ဒပြင်းပြလျက် ရှိသည်ကိုလည်းသိရှိရပေသည်။

ဓမ္မဒူတ ပရိသတ်များအတွက် နောက်ဆက်တွဲ ဝမ်းမြောက်ရန် ရှိပါသေးသည်။ ယင်းကား ကလျာဏမိတ္တကြီး ဦးဂိုအင်ကာ၏ စီမံချက်အရ ကျွန်ုပ်တို့ ပြုစုခဲ့သော **အနာဂါမ် ဆရာသက်ကြီး** စာအုပ်ကို ဟိန္ဒီစာဖတ်ပရိသတ်များအတွက် ဟိန္ဒီလို ဘာသာပြန်ပြီးစီးကြောင်းသိရှိရပါ၏။ ဘာသာပြန်သူမှာ မြန်မာနိုင်ငံ ဇေယျဝတီမှ ပြောင်းသွားသော ကျောင်းဆရာ 'ရမ်းအာဝမ်ဝါမ' ဆိုသူ ဖြစ်ပါသည်။ တစ်ဖန် ဦးဂိုအင်ကာ၏ တိုက်တွန်းတောင်းပန်ချက်အရ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စာအုပ်ကိုလည်း ကုသိနာရုံ ဆရာတော် ဦးဉာဏိဿရ (အမ်၊အေ)က ဟိန္ဒီလို ဘာသာပြန်နေဆဲဖြစ်သည်ကို တွေ့မြင်သိရှိခဲ့ရပါသည်။

ဤမျှဖြင့် ချစ်စွာသော ဓမ္မဒူတ စာဖတ်ပရိသတ် ဓမ္မမိတ်ဆွေများအတွက် ဓမ္မဒူတ နိဒါန်းစကား သတင်းလွှာကို ရပ်နားပါရစေဦး။

– **သူတော်ကောင်းခေတ်၊ တရားပြတ်၊ လွှမ်းပတ်ကမ္ဘာတည်ရမည်။**

ကဆုန်လပြည့် ဗုဒ္ဓနေ့၊
၁၃၅၀-ပြည့်နှစ်။ ဓမ္မာစရိယ ဦးဌေးလှိုင်

ပထမအကြိမ်

ကျေးဇူးရှင် တောင်ပုလုကမ္ဘာအေး ဆရာတော်ဘုရားကြီး၏

(၄-လကြာ ပထမအကြိမ်)

# အမေရိကန် ဓမ္မဒူတခရီး



ဆန်ဖရန်စစ္စကိုမြို့၊ တောင်ပုလုကမ္ဘာ့အေး ဓမ္မရိပ်သာအတွင်း
စင်္ကြံလျှောက်လျက် တရားရှုမှတ်တော်မူကြပုံ။

## ပြည်တော်ပြန်ခွန်းဆက် ဩဝါဒ မိန့်ခွန်းတော်

"တို့ဘုရားကိုယ်တော်မြတ်ကြီးသည် သက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ရောက်ခဲ့ပါသည်။ ဘုရားဖြစ်ပြီးနောက် မိဂဒါဝုန်တော တရားဦးပွဲကစပြီး ပုထုဇဉ်လောကမှ ရဟန္တာခြောက်ကျိပ်တိတိ ရရှိခဲ့ပါသည်။ ဘုရားကိုယ်တော်မြတ်သည် ဤရဟန္တာခြောက်ကျိပ်နှင့်အတူ မိဂဒါဝုန်တောမှာ ပထမဝါဆိုပြီး



၂၀၄၄၃

ဝါကျွတ်တဲ့နောက် ဘုရားကိုယ်တော်မြတ်က တပည့်ရဟန္တာခြောက်ကျိပ်အား အရေးကြီးတဲ့ သာသနာပြုအဲ့မှာ မိန့်ခွန်းတစ်ရပ်မိန့်ကြားတော်မူပါသည်။

"ချစ်သားတို့၊ ကိလေသာ ကျော့ကွင်းအားလုံးမှ ငါ ဘုရားကျွတ်လွတ်ခဲ့ပြီ။ ချစ်သားတို့လဲ ကိလေသာကျော့ကွင်း အားလုံးမှ ကျွတ်လွတ်ကြပြီ"

"ချစ်သားတို့၊ လူများအပေါင်းကို စီးပွားဖြစ်ရန်၊ ချမ်းသာရန်၊ လောကကြီးကို မပျက်စီးအောင် စောင့်ရှောက်ရန် သာသနာပြုခရီးလှည့်လည်ကြ၊ ခရီး တစ်ကြောင်းတည်းကို နှစ်ပါးမသွားကြကုန်လင့်"

ဟုမိန့်ကြားတော်မူခဲ့သည်။

## ငါတို့ယခုလာရခြင်းသည်

ဤမိန့်ခွန်းဖြင့် ကိုယ်တော်မြတ်သည် လောကသုံးပါးတွင် ဘုရားဖြစ်ပေါ်လာရခြင်းမှာ 'လူများအပေါင်း စီးပွားဖြစ်ရန်၊ ချမ်းသာရန်၊ ကမ္ဘာကြီးကိုစောင့်ရှောက်ရန် ဟူသော ရည်မှန်းတော်မူချက်ဖြင့် ဘုရားဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။

ဤမိန့်ခွန်းဖြင့် မိမိတို့အားလုံး ကိလေသာကျော့ကွင်းမှ ကျွတ်လွတ်ရုံသာမက လောကသုံးပါးရှိ ကျွတ်ထိုက်သူအားလုံး ကိလေသာကျော့ကွင်းမှ ကျွတ်လွတ်ကြရန်'ဟူသော ရည်မှန်းတော်မူရင်းသည်လည်း လောကသုံးပါး အပေါ် ကိုယ်တော်မြတ်၏ထားရှိသော မဟာကရုဏာ ဒွေဉာဏ်တော်မြတ်ကို စင်စစ် ပေါ်လွင်ထင်ရှားစေသည်သာဖြစ်ပါသည်။

ယခု ငါတို့တစ်စု အမေရိကန်ပြည်ထောင်စုသို့ သာသန ပြုရောက်လာရခြင်းသည် ကိုယ်တော်မြတ်၏ မဟာကရုဏာဉာဏ်တော်ရိပ်ကို ခိုလှုံ၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါသည်။ ကိုယ်တော်မြတ်၏"ခရီးတစ်ကြောင်းတည်း နှစ်ပါးမသွားနဲ့"ဟူသော မှာပုံတော်သည် ဝိပဿနာနှင့် သစ္စာတရားကို ကမ္ဘာသူကမ္ဘာသားတွေ မည်မျှစေ့စေ့ ငှငှသိစေချင် ရစေချင်သော သမ္မာဆန္ဒတော်ကိုလည်း စင်စစ်ပေါ်လွင်ထင် ရှားစေသည်သာဖြစ်ပါသည်။

ယခု ငါတို့တစ်စု အမေရိကန်ပြည်ထောင်စုတွင် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ သရဏဂုံငါးပါးသီလနှင့် ဝိပဿနာပညာများကို ဖြန့်ချီဝေငှခြင်း

သည့် ကိုယ်တော်မြတ်၏ သမ္မာဆန္ဒတော်ကို ကောင်းစွာဖြည့်တင်းပေးနိုင်ခွင့် ရရှိလိုက်ခြင်းဖြစ်သည်ဟု ငါတို့တစ်စု အလေးအနက်ယုံကြည်ပါသည်။

## ကမ္ဘာ့စောင့် ကမ္ဘာ့အရင်းခံ တရားကြီး

ကိုယ်တော်မြတ်၏ တပည့်သာဝကတို့အား ယင်းသို့တိုက်တွန်းဆော်ဩတော်မူခြင်းသည် ကမ္ဘာသူကမ္ဘာသားတို့ သန္တာန်တွင် အစဉ်လောင်ကျွမ်းလျက်ရှိသော မီး ၁၁-ပါးကို မဂ္ဂင်ရှစ်ပါးတရား တည်းဟူသော ရေစင်ရေသန့်ဖြင့် အပြီးတိုင်ငြိမ်းသတ်ရန်ဖြစ်သည်ဟု ငါတို့တစ်စု အလေးအနက်ယုံကြည်ပါသည်။ ယင်းမီး ၁၁-ပါးကို အကျဉ်းချုံးရလျှင် ဒုက္ခတစ်လုံးသာရသည်ဟု ငါတို့တစ်စု ခံယူပါသည်။ ယင်းမီး ၁၁-ပါးသည် ကမ္ဘာသူ ကမ္ဘာသားတို့သန္တာန်တွင်—

(၁) ကျန်းမာရေး၊

(၂) စီးပွားရေး၊

(၃) အိမ်ထောင်ရေး၊

(၄) လူမှုရေး၊

(၅) ပညာရေး—

ဟူသော ကဏ္ဍကြီးငါးခုမှ ပေါ်ထွက်လောင်ကျွမ်းလျက်ရှိသည်ဟု ငါတို့တစ်စု ယုံကြည်ပါသည်။

### (၁) ကျန်းမာရေး

ကမ္ဘာသူ ကမ္ဘာသားတိုင်း ကျန်းမာလိုကြသည်မှာ မလွဲမသွေဖြစ်ပါသည်။

ယုတ်စွအဆုံး မည်သူမျှ ခေါင်းပင်ခဲချင်ကြမည်မဟုတ်ဟု ငါတို့တစ်စု ယုံကြည်ပါသည်။ ကျန်းမာသန်စွမ်းမှုမရှိ။ နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ ခြေလက်အင်္ဂါချို့တဲ့ခြင်း စသည်များကြောင့် ဖြစ်ပေါ်တိုးတက်လာရသော ဆင်းရဲဟူသရွေ့သည် ကမ္ဘာစောင့်တရားငါးပါးတွင် 'ပါဏာတိပါတကံ' မလုံခြုံမှုကြောင့် ဖြစ်သည်ဟု ငါတို့တစ်စုခံယူပါသည်။ 'ပါဏာတိပါတကံ' ဟူသည် သူတစ်ပါးကိုညှဉ်းဆဲခြင်း၊ သူတစ်ပါးအသက်ကို မညှာမတာသတ်ဖြတ်ခြင်းများကို ဆိုလိုပါသည်။ နာကျင်ကိုက်ခဲမှု ကင်းဝေး၍ သက်ရှည်ကျန်းမာချမ်းသာလိုလျှင် 'ပါဏာတိပါတသိက္ခာပုဒ်တော်ကို အသက်ပေး

စောင့်ထိန်း၍ အသက်ထက်ဆုံး သတ္တဝါအချင်းချင်း မညှဉ်းဆဲနှင့်၊ သတ္တဝါအချင်းချင်း အနိုင်မယူလိုနှင့်၊ သတ္တဝါတိုင်း၏ အသက်ကို မညှာမတာ မသတ်ဖြတ်နှင့်၊ သတ္တဝါအချင်းချင်းအပေါ် မေတ္တာကမ္မဋ္ဌာန်း ပွားများကြ'ဟု တိုက်တွန်းလိုပါသည်။

## (၂) စီးပွားရေး

ကမ္ဘာသူ ကမ္ဘာသားတိုင်း စီးပွားဥစ္စာ ကြွယ်ဝချမ်းသာလိုကြမည်မှာ မလွဲမသွေ ဖြစ်ပါသည်။

ယုတ်စွအဆုံး မိမိစီးပွားဥစ္စာမှ အပ်တစ်ချောင်းမျှ ပျောက်ဆုံးခြင်း၊ မုန့်ညင်းတစေ့ခန့်မျှ ယုတ်လျော့ခြင်းကို မည်သည့်ကမ္ဘာသူ ကမ္ဘာသားကမျှ အလိုရှိကြမည်မဟုတ်ဟု ငါတို့တစ်စု ယုံကြည်ပါသည်။ စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းမှုမရှိ၊ အပ်တစ်ချောင်းမျှ ပျောက်ဆုံးခြင်း၊ မုန့်ညင်းတစေ့ခန့်မျှ ယုတ်လျော့ခြင်း စသည်များကြောင့် ဖြစ်ပေါ်တိုးတက်လာရသော ဆင်းရဲဟူသရွေ့သည် ကမ္ဘာစောင့်တရား ငါးပါးတွင် 'အဒိန္နာဒါနက' မလုံခြုံမှုကြောင့်ဖြစ်သည်ဟု ငါတို့တစ်စု ခံယူပါသည်။ ယနေ့ တစ်ကမ္ဘာလုံးတွင် မိမိစီးပွားဥစ္စာများကို မပိတ်သောတံခါး၊ မထားသောအစောင့်များထားရှိပြီး မည်သူမျှ သောက ဗျာပါဒ ကင်းစွာ မနေနိုင်ကြဟုလည်း ငါတို့တစ်စု ယုံကြည်ပါသည်။ မိမိ စီးပွားဥစ္စာများကို မပိတ်သော တံခါး၊ မထားသော အစောင့်များ ထားရှိပြီး သောက ဗျာပါဒ ကင်းစွာ နေလိုလျှင်....

'အဒိန္နာဒါန သိက္ခာပုဒ်တော်ကို အသက်ပေး ကျင့်သုံး လိုက်နာ၍ အသက်ထက်ဆုံး ကိုယ်နှုတ်ဖြင့် မပေးသော ဥစ္စာကို ခိုးယူခြင်း၊ လုယက်ခြင်း၊ ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ကြ၊ ချမ်းသာဆင်းရဲသူများအပေါ် မေတ္တာကမ္မဋ္ဌာန်းပွားများကြ'ဟု တိုက်တွန်းလိုပါသည်။

## (၃) အိမ်ထောင်ရေး

ကမ္ဘာပေါ်တွင် အိမ်ထောင်ရေး ဖောက်ဖျက်ကျူးလွန်မှုကို မည်သည့်ကမ္ဘာသူကမ္ဘာသားတိုင်းကမျှ အလိုရှိကြမည်မဟုတ်ဟု ငါတို့တစ်စုယုံကြည်ပါသည်။

အိမ်ထောင်ရေးဆိုင်ရာတွင် လင်မယားအရေး၊ ဇနီးအရေးသာမက ဇနီးမောင်နှံဟူသော မိဘနှစ်ပါး၏ မျိုးဆက်များဖြစ်သည့် သားရေး၊သမီးရေးများလည်း ပါဝင်ပတ်သက်ပါသည်။မိဘနှစ်ပါး၏မျိုးဆက်များဖြစ်သည့် သားသမီးများ၏ အိမ်ထောင်ရေးဆိုင်ရာတွင် ဖောက်ဖျက်ကျူးလွန်ခြင်းသည် ပင်မ မိဘနှစ်ပါးလျှင် အရင်းခံရှိကြောင်း သတိချပ်ကြရပါမည်။ ယင်းသို့သော အိမ်ထောင်ရေးဆိုင်ရာ မသာယာမှုကြောင့် ဖြစ်ပေါ်တိုးတက်လာရသော ဆင်းရဲ ဟူသရွေ့သည် ကမ္ဘာစောင့်တရား ငါးပါးတွင် 'ကာမေသု မိစ္ဆာစာရကံ' မလုံခြုံမှုကြောင့် ဖြစ်သည်ဟု ငါတို့တစ်စု ယုံကြည်ပါသည်။ ကာမေသု မိစ္ဆာစာရကံ ဟူသည် မိမိ ကာမပိုင် သားမယားမှတစ်ပါးသော သားမယား၌ ဖောက်ဖျက်ကျူးလွန်ခြင်းကို ဆိုလိုပါသည်။ အိမ်ထောင်ရေးဆိုင်ရာ သာယာ၍ ချမ်းသာဝပြောသော လူမှု အဆောက်အအုံကို တည်ဆောက်လိုလျှင်....

'ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်တော်ကို လုံခြုံအောင် အသက်ပေး စောင့်ထိန်း၍ အသက်ထက်ဆုံး သူတစ်ပါးသားမယားကို ပြစ်မှားခြင်း၊ လွန်ကျူး၍ ကျင့်ခြင်းမှ ရှောင်ကြဉ်ကြ'ဟု တိုက်တွန်းလိုပါသည်။

## (၄) လူမှုရေး

ကမ္ဘာပေါ်တွင် လူမှုရေး ဖောက်ဖျက်ကျူးလွန်မှုကို မည်သည့် ကမ္ဘာသူ ကမ္ဘာသားတိုင်းကမျှ အလိုရှိကြမည် မဟုတ်ဟု ငါတို့ တစ်စု ယုံကြည်ပါသည်။

လူမှုရေးဆိုင်ရာတွင် လိမ်ညာခြင်းသည် လူတစ်ဦး သို့မဟုတ် လူတစ်စုအတွက် အော့နှလုံးနာစရာ ဖြစ်ပါသည်။ လိမ်ညာခြင်းသည် စင်စစ် လှည့်ပတ်ခြင်းပင် ဖြစ်ပါသည်။ လှည့်ပတ်ရာတွင် ဖြစ်ဆဲအကြောင်း၊ ဖြစ်ပြီးအကြောင်း၊ ဖြစ်မည့် အကြောင်းများကိုပြ၍ လှည့်ပတ်တတ်ရာ မည်သည့်အကြောင်းကိုပြ၍ လှည့်ပတ်သည်ဖြစ်စေ လိမ်ညာခြင်းပင် ဖြစ်ပါသည်။ ယင်းသို့သော လိမ်ညာခြင်းမျိုးဖြင့် လိမ်ညာခံရ၍ လူမှုရေးဆိုင်ရာကိုယ်ကျင့်တရားများ ပျက်ပြားကာ နောင်တကြီးစွာ ဖြစ်ပေါ် တိုးတက်လာရသော

ဆင်းရဲသည့် ကမ္ဘာ့စောင့်တရား ငါးပါးတွင် 'မုသာဝါဒကံ' မလုံခြုံမှုကြောင့် ဖြစ်သည်ဟု ငါတို့တစ်စု ယုံကြည်ပါသည်။ မုသာဝါဒကံဆိုသည်မှာ မဟုတ်မမှန် ပြောဆိုခြင်းကို ဆိုလိုပါသည်။ လူမှုရေးဆိုင်ရာ ကျင့်ဝတ်တရားများ ဖွံ့ဖြိုး၍ ကမ္ဘာသူ ကမ္ဘာသား အချင်းချင်း မိတ်ဆွေမပျက် ဆက်ဆံလိုလျှင် ...

'မုသာဝါဒ သိက္ခာပုဒ်တော်ကို လုံခြုံအောင် အသက်ပေး စောင့်ထိန်း၍ အသက်ထက်ဆုံး လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ကြ'ဟု တိုက်တွန်းလိုပါသည်။

## (၅) ပညာရေး

ကမ္ဘာပေါ်တွင် ပညာရေးဆိုင်ရာ ချို့တဲ့မှုများကို မည်သည့်ကမ္ဘာသူ ကမ္ဘာသားကမျှ အလိုရှိကြမည် မဟုတ်ဟု ငါတို့ တစ်စု ယုံကြည်ကြပါသည်။

ပညာရေးဆိုင်ရာတွင် မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများသည် လူတစ်ဦး သို့မဟုတ် လူတစ်စု၏ အောင်နှလုံးနာစရာဖြစ်ပါသည်။ ယနေ့မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများသည် လူတစ်ဦး သို့မဟုတ် လူတစ်စု၏ အတွေးအခေါ်ပညာကိုသာမက လူမျိုးကိုပါ ပျက်ပြုန်းစေသည်ဟု ငါတို့ တစ်စုယုံကြည်ပါသည်။ ထက်မြက်စူးရှသော အတွေးအခေါ်နှင့် အသိပညာ ချို့တဲ့မှုကြောင့် ဖြစ်ပေါ်တိုးတက်လာရသော ဆင်းရဲသည့် ကမ္ဘာစောင့် တရားငါးပါးတွင် 'သုရာမေရယကံ'ကို မစောင့်ထိန်းမှုကြောင့် ဖြစ်သည်ဟု ငါတို့တစ်စု ယုံကြည်ပါသည်။ သုရာမေရယကံ ဆိုသည်မှာ မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများကို သောက်သုံးမှီဝဲခြင်းကို ဆိုလိုပါသည်။ ပညာရေးဆိုင်ရာတွင် အတွေးအခေါ်နှင့် အသိပညာ တရားများ ဖွံ့ဖြိုးတိုးတက်၍ ပညာဆန်ဆောင် ထွန်းပြောင်စေလိုလျှင်....

'သုရာမေရယသိက္ခာပုဒ်တော်ကို အသက်ပေး စောင့်ထိန်း၍ အသက်ထက်ဆုံး မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြ'ဟု တိုက်တွန်းလိုပါသည်။

## မိုးဆယ့်တစ်မိုး အပြီးငြိမ်းရေး

ဤကမ္ဘာ့ခေါင်တရား ငါးပါး မလုံခြုံရာမှ ပေါ်ထွက်တောက်လောင်လျက်ရှိသော မီး ၁၁ ပါးကို အပြီးတိုင် ငြိမ်းသတ်ရန်မှာ ယင်းကမ္ဘာစောင့်တရား ငါးပါးကို အသက်ပေး၍ လုံခြုံအောင် စောင့်ထိန်းမှသာလျှင် ဖြစ်မည်ဟု ငါတို့တစ်စု ယုံကြည်ပါသည်။ ကမ္ဘာစောင့်တရားငါးပါးသည် တည်ကြည်မှု သမာဓိကို ကောင်းစွာ ဖြစ်စေတတ်၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့ မြတ်နိုးနှစ်သက်သော တရားဖြစ်ပါသည်။

ယခု ငါတို့ တစ်စု အမေရိကန် ပြည်ထောင်စုတွင် ချီးမြှင့်ခဲ့သော သရဏဂုံနှင့် ငါးပါးသီလသည် ဗုဒ္ဓဘာသာ အမေရိကန် တပည့် ဒါယကာ ဒါယိကာမတို့အား တည်ကြည်မှု သမာဓိကို ရစေ၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားများကို ကေန်မျက်မှောက် ပြုနိုင်စေလိမ့်မည်ဟု ငါတို့တစ်စု ယုံကြည် မျှော်မှန်းလျက် ရှိပါသည်။

နိဂုံးချုပ်အနေအားဖြင့် မိမိထက် အသက် ဂုဏ်ဝါ ကြီးမားကြကုန်သော ပုဂ္ဂိုလ်တို့အား ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ကြကုန်သော ဗုဒ္ဓဘာသာ အမေရိကန် တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့သည် ယခု သွန်သင်ပြသခဲ့ပြီးသော ကမ္ဘာ့စောင့်တရား ငါးပါးကို အသက်ပေး စောင့်ထိန်းခြင်းကြောင့် တည်ကြည်မှု သမာဓိကို ကောင်းစွာ ရရှိကြပြီး မီး ၁၁ ပါးတို့ ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ပါစေကုန်သတည်း။

[ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ဩဝါဒမိန့်ခွန်းတော်သည် တည်ကြည်ခန့်ညား၍ လေးနက် ဩဇာရှိလှသည်။ ခွဲခွာကြရတော့မည်ဖြစ်၍ ဝမ်းနည်းကြေကွဲမှုတို့ဖြင့် ပြည့်လျှမ်းနေသော ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစုတို့၏ မျက်နှာများသည် လျှပ်တစ်ပြက် တက်သစ်စလပမာ ကြည်လင်ဝင်းပ၍ လာကြသည်။ ဗုဒ္ဓဘာသာ အမေရိကန် လူမျိုးစုများသည် ကြည်လင်ရွှင်ပျသောမျက်နှာများဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ပြည်တော်ပြန် ကန်တော့ပွဲ နှုတ်ခွန်းဆက် ဩဝါဒမိန့်ခွန်းတော်ကို ကောင်းချီး နှုမော် သာဓုခေါ်ခဲ့ကြသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော် အပြီးတွင်

အခမ်းအနား အစီအစဉ် (၃) အရ (၅) မိနစ် တရားထိုင်ကာ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြသည်။

[တောင်ပုလု သာသနာပြုအဖွဲ့သည် ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်ခဲ့၍ ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမေရိကန်နိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့လေသည်။ တောင်ပုလု၏ အမေရိကန် ဗုဒ္ဓဘာသာမော်ကွန်းတိုင်စာအုပ်မှ]

●

ပထမအကြိမ်


ဒါန ကထာ
ပန်းချီ ဝတို

## တကျော့အလှူ

အလှူစီမံပြီဆိုကတည်းက တကျော့ကခေါင်းဆောင်လာတယ်။ စားစရာမရှိရင် နေပစေ၊ ဒါမှ လူသာရ ခေါ် နတ်သာရ ခေါ်မယ့် ခမ်းခမ်းနားနား အလှူကြီး ဖြစ်မှာပေါ့....တဲ့။ ဟော....မလှူခင် တကျော့က အရင် ရောက်လာပြီး ဘယ်ဘုန်းကြီးတော့ မပင့်ရင် မကောင်းဘူး၊ ဘယ်သူတွေတော့ မဖိတ်ရင်မကောင်းဘူး။ ဟော....တကျော့ကစီမံပြီ။ စီမံတော့ တကျော့ အလှူပေါ့။

လူချမ်းသာ၊ နတ်ချမ်းသာ၊ နောင်ဘဝကြီးပွားရေးကို ရချင်လို့ တောင့်တပြီး လှူတာဟာ တကျော့ပဲ။ တကျော့ဆိုတော့ နောင်ဘဝမှာပြည့်ပြည့်စုံစုံနဲ့ ဒီသားသမီးတွေနဲ့ အတူ နောင်ဘုရားပွင့်တဲ့အခါ တစ်ခါတည်းအတူတူ နိဗ္ဗာန်ဝင်ရအောင် ဆုတောင်းလှူတာ ဒါ....ဒုက္ခရှည်တဲ့ အလှူမျိုးတွေပဲ။

ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး

# ရှိသမျှအကုန်လှူသော
# ပါမောက္ခကြီး

## (၁)

### သုမေဓာသူဌေးသားနှင့် ကာဋ္ဌအမတ်ကြီး

၁၃၄၅-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂-ရက် (၄-၉-၈၃) တနင်္ဂနွေနေ့က ဖြစ်ပျက်ခဲ့သော သတင်းတစ်ပုဒ်သည် ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သူတို့ ပတ်ဝန်းကျင်၌ အတော်ပင် လှုပ်ရှားသွားစေ၏။

ဘာသာရေး စာစောင်များကလည်း ထိုအကြောင်းကို ထပ်လောင်း ဂုဏ်ပြုဖော်ပြပေးကြရာ ရဟန်းရှင်လူအများ ပို၍ပင် စိတ်ဝင်စားလာကြသည်။ စပ်ရာ စပ်ရာ၌ ချီးကျူးပြောဆို၍မဝ၊ အားကျကြည်ညို၍ မဆုံးကြသေး။

သတင်းက-အငြိမ်းစား မြန်မာစာပါမောက္ခ ဆရာကြီးဦးမောင်နှင့် (ကွယ်လွန်သူ) ဇနီး-ဒေါ်ခင်မြမူတို့ ရာသက်ပန်ရှာဖွေ၍ အမြတ်တနိုး သိမ်းဆည်းထားသော တိုက်တာခြံမြေ ပရိဘောဂ ရှိသမျှပစ္စည်းများအားလုံး (ဇွန်း ခက်ရင်း ဖျာ ရိုင် သင်ဖြူးကအစ) သိန်း ၅၀ ခန့်ကို အမျိုးဘာသာနှင့် သာသနာတော်အား အိတ်သွန်ဖာမှောက် လှူဒါန်းသည့် သတင်းတစ်ပုဒ်ဖြစ်သည်။

မြန်မာနိုင်ငံသာသနာဝင်၌ အစဉ်အဆက် ထို့ထက်များစွာ သာလွန်လှူဒါန်းခဲ့သူများ ရှိခဲ့ကြဖူးပါ၏။ ယခုလည်း ရှိနေကြပါ၏။ သို့ရာတွင် 'ရှိသမျှအကုန်' လှူသော ဖြစ်ရပ်ကား မကြားဖူးသလောက်ပင်။ ထို့ကြောင့်လည်း 'မြန်မာနိုင်ငံမှ ၂၀-ရာစု သုမေဓာသူဌေးသား' အဖြစ် အားလုံးက သာဓုခေါ် ဂုဏ်ပြုနေကြခြင်း ဖြစ်ပေသည်။

အမြော်အမြင် ကြီးမားသော သူတော်ကောင်းတို့ လုပ်ဆောင်သမျှ ကိစ္စတိုင်းတွင် ချီးကျူးဂုဏ်ပြု တုယူစရာ၏ နောက်၌ ထပ်ဆင့်၍ ချီးကျူးဂုဏ်ပြု အတုယူစရာများက ရှိနေတတ်ကြမြဲ ဖြစ်၏။

ယခု ပါမောက္ခကြီး၏ ထာဝရ သာသနာပြု အလှူကိစ္စတွင်လည်း နောက်ဆက်တွဲထပ်ဆင့်၍ ချီးကျူးဂုဏ်ပြုသံများ ထွက်ပေါ်လာ၏။ ထပ်ဆင့် အတုယူစရာ သင်ခန်းစာများလည်း ကပ်၍ပါလာ၏။

အကြောင်းကား ပါမောက္ခကြီးသာ ယင်းသို့ ရှိသမျှပစ္စည်းများကို အပြတ် စွန့်လှူသွားခဲ့ခြင်းမရှိပါမူ ထိုသိန်း ၅၀-တန် ပစ္စည်းများအားလုံး ဆရာကြီး၏ခယ်မတော် ဒေါ်တင်စောမူနှင့် ညီမတော်ဒေါ်တင်အေးတို့သာလျှင် အမွေဆက်ခံပိုင်ခွင့် ရှိနေကြ၏။ သူတို့သည် ယင်းသို့ ပြုလုပ်သည်ကို မကျေနပ်လျှင် တစ်နည်းမဟုတ် တစ်နည်း တစ်စုံတစ်ခုသော အတိုင်းအတာ အထိ အနှောင့်အယှက် အဟန့်အတား ပြုနိုင်ကြ၏။ သို့ရာတွင် ထိုညီမတော် နှစ်ဦးကလည်း အဟန့်အတား မပြုလုပ်ကြရုံသာမက ထာဝရသာသနာပြု ကုသိုလ်ထူးကြီး ပြီးမြောက် ချောမြေအောင် လိုလေသေးမရှိ၊ ကူညီ၍ ပါရမီဖြည့်ခဲ့ကြပေသည်။ ထို့ကြောင့်လည်း နောက်ဆက်တွဲ ချီးကျူးသံက ပို၍ပင် ပဲ့တင်ထပ်နေပြန်တော့သည်။

ဆရာကြီး ဦးဒွေမောင်၏ သတင်း ရုတ်တရက် ကြားသိကြရသော အခါ ရဟန်းရှင်လူအားလုံး ရှင်ပြုံးတက်ကြ သာဓုခေါ် ဝမ်းမြောက်ကြရသည့်ကြားက၊ (ဝါ) တစ်ပြားတစ်ချပ်မှ အကုန်မခံရဘဲ ထိုင်နေရင်း မုဒိတာ ကုသိုလ်ကြီး အသီးသီး အညီအမျှ ရလိုက်ကြသည့်ကြားက ကြုံကြုံဖန်ဖန် အပြစ်ရှာကာ မုဒိတာကုသိုလ်အစား၊ အကျိုးပြု ဝေဖန်သလိုလိုနှင့် မစွေ့ရ အကုသိုလ် အပိုဆုပေါက်သူ၊ ဝါ—ငရဲကြီးသူ တချို့ကိုလည်း ကြားလိုက်ရ၏။

"သေခါနီးမှ ပုံအောပြီးလှူတာ ကျွန်တော်တော့ တယ်မချီးကျူးချင်ဘူး၊ ကျွန်တော်သာဆိုရင် ခပ်စောစောကတည်းက ခွဲဝေလှူဒါန်းထားလိုက်မှာပဲ"တဲ့။

ရှားရှားပါးပါး ဝေဖန်သူတစ်ဦး၏အသံ။

သူများ လှူတာကိုပင်သော်မျှ အပြည့်အဝ မချီးကျူး နိုင်သော 'ကျွန်တော်သာဆိုရင်' ဆိုသော ထိုကျွန်တော်မျိုးအား—

---



ဆရာဝန်ကြီး ဦးသာလှ အကူအညီဖြင့် အိပ်ရာထဲ၌ လက်မှတ်ထိုးလျက်....

"လက်တွေ မလှူပါနဲ့ဦး၊ ယခု သင့်မှာရှိသော စည်းစိမ်ကလေးကိုပဲ စိတ်ကူးအလှူ လှူကြည့်ပါဦး၊ ငွေကြေးမပြည့်စုံလို့ပါ ဆိုလျှင်လည်း သင့်အိမ်ရှေ့ လမ်းဘေးမှာ သောက်ရေအိုး တစ်လုံးလောက် လှူကြည့်ပါဦး" ဟုသာ ပြောရမလို ရှိတော့၏။

ဆန်းတော့ကား မဆန်းပါချေ၊ လူတို့၏ သဘာဝပေတည်း။

ဘုရား တစ်ဆူ တစ်ဆူ၏ သာသနာတွင် 'အသဒိသဒါန အတုမရှိ အလှူကြီး' မျိုးကား တစ်ကြိမ်သာလျှင် ဖြစ်ပေါ်လေ့ရှိရာ ထိုမျှကြုံကြိုက်ခဲ့သော အလှူမျိုးမှာပင် 'ကျွန်တော်သာဆိုရင်' လူစားမျိုးက မပါလျှင် မပြီးသလောက် ဆိုရမလို။

ဤဘုရားသာသနာတော်၌ အသဒိသအလှူရှင်ကား ကောသလမင်းကြီးဖြစ်ရာ တစ်နေ့တည်းမှာပင် ၁၄-ကုဋေ အကုန်အကျခံလှူ၏။ ဇုဏှ

အမတ်ကြီး (ဦးဖြူ) နှင့်တကွ လူအများစုကား "ရှင်ဘုရင်မို လူနိုင်တာ၊ ငါလဲ ဒီလိုလူမျိုးစမ်းချင်ပါဘိ"ဟု ဝမ်းမြောက်အားကျစိတ်ပေါ်ကြ၏။ ကာဋ္ဌ အမတ်ကြီး (ဦးမဲ)ကား—

"တစ်နေ့တည်း တစ်ချိကည်းနှင့် ဘဏ္ဍာတော်ငွေ ၁၄-ကုဋေ ပြောင် သွားပြီ၊ ဒီကိုယ်တော်တွေလဲ ဒါတွေစားပြီး အိပ်နေကြမှာပဲ၊ ဘဏ္ဍာတော် ငွေတွေ နှမြောစရာ ကောင်းလိုက်လေ" ဖြစ်နေ၏။

မုဒိတာနှင့်မစ္ဆရိယ၊ ထိုစဉ်က ထိုစိတ်နှစ်မျိုးကား ချက်ချင်းအကျိုး ပေးခဲ့၏။ ဇုဏှအမတ်ကြီး နန်းစည်းစိမ် ၇-ရက်စံရ၍ ကိုယ်ပိုင်အသဒိသအလှူ ကြီးကိုပင် လှူခွင့်ရ၏။ ကာဋ္ဌအမတ်ကြီး နှာထူးကျကာ ပြည်နှင်ဒဏ်အပေး ခံရသည်။

ထိုသူမျိုးကား ပစ္စုပ္ပန်မှာ လမ်းခွဲကြရသကဲ့သို့ နောင်တမလွန်ဘဝ အဆက်ဆက်တွင်လည်း လမ်းခွဲကြရမြဲပင်တည်း။

ပါမောက္ခကြီး ဦးမောင်၏ အလှူဒါန ထာဝရ ကုသိုလ်ကြီးနှင့် စပ်၍သာမဟုတ်၊ မသိသူတို့သည် မသိသည့်အလျောက် စိတ်နောက်နှုတ်ပါ၊ နှုတ်နောက်ကိုယ်ပါ ငရဲကြီးတတ်ကြမြဲပင်။

ဆရာကြီးဦးမောင်ကား မိုးညှင်း၊ ဝေဘူ၊ မဟာစည်စသော ဆရာ ကောင်းသမားကောင်းများအား ဆည်းကပ်ခွင့်ရသူဖြစ်သည့်အပြင် ကိုယ်တိုင် ကလည်း အမြော်အမြင် အသိအမြင် ကျယ်ပြန့်သော ပါမောက္ခကြီးတစ်ဦး ဖြစ်ပါကလား ဆိုသည်ကိုလည်း မမေ့သင့်ချေ။ ဇရာဖိစီး အသက်အရွယ်ကြီး ခါမှသာ မဟုတ်၊ ငယ်စဉ်ကပင်လျှင် ဒါနအရာ၊ ဒါနသာလျှင်မဟုတ် သီလ အရာ၊ သီလသာလျှင်မဟုတ် ဘာဝနာအရာတွင် အရွယ်အားလျော်စွာ အခါ အားလျော်စွာ လေ့လာဆည်းပူးလာသူဖြစ်ကြောင်း စာရေးသူမှတ်သိရသမျှ ဝမ်းမြောက်ကြရန် အကျဉ်းချုပ်တင်ပြပါအံ့။

# ( ၂ )

## ဆရာကြီး ဦးမောင်ဘဝ

အငြိမ်းစား မြန်မာစာပါမောက္ခကြီး ဦးမောင်ကို ၁၂၆၆-ခု၊ ပြာသိုလပြည့်ကျော် (၈)ရက် (၂၇-၁-၁၉၀၅) သောကြာနေ့ နံနက်(၅) နာရီအချိန်တွင် ကျုံပျော်မြို့၌ မီးရှူးသန့်ဇင် ဖွားမြင်ခဲ့သည်။ အဖ ကျောင်း ဒါယကာကြီး ဦးတိုးညွှန်း၊ အမိ ဒေါ်လှပုံ။



မင်းကွန်းဆရာတော်ဘုရားကြီး ရေစက်ချ အနုမောဒနာ ပြုပေးတော်မူပုံ။

ဆရာကြီး ဦးမောင်သည် ၁၉၂၀-ခုနှစ်တွင် ကျုံပျော်မြို့ အစိုးရ မြန်မာ အထက်တန်းကျောင်းမှ အစိုးရစစ် မြန်မာ ကိုးတန်း အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်သို့ ပြောင်းရွှေ့လာကာ ကြည့်မြင်တိုင် ဦးမောင်မောင် အလွတ် ပညာသင်ကျောင်းတွင် (၉) လခန့် အင်္ဂလိပ်စာပေများ သင်ကြားခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ စိန့်ဂျွန်းကောလိပ်တွင် ဆက်လက် ပညာသင်ကြားသည်။ ၁၉၂၂-ခုနှစ်တွင် အင်္ဂလိပ် (၇) တန်းစာမေးပွဲ အောင်မြင်သည်။ ၁၉၂၅-ခုတွင် (၁၀) တန်း စာမေးပွဲကို အင်္ဂလိပ်ဘာသာ၊ အထူးအင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ၊ ပထဝီဘာသာတို့တွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက် တက်ရောက်ခဲ့ရာ ၁၉၂၅-ခုနှစ်အတွက် အစိုးရ ချီးမြှင့်ထောက်ပံ့သော ပညာရည်ချွန်ဆုကို (၄) နှစ် တိတိ ရရှိခဲ့သည်။ ၁၉၂၇-ခုတွင် ‘ဥပစာတန်း’ ကို အနောက်တိုင်း ရာဇဝင်၊ ဘောဂဗေဒ၊ ပထဝီ ဘာသာတွဲများဖြင့် အောင်မြင်ပြီးနောက် မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းသို့ တက်ရောက်ခဲ့သည်။ ၁၉၂၉-ခု

နှစ်တွင် မြန်မာစာ ဝိဇ္ဇာ ဂုဏ်ထူးတန်း စာမေးပွဲကို ဒုတိယတန်း ပထမဆင့်ဖြင့် အောင်မြင်ခဲ့သည်။ တက္ကသိုလ်တွင် အချိန်ပိုင်းနည်းပြဆရာလုပ်ရင်း မဟာဝိဇ္ဇာဂုဏ်ထူး စာမေးပွဲကို ပထမတန်း ဂုဏ်ထူးဖြင့် ဦးစွာ အောင်မြင်ခဲ့သည်။

၁၉၃၁ ခုနှစ်၊ ဇွန်လတွင် ရန်ကုန် တက္ကသိုလ်၌ အချိန်ပြည့်နည်းပြဆရာဝင်လုပ်ခဲ့ရာ ၁၉၃၄ ခုတွင် အထက်တန်းနည်းပြဆရာ၊ ၁၉၃၆ ခုတွင် လက်ထောက် ကထိက ဖြစ်လာခဲ့သည်။ ဒေါ်ခင်မြမူ (မဟာဝိဇ္ဇာ) နှင့် လက်ထပ်ခဲ့သည်။ ၁၉၄၁ ခု၊ ဇန်နဝါရီလတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပေဌာနတွင် ဌာနမှူးဖြစ်လာခဲ့သည်။ ၁၉၄၁ ခု၊ အောက်တိုဘာလမှစ၍၊ ၁၉၆၂ ခုနှစ်၊ မေလအထိ မြန်မာစာ ပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၉ ခုတွင် အင်္ဂလန်ပြည် လန်ဒန် တက္ကသိုလ်၌ တိဗက်စာနှင့် ဝေါဟာရဗေဒ ဘာသာရပ်တို့ကို (၆) လခန့် လေ့လာဆည်းပူးခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ပါမောက္ခဘဝတွင် နိုင်ငံတော်အစိုးရချီးမြှင့်သော ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သီရိပျံချီဘွဲ့များ ရရှိခဲ့သည်။

မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ လက်ထက်တွင် ပညာရေးဝန်ကြီးဌာန မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်အဖွဲ့၌ ဒုတိယ ဥက္ကဋ္ဌအဖြစ် ၁၉၆၄ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သည်။

## ( ၃ )

### ဆရာကြီး၏ စာပေ အရေးအသား

ဆရာကြီး ဦးဖေမောင်သည် ခေတ်စမ်း စာပေ ရေးဖွဲ့မှုနှင့် ပတ်သက်၍ အလွန်ထင်ရှားသော ကြယ်တစ်ပွင့်ဖြစ်သည်။ ခေတ်စမ်း၏ ခေတ်စမ်းကလောင် တစ်ချောင်းလည်း ဖြစ်သည်။ ဆရာကြီးသည် အစိုးရ မြန်မာ အထက်တန်း ကျောင်းသားဘဝကပင် ကဗျာနှင့် ဆောင်းပါးများကို ရေးသားခဲ့သည်။ တက္ကသိုလ် ကျောင်းသား ဘဝတွင် "ပုဂံလက်သီး" လက်ရေး စာစောင်၏စာတည်း၊ "သထုံ၊ သန်လျက်" လက်ရေးစာစောင်၏ စာတည်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ "အင်္ဂလိပ် ရာဇဝင်၏ မူလ အစ" "အထက်တန်း ဗြိတိသျှရာဇဝင်" စာအုပ်များကို မြန်မာဘာသာပြန်ခဲ့သည်။

အထက်တန်း ဗြိတိသျှရာဇဝင် ဘာသာပြန်စာအုပ်ကို ၁၉၃၉-ခုနှစ် စာပေ ပြိုင်ပွဲတွင် အကောင်းဆုံး ဘာသာပြန်စာအုပ်အဖြစ် ရွေးချယ်ပြီး မြန်မာ နိုင်ငံတော် အစိုးရ ပညာရေးဌာနက ဆရာကြီးအား 'ဝေလမင်းသားဆု' ခေါ် ပညာရေး ဆုငွေ (၁၀၀၀) ကျပ်ကို ချီးမြှင့်ခဲ့သည်။

ဆရာကြီးသည် ကေသီပန်၊ ချစ်သက်ဝေ၊ ဖိုးခေါင်ငှက်၊ လောဘ ဇာတ်ရုံ၊ ကံနည်းသူ နတ်သျှင်နောင်၊ ပတ္တမြား ကျောက်စီဓား စသော ကဗျာ၊ ဝတ္ထု ဆောင်းပါးများကို ရေးသားခဲ့သည်။ ဂန္ထလောက၊ သုတေသနဂျာနယ်၊ သူရိယ၊ မြဝတီ၊ တက္ကသိုလ် မဂ္ဂဇင်း စသည်တို့တွင် လည်း အင်္ဂလိပ် မြန်မာ ဝတ္ထု ဆောင်းပါး ကဗျာ စာပေများကို ရေး သားခဲ့သည်။ ကဗျာ့ပန်းကုံး၊ အနုစာပေ ကောက်နုတ်ချက်၊ အလယ် တန်းနှင့် အထက်တန်းသုံး ကဗျာနှင့် စကားပြေ ကောက်နုတ်ချက်များ၊ မြန်မာ စကားပြေ လက်ရွေးစင်၊ ပုဂံ ကျောက်စာ လက်ရွေးစင် စသော စာအုပ်များကို ရွေးချယ် တည်းဖြတ်ထုတ်ဝေပေးခဲ့သည်။ ထို့ပြင် ဆုတောင်း ခန်းပျို့၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့ စသော စာအုပ်များကို ကြီးကြပ်ရိုက် နှိပ်ခဲ့သည်။

ဆရာကြီးသည် စာပေ ရေးသားရာ၌ တက္ကသိုလ် မောင်သန့်စင်၊ ပါမောက္ခ ဦးဖေမောင် ကလောင် အမည်များ အပြင် စိန်သန့်လျက်၊ ရေခဲ မောင်၊ မောင်ဆန်းစစ် ကလောင် အမည်များဖြင့်လည်း စာပေများရေးသား ခဲ့သည်။ ဆရာကြီးသည် စာပေရေးသားရုံမျှမက ရန်ကုန်တက္ကသိုလ်၊ စာပေ ဗိမာန်၊ ဝိုင်အမ်ဘီအေအသင်း၊ မြို့တော်ခန်းမ၊ ရာမခရစ်ရှနာ စာကြည့်တိုက် စသော နေရာများ၌ စာပေများ ဟောပြောခဲ့သည်။

## ( ၄ )

### သာသနာအတွက် ဆောင်ရွက်ချက်များ

ဆရာကြီး ဦးဖေမောင်သည် ဘွဲ့ထူး ဂုဏ်ထူး အမျိုးမျိုး စည်းစိမ် ဥစ္စာ ပြည့်ပြည့်စုံစုံနှင့် နေလာခဲ့သည်နှင့်အမျှ ဘဝနေနည်း စနစ်ဖြစ်သော ဗုဒ္ဓစာပေများကို အထူးဦးစားပေးလေ့လာ၏။ ဘာသာရေး သာသနာရေး ကိစ္စရပ်များကိုလည်း စွမ်းအားရှိသမျှဆည်းပူးသည်။ ဘာသာ သာသနာကို အလွန်ယုံကြည်လေးစားခဲ့၏။ ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်ကည်တံ့ခေ ရေးအတွက် တတ်နိုင်သလောက် ကြိုးပမ်းအားထုတ်ခဲ့သည်။

ဆရာကြီးသည် ငယ်စဉ်ကပင် သာသနာတော်ကို လေးစားယုံကြည်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန် ကောလိပ်မှ ရန်ကုန် တက္ကသိုလ်ဖြစ်လာသောအခါ ရန်ကုန် ကောလိပ် ဗုဒ္ဓဘာသာ အသင်းကြီးကိုလည်း "ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး"ဟု အမည်ပြောင်းခဲ့ကြသည်။ ရန်ကုန် တက္ကသိုလ် ဗုဒ္ဓဘာသာ ကျောင်းသူ ကျောင်းသားများ အတွက် ဓမ္မာရုံ တစ်ရုံ ဆောက်လုပ်ပေးရန် ထိုခေတ် တက္ကသိုလ် အာဏာပိုင်များထံ တောင်းဆိုခဲ့ရာ မရခဲ့သဖြင့် ပြည်လမ်းနှင့် တက္ကသိုလ်လမ်းထောင့်ရှိ မရမ်းတောကြီး (ယခု ဓမ္မာရုံကြီးနေရာ) ကို ခုတ်ထွင် ရှင်းလင်းပြီး ဓမ္မာရုံ ဆောက်ရန် စိုင်းပြင်းခဲ့ကြသည်။ ဓမ္မာရုံ ဆောက်လုပ်ရန် ရန်ပုံငွေ မရှိသဖြင့် ပြင်ပ မြို့မိမြို့ဖများထံမှ အလှူငွေများ ကောက်ခံကြရသည်။ သူဌေးကြီး ဆာဦးသွင်၊ မြို့မင်းကြီး ဦးဘဆက် စသော ဗုဒ္ဓဘာသာဝင် လူကြီးများက ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ထိုစဉ် ဓမ္မာရုံ ရန်ပုံငွေအတွက် ဆရာကြီး ဦးမောင် တက္ကသိုလ် မောင်သန့်စင်)၏ 'မုန့်လုံးပြဇာတ်'ကို ဂျူဗလီဟောတွင် ရုံတင်ကပြရာ အလှန်လူကြိုက်များပြီး ထိုခေတ် ငွေသား ၇၀၀၀ ကျော် ရရှိခဲ့သည်။ တက္ကသိုလ် မောင်သန့်စင်သည် ပြဇာတ်ရေးသားခြင်းဖြင့် တက္ကသိုလ်ဓမ္မာရုံအတွက် ပညာလုပ်အား လှူဒါန်းခဲ့လေသည်။

တက္ကသိုလ်ဓမ္မာရုံကြီးကို ၁၂၉၅-ခု၊ တပေါင်းလဆန်း (၃) ရက် တနင်္ဂနွေနေ့ ညနေ ၄ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့၊ အလယ်တောရ အဂ္ဂမဟာပဏ္ဍိတ ဦးကောသလ္လာဘိဇ ဆရာတော်ဘုရားကြီးက ဩဝါဒကထာ မြွက်ကြားကာ အုတ်မြစ်ချ ပေးတော်မူခဲ့လေသည်။

ထိုစဉ်က တက္ကသိုလ် ဗုဒ္ဓဘာသာ အသင်းကြီးတွင် ဆရာ ဦးမောင်သည် အသင်း၏ ဒု-ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ငွေထိန်းအဖြစ်လည်းကောင်း နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။

ဆရာကြီး ဦးမောင်၏ ပင်ကိုဗီဇ ဓမ္မနှလုံးသားကို တက္ကသိုလ် မောင်သန့်စင် ဘဝကပင် ပေါ်လွင်လှပေသည်။ ၁၉၃၄ ခုနှစ်က ထုတ်ဝေခဲ့သော "ခေတ်စမ်း ကဗျာ" စာအုပ်တွင် တက္ကသိုလ် မောင်သန့်စင်သည် "မိုးခေါင်ငှက်" ကဗျာကို ရေးသားခဲ့ရာ၌....

---

ပထမအကြိမ်

"ပြောဦ....လူ့ဘဝ၊ တဒင်္ဂဝယ်၊ ဖြစ်မျှဆင်းရဲ၊ မြူဆန်ကဲ့မျှ၊ ပျော်ပွဲတီတာ၊ ကင်းမဲ့စွာလည်း၊ အကာကိုပင်၊ အနှစ်ထင်၍၊ ဖြစ်တင်မရှိ၊ လောကီစည်းစိမ်၊ ရှင်တင်းတိမ်လျက်၊ ငါ့အိမ်ငါ့ယာ၊ ငါ့ဥစ္စာနှင့်၊ ငါ့မှာဂုဏ်ဒြပ်၊ များပေလတ်ဟု၊ အမှတ်မဖွယ်၊ ငါ တစ်သွယ်ကြောင့်၊ ချုပ်ချယ်ခြင်းမည်၊ အပြည်ပြည်မှာ၊ လည်သံသာ စက်၊ နိဗ္ဗာန်လက်ဖြင့်၊ လှမ်းခက်ဘယ်မှာ ရပေရာအံ့" ဟူ၍ ဖွဲ့ဆို ခဲ့သည်။

ဘဝဟူသည် ဘာမျှအနှစ်မရှိ၊ အကာအတိပြီးသော မမြဲသော မခိုင် မာသော အနတ္တသဘောပါကလား ဆိုသည်ကို ပြဆိုခြင်းဖြစ်ပေ၏။ ငါ ဟူသော ထင်ကြီးတစ်လုံးအစွဲကြောင့် နိဗ္ဗာန်ရွှေပြည်မြတ်နှင့် အလှမ်းဝေး ရပုံကို စာပေဖြင့် ထွန်းပြခြင်းလည်း ဖြစ်ပါပေ၏။

ဤကဗျာကို ရေးခဲ့စဉ်က ဆယ့်ကိုးနှစ်အရွယ်မျှသာ ရှိပေသေးသည်။

ဆရာကြီး ဦးမောင်သည် ဗုဒ္ဓစာပေများ၊ နောက်ဆုံး သမထ ဝိပဿနာ အလုပ်တရားများအထိ မည်မျှ ကြိုတင်လေ့လာထားသည်ကို အကဲ ခတ်နိုင်ပေသည်။

အထူးသဖြင့် ဝိပဿနာတရားအလုပ်သည် အချုပ်ဆုံးဖြစ်ရာ တရား ဌာန၊ တရားကျမ်းစာနှင့် ကမ္မဋ္ဌာန်းဆိုင်ရာ နည်းပြ ဆရာတော်များလည်း များစွာရှိနေကြ၏။ သူ့နည်းနှင့်သူ ကောင်းမွန် မှန်ကန်ကြသည်ချည်းပင် ဖြစ်သည်။ သို့ရာတွင် အကောင်းထဲက အကောင်းဆုံးကို ရွေးချယ်တတ်ရန်မှာ သာမန် အရပ်သားများကို မဆိုထားဘိ၊ ပရိယတ္တိစာပေ တတ်ကျွမ်းသော ရဟန်းတော်များ အတွက်ပင် လွယ်ကူသောအရာ မဟုတ်ချေ။

တရားပြသောပုဂ္ဂိုလ်၏ အရည်အချင်းကို ရိပ်စားမိရန် လိုအပ်သကဲ့သို့ နည်းလမ်းပင် မှန်ကန်သော်လည်း လုပ်နည်းစနစ်စသော အသေးစိတ်များ ကလည်း ရှိနေသေးရာ တကယ်တွေးလေ၊ ရွေးချယ်မှုမှန်ကန်ရန် မလွယ်ကူ လေ ဖြစ်ပေသည်။

ဆရာကြီးကား ရှေးယခင်ကပင် ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရား ကြီးထံ ဆည်းကပ်၍ လိုအပ်သော ပစ္စည်း ၄-ပါးကိုလည်း လှူခဲ့ရာ ရှားပါး ခက်ခဲသော နိုင်ငံခြားဖြစ် ကျပ် ၁၀၀၀-တန် ကုလားထိုင်ကိုပင် မှာယူလှူခဲ့ဖူး လေသည်။

တစ်ဖန် လွန်ခဲ့သော အနှစ် ၃၀-ကျော်မှစ၍ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ၌ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားမှုအောက်တွင် သတိပဋ္ဌာန် ဝိပဿနာတရားကို အားရကျေနပ်သည်အထိ ကိုယ်တိုင် အားထုတ်၏။ သက်ဆိုင်ရာ သားချင်းများနှင့် တပည့်များကိုလည်း မကြာခဏ တိုက်တွန်းနှိုးဆော်၍ ရိပ်သာသို့ ပို့ဆောင်ခဲ့လေသည်။

တစ်ဖန် လွန်ခဲ့သော နှစ်ပေါင်း ၃၀-ကျော်ကပင်လျှင် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ တရားဓမ္မ အဆုံးအမများကို ကိုယ်တိုင်နည်းခံ ကျင့်သုံး၍ ဆရာတော်ဘုရားကြီး အောက်မြို့ အောက်ရွာများသို့ ကြွလာတော်မူတိုင်း နေ့စဉ် တရားနာယူ ရှုမှတ်၏။ နေ့စဉ် ထောင်ချီ၍ တရားနာလာသူ များအားလည်း ဆရာတော်ဘုရားကြီး၏ တရားရှုမှတ်နည်း၊ အကျဉ်းချုပ်များနှင့် ဆုံးမသြဝါဒစကားတော်များကို ကောင်ပေါင်းများစွာ ပုံနှိပ်၍ တရားပွဲညတိုင်းပင်၊ နှစ်တိုင်းပင် ကိုယ်တိုင် ဓမ္မဒါန ဝေငှလှူဒါန်းလေ့ လည်း ရှိပေသည်။

အထူးသဖြင့် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ ဇာတိဌာန ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးအတွင်း၌ လည်း လွန်ခဲ့သော အနှစ်ဆယ်စိတ်လောက်ကပင် အုတ်တိုက် သိမ်ကျောင်း တစ်ဆောင်ကိုလည်း ဆောက်လှူထား၏။ ယခုခေတ်တန်ဖိုး သုံးသိန်းကျော် ၄-သိန်းခန့် တန်လေသည်။

ဆရာကြီး၏ ဘုရားခန်းတွင်လည်း ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်ကပင် ကိုးကွယ်ထားသော လုံးဝန်းလျက် နက်ပြောင်နေသည့် ဆံတော်ဓာတ်ကို ဖူးတွေ့ရ၏။ ဆရာတော်ဘုရားကြီး၏ပုံတော်ကိုမူ ဘုရားခန်း၌ သာမက စာကြည့်ခန်း၌လည်းတစ်ပုံ၊ အိပ်ရာခေါင်းရင်း၌လည်း ပုံတော်တစ်ခု ပူဇော် ချိတ်ဆွဲထားသော ရှိရာ ဝိပဿနာတရား ဘာဝနာအပေါ် ဆရာကြီး၏ အသိအမြင်ကို ဖော်ပြနေသကဲ့သို့ ရှိတော့သည်။

ထို့ပြင် ဆရာကြီးသည် လွန်ခဲ့သော အနှစ် ၂၀-ကျော်ကသည်းကပင် အာဇီဝဋ္ဌမကသီလကို အမြဲဆောက်တည်ခဲ့သည်။ သူ၏ တပည့်များကိုလည်း သီလ ဆောက်တည်ရန် အမြဲတိုက်တွန်းလေ့ရှိသည်။

"အာဇီဝဋ္ဌမကသီလဟာ လူများ ဆောက်တည်ဖို့ အလွန်သင့်လျော် တယ်ကွ၊ ဆရာလဲ အမြဲဆောက်တည်တယ်၊ ရစ်ပါးသီလဆိုတော့လဲ လောက ကြီးထဲမှာ လုပ်ရှားရုန်းကန်ရတုန်းမို့ အမြဲဆောက်တည်ဖို့ မလွယ်ကူဘူး၊

နောင်တတ်နိုင်တဲ့အခါကျတော့ (၈)ပါး သီလ ဆောက်တည်မယ်။ ရှစ်ပါးသီလထက် ပိုကောင်းတယ်ကွ။ ပြီးတော့ မေတ္တာပွားရတာလဲ တယ်ချမ်းသာတာကိုး''ဟု တပည့်များကို ပြောဆို တိုက်တွန်းလေ့ရှိပေသည်။

## (၅)

### ရှိသမျှ အကုန်လှူ။

ဆရာကြီးသည် ဘဝတစ်သက်တာတွင် ချမ်းချမ်းသာသာ နေထိုင်နိုင်ခဲ့သော်လည်း ဆရာကြီးမှာ ပုထုဇဉ်လူသားပီပီ လောကဓံတရား၏ အထုအရိုက်ကိုကား မလွဲမသွေ ခံစားရမည်သာဖြစ်ပါသည်။ ပို၍ အဆိုးဝါးဆုံးကား လူသားဟူသရွေ့ မလွဲမသွေတွေ့ကြုံရသည့် ဇရာဒုက္ခ တရား၏ဖိစီးနှိပ်စက်ခံရခြင်းပင်တည်း။

ဆရာကြီးသည် အသက်ရှစ်ဆယ်တွင်း အရောက်တွင် ဇရာဗျာဓိတို့၏ ဖိစီးနှိပ်စက်မှုကြောင့် အိပ်ရာထက်တွင် ဘုန်းဘုန်းလဲလေတော့သည်။ ထိုအခါ ဘဝတစ်လျှောက်လုံး သဏ္ဍာန်တူ ဓမ္မဒေဝီတို့ပမာ ရာသက်ပန် ချစ်ကြည်စွာ နေလာခဲ့သော ဆရာကြီးကတော် ဒေါ်ခင်မြမှုသည် ဆရာကြီးကို တတ်စွမ်းသမျှ ပြုစုလုပ်ကျွေးရှာသည်။ ဤသို့ လူမမာဆရာကြီးကို ပြုစုနေသည့်ကြားကပင် ဆရာကြီးကတော် ဒေါ်ခင်မြမှု ရုတ်တရက် ကွယ်လွန်သွားခဲ့လေသည်။

ဇနီးဖြစ်သူ ဒေါ်ခင်မြမှု မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်ရခြင်းကပင် ဆရာကြီးအား သံဝေဂကြီးစွာ ဖြစ်စေလေသည်။

"သေဘေးကြီးက နီးကပ်နေပြီ၊ မသေမီ သံသရာရိက္ခာ ကိုယ့်ဖို့ပါအောင် ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုတွေကိုသာ များများစုပေတော့" ဟု တိုက်တွန်းသကဲ့သို့ ထင်မြင်လာ၏။

"သေရမည်ကား မလွဲမသွေ သေချာနေ၏။ သေခြင်းတရားကား အမြဲရပ်တည်လျက် စောင့်မျှော်နေ၏။ ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ၊ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် သေနိုင်သည်။ သေလည်း သေခဲ့ကြရလေပြီ။ သေလည်း သေကြရလိမ့်ဦးမည်။ သေသွားကြသူ မည်သူတစ်ဦးမျှ မိမိပစ္စည်းများကို ဟိုဘက်သို့ မယူသွားနိုင်။ ချစ်လှသော ခန္ဓာကိုယ်ကြီးကိုပင် ပစ်ထားစွန့်သွားကြရသူချည်းပင်"

မိုးညှင်းဆရာတော်, ဝေဘူဆရာတော်, မဟာစည်ဆရာတော်ဘုရားကြီးများ၏ အဆုံးအမဖြင့် နေ့ညမပြတ် ရှုမှတ်ပွားများနေသော ဆရာကြီးအဖို့ ခန္ဓာကိုယ် သင်္ခါရ ဒုက္ခများကိုပင် အသေးစိတ်မြင်လျက် ထင်လျက်ရှိလေရာ ဗဟိဒ္ဓ ပစ္စည်းဝတ္ထုနှင့် ပုပုရွရွ၊ ရှိသမျှသတ္တဝါအားလုံး လောကကြီး၏ ဖြစ်ထုံးတံထွာ၊ အလွန်မြင်သာသော ဓမ္မတာသဘောတို့ကား ဉာဏ်တွင်အထူးပင် မဆင်ခြင်ရဘဲ ပေါ်လောထင်လျက် ဖြစ်လျက်သာ နေပေလိမ့်မည်။

ယောဂီများအတွက် သေခြင်းတရားနှင့် ဗဟိဒ္ဓ ပစ္စည်းဝတ္ထုများအပေါ် သိမြင်ထားသော အမြင်သည် ခပ်စောစောကပင် ကြည်လင်နေနှင့်ပြီး ဖြစ်တတ်ကြ၏။

ဘုရားအစရှိသော သူတော်ကောင်းကြီးများ၏(ရှစ်ဖြာမဂ္ဂင်) လမ်းရိုးအစဉ်အတိုင်း လိုက်ပါလျှောက်သွားနေသူ မည်သူမဆိုကိုယ်နှင့်တန်သလောက် လမ်းတစ်လျှောက်တွင် ရှိသမျှအရာတို့ကို မြင်တွေ့ သွားကြမြဲပင် ဖြစ်ရာ မဖတ်ဖူး, မကြားဖူးသော်လည်း ရှေးရှေးက သွားနှင့်သူများ၏ အမြင်နှင့် တစ်ထပ်တည်းပင် ဖြစ်နေတတ်ပေသည်။ သီလ, သမာဓိ, ပညာ ဟူသော သဘာဝဓမ္မကြီးကား မျက်နှာလိုက်ရိုးမရှိချေ။

ဆရာကြီးသည် သုတမယဉာဏ် (ပရိယတ္တိ) အားဖြင့် လည်းကောင်း၊ စိန္တာမယဉာဏ်အားဖြင့်လည်းကောင်း၊ ဘာဝနာမယဉာဏ်(ပဋိပတ္တိ)အားဖြင့် လည်းကောင်း၊ ပစ္စည်းဥစ္စာနှင့် စပ်၍လည်း သုမေဓာသူဌေးသား၊ ဘုရားအလောင်းတော်တို့၏ အသိအမြင်များဖြစ်ရှိနေမည်မှာ သေချာလှပါသည်။

ထိုအထဲ ဆရာကြီးကတော် ဒေါ်ခင်မြမူအဖို့ ရှေးမဆွကပင် သန္နိဋ္ဌာန်ချထားသော ထာဝရဒါန သာသနာ့ပြု ရည်ရွယ်ချက်ကြီး အပြီးတိုင် ခိုင်မာသွားဟန်ရှိပေသည်။ ရှိသမျှအကုန်လှူရေး ရှေးမဆွက အကြံအစည်အတွက် ဣဿာ,မစ္ဆရိယရန်သူများကို အနိုင်တိုက်နေရသည့်ကြားက တစ်နေ့တခြား လုံးပါးပါး၍ မထသွားနိုင်လောက်အောင် ချီတက်နှိပ်စက်လာသော ဇရာ, ဗျာဓိတပ်များကိုလည်း ဝိပဿနာလက်နက်ဖြင့် တိုက်ဖျက်နေရပြန်ရာ အထူးကုဆရာဝန်ကြီး ဦးသာလှနှင့် ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီးစသော မိတ်ဆွေကောင်းကြီးများ အကူအညီဖြင့် ၄-၉-၇၃ နေ့တွင် ရည်ရွယ်ချက်ကြီး ပြီးစီး အောင်မြင် သွားလေတော့၏။

ပထမအကြိမ်

ဆရာကြီးကား သူတော်ကောင်းအမျိုးလည်းရ၊ အမြော်အမြင်လည်း ကြီးမားလှသူပီပီ ရှိသမျှပစ္စည်းများအားလုံးကို အောက်ပါအတိုင်း ဝေပုံချ၍ လှူဒါန်းလိုက်သည်—

၁။ ရန်ကုန်မြို့၊ အမှတ်-၁၂၁၊ နယူးလင်းလမ်းရှိ တိပိဋကနိကာယ ကျောင်းတိုက်ကြီးအတွင်း၌ ဆောက်လုပ်မည့် ဓမ္မာရုံသိမ်တော်ကြီးအတွက် ကျပ်ငွေ ကစ်သိန်း ၁၀၀,၀၀၀ိ။

၂။ မန္တလေးမြို့၌ ဆောက်လုပ်မည့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကျောင်းတိုက်ကြီး၏ "မြေရိပ်မွန် ဝိနယမဟာဌာန" စာသင်ဆောင်အတွက် သုံးသိန်း ၃၀၀,၀၀၀ိ။

၃။ ၎င်းတက္ကသိုလ်ကြီးအတွင်း 'ဓမ္မရေသာသနသောဘဏီ' သိမ်တော်ကြီးတစ်ခန်းအတွက် တစ်သောင်းငါးထောင် ၁၅,၀၀၀ိ။

၄။ ၎င်းတက္ကသိုလ်ကြီးအတွင်း ပိဋကတိုက်တော်တွင် ပိဋကကျမ်းစာများ ထားရှိပူဇော်ရန် တစ်သိန်း ၁၀၀,၀၀၀ိ။

၅။ ၎င်းတက္ကသိုလ်ကြီး ပစ္စည်းလေးပါးအတွက် ပင်မ-ငွေပဒေသာပင် တစ်သိန်း ၁၀၀,၀၀၀ိ။

၆။ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး မျက်စိရောဂါ အထူးကုဆောင် ဆောက်လုပ်ရန်အတွက်မ,တည်ငွေကျပ်ငါးသောင်း၅၀,၀၀၀ိ။

၇။ ၎င်းဆေးရုံကြီး မျက်စိရောဂါ ခွဲစိတ်ကု ကိရိယာများနှင့် မျက်မှန်များ ဝယ်ယူလှူဒါန်းရန် မ,တည်ငွေ ကျပ်တစ်သိန်း ၁၀၀,၀၀၀ိ။

စုစုပေါင်း ငွေသားသက်သက် ကျပ်ငွေ ခုနစ်သိန်း ခြောက်သောင်းငါးထောင် (၇၆၅,၀၀၀) တိတိ။ ယင်းငွေသားများအပြင် အိုးအိမ်ခြံမြေနှင့်တကွ ရှိသမျှ ပရိဘောဂ အသုံးအဆောင်များကိုလည်း အောက်ပါအတိုင်း ဝေပုံကျ ခွဲခြမ်း၍ လှူဒါန်းခဲ့သည်။

၈။ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီး အတွက်၊ ရန်ကုန်မြို့၊ ပြည်လမ်းနှင့် တက္ကသိုလ် ရိပ်သာလမ်းရှိ ဝင်းခြံမြေများနှင့်တကွ ကာလတန်ဖိုး သိန်း၄၀-တန် နှစ်ထပ် တိုက်ကြီး ၂-လုံးနှင့် အင်္ဂလိပ်၊ မြန်မာ လက်နှိပ်စက်များ။

၉။ ဂုဏ်တက္ကသိုလ်ကြီး သိမ်တော်ပိဋကတ်တိုက်အတွက်ထားရှိရန် မိမိပိုင်ခြံ မြေရိပ်မွန်ဂေဟာရှိ စာကြည့်တိုက်မှ စာအုပ်စာတမ်း၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာ ရှိသမျှ စာပေများအားလုံး။

၁၀။ ပရိယတ္တိ သာသနာတော်အတွက် မြေရိပ်မွန်ဂေဟာ၌ ရှိသမျှ ခုတင်၊ စားပွဲ၊ ကုလားထိုင်၊ ဗီရိုစသောပရိဘောဂများအားလုံး နှင့်ပန်းကန်ခွက်ယောက် ဇွန်းခက်ရင်းစသော အသုံးအဆောင် ပစ္စည်းများအားလုံး။

စုစုပေါင်းပစ္စည်းတန်ဖိုး သိန်း ၅၀-ခန့်ဟု ခန့်မှန်းကြပါသည်။

## ( ၆ )

## ရည်ရွယ်ချက်၊ စနစ်ကောင်းနှင့် မိတ်ဆွေကောင်း

အထက်ဖော်ပြပါ လှူရာဌာနနှင့် အမည်နာမများ အသေးစိတ် ခေါင်းတပ်၍ လှူဒါန်းပုံကို ကြည့်ခြင်းအားဖြင့် အသိဉာဏ်ပါပါနှင့် မည်မျှ အချိန်ကြာအောင် ပုဗ္ဗစေတနာများ တဖွားဖွား ဖြစ်ပွားနေနှင့်မည်ကို သိသာ လှပါသည်။

ထိုအခါက ဆရာကြီးစိတ်အစဉ်၌ ဒါနည်းငယ် ဝင်စားကြည့်ပါလျှင် ဤသို့ မြင်ရမည်ဟု ထင်ပါသည်။

ဆရာကြီးသည် ပညာသင်ကြားရေးစနစ်နှင့်စပ်၍ တက္ကသိုလ်ပါမောက္ခ ကြီးတစ်ဦးဖြစ်သည့်အားလျော်စွာ ''တက္ကသိုလ်'' ကို နဂိုကတည်းက ကျေနပ်

နှင့်ပြီး ဖြစ်ပေမည်။ သာသနာတော်ကို ကြည်ညိုရင်းစွဲ ရှိထားသူပီပီ သူ၏ ချွေးနှဲစာ နှစ်များစွာ စုဆောင်းထားသော ပစ္စည်းများကိုလည်း သာသနာတော်ကိုသာ လှူလို၏။ ထို့ကြောင့် ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးစီးတည်ဆောက်နေသော 'သာသနာ့တက္ကသိုလ်ကြီး' ကို လှူရာဌာနအဖြစ် ကြိုတင်ရွေးချယ်လိုက်ခြင်း ဖြစ်ရာ၏။

"သာသနာ့တက္ကသိုလ်" ဆိုတိုင်းလည်း မဟုတ်သေး၊ မြတ်စွာဘုရား သာသနာကို ခေတ်နှင့်အညီ ခေတ်မီ၍ လူများစု မျက်နှာ မူလာစေရန် တန္တရ၊ မန္တရ၊ ဘာသန္တရနှင့် မော်ပညာများ သင်ကြားပေးသည် အထိ ခေတ်မီခဲ့သော မဟာယာန ခေတ်ပညာတတ် ရဟန်းတော်များ ဖွင့်လှစ်ခဲ့ ဖူးသည့် အိန္ဒိယက နာလန္ဒာတက္ကသိုလ်, ဝိကြမသိလာ တက္ကသိုလ်မျိုးကိုမူ ဆရာကြီး လိုလိုလားလား စိတ်အားထက်သန်ခဲ့မည် မဟုတ်၊ ၄ သင်္ချိန်နှင့် ကမ္ဘာတစ်သိန်း ဆည်းပူးမှ ရရှိသိမြင်၍ ဟောကြားခဲ့သော မြတ်စွာဘုရား မူပေါ်၌၊ ပရိယတ္တိပိဋကစာပေများကို သင်ကြားဖြန့်ဖြူးပေးမည့် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ကြီးက ဦးစီး ဖွင့်လှစ်သော 'နိုင်ငံတော် ပရိယတ္တိ ဟု (ဝိသေသနပြုထားသော) သာသနာ့တက္ကသိုလ်ကြီး' ကို စိတ်ဒုန်းဒုန်းချ လှူဒါန်းခဲ့ခြင်း ဖြစ်ပေသည်။

ထိုသို့လှူဒါန်းရာတွင်လည်း 'လိုရာသုံးစွဲရန်' ရောထွေးသိပ်ထိုး၍ လှူ ဒါန်းခြင်းမျိုးမဟုတ်၊ အချိန်ယူတွက်ဆကာ ပို၍ ပဓာနကျသော အလှူမျိုး ဖြစ်စေချင်၏။ ထိုသို့ ဖြစ်စေရန် ဆရာကြီးစိတ်သန္တာန်၌ အဖန်ဖန်သုံးသပ် နေမည်ကို မြင်ယောင်မိ၏။

"သာသနာတော်ရဲ့ အသက်ဟာ ဝိနည်း၊ ဝိနည်းကံတို့ရဲ့ အချက် အခြာ၊ သာသနာတော်၏ ရေသောက်မြစ်က သိမ်၊ လူ့နတ် နိဗ္ဗာန်သုံးတန် ချမ်းသာကို ပေးစွမ်းနိုင်တဲ့ ဘုရားအဆုံးအမများကို သိမှီး ထိန်းသိမ်းရာ ပညာဘဏ်တိုက်ကြီးကား ပိဋကသုံးပုံ၊ ရဟန်းသံဃာတော်တို့ရဲ့ မျက်လုံး အစုံဟာ ပိဋကသုံးပုံကို ဖြန့်ချီရာ၌ ပဓာန သယ်ဆောင်ရေး ကိရိယာ...."

ဤနည်းဖြင့် ဆရာကြီး၏ အလှူစာရင်း အသေးစိတ်တွင် ကြည့်ပါမူ 'သာသနာ၊ ဝိနည်း၊ သိမ်၊ ပိဋကနှင့် မျက်စိအလှူ'များ ရှေ့တန်းတင်ပါဝင် နေသည်ကို တွေ့မြင်ရခြင်း ဖြစ်ပေသည်။

ဆရာကြီး ဦးမေမောင်၏ အထက်ပါ ပစ္စည်းအရပ်ရပ်ကို ကိုယ်တိုင်လက်ရောက် ရေစက်ချလှူဒါန်းခဲ့သည့်ပွဲမှာ ၁၃၄၅ ခု၊ ဝါခေါင်လဆုတ် (၁၂)ရက်၊ (၄-၉-၈၃) တနင်္ဂနွေနေ့ဖြစ်ပါသည်။ ထိုနေ့တွင် မင်းကွန်းဓမ္မနာဒတိုက်၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင်ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသကို ဆရာကြီး၏ နေအိမ်သို့ပင့်၍ အထူးကုဆရာဝန်ကြီး ဦးသာလှစသော မိတ်ဆွေများ၏ အကူအညီဖြင့် ရေစက်သွန်းချလှူဒါန်းပြီးစီးခဲ့ပါသည်။

ဆရာကြီး ဦးမေမောင် ဤသို့ လှူဒါန်းနိုင်အောင် ဆရာကြီး၏ ကလျာဏဓမ္မမိတ်ဆွေကောင်းကြီး တစ်ဦးကား တိပိဋကနိကာယသာသနာပြုအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှ ဖြစ်၏။ ဆရာဝန်ကြီး ဦးသာလှက အစစ လိုလေသေး မရှိအောင် ကူညီပံ့ပိုး ပေးခဲ့သည်။ ဆရာဝန်ကြီး ဦးသာလှ ကိုယ်တိုင် ဥပဒေ ပညာရှင်များနှင့် တိုင်ပင်၍ လှူဒါန်းမှုနှင့်ပတ်သက်ပြီး နောင်အခါ အရှုပ်အထွေး မရှိအောင် စီမံပေးခဲ့သည်။ လှူဒါန်းရာ၌ စာချုပ်စာတမ်း၊ ဝန်ခံကတိပြုချက်၊ အသိသက်သေ၊ ဘဏ်စာရင်းစသည် များကိုလည်း ဓမ္မကြောင်း တရားဥပဒေကြောင်းများနှင့်အညီ ပြုလုပ်လှူဒါန်းခဲ့သည်။

ဆရာကြီး၏ မိတ်ဆွေရင်းချာများဖြစ်ကြသည့် ဦးလှမောင်၊ ဦးလှသိန်း၊ ဦးလူကျော် တို့ကလည်း အဘက်ဘက်မှ ဝိုင်းဝန်း ကူညီကြသည်။ ဆရာကြီး၏ ခယ်မတော် ဒေါ်တင်စောမူနှင့် ညီမတော် ဒေါ်တင်အေးတို့ကလည်း ဆရာကြီး၏ အလှူဒါန ထမြောက် အောင်မြင်စေရန် ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားလျက် ဆရာကြီး၏ ပါရမီဆန္ဒကို ထောက်ကူဖြည့်ဆည်းခဲ့ကြသည်။

ထို့ပြင် ဆရာကြီး ဦးမေမောင်သည် အမြော်အမြင် ကြီးသူပီပီ မှာတမ်း စာတစ်စောင်ကိုလည်း အောက်ပါအတိုင်း ရေးသားခဲ့ပေသေးသည်....

သို့—

ဒေါက်တာ သာလှ (ဥက္ကဋ္ဌ)၊
မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့၊
ရန်ကုန်ဌာနခွဲ။

ရက်စွဲ၊ ၄-၉-၇၃။

အကယ်၍ ကျွန်တော် (ပါမောက္ခ ဦးမောင်) ကွယ်လွန်ခဲ့သော် အဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ ဦးသာလှက လောကီသားကြီးတစ်ဦးအနေဖြင့် ကျွန်တော်၏ ရုပ်ကလာပ်ကို တင့်တယ်သိုက်မြိုက်စွာ သင်္ဂြိုဟ်ခြင်း၊ ဈာပန ကိစ္စ အ၀၀ ဆောင်ရွက်ပေးစေလိုပါသည်။ သင်္ဂြိုဟ်စရိတ်ငွေ တစ်သောင်းကို ခယ်မဖြစ်သူ ဒေါ်တင်စောမူနှင့် ညီမဖြစ်သူ ဒေါ်တင်အေးတို့က ပေးရန် မှာထားပြီး ဖြစ်ပါသည်။ သင်္ဂြိုဟ်စရိတ်နုတ်ပြီး ကျန်ရှိသော ကျွန်တော်၏ ငွေတို့ကို ပရိယတ္တိနှင့် ပဋိပတ္တိသာသနာအား လှူဒါန်းပေးရန် ဖြစ်ပါသည်။

ပုံ/ + + + +
(ပါမောက္ခ ဦးမောင်)
လှူဒါန်းသူ

အသိသက်သေများ

၁။ ဦးလှမောင် စီဂျီ-၀၆၅၂၉၉

၂။ ဦးလှသိန်း အေဘီ-၀၂၅၉၃

၃။ ဦးလူကျော် တီအက်စ်အယ်န်-၀၇၅၃၁၃

ဆရာကြီး ဦးမောင်၏ ဆန္ဒပြည့်ဝစေရန် ဆရာဝန်ကြီး ဦးသာလှ ကပင် အစစတာဝန်ယူပါသည်။ ဆရာကြီး ဦးမောင်၏ အစီအစဉ်မှာ လောက ကြောင်းရော ဓမ္မ ကြောင်းပါ အပြစ်ကင်းစင်သော စီစဉ်မှုဖြစ် ပါသည်။ ရေပွက်ပမာ တစ်သက်တာဘဝတွင် ဘာကိုမှငြိတွယ်ခြင်းမထားဘဲ၊ ပြတ်ပြတ်ကြီး စီစဉ်သွားပုံမှာ နောင်လာနောက်သားတို့ အားကျ တုယူ၊

ဂုဏ်ယူမပြီး၊ ချီးကျူးမဝ၊ မြန်မာ့သာသနာ မော်ကွန်းတွင် အစဉ် ထွန်းပနေရစ်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ သာသနာ့ဝင်၌ သုမေဓာသူဌေးသား ပမာ ထာဝရ သာသနာ့ပြု ကုသိုလ်ရှင် အငြိမ်းစား မြန်မာစာ ပါမောက္ခ ဆရာကြီး ဦးမောင်ကလေး သက်ရှယ်တော် ၈၀ အရ၊ ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ရလေပြီ။

ရွှေဘိုစောလွင်။

[သာသနာ့ ရောင်ခြည် အတွဲ-၃၊ အမှတ်-၄၊ မာဂဓီ သာစည်၏ ဆောင်းပါး။ အတွဲ-၁၂၊ အမှတ်-၃၊ ရတနာမွန် မဂ္ဂဇင်းပါ မောင်မဲ၏ ဆောင်းပါး။ စန္ဒာမဂ္ဂဇင်း အမှတ်-၁၉၄ ပါ ညိုမြ၏ ဆောင်းပါးနှင့် ကျုံမပျော်မဂ္ဂဇင်းတို့ကို မှီငြမ်းရေးသားပါသည်။]

ပုထမအကြိမ်




၎ဒွဆည့်စာမေ

# မောင်းထောင်သူဌေး ဦးမြရာ

## ( ၁ )

"ရှင်ဖွားရှင်ရေ....ဟိုမှာ မြကွမ်းတောင်ဘုရားဆီက လှည်းအုပ်ကြီး လာနေတယ်။ ရေနွေးအိုးကလေး ဆူအောင် မီးဖိုနားကပ်လိုက်ပါဦး"

ကိုမြရာသည် ဘူးသီးကြော် ကြော်နေသော ဇနီးအား လှမ်း၍ ပြောရင်း ခရီးသည်များ မီးလှုံရန် တင်းမီးဖိုကို ကပျာကယာ ပြင်ဆင်လိုက်၏။ မဖွားရှင်သည် အကြော် ကြော်ရင်း မြောက်ဘက်သို့ လှမ်းမျှော်ကြည့်ရာ နှင်းမှုန်ဖွဲဖွဲတွင် ရွာဆီသို့ လာနေသော လှည်းအုပ်ကြီးကို မသဲမကွဲ မြင်နေရ၏။

"ဘော်ကလဲ.... အဲဒါ ထားပါဦး၊ ဒီမှာ ဘူးသီး ကူလှီးပေးပါဦး၊ လှည်းတွေက အများကြီး နေမှာတော့...."

ကိုမြရာသည် "အေးပါဟာ" ဟု ပြောပြောဆိုဆို ခနော်ခနဲ့ ယိုင်ရွဲ့နေသော စားပွဲတစ်ခု၌ထိုင်ကာ ဘူးသီးလှီးရန် ဟန်ပြင်လိုက်သည်။ မြေထည် ရေနွေး ကရားအိုးကိုလည်း အကြော် ကြော်နေသော မီးဖိုအနီးမှ ဆွဲယူလိုက်၏။ မီးလှုံရန် ဖိုထားသော မီးဖိုသို့ ပြောင်းရွှေ့တည်ရန် ထိပ်၌ သွပ်နန်းဖြင့် နဖားဖောက်တုပ်ချည်ထားသော သုံးချောင်းထောက်ကလေးကို မီးဖိုပေါ်၌ ခွ၍ ချ၍ အဆင်သင့်ပြင်လိုက်သည်။ ပြီးလျှင် ရေနွေးကရားကို သုံးချောင်းထောက် အပေါ်ပိုင်းရှိ သံချိတ်တစ်ခု၌ ချိတ်တွဲလိုက်ရင်း မီးကိုကုန်း၍ မှုတ်လိုက်၏။

"ယောကျ်ားသားတွေဆိုတာ ရေနွေးကျကျနှင့် လက်ဖက်ရည် ပူပူကလေး တစ်ခွက်လောက်သောက်ရရင် အင်မတန် သဘောကျတာ ရှင်မရဲ့။



မောင်းထောင်သူဌေး ဦးမြရာ

ရေနွေးပွက်ပွက်ဆူဖို့ အရေးကြီးတယ်။ တချို့ရောင်းတဲ့လူတွေက ရေနွေးဆို ပြီးရော၊ ဆူဆူ-မဆူဆူ ထည့်ပေးတတ်ကြတယ်။ စေတနာမပါကြဘူး။ 'မလှူ တတ် ဈေးရောင်း' ဆိုတာလို လက်ဖက်ရည်ကလေးကပ်ခွက်လောက် စေတနာ ပါပါနှင့် ခရီးသွားတွေကို တိုက်ရတဲ့ ကုသိုလ်ဟာ မနည်းပါဘူးကွာ"

ကိုမြရာတို့ ဇနီးမောင်နှံသည် အိမ်ခြေတစ်ထောင်ခန့်ရှိ မောင်းထောင် ရွာကြီး၏ မြောက်ဘက်ပေါက်၌ ဘူးသီးကြော် ရောင်းချခြင်းဖြင့် အသက်မွေး ကြရ၏။ အရင်းအနှီးမရှိ၍ ဆိုင်ကြီးကနားကြီးလဲမရောင်းနိုင်၊ လယ်ယာမိုးမြေ မရှိ၍ အများနည်းတူ တောင်သူ လယ်ယာလည်း မလုပ်နိုင်၊ သို့ရာတွင် ရေနွေးကြမ်းကလေး တစ်ခွက်ကစ၍ သူ့စိတ်ထားကို မြင်နိုင်၏။ ယုတ်စွာ

အဆုံး စဉ့်ရေသုတ် လက်ဖက်ရည်မြေပန်းကန်လုံးကလေးများကိုပင် ကြားကော တိုက်ချွတ် ဆေးကြောပေး၏။ ရွာအဝင် လှည်းဝိုင်းများ၊ စတည်းချရာ မန်ကျည်းပင်ဝိုင်းကြီးအောက်ရှိ ဇရပ်ကိုလည်း နေ့စဉ်တံမြက်လှည်းလေ့ရှိ၏။ သစ်ပင်အောက်ရှိ ခရီးသည်များ၊ နွားများ စွန့်ပစ် ချထားခဲ့သော အမှိုက် သရိုက် အညစ်အကြေးများကိုလည်း နေ့စဉ် တံမြက်သိမ်းသည်။ ထို့မျှမက....

"ရှင်မရေ....သူများနည်းတူ အလှူကြီးမပေးနိုင်ပေမယ့် မပူပါနှင့်ကွာ၊ ဒီမန်ကျည်းပင်ကြီးအောက် ရေချမ်းစင်မှာ ဆောင်း၊ နွေ၊ မိုး ရေခပ်ထည့် ရတဲ့ အလှူလဲ မနည်းပါဘူး....၊ ရေအကျိုး ၁၀-ပါးတဲ့"ဟု မကြာခဏ ပြောလေ့ရှိကာ နေ့စဉ် ၃-ဖားလုံလောက် ဝေးသော ရေကန်မှ မောင်း ထောင်ဖြစ် သစ်စေးပလုံး ရေခပ်ပုံးနှစ်လုံးဖြင့် ကိုယ်တိုင်ထမ်းပြီး ထည့်ပေး လေ့လည်း ရှိပေသည်။

ကိုမြရာတို့ ဇနီးမောင်နှံ၌ ဆင်းရဲသော်လည်း အတုယူစရာတွေ များ စွာရှိ၏။ ပထမဆုံးချသော အိုးကင်းမှ အကြော်အနည်းငယ်ကို ဦးစွာဖယ် ထားပြီးမှရောင်းချသည်။ ထိုအကြော်ဦးကိုမူ ဆွမ်းခံဗျပ်ဆိုင်း ထမ်းလာသော မောင်ကျောင်းသား ရှင်တွင်းသို့ ဆွမ်းခံအလာတွင် ဦးစွာ လောင်းလှူကြ သည်။

မည်သူကမှ ဟောပြော၍ စေခိုင်း၍ လုပ်ရခြင်း မဟုတ်၊ ပင်ကို အသိ=ဉာဏ်၊ ကိုယ်ပိုင် စေတနာအရ ဆောင်ရွက်ခြင်းဖြစ်၍ တံမြက်လှည်း၊ ရေခပ်ရတာကအစ ပင်ပန်းသည်မရှိ၊ ကျေနပ်၍ပင် နေကြ၏။ ထိုကျေနပ်မှု သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၊ အသင်္ခါရိက မဟာ ကုသိုလ် စိတ်ကြီး ပင်တည်း။

(သောမနဿ သဟဂုတ်=ဝမ်းမြောက် နှစ်သက်မှုနှင့်တကွ ဖြစ်သော၊ ဉာဏသမ္ပယုတ်=အသိဉာဏ်နှင့်ယှဉ်သော၊ အသင်္ခါရိက=မည်သူကမျှ မတိုက် တွန်းရသော မဟာကုသိုလ်စိတ် = ကြီးကျယ် မြင့်မြတ် ကောင်းကျိုးပေး တတ်သော ဖြူစင်သော အသိ။)

ကိုမြရာ၏ဇနီး မဖွားရှင်သည် ဘုတလင်မြို့သူဖြစ်၏။ ကိုမြရာကဲ့သို့ပင် သမ္မာအာဇီဝ ကျရာမရွေး လက်လုပ်လက်စား လုပ်ကိုင် စားသောက်ရသော အိမ်ရှင်မတစ်ဦးဖြစ်သည့်အပြင် ကျေးလက်သုံး မြန်မာ့ရိုးရာ မုန့်မျိုးစုံကိုလည်း လုပ်တတ်၏။ ရာသီ အခါရာသီအလိုက် ဟင်းသီး ဟင်းရွက်မှ အစ အထည် အလိပ်များအထိ ပခုံးထမ်း ရွာစဉ်လျှောက်၍လည်း ရောင်းချတတ်သည်။

ဘူးသီးကြော်နှင့် မုန့်ပျားသလက်မှ စခဲ့သော ထိုဇနီးမောင်နှံမှာ အတွဲညီ၊ ဇွဲညီသဖြင့် မကြာမီပင် လယ်ကေအနည်းငယ် ဝယ်ယူနိုင်၍ လယ်ယာ သမား ဇနီးမောင်နှံ ဖြစ်လာကြ၏။

လယ်လုပ်ငန်း အားလပ်ချိန်တွင် မုန့်လုပ် ရောင်းချခြင်းကိုလည်း လက်မလွှတ်၊ အကြော်သည်, မုန့်သည်ဘဝတွင် သူတကာနှင့်မတူသော ပြော စမှတ်ကလေးများရှိသကဲ့သို့ တစ်ဆင့်တက်လာသော ကိုမြရာတို့ဇနီးမောင်နှံ၏ လယ်သမားဘဝမှာလည်း ပြောစရာ၊ အတုယူစရာ၊အစဉ်အလာ လယ်သမား တို့နှင့် မတူ၊ တစ်မူထူးခြားသော လုပ်ကွက်ကလေးများကို တွေ့မြင်ကြရသည်။

( ၂ )

"ဟေ့....မောင်မြရာ မောင်းထောင်းနေသလား၊ မိုးတွေရွာလို့ ထွန် ရေး အရေးကြီးနေချိန်မှာ မုန့်လုပ်နေကြပြန်ပြီလား၊ သူများတွေ ပျိုး တောင် ထောင်ကုန်ကြပြီ"

မဖွားရှင်က မောင်းဆုံအနီး၌ ထိုင်ကာ ကိုမြရာကိုယ်တိုင် နောက် ပိုင်းက မောင်းထောင်း ပေးနေသည်ကိုမြင်၍ အိမ်နီးချင်း ဦးလေးကြီး တစ်ဦးက ခနဲ့တဲ့တဲ့ နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

"မုန့်မှုန့်ထောင်းတာ မဟုတ်ဘူး ဦးလေးရေ့၊ ဒီမှာ ဦးလေးတူက မျိုးစပါးကလေးတစ်ဆုံလောက် ထောင်းကြရအောင်ဆိုလို့...."

"ဟဲ့....သန်မရှိလဲ ပြောရောပေါ့၊ မျိုးကိုတောင် ပြုတ်စားနေကြရ ပြီလား...."

ထိုအခါ အစဉ်အလာမရှိသော အလုပ်တစ်ခုဖြစ်နေ၍ ကိုမြရာ ကိုယ် တိုင်ပင် ဝင်၍ အဖြေပေးရတော့၏။ ပျိုးထောင်မီ မျိုးစပါးထဲမှ တစ်ဆုံစာ ဆန့်ဖွပ်ပြီး ဆွမ်းတော်လည်းကပ်၊ သံဃာတော်များအားလည်း ဆွမ်းလောင်း ရန် စိတ်ကူးပေါက်၍ ပြုလုပ်ကြောင်း ရိုးရိုးစင်းစင်းပင် ဝန်ခံဖြေကြား လိုက်ရာ အိမ်နီးချင်း ဦးလေးကြီးမှာ....

"ဟေ့....မင်းလက်ထက်ရောက်မှပဲ မျိုးကိုချက်ပြီး လှူရတယ်လို့ ကြား ဖူးရသကွာ၊ ကောင်းပါတယ်လေ....အလှူပဲဟာ" ဟုသာ ပြောနိုင်တော့၏။

ကိုမြရာ လက်ထက်ကျမှ ကြားရဖူးသော အလှူထူးများကား ထိုမျှ မကသေးချေ။ ကိုမြရာ၏အကြော်သည် သူတကာအကြော်နှင့် မတူသကဲ့သို့

ကိုမြရာ၏ လယ်သမားဘဝသည်လည်း သူတကာ လယ်သမားဘဝနှင့် မတူလေပြီ။ စပြီး ထွန်ရေးငင်သည်မှ ကျီထဲ သိုနှံသွင်းရသည်အထိ ရသမျှ ပရိတ်များ ဂုဏ်တော်များ ရွတ်ဖတ်ကာ ငါတို့လင်မယား စားဖို့ဟူသော သေးသိမ်သော ရည်ရွယ်ချက်မထား၊ တိုင်းပြည်အတွက် ဟူသော ရည်ရွယ်ချက်ကြီးကြီးမားမားလည်း မထားတတ်။

"ငါတို့ကိုယ်တိုင် နွားနှင့်ရုန်းပြီး လုပ်ရတဲ့စပါး အကျိုးရှိအောင် ဦးဦးဖျားဖျား ရတနာသုံးပါး လှူပြီးမှ စားမယ်"

"ဆင်းရဲလေလေ၊ သံဝေရရ" ကိုမြရာ၏ အတွေးအခေါ်မှာ ဤမျှသာ ရှိ၏။အိမ်ရှေ့တွင် နေ့စဉ်ကြွနေသော သံဃာတန်းကြီးအား "ကိုယ်တိုင်လုပ်တဲ့ စပါးက ဆွမ်းကို လောင်းရတော့မယ်" ဟု ပျော်နေ၏။ သူ့စပါးခင်းမှာ အထူးကောင်းမွန်လာသဖြင့် မှည့်ရွှမ်းစ စပါးနှံများကို ရိတ်ဖြတ်ကာ 'ကောက်ဦးဆွမ်း' လှူရသည်ကို သူအကျေနပ်ကြီး ကျေနပ်နေတော့သည်။

"ကောက်ဦးဆွမ်းအလှူ' အကြောင်း တရားစာထဲမှာ ကြားနာဖတ်ရှုဖူးကြသော်လည်း လက်တွေ့လုပ်မိသူက ရှားလှပေသည်။

စပါး ရိတ်သိမ်းသောအခါတွင် ကိုမြရာ၏ အိမ်နီးချင်းများအဖို့ ကိုမြရာ လက်ထက်ကျမှ မကြားဖူးတာ ကြားရရုံမျှမက မမြင်ဖူးတာကိုလည်း မြင်ကြရ၏။

ကိုမြရာသည် စပါးကောက်လှိုင်းစည်းများကို နယ်ရန် အိမ်ရှေ့ကွင်းပြင်၌ ခေါင်းချင်းဆိုင် လှည့်ဝိုင်းချထား၏။ညနေထမင်းစားပြီး ကောက်ပြန့်ပေါ်တွင် မိမိနွားနှစ်ကောင်နှင့် လူပါတက်၍ ဝိုင်းကြီးပတ်ပတ် နင်းချေလျက် စပါးနယ်ရန် နွားနှစ်ကောင်၏ နှုတ်သီး၌ နဖားခြင်း စွပ်နေ၏။ ပြီးလျှင် နွားနှစ်ကောင်အား သေးတယ်၊ ချေးတယ်ထားခိုက် ကောက်ပြန့်ပေါ် မတက်မီ ကိုမြရာတစ်ယောက် ကောက်ပြန့်လှိုင်းများကို ဦးသုံးကြိမ်ချနေသည်ကို အမှောင်ကျိုးစ၊ လရောင်ဝိုးတဝါးတွင် အိမ်နီးချင်းများ မြင်နေကြရသည်။

အိမ်နီးချင်းများ တအံ့တသြ ကြည့်နေကြစဉ် ကိုမြရာသည် နွားနှစ်ကောင်၏ တင်ပါးကို လက်ဝါးနှင့် ပွတ်သပ်ကာ 'ကဲ....ဖေ့သားကြီးတို့ စပါး နယ်ကြဦးစို့'ဟု ဆိုကာ စပါး နယ်လေတော့သည်။ စပါးနယ်ရင်းလည်း ပါးစပ်က တတွတ်တွတ် ရွတ်ဆိုနေလေ၏။

အိမ်နီးချင်း ချွားအဖို့ အထူးအဆန်းဖြစ်ကာ ကိုမြရာတစ်အောင့်နားခိုက် ညမဆိုင်းဘဲ လာရောက် ဝိုင်းအုံမေးကြလေသည်။ ‘အူကြောင်ကြောင် လုပ်တာပါ’ ဟု ထင်သူက ထင်ကြ၏။ မည်သို့ဖြစ်စေ၊ ကိုမြရာကမူ ရှက်စရာဟု သဘောမထား၊ စိတ်ထဲရှိသည့်အတိုင်း ပြောပြလိုက်သည်။

“ဒီဘဝ ဆင်းရဲလွန်းလို့ဗျို့ ... ကြံဖန်ပြီး ကုသိုလ်ရအောင် နှလုံးသွင်းရတာ၊ ရှူးတယ်ထင်လဲ မတတ်နိုင်ဘူး။ ဟုတ်တယ်လေဗျာ....ဒီယခု ကျုပ်ခြေထောက်နဲ့ နင်းချေနယ်ဖတ်နေတဲ့ ကောက်လှိုင်းကရလာတဲ့ စပါးတွေ ဆန်တွေဟာ ဘုရားဆွမ်းတော် ဖြစ်ချင်လဲ ဖြစ်မယ်၊ ရဟန်းသံဃာတော်တွေရဲ့ ဆွမ်းဖြစ်ချင်လဲ ဖြစ်မယ်၊ ဘုရား တရား သံဃာ ရတနာသုံးပါးလှူတဲ့ မုန့်ပဲသရေစာ ဖြစ်ချင်လဲ ဖြစ်မယ်၊ မပြောနိုင်ဘူးလေဗျာ....”

ကိုမြရာသည် အညာဒေသ ထုံးစံအတိုင်း စပါးများကို ကျီကြထဲသွင်းပြီးသောအခါ ပုန်းမကြည် (ပုဗ္ဗ-ပုဗ္ဗကဏှယ်) ခေါ် လယ်ယာ ကိုင်းကျွန်း သီးနှံဖြစ်ထွန်းစေတတ်သော လယ်သမားနတ်အား သားလွတ် ထမင်းဟင်းမျိုးစုံ၊ မုန့်ဖြူ၊ မုန့်နီမျိုးစုံဖြင့် အများနည်းတူ ပသခြင်းကိုလည်းပြုသည်။

ပုန်းမကြည်နတ်ဟူသည် ဓမ္မပဒ အဋ္ဌကထာလာ ကာဠိယက္ခိနီခေါ် သောတာပန် ယက္ခနတ်မယ်တစ်ဦး ဖြစ်၏။ ‘သမင်မွေးရင်း ကျားစားရင်း’ ဟု နားလည်နေကြသော ရန်ကိုရန်ချင်း မတုံ့လျှဉ်းရေး ဝတ္ထုပြင်တည်း။

ထိုအခါ မီးဖိုချောင်၊ မောင်းဆုံတဲ၊ နွားတပါမကျန် တစ်အိမ်လုံး ဆီမီးများ ထွန်းညှိကြရာ ကိုမြရာမှာ ဖယောင်းတိုင်မီးထွန်းပြီး မိမိနွားများ အနီးသို့သွားကာ ကျောသပ်၊ ခေါင်းသပ် ပွတ်သပ်ပြီးလျှင်—

“ကဲ....ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက် ကျေးဇူးရှင်များဗျာ့၊ မင်းတို့ကိုလဲ ဘုရားကိုလှူဖို့ ဒီမီးများကို ပေးပါတယ်။ မင်းတို့နှင့်ငါ အတူတူရှန်းပြီးရတဲ့ ပိုက်ဆံနဲ့ဝယ်လို့ရတဲ့ ဖယောင်းတိုင်ပါ။ ကဲ....ဘုရား လှူကြ လှူကြ၊ အလုပ်ခွင်မှာ မောင်တို့ကို ငေါက်ငမ်းရိုက်နှက်မိတာများ ရှိလျှင်လဲ ခွင့်လွှတ်ကြပါ” ဟု နွားများအနီးတွင်း မီးထွန်းပေးပြီး တောင်းပန်နေတတ်၏။

အခြားသူများက ရှူးသည်ဟု ဆိုချင် ဆိုကြပါစေ၊ ထိုသို့ ပြုလုပ်လိုက်ရသည့်အတွက် ကိုမြရာ စိတ်ထဲတွင် ရှင်းသွား၏။ သံသရာခရီးဖော် တစ်ဦးအပေါ် တစ်ဦး ခဇိပတ် (ခါးဆည်းပတ်မြီ) တင်မည်ကို မလိုလား။ လူကို မဆိုထားဘိ ကိုယ်နှင့်စပ်သော တိရစ္ဆာန်များအပေါ် ကိုပင်ငြိုးမတင်စေလို၊

မကျေမချမ်း ရန်တုံ့ရန်လှည့်လည်း မရှိစေချင်။ အာဃာတ အညှိုးကြီးကာ ဘဝများစွာ ရန်တုံ့ရန်လှည့် မငြိမ်းခဲ့သော ကာဠယက္ခိနီ (ပုန်းမကြည်) ကို ဟောသောတရားနှင့် ကိုမြရာ၏ ပုန်းမကြည် ပသပွဲမှာ တစ်သားတောတည်း ကိုက်ညီနေတော့သည်။ သူနှင့်ရောင်းဝယ်ဆက်ဆံရသော လူသားများအပေါ် ကိုမြရာ မည်သို့သဘောထားမည်ကို မြင်သာလှပါ၏။

ထိုသောမနသာ သဟဂုတ်, ဉာဏသမ္ပယုတ်, အသင်္ခါရိက မဟာကုသိုလ် စိတ်သားသည် မုန့်သည်သင်းရဲသား ကိုမြရာအား မောင်းထောင်သူဌေး ဦးမြရာအဖြစ်သို့ နှစ်ကာလ အနည်းငယ်အတွင်းမှာပင် တင်ပို့ပေးလိုက်လေတော့သည်။

# ( ၃ )

မောင်းထောင်ရွာ အဖ- ဦးအောင်ဘော်၊ အမိ- ဒေါ်အိုမယ်တို့မှ ၁၂၃၁-ခုနှစ်တွင် မွေးဖွားခဲ့သော ဦးမြရာနှင့် ဒေါ်ဖွားရှင်တို့၌ သားသမီး သုံးယောက်ထွန်းကားရာ သားဦးရောင်နီမှာ ၅-နှစ်သားကပင် ကွယ်လွန်ခဲ့၏။ သမီးကြီး မမေချစ်၊ သားငယ် မောင်ဘချစ် (ယခု ၇၇-နှစ်) တို့နှင့် နေထိုင်ခဲ့ရာ လယ်ယာများ တစ်နေ့တခြား တိုးပွားသော၏။

အထည်အလိပ်နှင့် ငါးပိ, ငါးခြောက်စသော ကုန်မျိုးစုံလည်း မိမိ အိမ်မှာပင် တည်ခင်းရောင်းချလေရာ ဦးမြရာ၏ သမ္မာအာဇီဝ ရိုးဖြောင့် မှန်ကန်သော စိတ်ထားကြောင့် အရောင်းအဝယ်လုပ်ငန်းတွင်လည်း ဒီရေ အလား တစ်နေ့တခြား တိုးပွားလျက်ရှိခဲ့၏။

တစ်နေ့တာ ရောင်းဝယ်၍ရသော ငွေများကို သစ်သားဇလားကြီးနှင့် ထည့်ထားရသည်။ ငွေများ အမမတန် များပြားလာသောအခါ နှစ်တင်း ခန့် ဆံ့သော ကြေးအိုးကြီးများတွင် ထည့်ပိတ်၍ မြေ၌ မြုပ်နှံသိမ်းဆည်း လေ့ ရှိ၏။

မည်မျှပင် ချမ်းသာကြွယ်ဝလာသော်လည်း တောင်သူလယ်ယာ လုပ် ငန်းကို လုပ်မြဲလုပ်၏။ အနေအထိုင် အဝတ်အစားလည်း မပြောင်းလဲ၊ ပုဆိုး ခါးပုံချနှင့် အတွင်းခံအင်္ကျီမပါ၊ ပင်နီတိုက်ပုံ အင်္ကျီရင်ကွဲကြီးနှင့်သာ တွေ့ရ တတ်၏။ လူစည်ကားသော လမ်းမကြီးဘေးရှိ သူ၏ အိမ်တွင် သစ်ပင် အောက်ရှိ ခုံတန်းလျားရှည်ပေါ်၌သာ အခါရာသီမရွေး နားနေအိပ်စက် သည်ကို တွေ့ရတတ်၏။ ခိုးဆိုးလုယက်မည့်ဘေးကြောင့် ပုန်းလျှိုးကွယ်လျှိုး နေရသည် မရှိချေ။ မိမိ၏စေတနာကိုလည်း ယုံကြည်ထားပုံရ၏။

ဦးမြရာသည် ကိုယ်တိုင်လုပ်၍ရသော လယ်ဧက ၅၀၀-မှ ထွက်သော စပါးများနှင့် ဝယ်ယူထားသော စပါးများအတွက် သိုလှောင်ရန် စပါးကျီကြီး ၁၁-လုံး ဆောက်ထား၏။ မောင်းထောင်၌ ၉-လုံး၊ သုံးခန်းကျီ ၄-လုံး၊ ငါးခန်းကျီ ၃-လုံး၊ ခုနစ်ခန်းကျီ ၂-လုံး၊ လှဲတဲရွာနှင့်ဘုတလင်မြို့၌လည်း ၂-လုံး ဆောက်ထားရသေး၏။

၁။ ၃ ခန်း ကျီ သစ်လုံးရှိ စပါးဖြင့် မောင်းထောင် ရွာဦး၌ မြောက်ကျောခန့်ရှိ ဘဒ္ဒလ္လတိယ ကန်တော်ကြီးကို နှစ်စဉ် တူးဖော် ပြင်ဆင်၏။

ကန်တော်ကြီး ဆွမ်းကြီးလောင်းပွဲတွင် ပင့်သံဃာ ၂၀၀ ခန့်ကို နှစ်စဉ် ပင်တိုင် ဆွမ်းကျွေး၍ ဇာတ်-ရုပ်သေး စသည် ရုပ်ရှင်ကာ ငှားရမ်းလို လျှင် ဦးမြရာက တစ်ဝက်ကျခံ၏။

၂။ မောင်းထောင် မြောက်ချပ်၊ မိမိအိမ်အနီးရှိ မာရ်အောင်မြင်ဘုရား နှစ်စဉ် ပွဲတော်ကျင်းပရာ ရုပ်ရှင်ကာ တာဝန်ပေးသမျှ အကုန်ယူ၏။ မည်သည့်အခါမျှ မငြင်းဆန်။

၃။ မရှိဆင်းရဲသူများ၏ သား မြေးများကို ရှင်ပြုပေးလေ့ရှိ၏။ ရှင်ပြုသောအခါ အရပ်လေးမျက်နှာမှ လာလာသမျှ စိမ်းကျက် မရွေး စတုဒိသာ ကျွေးမွေး၏။

၄။ မောင်းထောင်ရွာ၏ မြောက်ဘက်ရှိ မိမိပိုင်ယာခင်းထဲ၌ ရပ်ရွာနယ်သူ အများ သုံးစွဲရန် အဝီစိ လက်ရေတွင်း တူးဖော်၍ ကမ္ပည်း ကျောက်စာထိုးလျက် အုတ်ကန်နှင့်တကွ ပြုလုပ်လှူဒါန်း၏။

ရပ်ကျိုး ရွာကျိုး သာသနာကျိုးကို သည်ပိုးထမ်းဆောင်သူ ထိုသို့သော သူဌေးအား ဘေးရန် အန္တရာယ်အယုက် မရှိ သည်မှာ အံ့ဩဖွယ် မရှိချေ။

ဦးမြရာနှင့် ဒေါ်ဖွားရှင်တို့၏ ကုသိုလ် ဒါနများကား ထိုမျှမက များပြားလှ၏။

၅။ မာရ်အောင်မြင်ဘုရား လျှပ်စစ်အင်ဂျင် မီးစက် လိုသမျှငွေ စိုက်ထုတ်လှူဒါန်း၍ မာရ်အောင်မြင်ဘုရားနှင့် လေတင်ကျောင်း ဘုရားနှစ်ဆူအကြား ၃၂၉၀ ခုနှစ်က အာရုဏ်စံအုတ်တိုက်ကြီး

တစ်လုံး၊ ကျောက်ဆင်းတု ရုပ်ပွားတော်ကြီး တစ်ဆူ၊ မာရ်အောင်မြင်ဘုရားအရှေ့မြောက် တံခွန်တိုင် (၁၂၇၉)။

၆။ မောင်းထောင် အနောက် မြောက်ဘက်ရှိ ကုန်းသာကျောင်းတိုက်အတွင်း၌ အသားကျောင်း တစ်ဆောင်၊ သိမ်အသစ် တစ်လုံး။ ၁၃၀၅ ခုနှစ်၊ သိမ်အုတ်တိုက်။

၇။ ၁၂၉၂ ခုနှစ်တွင် ကုန်းသာကျောင်းတိုက်ရှိ မိမိလှူထားသော အသားကျောင်းရှေ့တွင် လင်းတ တစ်ကောင် အစာချီ၍သက်ဆင်းရာ နိမိတ်မကောင်းဟု ယူဆကာ သံချို ဦးကျော်လှ၏ မြေး ကိုရင်ကြီး ဦးစံညွန့်သည် ထိုကျောင်းမှ ရွှေခေးကန်ကျောင်းသို့ ပြောင်းရွှေ့သွား၏။ မကြာမီပင် ဦးမြရာသည် အသားကျောင်းကိုဖျက်၍ အုတ်တိုက်ကြီးအသစ်တည်ဆောက်၍ လှူသည်။

ယင်းအုတ်တိုက်ကြီးမှာ ကျောင်းဦး ပြာသာဒ်ဆောင်ပါ ၈ ခန်း၊ ၄ ခန်း၊ နှစ်ထပ်တိုက်ကြီးဖြစ်ရာ ကာလတန်ကြေး အနည်းဆုံး ၃-၄သိန်းဟု ခန့်မှန်းကြလေသည်။

ဦးမြရာသည် ဘုရားကျောင်းကန်များ ထိုမျှ ကြီးမား ခန့်ညားစွာ ဆောက်လှူထားသော်လည်း မိမိအတွက် နေရန်အိမ်မှာ သာမန်သစ်သားအိမ် အလတ်စားမျှသာဖြစ်၏။ ထိုအိမ်ရှင်က ထိုတိုက်ကျောင်းကြီးကို ဆောက်လှူပါသည်ဟုဆိုလျှင် ယုံဖွယ်မရှိချေ။ သို့ရာတွင် မိမိအိမ်၌ ကိုးကွယ်ရန် ရုပ်ပွားဆင်းတုကိုမူ သစ်သားဆင်းတု၊ ငွေဆင်းတု၊ ရွှေဆင်းတု၊ စိန်ဆင်းတုများကို ထုလုပ်ပူဇော်ထားလေသည်။

အိမ်ရှေ့သို့ နံနက်တိုင်း ကြွလာသော သံဃာတန်းကြီးများကိုမူ ကိုယ်တိုင်မင် ဆွမ်းလောင်းလှူရမှ ကျေနပ်၏။

ဦးမြရာသည် ဒါနပြုရာ၌ ကိုယ်တိုင် ကိုယ်ကျ (သာဟတ္ထိက) လှူခြင်း၊ ရိုရိုသေသေ၊ သန့်သန့်ရှင်းရှင်းပြုလုပ်လှူခြင်း(သက္ကစ္စ)၊လှူရာ၌စိတ်ပြတ်သားခြင်း စသည့်တို့အတွက် သူ့ဒါန, သူ့စေတနာကို အလွန် ယုံကြည်သူဖြစ်၏။ တောလက်ကျေးရွာ၌ ဤမျှ ချမ်းသာကြွယ်ဝသော်လည်း မည်သည့် ရန်သူမျိုး ငါးပါးကိုမျှ စိုးရိမ်စိတ်မရှိချေ။ ရုံခါ ပစ္စည်းများအတွက် စိုးရိမ်ပူပန်တတ်သော သားမယားများနှင့်ပင် သဘောထားကွဲလွဲရလေ၏။

# ( ၄ )

"ကိုမြရာ...၊ ညဟာ တော် ...ဘယ်မှာအိပ်သလဲ...."

"ဘာဖြစ်လို့လဲ၊ ရှင်ဖွားရှင်ရဲ့၊ ငါ့ခါတိုင်းလို အိမ်ရှေ့က ခုံရှည်မှာ အိပ်မှာပဲပေါ့"

"ကုန်ပြီ ကိုမြရာရေ့....ကုန်ပြီ"

"ဟဲ့....ပြောစမ်းပါဦးတော့၊ ညည်းစကား နှိမိတ်မရှိ...နမောမရှိ"

"ကိုမြရာရေ့....ရှင့်အိမ်ညက သူခိုးဖောက်ခိုးသွားပြီ၊ ဒီနေ့ည ဘုရားဇာတ်ပွဲကနေတယ်၊ သတိဝီရိယနဲ့အိပ်ပါ... ဆိုနေတဲ့ကြားထဲက...."

ဒေါ်ဖွားရှင်သည် သမီးကြီး မခမချစ်နှင့် သမက် ကိုဘချမ်းတို့နှင့် အတူ ပစ္စည်းအသော့ကုဖြင့် အူယားဖားယား လာပြောနေသဖြင့် ဦးမြရာ၏ မျက်နှာမှာ ရုတ်တရက် သုန်မှုန်သွား၏။ အတန်ကြာမှ မျက်နှာပိုသတ်ကာ—

"ပစ္စည်း သခါရပဲကွာ....၊ ဒီလောက်လဲ စိတ်လောကချောက်ချားနေကြပါနှင့်၊ ဘာတွေဘာတွေ ပါသွားလို့လဲ"

ထိုအခါ သမီးဖြစ်သူမှာ သူ၏လက်ဝတ်လက်စားအချို့ပါသွားသဖြင့် ငိုယိုပြောဆိုနေပြန်ရာ....

"နေပါဦး ရှင်ဖွားရှင်ရဲ့၊ ဘယ်လောက်ဖိုး ပါသွားသလဲ၊ သမီး ကလဲကွယ် ငိုမနေပါနှင့်၊ နောက် အဖေလုပ်ပေးမှာပေါ့...."

"တစ်ထောင်ဖိုး အနည်းဆုံးရှိမှာပဲ၊ ခု သိသလောက် ပြောရတာ၊ နောက် ဘာတွေ ဘာတွေ ပါသွားသေးသလဲ မသိဘူး၊ ကြည့်တုန်း ရှိသေးတယ်။ ဒါ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး။ ဒီက သမီးနဲ့သမက်ကလဲ ဂါတ်တိုင်ဖို့ လုပ်နေကြတယ်။ ဒါနဲ့ နေကြပါဦးအေ.... ညည်းတို့အဖေနဲ့ တိုင်ပင်ပြီး ခေတ်ရိုက် ခေတ်ဆန် ဗေဒင်ယတြာလေး ဘာလေး လုပ်သင့် လုပ်ရမယ်လို့ ပြောထားရတယ်...."

"ဂါတ်လဲမတိုင်ကြပါနှင့် သမီးတို့ရယ်၊ အဖေ ဟောင်းပန်ပါတယ်။ ဥစ္စာပျောက်၊ ငရဲရောက်....တဲ့၊ တော်ကြာသင်္ကြန်နဲ့ မဆိုင်တဲ့ လူတွေကို ဖမ်းလားဆီးလား၊ ရိုက်လားနှက်လားလုပ်လို့ ကိုယ့်ပယောဂပါနေဦးမယ်။ ရှင်ဖွားရှင်ရယ်....ညည်း ဗေဒင်ယတြာတွေ ဘာတွေလဲ လုပ်မနေချင်ပါနှင့်။ ဗေဒင်ဖိုး အသစ်ပါနေဦးမယ်"

ထိုအခါ ဒေါ်ဖွားရှင်မှာ အားမလို အားမရဖြစ်ကာ ခပ်ဆတ်ဆတ် ခပ်မာမာအသံဖြင့်....

"အနို.... ဒီအတိုင်း ကြည့်နေရတော့မှာလား၊ ကြာရင် ကျိုတိုင်ပါ နုတ်သွားလိမ့်မယ်၊ ကြည့်နေ"ဟု ပြောလိုက်ရာ....

"တိုးတိုးပြောပါ ရှင်ဖွားရှင်ရယ်၊ လူကြားကုန်ပါ့မယ်၊ မင်းတို့ ငါတို့မှာ ဒီလောက်ကုသိုလ်ကောင်းမှုတွေလဲ လုပ်ခဲ့ရပြီပဲ၊ ဒီအသက်အရွယ်ထိ အောင်လဲ တစ်ခါမှ အပျောက်အရှ အခိုးအဝှက် မခံခဲ့ရဖူးဘူး။ ကိုယ့်ပစ္စည်း မမှန်ရင်လဲ ခံရမှာပေါ့၊ ကိုယ့်ပစ္စည်းမှန်ရင်ဘယ်ပါလိမ့်မတုံး၊ သေသေချာချာ စစ်ဆေးကြည့်ကြပါဦး၊ နောက်ရက်များမှ လုပ်သင့်တာ လုပ်ကြတာပေါ့။ ဘုရားပွဲမှာ ဆွမ်းကပ်ဖို့၊ဆွမ်းကြီးလောင်းဖို့ ကုသိုလ်ရေးတွေ တန်းလန်းနဲ့"

ဦးမြရာက နှစ်သိမ့်စကားပြောလိုက်ရာ အခိုက်အတန့်အားဖြင့် သား အမိတစ်တွေ စိတ်ပြေသွားကြ၏။

ဦးမြရာ အိမ်ရှေ့တွင် ဘုရားပွဲ, ဘုရားဈေးလာ ပရိသတ်များဖြင့် တစ်နေကုန် စည်ကားနေ၏။ ညနေပိုင်းတွင် ပို၍ လူစည်ကားလာသဖြင့် အိမ်ဝင်းတံခါးများကို အထူးဂရုစိုက် ပိတ်ကာ သတိမလစ်အောင်နေကြရ သည်။ ပွဲဈေးကိုလည်း မလျှောက်နိုင်ကြ၊ ဘုရားရင်ပြင်ပေါ်သို့ပင် မတက် နိုင်ကြတော့ပေ။

နေဝင်ရီတရော အိမ်ရှေ့ဝင်းတံခါးအပိတ်တွင် လှည်းတစ်စီးအိမ်ရှေ့သို့ ဆိုက်ရောက်လာသဖြင့် အထူးသတိပြု ကြည့်နေမိကြ၏။ လှည်းသမားက ဦးမြရာအား ဝင်ခွင့်တောင်းသံကြားသဖြင့် သားအမိများပင် အနီးသို့ရောက် လာကြသည်။ လှည်းသမားသည် လှည်းဖြုတ်ပြီး နှီးဗျပ် ကန်တော့ပွဲကြီး တစ်ခု ချီမကာ ဦးမြရာရှေ့သို့ချလိုက်၏။ ပြီးလျှင် ဦးသုံးကြိမ်ချကာ....

"ကျွန်တော် ကတိုးရွာက မောင်ပေါ်ဒင်ပါ။ မနေ့ညက ပွဲထဲမှာ မူးယစ်သောက်စားမိရာက ဦးအိမ်ကို ဖောက်ထွင်းခိုးယူမိပါတယ်"

အနီးရှိ မိသားစုမှာ 'ဟယ်' ဟု သံပြိုင်ထွက်ကာ မျက်လုံးများပြူး ကျယ်စွာ နားထောင်နေမိကြ၏။

"ဒီအတွက် ကျွန်တော်ကန်တော့ချင်လို့ပါ။ ခုလိုလုပ်မိတာ ပေးချင်တဲ့ အပြစ်ပေးပါ။ ခိုးပစ္စည်းတွေကိုလဲ တစ်ပြားတစ်ချပ်မှမကျန် ပြန်ယူလာပါ တယ်။ လှည်းပေါ်မှာ ပါခဲ့ပါတယ်...."

ကိုပေါ်ဒင်က ဝမ်းပန်းတနည်း တောင်းပန်ပြောဆိုလေရာ ဦးမြရာမှာလည်း သက်ပြင်းချကာ ရုတ်တရက် အံ့အားသင့်နေ၏။ ကိုပေါ်ဒင်မှာ ပြောပြောဆိုဆို လှည်းပေါ်၌ ပါလာသော ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဦးမြရာရှေ့၌ ချပုံ၍ အပ်နှံလိုက်လေသည်။ ဦးမြရာသည် ဒေါ်ဖွားရှင်အား ငွေဒင်္ဂါး ၅၀ အယူခိုင်းကာ....

"ကဲ .. ငါ့တူ၊ ဦးလဲ ဝမ်းသာလို့မဆုံးပါဘူး၊ ခွင့်လဲ လွှတ်ပါတယ်။ ငါ့တူကို အပြစ်ပေး အရေးမယူရုံမျှမက၊ ဘယ်သူ့ကိုမှလဲ ဒီအကြောင်း ဦးမပြောပါဘူး။ ငါ့တူ ရိုးသားတဲ့ ဂုဏ်အတွက် ဦးက ဟောဒီငွေ ၅၀ ဆုချပါတယ်။ ဦး....တစ်ခု ပြောချင်တာကတော့ နောင်အခါ ဒီနေ့ကစပြီး သူတစ်ပါးပစ္စည်းဆိုလို့ ဦးဟာသာ မဟုတ်ဘူး၊ ဘယ်သူ့ပစ္စည်းကိုမှ စိတ်ထဲကတောင် မပြစ်မှားဖို့ ဦးမှာကြားချင်တယ်...."

ကိုပေါ်ဒင်မှာ မျက်ရည်များပင် ဝဲလာကာ ဦးမြရာ ဆုချသော ငွေ ၅၀ ကိုပင် ကျေနပ်လက်ခံပြီး ပြန်လည်ကန်တော့ထားခဲ့လေတော့၏။

## (၅)

၁၃၀၀ ပြည့် ပတ်ဝန်းကျင်က ဖြစ်၏။

အရောင်းအဝယ်၊ အပေါင်အနှံ အခြွေအရံ အလုပ်သမားများဖြင့် စည်ကားလျက်ရှိနေခဲ့သော ဦးမြရာ အိမ်ကြီးသည် ဇနီးနှင့် သမီးများ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြလေရာ တဖြည်းဖြည်း ခြောက်သွေ့လာ၏။ ဦးမြရာလည်း အသက်အရွယ် ၆၀-ဝန်းကျင်သို့ ရောက်ရှိလာသဖြင့် အရောင်းအဝယ်နှင့် လယ်ယာ အလုပ်အကိုင်များကို ရပ်သင့်တာရပ်၊ လျှော့သင့်တာလျှော့ကာ ကုသိုလ် အာရုံနှင့်သာ နေလာလေတော့၏။

အသက် ၂၀-ကျော် သားအငယ် မောင်ဘချစ်မှာလည်း ယေဘုယျ သူဌေးသားတို့၏ စိတ်နေသဘောထားအတိုင်း မည်သည့် လုပ်ငန်းတွင်မျှ စိတ်ပါဝင်စားမှုမရှိ။ ကျွမ်းကျင်မှုမရှိ။ စင်စစ် မိဘပစ္စည်းများကလည်း တစ်ဦးတည်းသောသား မောင်ဘချစ်အတွက် အလုပ်လုပ်ကိုင်ရန်ပင် မလို၊ နှစ်သက်သုံးသက် စားလို့ပင် မကုန်နိုင်ချေ။ ထို့ကြောင့်လည်း မောင်ဘချစ်သည် သုံးဖြုန်းလျက်သာ နေခဲ့၏။ မိဘများကလည်း အလိုလိုက် အကြိုက်ပေးထားခဲ့ကြလေသည်။

ထိုနေ့ကား ဦးမြရာအိမ်၌ ထူးထူးခြားခြား လူစည်ကားလျက်ရှိနေ၏။

ရွာနီးချုပ်စပ်မှ ဦးမြရာနှင့် ဆက်စပ်ခဲ့ဖူးသော မိတ်ဆွေများ အယောက် ၅၀-ခန့် ဖိတ်ခေါ်ထားသဖြင့် စုဝေးရောက်ရှိလာကြခြင်းဖြစ်၏။ လာသမျှ မိတ်ဆွေများအား ဧည့်သည်ပြီး တစ်သုတ် အထူးတလည် ကောင်း မွန်စွာ ချက်ပြုတ်ကျွေးမွေး ဧည့်ခံ၏။ မိမိတစ်ဦးတည်းကိုသာ ခေါ်သည်ဟု ထင်ကာ အသီးသီး လာရောက်ကြရာ ဧည့်သည်များ စုံစုံညီညီ တွေ့ရှိရခါမှ အချင်းချင်း အံ့အားသင့်နေကြသည်။ စားသောက် ပြောဆိုနေကြသော်လည်း အကြောင်းကိစ္စ မည်သို့ဟု မည်သူမျှ မသိကြ၊ အလှူပွဲများသို့ လာရောက် နေကျဖြစ်၍ အလှူဟုသာ ထင်နေကြ၏။

ဧည့်များအား ထမင်းကျွေးခိုက် ဦးမြရာသည် အိမ်ပေါ်တက်သွားပြီး သားဖြစ်သူ မောင်ဘချစ်အား မိမိအနီးသို့ခေါ်၍—

"လူလေး....လာဦး၊ အိမ်ပေါ် အဖေ့ခေါင်းရင်း ဗီရိုထဲက စာရင်း စာအုပ်တွေ အဖေ့ဆီယူခဲ့စမ်း" ဟု ခိုင်းလိုက်၏။ သားလက်မှ စာရင်း စာအုပ်များကို လှမ်းယူရင်း—

"ကဲ...လူလေး ခဏထိုင်ဦး၊ ဒီကနေ့ အဖေတို့ သားအဖ သူတကာ မလှူဖူးတဲ့ အလှူတစ်ခု ပေးကြရအောင်၊ မိတ်ဆွေတွေအားလုံး ထမင်း စားပြီးရင် အိမ်ပေါ်ကို လူလေးကခေါ်ခဲ့၊ ခဏနေဦး....တစ်နေ့က လူလေး ကို အဖေပြောတဲ့အတိုင်း အဖေ့ပစ္စည်းတွေဟာ လူလေး တစ်သက် မပြောနဲ့၊ သုံးလေးသက် စားလို့မကုန်ပါဘူးကွာ၊ အဖေလုပ်တာ လှူတာကို လူလေး မတွန့်တိုနဲ့"

"လူလေးလဲ သိပါတယ်။ အဖေတို့ဟာ မုန့်ပျားသလက် အကြော် ရောင်းရာက လယ်ကလေး တစ်ကေလောက်ကစပြီး လယ်ယာလုပ်ခဲ့ရတယ်။ လူလေးတို့လို မိဖလက်ငုတ်ဆိုလို့ ဘာမှပါမလာဘူး။ ခုဆို လယ်ကေ ၅၀၀ ကျော်၊ ယာမြေတွေလဲ အများကြီး၊ လူလေး ဒီလယ်တွေ၊ ယာတွေကို အကုန်လုပ်နိုင်မလား။ လူလေး ဒီအလုပ်တွေလုပ်ဖို့လဲ မလိုတော့ဘူး"

"ဒီလယ်ယာတွေဟာ မိဖလက်ငုတ် အမွေရထားတာတွေ မဟုတ်ဘူး၊ ချေးများ မရှိဆပ်ရလို့ ပေါင်နှံရောင်းချထားကြလို့ ရထားတဲ့ လယ်ယာ တွေ၊ ဒီလယ်ယာတွေ ပေါင်နှံဝယ်ယူတဲ့ငွေ ကျေရုံမကဘူး၊ အဖေတို့နှစ်ပေါင်း များစွာ လုပ်ကိုင်စားသောက်ခဲ့ကြရတာ အမြတ်တွေ အများကြီးရခဲ့ပြီ"

"အဲဒီတော့ လူလေး ၊လယ်ယာချောင်းမြောင်းမရှိလို့ မယ်မယ်ရရ အလုပ်အကိုင်မရှိလို့ စားရမဲ့သောက်ရမဲ့ မရှိဆင်းရဲသားများကို ဒီကနေ့ သူတို့မြေ သူတို့ပြန်ပေးလှူကြရရင် မကောင်းဘူးလား လူလေး"

သားမောင်ဘချစ်မှာ မိဘစကားနားထောင်တတ်သူ၊ ရတနာသုံးပါးကိုင်းရှိုင်း၍ လူချစ်လူခင်ပေါသူ၊ တစ်ဘက်သားအပေါ် ကူညီတတ်သူ ဖြစ်သည့်အတိုင်း မဆုတ်မဆိုင်းဘဲ—

"အဖေ့သဘောအတိုင်း လုပ်ပါ၊ ကျွန်တော်လဲ ဝမ်းသာပါတယ်။ ဘာမှ နှမြောတွန့်တိုစရာမရှိပါဘူး အဖေ၊ လှူသာလှူပါ" ဆို၍ မိတ်ဆွေ ညီသည်များအားလုံး အိမ်ပေါ်သို့ကြွကြရန် သွား၍ ဖိတ်ခေါ်ခိုင်းလိုက်၏။

ပရိသတ်များ စုံညီသောအခါ ဦးမြရာသည် မိတ်ဆွေများအား အကျိုးအကြောင်းကို ရှင်းပြရာ အားလုံး အံ့အားသင့်ကုန်ကြ၏။ ရှိရှိသေသေ စားပွဲခင်းထားသော စားပွဲခင်းပေါ်မှ အပေါင်အနှံ၊ အရောင်း အဝယ် စာချုပ်စာတမ်းများကို တစ်ခုပြီးတစ်ခု ကောက်ယူပြီး ပေါင်နှံသူ၊ရောင်းသူ၏ အမည်၊ မြေကော၊ ပေါင်နှံ ရောင်းဝယ်ရင်း တန်ဖိုးငွေများကို မောင်ဘချစ် အား ဖတ်ပြစေ၏။

စာချုပ်များအရ ရပ်ရွာ၊ နာမည်များအလိုက် တစ်ဦးချင်း ခေါ်ယူကာ ပြန်လည်အပ်နှံပေးလှူလိုက်လေသည်။

တစ်မိသားစု ချောင်ချောင်လည်လည် လုပ်ကိုင် စားသောက်နိုင်လောက်အောင် ကော၊ တန်ဖိုးများပြားသော စာရင်းများ အများအပြား ပါရှိလေရာ ပြန်လည်လက်ခံရရှိသူများမှာ တစ်သက်နှင့်တစ်ကိုယ် ထီပေါက်ခြင်းမင်ဖြစ်၍ အတိုင်းမသိ ဝမ်းမြောက်ကြည်နူးသွားကြလေတော့၏။

ထိုအချိန်မှ နောက် ၁၀ နှစ်ခန့်ကြာသောအခါ တစ်ခေတ်ပြောင်းလာလေ၏။ ဒုတိယကမ္ဘာစစ်ကာလကြီးပင်တည်း။ ထိုစစ်အတွင်း ကာလတွင် ကျေးလက်တောရွာများ၌ မြို့များမှာကဲ့သို့ ဗုံးဒဏ်မခံရသော်လည်း၊ တော သူဌေးများ၌ ဗုံးဒဏ်ထိမှန်သည်ထက်နာသော အဖြစ်ဆိုးများနှင့် ရင်ဆိုင်ကြ ရရှာ၏။

အကြောင်းမှာ အင်္ဂလိပ်ခေတ်က ငွေ ၂၀၊ အစိတ်၊ တစ်ရာ၊ နှစ်ရာနှင့် ပေါင်နှံ လက်ခံရရှိထားသော လယ်ယာများကို ဂျပန်စက္ကူဖြင့် ပိုင်ရှင်

များက ပြန်လည်ရွေးယူကြရာ သူဌေးများ မချိမဆန့် လက်လွှတ်ခဲ့ကြ ရလေသည်။

ဦးမြရာသည် ထိုခေတ်ပြောင်းမည်ကို ကြိုတင်မသိသော်လည်း ဖြူစင်သော သူ့စေတနာအရ လူသာမန်တို့ လုပ်နိုင်ခဲသော နှစ်ဦးနှစ်ဝ ချမ်းသာကြည်နူးရသော ကုသိုလ်ထူးကို ဆည်းပူးရယူနိုင်ခဲ့လေသည်။

ဦးမြရာသည် လုံခြုံမှုမရှိသော ဂျပန်ခေတ်နှင့် လွတ်လပ်ရေးခေတ်ဦးကာလတွင် သူပုန်သူကန်နှင့် ခိုးသားဓားပြများ အနယ်နယ် အရပ်ရပ် ထကြွသောင်းကျန်းနေသော်လည်း၊ ပုန်းအောင်း အိပ်ရသည် မရှိ၊ ပင်နီတိုက်ပုံရင်ကွဲနှင့် လမ်းမကြီးဘေး သစ်ပင်အောက်ရှိ သူ၏ ခုံရှည်ကလေးမှာပင် ထာဝစဉ် နှစ်ခြိုက်စွာ အိပ်ကောင်းခြင်း အိပ်စက်နေထိုင်ခဲ့ရ၏။

သူ၏စေတနာနှင့် မေတ္တာသည် ထိုခေတ်ပျက် ကာလကြီးတွင်မှ ပို၍ သိသာပေါ်လွင်စေတော့သည်။

သူ၏ပစ္စည်းဥစ္စာများ ရန်သူမျိုးငါးပါးကြောင့် မည်သည့်အခါကမျှ ဆုံးပါးလေလွင့်ခြင်း မရှိ။ ဒါနအရာတွင် အလွန်စင်ကြယ်ခဲ့၏။ ပစ္စုပ္ပန်ယခုဘဝမှာလည်း စင်ကြယ်နေ၏။ပြတ်သားသူဖြစ်၏။ပတ်ဝန်းကျင်အပေါ်၌ ထားရှိသော သူ၏ မေတ္တာ ကရုဏာမှာလည်း ကြီးမားလှပေ၏။

လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးခေတ်ဦး ၁၃၀၉-ခုနှစ်၊ အသက် ၆၆-နှစ်အရတွင် ဦးမြရာသည် လူကြီးရောဂါဖြင့် သူ၏နေအိမ်၌ ကွယ်လွန်ခဲ့၏။

သားဖြစ်သူ မောင်ဘချစ်သည် ဖခင်ကြီး အလောင်းအား ခမ်းနားသိုက်မြိုက်စွာ သင်္ဂြိုဟ်၏။ မောင်းထောင်ရွာ၏ ထုံးစံအရ သက်ပျောက်၊ ရည်လည် ဆွမ်းစဉ်များအပြင် အလောင်းမြေကျသည့် နောက်ရက် နံနက်တွင်လည်း ဆွမ်းစဉ်အလှူ ပြုလုပ်ကြမြဲဖြစ်ရာ ဖခင်အလောင်း သုသာန်၌ သင်္ဂြိုဟ်ပြီးနောက် ထိုနေ့ည တစ်ညလုံး နံနက်ဆွမ်းစဉ်အတွက် အိုးကြီးအိုးငယ်ဖြင့် ချက်ပြုတ်စီမံကြသည်။

ထိုနေ့ည နောက်တစ်ရက် နံနက် ၃နာရီခန့်တွင် လက်နက်ကိုင် လူဆိုးဓားပြ လူ ၂၀၀ ခန့်သည် ချက်ပြုတ်ကြော်လှော်နေသော ဦးမြရာအိမ်ဝင်းကို

ကင်းအထပ်ထပ်ချ၍ ဝိုင်းထားကြ၏။ အိမ်ဝင်းကြီး အတွင်းသို့ တူရွင်း ပေါက်ပြားများဖြင့် ဝင်သူဝင်၍ စိမ်ပြေနပြေ မြေလှန်စနစ်ဖြင့် ခေးပြတိုက် ကြရာ ဦးမြရာ မြှုပ်နှံထားခဲ့သော အန္တာပိတ်ကြေးအိုးကြီးများကို လှည်းများ နှင့် တင်ယူသွားကြ၏။

ဦးမြရာအလောင်း အိမ်မှထွက်သွားသောည၏ မိုးသောက်ယံမှာပင် ဦးမြရာ၏ ရတနာရွှေငွေများလည်း တစ်နေရာသို့ ထွက်ခွာပြောင်းရွှေ့သွား ကြလေတော့သည်။ ပစ္စည်းဥစ္စာတို့မည်သည် မိဘ ဘိုးဘွားတို့ ရည်ညွှန်းရာသို့ သွားလိုမှ သွားတတ်ကြလေသည်။

မိဘအရိပ်အောက်တွင် ပေါ့လျော့အေးဆေးစွာ ကြီးပြင်းလာခဲ့ရ သော တစ်ဦးတည်းသောသား ကိုဘချစ်မှာ မှီခိုရာ အေးမြသော သစ်ရိပ်ကြီး ပျောက်၍ နေပြောက်ထိုးရုံမျှမက နေပူကျဲကျဲသို့ပင် ကျရောက်ကာ၊ တစ်စ တစ်စ ဆင်းရဲနွမ်းပါးလာ၏။ အိမ်ထောင်လည်း ကျခဲ့ပြီးဖြစ်၍ မိဘများ၏ အိမ်ထောင်သည်ဘဝ အစကနဦး အခြေအနေမျိုးသို့ ရောက်ကာ ဆင်းရဲစွာ ရှုန်းကန်ရရှာလေ၏။ တောင်သူလယ်ယာလည်း လုပ်၏။ ယုတ်စွအဆုံး အခါရာသီအလိုက် ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးများ စိုက်ပျိုးသော ရွာများသို့ပင်သွားကာ မောင်တစ်ထမ်း မယ်တစ်ရွက် ရွာစဉ်လျှောက်၍ပင် အသက်မွေးရရှာလေသည်။

ရတနာရှိမှ ရတနာလာသည်၊ ရတနာတည်သည်ကို သံဝေဂယူဖွယ် ကောင်းလှ၏။ ယခု ဦးဘချစ်မှာ အသက် ၇၇ နှစ်ရှိပြီးဖြစ်ရာ အသက်ကြီး ပိုင်းတွင်ကား အထိုက်အလျောက် သောင်သာလာ၏။

ဦးဘချစ်၌ ငယ်စဉ်မှစ၍ တစ်မူထူးခြားသည်မှာ မည်မျှ ဆင်းရဲ ပင်ပန်းကြီးစွာ လုပ်ကိုင်ရသည်ဖြစ်စေ၊ ဆရာသမား မိဘတို့၏ အဆုံးအမ ရ၍ ရတနာသုံးပါးဝတ်ကိုမူ နေ့စဉ်မပျက်ကွက်၊ နေပူ မိုးရွာ မရှောင် ဆောင်ရွက်မြဲ ဆောင်ရွက်၏။

သာသနာပိုင် နှစ်ပါးနှင့်တကွ ရဟန်းပညာရှိ လူပညာရှိ စာဆိုတော် မှူးမတ်များထွက်ပေါ်ခဲ့ရာ မောင်းထောင်ရွာ၌ ရတနာသုံးပါးဝတ်နှင့် စပ်၍ မှတ်သားလောက်အောင် စွဲမြဲသူများတွင် ဦးဘချစ်သည် တစ်ဦး အပါအဝင် ဖြစ်သည်။

---

မောင်းထောင်ရွာတွင် ရွာသိမ်တော်ဘုရား ဝတ်သင်း၊ ရွှေဘုံသာ၊ ငါးဆူ၊ မာရ်အောင်မြင် လေတင်ဘုရား ဝတ်သင်းများမှာ အစဉ်အဆက် မပျက်ကွက်သော ဝတ်သင်းများဖြစ်ကြ၏။ ဦးဘချစ်သည်ကား မည်မျှ အလုပ်အကိုင် ပင်ပန်းသော်လည်း ညနေစားသောက်၊ ရေမိုးချိုးပြီးလျှင် နေဝင်သည်နှင့် ဝတ်ဖြူစင်ကြယ်များ လဲလှယ်ကာ ကြေးစည်တနောင်နောင်နှင့် အိမ်အနီးရှိ မာရ်အောင်မြင် လေတင်ဘုရား ရင်ပြင်၌ နေ့စဉ် အဇစာဆုံး ရောက်နေတတ်လေသည်။

ဦးဘချစ်အတွက် မိဘတို့ထံမှရရှိသော လောကီရတနာ အမွေထက် လောကုတ္တရာ ရတနာအမွေမှာ တန်ဖိုးမဖြတ်နိုင်ချေ။

"အဖေရှိတုန်းကများ ဇီးဖြူသီးစားဖို့ မီးဖိုချောင် ဆားအိုးထဲက ဆားတွေ လက်ခုပ်နှင့်အပြည့်ယူပြီး တို့စား၊ မကုန်လို့ မီးလှုံရင်း ဆားတွေ တစ်လက်ခုပ်ကြီးကို မီးဖိုထဲကျဲချလို့ တရှဲရှဲ တဖျစ်ဖျစ် မီးလောင်သံကြားရ မြင်ရတာ ပျော်လိုက်တာ၊ နှမြောရကောင်းမှန်း မသိဘူး၊ ခုများဖြင့် လက်ဝါးပေါ်မှာ တစ်မှုန်နှစ်မှုန် ကျန်နေတာတောင် မီးဖိုချောင်သွားပြီး ဆားအိုးထဲ တမင်ပွတ်သပ်ချနေရတယ်" ဟု ပြောလေ့ရှိသော ဦးဘချစ် စကားကို ကြားယောင်မိလေ၏။

## ( ၆ )

ဒုတိယကမ္ဘာစစ်ပြီးစ၊ လွတ်လပ်ရေးကာလတွင် မုံရွာမြို့သည် ဈေးဟောင်း ဈေးသစ်တို့ဖြင့် ပြန်လည်အသက်ဝင်စ ပြုလာ၏။ စစ်ကြောင့် ပျက်စီးသွားသော တိုက်တာများ အသစ်ဆောက်လုပ်သူ ဆောက်လုပ်ကြ၏။ တိုက်တစ်ခြမ်းကို ဝါးကပ်မိုး၍ ဖြစ်သလို နေသူနေကြရဆဲ ဖြစ်သည်။

မုံရွာမြို့လယ်ရှိ ဆုတောင်းပြည့်ဘုရားကြီးလမ်းရှိ တိုက်ကြီးများမှာမူ အပျက်အစီး နည်း၍ နေ့ချင်းညချင်း ရှေးယခင်ကအတိုင်း ခမ်းနားထည်ဝါ သော တိုက်တာများအဖြစ် တစ်ခေတ်ပြန်လည် ဝင့်ကြွားလာ၏။ ဈေးဟောင်း ကြီးနှင့် ကပ်နေ၍ အရောင်းအဝယ်လည်း စည်ကားလှသည်။

နံနက် ၁၀-နာရီခလောက် နယ်မှကားများ ဆိုက်ရောက်လာချိန်၊ အဝတ် အစား ညစ်ထေးထေးနှင့် အသက် ၄၀-ကျော် ပဘ်ဝန်းကျင်ရှိ လင်မယား

နှစ်ယောက်သည် ဘုရားကြီးလမ်းရှိ နာမည်ကျော် သက်န်း သပိတ် ပရိက္ခရာ ရောင်းချသော နှစ်ထပ်တိုက်ကြီးအောက်သို့ မရှုံမရဲ ဝင်သွားသည်ကို အမှတ်မထင် တွေ့မြင်ရ၏၊ ယောကျ်ားက အထုပ်တစ်ခုကို ထရိုဘသေပွေ့ပိုက်လျက် မိန်းမက ဈေးတောင်းတစ်ခု ခေါင်းပေါ်မှာ ရွက်လျက်။

အဆိုပါ ဇနီးမောင်နှံသည် တိုက်ရှင်အဒေါ်ကြီးရှေ့ စားပွဲ၌ အိုးတိုး အမ်းတမ်း ထိုင်ချလျက်က အဝတ်ဖြင့် ပွေ့ပိုက်လာသော ပစ္စည်းတစ်ခုကို ဖြေ၍ပြ၏။ တိုက်ရှင်အဒေါ်ကြီးက အံ့အားသင့်ကာ ခါးခါးသီးသီး ငြင်းနေ၍—

"ဒါ ကျွန်တော်တို့ မိဘဘိုးဘွားအစဉ်အဆက် ကိုးကွယ်လာတဲ့ရုပ်ပွားဆင်းတုပါ။ ကျွန်တော်တို့လဲ အမြဲကိုးကွယ်နေတာပါ။ ခု ရင်းနှီး စရာကလေး မရှိလို့ ကြံရာမရလုပ်ရတာပါ။ ပေးချင်သလောက်သာပေးပါ အဒေါ်ရယ်၊ နောက် ငွေချောင်လည်တော့ ကျွန်တော် ပြန်ယူမှာပါ။ ကျွန်တော်လဲ မိဘ အမွေအနှစ်ဆိုတော့ နှမြောမြောနဲ့...."

တိုက်ရှင်အဒေါ်ကြီးမှာ ထိုသစ်သား ရုပ်ပွားဆင်းတုတော်ကို ဝယ်ယူ ပူဇော်ရန် မည်သို့မျှ စိတ်မဝင်စားချေ။ ငွေကြေး တန်ဖိုးအားဖြင့်လည်း မက်မောလောက်သော ရုပ်ပွားမျိုးမဟုတ်၍ ခေါင်းတွင်တွင် ခါလျက်သာ နေ၏။ ဆက်ပြီး လက်ခံစကား ပြောလိုဟန်မရှိ။

ထိုလူရွယ်က မျက်နှာငယ်ဖြင့် သက်ပြင်းချလျက် ရုပ်ရှာဇာတိအမည် နာမ မျိုးရိုးပါ ပြောပြအသနားခံနေပြန်သဖြင့် သနားလာကာ ဆင်းတု ပူဇော်ခဟု သဘောမထား၊ ဈေးဝယ်ခြမ်းရန် ပေးကမ်းသည့် အနေဖြင့် မြန်မြန်ထွက်သွားရန် ငွေအနည်းငယ်ပေးပြီး လွှတ်လိုက်သည်။

ဇနီးမောင်နှံမှာ မှန်းခြေကိုက်ဟန်မရှိဘဲ လေးလံသော ခြေလှမ်းများဖြင့် တိုက်ထဲမှ ဆင်းသက်၍ ဈေးဘက်သို့ ထွက်သွားကြ၏။

အိမ်ရှင်အဒေါ်ကြီးသည် ရုပ်ပွားဆင်းတုထက် စမ္မခဏ်ပလ္လင်ကကြီးနေ သော ဘုရားကိုယ်တော်မြတ်ကို လှည့်ပတ်ပွတ်သပ်ကြည့်ရှုရင်း ကျန်နေခဲ့၏။ ပလ္လင်၏ အောက်ဘက်၌ အက်ကြောင်းရာကို တွေ့သဖြင့် လက်သည်းကလေး ဖြင့် ခြစ်ဖဲ့ကြည့်ရာ သစ်စေးသားရိုးဖြင့် အန္တာပိတ်ထားသော သစ်သားပြား မှာ ပွင့်သွား၏။ စားပွဲပေါ်တင်၍ သစ်သားပြားကလေးကို ဟထုတ်လိုက်ရာ ကိုယ့်ချက်စိကိုယ် မယုံနိုင်လောက်အောင် ဖြစ်ရလေ၏။

ထိုရုပ်ပွားကိုယ်တော်မြတ်၏ စမ္ပာတော်ပလ္လင်ဆံမှ ဖြူ, နီ, စိမ်း, ပြာ ကျောက်မျက်ရတနာများအပြည့်အနှက်ပွင့်ထွက်အန်ကျလာကြ၏။ ရုတ်တရက် အံ့အားသင့်ကာ ကြံရာမရ ထက်ပြင်းချလျက် အတန်ကြာ တွေဝေသွားသည်။ ဝမ်းသာရာမှ စိတ်မကောင်းသော အမှုအရာကလည်း မျက်နှာတွင် တိမ်ရိပ် ပမာ ရုတ်တရက် ပြောင်းသွား၏။

ခဏကြာလျှင် ကမ်းစုံတမ်ခုကို သတိရကာ ရုပ်ပွားကိုယ်တော်မြတ်ကို အဝတ်ဖြင့် ဖုံးဖိပြီး ချက်ချင်း တိုက်ရှေ့သို့ ထွက်လာ၏။ ဟိုဟိုသည်သည် တောင်မြောက်လေးပါး လှမ်းမျှော်ကြည့်နေ၏။ လမ်းမပေါ်သို့ပင် အတန် ငယ် ဝေးကွာအောင်ဆင်း၍ လျှောက်ကြည့်ပြန်ရာ သူမြင်တွေ့လိုသောအရာ ကို သဲသဲကွဲကွဲ တွေ့ရပုံမပေါ်။ ရှမ်းတော်လမ်းတစ်လျှောက်သွားလာနေသော လူအုပ်ကြီးဆီသို့ပင် လမ်းထိပ်ထိ သွားရောက်ကြည့်လိုက်မိသေးသည်။

ဆင်းရဲသား ဇနီးမောင်နှံမှာ ဖုန်ထူထူ လူအုပ်ထဲတွင် ပျောက်ကွယ် နစ်မြုပ်သွားကြရှာလေတော့၏။

(ဦးမြရာနှင့် စပ်၍ အချက်အလက် အဖြစ်အပျက်များ ကြိုးစား စုဆောင်းပေးကြသော မောင်းထောင်ရွာကြီးမှ ဦးမောင်ကြီး၊ ဝင်းမာတ်ပုံ- ဦးအောင်ဝင်း၊ ဦးအုန်းဖေနှင့် ဦးမြရာ၏မြေး ဦးညာဏ်ဝင်း စသူတို့အား ကျေးဇူးမှတ်တမ်း ပြုပါ၏။)

## ဦးမြရာ၏ ရေတွင်းကျောက်စာသံပိုင်း

ကောဇာသက္ကရာဇ် ၁၂၉၁-ခုနှစ်တွင် ဦးမြရာ မဖွားရှင်နှင့် သား သမီးကစ်စုတို့က အများပြည်သူ ခပ်ယူသုံးစွဲရန် ရေတွင်းတူးဖော်ရာ ကောင်း မွန် ချိုမြိန်လှစွာသော ရေများကို ရရှိသည့်အတွက် နှစ်သက်ကြည်နူးစွာ သံပိုင်းစာကို စိုက်ခါတည်ထားလိုပါသဖြင့် မောင်းထောင်ရွာပညာရှိ အမော် အမိန့်တော်ရမင်း ဦးတိုးဟင် စီစဉ်ရေးသားအပ်သော—

### ကေပိုဒ် လင်္ကာ သံပိုင်းစာ

ဇေယျတု၊ တည်စိမ့်ရှည်ကြာ၊ သံပိုင်းဖြာပမ့်၊ ခေတ်ဇာတိပေါင်း၊ တိုက်တစ်သောင်းတွင်၊ ရှိက်ညောင်းဆော်တီး၊ ပွဲဘင်ဟည်းမျှ၊ ကောင်းချီး လူလူ၊ တံခွန်ထူလျက်၊ ဇမ္ဗူတောင်ကျွန်း၊ မဇ္ဈေဝှန်းဝယ်၊ ပွင့်ထွန်းခဲ့သား၊ တို့မြတ်ဖျားလျှင်၊ တရားရှာသာ၊ မြိုက်သြဇာဖြင့်၊ သတ္တဝါလူ၊ ခပ်သိမ်း

သူ့ကို၊ ဆယ်ယူကယ်နိုင်၊ ရွှေပြည်ခိုင်သို့၊ တိုင်တိုင်ဘေးလွတ်၊ ပို့ပေတတ်သည့်၊ လှူ့နတ်ဆရာ၊ ရတနာဟု၊ မဟာဝီရ၊ ဝါယာမဖြင့်၊ လုံ့လအခေါင်၊ ဗောဓိ ညောင်၌၊ ခြောက်ရောင်လျှံဝါ၊ ဉာဏ်စကြာဖြင့်၊ သစ္စာရဲရဲ၊ ပွင့်ဆဲဆဲလျှင်၊ အံ့အဲ့မနိုင်၊ ငါးမ-ရ်ပိုင်ကို၊ ဖက်ပြိုင်နိုင်းပေါ်၊ တုမမျှော်သား၊ ဘုန်းတော် ထွန်းလစ်၊ မြတ်ရှင်ချစ်လည်း၊ စင်စစ်နိဗ္ဗာန်၊ ပျော်အောင်းစံခနောက်၊ ကြွင်းကျန်ရစ်သူ၊ နတ်နှမ့်လူကို၊ ကယ်ယူစိမ့်ငှာ၊ ကရုဏာဖြင့်၊ လှစ်ခါ မိန့်မြွက်၊ ဓမ္မစက်လျှင်၊ ထွန်းတက်နေရောင်၊ မကဆောင်၍၊ လေးထောင် ရှစ်သောင်း၊ သင်္ချာဆောင်းသည့်၊ သောင်းဓမ္မက္ခန့်၊ အတန်တန်ကို၊ ဖန်ဖန် ကပ်ဆီး၊ နာယူပြီးလျှင်၊ မငြီးအံ့ဖွယ်၊ အင်ရှစ်သွယ်ဖြင့်၊ နက်ကျယ်အဝှမ်း၊ ထောက်မည်စမ်းလည်း၊ မစွမ်းနိုင်ရာ၊ သာသနာကို၊ ရှည်စွာ တည်သား၊ အာရုံထား၍၊ ရွှေသွားတန္တိ၊ ပမာညှိသော်၊ သိရိဓမ္မာ၊ အသောကာဟု၊ သညာဘော်လင်း၊ ကျွန်းလုံးမင်းသည်၊ ရေတွင်းရေကန်၊ ကြွင်းမကျန်ဘဲ၊ တန်တန်စေတီ၊ ပုံနည်းမှီလျက်၊ အညီမခြား၊ ကဲ့အလားသို့၊ ထင်ရှား ဂုဏ် ရောင်၊ ရွှာမောင်းထောင်တွင်၊ လင်းပြောင် တောက်ထိန်၊ နာထပိဏ်သို့၊ စည်းစိမ်မသွေ၊ လယ်ယာမြေနှင့်၊ ရွှေငွေကျောက်သံ၊ ဖိတ်ယိုလျှံမျှ၊ ရေးကံ မြောက်ပင့်၊ ပြိုင်မဝင့်အောင်၊ ထွန်းတင့်သမ္ဘာ၊ ဦးမြရာနှင့်၊ ဝိသာခါသွင်၊ ပမာထင်သား၊ ကျွမ်းကျင်လိမ္မာ၊ အရာရာဝယ်၊ သဒ္ဓါဖြူဆွ၊ တူတကွလျှင်၊ ဘဝရေစက်၊ ပန်ပန္နက်၍၊ စုံဖက်ရင်းနှီး၊ ပေါင်းဆုံမှီးသည့်၊ ဇနီးသက်နှင်း၊ မဖွားချင်းတို့၊ ကောင်းခြင်းအင်္ဂါ၊ လက္ခဏာဖြင့်၊ ရတနာမည်၊ ဘုံလောကီ တွင်၊ ချစ်ရည်လင်းသစ်၊ မောင်ဘချစ်နှင့်၊ ပစ္စယဖြာ၊ ကြောင်းဟိတ် ပါ၍၊ ပမာနေလ၊ ရွှေနှင့်မြသို့၊ ရူပရောင်ရှိန်၊ မအေးစိန်ဟု၊ ပင်းထိန် ကြည်အေး၊ မြင်သူငေးမျှ၊ ယဉ်ကျေးမူရာ၊ အင်ငါးဖြာနှင့်၊ ဂုံစွာပြည့် ကျုံး၊ ချွေးမထူးတည့်၊ လျှော်ဦးသိင်္ဂီ၊ ပုံအညီသို့၊ ရတီစိန်မှီး၊ ရှုမငြီးသည့်၊ သမီးရင်နှစ်၊ မမေချစ်နှင့်၊ နှောင်ရစ်ပန္နက်၊ ရေးအထက်က၊ ရေစက်လှူတာ၊ ဖြူသဒ္ဓါဖြင့်၊ ပတ္တနာသ၊ ပြုခဲ့ကြ၍၊ တူမျှစုလျား၊ ဆက်ဆံငြားသည့်၊ သားရင်းဩဇာ၊ ကဲ့ပမာသို့၊ ပညာတင့်ဆန်း၊ ကိုဘဂျမ်းတို့၊ ပွင့်လန်း စေဘနာ၊ ကြည်ဖြူစွာဖြင့်၊ အောက်ပါလှူဖွယ်၊ အသွယ်သွယ်ပြင်၊ တင့်တယ် ဝေဆာ၊ စိမ့်ဖြာလျက်၊ ရွှာပါနယ်လုံး၊ ပြည်ရွာကျုံး၍၊ သောက်သုံးစိမ့်ငှာ၊ ငွေသပြာကို၊ သဒ္ဓါမသေး၊ ငါးထောင်ကြေးကို၊ ပေး၍လျှင်စွာ၊ မြေ ကျောက်ဖြာကို၊ ဖောက်ခါထွင်းယူ၊ ရေးကမူလည်း၊ ဘယ်သူတစ်ဦး၊ မရ ဖူးရှင့်၊ ထွေထူးခုခါ၊ ဒါယကာ၏၊ သဒ္ဓါဇောဟုန်၊ ပြောမကုန်အောင်၊ လောက်လုံဖွံ့ဖြိုး၊ ရသာကြူသည်၊ အဘူဘက်ဝေး၊ နက်ရေအေးကို၊

အောက်ကျေးမြေမှ၊ ပေါ်ထွက်ရ၍၊ ဧ-ဒွ-နောက်၊ သက္ကရာဇ်၌၊ ခြေမြစ် ခိုင်မာ၊ အုတ်ရံကာလျက်၊ သွန်းဖြာရေစက်၊ မြေကွဲအက်မျှ၊ တိုးတက် ကြည်စွာ၊ လှူဆက်ပါသည်၊ ကမ္ဘာပတ်လုံး တည်စေသော်။

## အလှူတည် ကုသိုလ်များတန်ဖိုး ငွေစာရင်း

| | | |
|---|---|---|
| ၁။ | ကျောင်းနှင့် ကျောင်းဦး ပြာသာဒ်ဆောင်ကြီးများ တန်ဖိုးငွေ .... .... .... .... | ၂၅၀၀ိ/- |
| ၂။ | ရေတွင်းနှင့် အုတ်တံတိုင်း တန်ဖိုးငွေ .... | ၂၀၀၀ိ/- |
| ၃။ | ရေကန်နှင့် ရေတံခါး တန်ဖိုးငွေ .... .... | ၁၀၀၀ိ/- |
| ၄။ | သံဃိကဇရပ်ကြီး ၄-ဆောင် တန်ဖိုးငွေ .... | ၂၀၀၀ိ/- |
| ၅။ | အုတ်တံခွန်တိုင်ကြီးနှင့် စေတီတော် တန်ဖိုးငွေ .... | ၁၅၀၀ိ/- |
| ၆။ | ဘုရားပြင်ဆင်ခြင်းငွေ .... .... .... | ၅၀၀ိ/- |
| ၇။ | အရပ်ရပ်ဒါနအဖြစ် ပေးကမ်းလှူဒါန်းခြင်းငွေ .... | ၂၅၀၀ိ/- |
| ၈။ | သံဃိကလမ်းအတွက် ကိုယ်ပိုင်မြေကိုလှူဒါန်းခြင်း၊ အရပ်ရပ် လှူဒါန်းပေးကမ်း ကုန်ငွေပေါင်း .... | ၁၂၀၀ိ/- |

သက္ကရာဇ် ၁၂၉၁-ခုနှစ်၊ နတ်တော်လဆန်း
(၃) ရက်။

# မုံတဝဂူမှ
# သံတော်ဆင့်မင်းကတော်ကြီး
# အဘွားသစ်



သံတော်ဆင့် မင်းကတော်ကြီး အဘွားသစ်

ဒေါ်ခင်မမသစ်၏ တစ်နံနက်တာ အချိန်သည် အလွန်တန်ဖိုးရှိလှ၏။ မသဒ္ဒါသူတို့အဖို့ အချိန်ကုန်၊ ငွေကုန်လူပန်းဟု ထင်ရလောက်အောင် တစ်နံနက်တာအတွက် ဒေါ်ခင်မမသစ် အလုပ်လုပ်ပုံမှာ ထူးခြားလှသည်။ နံနက် ၄-နာရီထ၍၊ ဆွမ်းချက်၊ ဘုရားဆွမ်းကပ်။

မိုးလင်းသည်နှင့် အိမ်ရှေ့၌ စားပွဲတစ်လုံးပေါ် ဆွမ်းတော်အုပ် တင်ထား၏။ အိမ်ရှေ့ကြွလာသမျှ သံဃာတော်များအား ဆွမ်းလောင်းသည်။ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ပေါ်ရှိ သံဃာမထေရ်ကြီးများ၊ စာသင်သားများ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများအတွက် သီးသန့်ဆွမ်းအုပ် ဆွမ်းဟင်းများလည်း အသင့်စီမံထားသည်။

ဆွမ်းခံ သံဃာတော်များ၊ ဆွမ်းအုပ်ယူသော ကျောင်းသားများ မလာရောက်သေးလျှင် ဆွမ်းတော်တင်စားပွဲအနီး ထိုင်လျက်ဖြစ်စေ၊ လမ်းလျှောက်လျက်ဖြစ်စေ၊ ဒေါ်ခင်မမသစ်တစ်ယောက် ပရိတ်, ဓမ္မစကြာ ရွတ်ဆိုနေတတ်၏။ ကရားဘာဝနာပွားရှုသော်လည်း နေတတ်၏။

ဒေါ်ခင်မမသစ်ကား သံတော်ဆင့် ဝန်မင်းကတော် ဖြစ်သည်။ (တောင်ကြီးမြို့ ငွေတိုက်စာရေးကြီး ဦးဘော ဇနီး ဒေါ်ခင်လေးတို့၏ မိခင် ရှမ်းပြည်နယ်အစိုးရ အငြိမ်းစား အတွင်းဝန် ဝဏ္ဏကျော်ထင် ဦးညို၏ဇနီး ဒေါ်တင်တင်ညို၏ အဘွားဖြစ်သည်။)

## အဘွားသစ်လို ကြည်ညိုသူ မတွေ့သေး

သံတော်ဆင့်မင်း၏ အိမ်ဝင်းကြီးရှေ့ တံခါးမကြီးအနီး၌ ကျောင်းသား သူငယ်တစ်ယောက် ငါးဆင့်ချိုင့်ကြီးဆွဲလျက် ရောက်လာ၏။ သူကား တောင်ကြီးမြို့ပေါ်ရှိ နာမည်ကျော် သိမ်တောင်ကျောင်းတိုက်ကြီးမှ ဆွမ်းအုပ်ယူလာသူ ကျောင်းသား မောင်ဘကြိုင် ဖြစ်သည်။ သူ့ကိုမြင်လျှင်မြင်ချင်း ဒေါ်ခင်မမသစ် နေရာမှထကာ တံခါးအနီးသို့လာ၍ ဦးစွာလက်အုပ်ချီ လိုက်သည်။ ပြီးမှ ဝင်းတံခါးကို ဖွင့်လိုက်၏။ ဆွမ်းတော်ချိုင့်ကို လက်အုပ်ချီ၍ ယူလာပြီး ပါးစပ်က တတွတ်တွတ် ရွတ်ရင်း ဆပ်ပြာနှင့် အထပ်ထပ် ဆေးကြောနေပြန်၏။

ကျောင်းသားသူငယ်မှာ နေ့စဉ် မြင်တွေ့နေကျဖြစ်၍ မဆန်းချေ။ တစ်နေရာ၌ အေးဆေးစွာထိုင်လျက် မပြီးမချင်း စောင့်မြဲစောင့်နေ၏။

ဒေါ်ခင်မမသစ်သည် မီးဖိုချောင်သို့ဝင်ကာ ဆွမ်း, ဆွမ်းဟင်းများ ထည့်ပြီးလျှင် ဆွမ်းတော်ချိုင့်ကို စားပွဲပေါ်၌ တင်ကာ ကျုံ့ကျုံ့ကလေး ထိုင်လျက် လက်အုပ်ချီရှိခိုးရင်း ငါးမိနစ်ခန့် ရွတ်ဆို ကန်တော့ပြန်၏။ ပြီးလျှင် မောင်ကျောင်းသား လက်သို့ ဘုန်းကြီးများကပ်သလို ကပ်လိုက်

သည်။ ဝင်းတံခါးအထိ ဆွမ်းတော်ချိုင့်ကို လက်အုပ်ချီလျက် လိုက်လာ၏။ ဝင်းတံခါး ဖွင့်ပိတ်ပြီးသည့်တိုင်အောင် မောင်ကျောင်းသား လက်ထဲမှ ဆွမ်းတော်ချိုင့်ကို လှမ်း၍ ရှိခိုးရင်း ကျန်ခဲ့လေ၏။

ဒေါ်ခင်မမသစ်၏ တစ်နံနက်တာလုပ်ငန်းစဉ်မှာ နံနက် ၄-နာရီမှ ၁၀နာရီလောက်အထိ ရတနာသုံးပါး ဝတ်ဖြင့်သာကုန်လွန်လေ၏။ ဘုရားပန်း ရေချမ်း ဆွမ်းတော်ကပ်၊ တောင်ကြီးမြို့ပေါ်ရှိ ဆရာတော် သံဃာတော်များ၏ ဆွမ်းပန်းဝတ်။

တောင်ကြီးမြို့နှင့်တကွ မြန်မာပြည်၊ ရှမ်းပြည်အရပ်ရပ်၌ မိမိတို့ တတ်စွမ်းသမျှ အလှူဒါနဝတ်မြဲသူများ အနည်းအများ ရှိကြသည်ပင်ဖြစ်၏။ ဒေါ်ခင်မမသစ်ထက် လှူနိုင်သူများလည်း မရှားပါ။ သို့ရာတွင် ဒေါ်ခင်မမ သစ်ကဲ့သို့ ရတနာသုံးပါး ဆွမ်းကွမ်းဝတ်ပြုရင်း ပရိတ် ဓမ္မစကြာ ရွတ်ဖတ်ခြင်း၊ တရားဘာဝနာ နှလုံးသွင်းခြင်းကိစ္စများပါ တစ်ပါတည်း ပြီးစီးအောင် ဆောင်ရွက်လုပ်ကိုင်နိုင်သော အလှူရှင်တို့ကား ရှားပေလိမ့်မည်။

ထို့ထက် တိုင်းသိပြည်ကျော် ဆရာတော်ကြီးများအား လောင်းလှူရသကဲ့သို့ သာမန်ကျောင်းသား သူငယ်ကလေး ယူဆောင်မြဲ ဖြစ်သော ဆွမ်းတော်ချိုင့်ကို လက်အုပ်တချီချီနှင့် သံဃာဂုဏ်ရည် နှလုံးသွင်း ပူဇော်နိုင်သူကား မရှိသလောက် ရှားပေလိမ့်မည်။

"ကျွန်တော် ယခု ငါးဆယ်ကျော် ၆၀-ရှိပါပြီ။ ကျွန်တော် ငယ်ငယ်က တွေ့မြင်ရတဲ့ အဘွားသစ်လို ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်ကြည်ညိုတဲ့ ပုဂ္ဂိုလ်မျိုး မတွေ့ဖူးသေးဘူးဗျာ" ဟုပင် (မုံတဝဂူကို ဦးသိန်းလွင်နှင့်အတူ ပြုပြင်ဖော်ထုတ်သူ) ဦးဘကြင်က ကိုယ်တွေ့ပြောပြ၏။

ဒေါ်ခင်မမသစ်မှ အဘွားသစ်သို့ ရောက်ရှိလာသော အချိန်တွင်ကား ထို့ထက်ပင် အံ့ဩဖွယ်ကောင်းသော အဘွားသစ်၏ ရတနာသုံးပါးဂုဏ်ရည် တို့သည် ပြန်လည်ထွန်းပေါ် ကျော်ကြားလာသော မုံတဝဂူနှင့်အတူ တောင်ကြီးမြို့နယ်တစ်ခွင်မှ လွင့်ပျံ့၍ နေပေတော့သည်။

### တစ်တောင်တက်ဆင်း တောနင်း၍

၁၂၈၈-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅-ရက်(၁၄-၁၂-၁၉၂၆) သောကြာနေ့။

ထိုနေ့ညကား တုန်ခိုက်အောင် ချမ်းစိမ့်နေသော တောင်ကြီးမြို့ တစ်မြို့လုံး တာဝန်ရှိသူများ နွေးထွေးရုံမျှမက စိတ်သောက ပူလောင်၍ပင

နေကြ၏။ သက်ဆိုင်ရာ အစိုးရရုံးအဖွဲ့၊ မြူနီစီပယ်အဖွဲ့နှင့် ရဲအဖွဲ့ဝင်များ၊ ရပ်ရေးရွာရေး ဦးဆောင်သူများအားလုံး ယောက်ယက်ခတ်ကုန်ကြ၏။

အကြောင်းကား အသက် ၇၀-ကျော် အဘွားသစ်တစ်ယောက် အိမ်မှ ပျောက်သွား၍....။

"ဒီနေ့မနက် ကျွန်မတို့ မြေးအဘွားတစ်တွေ မုံတဝဂူကို သွားလည်ကြမယ်ဆိုပြီး သွားကြတယ်ရှင့်။ အမေ (အဘွားသစ်) အိမ်စောင့်ကျန်ခဲ့တာ ကျွန်မတို့ပြန်လာတော့ မေမေ အိမ်မှာမရှိတော့ဘူး။ အိမ်ရောက်လို့ ဟိုမေးသည်မေး မေးကြည့်တော့ ကျွန်မတို့ မြေးအဘွားတစ်စုသွားပြီး မကြာခင်ဘဲ သူ့စိတ်ထဲမှာ သွားချင်စိတ်ပေါက်လာတယ်နဲ့ တူပါတယ်။ ငါလဲလိုက်သွားဦးမယ်ဆိုပြီး ဘာပစ္စည်းမှ မယူဘူး၊ အိမ်ဝတ်အိမ်စားနဲ့ပဲ လိုက်သွားသတဲ့။ အမေတော့ ကြီးတောင်းကြီးမှ ဒုက္ခပါပဲ။ လုပ်ကြပါဦး"

သမီးဒေါ်ခင်လေးက သူသိသမျှ ပြောပြ၍ သက်ဆိုင်ရာပုဂ္ဂိုလ်များအား အကူအညီတောင်းလျက်ရှိ၏။ အချိန်ကား လင့်လေပြီ။

မုံတဝဂူကား တောင်ကြီးမြို့၏ဘောင်ဘက် ဝါးပြားရွာမှ အနောက်တောင်ယွန်းယွန်း ၂-မိုင်နီးပါး တောင်စဉ် တောင်တန်းအတိုင်း သွားပြီးနောက် အနည်းငယ် ချိုးကွေ့၍ဆင်းလိုက်လျှင် တွေ့ရသော သယံဇာတ သဘာဝကျောက်ဂူကြီးဖြစ်၏။ (၁၃၂၆-ခုနှစ်က ဦးသိန်းလွင်နှင့် ၁၈-ဦး အဖွဲ့ ငါးရက်စာ စားနပ်ရိက္ခာ ဆေးဝါးကိရိယာ လက်နှိပ်မီးများဖြင့် ဂူအတွင်းသို့ ဝင်ရောက်စူးစမ်းကြရာ ဂူဝ၌ ဆယ်ကိုက်ခန့်မျှသာ ကျယ်ဝန်းသော်လည်း အတွင်းသို့ရောက်လျှင် ဂူလည်းကျယ်ဝန်း၍ လမ်းခွဲလည်း အသွယ်သွယ်ရှိနေသည်ဟု ဆို၏။ အဘယ်အရပ်၌ လမ်းဆုံးမည်ဟု မသိနိုင်၊ အသွား ၃-ရက်၊ အပြန် ၂-ရက်၊ မိုင် ၂၀-ခန့်သာ သွားရောက် နိုင်ခဲ့ကြသည်ဟု ဆိုသည်။)

အဘွားသစ်ကား ထိုဂူသို့ တစ်ခါမျှ မရောက်စဖူး၊ နေရာကိုလည်း မျက်မှန်းလောက်သာ သိထား၏။ ထူထပ်နက်ရှိုင်းသော တောတောင်ထဲတွင် လူသွားလမ်းဟူ၍လည်း မရှိချေ။ အဘွားသစ်သည် ရုတ်တရက် စိတ်အာရုံ၌ ပေါ်လာသည့်အတိုင်း ထလိုက်သွားကာ မျက်စိလည်လမ်းမှား၍ တောထဲ၌ တဝဲလည်လည် ဖြစ်နေမည်ကို အတပ်တွေးမိကြ၏။

သက်ဆိုင်ရာ သောကရောက်နေကြသော ဆွေမျိုးများအား နှစ်သိမ့်စကား ပြောကြလျက် ချက်ချင်း တောနင်း၍ အုပ်စုဖွဲ့ ရှာဖွေကြရသည်။ အေးချမ်းလှစွာသော ရာသီဥတုကိုပင် ဂရုမပြုနိုင်ကြတော့ချေ။ ရှာဖွေရေး

အဖွဲ့များသည် အဘွားသစ် ရောက်မည်ထင်သမျှသော တောတောင်တစ်ခွင်၌ အဖွဲ့ချင်းထပ်မျှ ထိုနေ့တစ်ညလုံး မီးရောင်တထိန်ထိန်ဖြင့် တောနင်းရှာဖွေကြသည်။ အဘွားသစ်ကို အရိပ်အရောင်မျှ မတွေ့ကြရ။

ဤမျှအေးချမ်းလှသော ဆောင်းရာသီကြီးမှာ အဝတ်တစ်ထည် ကိုယ်တစ်ခုမျှဖြင့် တောထဲမှာမျက်စိလည် လမ်းမှားနေသော အသက် ၇၀-ကျော် အဘွားသစ်အတွက် အသက်နှင့်ကိုယ် တွေ့နိုင်စရာ အကြောင်းမရှိတော့ဟူ၍ အားလုံးကပင် ထင်မြင်ယူဆထားကြတော့၏။ ထို့ပြင် ဤတော ဤတောင်မှာ ကျား, ကျားသစ်များ သားရဲတိရစ္ဆာန်များ လှည့်လည်ကျက်စားရာ ဖြစ်၏။ မည်သို့ဖြစ်စေ အလောင်းကို ပြန်တွေ့ရရန်လောက်သာ ဆက်လက်ရှာဖွေကြရတော့သည်။

သက်ဆိုင်ရာ မိသားစုများအားလုံးမှာ မအိပ်နိုင် မစားနိုင် မှိုင်တွေချ၍ သောကမီး လောင်နေကြလေပြီ။ ရှာဖွေရေးအဖွဲ့ဝင်များ ပြောကြားလှာ မည့် စကားကိုပင် နားထောင်မရဲရှိနေကြ၏။ ရှာဖွေရေးအဖွဲ့များမှာ ၃-ရက်ပင် ရှိသွားပြီဖြစ်၍ မိသားစုများလည်း အဘွားသစ်ကို ကျားသစ်စား၍ အလောင်းကိုပင် ပြန်ရရန် မတွေးဝံ့တော့ချေ။ ၃-ရက်ရှိလျှင်ပင် ရှာဖွေရေး အဖွဲ့ဝင်များ တစ်တောင်တက်ဆင်း တောနင်းရှာဖွေရသဖြင့် ပင်ပန်းလည်း ပင်ပန်းကာ ဆက်လက်ရှာဖွေရန် လက်လျှော့ အားပျက်နေကြလေပြီ။

သို့သော် ၄-ရက်မြောက် နံနက်ပိုင်းတွင်ကား ရှာဖွေရေး အဖွဲ့တစ်ဖွဲ့သည် အလောင်းကိုမျှ တွေ့ရလို့တွေ့ရငြား ဆက်လက်ရှာဖွေရန် မလျှော့ဘဲ သွားကြ၏။ တောတောင်ဝန်းကျင် လှည့်လည်မရှာတော့ဘဲ မုံတဝဂူဘက်သို့သာ စိတ်ပြေလက်ပျောက် သွားရောက်နေကြ၏။

ရှာဖွေရေးအဖွဲ့ ဂူအနီးသို့ ရောက်သောအခါ မိမိမျက်စိကိုပင် မယုံကြည်နိုင်လောက်အောင် မုံတဝဂူရှေ့နတ်စင်အနီးတွင် ဂူဘက်သို့သွားနေသော တောင်ဝှေးတစ်ချောင်းနှင့် အဘွားသစ်ကို မြင်ကြရလေ၏။ လူအားလုံးပင် မှင်တက်မိကာ ငေးမော ကြောင်ကြည့်လျက် စကားပြောရန်ပင် နှုတ်မထွက်ဘဲ ရှိနေကြစဉ် အဘွားသစ်က မြင်သွားသဖြင့် အဘွားသစ်ကပင် လူအုပ်ကြီးထံ လျှောက်လာ၏။

"အဘွားသစ်ကို ကျွန်တော်တို့ ရှာနေကြတာ လေးရက်တောင်ကြာသွားပြီ" စသည်ဖြင့် ဝမ်းသာအားရ ပြောဆိုကာ ကျန်းကျန်းမာမာတွေ့ရ၍ အားလုံးဝမ်းသာသွားကြ၏။ သက်ဆိုင်ရာ အစိုးရအာဏာပိုင်များထံသတင်း

ပို့သူပို့၊ ဆွေမျိုးများထံ အပြေးအလွှားသွား၍ သတင်းပြောသူပြော၊ တွေ့ပြန်တော့လည်း တအံ့တသြ မမောမပန်းနိုင်အောင် လှုပ်ရှားကြရပြန်လေသည်။

အဘွားသစ်အား ထိုနေရာမှ အစိုးရ အကူအညီဖြင့် ထမ်းပိုး၍လည်းကောင်း၊ ကား သွားလို့ရသော နေရာမှစ၍ မော်တော်ကားဖြင့်လည်းကောင်း တောင်ကြီးမြို့ကို လှည့်ပတ်ဆင်းတက် ခေါ်ဆောင်လာခဲ့ကြရာ၊ သိသူရော၊ မသိသူများပါ ဝမ်းသာအားရ နှုတ်ဆက် ကြိုဆိုကြလေသည်။

## သစ်ပင်အောက်က တရားနာပရိသတ်

ရှာဖွေရေးအဖွဲ့များ တစ်တောင်တက်ဆင်း ထမ်းစင်ဖြင့် ခေါ်လာရာတွင် အဘွားသစ်သည် ဖြစ်ပျက်ပုံတစ်စုံတစ်ရာမျှ မပြောဘဲ တတွတ်တွတ်နှုတ်ဆိုလိုက်၊ လက်အုပ်ချီလိုက်နှင့်သာ လိုက်ပါလာလေရာ ရှာဖွေသူများပင်လျှင် မြို့သူမြို့သား နှုတ်ဆက်ကြိုဆိုနေသူများအား ရှင်းမပြနိုင်ကြသေးချေ။ အိမ်ရောက်လျှင်လည်း အမောအပန်းဖြေစေ၍ အစားအသောက်များ ကျွေးမွေးကာ သက်ဆိုင်ရာက ဝိုင်းအုံလာကြသော မြို့လူထုကြီးအား အုပ်စုခွဲ၍ ပြန်ကြရန် တောင်းပန်နေရသည်။

အမောဖြေ နားနေပြီးနောက် အဘွားသစ်သည် ၄-ရက်တိုင်တိုင် အစာမစားရ၊ ကောင်းစွာမအိပ်ရဟု ထင်ရသော်လည်း မည်သို့မျှ မဖြစ်ဘဲ ဖြစ်ကြောင်းစုံကို တဖြည်းဖြည်းချင်း ပြောပြလိုက်၏။

"ကျွန်မ.... မြေးများ သမီးများ မိုတဝင်သွားကြတော့ ပထမကလိုက်လိုစိတ်မရှိပါဘူး။ သူတို့ကိုလှမ်းပြီးကြည့်ရင်းကြည့်ရင်းနဲ့ လိုက်သွားပြီး ဘုရားဖူးချင်စိတ်တွေ ပေါက်လာလို့ သူတို့ကို မီမယ်ထင်ပြီး ထလိုက်သွားတာ၊ သူတို့ကိုလဲမမီ၊ လမ်းမှန်ကိုလဲ မရောက်၊ ဒီလိုနဲ့ တောအဝမှာပဲ မျက်စိလည်ပြီး တစ်နေ့လုံးတောထဲမှာ လျှောက်နေရင်းနဲ့ တောင်ခုလတ် တစ်ခုပေါ်မှာ နေဝင်သွားတယ်။

"အဲဒီအခါ....အင်း....ငါတော့ မထူးဘူး၊ ဘုရားမှတစ်ပါး ကိုးကွယ်အားထားရာ မရှိဘူးဆိုပြီး အိမ်မှာလိုပဲ တစ်နေရာမှာထိုင်ပြီး ဘုရားဝတ်ပြုလိုက်တယ်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ရွတ်ဆိုပြီး ဝတ်တက်၊ ပြီးတော့ ရထားတဲ့ ပရိတ်ကြီးများ ကိုလဲ ရွတ်တယ်။ 'ဘိက္ခုနီ ပဥ္စဝဂ္ဂိနီ' ဓမ္မစကြာကိုတော့ အခေါက်ပေါင်း မရေနိုင်အောင် ရွတ်တယ်။

"မိဘ ဆရာသမား တောစောင့်နတ်၊ တောင်စောင့်နတ်က အစခါးလုံး ခါတိုင်းထက်တိုးပြီး အမျှပေးဝေတယ်။ မေတ္တာကိုလဲ အထူး

ပို့လိုက်တယ်။ ရွှတ်ရတာမောတော့ ခဏကလေးမှေးပြီး ဘုရားအာရုံပြု၊ တရားဘာဝနာစီးဖြန်းနေတုန်း ဘယ်လိုကဘယ်လို အလွန်မြင့်တဲ့ သစ်ပင်ကြီး တစ်ပင်ရဲ့ ခွကြားကို ရောက်သွားတယ် မသိဘူး၊ အလိုလို ရောက်သွားတယ်။ ကျားတို့ မြွေတို့လဲ ကြောက်စရာမလိုတော့ဘူး၊ တစ်တောတစ်တောင်လုံးလဲ မှောင်မည်းပြီးနေတယ်။ ဒါနဲ့ သစ်ပင်ကြီးပေါ် ရောက်နေပြန်တော့လဲ မအိပ်တော့ဘူး။ ငါ့မှာ ဒီရတနာသုံးပါး ကျေးဇူးကြောင့် ယခုလို အသက် မသေနေရသေးတယ်ဆိုပြီး ရွှတ်လိုက်ဖတ်လိုက်၊ နှလုံးသွင်းလိုက်နဲ့ မေတ္တာပို့ အမျှဝေလိုက်နဲ့ တစ်ညလုံး ကုသိုလ်ရနေတယ်။

"တောင်တော်ညဉ့်နက်လို့ လရောင်ကလေး ထွက်လာလို့ ကြည့်လိုက် တော့ သစ်ပင်ကြီးက သိပ်မြင့်နေတာကို တွေ့ရတယ်။ သားရဲတိရစ္ဆာန် တွေလဲ လူကို ဘာမှ အန္တရာယ်မပြုဘူး၊ သူ့လမ်း သူသွားနေကြတာ မြင်နေရတယ်။ ကြောက်စိတ်လဲ မရှိဘူး။ ပရိတ် ဓမ္မကြားရွှတ်လို့ အမျှ အတမ်း ပေးဝေတဲ့အခါ တရားနာပြီး သာဓုခေါ်တဲ့ ပရိတ်သတ်တွေလဲ သစ်ပင်ကြီးအောက်မှာ တော်တော်များများ တွေ့နေရတယ်"

အဘွားသစ်က စိကာပတ်ကုံး ရှင်းပြပြောဆိုနေစဉ် နားထောင်သူ များက—

"အဘွား စောင်လဲမပါဘဲနဲ့ မချမ်းဘူးလား"

"အဘွား သုံးလေးရက် ဘာစားနေလဲ" စသည်ဖြင့် မေးမြန်းကြရာ—

"ကျွန်မ အိမ်မှာလိုပါပဲ။ စောင်မပါ၊ အနွေးထည် မပါပေမယ့် မချမ်းဘူး။ ဘာမှ မစားသောက်ရပေမယ့် ကျွန်မဆာတယ်ရယ်လဲ မရှိပါဘူး။ အဲသလို ဘုရားအာရုံနှင့်နေတုန်း မိုးလင်းလာတော့ သစ်ပင်ကြီးအောက် အလိုလိုပဲ ရောက်သွားတယ်။ ဆင်းမနေရပါဘူး။ ကြောက်စိတ်လဲမရှိဘူး။

## စတုမဟာရာဇ်က ပြန်လာသူ

"ဒါနဲ့ မိုးစင်စင်လင်းလို့ အောက်ရောက်တော့ စဉ်းစားတယ်။ အင်း.... ငါလာတာက မုတ္တဝဂူကမြတ်စွာဘုရားရှင်တွေ ဖူးရအောင်ဆိုပြီးလာတာ။ မုတ္တဝဂူကို တွေ့အောင်ရှာပြီး ဘုရားဖူးဦးမှပဲလို့ ဆက်ပြီး သွားတယ်။ နောက်ဆုံးတွေ့တော့ ဝမ်းသာအားရ ဘုရားတွေဖူးပြီး နေလိုက်တာ စားချင်သောက်ချင်တဲ့စိတ်လဲ မပေါ်ပါဘူး။ ရှစ်ပါးသီလလဲ ယူထားတယ်။

“ဘုရားအာရုံပြုရင်း နေဝင်ပြီး မိုးချုပ်သွားပြန်တော့လဲ ခါတိုင်းလို သစ်ပင်ကြီးပေါ် အလိုလိုရောက်သွားပြန်တယ်။ ယခုလို ၃-ရက် ၃-ညတိုင်တိုင် မစားမသောက် မအိပ်ဘဲ၊ ဘေးမသီရန်မခ၊ ချမ်းချမ်းသာသာ နေရတာက တော့ ပရိတ် ဓမ္မစကြာ၊ ရတနာသုံးပါး ကျေးဇူးနဲ့ မုံတဝဂူမှအစ တောင် စောင့်နတ်၊ တောစောင့်နတ်တွေရဲ့ ကျေးဇူးပါပဲ။

“ယခုလို ချမ်းချမ်းသာသာနဲ့ ကိုယ့်အိမ်ကိုယ် ပြန်ရောက်နိုင်တာလဲ အစိုးရနဲ့ မြို့သူမြို့သားတွေရဲ့ မေတ္တာ စေတနာကြောင့်ပါပဲ၊ အားလုံးကို ကျေးဇူးတင်ပါရဲ့။ ကျွန်မကို နမူနာထားပြီး လူတိုင်း လူတိုင်း ဒါန၊ သီလ၊ ဘာဝနာ ရတနာသုံးပါး ဝတ်တွေမြဲကြပါ။ ကျွန်မက ကျေးဇူး ပြန်ဆပ်စရာ ဒါပဲရှိပါတယ်”

အဘွားသစ်သည် မုံတဝဂူမှ ပြန်လည် ရောက်ရှိသည့် နောက်တွင် လည်း နေ့စဉ် ဘုရားဆွမ်း ပန်း ရေချမ်းကပ်ခြင်း၊ သံဃာတော်များအား ကိုယ်တိုင် ဆွမ်းလောင်းလှူခြင်း၊ နိစ္စဘတ် ဆွမ်းတော်အုပ်ပို့ လှူခြင်း၊ ဒါန လုပ်ငန်းများကိုလည်း တိုး၍ လုပ်၏။ ပရိတ်တော်၊ ဓမ္မစကြာရွတ်ဖတ်မှု များလည်း တိုး၍ လုပ်၏။ သီတင်းသီလမြဲခြင်းနှင့်အတူ သမထ ဘာဝနာ တရားပွားများခြင်းကိုလည်း တိုး၍ လုပ်၏။ အခြားသူများကိုလည်း ပို၍ ကိုယ်တွေ့ သိမြင်လာသည့်အတိုင်း တိုက်တွန်းစကားပြောကြား၏။ အဘွား သစ်ကား ၇၅-နှစ်တွင် ကွယ်လွန်ခဲ့သည်။

တောင်ပေါ်သူ တောင်ပေါ်သား ရှမ်းအမျိုးသားများသည် မြေပြန့် လူများထက် ယေဘုယျအားဖြင့် ပင်ကိုဥာဏ ဘာသာရေး ဆည်းကပ်ရာတွင် သာ၍ အလေးဂရုပြုလေ့ပြုထရှိကြရာ အမေသစ် အဖြစ်အပျက်များ ကြား သိလာကြရသောအခါ သာ၍ပင် ကြိုးစားလာကြပေသည်။

အမေသစ်ကား “သူတော်ကောင်း နတ်ကောင်းမ” ဆိုရရှိမျှမက လူစင်စစ်က စတုမဟာရာဇ်နတ်ပြည်သို့ ရောက်သွားသူဟုပင် ဆိုရမည် ဖြစ် သည်။ ရတနာသုံးပါးနှင့်စပ်၍ အလွန် မှတ်သားဖွယ်ကောင်းသော ဤ ဖြစ်ရပ်ကား အမေသစ်၏မြေး ရှမ်းပြည်နယ် အစိုးရ အငြိမ်းစားအတွင်းဝန် ဦးညို၏ ကိုယ်တွေ့ ရေးသားပြောပြချက်အရ ကမ္ဘာ့အေး အရှင်တိလောက သာရက ‘မုံတဝ လိုဏ်ဂူ’ အမည်ဖြင့် ၁၃၂၇-ခုနှစ်က ရေးသားထား သည်။ ထို့ကြောင့် ဦးတိလောကသာရ၊ ဦးညိုနှင့် မုံတဝဂူ ဦးဆောင် ပူပြင်သူ ဦးသိန်းလွင်၊ ဦးဘကြင်တို့အား စာဖတ်သူများ ပို၍ ကျေးဇူး တင်အပ်လှပါသည်။

## နန်းသီတာတို့ ညီအစ်မနှင့် မုံတာဝလိုဏ်ဂူ

ဗုဒ္ဓခေတ်, သီဟိုဠ်ခေတ်တို့တွင် ဇူန္ဒသာလာလိုဏ်ဂူ၊ ပိပ္ပလိလိုဏ်ဂူ၊ ကဿကလိုဏ်ဂူ၊ ကုရုဏ္ဍကလိုဏ်ဂူ၊ အာဂျန္တာလိုဏ်ဂူ၊ အေလိုရာလိုဏ်ဂူ စသည်တို့ကဲ့သို့ မြန်မာနိုင်ငံ၌လည်း ပြဒါးလင်းဂူ၊ ကော့ဂွန်းဂူ စသည်ဖြင့် သူတော်ကောင်းတို့ မွေ့လျော်ရာ ဂူများ ပေါ်များလှပေသည်။ ယခုအခါ တောင်ကြီးမြို့အနီး မုံတာဝဂူမှာ ကစ်ထောင်ကျော်မျှသော ဘုရားရဟန္တာ ရုပ်တုတော်များ သီတင်းသုံးလျက် ရှိတော်မူနေကြ၏။

တောင်ကြီးမြို့မှ ဦးသိန်းလွင်, ဦးဘကြင် စသော ပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် ၁၃၂၆-ခုနှစ်မှစ၍ မုံတာဝလိုဏ်ဂူလည်း ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် ကုသိုလ်လည်းရ၊ ဒေသန္တရဗဟုသုတလည်းတိုး၊ လူမျိုးပေါင်းစုံတို့၏ ဘုရားဖူး ဘုရားအာရုံပြု၍ ဌာနသစ်တစ်ခုအဖြစ်စည်ကားလျက် ရှိ၏။

မုံဘဝဂူ၌ ဆုတောင်းပြည့်စေတီလည်း တည်ထား၍ စောင်းတန်းများလည်း ပြီးစီးလျက်ရှိရာ ဗုဒ္ဓဘာသာဝင်တို့အဖို့ လွယ်လင့်တကူ လှူနိုင်တန်းနိုင်၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းနိုင်သော ဌာနကောင်းတစ်ခုဖြစ်လာ၏။ တောင်ကြီးမြို့ ဝန်းကျင်ရှိ လူအမျိုးမျိုးတို့သာမက တောစောင့်နတ်၊ တောင်စောင့်နတ် စသော အမနုဿများကလည်း ဝမ်းပန်းတသာ ကြိုဆိုအားပေးလာကြသည်ကို တွေ့ရ၏။ 'သတ္ထာဒေဝမနုဿာနံ' ဂုဏ်တော်သခင် ဘုရားရှင်၏ သာသနာသည် လူသားတို့နှင့်သာ စပ်ဆိုင်သည်မဟုတ်ချေ။

ဗုဒ္ဓစာပေအရ အမနုဿဟု ဆိုရသော ဘုမ္မစိုးနတ်၊ နတ်ပြိတ္တာ စသည်တို့လည်း ထိုသို့ပင် သူတော်ကောင်းများအား လှူဒါန်းခြင်း၊ သူတော်ကောင်းများနေရာကို ကူညီစောင့်ရှောက်ခြင်း စသည်ဖြင့် မိမိတို့တတ်နိုင်သည့်ဘက်က အကူအညီပေးလေ့ရှိသော သာဓက ဝတ္ထုများ များစွာပင် ရှိပေသည်။

ဤမုံတာဝဂူနှင့်စပ်၍ ထိုကဲ့သို့ ထူးဆန်းသော ဖြစ်ရပ်တစ်ခုဖြစ်ပေါ်ခဲ့သည်မှာ ၁၃၂၇-ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၆-၆-၆၅) တနင်္ဂနွေနေ့က ဖြစ်၏။

## အံ့ဖွယ်လက်မှုပညာ

ထိုအချိန်ကား မုံတဝဂူကို ပန်းရံ အလုပ်သမားများ ညအိပ်၍ လုပ်ဆောင်သောအခါ ဖြစ်ရာ ပန်းရံသမားကလေး မောင်လှမြင့်သည် ထို နေ့နံနက်စောစော အိပ်ရာမှထကာ မိမိဝတ္တရားအရ လိုဏ်ဂူဝအနီး စေတီ၌ သောက်ရေဘည်ခြင်း၊ ပန်း ရေချမ်းလဲခြင်း၊ တံမြက်လှည်းခြင်း၊ ဝေယျာ ဝစ္စများပြုလုပ်ရန် တံစခန်းမှ ကျောက်လှေကားကြီးအတိုင်း ဂူသို့တက်ရာ စေတီမုခ်ဝ၌ ထူးဆန်းသော အရာဝတ္ထုတစ်ခုကို တွေ့ရလေ၏။

တစေ့တစောင်းကြည့်သောအခါ ပြိုးပြိုးပြက်ပြက်အပြားကြီး တစ်ခု ဖြန့်လှမ်းထားခြင်းဖြစ်သည်ကို တွေ့ရလေရာ အဖေ်များကို လှမ်း၍ အော် ခေါ်လိုက်၏။ အဖေ်များ ရောက်လာမှ အနီးသို့သွား၍ ကိုင်ကြည့်ဝံ့ကြ သည်။ သေသေချာချာကိုင်ကြည့်သောအခါ မည်သို့မျှ မမြင်ဖူးသော စိတ် ကူးထဲမှာပင် မရှိနိုင်သော ရွှေတဘက်ကြီး တစ်ထည် ဖြစ်နေသည်ကို တွေ့ကြ ရလေ၏။

ထိုနေ့ အလျင်တစ်ရက်ကလည်း မည်သည့် ဘုရားဖူး တစ်စုံတစ်ဦးမျှ မလာရောက်ခဲ့ပေ။ သို့နှင့် ထူးဆန်းသော ရွှေဟောင်းတဘက်ကြီးကိုအကျိုး ဆောင် ဦးသိန်းလွင်၊ ဦးဘကြင်တို့ရှိရာ တောင်ကြီးမြို့သို့ ယူဆောင်လာ ကြ၏။ အကျိုးဆောင် ပုဂ္ဂိုလ်များလည်း မမြင်စဖူး ထူးဆန်း အံ့ဩလျက် ရုတ်တရက် စကားမဆိုနိုင်ဘဲရှိကြလေ၏။ သို့နှင့် ရွှေဟောင်းပစ္စည်း ကျွမ်း သူများကို လေ့လာစေရသည်။

သို့ရာတွင် ဤမျှဆန်းကြယ်သော ရွှေဟောင်း ရွှေသားတဘက်ကြီးကို အဘယ်လူမျိုး၊ အဘယ်ခေတ်က ရက်လုပ်သည်ဟု ဆိုရန် ခက်ခဲလှဘိ သည်။

ရွှေတဘက်ကြီးကား—

| | | | |
|---|---|---|---|
| ၁။ အလျား | ၃-ပေ ၈-လက်မ။ | ၄။ ဟသ်ာရုပ် | ၂-ရုပ်။ |
| ၂။ အနံ | ၆-လက်မ။ | ၅။ ယပ်တောင်ရုပ် | ၉၆-ရုပ်။ |
| ၃။ အလေးချိန် | ၂၈-ကျပ်သား။ | ၆။ ရွှေခြူ | ၂၉-လုံးပါရှိ၏။ |

ရွှေသား အစစ်ကို ဆံချည်မျှင်ခန့် သေးငယ်သော နန်းကြိုးများဆွဲကာ လှပစွာ ဂျတ်ခုတ်ရက်ထားဟန်ရှိ၏။ တစ်ဖက်စီ၌ ရွှေဟသ်ာရုပ်များ ဖော်ပြီး အချိတ်ပန်းများ ခြူးခက် ခြူးနွယ်များဖြင့် ပုံဖော်ထား၏။ ကျောဘက်တွင် ယပ်တောင်ကွက်များဖော်ထား၍အထူးသဖြင့်အဖျားအနားနှစ်ဘက်စလုံးတွင်



ထူးဆန်းသော ရွှေသားတဘက်ကြီး

ရွှေခြုလုံးကလေးများ သပ်ရပ်စွာ ဆွဲစီထား၏။ တဘက်ကို လှုပ်ရှားခါယမ်းတိုင်း ရွှေခြုသံကလေးများ ပေါ်ထွက်လာ၏။ စိတ်ကူးထဲမှာပင် မရှိနိုင်လောက်သော အလွန်ဆန်းကြယ် အံ့ဩဖွယ်ကောင်းသော လက်မှုပညာတစ်ရပ်ဖြစ်ပေရာ 'လူသားတို့၏လက်ဖြင့် ပြုလုပ်၍ရသော ပစ္စည်းမှ ဟုတ်ပါလေစ'ဟု တွေးတောရလောက်အောင် ဆန်းကြယ်နေပေသည်။

အကယ်၍သာ ရှေးအခါက 'မြန်မာပြည်၌ လုပ်သည်'ဟု အခိုင်အမာ ဆိုနိုင်ချေအံ့၊ ကမ္ဘာ့ အံ့ဖွယ်တစ်ခု ဖြစ်ပေလိမ့်မည်။ ရှေးဟောင်းသုတေသနပညာရှင်တို့ လေ့လာ၍ မှတ်တမ်းတင်သင့်ပေသည်။

## မမြင်ရသော ဒါနရှင် ခုနစ်ဦး

တစ်ယောက်ကစတစ်ရာ၊ လူအများဝိုင်းအုံကြည့်ရှုကြလေရာ လက်နှင့်ကိုင်တွယ်ကြည့်ရှုကြသဖြင့် ချက်ချင်း မှုန်သေတ္တာ၌သာ ထည့်၍ ပြကြရ၏။

နေ့စဉ် လူနှစ်ထောင်ခန့် လာရောက်ကြည့်ရှုကြရာ ဦးဘကြင်အိမ်မှာပင် ဆက်လက် ထားရှိပေးရသည်။

ထူးဆန်းသည်မှာ နယုန်လပြည့်ကျော် ၂ ရက် (၁၇-၆-၆၅) နေ့တွင် လာရောက်ကြည့်ရှုကြသူ နှစ်ထောင်ခန့်ရှိသော ပရိသတ်ထဲမှ တောင်ကြီးမြို့ ပြည်တော်သာရပ်နေ ဦးတင်နု သရာမ ဒေါ်လှခင်တို့၏ သမီး ကောလိပ်ကျောင်းသူ မဌေးဌေးသည် ရွှေတဘက်ကြီးကို ကြည့်နေလျက်က ရုတ်တရက်ငိုချလိုက်၏။ အကျိုးအကြောင်း မေးမြန်းသောအခါ (သက်ဆိုင်ရာ ပူးဝင်လာသော ကာယကံရှင်က)....

"သည်တဘက်ကို ကျွန်မလှူထားတာပါ။ ကုသိုလ်ရချင်လို့ လှူတာကို လူတွေကိုင်တွယ်ကြည့်ပြီး လောဘစိတ်တွေ ဖြစ်ကြတယ်။ တချို့ကလဲ အစအနကလေးတွေခိုးယူသွားကြတယ်။ ကျွန်မ ဝမ်းနည်းလွန်းလို့" ဟုဆိုကာပြောလျက် ငိုလေ၏။

"စိတ်မဆင်းရဲပါနှင့်၊ လုံလုံခြုံခြုံ သိမ်းဆည်းပါမယ်။ အားလုံးက ဝမ်းလဲသာနေကြပါတယ်။ ဒါထက်....အလှူရှင်က ဘယ်သူလဲဆိုတာ ပြောမပြနိုင်ဘူးလား။ ဦးတို့သိပါရစေ" အမှုဆောင်များက မေးမြန်းသောအခါ....

"ကျွန်မတို့မှာ ညီအစ်မ ခုနစ်ဖော် ရှိကြပါတယ်။ ဒီ မုံတဝဂူမှာ ဘုရားတည်ပြီး အမျှဝေလို့ ညီအစ်မငါးယောက် ကျွတ်လွတ်သွားကြရပါပြီ။ ကျွန်မတို့ထဲမှာ အငယ်ဆုံးနဲ့ အကြီးဆုံး နှစ်ယောက်ပဲ ကျန်ပါတော့တယ်။ ကျွန်မက အငယ်ဆုံး 'နန်းသီတာ' ပါ။

"ခု ဒီဘုရားတည်တဲ့ကိစ္စမှာ ကျွန်မတို့ ညီအစ်မတစ်တွေ ကူညီလို့ ဒီလောက် မြန်မြန် ပြီးသွားတာပါ။ ဘုရားဒကာ နှစ်ဦးရဲ့ စေတနာကိုလဲ ကျွန်မတို့ ယုံကြည်လို့ ကူညီတာပါ။ ယခုရွှေတဘက်ကြီးကိုလဲ ဘုရားမှာအမြန်ပြန်ထားပေးစေချင်ပါတယ်"

လာရောက်ကြည့်ရှုသော ပရိသတ်ကြီးမှာ ဝမ်းနည်းဝမ်းသာဖြစ်ကြရ၏။ ညီအစ်မ ခုနစ်ဖော်ကိုလည်း သာဓုခေါ် ချီးကျူးကာ အမျှပေးဝေကြလေသည်။ ရွှေတဘက်ကြီးကိုလည်း မုံတဝဂူ ဆုတောင်းပြည့်စေတီ၌ မှန်သေတ္တာဖြင့် လုံခြုံစွာသိမ်းဆည်းထားသည်ဟု သိရပါကြောင်း။

နန်းသီတာတို့ ညီအစ်မခုနစ်ဖော် ဖြစ်ရာ ဘဝတစ်ကွေ့မှ ပျော်ရွှင်ချမ်းမြေ့စွာ ကူညီ၍ သာသနာပြုနိုင်ကြပါစေ။ အမျှ....အမျှ....အမျှ။


ဆီုပဂ

# ဘုန်းကြီးနှင့် နတ်ကန်တော့ပွဲ

ဘုရားသာသနာတော်က ဘုရားနည်းကို ဟော ပြောနေရာမှာလဲ ထွက်ရပ်ပေါက် ဂိုဏ်းယောင် ယောင်၊ နတ်ဂိုဏ်း ယောင်ယောင် အသွင်ဆောင် နေမျှင် မသင့်တော်ဘူး။ ဌာနတစ်ခုမှာ နတ် ကန် တော့ပွဲ တင်ထားတာကို တွေ့ခဲ့ရကြောင်း ယုံကြည် လောက်တဲ့ ပုဂ္ဂိုလ်ထံမှ ကြားသိရတယ်။

ရဟန်းက နတ်ကို အရိုအသေ ပြုတယ်ဆိုတာ ကောင်းပါ့မလား။ ဘုရားတပည့်တော်ကတော့ ရှင် သာမဏေဘဝ, ရဟန်းငယ်ဘဝကတည်းက နတ်ကို ရှင်ရဟန်းက အရိုအသေမပြုကောင်းဘူး၊ နတ်ကသာ ရှင်ရဟန်းကို အရိုအသေ ပြုသင့်တယ်လို့ အသိအမှတ် ပြုလာခဲ့ပါတယ်။

ရဟန်းက နတ်ကို အရိုအသေပြုတယ်, ကန်တော့ ပွဲဖြင့် ပူဇော်တယ်ဆိုတာ ကတော့ အလွန် မသင့် တော်တဲ့အမှုပဲ။ လူဒကာ ဒကာမတွေက လာပြီး ကျောင်းမှာတင်ထားဟာကိုလဲ ဒကာ ဒကာမတွေရဲ့ အလိုလိုက်ပြီး လက်မခံသင့်ဘူး။

မြန်မာနိုင်ငံလို့ရှိရင် အိမ်တွေမှာ (နားယောင်စရာ သာသနာ့ပွဲ ဆိုပြီး) ကန်တော့ပွဲ တင်ထားတာကို တောင် တားမြစ်သင့်တယ်လို့ပဲ မြင်ပါတယ်။ တချို့ က အဲဒီဂိုဏ်း ပုဂ္ဂိုလ်တွေ အသုံးပြုတဲ့ 'ပါရမီရှင်' ဆိုတဲ့ အမည်မျိုးကိုလဲ ခံယူမိတတ်တယ်။ အဲ့ဒါမျိုးကို လဲ မခံယူသင့်ဘူး။

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ
မဟာစည်ဆရာတော်ဘုရားကြီး

# အိုနာကျိုးကန်း ကံအစွမ်း

## ( ၁ )

လူ့လောကကို လျှောက်၍ကြည့်လျှင် လူတိုင်း နေ့စဉ် ကံတရားတွေ ကိုယ်စီ ဖန်တီးနေကြပုံကို မြင်ရပေမည်။ အချို့က ကောင်းကျိုးအတွက် ကုသိုလ်ကံတွေဖန်တီးနေကြသည်။ အချို့က မကောင်းကျိုးအတွက် အကုသိုလ် ကံတွေ ဖန်တီးနေကြသည်။ အချို့က နှစ်မျိုးစုံ ရောထွေး ဖန်တီးနေကြ သည်။

စိုက်ပျိုးထားသော သစ်ပင်တို့သည် သူ့အချိန်တန်လျှင် သီးပွင့်လာကြ သကဲ့သို့ ကံတရားတို့၏ သဘာဝလည်း ထို့အတူပင်တည်း။ ဤကံတရားနှင့် သစ်ပင်တို့၏ သဘာဝသည် အထူး စိတ်ဝင်စားဖွယ် ကောင်းနေပေသည်။ (ဥပမာ) လူတစ်ဦးအဖို့ ပထမအရွယ်က ပြုထားမိသော ကံသည် သူ့အား ဒုတိယအရွယ်တွင် အကျိုးပေးလာတတ်ရာ မိုးဦးက စိုက်ထားသောသစ်ပင် သည် မိုးလယ်တွင် သီးပွင့်လာသကဲ့သို့တည်း။ အချို့ဒုတိယအရွယ်၌ အကျိုး မပေးသေးဘဲ တတိယအရွယ် လူအိုပိုင်းရောက်လာမှ အကျိုးပေးတတ်ရာ မိုးဦးက စိုက်ထားသော သစ်ပင်က မိုးနှောင်းမှ သီးပွင့်သကဲ့သို့ ဖြစ်သည်။

ကောင်းကံဖြစ်စေ၊ ဆိုးကံဖြစ်စေ ဤအချက်ကို သတိထား လေ့ လာကြည့်တတ်လျှင် အများကြီး မြင်လာကြပေမည်။ ဒုတိယအရွယ်၌ ပြုထား သော ကံကား ထိုဒုတိယ အရွယ်၌ လည်းကောင်း၊ တတိယ အရွယ်၌ လည်းကောင်း အကျိုးပေးလိမ့်မည်။ များစွာသော ကံရှင် ကြမ္မာရှင်တို့ သည် ဒုတိယအရွယ် နောက်ပိုင်းကာလ၍ တတိယအရွယ်တွင် ထင်ရှားစွာ အကျိုးပေးလေ့ရှိကြသည်။ တတိယအရွယ် ရောက်မှ ပြုသော ကံမူကား ထိုအရွယ်၌ပင် မရှေးမနှောင်း အကျိုးပေးရမည်။ သို့မဟုတ် နောင် ဘဝ များ ရောက်ခါမှ အကျိုးပေးလိမ့်မည်။ မိုးနှောင်းမှစိုက်သော သစ်ပင်သည် ထိုနှစ် ဆောင်းရာသီ၌ စားသုံးရမည်။ သို့မဟုတ် နောင်နှစ်မှ စားသုံး ရမည်။

တတိယအရွယ်၌ ကုသိုလ်ကောင်းမှု ပြုလုပ်သူတို့သည် ချက်ချင်း အကျိုးမပေးသော်လည်း လှူကြည်ညိုလေးစားခြင်း၊ ချီးမွမ်းခြင်း ခံရ၏။ စေတနာကြောင့် စိတ်လက်ကြည်လင် ချမ်းမြေ့စွာ နေရ၏။ ထိုကံ၏ အကြောင်းပြုချက်ကြောင့် သေခါနီး ကာလ၌ အာသန္နကံ ကြည်လင်နေသည်။ စိတ်ကြည်လင် ချမ်းမြေ့စွာ စုတေရလျှင် ကောင်းရာ သုဂတိဘဝသို့ ရောက်ရန် သေချာသည်။

# ( ၂ )

ဤအရှင် သတိပြုဖွယ်သမ္မတို့တွင် တစ်ခုကို ထုတ်၍ပြမည်။ ပထမအရွယ်တွင် ပြုမှားခဲ့မိသော အကုသိုလ်ကံက တတိယအရွယ်၌ အကျိုးပေးခြင်း ဒုက္ခဝေဒနာခံစားရသော ဆရာတော်ကြီး ဦးတေဇဝန္တ၏ဘဝကိုမှတ်လောက်သားလောက် မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သည်။ ထိတ်လန့်ဖွယ်ရာ သံဝေဂတရားလည်း ရမိပေသည်။

လွန်လေပြီးသောအချိန်က ဤအရှင် သာမဏေဘဝ ရဟန်းငယ်ဘဝဆီက ဖြစ်၏။ ရွှေဘိုခရိုင် ဒီပဲယင်း တောင်လက်နယ်တွင် ရွာသစ်အမည်ရှိသော ရွာကြီး၌ ဘုန်းကြီးကျောင်း သုံးကျောင်း၊ တောင်မြောက်စဉ်၍ တည်ထားကိုးကွယ်ကြသည်။ ရွာမြောက်ဘက်၌ သိမ်ကျောင်း၊ ရွာအရှေ့ဘက်၌ ဘုရားကြီးကျောင်း၊ ရွာအရှေ့တောင်၌ ဦးဓမ္မကျောင်း၊ ကျောင်းအတွင်း၌ သိမ်ရှိသည်ကိုစွဲ၍ မြောက်ဆုံးကျောင်းကို သိမ်ကျောင်းဟု ခေါ်ကြ၏။ ထိုကျောင်း၌ ဆရာတော် ဦးတေဇဝန္တ သီတင်းသုံး ကျောင်းထိုင်သည်။ ရှေးမူစနစ်အတိုင်း ဘုန်းကြီးသုံးပါးသည် ရှိုးသား၍ ညီညွတ်အေးချမ်းစွာ ပျော်ပိုက်တော်မူကြသည်။

# ( ၃ )

ဆရာတော် ဦးတေဇဝန္တသည် သူ၏ပထမအရွယ်ပိုင်းဖြစ်သော လူငယ်ဘဝတစ်လျှောက်လုံးကား အလွန်မိုက်မဲပေတော့ခဲ့လေသည်။ ထိုစဉ်က ထိုရပ်ဒေသ တောကျေးလက်အားလုံး ဘုန်းကြီးကျောင်း တစ်မျိုးတည်းသာရှိရာ ဘုန်းကြီးကျောင်း၌ မနေလို၊ မိဘများကလိုက်ပို့လျှင် ခေတ္တသာ နေသည်။ ဘုန်းကြီးကျောင်းမှထွက်ပြေးကာ တောထဲ၌တစ်ယောက်တည်း လူသူမမြင်ရာ ပုန်းလျှိုးပြီး ညအိပ်နေသည်။ မိဘအိမ်မှ ဆန့်ဆီ့ဆား စသည်ခိုး၍ တောထဲ

၌ ချက်စားသည်။ သူတစ်ပါး ထန်းရေချိုပင်များကို တက်၍ ခိုးသောက်သည်။ အိပ်ချိန် စားချိန်မှ ကျန်အချိန်အားလုံး-ယုန်လိုက်၊ ဖွတ်ရှာ၊ ပဒတ်တွင်းတူး၊ ငှက်ပစ်၍ တောမုဆိုး လုပ်နေသည်။

သူရှာဖမ်းရသမျှ တိရစ္ဆာန်များကို ရက်စက်စွာ သတ်ဖြတ်စားသည်။ တစ်နေ့စာမှကြွင်းသမျှကို ထွက်မပြေးနိုင်ရန် ခြေချိုး၊ မျက်လုံး ထိုးဖောက် အချို့အမြီးချင်းချည်ထားသည်။ သနားကြင်နာစိတ် လုံးဝမရှိ။ ကိုယ်ချင်းစာတရား ကင်းမဲ့စွာ ရက်စက်လွန်းလှသည်။ မိဘဆွေမျိုးများက တောထဲလိုက်လံရှာကြတိုင်း အတွေ့မခံချေ။ တွေ့မြင်ပြန်ကလည်း ဘယ်သူ့ကိုမှ အနားကပ်မခံ။ ကြမ်းကြုတ်သောအမူအရာပြပြီး ရှောင်တိမ်း ထွက်ပြေးသွားတော့သည်။ အကြိမ်ကြိမ် ကြိုးစားကြသော်လည်း မရသည့်အဆုံးတွင် လက်လျှော့ထားကြရသည်။ ထိုအခါ မိဘဆွေမျိုးများနှင့် ရပ်ရွာသားတို့ စိတ်တွင် ဘုရားရှင်လက်ထက်တော်က အင်္ဂုလိမာလ ခိုးသားကြီး ဟိ˙သကကဲ့သို့ ဘယ်သူမှ မဘားမြစ်နိုင်သော တောတွင်းလူဆိုးလူကြမ်းကြီးဖြစ်သွားတော့မည်လောဟု အလွန်စိတ်မချမ်းမြေ့စွာ တွေးတော ပြောဆိုနေကြရလေသည်။

## ( ၄ )

သို့ရာတွင် သူ၏အတိတ်ကံပါရမီသည် ဆိုးပိုင်းကောင်းပိုင်း နှစ်ကဏ္ဍလေ့ကျင့်ခဲ့ဖူးဟန်ရှိ၏။ ငယ်စဉ်က သုံးမရနေအောင် မိုက်ခဲ့သော်လည်း ကျွတ်ချိန်တန်တော့ အလွယ်ပင်သတိသံဝေဂရ၍ ရဟန်းအဖြစ်အထိ တက်ရောက်လာခဲ့သည်။ အသက် ၂၀-ကျော်ပြီးမှ ရဟန်းဖြစ်ခဲ့ရာ 'မွန်းလွဲမှလှန်းသောစပါး နှံနှာမွေ့' ဟူသကဲ့သို့ သူ၏ကြိုးစားမှုကြောင့် သာမန်ပုဂ္ဂိုလ် မဟုတ်တော့။ ဝိနည်းအရာ၌ သိပ်သည်းကျစ်လျစ်စွာသော ကျမ်းဂန်တတ် ဝိနည်းဓိုရ် ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ကာ ကျော်ကြားလာရလေသည်။ သူ၏ဝါသနာသည် အကြောင်းတစ်ခုဖြစ်ပေါ်လာလျှင် အကျိုးတစ်ခုကို မဖြစ်မနေ ဇွဲကြီးစွာ ကြိုးစားတတ်သည်။ ရဟန်းဖြစ်ခါစတွင် သူ၏ ဦးရီးတော် ဆရာဘုန်းကြီးထံပါး၌ အခြားရဟန်းတို့နှင့်အတူ အခြေခံကျမ်းဂန်စာပေများကို သင်ယူသည်။

ထိုစဉ် တစ်နေ့သ၌ သေးငယ်သောအပြစ်တစ်ခုကို မသိနားမလည်၍ ပြုမိသည်။ စားသောက်ရေး ကိစ္စဖြစ်၏။ ဝိနည်းကို အထူးလေးစားလေ့ရှိသော သူ၏ဆရာတော်ကြီးသိလေလျှင် မနှစ်သက်သောကြောင့် များစွာ

ဆိုဆုံးမခြင်းခံရသည်။ အတူနေ သီတင်းသုံးဖော်များ ရှေ့တွင် ဖြစ်၍လည်း သူ့အဖို့ ဆောက်တည်ရာမရလောက်အောင် တုန်လှုပ်ခြင်း ရှက်ခြင်းရောထွေးကာ သံဝေဂကြီးစွာဖြစ်သွားလေသည်။ ထိုအချိန်ကစ၍ 'ဝိနည်းနှင့်မလျော်သောအရာ ဘာတစ်ခုကိုမျှ မပြုမှားစေရ၊ ဝိနည်း ကျင့်ဝတ်ကိုလည်း နားမလည်သော အချက်မရှိစေရ၊ လုံးဝတတ်ကျွမ်းသည်အထိ သင်ယူမည်' ဟု စိတ်ကိုခိုင်မြဲပြင်းပြစွာ ချမှတ်လိုက်တော့သည်။ မကြာမီ ဥပဇ္ဈာယ်ဆရာတော်ထံ ခွင့်ပန်ပြီး စာသင်ယူရန် မန္တလေးနှင့်စစ်ကိုင်းသို့ ထွက်ခွာသွားလေသည်။

ဝိနည်းကို အထူးသင်ကြားပို့ချပေးလေ့ရှိသော တိုက်တာနှင့် ဆရာတော်များ သတင်းကို စုံစမ်း၍ ကျေနပ်လောက်သော ဆရာတော်များထံ ချဉ်းကပ်ပြီးလျှင် ကြိုးကြိုးစားစား သင်ယူလေသည်။ ထိုအချိန်ဆီက စစ်ကိုင်းတောင်ရိုး၌ ကျမ်းဂန်တတ် အကျော်အမော်များ၊ အကျင့်ကြံကောင်း အကျော်အမော်များ သီတင်းသုံးလျက် ရှိကြသော မြန်မာ ဘုရင်များခေတ်ဖြစ်သည်။ ထို့ကြောင့် ဦးတေဇဝန္တသည် မန္တလေး၌သင့်ရုံနေခဲ့ပြီး နှစ်များစွာ စစ်ကိုင်းတောင်ရိုး၌ နေလေသည်။

ဝိနည်းကို သိပ်သည်းကျနစွာ သင်ယူတတ်မြောက်ပြီးနောက် ရပ်ရွာမှ ဒကာများ လိုက်လံပင့်ကြ၍ လိုက်ပါကာ အဆိုပါ ရွာသစ်သိမ်ကျောင်း၌ ကျောင်းထိုင်ရလေသည်။ တစ်ခါတစ်ရံ တပည့်များကိုခပ်ကြမ်းကြမ်း ရိုက်နှက်ဆုံးမတတ်ရာ ငယ်မူစရိုက်မပျောက်ဟန်ရှိ၏ဟု ဒကာများက စိုးရိမ်တတ်ကြသေးသည်။ သို့ရာတွင် ကရုဏာဒေါသော အလျောက်ဖြစ်ရာ သတိမလွတ်။ ဝိနည်းအရာ၌ သိပ်သည်းစွာကျင့်ကြံနေထိုင်တတ်သည်။ ကျောင်းထိုင်ဘုန်းကြီးချင်း စကားစပ်မိကြလျှင်လည်း ဝိနည်းနှင့်စပ်သော စကားကိုသာ အလေးထား ပြောလေ့ရှိသည်။ နှုတ်ရအာဂုံလည်း များသည်။ ထို့ကြောင့် တစ်စတစ်စနှင့် ပတ်ဝန်းကျင်နယ်မှစ၍ ဝိနည်းအရာ နာမည်ကျော်တစ်ပါးဖြစ်ကာ ထင်ရှားသွားလေသည်။ ဤသို့လျှင် ဒုတိယအရွယ်တစ်လျှောက်လုံးကျန်းမာလျက် ကိုယ်စိတ်ချမ်းမြေ့စွာ ယာပထလေးလီ မျှညီရွှင်ပြုံး၍ သီတင်းသုံးနေထိုင်တော်မူခဲ့လေသည်။

## ( ၅ )

တတိယအရွယ်သို့ကူးရန် ဒုတိယအရွယ်၏ နောက်ပိုင်း အချိန်တွင် ဆရာတော်ဦးတေဇဝန္တ၏ ကျန်းမာရေးသည် တစ်စွန်းတစ်စချွတ်ယွင်းလာ၏။

ခါးနာသည်၊ ဒူးနာသည်၊ မျက်စိနာသည်၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲမှုများလာသည်။ မကြာခဏ ဖျားတတ်သည်။ နီးစပ်ရာ ဆေးဆရာများက ကုသပေးကြ၏။ ကောင်းနိုးရာရာ ဆေးမျိုးစုံကို တစ်မျိုးပြီးတစ်မျိုး ကိုယ်တိုင် စီမံဖော်စပ်စား၏။ ခဏတာသက်သာပြီး ဖြစ်မြဲပြန်၍ဖြစ်၊ နာမြဲပြန်၍ နာလာကြတော့သည်။

သက်တော် ၅၀-ကျော်၍ တတိယအရွယ်တွင်း သက်ဆင်းရောက်လာသောအခါ ရောဂါများက ပိုကဲထူပြောလာကြသည်။ ဒူးကိုက်နာသည် ဒူးကျိုးသွားသကဲ့သို့ ပို၍ ဆိုးလာရာ မသွားလာနိုင်တော့ချေ။ မျက်စိနာကလည်း ဆိုး၍လာရာ တဖြည်းဖြည်းနှင့် လုံးဝကွယ်သည့် အဖြစ် ရောက်သွား၏။ ဒူးကျိုး၍ မသွားနိုင်။ မျက်စိကွယ်ခဲ့၍ ဘာမျှ မမြင်ရတော့။ အခြား ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတို့ကလည်း ဟိုကနာ သည်ကနာနှင့် ခန္ဓာကိုယ် တစ်ခုလုံး ဘယ်နေရာမှ ကောင်းလှသည် မရှိတော့။ အသက်ကလည်း တစ်နှစ်ပြီး တစ်နှစ်ကြီးခဲ့ပြီ။ ကြီးရာမှ အို၍ အို၍ လာနေပြီ။ မမြင်ရအတူတူမို့ နေ့ညမခြား အိပ်၍သာ နေရတော့သည်။ တကယ်ပင် သူ့အဖို့ နေ့, ည ဟူ၍ မခြားတော့ပါ။

ဝိနည်းကျမ်းဂန်တတ် အကျော် ဆရာတော်ကြီးဘဝသို့ ရောက်နေပြီးခါမှ မမြင်အပ်သော ကံတရားလက်ချက်ဖြင့် ခံရချက် ဒုက္ခဝေဒနာကား မသက်သာလှပါ။ တရားရှင်မို့သာ အောင့်အည်းသည်းခံတော်မူနိုင်ရှာသည်။ ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးကြရသော တပည့်များကသာဝန်ကျေပွန်စွာ ပြုစုကြရှာ၏။ တစ်လလည်း မဟုတ်၊ တစ်နှစ်သည်း မဟုတ်၊ အသက်ရှည်သမျှ ကာလပတ်လုံး ဒုက္ခိတလုံးလုံး ဖြစ်နေရှာသော ဆရာတော်ကြီးကို နေ့စဉ်နှင့်အမျှ ပြုစုနေကြရကား မသက်သာကြပါ။ နေ့ရက်ရှည်ကာ အိပ်ရာထက်၌သာ ဝဋ်ခံ၍နေတော်မူရစဉ် သီတင်းသုံးဖော်များကို လည်းကောင်း၊ တပည့်ကြီးများကို လည်းကောင်း သူ့ကိုယ်သူ နှောင်တရစွာဖြင့် ဤသို့ ညည်းတွားပြောတော်မူလေ့ရှိသည်။

“အိုနာကျိုးကန်း ဆိုတာ ငါမှ အစစ်ပဲ၊ အိုလဲ အိုခဲ့ပြီ၊ နာလဲ နာနေပြီ၊ ကျိုးလဲ ကျိုးနေပြီ၊ ကန်းလဲ ကန်းခဲ့ပြီ၊ ငယ်စဉ်ဘဝက ငါဝဋ်ခံရလိမ့်မည်ဟု လုံးဝ မတွေးဆမိဘဲ ကိုယ်ချင်းစာတရားမရှိ မိုက်မဲရက်စက်စွာ ငါပြုမှားခဲ့မိသော အကုသိုလ်ကံတို့က ဘဝမခြား ငါ့ကိုယ်၌ ဒဏ်ပြန်ခဲ့လေပြီ၊ ငါ့ကိုသာကြည့်၍ သတိသံဝေဂယူကြပေတော့၊ နောင်ဘဝတော့ဖြင့် ဘယ်လို နေရမည် မသိသေး”....တဲ့။

( ၆ )

မိုးဦးက စိုက်ခဲ့သော သစ်ပင်သည် မိုးနှောင်းတွင် သီးပွင့်လာကြသကဲ့သို့ ဆရာတော် ဦးတေဇဝန္တအား ပထမ အရွယ်က မွေးခဲ့သော ကြမ္မာသည် တတိယ အရွယ်၌ ဂြိုဟ်ဆိုးဖြစ်ကြလေပြီ။ သေချင်၍လည်း မသေနိုင်။ နေရပြန်ပါကလည်း မချမ်းသာ။ ဝဋ်ကြီးလှပါသည်။ မိုက်မဲစိတ်တက်နေစဉ်က 'နောင်အခါ ငါ့ကို ပြန်၍ ဒဏ်ခံရလိမ့်မည်' ဟု သတိ မထားမိကြ။ ကမ္မဿကာ ကံသာလျှင် မိမိဥစ္စာရှိကြကုန်၏။ သားမုဆိုး၊ ငှက်မုဆိုး ဘဝတုန်းက ရက်စက်ခဲ့မိသော သတ်ဖြတ်မှု ကံတို့ကြောင့် ဘုရားရှင် လက်ထက်တော်က ပူတိဂတ္တတိဿ မထေရ်ကြီး၏ နာတာရှည်ရောဂါ ဖြစ်ပုံမျိုးသည် ကြောက်မက်ဖွယ် ကောင်းလှသည်။ ရဟန္တာ ပုဂ္ဂိုလ်ကြီး ဖြစ်သော်လည်း ကြွေးတင်နေသော ဝဋ်တရားကား ရှေဆေး၍ မရနိုင်ချေ။ အကယ်၍ မကောင်းမှုမပြုဘဲ ကုသိုလ်ကောင်းမှုတွေသာပြုစုဖန်တီးခဲ့မိလျှင် ကောင်းကျိုး ချမ်းသာတွေချည်း ခံစားကြရပေမည်တည်း။

'သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဆရာတော် ဦးဥတ္တမသာရ
အာသံနယ်ခြား တောင်ကြီး။

(၁၃၂၉–ခုနှစ်၊ တော်သလင်းလပြည့်နေ့ထုတ် ဓမ္မဗျူဟာ စာစောင် အတွဲ (၆) အမှတ် (၄) မှ တောင်တန်း ဆရာတော်ဘုရားကြီး၏ "ကံတရား၏ အကျိုးပေးချိန်" ဆောင်းပါးကို ကောက်နုတ် တင်ပြခြင်း ဖြစ်ပါသည်။)

○

မကောင်းမှုအကုသိုလ်ပြုသူ၏နောက်သို့မကောင်း
ဖြစ် မကောင်းဒဏ်တို့သည် နွားခြေရာကို လှည်းဘီး
နင်းသကဲ့သို့ နင်းချေလိုက်ပါတတ်၏။ ငယ်စဉ်က
ဝဋ်ကြွေးအတွက် တစ်သက်လုံး အိမ်ထောင်ရေး
သောက ဒုက္ခတွေ ရောက်ရလေရော့သလား?

# ဝဋ်နှင့်ကြွမှာမလွတ်သာ



ပန်းချီစံတိုး

# ဝင္ဒနှင့် ကြမ္မာ မလွတ်သာ

ကျွန်တော် ကလေးအရွယ် ငယ်စဉ်တွင် ကျွန်တော့် ဘိုးအေကြီးက ဤသို့ ပြောပြဖူး၏။

"ဘနဲ့ မင်းဘွားအေ မစိုးနဲ့ အကြောင်းပေါ်ပြီး မကြာခင်မှာပဲ ဘနဲ့ ဘတပည့်တွေဟာ လှေ တစ်စင်းနဲ့ အောက်အရပ်ကို စုန်သွားကြတယ်။ ကိစ္စကတော့ အောက်ပြည် အောက်ရွာမှာ လှည့်လည်ပြီး လက်သမားလုပ်ဖို့ပဲ....။

"အောက်မြို့၊ အောက်ရွာရောက်တော့ ဈေးတွေကို ဝင်ကြည့်တယ်။ ဈေးထဲက ငါးတန်းမှာ ငါးအရှင်တွေကို စည်ပိုင်းကြီးနဲ့ လှောင်ထားပြီး ဝယ်သူလာတော့မှ ငါးခေါင်းကို ထုသတ်ပြီး ရောင်းတယ်။"

ဘိုးအေကြီး၏စကားကို ကြားရသောအခါ ကျွန်တော်ထိတ်လန့်အံ့သြသွားမိသည်။ အကြောင်းမူကား ကျွန်တော်တို့အရပ်တွင် ငါးအရှင်ကို လောလောလတ်လတ် ထုသတ်ရောင်းချသည့် အလေ့အထ မရှိသောကြောင့် ဖြစ်၏။

ဘိုးအေကြီးက ဆက်ပြောပြန်၏။

"အဲဒီလို ငါးအရှင်တွေကို ထုသတ်ကြတာ မြင်ရတော့ ဘက ကြည့်ကောင်းကောင်းရှိလို့ ကြည့်နေမိတယ်။ ကြည့်ရိုးတင်တောင်မကသေးဘူး။ ငါးခေါင်းတွေကို ထုတိုင်းထုတိုင်း ဘစိတ်ထဲမှာ ပျော်သလိုရှင်သလို ကျေနပ်သလိုဖြစ်သွားတယ်။ အဲဒီနောက် တယ်မကြာလှပါဘူး။ ဘမှာ ခေါင်းကိုက်ရောဂါ အကြီးအကျယ် စွဲကပ်တော့တာပဲ၊ ဘယ်ဆေး ဘယ်ဝါးနဲ့မှ ကုလို့ မပျောက်တော့ဘူး။ ဆေးစား - ဆေးသောက်ပေမယ့် ခဏဘဖြုတ်သာ သက်သာပြီး ကိုက်မြဲပြန်ကိုက်တော့တာပါပဲ၊ ဘ ခေါင်းကိုက် ဝေဒနာဟာ

သေရာပါတော့မှာ ထင်ပါရဲ့ကွာ။ ဒီဝေဒနာကြီး စွဲကပ်ရတာကတော့ ငါး တွေကို ခေါင်းထုသတ်တာ မြင်တဲ့အခါ ဝမ်းသာမိတဲ့ အကုသိုလ်ကြောင့် ပေါ့ကွယ် ”

ဘိုးအေကြီး၏ ခေါင်းကိုက် ဝေဒနာမှာ သေသည့် တိုင်အောင် မပျောက်တော့ပေ။

တမလွန်လောက နောင်ဘဝတွင်လည်း ခေါင်းကိုက် ရောဂါဆက်၍ ခံစားနေရဦးမည်လား မပြောတတ်တော့ပါ။

## ဘွားအေကြီး၏ မျက်မြင်

ကျွန်တော့်ဘွားအေကြီးကလည်း စိတ်ဝင်စားဖွယ် အကြောင်းတစ်ရပ် ပြောပြဖူး၏။

“အမေတို့ငယ်ငယ်က အရီးအိုဆိုတဲ့ မိန်းမကြီးတစ်ယောက် ရှိသကွယ့်။ အဲဒီအရီးအိုဟာ သူများအသုဘတွေကို လိုက်ပို့ပြီလားဆိုမှဖြင့် ဘယ်တော့မှ သုသာန်ရောက်အောင် မပို့ဘူး၊ လမ်းခုလတ်ကချည်း ပြန်ပြန်လာတယ်။ အဲ....အရီးအိုသေတော့ လူတကာတွေကပဲ သူ့အသုဘကို လိုက်ပို့ကြတယ်။ သို့ပေမယ့် မသာချသွားလို့ လမ်းခုလတ်ကိုလဲရောက်ကရော၊ မိုးကြီးပေါက် ဆိန်ပေါက်ရွာချတဲ့အတွက် အရီးအိုအလောင်းကို လမ်းမှာတင် ပစ်ထားခဲ့ပြီး ပြန်ပြေးခဲ့ကြတယ်။ မိုးကြီးတိတ်တော့မှ ရင်းနှီးတဲ့ ဆွေမျိုးသားချင်းအနည်း ငယ်လောက်က အလောင်းကိုသုသာန်ယူပြီး မြေမြှုပ် သင်္ဂြိုဟ်လိုက်ရတယ်။ အင်း... ကိုယ့်စေတနာအတိုင်း အကျိုးပေးတယ်ဆိုတာ ဒါမျိုးကို ခေါ်တာ ပေါ့ကွယ်။”

ကျွန်တော့်ဘွားအေကြီးစကားကို ကြားရသောအခါ “ကိုယ်ပြုသော အမှုနှင့်ထပ်တူထပ်မျှအကျိုးခံစားရပါကလား”ဟူသောအသိကိုကျွန်တော်ငယ် စဉ်ကပင် ရရှိခဲ့ပါသည်။

## ကျွန်တော်၏ အတွေ့အကြုံ

ကျွန်တော်ငယ်စဉ်က တောရွာများတွင် နေခဲ့ရ၏။ ရွာတစ်ရွာတွင် နွားသတ်သော လူကြီးတစ်ယောက်ရှိ၏။ တစ်နေ့တွင် ထိုလူကြီး၏လည်ချောင်း တွင်းမှာ ဆုံဆို့နာ (ယခုခေတ်ခေါ် ကင်ဆာ) ပေါက်လေရာ အစားအစာ

---

မစားနိုင်သည့်အပြင် စကားလည်းမပြောနိုင်ဘဲ နွားများအော်သလို အော်နေရရှာ၏။

ထိုလူကြီး အော်သံကို ကြားရသော ရွာသူ-ရွာသားများက ဤသို့ဆိုကြသည်။

"ဒီလူကြီးအော်တဲ့အသံဟာ သူသတ်ခဲ့တဲ့နွားတွေအော်သံနဲ့အတူတူပဲ"

ထိုလူကြီးမှာ ရောဂါဆိုးအနာဆိုးကြီးကို ခံစားနေရသည့်အတွက် နောင်တ တရားရကာ "သူကျွန်းမာလာလျှင် နွားမသတ်တော့ပါဘူး" ဟု အမူအရာဖြင့် ပြ၏။

"သူကျန်းမာလာပါက ကုသိုလ်ကောင်းမှု ပြုပါတော့မည်" ဟု လက်ဟန်ခြေဟန်ပြရှာ၏။

သို့သော် အကုသိုလ်သည် သူ့အား ကောင်းမှုပြုခွင့် မပေးတော့ချေ။ ထိုနွားသတ်သမားကြီးမှာ ရောဂါအပြင်းအထန်ခံရင်း သေရွာသို့ ယွန်းရရှာလေတော့သည်။

ထို့ပြင် ဦးမိုးဟုခေါ်သော လူတစ်ယောက်ကိုလည်း တွေ့ဖူး၏။ ဦးမိုးမှာ မုဆိုးဖြစ်ရာ တောတိရစ္ဆာန်ငယ်များဖြစ်သော ချိုး၊ ခါ၊ ငုံး၊ တောကြက်၊ ဖွတ်၊ ပတတ် စသည်များကို ဖမ်းဆီး။ ဖမ်းဆီး၍ရသော တိရစ္ဆာန်များကို အရှင်လတ်လတ် မီးမြှိုက်ကင်သတ်ဖြတ်ခြင်းကို ပြုတတ်သည်။

ဆောင်းရာသီ နေ့တစ်နေ့တွင် ဦးမိုးမီးလှုံနေစဉ် မီးပုံထဲသို့ လဲကျလောင်ကျွမ်းကာ ကွယ်လွန်ရရှာလေသည်။

ကိုယ်ပြုသောအမှုနှင့် ထပ်တူထပ်မျှ အကျိုးပေးခြင်းပင်တည်း။

## ဘိန်းသမား မျက်လှည့်

လူဆိုး-လူညစ် တစ်ယောက်ကိုလည်း တွေ့ဖူး၏။ ထိုသူသည် ဖဲဝိုင်းထောင် ဖဲဒိုင်ခံကာ ဖဲလိမ်၍ရိုက်တတ်သည်။ အရက်လည်းရောင်းသည်။ ဘိန်းလည်းချသည်။ ငွေရမည်ဆိုလျှင် မည်သည့် ဒုစရိုက်မှုကိုမဆို ပြုဝံ့သူတည်း။

သူ၏ ပွေလီဆန်းပြား ညာဏ်နီညာဏ်နက် ထုတ်တတ်ပုံကို ဖော်ပြပါဦးမည်။

ထိုသူသည် သင်္ဘောဖြင့် သူနေသည့်မြို့သို့ လိုက်ပါလာ၏။ သင်္ဘော ဆိုက်သည်နှင့်တစ်ပြိုင်နက် ပုလိပ်ဘက်ယစ်မျိုးဘက်မှအရာရှိများသည် သင်္ဘော ပေါ်သို့ တက်လာကြကာ ထိုသူအား ဝိုင်းရံစစ်ဆေးကြတော့သည်။

"ဘိန်းချလာတယ်လို့ သတင်းအခိုင်အလုံ ရထားတယ်။ ဘိန်းတွေ ဘယ်မှာလဲ"ဟု မေးကြရာ ထိုသူက ခေါင်းခါကာ ငြင်းကွယ်လေသည်။

အရာရှိများသည် ထိုသူတွင်ပါသည့် ပစ္စည်းမှန်သမျှကို လှန်လှောမွှေ နှောက်၍ ရှာဖွေကြ၏။ ဘာမှမတွေ့ရ၊ အချည်းနှီးသာတည်း။

အရာရှိများ စိတ်ပျက်လက်လျှော့ကြရလေတော့သည်။ ထိုသူမှာကား သင်္ဘောပေါ်မှဆင်းခဲ့ပြီး အိမ်တစ်အိမ်ဆီသို့ အပြေးအလွှား သွားလေသည်။

"ဟေ့....ဘုန်းကြီးကျောင်းကိုလှူဖို့ငါပေးလိုက်တဲ့ပုန်းရည်အိုးလှူပြီး ပြီလား"ဟု ထိုသူက မေး၏။

ဖြစ်ပုံကား ဤသို့တည်း၊ လူကလိမ်နှင့်တစ်မြို့တည်းနေသူလူတစ်ယောက် သည် လူကလိမ်နှင့်အတူ သင်္ဘောတစ်စင်းတည်းတွင် စီးလာခဲ့ကြ၏။ မြို့သို့ ရောက်ခါနီးတွင် လူကလိမ်က ထိုသူအား—

"ဟောဒီ ပုန်းရည်အိုးကို အရှေ့ကျောင်းဘုန်းကြီး ဦးပဏ္ဍိကိုလှူလိုက် စမ်းပါ"ဟုဆိုကာ ပေးအပ်လိုက်သည်။

ပေးအပ်ခြင်းခံရသူသည် ပုန်းရည်အိုးကိုဆွဲကာ သင်္ဘောပေါ်မှဆင်းခဲ့ ၏။အိမ်သို့ရောက်၍မကြာမီတွင်ပင် လူကလိမ်ရောက်လာကာ "သူ့ပုန်းရည်အိုး ကို သူကိုယ်တိုင် ဘုန်းတော်ကြီးထံ သွားရောက်လှူဒါန်းမည်"ဟု ပြောကာ ပြန်ယူသွားခြင်းဖြစ်သည်။

ထိုပုန်းရည်အိုးအတွင်းတွင်ကား ဘိန်းများ ပါလေသတည်း။

ယင်းသို့သောနည်းဖြင့် ဘိန်းချသူ၊ အရက်ရောင်းသူ၊ ဖဲလိမ်ရိုက်သူ အဖြစ် အသက်မွေးခဲ့သူသည် တစ်နေ့သောအခါတွင် သူ၏ဆွေမျိုးများအား အထိတ်တလန့် ပြောလေတော့သည်။

"ညက ငါအိပ်မက်မက်တယ်၊ လူသူတော်ကြီးတစ်ယောက် ငါ့ထံ လာပြီး 'နင်သေရင် ဝက်မကြီးဝမ်းထဲမှာဝင်ပြီး ဝက်ဖြစ်ရလိမ့်မယ်' လို့ ပြောတယ်"

သူ့အိပ်မက်ကို အစွဲအလမ်းကြီးကာ မအိပ်နိုင်-မစားနိုင် ဖြစ်လေ တော့သည်။

ထိုသူသည် သူပြုသည့်အကုသိုလ်များ ပြေပျောက်စေရန် ကျောင်း ဆောက်သည်။ ဘုရားတည်သည်။ ရှင်ပြုသည်။ အကုသိုလ်ရောဂါကို ကုစား ခြင်းဖြစ်၏။

ပြေပျောက်သင့်သလောက်ကား ပြေပျောက်ကောင်း ပြေပျောက်ပေ လိမ့်မည်။ နေ့ဘဝတွင် အကုသိုလ်အကျိုးပေး မည်မျှခံစားရမည်ကိုမသိ။ ယခုဘဝတွင်ကား မသေမီ စိတ်သောက ဗျာပါဒ ပြင်းစွာ ဖြစ်သွားရရှာ လေသည်။

## အဖေ၏ သာဓက

မကောင်းမှု အကုသိုလ်ဟူသည် လွန်စွာ ကြောက်စရာကောင်းလျက် မိမိပြုသောအမှုနှင့် ထပ်တူထပ်မျှ အကျိုးပေးတတ်ပုံကို ကျွန်တော် အဖေက သာဓကပြခဲ့ပေသည်။

ကျွန်တော ကလေးအရွယ် ငယ်စဉ်က ဖြစ်၏။ ကျွန်တော် ဘိုးအေ ကြီးမှာ အိုမင်းမစွမ်းဖြစ်ကာ လူကြီးရောဂါ ဖိစီးနှိပ်စက်လျက် အားအင် နည်းပါးလှသောကြောင့် 'နွားနို့စစ်စစ်သောက်ရမည်' ဟု ဆေးဆရာက ညွှန် ကြား၏။

သို့သော် နွားနို့စစ်စစ်ကား ရှာမှရှားလှသည်။

'နွားနို့ တစ်မှု့၊ ရေတစ်မှု့၊ ဖြူလျှင် နွားနို့ခေါ်သတတ်' ဟူသော စကားအတိုင်း ရေရောထားသော နွားနို့များကိုသာ ဝယ်၍ရသဖြင့် နွား နို့စစ်စစ်ရနိုင်ရန်အတွက် အိမ်တွင် နို့စားနွားမ မွေးထားရသည်။

နွားနို့ နွားမဟူသည် နို့တိုက်ရသော သားငယ်နွားကလေးနှင့်ဖြစ်၏။

ဘိုးအေကြီးအတွက် ကျွန်တော့်အဖေက နွားနို့ ညှစ်ပေးရသည်။ နွားနို့ညှစ်ရသည့် ကယိကထကား များလှစွာ၏။

ညအချိန်တွင် မိခင်နွားမကြီးနှင့် နွားကလေးကို ခွဲခွာ၍ တစ်တိုင်စီ တွင် ကြိုးဖြင့် ချည်နှောင်ထားရသည်။ နွားကလေးမှာ နို့စို့ချင်ရှာလွန်း သဖြင့် လည်ပင်းပြတ်မတတ် ရုန်းရှာသည်။ မိခင်နွားမကြီးခမျာမှာလည်း သားငယ်ကို နို့တိုက်ချင်လှသဖြင့် သေလုမြောပါး ရုန်းရှာ၏။ သို့သော် ခိုင်ခံ့သော ကြိုးဖြင့် ချည်နှောင်ထားသည့် အတွက် မောပန်း နာကျင် ခြင်းသာ ခံရလျက် နို့ကား မစို့နိုင် မတိုက်နိုင်ရှာချေ။

ယင်းသို့ နွားကလေးကရှန်း၊ မိခင်နွားမကြီးက ရှန်းဖြင့် တစ်ညလုံး ပင်ပန်းနေကြရှာသည်။

နံနက်လင်း၍ နွားနို့ညှစ်ချိန်ကျသဖြင့် နွားနို့ညှစ်သောအခါ နွားမကြီး၏နို့မှာ တောင့်နေသော်လည်း ညှစ်၍ တစ်စက်မျှ မထွက်တော့ချေ။ အကြောင်းမူကား သူ့သားနွားငယ်ကလေး စို့ခြင်း မဟုတ်သောကြောင့် နွားမကြီးက နို့ချမပေးခြင်းဖြစ်၏။

ထိုအခါတွင် နို့ညှစ်သူ ကျွန်တော့်ဖခင်သည် နွားကလေးကို ချည်တိုင်မှ ကြိုးဖြေ၍ လွှတ်လိုက်သည်။ တစ်ညလုံး မစို့ရသဖြင့် နို့ဆာလှသော နွားကလေးသည် ကြိုးဖြေလိုက်သည်နှင့် တစ်ပြိုင်နက် မြူးတူးခုန်ပေါက်ကာ နွားမကြီးထံ ပြေးသွားပြီး နို့စို့ရှာလေတော့၏။

နွားမကြီးကလည်း သူ့သားငယ်မှန်း သိသဖြင့် နို့ချပေး၏။ နွားကလေးသည် အငမ်းမရစို့၏။ ထိုအခိုက်တွင် ကျွန်တော့်ဖခင်က နွားကလေးကို အတင်းဆွဲကာ ချည်တိုင်တွင် ပြန်ချည်ပြီးနောက် နွားမကြီးနို့ကို ညှစ်ယူလေတော့သည်။

နို့ညှစ်ပြီး၍ နွားကလေးကို ဖြေလွှတ်လိုက်သော အခါတွင်ကား နွားကလေး ဝအောင် မစို့ရရှာတော့ပေ။

ကျွန်တော့်ဖခင်သည် နေ့စဉ်နှင့်အမျှ နွားနို့ညှစ်ရသည်။ နွားသား အမိကို မသနား၍ကားမဟုတ်၊ သနားပါ၏။ သို့သော် နွားသားအမိထက် အရေးကြီးသော သူ့ဖခင်အိုကြီး အသက်ဆက်ရေးအတွက် မျက်စိမှိတ်ကာ ပြုရခြင်းဖြစ်၏။

အကုသိုလ်ဟူသည် မည်သည့်အကြောင်းကြောင့်ပင်ပြုပြု၊ ခွင့်လွှတ်ရိုးခြင်းချက်ထားရိုး ထုံးစံမရှိဘဲ မိမိပြုသောအမှုနှင့် ထပ်တူထပ်မျှ မကောင်းကျိုး ဆိုးပြစ် ပေးမြဲသာတည်း။

ကျွန်တော် ၅-နှစ်သား အရွယ်ရောက်သောအခါ ကျွန်တော့်မိခင်သည် သမီးကလေးတစ်ယောက် ဖွား၏။ ထိုကလေးသည် မည်သည့်အခါမျှ နို့ဝအောင် မစို့ရရှာချေ။ ကလေးသည် နို့ဆာလွန်းသဖြင့် တအယ်အယ် ငိုရှာ၏။ မိခင်မှာလည်း နို့တွေတောင့်၍ နေသဖြင့် တိုက်ချင်လှ၏။ ကလေးကိုပွေ့ချီကာ နို့တိုက်သောအခါတွင်ကား နို့အနီးသို့ ကလေးပါးစပ်ရောက်သည်နှင့်တစ်ပြိုင်နက် ပက်လက်သန်ကျသွားကာ မစို့နိုင်ရှာတော့ချေ။

န္တွားကလေး၏ ဖြစ်ပုံနှင့် တစ်ထပ်တည်း တူလှစွာ၏။

ယင်းသို့ နို့မစို့နိုင်သဖြင့် ထိုကလေး သေဆုံးရှာရလေသည်။

ကျွန်တော်ဖခင်သည် ထိုအဖြစ်အပျက်ကို မကြာခဏ ပြောပြကာ "အကုသိုလ်ကို ရှောင်ကြ၊ ကုသိုလ်ကောင်းမှုကို တတ်နိုင်သမျှပြုကြ" ဟု ဆုံးမတတ်ပေသည်။

(၁၉၀၃-ခု အောက်တိုဘာလထုတ် ရတနာ့ဗွန် မဂ္ဂဇင်းမှ ဆရာကြီး ဦးရန်အောင်၏ စာမူကို ကူးယူဖော်ပြပါသည်။

(ဆရာကြီး ဦးရန်အောင်သည် အသက်အရွယ်လည်းရ၊ ဘဝအတွေ့အကြုံလည်း စုံသူဖြစ်၏။ စုံသလောက်လည်း စေ့စေ့ငုငုရှုမြင် တတ်သူ ဖြစ်ရာ ဆရာကြီး၏ ဘဝအမြုတေဟု ခေါ်ဆိုရမည့် ဘဝပေးသင်ခန်းစာများကား နှောင်းလူတို့အတွက် တန်ဖိုးကြီးမြတ်လှပါသည်။ ခုတလော ဆရာကြီး ရေးနေသော ဘဝ ဇာတ်ကြောင်းပြန် 'ဝဋ်နှင့်ကြမ္မာ မလွတ်သာ' အမည်ရှိ ဆောင်းပါးဝတ္ထုများကို စောင့်မျှော်ဖတ်ရှု၍ ဘဝင်ခွေ့ရပါ၏။

ဆရာကြီး ဘဝတစ်သက်တာတွင် အထူးခြားဆုံးက အချစ်ဝတ္ထုတွေ ရေးလျက်က အချစ်ရေး အိမ်ထောင်ရေး အဆင်မပြေရခြင်းပင်တည်း။ တစ်ပင်လဲမှ တစ်ပင်ထူလည်း ထူသမျှ ပူရသည်ချည်း။ ထိုအိမ်ထောင်ရေး ဝဋ်ကြမ္မာ အတွက် ဆရာကြီး ဘယ်ပုံ သုံးသပ်မည်ကို သိလိုကြ၏။ ထိုအတွက် ဆရာကြီးက၊ စပယ်ဦး မဂ္ဂဇင်း ဇာတ်ခုံပေါ်၌ စာရေးဆရာ ကိုဩဘာ အဖြစ် ထွက်ပေါ်လာကာ အောက်ပါအတိုင်း ဘဝသင်ခန်းစာ ပေးသွားသည်ကို ဆက်လက်ဖတ်ရှုပါဦး။)

## ( ၁ )

စာရေးဆရာကြီး ဦးဩဘာကား အသက် ၇၀ ကျော်လာခဲ့ပေပြီ။

"အင်း....သေဘက်ကို ငါတဖြည်းဖြည်း နီးကပ်လာပြီ။ မကောင်းမှု အကုသိုလ်နည်းအောင်၊ ကောင်းမှုကုသိုလ်များအောင်ဂရုစိုက်ပြီးအားထုတ်မှ သေရင် ကောင်းရာမွန်ရာ ရောက်မယ်"

ယင်းသို့ တွေးပြီးနောက် ဦးဩဘာ၏ စိတ်အစဉ်သည် အတိတ်ဆီသို့ ရောက်သွားလေသည်။

ဦးဩဘာ အသက် ၂၅ နှစ် အရွယ်တွင် ရန်ကုန်မြို့အနီး ရွာ တစ်ရွာတွင် ရှိသော မူလတန်းကျောင်းတွင် ကျောင်းဆရာကြီး လုပ်နေသည်။

ထိုအချိန်တွင် အမျိုးသမီးတစ်ယောက်နှင့်တွေ့ကာ ထိုအမျိုးသမီးကို ဦးသြဘာ လွန်စွာစုံမက်မြတ်နိုးသည်။ ထိုအမျိုးသမီးကား လွန်စွာလှပသူဟု ဦးသြဘာ အထင်ရောက်သောကြောင့်ဖြစ်၏။

ထို့ကြောင့် ဦးသြဘာနှင့် ထိုအမျိုးသမီးသည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်ဖြင့် ပေါင်းသင်းလိုက်ကြလေသတည်း။

ဦးသြဘာ၏ဇနီးကား အချက်အပြုတ် အလုပ်အကိုင် အလျှော်အဖွပ် အထိန်းအသိမ်း အိမ်မှုကိစ္စဆောင်ရွက်ရာတွင် အလွန်တော်သူဖြစ်သဖြင့် လူတိုင်းက ချီးမွမ်းရ၏။

ဦးသြဘာကား ဤတစ်လင်တစ်မယား ဘဝဖြင့် သက်ဆုံးတိုင်ပေါင်းသင်းနေထိုင်သွားရလိမ့်မည်ဟု ထင်မှတ်မိ၏။ သို့သော်....

( ၂ )

တစ်နေ့တွင် ဦးသြဘာတို့အိမ်သို့ လူတစ်ယောက် ရောက်လာသည်။ ထိုသူသည် ဦးသြဘာ ဇနီး၏ မိတ်ဟောင်းဆွေဟောင်းဟု ဆို၏။ ရန်ကုန်တွင် နေသူ ဖြစ်သည်။

ထိုသူပြန်သွားပြီးနောက် ရက်အနည်းငယ် အကြာတွင် ထိုသူ့ထံမှ စာတစ်စောင် ရောက်လာသည်။ ဦးသြဘာတို့ ဇနီးမောင်နှံ ရန်ကုန်မြို့သို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်သည့်စာ ဖြစ်သည်။

ဦးသြဘာကား ထိုသူ ဖိတ်ကြားခြင်းကို မသွားလို။ သို့သော် ဦးသြဘာဇနီးက သွားလိုသဖြင့် သူတစ်ယောက်တည်းသွားသည်။ ဤသည်ကို ဦးသြဘာ မကျေနပ်။

ထို့နောက် လအနည်းငယ်ကြာသောအခါ ဦးသြဘာသည် အရေးကြီးသော ကိစ္စတစ်ခုရှိသဖြင့် မြို့တစ်မြို့သို့သွားသည်။ ထိုမြို့တွင် ရက်အနည်းငယ်ခန့်ကြာ၏။

ဦးသြဘာ နေအိမ်သို့ပြန်ရောက်သောအခါ မိမိသွားရောက်ခဲ့သည့်မြို့မှ မိတ်ဆွေများထံ စာရေးရန် စာရေးစက္ကူကတ်ကို ယူငင်လိုက်သောအခါ မျက်လုံးပြူးရတော့သည်။

စာရေးစက္ကူကတ်၏ အပေါ်ဖုံး ဖြစ်သော မင်နှိပ် စက္ကူပေါ်တွင် ရေးခြစ်ရာ စာများကို တွေ့ရသည်။ ဖြစ်ပုံမှာ တစ်စုံတစ်ယောက်သည် မင်နှိပ်စက္ကူပေါ်တွင် စာရေးစက္ကူကိုတင်၍ စာရေး၏။ ထိုသို့ရေးသော စာများသည် အောက်ခံမင်နှိပ်စက္ကူပေါ်တွင် ခြစ်ရာများအဖြစ် စာထင်၍ ကျန်ရစ်လေသည်။

မင်နှိပ်စက္ကူပေါ်မှစာများကို ဦးသြဘာ ဖတ်ကြည့်သောအခါ စိတ်ထိခိုက်လွန်းသဖြင့် သတိလစ်သလိုပင် ဖြစ်သွား၏။ ထိုစာကား အခြားမဟုတ်—

ဦးသြဘာ၏ဇနီးက ရန်ကုန်တွင်နေသည့် သူ့မိတ်ဆွေ ဆိုသူအား ပေးသည့် မေတ္တာစာ၊ အချစ်စာ၊ ရည်းစားစာ ဖြစ်သတည်း။

ထိုစာကို အကြောင်းပြု၍ စကားအကျယ်ပွားများကာ ဦးသြဘာတို့ ဇနီးမောင်နှံ ကွဲကြလေသတည်း။

သို့သော်—

## ( ၃ )

ဦးသြဘာသည် အိမ်ထောင်ဦး အချစ်ဦးမို့ သံယောဇဉ်မပြတ်နိုင်ဘဲ ဇနီးဟောင်းနောက်သို့ လိုက်သွားသည်။

ဦးသြဘာ၏ဇနီးဟောင်းသည် ကျောက်တန်းမြို့အနီး ရွာတစ်ရွာသို့ ရောက်နေသဖြင့် ထိုရွာသို့ ညသန်းခေါင်လောက်တွင်မှ ဦးသြဘာရောက်သွားသည်။

ဦးသြဘာက တကြော်ကြော်ခေါ်သော်လည်း ရုတ်တရက်တံခါးဖွင့် မပေးသဖြင့် သံဘာယ ဖြစ်မိသည်။

အတန်ကြာမှ တံခါးဖွင့်ပေးပြီးနောက် နောက်တစ်နေ့ နံနက်စောစောတွင်ပင် ဦးသြဘာနှင့်ဇနီး ရန်ကုန်သို့ ပြန်ခဲ့ကြသည်။

ဦးသြဘာသည် သံယောဇဉ်ကြောင့်သာ ခေါ်ခဲ့ရသော်လည်း အတိတ်ဖြစ်ရပ်ကို တွေးကာ မကျေမနပ်ဖြစ်နေသည်။ ဟိုရှေးယခင် အကြောင်းပါကြိစဉ်ကကဲ့သို့ မေတ္တာစေတနာ မထားနိုင်တော့။

ထိုအကြောင်းကို ဇနီးအားလည်းပြောပြသည်။ ဇနီးသည် ဦးသြဘာအား ပြောဆိုပန်ကြားခြင်းမရှိဘဲ တောရွာသို့ ပြန်သွားသည်။

သူ့ဇနီး ဖြစ်ရပ်ကုန်စင်ကို သိလိုသဖြင့် ဦးဩဘာသည် သူ့ဇနီး နေသည့်ရွာသို့ လိုက်သွားပြန်သည်။

သူ့ဇနီး၏ ဇာတ်စုံကို သိရပေပြီ။ သူ့ဇနီးသည် ထိုရွာသားအမျိုးသားတစ်ယောက်နှင့် အကြောင်းပါနေပြီ ဖြစ်ကြောင်း သိရသည့်အတွက် ဦးဩဘာ တပ်ခေါက်ကာ ပြန်ခဲ့ရသည်။

ဦးဩဘာကား အိမ်ထောင်ရေး သောကပွေကာ တစ်ယောက်တည်း နေခဲ့လေသည်။

သို့သော်—

( ၄ )

၁၉၄၀-ပြည့်နှစ်၊ ဦးဩဘာ၏အသက် ၃၆-နှစ်ရှိပေပြီ။ နွေရာသီ ကျောင်းပိတ်ရက်တွင် ဦးဩဘာသည် ဇာတိချက်ကြွေ မွေးရပ်မြေသို့ပြန်သွားသည်။

အိမ်ထောင်ရေးအဆင်မပြေသဖြင့် သောကပွေနေသော ဦးဩဘာ စိတ်ချမ်းသာရာရစေရန်အတွက် ဦးဩဘာ၏ မိဘများက အမျိုးသမီးကလေး တစ်ယောက်နှင့် ဦးဩဘာကို လက်ထပ်ထိမ်းမြားပေး၏။

ဦးဩဘာ အသက် ၂၆-နှစ်အရွယ်က ပထမအိမ်ထောင်ပြုခဲ့ရာတွင် လက်ထပ် ထိမ်းမြားခြင်း အခမ်းအနား မကျင်းပဘဲ နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ခြင်းဖြင့် အကြင်လင်မယားအဖြစ်သို့ ရောက်ခဲ့ရသည်။

ထိုသည့်နောက် ၁၀-နှစ်တိတိ အကြာတွင် ဒုတိယအကြိမ် အိမ်ထောင်ပြုသောအခါတွင်ကား ရပ်ဓလေ့ရှာထုံးစံအတိုင်း ထိမ်းမြား လက်ထပ်ခြင်း အခမ်းအနားကို ကျင်းပလေသည်။

အိမ်ထောင်ရေးသောက ကပ်ခဲ့ရသော ဦးဩဘာမှာ ယခုအခါတွင် အိမ်ထောင်အသစ်၊ အချစ်အသစ်နှင့် တွေ့ကြုံ ဆက်ဆံနေရသဖြင့် သောကကင်းဝေး နေထိုင်ရေးဖြစ်ပြီ။

ထိုအချိန်တွင် ဦးဩဘာမှာ တောရွာကျောင်းတွင် မဟုတ်တော့ဘဲ ရန်ကုန်မြို့ အထက်တန်းကျောင်းတစ်ကျောင်းတွင် ဆရာဖြစ်၍နေပေပြီ။

ဒုတိယဇနီးကလေးနှင့်အတူ ရန်ကုန်မြို့တွင် ပျော်ရွှင်ချမ်းမြေ့စွာ နေရပါ၏။

သို့သော်—

( ၅ )

၁၉၄၃-ခုနှစ်၊ ဒီဇင်ဘာလ ၈-ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၃-ခုနှစ်၊ နတ်တော်လဆုတ် ၆-ရက် (ဦးသြဘာ အသက် ၃၇-နှစ်ပြည့်သော မွေးနေ့) တွင် ဒုတိယကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက် လောင်ကျွမ်းကာ အင်္ဂလိပ်နှင့်ဂျပန်တို့ စစ်ဖြစ်ကြလေသတည်း။

ထိုစစ်စ၍ဖြစ်သောနေ့တွင်ပင် ဦးသြဘာတို့ဇနီးမောင်နှံ ဇာတိချက်ကြွေ မွေးရပ်မြေကို ပြန်လည်နေထိုင်ကြ၏။

ထို့နောက် မကြာမီကွင်ပင် ဦးသြဘာဇနီးမှာ ကလေးမျက်နှာမြင်သည်။

သို့သော်—

အခဲအယဉ်း အကျပ်အတည်း မွေးဖွားရသဖြင့် ကလေးမှာ အသက်မပါရှာပေ။

ဦးသြဘာကား အသက်နှင့်မတွေ့ရသော သမီးဦးကလေးကိုကြည့်ကာ ပူပင်သောက ရောက်ရပြန်သည်။

ထိုအချိန်၌ အင်္ဂလိပ်စစ်တပ်များ ဆုတ်ခွာသွားကြလျက် ဂျပန်စစ်တပ်များ ဝင်ရောက်လာကြရာ ဂျပန်က ဗုံးများကြဲချ၏။

ဦးသြဘာတို့နေသည့် မြို့ကလေးတွင်လည်း ဗုံးကြဲခံရသဖြင့် မြို့ပေါ်တွင် မနေဝံ့ဘဲ တောရွာများသို့ ပြောင်းရွှေ့နေထိုင်ရ၏။

တောရွာတွင် လပေါင်းအတော်ကြာ နေပြီးနောက် ဇာတိမြို့သို့ ပြန်ပြောင်းကာနေစဉ် ဦးသြဘာ၏ဖခင်က ပြောရှာ၏။

"စစ်ကာလအတွင်းမှာ အဖေတို့နှင့် အတူတကွ နေပါကွာ၊ ရန်ကုန်မြို့ကို မပြန်ပါနဲ့၊ ကိုယ့်မြို့ကိုယ့်ရွာမှာပဲ ကျောင်းဆရာအလုပ် လုပ်နေပါ လူကလေးရာ"

သို့သော်—

( ၆ )

ရန်ကုန်မြို့ အေးချမ်းပြီဟုသေ ာသတင်းရသဖြင့် ဦးသြဘာတစ်ယောက်တည်း လှေကြုံစီးကာ ပြည်မြို့သို့လာခဲ့၏။ ပြည်မြို့မှတစ်ဖန် ကုန်တင်ကားကြီးစီးကာ ရန်ကုန်မြို့သို့လာခဲ့၏။

စစ်ကာလဖြစ်သဖြင့် ကြီးလန့်စာစား ဆိုသလိုနေရသည်။

ဦးညြဘာ၏အလုပ်ဟောင်းဖြစ်သော ကျောင်းဆရာအလုပ်ကို ဝင်လုပ်ရာ ဂျပန်ငွေ ၃၀-မျှသာရသဖြင့် မစားလောက်။

စက္ကူရှားပါးမှုကြောင့် စာအုပ် စာတမ်း ထုတ်နိုင်သူ မရှိသဖြင့် စာရေးခွင့်မသာ။

ထို့ထက်ဆိုးသည်မှာကား မွေးရပ်မြေတွင် ကျန်ရစ်ခဲ့သည့်ဇနီး ဆုံးကြောင်း သတင်းဆိုးကြားရသောကြောင့်တည်း။

ပထမဇနီးနှင့် ကွဲရ၏။ ဒုတိယဇနီး ဆုံးသွားရ၏။ ဦးညြဘာအတွက် တရားသံဝေဂ ရစရာပင်တည်း။ မယားရှိလျှင် တစ်နေ့နေ့တွင် သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း ကွဲကွာ ကွေကွင်းရမည်။

မယားမရှိလျှင် ကွဲကွာကွေကွင်းမှု ဖြစ်စရာမရှိတော့။

ယင်းသို့ တရားသဘော တွေးမိသော်လည်း ဦးညြဘာမှာ ပုထုဇဉ်ပီပီ သွားလေသူ မယားများကို သတိရကာ သောကပွေ့ရသည်။

ရန်ကုန်မြို့တွင် ဦးညြဘာအတွက် လုပ်ငန်း ကိုင်ငန်း အဆင်မပြေသဖြင့် မွေးရပ်ဌာနေသို့ ပြန်ရန် ကြံမိသည့်အတိုင်း ပြန်မည့် ရက်ကိုပင် သတ်မှတ်ဆုံးဖြတ်ပြီး ဖြစ်သည်။

သို့သော်....

## (၇)

ဒုတိယကမ္ဘာစစ်မဖြစ်မီခေတ်ဟောင်းက လွန်စွာရင်းနှီးခင်မင်ဖူးသော အမျိုးသမီးကလေး တစ်ဦးနှင့် ဂျပန်ခေတ်တွင် ဦးညြဘာတွေ့သည်။

ထိုအမျိုးသမီးမှာ မိဘမဲ့ အားကိုးအားထားမဲ့ ဖြစ်သဖြင့် ဦးညြဘာကြင်နာသနားကာ ထိုအမျိုးသမီးကို စောင့်ရှောက်ရင်း အတူတကွနေရာမှ အကြောင်းပါသွားကြလေသည်။

စစ်ကာလ အတွင်းတွင် ထိုအမျိုးသမီးနှင့်ပင် အတူနေပြီးနောက် စစ်ပြီး၍ လွတ်လပ်ရေးရချိန်တွင် သမီးကလေးနှစ်ယောက်ဖွားမြင်ခဲ့လေသည်။

၁၀ နှစ် တစ်ကြိမ် အိမ်ထောင်ရေး အပြောင်းအလဲ ဖြစ်တတ်သော ဦးညြဘာဖြစ်သည်။

၁၉၃၀ ပြည့်တွင် ပထမဆုံး အိမ်ထောင်ကျသည်။ ၁၉၄၀ ပြည့်နှစ်တွင် ထိုအိမ်ထောင်နှင့်ကွဲပြီး ဒုတိယ အိမ်ထောင်ကျသည်။ ဂျပန်ခေတ်တွင် ထိုအိမ်ထောင် ကွယ်လွန်၍ တတိယ အိမ်ထောင်ကျသည်။

၁၉၅၀ ပြည့်နှစ်တွင် သမီးကလေး နှစ်ယောက်ရပြီးနောက် တတိယ အိမ်ထောင်နှင့် ကွဲပြန်သည်။

ထိုအခါ ဦးသြဘာ စိတ်လေကာ မြို့တကာ ရွာတကာလျှောက်၍ သွားနေသည်။ ကျိုက်လတ်၊ ဖျာပုံ စသော ဧရာဝတီ မြစ်ဝကျွန်းပေါ်မြို့များသို့လည်း ရောက်သည်။ ထန်းတပင်၊ မှော်ဘီ၊ တိုက်ကြီး စသည့်မြို့များသို့လည်း ရောက်သည်။ မှော်ဘီတွင် မှော်ဘီဆရာသိန်းကြီး၏ သား ဦးလှဖေအိမ်တွင် နေသည်။ တိုက်ကြီးတွင် မှော်ဘီဆရာသိန်းကြီး၏သမီးဒေါ်အေးခင်အိမ်တွင် နေသည်။

အိမ်ထောင်ရေး ကံ မကောင်းသဖြင့် အိမ်ထောင် မပြုတော့ဟု ကြံသည်။

သို့သော်....

## (၈)

တတိယ ဇနီးနှင့်တကွ ကျန်ရစ်သည့် သမီးကလေးနှစ်ယောက် နေရေး စားရေး ဒုက္ခရောက်နေကြရှာ သဖြင့် သနားသောကြောင့် တတိယ ဇနီးနှင့် ပြန်ပေါင်းဖြစ်ကြသည်။

ထိုဇနီးနှင့် နောက်ထပ် သမီးနှစ်ယောက်နှင့် သားတစ်ယောက် မွေးဖွားသည်။

အင်္ဂလိပ်ခုနှစ်၏ တစ်ဆယ်ဂဏန်း ပြည့်တိုင်း ပြည့်တိုင်း ဦးသြဘာ၏ အိမ်ထောင်ရေးပြဿနာပေါ်တတ်သည်။ ၁၉၃၀၊ ၁၉၄၀၊ ၁၉၅၀ တို့မှာ အသီးသီးပြဿနာပေါ်ခဲ့၏။

ယခုလာပြန်ပြီ၊ ၁၉၆၀၊ ပြဿနာလည်း ပေါ်ပြန်ပြီ၊ တတိယဇနီးနှင့် ကွဲကြလေသတည်း။

ဤအကြိမ်အကွဲတွင်ကား သားသမီး ငါးယောက်ကို ဦးသြဘာက ခေါ်ထားလိုက်၏။

သားသမီးကလေးများကို ပြုစု စောင့်ရှောက် ပေးရန် အတွက် ဦးဩဘာ၏ အမေ့အိမ်သို့ ဦးဩဘာတို့ သားအဖ ခြောက်ယောက် ပြောင်းရွှေ့နေထိုင်ကြ၏။

အမေ့ဆန္ဒအရ အမေ့ငွေဖြင့် စာပုံနှိပ်တိုက် တည်ထောင်ကာ ပုံနှိပ်လုပ်ငန်း စာအုပ်ထုတ်ဝေရေး လုပ်ငန်းများ လုပ်နေ၏။

သမီးကလေး လေးယောက်ကို သာသနာပြုကျောင်းတွင် ကျောင်းအိပ်ကျောင်းစားထားပြီး သားကလေးမှာ ဦးဩဘာနှင့် အတူနေ၏။

အသက်ကလည်း ၆၀ နီးလာပြီ။ သားသမီးများကို ပြုစုပျိုးထောင်ရင်း စာပုံနှိပ်တိုက်လုပ်ငန်းလုပ်ကာ စာပေများ ရေးသားခြင်းဖြင့်သာ ဘဝဆုံးအောင် နေတော့မည်ဟု ဦးဩဘာ ကြံမိ၏။

သို့သော်...

## ( ၉ )

ဦးဩဘာအမေ စီမံပေးမှုကြောင့် စတုတ္ထမြောက်ဇနီးနှင့်အကြောင်းပါရပြန်လေသည်။

ထိုဇနီးကား ရုပ်ချောပေ၏။ အိမ်မှုကိစ္စအလုပ်အကိုင် အလွန်ကောင်းပေ၏။ ဦးဩဘာ၏ အသက်လည်း ကြီးလာပြီဖြစ်သဖြင့် ဤဇနီးနှင့်ပင် သေတပန်သက်တဆုံး ပေါင်းတော့မည်ဟု ဆုံးဖြတ်လိုက်၏။ သို့သော်....

ပြဿနာပေါ်ပြန်ချေပြီ။ အိမ်ထောင်ရေး ပြဿနာမဟုတ်၊ စီးပွားရေး ပြဿနာဖြစ်၏။

"အောင်ဩဘာ" ပုံနှိပ်တိုက်ကို ဦးဩဘာပိုင်သည်ဟု ဦးဩဘာ၏ ဇနီးက ထင်နေ၏။ အမှန်မှာကား ဦးဩဘာ့မိခင်၏ ငွေနှင့် ဝယ်ထားခြင်း ဖြစ်သဖြင့် ဦးဩဘာ့ မိခင်ကသာ ပိုင်သည်။

ဦးဩဘာက ယင်းသို့ ဟုတ်တိုင်းမှန်ရာ ပြောသော်လည်း ဇနီးက မယုံ၊ ဦးဩဘာသည် သူ့ပစ္စည်းကို ဇနီးအားပေးရမည်စိုးသဖြင့် အမေ့ပစ္စည်းဟု လိမ်လည်ပြောဆိုခြင်းဖြစ်သည်ဟု ဇနီးက ပြစ်တင်စွပ်စွဲ ပုတ်ခတ်လေသည်။

ထိုကိစ္စအတွက် မကျေမနပ် ဖြစ်ကြကာ ဇနီးမှာ အိမ်ပေါ်မှဆင်းသွားသည်။

ဦးသြဘာ အတွက်ကား အိမ်ထောင်ကျခြင်း အိမ်ထောင်ပျက်ခြင်း တို့မှာ အဆန်း မဟုတ်၊ ဖြစ်ရိုးဖြစ်စဉ် ထမင်းစားရေသောက် အလုပ်ကဲ့သို့ ဖြစ်နေသည်။

ဟော... ဦးသြဘာအတွက် အိမ်ထောင်ရေးပြဿနာ ပေါ်တတ်သော ဆယ်ပြည့်နှစ်သို့ ရောက်လာပြန်ပြီ။

၁၉၇၀-ပြည့်နှစ်။

သို့သော်....

## ( ၁၀ )

၁၉၃၀-ပြည့်နှစ်မှ ၁၉၇၀-ပြည့်နှစ်အထိ နှစ်ပေါင်း ၄၀ တိုင်တိုင် အိမ်ထောင်ရေး ဝဲသြဃသံသရာ လည်ခဲ့သော ဦးသြဘာမှာ ၁၉၇၀-ပြည့် နှစ်တွင် ထိုအိမ်ထောင်သံသရာမှ လုံးဝပြတ်စဲလျက် အဖော်မွန်နှင့်သာ မခွဲ မခွာ တွဲလျက်သာ နေလေတော့သည်။ ဦးသြဘာ၏ အဖော်မွန်ကား စာပေ ရေးသားခြင်းပေတည်း။

၁၅-နှစ်သားအရွယ်မှစ၍ မတောက်တခေါက် စာတို စာစကလေး များ စတင်ရေးသားခဲ့ရာ ယနေ့ ယခု အသက် ၈၀ ကျော်အရွယ်ထိ စာပေ မျိုးစုံကို မနားတမ်း ရေးခဲ့သည်။ ရေးဆဲဖြစ်သည်။ နောင်ကိုလည်း မသေ မချင်း ရေးမည်ဖြစ်သည်။

အိမ်ထောင်ရေး သံသရာမှ ကင်းကွာ လွတ်မြောက်ခဲ့ပြီ ဖြစ်သော ဦးသြဘာသည် တစ်ခါတစ်ရံတွင် အတိတ်က အိမ်ထောင်ရေး အဖြစ်အပျက် များကို ပြန်လည်စဉ်းစား စမြုံ့ပြန်ရင်း တရားသံဝေဂရမိသည်။

"ဘဝဟူသည် အိပ်မက်ရှည်ကြီး မက်နေခြင်းသာတကား"

ဤကား ဦးသြဘာ၏ ထင်မြင်ခံယူချက်။

အတိတ်ကို ပြန်တွေးခြင်းသည် အိပ်မက်ကို ပြန်တွေးခြင်းနှင့် အတူတူ သာလျှင် ဖြစ်သည်။

အတိတ်ဖြစ်ရပ်တို့သည် ယခု ပစ္စုပ္ပန်အချိန်တွင် တစ်ခုမျှ မရှိတော့။ ဖြစ်စဉ် ဖြစ်ခိုက်ကပင်လျှင် ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ပျက်ဆုံး ပျောက် ကွယ်သွားပေပြီ။ သို့ပါလျက် အတိတ်ကို ဦးသြဘာတွေးခြင်းမှာ အကြောင်း

ရင်းရှိသည်။ မိမိသည် အိမ်ထောင်ရေး အဆင်မပြေမှုနှင့် တစ်သက်လုံးတွေ့ခဲ့ရသည်မှာ အကြောင်းရင်းမရှိ၊ အကြောင်းမဲ့ သက်သက်ဟု တစ်ခါတစ်ရံ ထင်မိ၏။

သို့သော် ...

( ၁၁ )

၁၉၂၇-ခုနှစ်၊ ထိုစဉ်က မောင်ဩဘာ၏ အသက်မှာ ၂၃ နှစ်မျှသာ ရှိသေးသည်။

ရန်ကုန်မြို့ ကြည့်မြင်တိုင် ဆန်တန်းတွင် အခန်းငှားကာ တစ်ယောက်တည်း နေထိုင်၏။

ထိုစဉ်ကပင် မောင်ဩဘာသည် ဒဂုန်မဂ္ဂဇင်းနှင့် သူရိယမဂ္ဂဇင်းတွင် လူပါးဝတဲ့ အညာသား၊ အာဂ အညာသား၊ တကယ့်အညာသား စသည့် ဝတ္ထုများရေးကာ စာဖတ်ပရိသတ် အသိအမှတ်ပြုခြင်း ခံရသူ စာရေးဆရာဖြစ်သည့်ပြင် အောင်ဩဘာ မဂ္ဂဇင်းကိုလည်း ထုတ်ဝေနေသူဖြစ်၏။

မောင်ဩဘာနေသည့် အခန်းနှင့် ကပ်လျက် နေသည့် အခန်းမှ မိန်းမချောကလေးတစ်ယောက်နှင့် မောင်ဩဘာ ချစ်ခင်စုံမက်ကြကာ အချစ်ကြီးချစ်နေကြသည်။

ငယ်ရွယ်သူတို့ဘာဝ တစ်ယောက်မျက်နှာကို တစ်ယောက်မမြင်ရလျှင် မနေနိုင်သလို ဖြစ်ကြသည်။

မိန်းမပျိုကလေးသည် လူကြီးတစ်ယောက်နှင့် အတူနေရာ ထိုလူကြီးမှာ မိန်းကလေး၏ ဘကြီးတော်သူဟု မိန်းကလေးက ပြော၏။

ဘကြီးအပြင်သို့ ထွက်သွားလျှင် မောင်ဩဘာတို့ ချစ်သူနှစ်ဦး ချစ်စကားပြောကြသည်။ ချစ်မှုချစ်ရာ ပြုကြသည်။ မခွဲနိုင် မခွာရက်ဖြစ်ကြသည်။

တစ်ညတွင် မောင်ဩဘာ အိပ်ပျော်နေစဉ် တံခါးခေါက်သံကြားသဖြင့် နိုးလာကာ တံခါးထဖွင့်ရာ မိန်းကလေးသည် မောင်ဩဘာ၏အခန်းတွင်းသို့ ဝင်လာသည်။

ယင်းသို့ဖြင့် ချစ်သူနှစ်ဦးသည် ညစဉ်လိုလို တွေ့ဆုံကြသည်။

သို့သော်—

# ( ၁၂ )

တစ်ညတွင် ချစ်သူနှစ်ဦးတို့ မောင်ဩဘာ၏ အခန်းတွင် ချစ်တင်းနှီးနှော ချစ်စကားပြောနေကြစဉ် ပြင်းထန်သော တံခါး ပုတ်သံကိုကြားသဖြင့် ထိတ်လန့်တုန်လှုပ်စွာ တံခါးဖွင့်လိုက်ရာ မိန်းကလေး၏ ဘကြီးဆိုသူ ဝင်လာပြီး တစ်စုံတစ်ရာကို အော်ဟစ်ပြောလိုက်သဖြင့် မောင်ဩဘာမိုးကြိုးပစ်ခံလိုက်ရသလို တုန်လှုပ်ချောက်ချားသွားသည်။

"ဟော့ကောင်၊ ဒါငါ့မယားကွ"

ထိုစဉ်က မောင်ဩဘာ တုန်လှုပ်ချောက်ချားသွားသလို ယခု အသက် ၈၀-ကျော်အရွယ် ဦးဩဘာသည်လည်း တုန်လှုပ် ချောက်ချားမိပါသေး၏။

"ကောင်းမှုကုသိုလ်ပြုသူ၏နောက်သို့ ကောင်းမှုကုသိုလ် အကျိုးဆက်သည် အရိပ်ပမာလိုက်၏၊ မကောင်းမှုအကုသိုလ်ပြုသူ၏နောက်သို့ မကောင်းပြစ် မကောင်းဒဏ်တို့သည် နွားခြေရာကို လှည်းဘီးနင်းသကဲ့သို့ နင်းခြေလိုက်ပါတတ်၏။ ငယ်စဉ်က ဝဋ်ကြွေးအတွက် တစ်သက်လုံးအိမ်ထောင်ရေးသောက ဒုက္ခတွေရောက်ရလေရော့သလား" ဟု ဦးဩဘာတွေးမိ၏။

ပုထုဇဉ်ဟူသည် အရှုးနှင့်တူ၏။ အစဉ်သဖြင့်လိုပင် မိုက်မိမှားမိတတ်၏။ ထိုမိုက်မှားမိသော မကောင်းမှုများအတွက် မကောင်းပြစ်၊ မကောင်းဒဏ် ခံရမည်သာ ဖြစ်၏။

ဘဝအဆက်ဆက် သံသရာတစ်လျှောက်လုံးမှပါခဲ့သည့် မကောင်းမှုအကုသိုလ်ကံတို့ ပျောက်ပကင်းစင်အောင် လုပ်ကိုင်ဆောင်ရွက်နည်းရှိပါ၏။

မမြဲသောအနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အနှစ်သာရမရှိ မစိုးမပိုင်သော အနတ္တကို တကယ်ပိုင်ပိုင်သိလျှင် အကုသိုလ်မှန်သမျှ ပျောက်သည့်ပြင် အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါး ပွင့်လေတော့သည်။

ဦးဩဘာက ညည်းညူမြည်တမ်းလိုက်၏။

"ဝဋ်နှင့်ကြွမှာ မလွတ်သာ သံသရာ ရှည်လှသည်။"

(၁၉၇၅-ခုနှစ်၊ ဇွန်လထုတ် စပယ်ဦးမဂ္ဂဇင်း အမှတ်(၁၀) မှ ဆရာကြီး ဦးရန်အောင်၏ ဝတ္ထုကို ကူးယူဖော်ပြပါသည်။)

# သတ်၍မသေနိုင်သော
# ပဥ္စင်းလောင်း ဗိုလ်ချုပ်

လွန်ခဲ့သော နှစ်ပေါင်း (၁၅၀) ကျော်ခန့်က ရွှေဘို့ စစ်ကိုင်း တစ်ကြောတွင် အလွန်ဆိုးသွမ်းသော ဓားပြဗိုလ်ကြီးတစ်ဦး ရှိခဲ့၏။ သူသည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး သတ်ချင်ဖြတ်ချင်စိတ် အားကြီးသူတစ်ဦး ဖြစ်၏။ သူ့တွင် နောက်လိုက်တပည့်များစွာမရှိ။ တစ်ကိုယ်တော် ဆိုးရဲ မိုက်ရဲသူတစ်ဦး ဖြစ်ပါ၏။

သူ ဤမျှပင် ဆိုးသွမ်းနေသော်လည်း မည်သူမျှ မနှိမ်နင်းနိုင်ချေ။ ရွှေဘိုမင်းလက်ထက်တွင် သူ့အကြောင်းကိုကြား၍ ပုဂံမင်းသားက ခြေမှုငြိမ်ပါစေတော့ဟူသောသဘောဖြင့် သူ့ကို အိမ်တော်တွင် ခေါ်ထားလေ၏။ သို့သော် သူ့ဗီဇကိုမပြင်။ ဆိုးမြဲတိုက်မြဲသာ ဖြစ်၏။ ထို့ကြောင့် ဖမ်းဆီးပြီး သာယာဝတီတွင် အကျဉ်းချထားခဲ့၏။ အကျဉ်းမှ ထွက်ပြေးကာ ဧရာဝတီ မြစ်တစ်ရိုးတွင် ခိုးဆိုး၍ နေခဲ့ပြန်သည်။

တစ်ခါသော် စစ်ကိုင်းမန်ကျည်းစင်ရွာတွင် ကုန်သည်များကို လုယက်နေသည်ဟု ကြားသောကြောင့် စစ်ကိုင်းမြို့ဝန် ဦးဖိုးတာ ကိုယ်တိုင် လူ (၅၀၀) တပ်နှင့် ထွက်၍ နှိမ်နင်းခဲ့ဖူး၏။ ဘုရင့်တပ်မတော်ကို မြင်းစီးလူ (၁၀) ယောက်သာ အင်အားရှိသော သူ့အဖွဲ့ဖြင့် ခုခံတိုက်ခိုက်ကာ လွတ်မြောက်သွားပြန်ပါသည်။

ဤမျှ အစွမ်းထက်သော ဓားပြဗိုလ်ကြီး၏အမည်မှာ 'ဗိုလ်ပြင်' ဖြစ်ပါ၏။ သူ့ကို တစ်နယ်လုံးက "ဓား သေနတ်ပီးသည်၊ သူတစ်ကိုယ်စာသာမက သူ့နောက်လိုက်များအတွက်ပါ လုံသည်၊ ကိုယ်ဖျောက်နိုင်သည်" ဟု အုတ်အော်သောင်းတင်း ပြောကြလေသည်။ လူများစွာ သတ်သော်လည်း ကာမေသုမိစ္ဆာစာရကံကို မလွန်ကြူး၊ လောကီ အစီအရင်ကောင်းရှိသည် ဆို၏။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကလည်း စစ်ဆေး လက်ခံတော်မူခဲ့သည်။

## ပုဂံမင်းက မြှောက်စားခြင်း

ပုဂံမင်းလက်ထက်တွင် ဗိုလ်ပြင်သည် အမရပူရမြို့ ပန်းဆိုးတန်းအရပ်၌ တစ်ကိုယ်တော် မိုက်လျက်ရှိ၏။ ဒီမဲယင်းမြို့ဝန် ဦးကြီးက ချော့မော့ခေါ်ယူပြီး ပုဂံမင်းကို ဆက်လေသည်။ ထိုမင်းလည်း မင်းသားဘဝကတည်းက ဗိုလ်ပြင်၏ အစွမ်းကို သိခဲ့သူဖြစ်ရာ ရွှေဘိုတောင်လက် လှတောရဲဘက် မြင်းတပ်ဗိုလ်အဖြစ် ခန့်အပ်၍ မြှောက်စားတော်မူပြန်လေသည်။

သို့သော် ဗိုလ်ပြင်သည် ပုဂံမင်းအတွက် အမှုတော် ထမ်းရွက်ရန် ဇာတာပါဟန် မတူချေ။ ကြိုးစားပြီး အမှုတော်ထမ်းရွက်သော်လည်း အထက်ဗိုလ်များက သူ့အစွမ်းကို မနာလိုဖြစ်ကာ ဝိုင်း၍ နှိမ်ကြသည်။

တစ်ခါသော် မိုးနဲချောင်းဖျားတွင် ရှမ်းသူပုန်ထ၍၊ ဗိုလ်ပြင်၏ မြင်းတပ်ဖြင့် ရှိတက်နှိမ်နင်းခဲ့ရလေသည်။ အရေးတော် အောင်မြင်သော်လည်း၊ မြို့တော် ပြန်ရောက်သောအခါ ပုဂံမြို့ဝန် ဦးဝိုင်းက "အသုံးမကျဘူး" ဆိုကာ ဗိုလ်ပြင်ကို ရာထူးချခဲ့လေသည်။ သုံးနှစ်ခန့် ရာထူးလက်မဲ့ နေခဲ့ရ၏။

## ဘုန်းတော်ရိပ်ခို

၁၂၁၄ ခုနှစ်တွင် မင်းတုန်း မင်းသားနှင့် ကနောင် မင်းသားတို့သည် ရွှေဘိုမြို့သို့ ထွက်၍ ပုဂံမင်း၏ ထီးနန်းကို ကြံစည်တော်မူ၏။ အရေးပေါ်သော် ပုဂံမင်းသည် ဗိုလ်ပြင်ကို သတိရတော်မူ၏။ ပုဂံမင်း အမိန့်တော်နှင့် စီးတော်မြင်းဝန် ဦးတလုပ်ကို မြင်း (၅၀) ပေးပြီး ဗိုလ်ပြင်ကို အခေါ် လွှတ်သည်။

ဗိုလ်ပြင်သည် စီးတော် မြင်းဝန် ဦးတလုပ်ထံက ပါလာသော မြင်း (၅၀) အနက် အကြိုက်ဆုံး မြင်းကောင်း တစ်ကောင်ကို ရွေးချယ်ယူပြီး၊ "မလိုက်လို" ဟု ပြောကာ ပြန်လွှတ်လိုက်လေသည်။ ထို့နောက် မြို့တော်မှ ထွက်ရာ လမ်းခုလတ် စောင်ဘက် ကောင်းကင်ထိပ်အရပ်တွင် ရွှေဘိုမြို့ဝန် ဦးဝိုင်း၊ သူရဲဗိုလ် မောင်ထိုက်နှင့် တွေ့လေ၏။ မြင်းစီးချင်း ယှဉ်ပြီး လှံနှင့် ထိုးကြရာ သူရဲဗိုလ် မောင်ထိုက် ရင်းနေရာတွင်ပင် ကျဆုံးလေသည်။ ဗိုလ်ပြင်သည် သူ့နောက်မှ မည်သို့ပင် လိုက်တိုက်ခိုက်ကြစေကာမူ ဂရုမစိုက်။ မင်းတုန်းမင်းသားရှိရာသို့ သတင်းစုံစမ်းကာ ထွက်ခဲ့လေသည်။

## သစ္စာတော်ခံဗိုလ်ချုပ်

မင်းတုန်းမင်းကား ရတနာသုံးပါးကို အထူးကိုင်းရှိုင်းပြီး နှလုံးနူးညံ့သိမ်မွေ့သူဖြစ်ပါသည်။ သို့သော် ထိုသို့သော မင်း၏ ရွှေဖဝါးတော်အောက်သို့ အလွန်ရိုင်းစိုင်း ရက်စက်ပြီး အစွမ်းထက်သူများစွာ ဝင်ရောက်ခိုလှုံလာကြ၏။ အရှင့်အတွက် အသက်ကို စွန့်ကာ ကာကွယ်ခဲ့ကြသော ဗိုလ်ချုပ်များစွာ ရှိခဲ့၏။ တွေးတောစရာ အချက်တစ်ခုပင်။

ဗိုလ်ပြင်နှင့်အတူ နောက်ပါလူ (၁၀၀) ကျော်၊ မြင်း (၁၀၀) ကျော်တို့သည် မင်းတုန်းမင်းထံသို့ သစ္စာခံထွက်ခဲ့ရာ မင်းတုန်းမင်း၏ဗိုလ်မှူးတပ်မှူးတို့နှင့် လမ်းတွင် တွေ့ဆုံခဲ့၏။ မင်းတုန်းမင်းကို မင်းချောင်းရွာ၊ (မသိုကာရွာဟုလည်း ဆိုကြ၏။) တွင် တွေ့သဖြင့် ဝင်ရှိခစားရာ ဗိုလ်ပြင်၏အစွမ်းကို သိတော်မူရင်းဖြစ်သဖြင့် အမှုတော်ကို ထမ်းရွက်ရမည်ဟု သစ္စာတော်ပေးပြီး "မင်းကြီး မဟာမင်းလှ မင်းခေါင်"ဘွဲ့ ချီးမြှင့်ကာ ဗိုလ်ချုပ်ခန့်ထားသူကောင်းပြုတော်မူခဲ့လေသည်။

## ဟန်လင်းတိုက်ပွဲ

အရေးတော် ကာလ အတွင်း ဗိုလ်ချုပ် ဗိုလ်ပြင်သည် ရွှေဘိုမြို့တောင်မျက်နှာ ဟန်လင်းတွင် တပ်စွဲ ခုခံတိုက်ခိုက်ရလေသည်။ ထိုအရပ်တွင် အမရပူရ ရွှေမြို့တော်မှ ၁၂၁၄ ခုနှစ်၊ နတ်တော်လဆန်း (၉) ရက်နေ့တွင် ထွက်ခွာလာခဲ့သော ဖောင်ဝန်ဗိုလ်ချုပ်မင်းကြီး မဟာမင်းကျော် မင်းထင်၊ မြောက်တစ်ရာ့ငါးဆယ် ဗိုလ်၊ တကောင်းမြို့စား မင်းလှဘန်ဆောင်၊ မအူမြို့စား ရဲဘက် မြင်းတပ်ဗိုလ် မဟာမင်းထင်တို့၏ တပ်နှင့် တွေ့ဆုံတိုက်ခိုက်ခဲ့ရလေသည်။ ဗိုလ်ချုပ် ဗိုလ်ပြင်၏ တပ်မှ အတင်းဝင်ရောက် ထိုးခုတ်ပစ်ခတ်ရာ တစ်ရက်မျှကြာလျှင် ရန်သူ ရဲမက်တို့ တပ်ပျက် ဆုတ်ခွာထွက်ပြေးရသည်။ မြောက်တစ်ရာ့ငါးဆယ်ဗိုလ် တကောင်းမြို့စားလည်း ရှက်လှသည်နှင့် ဟန်လင်းနှင့် ခရီးနှစ်တိုင်ကွာ မြင်တော် အရပ်တွင် ကိုယ့်ပါးစပ်ပေါက်ကိုယ် သေနတ်ပြောင်းဝတပ်ကာ ပစ်သတ်သေဆုံးခဲ့လေသည်။

## ဘုရင့်ညီတော်၏ တပ်ကို အောင်နိုင်ခြင်း

ထိုအချိန်တွင် ပုဂံမင်းဘက်မှ ညီတော် လှိုင်မင်းသား သီရိမဟာဓမ္မရာဇာလည်း တစ်ထောင်တပ်ဖြင့် အနောက်ဘက် စစ်ကိုင်းကြောင်းမှ

ချီလာ၏။ ဟန်လင်းမှ ဗိုလ်ချုပ် ဗိုလ်ပြင်လည်း လူတစ်ထောင်ကျော်ဖြင့် ထိုတပ်ကို တိုက်ရန် တက်လာ၏။ မြင်တော်ရွာတွင် တစ်ညဉ့်အိပ်၊ ဟန်လင်းတွင် တစ်ညဉ့်တစ်ထောက်နားကာ ချီလေရာ စမွန်းကြီးရွာတွင် လှိုင်မင်းသားတပ်နှင့် တွေ့၍တိုက်ခိုက်ကြသည်။ လှိုင်မင်းသား ကွပ်ကဲမှု ကောင်းသဖြင့် စစ်သည်တော်တို့ လက်နက်ကို လက်နက် မမှတ် ကြိုးပမ်း တိုက်ခိုက်ကြပါ၏။

သို့သော် နှစ်ရက်ခန့်ကြာလျှင် လှိုင်မင်းသားတပ်တွင် ထိခိုက်ကျဆုံးသူ များလာသည်။ လှိုင်မင်းသားကိုယ်တိုင် တပ်ကို မကွပ်ကဲ နိုင်တော့ဘဲ ဆုတ်ခွာ ထွက်ပြေးရလေသည်။ ရန်သူများစွာ သေကြေ၏။ သေနတ်တစ်ရာကျော် အမြောက်ငါးလက်၊ ယမ်းပုံ ငါးဆယ် ရရှိခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ဗိုလ်ပြင်လည်း စစ်ကိုင်းသို့ ဆက်လက်ချီတက်ခဲ့လေသည်။

ဤသို့ဖြင့် ဗိုလ်ချုပ်ဗိုလ်ပြင်၏ စစ်ကြောင်းအပါအဝင် တပ်တော်များ ဖြန့်ခွဲတိုက်ခိုက်ရာ နှစ်လခန့်ကြာလျှင် မင်းတုန်းမင်းလည်း အမရပူရနန်းကို အောင်တော်မူ၏။ မင်းတုန်းမင်း အထွတ်အထိပ် ရောက်တော်မူလျှင် ဗိုလ်ပြင်ကို ရတနာသိဿမြို့ဝန်၊ ရဲဘက်မြင်းဝန်၊ စစ်ကိုင်းမြို့ဝန် အဖြစ်နှင့် ခန့်ထား သူကောင်းပြုတော်မူလေသည်။

## ရွှေဘိုက ယုန်ထောင်သမား

တစ်ခါသော် ရွှေဘိုအရှေ့ သစ်ချိုပင်ရွာ မြောက်တော မြောင်းဘောင်ရိုးလမ်းတွင် လူတစ်ယောက်သည် ညအခါ ပိုက်တန်း၍ ယုန်ထောင်လေ၏။ ထိုအချိန်တွင် ဟန်လင်းမှ လူတစ်ယောက်သည် ရွှေဘိုသို့ဆားရောင်းရန် လှည်းဖြင့်လာရာ၊ ထိုနေရာအရောက်တွင် ယုန်ထောင်ပိုက်ကို လှည်းဖြင့်နင်းမိလေ၏။ ယုန်ထောင်သမားက လှည်းသမားယောင်ကိုဆွဲပြီး ထောင်းလေသည်။ လှည်းသမားက 'မြို့ဝန်မင်းကို လျှောက်မယ်'ဟု ပြောလေရာ ထိုသူက 'လျှောက်ချေဟဲ့ လျှောက်ချေ.... ငါဆင်းရဲသားဟဲ့'ဟု ပြောပြီး ဆက်ထောင်းလေသည်။

လှည်းသမားလည်း မြို့ဝန် ဗိုလ်ချုပ်ဗိုလ်ပြင်ကို သွား၍လျှောက်၏။ ဗိုလ်ပြင်က "လူကိုသိရဲ့လား"ဟု မေး၏။ "သိပါရဲ့"ဟု လျှောက်ရာ၊ "မည်သူလဲ" ဟု ဗိုလ်ပြင်ကမေးလျှင် လှည်းသမားက "ခင်ဗျားပဲ"ဟု ပြောရာ ဗိုလ်ပြင်မှာ ရယ်၍သာ နေတော့၏။

ဗိုလ်ပြင်မှာ မြို့ဝန်ဖြစ်သော်လည်း ဝါသနာကိုမစွန့်။ သေနတ်ထမ်း၍ တောလည် အမဲလိုက် ယုန်ထောင်ကာနေ၏။

## သူသတ် ဩဝါဒ မေတ္တာစာ

ဗိုလ်ပြင်၏ ငယ်နာမည်မှာ မောင်တုတ်ကြီး၊ သက္ကရာဇ် ၁၁၇၁-ခု၊ ဝါဆိုလ (   )ရက်၊ ကြာသပတေးသား၊ ရွှေဘိုတောင်လက် လှတောရွာ ဇာတိဖြစ်၏။ ဗိုလ်ပြင်ကား ဆိုးလိုသာဆိုးသည်၊ ငယ်စဉ်က ဆရာကောင်းကို အမှီရခဲ့သည်။ အသက်(၁၅)နှစ် အရွယ်တွင် ဤသာသနာတော်၌ အလွန် ထင်ရှားသော ပထမရွှေကျင်ဆရာတော်ထံ၌ ရှင်ဖြစ်ခဲ့၏။ ပြောရေးဆိုတာ ချက်ချာသောကြောင့် တစ်ကြောင်း၊ ရဟန်းပြုမည်ဆိုသောကြောင့် တစ် ကြောင်း ရွှေကျင်ဆရာတော်က အထူး စောင့်ရှောက်တော်မူ၏။ သို့သော် ရှေးကံမရှိလေ။ ကိုရင်သုံးဝါအရတွင် လူထွက်၍ မိုက်ခဲ့သည်။

ရွှေဘိုမြို့ဝန်ဖြစ်လာသော်လည်း ဗိုလ်ပြင်မှာ ဆရာသမားတို့၏မျက်နှာ ကိုမှမထောက်ထား။ ယုန်ထောင်လိုက်၊ တောလည်လိုက်၊ သုံးပုံဖဲရိုက်လိုက်၊ ရာဇဝတ်သားတို့အား ကြိမ်းလိုက်မောင်းလိုက်၊ ထုလိုက်ထောင်းလိုက်၊ သတ် လိုက်ဖြတ်လိုက် လုပ်နေ၏။ ရာဇမာန်တက်ကာ ငယ်စဉ်က ဆရာဆုံးမသော တရားဘာဝနာတို့ကို မေ့လေပြီ။ ဥပုသ်ဇရပ်မှာ ဘယ်ဆီနေသည်မသိ၊ အဝီစိ ကျွမ်းစိုက် အမိုက်ကြီးမိုက်နေပြီဖြစ်သဖြင့် ငယ်ဆရာ ရွှေကျင်ဆရာတော်က "သူသတ်ဩဝါဒမေတ္တာစာ" ရေး၍ တပည့်မိုက်ကို သတိပေး ဆုံးမစကား ပြောရသည်ဟူ၏။ (ထိုဩဝါဒမေတ္တာစာကို ဤဆောင်းပါးအဆုံးတွင်ရှု။)

## မြင်းကွန်း အရေးတော်ပုံ

၁၂၂၈-ခုနှစ်တွင် မြင်းကွန်းမြင်းခုံတိုင်မင်းသားညီနောင်တို့ မင်းတုန်း မင်းကို တော်လှန်ပုန်ကန်၏။ ကနောင်မင်းသားကြီးနှင့်တကွ အရေးပါသော ခေါင်းဆောင်များ ကျဆုံးခဲ့သည်။ ထိုအရေးတွင် မြင်းကွန်းမင်းဘက်က မြင်းဖောင်းဝတ်ဖြူ စီးလာသောသူကို ဗိုလ်ပြင်ကလှံနှင့်ထိုး၍ မြင်းပေါ်က ကျသေဆုံးသည်။ ဗိုလ်ပြင် မြင်းကိုရလိုက်သည်။

ထိုအရေးတွင် မင်းတုန်းမင်းက ဗိုလ်ပြင်အား "ရွှေပြင်တို့စွမ်းရည်သတ္တိ ညွှန့်ကုန်မှတ်တယ်"ဟု အမိန့်တော်ရှိ၏။ ဗိုလ်ပြင်က "ရွှေပြင်တို့မှာ ဒိုးနှင့်တူ

ပါကြောင်း” ပြန်လျှောက်ရာ “ဒိုးအကြောင်းအမိပ္ပာယ်ကို လျှောက်တင်စမ်း မောင်မင်း”ဟု မိန့်တော်မူသည်။

ဗိုလ်ပြင်က “ဒိုးများမှာ ဘုရားပွဲ ဘုန်းကြီးပျံပွဲ ကျရောက်လျှင် လွန်စွာအသုံးပြုပါသည်။ ၎င်းကိုစွတေ့တိုးလျှင် တော်ရာ ပစ်ထားတတ်ပါကြောင်း” လျှောက်တင်လေ၏။ (တစ်ခါက မင်းတရားကြီးမျက်၍ ‘အစု ကိုယ်ကွာ၊ အရာလက်ရှိ’ ထားတော်မူခြင်း ခံခဲ့ဖူးသည်ကို ရည်ညွှန်းပြောဆိုဟန်ရှိ၏။)

ဘုရင်မင်းမြတ်က “ယခုအခါ ဝမ်းနည်းကြောင်းကို လျှောက်ထားရန် မသင့်၊ မောင်မင်းလည်း ငါ့သားတော်ထဲမှာ အပါအဝင် မဟုတ်လား ကွယ့်”ဟု မိန့်လေ၏။

ကျွန်မှာ နေမျိုး၊ သားမှာ သတိုး ဘွဲ့ပေးရိုး ထုံးစံရှိသည့် အတိုင်း “သတိုးဘွဲ့” ရတော်မူလေသည်။

## ပတိန်းစား ပုန်ကန်မှု

မြင်းကွန်း အရေးတော်ပုံ၏ နောက်တွင် ပတိန်းစား ပုန်ကန်မှု ကပ်လျက်ဖြစ်လာ၏။ ပတိန်းစားသည် မြင်းကွန်း အရေးတော်ပုံတွင် ကျဆုံးသွားသော အိမ်ရှေ့စံ ကနောင်မင်း၏ သားတော်ဖြစ်၏။ ထိုသူပုန်များကို နှိမ်နင်းရန် ရတနာသိင်္ခမြို့ဝန်၊ ရဲဘက်မြင်းဝန်၊ မင်းကြီး မဟာ မင်းလှ မင်းခေါင်၊ (ဗိုလ်ပြင်) ကို ရှေ့ဝင်းတော်မူးခန့်၍ မတ္တရာကြောင်း ချီစေလေ၏။

ထိုအချိန်တွင် မင်းတုန်းမင်းဘက်မှ နတ်စု လက်ဝဲဗိုလ် ဗန့်ချိဝန်၏ တပ်မှာ သူပုန်များနှင့်တွေ့၍ တိုက်ပွဲဖြစ်၏၊ လူ(၅၀၀၀)ကျော်ခန့် ရှိသော သူပုန်တပ်ကိုမခံနိုင်၍ ဗန့်ချိဝန်တပ်ပျက်ပြီး ဆုတ်ခွာလာရာ မတ္တရာသို့ချီတက်လာသော ဗိုလ်ပြင်၏ စစ်ကြောင်းနှင့် ကပိုင်ရွာတွင် တွေ့ဆုံ၏။ ဗိုလ်ချုပ် ဗိုလ်ပြင်သည် တပ်ပျက်ကို စုစည်းပြီး သူပုန်တို့ကို တိုက်ခိုက်လေ၏။ သူပုန်တို့ မခံရပ်နိုင်သောကြောင့် တောင်ပြုံးသို့ ဆုတ်ခွာ ပြေးလေသည်။

## အနေဗ္ဗတာ ရှိစေ

ထိုသူပုန်တပ်ကို ဗိုလ်ပြင်လိုက်တိုက်ရာ လွန်ခတောင်းရွာ၊ ထိုမှ ပေါက် တောရွာအထိ ရောက်၏။ ပေါက်တောရွာတွင် ဗိုလ်ပြင်တပ် စခန်းချနေရာ

သူပုန်တို့ တပ်စု၍ လေးဘက် လေးတန်မှ ဝိုင်းလေ၏။ ဗိုလ်ပြင်၏တပ်မှ ဗိုလ်ငယ်တပ်မှူးငယ်တို့က သူပုန်အင်အားများသဖြင့် အခရေးတော်ခက်ကြောင်း ပြောကြရာ၊ ဗိုလ်ချုပ် ဗိုလ်ပြင်က "မကြောင့်ကြနှင့်၊ အဖေ့တာရှိစေ။ သင်းရို့ ဝိုင်းထားသော တပ်ကို အဖေဖျက်မည်" ဟု အားပေးပြီး ကိုယ်တော်တိုင် မနောမယ မြင်းတော်ကိုစီး၍ ထွက်တိုက်လေ၏။ သူပုန် (၃၀၀၀) ခန့် တကွဲတပြား ထွက်ပြေးကြရလေသည်။

ငင်းနောက် ဗိုလ်ပြင်၏စစ်ကြောင်းသည် မတ္တရာသို့ချီ၍ တပ်စွဲနေ၏။ ပတိန်းမင်းသားဘက်မှ မြို့ဝန် ဦးရန်း၊ ဒီပဲယင်းဝန် ဦးမှန်း၊ ပဋ္ဌာလဝန် မောင်အောင်မြတ်၊ သားတော် ကျီးမြင့် မင်းသားတို့၏ တပ်တော်များ စုပြီး စစ်မျက်နှာ ဆိုင်ပြိုင် တိုက်ခိုက်ကြသော်လည်း ဗိုလ်ပြင်၏တပ်ကို မထိုးဖောက်နိုင်ခဲ့ချေ။ (၂) လခန့် ကြာလျှင် သူပုန်တပ်တို့ ပျက်လေသည်။ ငင်းနောက် ပတိန်းမင်းသားကို စစ်ကိုင်းကြောင်းချီ ညောင်ရမ်းစားတပ်က ဖမ်းဆီးရမိ၍ အရေးကုန်လေ၏။

## သူ့လို ရှင်ဘုရင်

ပတိန်းစား ပုန်ကန်မှုတွင် မတ္တရာကြောင်း၌ ပတိန်းမင်းသားတပ်များ တိုးတက်လာသဖြင့် မင်းတုန်းမင်းက "ရွှေပြင် ပဟာကြောင့် မခုခံသလဲ" ဟု အမိန့်တော်နှင့် ဆိုင်ရာ ဝန်ကို ဗိုလ်ပြင်ထံ စေလွှတ်၏။

ဗိုလ်ပြင်က "ရှင်ဘုရင် ရှင်ဘုရင် အလုပ်သာ နားလည်တယ်။ စစ်တိုက်တာ ရှင်ဘုရင် နားမလည်ဘူး။ ရွှေပြင်သာ နားလည်တယ်လို့ အတွင်းတော်ကို သံတော်ဦး တင်ချေ" ဟု ဆိုင်ရာ ဝန်ကို မှာလိုက်လေသည်။ ဆိုင်ရာဝန် နေပြည်တော်ရောက်သော် မှာထားသည့်အတိုင်း မင်းတရားကို လျှောက်တင်လေ၏။

"ဟုတ်ပါပေ့ မောင်မင်း။ သည်နေရာ ငါက မှားပေသကိုး" ဟု ဘုရင်မင်းမြတ် မိန့်တော်မူလေသတတ်။

ဗိုလ်ချုပ် ဗိုလ်ပြင် ရွှေဝင်းတော်မှူး ရပုံမှာလည်း စိတ်ဝင်စားဖွယ်ကောင်း၏။ ဘဝရှင်မင်းတရားကြီး ပွဲတက်ကန်တော့ခံသောအခါ ဗိုလ်ချုပ် ဗိုလ်ပြင်မှာ နောက်ဆုံးက နေရ၏။ ရွှေနန်းတော် ထုံးစံ နေရာ သတ်မှတ်ချက်အရ ရှေ့တွင် ဝန်ကြီး မှူးကြီးများက နေရာယူရ၏။ တစ်နေ့သော်

နောက်ဆုံးကနေ၍ ဘုရင်ကို မမြင်ရသောကြောင့် ဗိုလ်ချုပ် ဗိုလ်ပြင်လည်း စိတ်ထွက်သည်နှင့်....

"တိုက်စရာရှိရင် ရွှေပြင် ရွှေပြင်နဲ့ ရွှေတော်ခစားစရာရှိတဲ့အခါကျ၊ နှမပေးများက ရွှေက၊ ရွှေပြင်က နောက်ဆုံးက...."

ဆို၍ ဆဲရေးလေသည်။ မင်းကြီးတစ်ပါးက ကြားသဖြင့် ရွှေနားတော်သို့ သံတော်ဦး တင်သည်တွင် ဘုန်းတော်ကြီးဘုရားက ဗိုလ်ပြင်ကို ရွှေတော်သို့ခေါ်၍ မေးလေ၏။ ဗိုလ်ချုပ် ဗိုလ်ပြင်က အမှန်အတိုင်းဆဲသည့် အကြောင်းအရာနှင့်တကွ လျှောက်တင်လေ၏။ မင်းတရားကြီးက ရယ်၍...

"နောက်ကို မောင်မင်းမဆဲပေနှင့်၊ ယနေ့ကစ၍ မောင်မင်း ရွှေဝင်းတော်မှူးအရာ ထမ်းရွက်စေ။ ၎င်းနေရာထက် ငါနှင့်နီးသော နေရာမရှိဘူး မောင်မင်း" ဟု အမိန့်တော်ရှိပြီး ရွှေဝင်းတော်မှူး ခန့်အပ်တော်မူခဲ့၏။

## အရှင်မဲ့ကျွန်

ဗိုလ်ချုပ်ဗိုလ်ပြင်ကား ဘဝရှင်မင်းတရားကြီးအပေါ် အကြွင်းမဲ့သစ္စာစောင့်သိကာ အမှုတော်ထမ်းရွက်ခဲ့ပါ၏။ သူ့ရဲကောင်းတို့ကို မြတ်နိုးတော်မူသော မင်းတရားကြီးကလည်း သားတော်ရင်းသဖွယ် မြှောက်စားတော်မူခဲ့ပါ၏။ ရတနာသိဿမြို့ဝန်၊ ရဲဘက်မြင်းဝန်၊ စစ်ကိုင်းမြို့ဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်ရာဇာ ဗိုလ်ချုပ်အရာထားတော်မူခဲ့ပါ၏။ သားအရင်းပမာ မြတ်နိုးစွာဖြင့် "သတိုး"ဘွဲ့ကိုပင် ချီးမြှင့်တော်မူခဲ့ပါ၏။

ဗိုလ်ချုပ်ဗိုလ်ပြင်ကား နှလုံးနှုးညွှံသိမ်မွေ့တော်မူသော ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ စည်းစိမ် အသက်နှင့် သာသနာတော်အတွက် ဆောင်ရွက်ချက်များကို အသက်စွန့် ကာကွယ်ရန်အတွက် မွေးဖွားလာခြင်း သက်သက်ဟုသာ ဆိုရပေမည်။

ဘဝရှင်မင်းတရားကြီး နတ်ရွာစံလေသော် ဗိုလ်ချုပ်ဗိုလ်ပြင်ကားကြမ္မာနှမ်းခဲ့လေ၏။

သီပေါကိုယ်တော် ပလေးလက်ထက်တော်တွင် တိုးတက်၍ အရာပေးကာ မြှောက်စားတော်မူခဲ့ပါသေး၏။ နဝမဌာနခရိုင်ဝန်၊ လောလင်းဝန်းသို့

အင်းဆောက်သာ ၅ မြို့၊ ငါးရာန်း၊ ခေါ်သန္တိ၊ ရွှေတစ်ဆယ့်သုံးရွာ၊ သစ္စေး ၆-ရွာများကို ထပ်မံနှင်းအပ်ခဲ့ပါ၏။ သို့သော် အရှင်မဲ့သည့် လူ့ပြည်တွင် ဗိုလ်ပြင် မပျော်ပိုက်ပြီ။ အသက်လည်း (၇၀) ကျော်ပေပြီ။ သီပေါ်ကိုယ်တော်၏ စည်းစိမ်သက်ကလည်း ကြာတော်မမူ။ ဤမြန်မာနိုင်ငံကြီးတစ်ခုလုံး အင်္ဂလိပ်လက်အောက် ကျရောက်သောအချိန်ဝယ် ပဌမသင်္ဂါယနာတင်မင်းတရားကြီး၏ ကျွန်တော်ရင်း ပြေင်လည်း ဇာတိလှုတောရွာသို့ပြန်ကာ ညှိုးငယ်စွာနေရလေ၏။

## ဗိုလ်ပြင်၏ အဆက်အနွယ်များ

ဗိုလ်ပြင်၏ ပထမမယား လှုတောသူ မလည်ရစ်မှာ ရွှေဘိုမင်းလက်ထက်ကပင် ကွယ်လွန်ခဲ့၏။ ၎င်းမယားနှင့်ရသော သားမောင်တက်ခါးမှာ ဆိုးခိုးတိုက်စားသောကြောင့် လှုတောရွာသားများ ဝိုင်းစုသတ်၍ သေသည်။ မောင်တက်ခါးညီ မောင်ကျော်ခေါင်မှာ ရွှေဘိုမြောက်လက် တောင်လက် ကျားသုံးရွာစား ဗိုလ်ကြာအမည်ရှိ၏။ ညောင်ရမ်းဘက်ပါသည်ထင်၍ ဖမ်းဆီး အသတ်ခံရ၏။

ဒုတိယမယား အလုံနယ်အင်းကိုင်းရွာ တောင်သူဦးမှုံသမီး မအုံနှင့်ရသော သားသမီးများမှာ ရွှေးလက်ဝဲဗိုလ်မောင်ညို။ ၎င်းညီ ရွှေဘိုမြို့အုပ်မောင်ထွန်းတို့ဖြစ်၏။ ကွယ်လွန်ကြလေပြီ။

ဗိုလ်ပြင်၏သမီး ဒေါ်မမောင်ဆိုသော မင်းကြီးကတော် တစ်ဦးလည်း ရှိ၏။ မိခင်အမည် မသိရသေး။ ရွှေဘိုမှ ဝန်ထောက် ဦးခင်ဘနှင့် အကြောင်းပါပြီး သား (၃) ယောက် ရသည်ဆို၏။ ယင်းတို့မှာ ကိုတင်ဦး၊ ကိုတင်လတ်နှင့် ကိုတင်ညွန့်တို့ ဖြစ်ကြပါသည်။

## ရွှေတိဂုံစေတီမှ ခေါင်းလောင်း ကမ္ပည်းစာ

ဗိုလ်ချုပ်ဗိုလ်ပြင်ကား ဘဝရှင်မင်းတုန်းမင်းတရားကြီးနှင့် ကွယ်လွန်ပြီးသည့်တိုင် ရေစက်မကုန်ဟု ဆိုနိုင်ပါ၏။ ထိုအကြောင်းကို ရွှေတိဂုံစေတီတော်၏ ထီးတော် ခေါင်းလောင်းတော်များမှ ကမ္ပည်းစာဟောင်းများက သက်သေခံကာ ပြောကြားလျက်ရှိပါသည်။

ဘဝရှင်မင်းတရားကြီးသည် ၁၂၃၁-ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကို ထီးတော်သစ်တင်လှူခဲ့၏။ ထိုစေတီ၏ ဗုဒ္ဓဟူးနံထောင့်ရင်ပြင်တွင် ဦးရောင်း ဒေါ်မမလေး တန်ဆောင်းရှိ၏။ ထိုတန်ဆောင်းရှေ့တွင် ခေါင်းလောင်း (၃)လုံး ရှိသည့်အနက် တန်ဆောင်းနှင့်အနီးဆုံး ခေါင်းလောင်းတော်ကား ၁၂၉၁-ခု၊ ဝါခေါင်လဆန်း (၃) ရက်နေ့တွင် သွန်းလုပ်ပြီးစီးလှူဒါန်းခဲ့၏။ ခေါင်းလောင်းတော်၏ ကုသိုလ်ရှင်ကား သတိုးမင်း မဟာမင်းလှမင်းခေါင် ရာဇာဘွဲ့ခံ စစ်ဘုရင်ချုပ် ဗိုလ်ပြင်၏သမီး မင်းကြီးကတော် ဒေါ်မမသင်နှင့် ခင်ပွန်း ရွှေဘိုဝန်ထောက်ကြီး ဦးခင်ဘ မိသားစုတို့၏ ကောင်းမှုပင်ဖြစ်နေသည်။

ဗိုလ်ချုပ်ဗိုလ်ပြင်၏ သမီးတော်ခေါင်းလောင်းသံကား၊ မင်းတရားကြီး ကောင်းမှု ထီးတော်ဆည်းလည်းသံများနှင့်အတူ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ယနေ့တိုင် လွင့်ပျံ့ ဦးခိုက် ပူဇော်လျက် ရှိပါသတည်း။

## စစ်ဘုရင်ချုပ်၏ နိဂုံး

ဇာတိရပ်ရွာ လှတောရွာသို့ ဗိုလ်ချုပ်ဟောင်း ဗိုလ်ပြင် ပြန်ရောက်လေသော် အဘိုးကြီး ဟိုးပြင်၏ ငယ်ပေါင်း ကြီးဖော်များ မရှိတော့၊ တဖြုတ်ဖြုတ် သေကြကုန်ပြီ။ ရှိသေးသူတို့ကလည်း မခေါ်ရဲ မပြောရဲ၊ ဟိုယခင်က ရာဇမာန်တက်ကာ ဓားထက်ဖူးသည့် အရှိန်က ရှိနေသေးသည်မို့ ရွံ့ကြသည်။ ဘုရားသွား ကျောင်းတက်၍လည်း မပျော်နိုင်။ ငယ်စဉ် ကိုရင်ဘဝကရခဲ့သော တရား လက်ကျန်ကလေးများကလည်း လူသတ် တောလိုက် ဖဲရိုက် အရက်သောက်ဖြင့် ကုန်ခဲ့ပြီ။ ငယ်ဆရာရွှေကျင်ဆရာတော်က "ဤဘဝမှာ အရာရှိ၊ နောင်ဘဝဖို့ အရိရှာ"ဟု ကရုဏာ ဒေါသောဖြင့် ပြောခဲ့သည်များမှာ နောင်ဘဝကိုပင် မစောင့်။ ယခုဘဝမှာပင် 'အရိရှာ' လေပြီ။

အမှတ်ရသည့် အခါတိုင်းလည်း တာဝန်ရှိသည်ထက် ပို၍ နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်မိခဲ့သော သူများ၏ မျက်နှာများ၊ အော်ဟစ်သံများက တစ္ဆေခြောက်သလို ပေါ်ပေါ်လာသည်။ "ဆိတ်တစ်ကောင် အသတ်မှား၍၊ သေလျှင် ငရဲလား၊ ဘဝငါးရာ လည်ဆက်ဖြတ်ခံ၊ ဝဋ္ဋလာထုံးစံ" ဆိုသည့် ဆရာတော်ဩဝါဒကို နားမထောင်ခဲ့သည်ကို နောင်တရမိပါ၏။ သို့သော်

လွန်ခဲ့လေပြီ။ ဘာပဲဖြစ်ဖြစ် မိမိမှာ ရှိခဲ့သော လောကီအစီအရင် ကလေးကြောင့် ဒီဘဝမှာတော့ ပိုးစိုးပက်စက် သူတစ်ပါး လက်ချက်ဖြင့် မသေကောင်းရာဟုသာ ဖြေသာနိုင်ပါ၏။

ဗိုလ်ချုပ် ဗိုလ်ပြင် လောကီအစီအရင်ကို အားကိုးခဲ့သည်မှာလည်း မှန်ပါ၏။ သို့သော်....

တစ်နေ့တွင် ဟန်လင်းတိုက်ပွဲ၊ စစ်ကိုင်းတိုက်ပွဲ၊ မတ္တရာတိုက်ပွဲတို့တွင် မနောမယမြင်းတော်ကို စီးလျက် ပွဲတိုင်းကျော်ခဲ့သော မင်းကြီး မင်းလှ မင်းခေါင် ရာဇာ ဗိုလ်ချုပ်ဟောင်း ဘိုးပြင် အသက် (၇၅) နှစ်သည် ဆင်းရဲသား ဆင်းရဲသားပင် ပြန်ဖြစ်ကာ ရွှေဘို အနောက် မူးခန်းဘည်ပင် တောအုပ်ဆီသို့ မိမိမယားများ မြက်ရိတ်သွားရာ လှည်းစီးပြီး နောက်မှ လိုက်ခဲ့၏။ တောသို့ရောက်ပြီး မယားများ မြက်ရိတ်နေကြခိုက် ဘိုးပြင်သည် ပျင်းပျင်းကလည်းရှိ၊ နေကလည်း ပူသည်နှင့် လှည်းနောက်မြီး အောက်တွင် အရိပ်ခိုရင်း အိပ်ပျော်သွားခဲ့သည်။ မယားများက မြက်ရိတ်ပြီး မြက်ထုံးကြီးများကို လှည်းပေါ်တင်ကြရာ တဖြည်းဖြည်းများများလာ၏။ ထို့ကြောင့် လှည်းနောက်မြီးလည်း လေးလေးလာရာ နောက်ဆုံး လှည်းဦးထောင်ပြီး လှည်းနောက်မြီး ပိကာ ဗိုလ်ချုပ်ဗိုလ်ပြင် အနိစ္စရောက်ခဲ့လေသည်။

"ဘိ ထောင်ချောက်တွင်၊ ဝပ်မိသည့် ကြွက်၏ပုံ၊ ယခုပင် ကံကုန်၍၊ အဝီစိဘုံအကျော်၊ ယမမင်းကြီး နန်းပေါ်မှာ၊ တစာစာ တအော်အော်နှင့်" စသော ဆရာတော့်မေတ္တာစာသည် ပုဗ္ဗနိမိတ်သဖွယ် ဖြစ်တော့သည်။

ဓား၊ လှံ၊ သေနတ်ဖြင့် ပစ်ခတ်ခုတ်ထစ်၍ မသေနိုင်သောသူ အတွက် သေနိုင်သော နည်းလမ်းတစ်ခုကို ကံကြမ္မာက ဖန်တီးပေးလိုက်လေပြီ။ သူ အားကိုးခဲ့သော လောကီ အစီအရင်ကလည်း ကံကြမ္မာ ဝဋ်ကြွေးကို ဟန့်တား၍ မပေးနိုင်ချေပြီ တကား။

ဂါမဏိ

၁၉၇၅ ခု၊ ဩဂုတ်လ(၇) ရက်၊

# ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ သူ့သက်ဩဝါဒ မေတ္တာစာ

"ဩဝါဒေယျာနုသာသေယျ၊ အသဗ္ဘာစ နိဝါရယေ။

သတဉှိသော ပိယောဟောတိ၊ အသတံ ဟောတိ အပ္ပိယော။"

—ပါဠိတော်နှင့်အညီ၊ မကောင်းမြစ်ထား၊ ကောင်းရာတိုက်တွန်း၊ ညွှန်းပြသင့်သော ဆရာဖြစ်သည်နှင့်လျော်စွာ၊ ဩဝါဒကထာ၊ ကရုဏာရေအေး၊ မေတ္တာစာပေးလိုက်သည်၊ မကြိုက်လျှင်ဆုတ်ဖျက်၊ ကြိုက်လျှင်လည်း ဦးထိပ်ရွက်၊ တရားလမ်းသက်ရာကို တပည့်မို့ ဆိုလိုက်မည်၊ အရာရှိသော၊ အရိုရှာသော၊ မြင်းတပ်ဗိုလ်သော ဆင်တပ်ဗိုလ်သော ထိုသော ဤသော ခေါ်နွား မလည်၊ ဟယ်....တပည့်ယင်တေုပ်ကြီး၊ ဆယ့်ငါးနှစ်အရွယ်၊ သာမဏေငယ် ကာလက၊ နှုတ်စနှင့်တလျှားလျှား၊ အာစနှင့်တမားမား၊ ကိုယ်ကျင့်တရားမှာလည်း ခြောက်ပြစ်ကင်း၊ ပဋ္ဌင်းခံမည်ဟူ၍ အတန်တန်၊ ပဋိညာဉ်ခံဝန်ချက်ကြောင့်၊ သာသနာတော်တွင် ကျမ်းဂန်သိမြင်၊ သီလဝင်သူတစ်ယောက်၊ ကိုးကွယ်ရာ ဖြစ်လောက်သည် ငါထင်စား၍၊ စက္ကဝတ္တိ ရာဇာလောင်းကို၊ သိကြားမင်းကြီး စောင့်ရှောက်ဘိသည့်အလား၊ နဂ္ဂဟနှစ်ပါးနှင့်၊ တပြောစားစား ချီးမြှောက်၍ ထားပါသည်ကို၊ ဘဝအဆက်ဆက်၊ ဆက်သတ်၍ မဖြစ်၊ မြင်းကြမ်းညစ် ခြင်းရာလို၊ မုန်ယိုသည့် ဆင်ရူးသွင်၊ တဏှာသခင် သဘက်ပူး၊ ရူးခြင်းကြီးရူး၍လာ၊ ဟောပါသော်လည်း နားမတင်၊ ပြောပါသော်လည်း နားမဝင်၊နွားသိုးကို ထမ်းပိုးတင်ရသည့်အလား၊ မဟားဒရား တားမရ ဆီးမနိုင်၊ ဆရာ့ ကျေးဇူး ကိုလည်း မတင်နိုင်၊ သံသရာဘေးကိုလည်း မမြင်နိုင်၊ စိတ်လိုရာကိုင်ပြီးလျှင်၊ နိဗ္ဗုတာ ရပ်ခွင်ကို၊ ယစုပင် တင်တော့မည်၊ ကျေးဇူးရှင် ဆရာကို၊ မနေသာ စွန့်သွား၊ ငရဲဘောင်ကို သွေးဆောင်မျှားတတ်သည်၊ ဗိုလ်ပုံလယ် လူတွေကြားတွင်၊ မင်းခစား ဖြစ်ရသည့်တစ်ခုနှင့်ပစ်၊ ဆုံးပါးချက်နာလှပြီ၊ သို့ကိုပါ အထဝါတစ်ပုံကူး၍၊ ရှူးရမှုုးရသည့်ခြင်းရာကို၊ ဥပမာပုံဆိုသော်၊ ယုန်ဆယ်ကောင်ကို သေအောင်လိုက်ရမှ ယုန်ရိုးကို တစ်ခါကိုက်ရသည့်၊ မိဂမှုဆိုး ခွေးအလား၊ မစားရငရဲခံ၊ အများသူတို့ဘေးရန်ကာ၊ မပြောလောက်တဆိတ်စာ၊ ဗိုလ်ပိန်တာအရာကလေးနှင့်၊ စူးစူးတိုက်၍ မြှောက်ပေးလျှင်၊ နတ်ရူးကို ပုံနှင့်မြှောက်၊ သွေးလုံးလုံးမြှောက်ပြီးကာ၊ မြှောက်မြင်းနယ် ရပ်တစ်ကျေးတွင်၊

ငါးတကာတို့မစင်၊ ပုစွန်ဆိတ်ခေါင်းပေါ်တွင်၊ စုဝင်သည်ဆိုသည့်အလား၊
သူတစ်ပါးတို့တွက်တာများနှင့်၊ ကိုယ်ဖို့တရားကို ဝိကပ္ပနာထား၊ သူ့ခိုးဖမ်း
လား၊ ဓားပြဖမ်းလား၊ အဓမ္မတရား၊ လယ်တရားနှင့်၊ လင်မယားတရား
ကိုမျှမချန်လှပ်၊ မင်းမှုရပ်အခါခါ၊ မပြောလို့လဲမနေသာ၊မဆိုလို့လဲမနေအား၊
များတကာသူတော်တို့မှာ၊ ဩော်....ငါကား များမကြာသေရချေ့၊ အနိစ္စ
အနိစ္စ၊ ငါ့တကာ ဗိုလ်မင်းမှာ၊ ငါသို့သောမင်းယောကျ်ား၊ ပြဒါးသေမှ
သေမည်ပ၊ နိစ္စ နိစ္စ၊ များတကာသူတော်တို့မှာ၊ ဩော်... ငါကားဆင်းရဲချေ့၊
ဒုက္ခ ဒုက္ခ။ ငါ့တကာဗိုလ်မင်းမှာ၊ ကာမဂုဏ်ပွဲစုံကျင်းပ၍၊ အဟောသုခ သုခ။
များတကာ သူတော်တို့မှာ၊ ဩော်....ငါကား အစိုးမရ၊ အနတ္တ အနတ္တ၊
ငါ့တကာဗိုလ်မင်းမှာ၊ ကြိမ်မာမာတစ်လုံးနှင့်၊ ဟဲ့–ငါကား အစိုးရ အစိုးရ၊
နင်မကြောက်လား သင့်မဲ့သား ထိတ်ခတ်ပါလား၊ ဝါးညှပ်လား၊ ဘာဝနာ
ပြန်ပြောင်းနှင့်၊ ကာလညောင်း၍ သန်းခေါင်တိုင်၊ အချိန်ကုန်လို့မှမအိပ်နိုင်၊
နက်ဖြန်ခါမှိုင်မည့်ပုံ၊ ဗျာပါဒဝိတက်နှင့် တစ်ညဥ့်ကုန်၊ နေအရုဏ် မိုးသောက်
ပြန်လျှင်လည်း၊ များတကာသူတော်တို့မှာ ဗုဒ္ဓေါ ဗုဒ္ဓေါ ဘုရား ဘုရားနှင့်၊
ဘုရားရှိခိုးကြ၍ တစာစာ၊ ငါ့တကာဗိုလ်မင်းမှာ၊ ဟဲ့ညဦးက ထောင်မှာ
ထားသည့်လူ၊ ဟဲ့ယူခဲ့ဦး၊ငါစစ်ဆေးမည်၊ဟဲ့ငမိုက်ခွေး မှန်အောင်လျှောက်၊
ငါသို့သောမင်းယောကျ်ား၊ လှည့်စားပြန်ပြီ နင်နေဘ်၊ ကလအော်နှင့် နှက်
ချီးလို့သွားအားလုံးကျိုးတော့မည်၊မော့လဟဲ့နှင့်လည်ပင်း၊နင်းလိုက်ကြလဟဲ့
မသေအောင်၊ ယောင်တောင်တောင် ဟိုငမိုက်သား၊ သနားသလို ညာတာ
တာ။ ထောင်းကြပါလဟဲ့ သင့်ကိုလဲ၊ ဆွဲခဲ့ပါလဟဲ့ သင့်သျှောင်၊ လားလား
ဟယ် ငါတတောင်စာကျွေးရော့မည်၊ ခွေးမသား ဟိုတစ်တွေကလည်း
ကြည့်လို့သာနေနိုင်လေ၊ အထွေထွေအလာလာ၊ ဘုရားတကာကိုဆဲ၊ ကျောင်း
တကာကိုမဲ၊ဆင်းရဲသားတစ်ရာ၊ငိုမျက်နှာမြင်ရမှ၊ မင်းမျက်နှာတစ်ကိုယ်ရသည့်
ရာဇကိစ္စနှင့်၊ တစ်နံနက်မျော၊ ရောတစ်ခါ နေ့လယ်ချမ်းတိုင် ရောက်လျှင်၊
များတကာသူတော်တို့မှာ၊ ဘာဝနာကြွက်ကြွက်ညံ၊ စာအံသံနှင့် တအုံးအုံး၊
ငါ့တကာ ဗိုလ်မင်းမှာ ကြိမ်တံဖျာရိုက်သံများနှင့် တဘုံးဘုံး၊ ဟေးလား
ဝါးလား ပျော်ပွဲစား၍ တပြုံးပြုံး၊ အရပ်နီးသူတော်တို့ မုန့်းစရာ သပ္ပပ္ပ
လာနှင့် ဟစ်နေ့ကျွန်း၊ အချိန်လွန် ညနေချမ်းရောက်ပြန်ခါ၊ များတကာ
သူတော်တို့မှာ၊ ပန်းကလပ်ထွေထွေလာ ပန်းညောင်ရေအဖြာဖြာနှင့်၊သူ့ထက်
ငါ ဘုရားသွား၊ ငါ့တကာ ဗိုလ်မင်းမှာ၊ ကြေးစည်သံမှိုင်မှိုင် ကြား၍သော်မှ
လည်း မေးတင်းမျှမပူအား၊ ဆင်ပြင်လား မြင်းပြင်လား၊ သူခိုးဖမ်းလား
ဓားပြဖမ်းလား၊ သူသတ်တောင်ကုန်းသာ ခါခါသွား၊ ဥပုသ်သီလများကို

ဆိုပြန်လျှင်လည်း လပြည့်နေ့သော၊ လကွယ်နေ့သော၊ သူပြောလာမှ ဟုတ်ဟန်ရှိ၊ မသိတစ်ခါ သိတစ်ခါ၊ ရှင်နှစ်ဝါ သုံးဝါပတ်လုံး၊ ဆုံးမခဲ့သည့် ငါ့ဘုရား၊ မင်းမြှောက်စား၍ တက်တက်ဖြူ၊ ကျောင်းစာရေးသူငယ်၊ ဖြစ်လာစဉ်အခါဝယ်လည်း....

( ၁ ) မဟော့ရမ်းနှင့် မဟော့ရမ်းနှင့်၊ ဟော့ရမ်း ပရမ်းပတာ ဖြစ်တတ်သည်။

( ၂ ) မပေါ့လျှမ်းနှင့် မပေါ့လျှမ်းနှင့်၊ ပေါ့လျှမ်း ဥစ္စာကုန်ခန်းတတ်လှသည်။

( ၃ ) မကြော့ကြွမ်းနှင့် မကြော့ကြွမ်းနှင့်၊ ကြော့ကြွမ်း သူများရယ်သွမ်းသွေးတတ်သည်။

( ၄ ) မရှန့်ကြမ်းနှင့် မရှန့်ကြမ်းနှင့်၊ ရှန့်ကြမ်း သူများမုန်း၍ ပန်းတတ်သည်။

( ၅ ) မသော့သွမ်းနှင့် မသော့သွမ်းနှင့်၊ သော့သွမ်း အဝီစိမှာ ခါးပန်းသတ်လိမ့်မည်။

အတည့်တည့်ဆုံးမခဲ့သည့်ငါ့စကား၊ နောက်ဖယ်နားတွင်မှနှင်မထား၊ သားမယားဟောပုံဟာ၊ တစ်ဘဝတွက်တာနှင့်၊ သံသရာမှာကျွမ်းနောက်ထိုး၊ အဝီစိမှာ အောက်ဆုံးမျိုး၊ ကိုယ်ကျိုးကြီးနဲ့စရာ၊ အဒန္တေန အသတ္တေန၊ ခေါးမကျိုး လုံမရှု၊ နန္ဒိသေနတို့ထုံးပုံ၊ တရားမပျက်-မှုကုံအောင်၊ နှလုံးရည်နှင့်မကြုံဆောင်၊အစွယ်နှင့်လက်သည်းကို အားခဲသည့်၊ တောကျားရဲအကောင်လို၊ သံတတောင်အနုံကွင်း၊ ကားတိုင်မှာ လူကိုကျင်းရမှု၊ မင်းမှုခင်းကိစ္စပြေ၊ ဆရာတော်တပည့်အနေ၊ ပညာရည်နှင့် မှုမထမ်း၊ လူဟော့ရမ်း လူကြော့ကြွမ်း လူသော့သွမ်းပါးကွက်လို၊ လူတစ်ယောက် သက်ဇီဝိန်ကို၊ မံသဖုတ်ဆီစိုစိုနှင့်၊ ထန်းရေကို နှိမ်သလို၊ မြိန်ပေလို့ပြုံးသလား၊ ငါလားလားမေးလိုက်ချင်၊ ဘိထောင်ချောက်တွင်၊ ဝင်မိသည့်ကြွက်၏ပုံ၊ယခုပင်ကံကုန်၍၊ အဝီစိဘုံအကျော်၊ ယမမင်းကြီးနန်းပေါ်မှာ၊ တစာစာ တအော်အော်နှင့်၊ အမှုတော် ထမ်းရခါနီးကို နင်မသိ၊ အဝိဇ္ဇာမာန်ဖိစီး၍၊ ထီးမိုးနှင့် နောက်လိုက်တွေ၊ ဖိနပ်ကိုင်ခြေရွှေကို၊နိဗ္ဗူပြည်ထင်စနိုး၊ပိုးအိမ်တို့ဗလရှုပ်၊ဖြုတ်ခနဲပျက်မည်ကိုမဆင်ခြင်၊

မင်ကြောင်ကို တသသ၊ တံတောင်ကို တပြုပြု၊ သိဋ္ဌိုဝ်းနှင့် ကာလသုတ်အကြား၊ ငရဲထိန်းကြီးအလားလို၊ ဓားကြီးနှင့်တဝင့်ဝင့်၊ ရွှေထီးနှင့်တစွင့်စွင့်၊ လူမြင်တိုင်းက နှလုံးနင့်၊ တပည့်ကောင်းခြင်းရာကို၊ ဥပမာပုံဆိုသော်၊ တဏှာချည်၊ အဖျည်ခဲလှချည့် သံသရာဝဲ၊ တဏှာချည်၊ အဖြည်ခဲလှချည့် သံသရာဝဲ၊ သို့မို့ပလေ၊ တို့များမှာခွေတိုး၊ ကြည့်လိုက်ကြဟိုးဟိုး၊ အဘိုးကြီးကာလသား၊ ခါးတောင်းမြိတ်နှင့် တမြားမြား၊ တုံးရွှေကသွားသည့်သွင်၊ တွင်တွင်ကြီးကြော့ကြမ်း၊ ထင်ထင်ကြီးဟော့ရမ်း၊ ကာမတဏှာ သဘာက်ဖမ်း၍၊ လောကန္တရက်တွင် နန်းသိမ်းရမည့် အရေးကို၊ မတွေးနိုင် မထင်နိုင်၊ ထီးမိုးနှင့်ဖိနပ်ကိုင်၊ နောက်လိုက်တွေ တဖြိုင်ဖြိုင်၊ မိန်းမငယ်တွေ တလှိုင်လှိုင်နှင့်၊ မြိုင်မြိုင်ကြီး ပျော်မြူး၊ သည့်လောက်တောင် ရူးမည်ဟု၊ တစ်ခါဖူးမျှ ငါမထင်၊ ငါဆရာပင် အထင်လွဲ၊ လူကဲခတ် မှားလိုက်လေ၊ ဖြစ်ပေသည့်မင့်ခြင်းရာ၊ တပည့်ကောင်း မောင်ရှင်မှာ မထောင်းတာ၊ ကြားရသည်ဆရာမှာ နားမချမ်း၊ လုံဖျားမှာ ပစဉ်းနား၊ ကျီးကန်းက မစင်ပါ၊ ယိုသူမှရှက် မြင်သူရှက်၊ ဂွက်ရွာတို့ပုံပမာ၊ မမြင်ဝံ့ဆေးသမား၊ မကြားဝံ့တရားသူကြီး ဆိုသည့်သွင်၊ တပည့်ကောင်း ဖြစ်အင်ကို၊ မဆိုချင်မနေအား၊ ကားတိုင်မှာ လူကိုတင်၊ အဆုံးတိုင် စီရင်ကြောင်းများနှင့်၊ ငါဆရာ ကြားရသည်၊ မဟုတ်လေသိ ဟုတ်လေသိ၊ မဟုတ်ဘိလျှင် ဆရာအဆိုလွဲ၊ ဟုတ်ပြန်ဘိလျှင်လည်း၊ တပည့်မဲ၍ မွှောင်၊ မဟုတ်ဘဲ ဆရာမဒဟာပေါင်၊ ဆိတ် တစ်ကောင် သတ်မှား၍၊ သေလျှင်လည်း ငရဲလား၊ ဘဝငါးရာ လည်ဆက်ဖြတ်ခံ၊ ဝတ္ထုလာထုံးစံ၊ ကျမ်းဂန်နှင့်ဝေဖန်လျှင်၊ ဆိတ်ငရဲထက်နွား၊ နွားငရဲထက်ကျွဲ၊ ကျွဲငရဲထက်ဆင်၊ ဆင်ငရဲထက်လူ၊ မကောင်းမှုကြီးဟူ၍၊ ငါတို့မြန်မာ သူတော်တို့မှာ မဆိုထား၊ မိစ္ဆာဒိဋ္ဌိလူမျိုးများတို့သော်မှလည်း၊ ဤသို့သော အရေး၊ သူသတ်မှုပဂေးတွင်၊ ဝန်လေးသည်လွန်ထင်ကြသောကြောင့်၊ ထောင်တန်းတွင်သော်လည်း တစ်သက်နေ၊ တိုင်းတစ်ပြေကိုသော်လည်းပို့၍ထား၊ စီရင်ပုံထုံးများနှင့်၊ ကိုယ်လွတ်အောင် ရှောင်ရှား၍ နေကြပါသည်၊ ငါ့တကာဗိုလ်မင်းမှာ၊ နောက်နောင်လာ ပါယ်ရွာဆင်းတော့ခါ၊ ယမမင်းထံတော်မှာ၊ မေတ္တာစာအကျော်နှင့်၊ ဆရာတော်ကယ်လာလိမ့်မည်၊ စိတ်ရည်လို့ ဟော့ရမ်း၊ ပဋ္ဌင်းလောင်း လူထွက်မို့ ရှန့်ကြမ်း၊ လူရယ်သွမ်းပေစရာ၊ ဤဘဝမှာ အရာရှိ၊ နောင်ဘဝဖို့ အရိရှာ၊ တပည့်ကောင်း လူလိမ်မာ၊ မှားလိုက်ပလပလချာ၊ ရှူးရှာလေ သွတ်ချာတော၊ ငါကောလို့ ကောလိုက်လေ၊ သူအသေသေ၊ ငါအကြေကြေ၊ ဖြစ်ပလေသည့်မင်းခြင်းရာ၊ သားမယားပုံဟာကြောင့်၊ ရေတိမ်မှာ နစ်ရတိသည့်အလား၊

မမှားတန် မှားရသည့်တွက်တာ၊ ရွှေကျောင်ဆရာတော်၏ တပည့်ကောင်း၊ ပဥ္စင်းလောင်းလူထွက်ဖို့၊ ချက်စရောငရဲအိုးတစ်လုံး၊ တစ်စောင်က တယ်ရအုံးမည်ခကြောင့်၊ ငရဲမင်းကြီး မုန်းစရာ၊ မီးကိုယုံလို့ ခွေးမတိုး၊ မီးအိုးကြီးကွဲလိုက်ထာ၊ သူ့ဥစ္စာကိုလည်းမညှာ၊ သူ့သက်လျှာသား၊ ရွှေဥတို့ကိုလည်းမရှောင်ရှား၊ မုသားမှာ မဆိုသာ၊ သေသုရာကို ခါခါမှား၊ အဝီစိသွားတွေနှင့် ခါခါပေါင်း၊ သူတော်ကောင်းတွေကို ဝေးဝေးရှောင်၊ ပြိတ္တာဘောင်ဝယ် ကျောင်းဆောက်၊ အဝီစိအောက်တွင် သက်နှုံးချုပ်၊ ငါဆရာကို ဝိကပ္ပနာလုပ်၍ထား၊ သားမယားကိုဓိဋ္ဌာန်တင်၊ ယမမင်းကြီးသိမ်ပေါ်တွင်၊ သံဃာတော်တစ်ရာနှင့် အဗ္ဗာန်သွင်း၊ ပဥ္စင်းလောင်း လူလိမ်မာ၊ မောင်မင်းပြုသည့်သာသနာ၊ ငါဆရာ အသည်းတုန်လှ၍၊ ဤသည့်ပုံလူဟော့ရမ်း၊ လူသတ်မှုအခန်းတွင်၊ နောင်တစ်သက် ကျောချမ်းလောက်စရာ၊ ငယ်ဆရာမာန့်ဂုဏ်နှင့်၊ ငယ်တပည့်ဗိုလ်ယုံကို၊ အားမနာပါးမနာ၊ သည်စာစ်ခါအကုန်ဟောလိုက်သည်။ ငါသို့သောမင်းယောကျ်ား၊ မထောက်ထားဆိုလိုက်လေ၊ စိတ်ထဲကမနာစေနှင့်၊ ရေနစ်သည့်လူ၊ ထိုးဝါးကူပုံအလား၊ ကြောင်ပါးလက်ဝယ်၊ ကြွက်သူငယ်ကို၊ ကယ်ယူရသလို၊ ဗိုလ်မာနမာန်ဟုန်၊ ဒုစရိုက်ရန်သူပုန်၊ သည်တစ်ခါ ကုန်လောက်အောင်၊ ပဂ္ဂဟနိဂ္ဂဟဖုံဖုံ၊ ဆေးမျိုးစုံတိုက်ကျွေး၊ မေတ္တာရေပေးလိုက်သည်၊ သူငယ်ကိုပိဿာလေးနှင့်၊ နံဘေးကိုပစ်သလို၊ အောင့်အစ်အစ်မရှိလင့်၊ တပည့်ကောင်း မောင်ရှင်ကြောင့်နောင်ပူပင်ငါမရှိရအောင်၊ သောဝစဿတာ မင်္ဂလာအောင်ပန်းနှင့်၊ ပဋိညာဉ်ညောင်ရေဖျန်း၍၊ အာမဘန္တေလျှောက်လှာကမ်းလိုက်မှ၊ ငါ့တပည့်ကောင်းတွက်တာ၊ ငါဆရာနားချမ်းမည်၊ ငါ့တပည့်ဗိုလ်ကြမ်း……။

### သူသတ်သြဝါဒ မေတ္တာစာပြီး၏။

[ဤသြဝါဒ မေတ္တာစာသည် 'ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး' ၁၉၂၈-ခုနှစ်ရိုက်၊ ၁၉၆၆-ခုနှစ်ရိုက်တွင် နှစ်ကြိမ်တိုင် ဖော်ပြထားပြီး ဖြစ်ပါသည်။ ဗိုလ်ချုပ်ဗိုလ်ပြင်၏အကြောင်း ကုန်းဘောင်ဆက်ရာဇဝင်နှင့် မှော်ဘီဆရာသိန်းကြီး၏စာစုမှ]

## အတ္တလန္တိတ် သမုဒ္ဒရာထဲက

# မြန်မာ့ရတနာများ

ဆွမ်းကျွေးတရားနာတစ်ခုသို့ စာရေးသူရောက်သွားခဲ့ရာ တရားဟော ဆရာတော်က သူ့အလိမ်ခံရမည့်ဆဲဆဲ ဖြစ်ခဲ့တဲ့ နောက်ကြောင်းရာဇဝင်ဖြစ်ရပ် တစ်ခုကို ပြောပြပါတယ်။ အဲဒီဆရာတော် ကျောင်းမှာရှိနေစဉ် သပ်ရပ်စွာ ဝတ်ဆင်ထားတဲ့ လူငယ်တစ်ဦးဟာ အလှူကိစ္စတစ်ခုအတွက် ကျောင်းရောက် လာတယ်။ လူငယ်ရဲ့လက်ထဲမှာ ဆရာတော်နှင့် ရင်းနှီးတဲ့ တခြားမြို့က ဆရာ တော် တစ်ပါးရဲ့ စာတစ်စောင်လဲ ပါလာတယ်။ စာကိုဆက်ကပ်လို့ ဖတ်ကြည့် လိုက်တော့ အလှူကိစ္စတစ်ခုအတွက် ပစ္စည်းများငှားလိုက်ရန်ဖြစ်တယ်။

ဆရာတော်က စာဖတ်ပြီး ထိုလူငယ်ကို အကဲခတ်ရင်း 'ဘာပစ္စည်း ငှားမှာလဲ' လို့ မေးတော့ ကော်ဇောတို့၊ သင်ဖြူးတို့၊ ပန်းကန်ခွက်ယောက် တို့ တစ်ခုစီ လျှောက်ပြောတယ်။ ဆရာတော်က မသကာလို့ ရက်ချိန်းထပ် ပေးလိုက်တယ်။ ချိန်းတဲ့ရက်မတိုင်မီ စာရေးလိုက်တဲ့ မိတ်ဆွေဆရာတော်ထံ လူလွှတ်ပြီး စုံစမ်းလိုက်တော့ ထင်တဲ့အတိုင်း လူလိမ်မှန်းသိသွားတယ်။ ချိန်းတဲ့ ရက် အဲဒီလူငယ်လဲ ပေါ်မလာတော့ဘူးလို့ အမိန့်ရှိသွားတာကို မှတ်သား ခဲ့ရပါတယ်။

အဲသည်လိုအဖြစ်မျိုးတွေဟာ မြို့တိုင်းလိုလို ဖြစ်ပေါ်နေကြမှာ အမှန် ဖြစ်ပေမယ့် တရားခံပေါ်အောင် ထုတ်ဖော်အရေးယူနိုင်ခြင်း မရှိတဲ့အတွက်၊ သံဃာတော်များဖြစ်နေလို့ အရေးလဲမယူကြတဲ့အတွက် လူမိုက်တွေမှာလဲ ပိုပြီး ငရဲကြီးနေကြရှာတယ်။ ယုံလွယ်တဲ့ ဆရာတော်ကျောင်းများမှာလဲ ဆုံးရှုံးနေကြပါတယ်။

## နိုင်ငံခြားသားတစ်ဦး၏ ကိုယ်တွေ့

ဤကဲ့သို့ ကျောင်းကန်များမှ ကျောင်းသုံးပရိဘောဂများကို လိမ်ညာခိုးယူခြင်း၊ စေတီတော်ဌာပနာတိုက်စသည်မှ ဘုရားဘဏ္ဍာတော်များ ဖောက်ထွင်း ခိုးယူခြင်း၊ ဘုရားကျောင်းကန်များမှ သစ်ဝါးသွပ်စသည် ခိုးယူခြင်းစသည်ဖြင့် မတော်လောဘ အဓမ္မပြုကျင့်နေကြတဲ့ ဗုဒ္ဓဘာသာဝင်အမည်ခံလူဆိုးလူမိုက်တို့ သတိပြုရမယ့် နိုင်ငံရပ်ခြား ဖြစ်ရပ်ကလေးတစ်ခုကို တင်ပြလိုပါတယ်။

ဒီဖြစ်ရပ်ကို တင်ပြရေးသားတဲ့ ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာ မဟုတ်သော်ငြားလည်း မသုံးထိုက်တဲ့ပစ္စည်းကို သုံးစွဲသည့်အတွက် ဘေးဆိုးအမျိုးမျိုးနှင့် ကြုံတွေ့ရတတ်တယ်ဆိုတာကို လက်ခံယုံကြည်တဲ့အနေနဲ့ ရေးထားတာ ဖြစ်လေတော့ပိုပြီးစိတ်ဝင်စားစရာပဲ။အဲဒီဆောင်းပါးဟာ'တစ်ဘစ်(စ်)' ဆိုတဲ့ အင်္ဂလိပ်ဂျာနယ်မှာ ပါပြီး ရေးတဲ့ပုဂ္ဂိုလ်ကတော့ ဝါရှင်တန်မြို့တော် မီးသဘောသွားလာစစ်ဆေးရေးအဖွဲ့ရဲ့ အကြီးအကဲတစ်ဦးဖြစ်သူ'လက်ဖတင် ရိုက်(စ)ဘတ်'ဖြစ်ပါတယ်။ ဒါကို 'ရွှေလင်းမောင်'ဆိုသူက ၁၉၆၉-ခုနှစ်၊ ဇွန်လထုတ် ငွေ့သောက်မဂ္ဂဇင်းမှာ မြန်မာပြန်တင်ပြထားပါတယ်။

အကြောင်းအရာ လိုရင်းအချုပ်ကတော့ မြန်မာနိုင်ငံစေတီတော်တစ်ဆူမှ ကိုးကုဋေတန်(ပေါင် ၅-သန်းတန်)ကျောက်မျက်ရတနာ သာသနာ့ဘဏ္ဍာတော်များကို ခိုးယူပြီးနောက် လက်ဝယ်ပိုင်ဆိုင်ကြသူတိုင်း ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ကာ သေခြင်းဆိုးသေကြရတဲ့ အကြောင်း ဖြစ်ပါတယ်။ အကြောင်းအရာ အပြည့်အစုံကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁၆-ရာစု (လွန်ခဲ့တဲ့ အနှစ်လေးရာနီးပါး)က တြိစတြီးယားပြည်က ထီးရိုး နန်းမျိုးဖြစ်တဲ့ 'ဟက်စဘတ်' နွယ်ဝင် 'ကောင့်ဟာမင်' ဆိုသူဟာ မြန်မာပြည်တွင်းသို့ ရောက်လာခဲ့ပါတယ်။ ကောင့်ဟာမင်ဟာ သူတို့အခေါ် အာမာစေတီတော် အတွင်းမှ ကျောက်သံပတ္တမြား စတဲ့ ပေါင် ၅-သန်း (မြန်မာငွေ ကိုးကုဋေခွဲ) ခန့်တန်တဲ့ ဘဏ္ဍာတော်များကို ဖောက်ထွင်းခိုးယူသွားခဲ့ပါတယ်။ ကောင့်ဟာမင်ဟာ သူ့နိုင်ငံပြန်ရောက်တယ်ဆိုရင်ပဲ သူ့ရတနာတွေကို သူ့ဆွေမျိုးတွေက အပိုင်သိမ်းယူထားလိုက်ကြတယ်။ ကောင့်ဟာမင်ဟာ ဥစ္စာလက်လွတ်ဖြစ်ပြီး ရောက်လေရာမှာ ရတနာတွေအကြောင်းကိုပဲ တတွတ်တွတ်ပြောဆိုနေလေတော့ ဥစ္စာရူးဆိုပြီး သူ့ကို ဗီယင်နာမြို့က

အရှူးထောင်ထဲမှာပဲ ချုပ်နှောင်ထားကြတယ်။ ကောင့်ဟာမင်ဟာ ထောင်ထဲမှာပဲ သေလွန်သွားတယ်။

### ရတနာနှင့် မထိုက်တန်သူတို့၏ သွားရာလမ်း

ကောင့်ဟာမင်သေပြီးနောက် သူ့ရတနာတွေ ဩစတြီးယားဘုရင် ဖရန့်စ် ဂျိုးဇက်ထံ ရောက်သွားတယ်။ ရတနာများ လက်ဝယ် ရောက်ရှိပြီး မကြာမီ ဘုရင်ကြီးရဲ့မိဖုရားကြီး အယ်လီဇဘက်ဟာ ဖိနပ်ချုပ်သမားတစ်ဦးရဲ့ ဓားလက်ချက်နဲ့ကံကုန်ရှာတယ်။ သားဖြစ်သူ ရှူးဒေါ့(ဖ်)လဲ သူ့ချစ်သူကို သေနတ်နှင့်ပစ်၊ သူ့ကိုယ်သူလဲ သေနတ်နှင့်ပစ်ကာ နှစ်လောင်းပြိုင် သေပွဲဝင်သွားကြတယ်။ ဘုရင်ကြီး ဂျိုးဇက်လဲ နှလုံးရောဂါနှင့်ကံကုန်ပြီး သေရရှာတော့ မိသားစု တစ်စုလုံးဟာ ကြမ္မာဆိုးတွေနဲ့ တွေ့ကြုံရတယ်လို့ ဆိုနိုင်တယ်။ ဂျိုးဇက်ဘုရင်ဟာ မသေမီ အတွင်းက ရတနာတွေကို ညီတော် 'မက်ဇီမီလီယာန်' မင်းသားကြီးကို လွှဲပေးသွားတယ်။

ဂျိုးဇက်ဘုရင်သေပြီးနောက်ပိုင်း အမေရိကန်ပြည်မှာ တောင်ပိုင်းနှင့် မြောက်ပိုင်း စစ်ဖြစ်လာကြတယ်။ အဲဒီအခါ မက္ကဆီကိုပြည်မှာ ရှင်ဘုရင်လိုလာလို့ လူရွေးကြတော့ မက်ဇီမီလီယာန် မင်းသားကြီးကို မျက်စိကျပြီး အားလုံးက ရွေးချယ်ကြတယ်။ မက်ဇီမီလီယာန်လဲ ရှင်ဘုရင်ဖြစ်ပြီး သူ့ရဲ့မိဖုရားချောကလေး 'ချားလော့' ဆိုသူနဲ့ မက္ကဆီကိုပြည် သွားရောက်ပြီး နန်းစံတယ်။ ကြမ္မာဆိုးဝင်ချင်တော့ မကြာခင် တိုင်းသူပြည်သားတွေက ဘုရင်ကို မကျေနပ်လို့ ပုန်ကန်ကြတယ်။ ရှိတဲ့ စစ်အင်အားနဲ့ နှိမ်နင်းပေမယ့် မနိုင်လို့ မိဖုရားကလေး ချားလော့ကို သူ့မင်းဆွေ စိုးမျိုးတွေဆီ လွှတ်ပြီး စစ်ကူအတောင်းခိုင်းလိုက်တယ်။ နောက်ဆုံး တော်လှန်သူများက ဘုရင်ကို အမိဖမ်းပြီး ကွပ်မျက်လိုက်ကြတယ်။ ဒီသတင်းကိုကြားရတဲ့ ချားလော့ဟာ သွက်သွက်ခါ ရူးသွားလို့ ရဲတိုက်ကြီး တစ်ခုထဲမှာ ထားရာက သေဆုံးသွားရပြန်တယ်။

အဲသလို တတိယအကြိမ်မြောက် ဘဏ္ဍာတော်ကို လက်ဝယ်ထားခဲ့မိတဲ့ ဘုရင်ရော မိဖုရားပါ သေခြင်းဆိုးနဲ့ သေဆုံးကြပြီးတဲ့နောက် ဩစတြီးယားပြည်မှ မက္ကဆီကိုပြည်ရောက်သွားတဲ့ ရတနာတွေကို နောက်ထပ် သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရတဲ့ 'ပေါ်ဖိုင်ရီယိုဒိုက်စ်' ဆိုသူက တစ်ဖန်သိမ်းပိုက်ပြန်တယ်။ ၁၉၁၁-ခုနှစ် ရောက်တော့ သမ္မတရွေးကောက်ပွဲမှာ

ပေါ်ဒိုင်ရီယိုဒိုက်စ်ဟာ ရှုံးနိမ့်သွားပြီး 'ဖရန်စစ္စကိုမာဒီယို' ဆိုသူ သမ္မတသစ် တက်လာတယ်။ သမ္မတဟောင်းဒိုက်စ်ဟာ သူ့ရတနာတွေကို သိမ်းယူခံရမှာ ကြောက်တဲ့အတွက် မားရီးဒါးခေါ်တဲ့ သင်္ဘော တစ်စင်းငှားပြီး ရတနာ တွေကို သံသေတ္တာကြီးနှစ်လုံးနဲ့ အပြည့်အသိပ်တင်ကာ ပြင်သစ်ပြည်ကို ထွက် ပြေးခဲ့တယ်။ မြန်မာ့ရတနာ သာသနာ့ ဘဏ္ဍာများကို တင်ဆောင်ထားတဲ့ မားရီးဒါး သင်္ဘောဟာ ပင်လယ်ကွေ့ကို ရှက်လှင့်ကျော်ဖြတ်ပြီးတဲ့နောက် ဟက်တီးယားငူအလွန်မှာ နှင်းလုံးတွေ နှင်းမှောင်တွေကျလာပြီး 'အက်မိုင် ရယ်မာရာဂတ်' ခေါ်တဲ့ သင်္ဘောနဲ့ တိုက်မိကြလို့ မားရီးဒါးဟာ နှစ်ပိုင်း ပြတ်ထွက်သွားတယ်။ စီးနင်း လိုက်ပါသူများနှင့်အတူ မြန်မာ့ ရတနာ သာသနာ့ ဘဏ္ဍာတွေဟာ ပင်လယ်ရေပြင်အောက်မှာ ငုပ်လျှိုးနစ်မြုပ်ခဲ့ရ ပါတယ်။

မားရီးဒါး သင်္ဘောနစ်မြုပ်ပြီးရက်သတ္တ ၆-ပတ်အတွင်း ဘဏ္ဍာသိုက် တူးသမား 'ကက်ပတိန်ချားလ်ဝီလီဟန်' ဆိုသူ ပထမဆုံး ရှာဖွေခဲ့တယ်။ ၁၉၂၄ ခုနှစ်မှာ ချီဆာဝိ(ခ်)တို့ သိုက်တူးအဖွဲ့ ပင်လယ်ထဲမှာ တစ်နေကုန် ရှာကြတယ်။ မရဘူး။ နောက် ၁၉၃၀-ပြည့်နှစ်မှာ ကက်ပတိန် အယ်လ်ဘို ဒူဝင်ဆိုသူ ရှာပြန်တယ်။ မရဘူး။

## ဆောင်းပါးရှင် ကိုယ်တိုင်လေ့လာ

ဤဆောင်းပါးရေးသူ လက်ဖတင်ရိုက်(စ်)ဘတ် ကိုယ်တိုင်မှတ်တမ်း အတိအကျ ရထားတဲ့အတွက် ပင်လယ်ထဲ တစ်ဦးတည်း ဆင်းငုပ်ပြီး ရှာခဲ့ တယ်လို့ ဆိုပါတယ်။ ဆင်းငုပ်ကြည့်တော့ မားရီးဒါး သင်္ဘောပျက်ကြီးဟာ ပင်လယ်ရေပြင်အောက် အညိုရောင် နွယ်ပင်လိမ်များ၊ ရေညှိမှော်စိမ်းများဖုံး အုပ်ပြီး သဲထဲမှာ ၁၂ ပေခန့်နစ်မြုပ်နေတာကို ကြောက်စဖွယ်အသွင်တွေ့မြင် ခဲ့ရပါသတဲ့။ သင်္ဘောကြီးကို ကုန်းပေါ်ရောက်အောင် ဘယ်လိုမှ မတတ် နိုင်တဲ့အတွက် လက်လျှော့လိုက်ရပါသတဲ့။ ဘုရားဘဏ္ဍာ အဖိုးတန် မြန်မာ့ ရတနာတွေဟာ မည်သူ့ လက်ဝယ်မှ အရောက်မခံတော့ဘဲ အတ္တလန္တိတ် သမုဒ္ဒရာရှိ ဗာဂျီးနီးယားအငူနဲ့ ၄၅-မိုင်အကွာ ပင်လယ်အောက်မှာပဲ ကိန်း အောင်းလျက် ရှိနေကြပါတယ်။

သိုက်တူးသမား ဆောင်းပါးရှင် ရိုက်(စ်)ဘတ်ဟာ မြန်မာပြည်မှ ဘဏ္ဍာတော်များဟာ ခိုက်တဲ့ ရတနာတွေဟု သာမန်အားဖြင့်သာ လက်ခံ

ယုံကြည်ပြီး ဘုရားပစ္စည်း သာသနာ့ပစ္စည်း မြင့်မြတ်တဲ့ပစ္စည်းဖြစ်လို့ဆိုတာကို သဲသဲကွဲကွဲ မသိတဲ့အတွက် အောက်ပါ မှတ်ချက်ကို ဆက်လက် ရေးသားခဲ့တယ်။ဘဏ္ဍာတော်တွေကို ခိုးယူသွားတဲ့နောက် စေတီတော်မှာစောင့်ရှောက်နေတဲ့ ဘုန်းတော်ကြီး တစ်ပါးက ၇-ရက်ပတ်လုံး တရားထိုင်ပြီး ၈-ရက်မြောက်တဲ့နေ့ တစ်နေ့လုံး 'ခိုးတဲ့လူတွေ ဘေးဆိုး ရန်ဆိုးတွေ့ပါစေ' လို့ ကျိန်ဆိုတဲ့အတွက် ယခုကဲ့သို့ ဖြစ်ရကြောင်း ထင်မြင်ချက်ရေးသားပြီး သူ့ဆောင်းပါးကို နိဂုံးချုပ်ထားပါတယ်။

(၁၇-၈-၁၉၇၀-နေ့ထုတ်၊ ဓမ္မဗျူဟာစာစောင် အတွဲ ၉၊ အမှတ် ၄-မှ လက်ပံတန်း ယောဂီ၏ ဝိသမလောဘဒဏ်ချက် ဆောင်းပါးကို ထပ်ဆင့်ဖော်ပြပါသည်။)

မြင့်မြတ်သော ပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဘုရားကျောင်းကန် ရတနာသုံးတန်၏ မြင့်မြတ်သော ဘဏ္ဍာတော်များကို အလွဲသုံးစား လုပ်ကြသော လူမိုက်များ နောက်ဘဝသံသရာထိအောင်မနေ၊ ယခုပစ္စက္ခဘဝမှာပင် အတိဒုက္ခရောက်တတ်သည်ကို သံဝေဂယူနိုင်ကြပါစေ။

# အုံ့ဖွယ်မေတ္တာ

အောက်အီးအီးအွတ်....

အတော်ဝေးဝေးမှ တွန်လိုက်သော ကြက်တွန်သံကိုကြားရပြီ။ ဤကြက်တွန်သံကား သက်ကြီးခေါင်းချဟု ခေါ်ဝေါ်အပ်သော လူကြီးများ အိပ်ချိန်ကို ညွှန်ပြ၏။ ယနေ့ခေတ်နာရီဖြင့်ကား- ည၌ ၁၁ နာရီအချိန်ပင်။

ဤအချိန်ဝယ် ရွာတွင်း၊ မြို့တွင်း၌ အိမ်တိုင်းလိုလို အိပ်စက်ကြပြီဖြစ်၍ တိတ်ဆိတ်စပြုနေသောအချိန်တည်း။

သို့သော် အောင်သာဋ္ဌေးကား ဤအချိန်သည် သူ၏အလုပ်စ၍ အောင်မြင်နေသော အချိန်ဖြစ်သဖြင့် အိပ်စက်ရန် သတိမရ၊ အလုပ်ပေါ်၌ နားစွင့်နေသော အချိန်ဖြစ်၏။

မြောက်လေ၏ဒဏ်ကြောင့် ဧရာဝတီမြစ်ရေပြင်သည် မတည်မငြိမ်ဘဲ လှိုင်းအဖြစ် ကူးပြောင်းကာ ကမ်းခြေသို့ လှိုင်းလုံးများဖြင့် ပုတ်ခတ်ကစားနေ၏။

လှိုင်းလုံးများ ပုတ်ခတ်မှုကြောင့် အောင်သာဋ္ဌေး၏ လှေကလေးသည် မတည်မငြိမ်၊ လှုပ်ခါ၍နေသည်။ အောင်သာဋ္ဌေးသည် မတည်မငြိမ်သော လှေထက်၌ ပက်လက် စက်တော်ခေါ်ရင်း ဆေးတံကိုခဲထားသည်။

သူ၏လှေ ကမ်းခြေကိုင်းတောအကြား ရပ်နားထားသော်လည်း လှိုင်း၏ ကျီစယ်မှုကြောင့် ရပ်နားခွင့်ရဘဲ လှုပ်ခါ၍နေ၏။

အောင်သာဋ္ဌေးသည် ဆေးတံကိုခဲကာ နားစွင့်ထားရာမှ လှိုင်းသံကို ဖောက်၍ ဝုန်းခနဲမြည်သွားသော ရေသံကို ကြားလိုက်သဖြင့် ပက်လက်

အိပ်စက်နေရာမှ ခေါက်ခနဲ ထထိုင်ရင်း အသံကြားရာကို အကဲခတ်သော အနေနှင့် ကြည့်လိုက်သည်။ သို့ရာတွင် မှောင်မိုက်သော ညဥ့်ဖြစ်၍ သူမြင်ချင်သည်ကို မမြင်ရ၊ ထို့ကြောင့် မျက်စိအစား နားကို အသုံးပြုလိုက်သည်။

"ဝုန်းဝုန်း....ဝုန်းဝုန်း" ဤအသံကား ရေလှိုင်းသံမဟုတ်၊ မိမိထောင်ထားသောမျှား၌ ငါးမိသောအသံဟု အောင်သာဒွေး သိလိုက်ပြီ၊ ထိုအသံကြောင့် သူသည် သွက်လက်လာ၏။ ထိုင်ရာမှထ၍ လှေကြိုးကိုဖြုတ်ပြီး အသံကြားရာဆီသို့ လှေကို လှော်သွားလေသည်။ ဟုတ်ပါ၏။ သူထင်သည့်အတိုင်း မှန်ပါ၏။

သူထောင်ထားသော မျှားတန်း၌ ငါးပတ်ကြီးမိနေခြင်းဖြစ်၏။

သူသည် အသင့်လုပ်ထားသော ငါးဖမ်းပိုက်ကွင်းကို ရေတွင်မြှုပ်၍ မိနေသော ငါးပတ်ကြီးကို ဖမ်းယူလိုက်သည်။ အောင်သာဒွေးတို့ တံငါများသည် ညဦးယံ၌မိထားသော ငါးများကို သတ်မပစ်ကြပါ၊ အရှင်ဖမ်း၍ ရေတွင်း၌ ငုတ်ရိုက်ပြီး ချည်ကြသည်။ အကယ်၍ သတ်ပစ်ပါက နောက်တစ်နေ့ဈေးချိန်တွင် ငါးမှာ နံသွား၍ တန်ဖိုးလျော့ကျသွားတတ်ပါသည်။ ထို့ကြောင့် အောင်သာဒွေးသည် ငါးပတ်ကြီးကို မသတ်ဘဲ ညင်သာစွာဖမ်းယူပြီး ငုတ်ရိုက်ချည်ထားလိုက်ပါသည်။

အောင်သာဒွေး၏မိဘများကား တံငါမျိုးရိုး မဟုတ်ကြပါ။ ရိုးရိုးအရောင်းအဝယ်သမားများ ဖြစ်ကြပါသည်။ ထို့ကြောင့် အောင်သာဒွေးကိုလည်း ကျောင်းထွက်သည်မှစ၍ မိဘများက မိဘမျိုးရိုးအတိုင်း အရောင်းအဝယ်ကိုသာ လုပ်ကိုင်စေပါသည်။

ဧရာဝတီမြစ်ရိုး၌ နေထိုင်ကြသောသူများသည် ဝါဆိုဝါခေါင်အချိန်တွင် ဧရာဝတီမြစ်ရေ တိုးခြင်းကြောင့် အိမ်များရေနစ်၍ ပြောင်းရခြင်း၊ ရွှေ့ရခြင်း၊ ကျွဲနွားအစာအစာ ရှားပါးခြင်းတို့ဖြင့် တော်တော် ကသိကအောက် ဖြစ်ကြရတတ်သည်။ အဆိုးနှင့်အကောင်းသည် ဒွန်တွဲ၍နေတတ်သည်။ ဧရာဝတီမြစ်ရေတိုးခြင်းကြောင့် ကောင်းကျိုးများလည်း ရှိပါသည်။

ကောင်းကျိုးများကား ရေဖောဖောသီသီသုံးရခြင်း၊ရေမျောသစ်ဝါးတို့ကြောင့် ထင်းလွယ်ကူခြင်း၊ အသွားအလာ လွယ်ကူခြင်းနှင့် ငါးပုစွန်ပေါများခြင်းတို့ဖြစ်သည်။ မြစ်ရိုးတစ်လျှောက်တွင် နေထိုင်ကြသောလူငယ်

မျှားသည် မြစ်ရေကြီး၍ ပြန်ကျစအချိန်တွင် တက်လာသော ငါးများကို ထောင်ဖမ်းတတ်ကြသည်။ အပျော်အပါး ထောင်ဖမ်းရာမှ နောင်သော အခါ ဝါသနာဖြစ်ကာ တံငါလုပ်သွားသူများလည်း ရှိတတ်ပါသည်။

အောင်သာဒွေးသည် မြစ်ရေကြီးချိန် အပျော်တမ်း ငါးဖမ်းရာမှ ယခုအခါ မျှားတန်းသောဒုတိယတံငါဘဝသို့ ဝါသနာအလျောက် ရောက်လာခဲ့ပေသည်။

မျှားတန်းခြင်း ဆိုသည်ကား မြစ်ရေကျချိန်တွင် မြစ်ကမ်း တစ်လျှောက်၌ တိုင်ငုတ်များကိုစိုက်၍ ခရီးဦးစွာ တိုင်ငုတ်တွင်ကြိုးတန်းရသည်။ ထိုကြိုးကား ရေမှအထက် တစ်တောင်ကွာဝေးရသည်။ ထို့နောက် ကြိုးတန်းတွင် ခြောက်တောင်ခန့်စီခြား၍ ငါးမျှားချိတ်တပ်ထားသော ကြိုးအတိုများ ချည်ထားသည်။ ကြိုးဖျား၌ တပ်ထားသော ငါးမျှားချိတ်သည် ရေမျက်နှာပြင်နှင့် တစ်ညီဘည်း နေရသည်။

ထိုငါးမျှားချိတ်၌ ငါးအရှင်ကောင်ကိုဖြစ်စေ၊ ပရစ်အရှင်ကောင်ကို ဖြစ်စေ အရှင်တစ်ကောင်ကောင် ကျောခွ၌ ချိတ်ဖောက်၍ ရေ၌ချထားရသည်။ ရေ၌ ယက်ကန်ယက်ကန်ကူးနေသည်ကို ငါးကြီးကမြင်၍ လာရောက်ဆွဲဟပ်ခြင်းဖြင့် ငါးကြီးကို ရလိုက်ခြင်းဖြစ်သည်။ ရေအလုပ်သမားဘဝတွင်သတ္တဝါ အရှင်ကောင်၏ ကျောခွ၌ မျှားဖြင့် ချိတ်ဖောက်၍ မျှားတန်းကြသော မျှားတန်းသမား ဘဝသည် အလွန် သံဝေဂယူဖွယ် ကောင်းလှသည်။ အသက်ထင်ရှား ရှိသေးသော သတ္တဝါ၏ ကျောကို ဖောက်၍ မသေမရှင်ထားရခြင်းကား စဉ်းစားကြည့်ရုံနှင့် ထိတ်လန့်စရာ ကောင်းလှပါသည်။

'ဝဋ်မှာအမြဲ ငရဲအပ' ဟု ဆိုကြသော မြန်မာတို့၏ အယူအဆအရ ဆိုပါလျှင် ဤသို့မှ မသေမရှင် သူတစ်ပါးအား ညှဉ်းဆဲခဲ့သော မကောင်းမှုကြောင့် မိမိသည်လည်း ဘဝတိုင်း ဤသို့သော ဝဋ်ကို ခံယူရဖို့ ရှိသည်။ သို့ရာတွင် အောင်သာဒွေးတို့ လူငယ်များကား ဤသို့သော သံဝေဂစိတ်မျိုး တစ်ကြိမ်တစ်ခါမျှပင် ပေါ်လိမ့်မည်မထင်ပါ။ မိမိတို့တန်းထားသော မျှားကြိုးတန်း၌ ငါးကြီးမိသည်ကို ကျေနပ်နှစ်သက်၍ အိမ်မပျော်နိုင်အောင် ဝမ်းသာ၍ နေတတ်ကြပါသည်။

ဤယနေ့ အောင်သာဒွေး ဖမ်းယူလှောင်ထားသော ငါးများစာကြွက်များ လှောင်အိမ်၌ ကုန်နေချေပြီ။ အောင်သာဒွေးသည် ညဉ့်အခါ ငါး

မျှားတန်း၍ နေ့အချိန် တစ်နံနက်လုံး အိပ်တတ်သည်။ ထိပ်ရာမှနိုးလျှင် ကမျှာကယာထမင်းစား၍ကျွန်းဘေးကိုင်းတောတစ်ဝိုက်လှေဖြင့် လှည့်ပတ်ပြီး ကြွက်များကို ဖမ်းယူပါသည်။ ယခုကဲ့သို့ မြစ်ရေတိုးချိန်၊ ကျချိန် ရေကစားနေချိန်တွင် ကျွန်းမြေတစ်ဝိုက်၌ လူတို့စိုက်ပျိုးလုပ်ကိုင်ကြသော ပဲ၊ ပြောင်း စသည်များကို စား၍ မျှားချင်တိုင်းမျှား၊ ပွားချင်တိုင်း ပွားနေကြသော ကြွက်တို့သည် ကုန်းမြေ၌ မနေထိုင်တော့ဘဲ ကိုင်းပင်များသို့ တက်ကာ အသိုက်ပြုလုပ်နေထတ်ကြပါသည်။

ထိုကြွက်များကား အောင်သာဒွေးတို့ကဲ့သို့သော မျှားတန်းသမားတို့ အတွက် ငါးမျှားစာများဖြစ်ကြပါသည်။ ထို့ကြောင့် အောင်သာဒွေးသည် ကြွက်ထည့်ရန်သံလှောင်ချိုင့်တစ်ခုဖြင့် ကျွန်းမြေ ကမ်းခြေတစ်ဝိုက် ကြွက်ရိုက်ထွက်ခဲ့ခြင်း ဖြစ်သည်။ ကျွန်းမြေ တစ်ပတ် ပတ်မိလျှင် ကြွက်ကောင်ရေ နှစ်ဆယ်ခန့် ဖမ်းမိလေပြီ။ တစ်ညဉ့်တာအဖို့ ကြွက်ကောင်ရေ လေးဆယ်ခန့် ရမှ လောက်ပေမည်။ ကျန်နှစ်ဆယ်ခန့်ကြွက်ကို ကမ်းခြေတစ်ဝိုက် ကိုင်းတော များမှ ရှာရပေဦးမည်။

အောင်သာဒွေးသည် ထိုကျွန်း ကမ်းခြေမှ ထွက်ခွာရန် လှေဦးကို လှည့်လိုက်ပြီ၊ ထိုအချိန်တွင် အောင်သာဒွေး၏ စိတ်၌ အသိဉာဏ် တစ်ခု ပေါ်လာသည်။ ကျွန်းအောက် တစ်နေရာတွင် ရေနဲပင်များ စုပေါက်နေသော ရေနဲပင် အုပ်စုတစ်စုရှိ၏။ ထိုရေနဲပင် အုပ်စု၌ ရေမျှော့ဒိုက်များ ဝင်ရောက် ကပ်ငြိနေသော ရေမျှော ဒိုက်ပုံကြီး ရှိသည်။ ထိုဒိုက်ပုံကြီး တစ်နေရာတွင် မခနက ကြွက်သိုက် တစ်သိုက် တွေ့သဖြင့် ကြွက်မကြီးကို ဖမ်းယူပြီး ညဉ့်က မျှားတန်းလိုက်သည်။ ထိုကြွက်မကြီး မျှားတ[…]ကိုး၌ ညဉ့်ဘငါးကြီးမိပြီးလျှင် ရှန်းပြတ်ထွက်ပြေးသွားသောကြောင့်များရောကြိုး ပါ ငါးနောက်သို့ ပါသွားသည်။ မနေ့က ချန်ထားခဲ့သော ကြွက်ကလေး ငါးကောင်ရှိသေးသည်။ ငါးမျှားစာအတွက် ထိုကြွက်ကလေးများကို သိမ်းသွားမှ သင့်လိမ့်မည်။

အောင်သာဒွေး၌ ဤသို့ အသိစိတ် ပေါ်လာသဖြင့် မြစ်မ,ဘက်သို့ ဦးလှည့်သွားသောလှေကို ကျွန်းမြီးဘက်သို့ကွေ့၍ ရေနဲဒိုက်ဆီသို့ ဝ[…]လိုက်သည်။ ဒိုက်ပုံကြီးကား ရေနဲပင်အစုကို အမှီပြုကာ ထပ်ဆင့်ထပ်ဆင့်ပုံခဲ့သောကြောင့် ရေမဒိုက်ပုံကြီး ဖြစ်နေချေပြီ။

အောင်သာငွေးသည် ဒိုက်ပုံပေါ် လှေကိုဆွဲတင်ထားပြီး ဒိုက်များကို နင်း၍ သူ မနေ့က ဖမ်းသွားသော ကြွက်သိုက်ရှိရာသို့ သွားသည်။

ကြွက်သိုက်သို့ ရောက်လေပြီ။

ကြွက်သိုက်အတွင်းသို့ကြည့်လိုက်သောအခါကြွက်ကလေးများအပေါ် ကြွက်ကြီးတစ်ကောင် အုပ်ထားသည်ကို မြင်ရသည်။

ဟန်ကျပြီ၊ မနေ့က ဤအသိုက်မှ ကြွက်မကြီးကိုရသည်။

ဤကြွက်ကား ကြွက်ဖိုဖြစ်ရမည်။ ဤကြွက်အဖိုကို မလွတ်တမ်းဖမ်းမှ တော်တော့မည်။ သူသည် ဤသို့ စဉ်းစားပြီး အုပ်နေသောကြွက်ကို ရိုက်ဖမ်းရန် ဟန်ပြင်လိုက်သည်။ အသိုက်တွင်းက ကြွက်သည်ကား သူ၏ ပြင်ဆင်ချက်ကို မြင်လျက်နှင့် သူ့ကို မတုန်မလှုပ် ကြည့်နေသည်။

သူသည် ကြွက်ကို ရိုက်ဖမ်းရန် ဟန်ပြင်စဉ် ကြွက်၏ ကျောက်ကုန်း၌ အမှတ်အသားတစ်ခုကို မြင်လိုက်၍ အံ့အားသင့်သွားလေသည်။

သူမြင်လိုက်သော အမှတ်အသားကား ငါးမျှားချိတ်ကြီး ဖြစ်သည်။ ထိုအခါ သူ၏စိတ်၌ ဉာဏ်အလင်းပေါ်လာသည်။

မနေ့ညက မျှား၌ငါးမိ၍ ရုန်းဖြတ်သွားခြင်းမဟုတ်၊ ဤကြွက်မက မျှားကြိုးကို ကိုက်ဖြတ်ပြီး ထွက်ပြေးသွားခြင်းဖြစ်၏။

ကြွက်မသည် မျှားကြိုးကို ကိုက်ဖြတ်ထွက်ပြေးခဲ့ပြီး ယခုသူ့သားငယ်ကလေးများကို နို့ချိုတိုက်ကျွေးနေလေပြီ။

မိဘမေတ္တာကို နောင်တကြီးစွာရသောအားဖြင့် ယနေ့မှစ၍ 'နှစ်သက်သတ်ရသော' ဤအလုပ်မျိုးကို ငါမလုပ်တော့ဟုအောင်သာငွေးသည် ထိုနေ့မှစ၍ တံငါအလုပ်ကို စွန့်လွှတ်ပြီး မိဘ၏ အလုပ်များကို ကြိုးစားလုပ်ကိုင်ခဲ့ရာ ယခု အခါ....

အောင်သာငွေး ဆန်စက်ပိုင်ရှင်အဖြစ် ကြီးပွားနေချေပြီ။

အောင်သာငွေး၏ တကယ့်ဖြစ်စဉ်ပါပေတည်း။ ။

(၁၉၇၃ ခု၊ နိုဝင်ဘာလထုတ် ရတနာပွန်မဂ္ဂဇင်းမှထိုးချိုင့်နတ်စိုး၏ စာမူကို ကူးယူဖော်ပြပါသည်။)


အင်းဝမြို့က ဘုန်းကြီးလူထွက်ဆရာနှင့်
ကျောင်းထိုင်ပြိတ္တာ
ပန်းချီကိုဇော်ဝင်း

# အင်းဝမြို့က ဘုန်းကြီးလူထွက်ဆရာနှင့်<br>ကျောင်းထိုင်ပြဿနာ

အင်းဝမြို့၌ စာပေ-ပရိယတ္တိ အတော်တတ်ကျွမ်းသော ဘုန်းကြီးလူထွက်-ဦးပေါသည် လှေတစ်စင်းထောင်ကာ တပည့်လက်သား များနှင့် ဆီ၊ ထန်းလျက်၊ အထည်ကြမ်းစသော အညာကုန်များကိုတင်ကာ အောက်မြို့ ကျေးရွာများသို့ သွားရောက်ရောင်းချပြီး၊ အပြန်တွင် ငါးပိ၊ ငါးခြောက် စသော အောက်ကုန်များကို တင်ယူကာ အထက်မြန်မာပြည်တွင် ရောင်းချခြင်းအားဖြင့် အသက်မွေးမှုကာ နေထိုင်လေ၏။

အခါတစ်ပါးသော် အညာကုန်အပြည့်နှင့် အင်းဝမြို့မှ စုန်လာရာ၊ ပုဂံမြို့၏အောက်၊ လှေတစ်စခန်းနားပြီးလျှင်နောက်တစ်စခန်းနားရန်-လှေဆိပ် တစ်ခုသို့ ရောက်သောအခါ ဦးပေါက မိမိ၏ လှေသားများကို စခန်းချကြရန် ပြောသဖြင့်လှေကိုကမ်းနှင့်မနီးမဝေးတွင်ကျောက်ချပြီးရပ်နားနေကြလေ၏။

ညစာထမင်းများ စားသောက်ပြီးသောအခါ ဦးပေါက မိမိ၏ လှေသားများကို ဘုရားရှိခိုး၍ အမျှဝေပြီးမှအိပ်ကြရန် မှာထားပြီး မိမိမှာမူ အကြီးအကဲဖြစ်သည့်အလျောက် စောစောမအိပ်ဘဲ ပဲ့စင်ပေါ်တွင်ထိုင်ကာ ပရိတ်တော်၊ ဂုဏ်တော်များရွတ်ခြင်း၊ မေတ္တာပို့ခြင်းဖြင့် အချိန်ကုန်စေပြီးနောက် မှေးခနဲ အိပ်ပျော်သွားလေ၏။ သတိရ၍ တစ်ရေးနိုးသောအခါ ဆေးလိပ်သောက်ချင်လာသဖြင့် အနီးရှိ ပြောင်းဖူးဖက် ဆေးလိပ်တိုကို ကောက်ကာ အိတ်တွင်းမှ မီးခတ်ကျောက်နှင့် သံတုံးကိုထုတ်ပြီး တချောက်ချောက် ခတ်နေစဉ် မီးခတ်သော သံတုံးကလေးသည် လက်မှလွတ်ပြီး ရေထဲသို့ ကျသွားလေ၏။

ပထမအကြိမ်

ဦးပေါသည် အခြားသံတုံးတစ်တုံးကို ရှာသော်လည်း မတွေ့သော ကြောင့် လှေသားများကိုနှိုး၍ မေးမည်ကြံ၏။ သို့ရာတွင် တစ်နေ့လုံး ပင်ပန်း လာကြသော လှေသားများကို အားနာသဖြင့် မနှိုးဘဲနေပြီး ကုန်းပေါ် သို့ လှမ်းကြည့်လိုက်ရာ မနီးမဝေးတွင် မီးရောင်လက်လက် မြင်လေ၏။ ၎င်းမီးသည် တံငါတဲကမီးဟု အောက်မေ့ကာ ဆေးလိပ်မီး ညှိချင်သော ကြောင့် ဘေးတွဲလှေကလေးကို ဖြုတ်လှော်၍ ကုန်းပေါ်သို့ တက်ခဲ့ပြီး မီးလက်လက်မြင်ရာသို့ တစ်ယောက်တည်း လျှောက်သွားလေ၏။

မီးရောင်ရှိရာအရပ်သို့ ရောက်သောအခါ မြင်ရသောမီးသည် ဦးပေါ ထင်သည့်အတိုင်း တံငါမီးမဟုတ်ဘဲ၊ မီးဖိုတစ်ခုမှထွက်သော မီးရောင်ဖြစ်လေ သည်။ ၎င်းမီးဖို၌ ဆေးလိပ်ညှိရန် မီးဖိုဆီသို့သွားရာ အနားသို့ရောက်သည် နှင့် တစ်ပြိုင်နက် ဦးပေါသည် မျက်လုံးမျက်ဆံပြူးကာ ပါးစပ်ဟလျက် အံ့အားသင့်ကာရှိလေ၏။ အကြောင်းသော်ကား အမွေးစုတ်ဖွား၊ နားရွက် ကားနှင့် ဆင်၏အလား ကြီးမားသော ပြိတ္တာကောင်ကြီးသည် ရဲရဲတောက် နေသော မီးဖိုကြီးကိုခွကာထိုင်ပြီး (ကနန်း) ခေါ် ပုစွန်လုံးများကို ဖုတ်၍ တစ်တောင်သာသာပြဲသော ပါးစပ်ကြီးကိုဖြဲကာ တကျွတ်ကျွတ် ဝါးစား နေသည်ကို တွေ့မြင်ခြင်းကြောင့် ဖြစ်လေသည်။

ဦးပေါသည် မည်မျှပင် စိတ်ကရဲတင်းသည်ဖြစ်စေကာမူ၊ ဤအကောင် ကြီးကို တွေ့မြင်ရသောအခါ မိမိ၏ ဦးခေါင်းသည် ပုတ်ကြီးမျှလောက်ရှိသွား သည်ဟု ထင်မှတ်ကာ တစ်ကိုယ်လုံး ထူပူလာလေ၏။ သို့သော်လည်း "မရဲ သော်လည်း ပြေးခဲ့စေ" ဟူသောစကားကဲ့သို့ ကြောက်သော်လည်း ဘုရား ဂုဏ်တော်ကို အထူးအားထားယုံကြည်သူ ဖြစ်သည့်အတိုင်း၊ သတိကို ကောင်း စွာ ထားပြီး ဂုဏ်တော်ကို ဌာန်ကရိုဏ်းကျကျ ရွတ်လေ၏။

ဤကဲ့သို့ ဦးပေါရွတ်ဖတ်သံကြားသောအခါ ပြိတ္တာကြီးသည် ခေါင်း ထောင်၍ ကြည့်ပြီး လက်ထဲမှ ပုစွန်လုံးများကိုချကာ ယုန်သူငယ်ကိုမြင်သော အမဲလိုက်ခွေး၏ အပြုအမူမျိုးနှင့် အားရဝမ်းသာသကဲ့သို့ မီးဖိုမှထပြီး ဦးပေါ ဘက်သို့ တရွေ့ရွေ့ တိုးလာလေ၏၊ ဦးပေါသည်လည်း ပါးစပ်မှရွတ်ရင်း နောက်သို့ တဖြည်းဖြည်း ဠန္ဒြေမပျက် ဆုတ်ခဲ့လေ၏။ ပြိတ္တာကြီးသည်လည်း ဦးပေါဆုတ်သလောက် ရှေ့သို့တိုး၏။ ဦးပေါရပ်သောအခါ ပြိတ္တာကြီးလည်း ရပ်လေ၏။ ဦးပေါက အကြောင်းကို သိလိုသဖြင့် ရှေ့သို့ တိုးသောအခါ ပြိတ္တာကြီးက နောက်သို့ဆုတ်၏။ ထိုအခါ ဦးပေါသည် ဘုန်းကြီးလူထွက်

စာတတ်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည့်အတိုင်း မိမိအရကျက်ထားသော တန်ခိုးကြီး ဂါထာများကို အခေါက်ခေါက် ရွတ်ဖတ်ပါသော်လည်း ပြိတ္တာကြီးသည် အနည်းငယ်မျှ ဂရုပြုခြင်းမရှိသည့်ပြင် နားထောင် ကောင်းစေရန် လက်ာသီချင်းဆိုပြနေသကဲ့သို့ အောက်မေ့၍လားမသိ၊ ရှေ့မတိုး နောက်မဆုတ်ဘဲ ငုတ်ငုတ်ကြီးပင် ထိုင်လျက်ရှိလေ၏။

ဤကဲ့သို့ တန်ခိုးကြီးသော ပရိတ်တော် ဂုဏ်တော် ဂါထာတော်ကြီးများကို အချိန်အတော်ကြာ ရွတ်ဖတ်သော်လည်း ထူးခြားမှုမရှိသဖြင့် ဦးပေါ်မှာ ဇောချွေးများကျကာ အကြံခက်လျက်ရှိစဉ် ရွတ်အံသံ ပြတ်သွားသည်နှင့် တစ်ပြိုင်နက် ပြိတ္တာကြီးသည် ယခင်ကထက် နီးကပ်စွာ ရှေ့သို့တိုးလာလေ၏။ ထိုအခါ ဦးပေါ်သည် ပြေးရမှာလည်းအခက်၊ နေရမှာလည်းအခက်၊ စိတ်ပျက် အကြံကုန်ဖြစ်နေစဉ် "သူတော်ကောင်း နတ်ကောင်းမ" ဆိုသကဲ့သို့ ယခင်ရွတ်စဉ်က မပါဘဲ၊ မေ့ကျန်နေသော အောက်ပါ ဂါထာတော်ကြီးကို သတိရသဖြင့် ဝမ်းသာအားရနှင့် ရွတ်မည်ဟု ပါးစပ်ကို ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် ပြိတ္တာကြီးသည် ဣန္ဒြေပျက်ကာ "မရွတ်နဲ့" ဟု အသံနက်ကြီးနှင့် ဆို၏။ ထိုသို့ ပြောသည်ကို ဦးပေါ်၏စိတ်တွင် များစွာ အားတက်ပြီး "ပြိတ္တာကြီးကြောက်သော ဂါထာတော့တွေ့ပြီ"ဟု အောက်မေ့လျက် အောက်ပါအတိုင်း ရွတ်လေ၏။

## သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

"သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။"

ဦးပေါ်သည် အထက်ပါ ဂါထာတော်ကြီးကို ရွတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပြိတ္တာကြီးလည်း နောက်သို့လှည့်ကာ တစ်ခါတည်းပြေးလေ၏။ ဦးပေါ်သည် သွေးရဲလာသဖြင့် ပြိတ္တာကြီးနောက်မှ အပြေးလိုက်ပြီး ရွတ်လေ၏။ ပြိတ္တာကြီးလည်း မိမိကိုယ်ကို မဖျောက်နိုင်ဘဲ ပြေးခဲ့ရာ မြစ်ဆိပ်မှ ခွေးတစ်ဟောင်သာသာရှိသော အရပ်ရှိ ကျောင်းအိုကြီးတစ်ကျောင်းအနီးသို့ ရောက်သောအခါ ကျောင်းထဲသို့ ဝင်ပြေးပျောက်ကွယ်သွားလေ၏။

ဦးပေါသည် ကျောင်းဝင်းအပြင်မှ ရပ်၍ 'ဤကျောင်းအိုကြီးသည် ပြိတ္တာကြီး၏နေရာ ဖြစ်လိမ့်မည်'ဟုဟု အမှတ်ပြုကာ ပြန်ခဲ့လေ၏။လှေသို့ရောက်သောအခါ အရုဏ်လာပြီဖြစ်၍ လှေသားများကို နှိုးပြီး လှေထွက်ခဲ့လေ၏။ ညဥ့်က အဖြစ်အပျက်ကိုမူကား လှေသားများကြောက်မည်စိုးသောကြောင့် မပြောဘဲ လှေကို ကောင်းစွာ သတိနှင့် လှော်ခတ်ရန်မှာထားပြီး အိပ်ပျက်သည်နှင့် အိပ်လိုက်လေ၏။

## ဘုန်းကြီးပြိတ္တာ

ဦးပေါသည် အညာကုန်များကို အောက်မြို့များတွင် ရောင်းချပြီး အပြန်အတွက် မိမိအလိုရှိသော အောက်ကုန်များကို ကောက်ပြီး လှေဆန်တက်ခဲ့ရာ ၃-လကျော်ကျော်ကြာမှ ယခင်ပြိတ္တာကြီးနှင့်တွေ့သောလှေစခန်းသို့ ဆိုက်ရောက်ကြလေ၏။ ထိုအချိန်သည်ကား ညနေစောင်းဖြစ်၍ ဆန်တက်ရန်အချိန်ရှိသေးသော်လည်း ဦးပေါက ဆိုက်နားရန်ပြောသဖြင့် လှေသားများ၏ စိတ်တွင် မကျေမနပ်နှင့်ပင် ဆိုက်ကြရလေ၏။

လှေကိုဆိုက်လျှင်ဆိုက်ချင်း ဦးပေါက လှေသားများကို အတူးအထွေ မပြောဘဲ လှေသားထဲမှ အတော်သတ္တိကောင်းသော လူတစ်ယောက်ကို ခေါ်ပြီး မိမိ၏ မိတ်ဆွေဟောင်း ပြိတ္တာကြီးနေသော ကျောင်းအိုကြီးသို့ သွားလေ၏။ ကျောင်းအနီးသို့ ရောက်သောအခါမှ ၎င်းကျောင်းနှင့် မနီးမဝေးတွင် ရွာတစ်ရွာရှိကြောင်းကို သိရလေ၏။

ထိုကျောင်းမှာ များစွာ ပျက်စီးယိုယွင်းခြင်း မရှိသေးသော်လည်း ထိုကျောင်း၌ ဘုန်းကြီးမရှိ၍ မပြုမပြင်ထားသောကြောင့် ဟောင်းနွမ်းလျက်ရှိလေ၏။ ကျောင်းအရာမ်အတွင်းသို့ ရှုမျှော်လိုက်ပါက ထန်းပင်များ၊ သရက်ပင်များ၊ အပြေပင်များနှင့် ပြည့်နှက်နေသည်ကို မြင်ရသောအခါ ကျောင်းထိုင်ပုဂ္ဂိုလ်များရှိစဉ်ကဖြစ်လျှင် ထိုကျောင်းသည် အလွန်သာယာဖွယ် ဖြစ်မည်ဟုတွေးထင်မိလေ၏။ တစ်ဖက်သို့ ဆရာတပည့် လျှောက်လာခဲ့ရာ၊ ရေတွင်းတစ်ခု၌ ရွာထဲမှ ယောကျ်ားမိန်းမ ရေခပ်နေကြသည်ကို တွေ့ရသဖြင့် ဦးပေါသည် ရေတွင်းအနီးသို့ လျှောက်သွားကာ....

ဦးပေါ။ သည်ကျောင်းကြီးဟာ သီးမျိုး ပွင့်မျိုး စုံလင်စွာနှင့် တင့်တယ်သာယာပါလျက်ကျောင်းနေရဟန်းမရှိခြင်းဟာ ဘယ်အကြောင်းပါလဲ ခင်ဗျာ။

ရှာသား။ သည်ကျောင်းရဲ့ အဖြစ်အပျက်ကို မေးပုံထောက်တော့ ခင်ဗျားတို့ ဤအရပ်ဝန်းကျင်က မဟုတ်ဘူးပေါ့။

ဦးပေါ။ ကျုပ်တို့က အထက်အညာကပါ၊ လှေကဆင်း၍ အညောင်းပြေ လျှောက်လာရင်း ခရီးကြုံလို့ဝင်လာတာပါ မိတ်ဆွေ၊ မွေ့လျော်ဖွယ်ရာ ဌာနဒ္ဓ ခန့်ညားတင့်တယ်သော ဝိဟာရတွင် မည်သူ တစ်ဦး တစ်ယောက်မျှ မမြင်၍ မေးရခြင်းဖြစ်ပါတယ်။

ရှာသား။ သည်ကျောင်းဟာ အလွန်ကြမ်းတာနဲ့ ဘယ်ဘုန်းကြီးမှ မနေဝံ့ဘူး ဗျာ့။

ဦးပေါ။ ဩ… ကြမ်းပုံ တစ်ဆိတ် အမိန့် ရှိစမ်းပါဦး ဗျာ၊ ကြားရ အောင်။

ရှာသား။ ကြမ်းပုံက ဘယ်လိုဆိုတာတော့ တစ်ခုစီ မပြောပြတတ်ဘူး၊ အချုပ်ပြောရမှာဖြင့် သည်ကျောင်းမှာထိုင်ဖို့ ဘုန်းကြီးပင့်လာလို့ ကျောင်းပေါ်မှာ ၂-ရက်၊ ၃-ရက် နေမိလျှင် တစ်ခါတည်း လန့်ပြီး ဝမ်းပေါက် ပျံတော်မူတာပဲ၊ ဒါကြောင့် သည်ကျောင်း ကို ဘယ်ဘုန်းကြီးမှ လက်ခံသိမ်းပိုက်ပြီး မထိုင်ဝံ့ကြဘူး၊ ရွာသူ ရွာသားထွေလဲ ဘုန်းကြီးပျံ သင်္ဂြိုဟ်ရလွန်းလို့ နောက်ထပ်၍ ဘုန်းကြီး မပင့်ရဲကြတော့ဘူး၊ ကျုပ်တို့ ကြားဖူးတာကတော့ အလျဉ်က သည်ကျောင်းကြီးကို ပထမထိုင်တဲ့ ဆရာတော်ကြီး တစ်ပါးပျံတော်မူပြီးကတည်းကရင်းဘုန်းတော်ကြီးဟာမကျွတ်ဘဲ သည်ကျောင်းပေါ်မှာ ပြိတ္တာကြီးဖြစ်နေတယ်လို့ ကြားဖူးတာပဲ၊ အဲသည် ပျံလွန်တော်မူတဲ့ ဆရာတော်ကြီ ကလဲ အတော် စာပေ ကျမ်းဂန်တတ်တော့၊ ပြိတ္တာဖြစ်တဲ့ ဘဝမှာလဲ တတ်နေသလား မသိပါဘူး၊ ဘယ်လိုပဲ ကမ္မဝါဖတ်ဖတ်၊ ပရိတ်ရွတ်ရွတ်၊ ကြောက်တယ်ပဲ မရှိဘူး၊ ရွှတ်ဖတ်တဲ့ ဘုန်းကြီးတွေကိုသာ သူက ချောက် လှန့်လွှတ်တာနဲ့ ထွက်ပြေးကြရတာချည်းပါပဲ။

ဦးပေါ။ အတော်ကိုကြမ်းတာပဲ၊ ရွတ်လို့ဖတ်လို့တောင် မရဘူးဆိုလျှင် မြွေကြီးတော့ အလမ္ပာယ်မနိုင် ဆိုတာလို ဖြစ်နေပြီ။ အင်း …ရှေ့ဆက်ပါဦး မိတ်ဆွေ။

ရှာသား။ အဲဒါနဲ့ လွန်ခဲ့တဲ့ ၂-လ ၃-လလောက်က ကျုပ်တို့ရွာက သူကြီး သမီးကလေး အခုလို ညနေခင်း သည်ရေတွင်းမှာ ရေခပ်လာ တုန်း ကျောင်းပေါ်က ပြိတ္တာကြီးဆင်းပြီး ပွေ့တာနဲ့ တစ်ခါ တည်း မေ့သွားတာပဲတဲ့၊ ဒါနဲ့ကလေးမကိုအိမ်ယူလာပြီး မန်းကြ မှုတ်ကြလို့ သတိရတော့ လူကောင်းမဟုတ်တော့ဘူး၊ ရူးနေ ရှာတယ်။

ဦးပေါ။ ဩော်.... သနားစရာဗျာ၊ ဆရာကောင်းများခေါ်ပြီး မကုကြ ဘူးလား။

ရှာသား။ ကုပြီလားဗျာ၊ သူ့ဖခင်က သူကြီးဆိုတော့ မျက်နှာလိုချင်လို့ ဆရာကောင်းတွေ စနည်းနာပြီး တစ်ဦးပြီး တစ်ဦးကုကြတာ၊ ဘယ်ဆရာမှ မတတ်နိုင်လို့ ကလေးမကို အခန်းထဲမှာ ပိတ်ထား ရတယ်။

ဦးပေါ။ အဲသည် မိန်းကလေးဟာ အစဉ်ပဲ ကြမ်းနေရှာသလား။

ရှာသား။ ကြားရပုံကဖြင့် အစဉ်လိုလိုပါပဲ၊ သနားစရာ အပျိုအရွယ်ကလေး အဝတ်အစားမကပ်ဘူးတဲ့၊ စားလိုက်တာကလဲ ဝမ်းတွင်းသား များပေါ်လျှင် နှစ်ပိဿာချက်လောက်များ တင်းတောင် မတိမ် ဘူးတဲ့။

ဦးပေါသည် အကြောင်းစုံ ကြားသိရသောအခါ မိမိနှင့်တွေ့သော ပြိတ္တာကြီး ဖြစ်တန်ရာ၏ဟု တွေးတောပြီး—

“ဒါဖြင့် ခင်ဗျားတို့သူကြီးကို ပြောလိုက်ပါ၊ လှေဆိပ်မှာ ယောဂ ဆရာတစ်ယောက်ရှိတယ်လို့၊ သူကရောဂါမပျောက်လျှင်အကြေးငွေတစ်ပြား တစ်ချပ်မှ မယူပါဘူးလို့”

ရှာသားက “ကောင်းပါပြီ” ဟု ပြောကာ ရေထမ်းကို ထမ်းပြီး ထွက်သွားလေ၏။ ဦးပေါတို့ ဆရာတပည့် ၂-ယောက်လည်း ကျောင်း၏ အခြေအနေကို လှည့်ပတ်ကြည့်ရှုပြီး မျှားစွာမထူးခြားလှသောကြောင့် လှေ သို့ ပြန်ခဲ့ကြလေ၏။

## ဘုန်းကြီးလူထွက်ဆရာ

နောက်တစ်နေ့နံနက် နေ့ထန်းတစ်ဖျားခန့်ရှိသောအခါ ဦးပေါထံသို့ လှည်းတစ်စီးဆိုက်ရောက်လာပြီး သူကြီးမင်းက ဆရာအပင့်ခိုင်းလိုက်၍ လာရကြောင်းကို ပြောသဖြင့် ဦးပေါသည် လာခေါ်သောလှည်းနှင့် လိုက်ပါသွားလေ၏။

သူကြီးအိမ်သို့ ရောက်သောအခါ သူကြီးမင်းက လောကဝတ်ပျူငှာကိုဆိုပြီး အကျိုးအကြောင်းပြောဆိုနေကြစဉ် အခန်းတွင်းမှ တဖြုန်းဖြုန်း ခုန်ပေါက်ပြီး—

"ငါ့များ ဘာမှတ်လို့ သင်းတို့ကစမ်းတာတုန်း၊ သေချင်ကြလို့မှတ်တယ်"ဟု ကြိမ်းဝါးနေလေ၏။

သူကြီး။ ကျွန်တော့်သမီးရောဂါက အလွန်ကြမ်းတာ၊ ယခုကြားတဲ့အတိုင်းပဲ၊ သည်တော့ မနိုင်ပုံပေါ်လျှင်လဲ စောစောကပဲ နောက်ဆုတ်တာ ကောင်းပါတယ်။

ဦးပေါ။ မဟုတ်တာသူကြီးမင်းရယ်၊ မကုနိုင်ဘဲနဲ့ ဘာဒုက္ခခံပြီးသာပါ့မလဲ၊ ဆေးအိတ်တွေ ဘာတွေ မမြင်ရလို့ ပြောတာလား။

သူကြီး။ သည်လိုလဲ မထင်ပါနဲ့ဆရာ၊ အရင်က ကုသဖူးတဲ့ဆရာတွေ၊ အစတော့ ပျောက်လျှင် မည်ရွေ့ပေးရမယ်၊ မည်မျှပေးရမယ်ဆိုပြီး နောက်ဆုံး ငွေကုန်လူနာပင်းသာ အဖတ်တင်တယ်ဗျာ့၊ ဒါကြောင့် တင်ကူးပြီး ပြောရတာပါ။

ဦးပေါ။ အခြားဆရာများလို ငွေစကား ကြေးစကား မပြောလိုပါ၊ ကုန်ကုန် ပြောပါရစေတော့၊ သူကြီးမင်းရဲ့ ကလေးမကလေး ရောဂါမသက်သာလျှင် ကွမ်းတစ်ရာမျှ မစားဘူးဆိုတာ စိတ်ချပါဗျာ့။

သူကြီး။ ငွေကိုနှမြောလို့ပြောတာမဟုတ်ပါဘူးဆရာ၊ ကျုပ်မှာ သည်သမီးကလေးတစ်ယောက်ပဲရှိတယ်၊ ရောဂါသာပျောက်မယ်ဆိုလျှင်ငွေနဲ့ လူနဲ့စက်ပြီး ပေးရပေးရ၊ ဝန်မလေးပါဘူး၊ ဆရာတွေလက်တဲ့

စမ်းပြီး မနိုင်တော့ ကျုပ်သမီးလေး ပင်ပန်းတာ မကြည့်နိုင်လို့ ပြောရတာပါဆရာရယ်။

ဦးပေါ။ သူကြီးမင်းကလဲ ကိုယ်တိုင် တွေ့ကြုံနေရတော့ ပြောပေမှာပဲ၊ ကျုပ်ကလဲ စိတ်မရှိပါဘူး၊ တခြားဆရာတွေလို ခင်ဗျာ့သမီးကို ရိုက်မောင်းပုတ်မောင်းလုပ်ပြီး မကုပါဘူး၊ ကျုပ်က လူမမာကို လက်ဖျားနဲ့တောင် မထိပါဘူး၊ ခင်ဗျာ့သမီး ဘာရောဂါဆိုတာ နက်ဖြန်ကျတော့ ခင်ဗျာ့မျက်စိနဲ့မြင်ရပါလိမ့်မယ်။

သူကြီး။ ကောင်းပါပြီဆရာ၊ ဒါဖြစ်လဲ လူမမာကိုကြည့်ဦးမလား၊ ကြမ်းတာကတော့ အ၀တ်အစားတောင် မကပ်ဘူး။

ဦးပေါ။ မကြည့်တော့ပါဘူး၊ ကျုပ်သိပြီးပါပြီ၊ မနက်ဖြန်ကျတော့မှကျုပ်လာခဲ့ပါ့မယ်၊ ကန်တော့ပွဲသုံးပွဲကိုလဲအဆင်သင့်ပြင်ထားလိုက်ပါ၊ ပြီးတော့ရွာထဲက လူနှစ်ဆယ်အစိတ်လောက်ကို ဒိုးစည်ဗုံမောင်းလင်းကွင်း၊ သံပုံးများ၊ ဓားများ၊ တုတ်များနဲ့ အဆင်သင့်စောင့်နေကြပါစေ။

သူကြီး။ ကောင်းပါပြီဆရာ၊ ဆရာမှာတဲ့အတိုင်း အဆင်သင့် လုပ်ထားပါ့မယ်။

## လူမမာ၏ အခြေအနေ

နောက်နေ့နံနက် ဆွမ်းခံ၀င်ချိန်လောက်တွင် ဦးပေါသည် နောက်ပါတပည့် ၃-ယောက်နှင့် ရွာသို့ ရောက်လာရာ သူကြီးမင်းက ဆီးကြိုပြီး မနေ့ညက အထူးဆူပူသောင်းကျန်းသဖြင့်မည်သူမျှ မအိပ်ရကြောင်း ဆရာ့ကိုလည်း များစွာကြိမ်း၀ါးကြောင်း ပြောပြရာ ဦးပေါက...

"ဒါ သူနောက်ဆုံးကြမ်းခြင်းပါပဲ၊ သူဘယ်လိုပဲကြိမ်းကြိမ်း ကျားနဲ့ဆင် လယ်ပြင်ကျတော့ သိလိမ့်မပေါ့" ဟု ပြောလိုက်လျှင် အိမ်တွင်းမှ လူမမာသည် မခံ့သော အနေဖြင့် ဟက်ဟက်ပက်ပက် အသံနက်ကြီးနဲ့ ရယ်လိုက်လေ၏။ သို့သော်လည်း ဦးပေါသည် ဂရုမပြုဘဲ ကန်တော့ပွဲများကိုသာ အပြင်ခိုင်းလေ၏။ သူကြီးမင်းမှာ ဦးပေါကို များစွာအားမရဘဲ စိတ်လေးလေးနှင့်ပင် မိမိ၏ဇနီးအား ကန်တော့ပွဲအပြင်ခိုင်းလိုက်လေ၏။

ကန်တော့ပွဲများ ပြင်ပြီးသောအခါ အိမ်ဦးခန်းတွင် သပ်ရပ်စွာ ခင်းကျင်းပြီး ဆီမီး ရေချမ်းများနှင့်တကွ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ပူဇော်သက္ကာရပြု၍ သီလများ ခံယူပြီးလျှင် ပရိတ်များရွတ် မေတ္တာများပို့ကာနေလေ၏။ သို့သော်လည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုကား မရွတ်သေးပေ။

ဤကဲ့သို့ ဦးပေါ ရွတ်ဖတ်နေစဉ်တွင် အိမ်ခန်းထဲမှ လူမမာသည် ကြမ်းတမ်းသည်ထက် ကြမ်းလာပြီး ငိုလိုက်၊ အသံနက်ကြီးနှင့် ရယ်လိုက်၊ ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်လိုက်၊ ထရံကိုခေါင်းနှင့်တိုက်လိုက်၊ ပါးစပ်က ယုတ်ယုတ်မာမာ ဆဲလိုက်လုပ်နေသဖြင့် သူကြီးမင်းနှင့်တကွ လာရောက် ကြည့်ရှုနေကြသော သူများစိတ်ထဲကွင် 'သည်ဆရာ နိုင်မှာမဟုတ်ပါဘူး၊ တော်တော်ကြာ အိမ်ပေါ်က ခုန်ချပြေးရမှာပါ'ဟု အောက်မေ့မှတ်ထင်ကာ တစ်ယောက်နှင့်တစ်ယောက် တီးတိုး ပြောဆိုကာ ရှိလေ၏။

မွန်းတည့်အချိန်လောက် ရှိသောအခါ....

ဦးပေါ။ ကျုပ်မေးနေတဲ့ ပြောထားတဲ့ လူ အစိတ်လောက် အသင့်ရှိရဲ့ မဟုတ်လား။

သူကြီး။ ရှိပါတယ်၊ အသင့်ပါပဲ၊ ဘာလုပ်ကြရမှာတုန်း၊ ဆရာ မနိုင်လျှင် ကျုပ်သမီးကလေး ဒုက္ခရောက်နေပါဦးမယ် ဆရာ။

ဦးပေါ။ သူကြီးမင်းက ခုထက်ထိ မယုံသေးဘဲကိုး၊ ခင်ဗျား သမီးကို လက်ဖျားနဲ့တောင် မထိပါဘူး၊ ခင်ဗျားသမီးကို မှီနေတဲ့ပြိတ္တာ ကြီးကို ထုတ်မလို့ပါ။ အခြားဆရာတွေလို ကြိုးတွေ ကြိမ်တွေနဲ့ မဟုတ်ပါဘူး၊ သည်အနီးအနားမှာလဲ စိတ်မခိုင်တဲ့ လူများနဲ့ ကလေးတွေမိန်းမတွေကို မနေပါစေနဲ့၊ ပြိတ္တာကြီး အိမ်ပေါ်က ဆင်းပြေးတဲ့အခါ အိုးစည်တို့၊ လင်းကွင်းတို့၊ သံပုံးတို့ကို ဆူညံ အောင် တစ်ပြိုင်တည်း တီးပြီး အော်ကာ ခဲတွေ တုတ်တွေနဲ့ လိုက်ဖို့ပါပဲ၊ မျောက်အိုး၊ မီးအိုးများ အသင့်ရှိလျှင်လဲ သာ ကောင်းတာပေါ့။

ဤကဲ့သို့ ဦးပေါက မျက်နှာထားနှင့် ပြောသောအခါ သူကြီးမင်း စိတ်တွင် ယုံကြည်စွာ အသင့်ပြင်ဆင်စေလေ၏။

မြသမနအဖွဲ့

ဦးပေါသည် အားလုံး အသင့်ရှိသောအခါ ပရိတ်အိုးထဲမှ ရေကို ဖလားတစ်လုံးနှင့်ခပ်ပြီး အထက်ပါ သမ္ဗုဒ္ဓေ ဂါထာတော်ကြီးဖြင့် မန်း လေ၏။ ဤကဲ့သို့ မန်းနေစဉ်ပင် အခန်းတွင်းက လူမမာသည် အလွန် ဆူပူကြမ်းတမ်းလာပြီး—

"သည်ဆရာ ငါ့ဆီ မလာစေနဲ့၊ ခုဆင်းသွား၊ ခုဆင်းသွား" ဟု အော်ကာ နေလေ၏။

ရေမန်းပြီးသောအခါ ဦးပေါသည် ရေမန်းခွက်ကို ကိုင်ပြီး သူကြီး မင်းကို ခေါ်ကာ လူမမာခန်းထဲသို့ ဝင်သွားကြလေရာ အသားဖြူဖြူ၊ အသက် ၁၈-နှစ်ခန့်မျှ ရှိသော မိန်းမပျိုကလေးသည် ဆံပင် ဖိုးရိုးဖားလျားနှင့် ထိုင်နေသည်မှာ လွန်စွာ သနားဖွယ်ဖြစ်၏။ ဤကဲ့သို့ တွေ့မြင်ရသောအခါ ဖခင်ဖြစ်သော သူကြီးမင်းမှာ ဣန္ဒြေမဆောင်နိုင်ဘဲ "အမယ်လေး....သမီးရဲ့" ဟုဆိုကာ ငိုလေ၏။

ဦးပေါတို့ အနီးသို့ ရောက်သောအခါ လူမမာသည် ထိုင်နေရာမှ တအားခုန်လိုက်ပြီး လက်သီး လက်မောင်းတန်းကာ မျက်လုံးပြူးကြီးနှင့် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ပြီး ရပ်နေသည်မှာ အတော်အတန် လူသာ ဆိုလျှင် တစ်ခါတည်း ထွက်ပြေးဖွယ်ရာရှိ၏။ သို့ရာတွင် ဦးပေါမှာမူကား ဣန္ဒြေမပျက်ချေ။

ဦးပေါသည် လူမမာနှင့် မျက်နှာချင်းဆိုင်စုံရပ်ပြီး လက်တစ်ဖက်က ရေမန်းခွက်ကိုကိုင်လျက် သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကို ရွတ်ပြန်လေ၏။ ထို အခါ လူမမာသည် ဆရာနှင့် မျက်နှာချင်းဆိုင်ကာ မနေဝံ့ဘဲ မျက်နှာ လွှဲသွားပြီး ပါးစပ်မှ "မရွတ်နဲ့၊ မရွတ်နဲ့" ဟု ကြောက်ရွံ့ တုန်လှုပ်သော အသံနှင့် အော်ကာနေလေ၏။ ဂါထာတော်ကြီး ဆုံးသည်နှင့် တစ်ပြိုင်နက် လူမမာသည် ငှက်ပျောပင်ကို အရင်းမှ ခုတ်လှဲလိုက်သကဲ့သို့ သူကြီးမင်း၏ ခြေရင်းတွင် ပုံလဲပြီး သတိမေ့လျက် ရှိလေ၏။

## ဓားပြတိုက်သကဲ့သို့ ဆူညံသောအသံ

သူကြီးသမီးကလေးအား မှီကပ်နေသော ပြိတ္တာကောင်ကြီးသည် အခန်းထောင့်တစ်နေရာတွင် မည်းမည်းကြီးရပ်ကာ ကိုယ်ထင်ပေါ်၍လာလေ ၏။ ထိုအကောင်ကြီး ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဦးပေါသည် လက်ထဲ၌ အသင့်ရှိသော ရေမန်းနှင့်ပက်လိုက်ရာ အလွန်ကြောက်မက်ဖွယ် ကောင်းသော

အသံကြီးနှင့် မိုးကြိုးထစ်သကဲ့သို့အော်ပြီး အခန်းပေါက်မှ အတင်းတိုးထွက်ကာ လှေခါးမှ ဆင်းပြေးလေ၏။

ပြိတ္တာကြီးဆင်းပြေးသည်နှင့်တစ်ပြိုင်နက် အိမ်ပေါ်မှ "လိုက်ကြဟေ့ လိုက်ကြဟေ့" ဟု အော်လိုက်ရာ အောက်တွင် အသင့်စောင့်နေကြသော သူများနှင့် ဦးပေါ်၏ တပည့် ၃-ယောက်တို့သည် တစ်ခါတည်း ဗျောက်အိုးဖောက်သူကဖောက်၊ အိုးစည်တီးသူကတီး၊ သံပုံးရိုက်သူကရိုက်၊ တုတ်များ လှံများဖြင့် ပစ်သူကပစ်ကာ စုရုံးပြီး ပြိတ္တာကြီးနောက်သို့ လိုက်ကြလေ၏။ ခွေးများလည်း ပြိတ္တာကြီးနောက်မှ အူဟောင်ပြီး ဝိုင်းဝန်းလိုက်ကြရာ တစ်ရွာလုံး မားပြတိုက်သကဲ့သို့ ဆူညံကာနေလေ၏။

ပြိတ္တာကောင်ကြီးသည် အိမ်ပေါ်မှ ဆင်းပြေးစတွင် အရပ်ရှည်ရှည် လူတစ်ရပ်မျှလောက်သာရှိသော်လည်း ပြေးရင်းပြေးရင်း တဖြည်းဖြည်းအရပ်ရှည်ရှည်သွားသည်မှာ ထန်းပင်နီးပါးမျှရှိသည်သာမက၊ တစ်ခါ တစ်ခါတွင် ခြေတစ်ဖက်တည်းသာ မြင်ရ၏။ တစ်ခါတစ်ခါတွင် ခေါင်းကြီးသည် ကျောဘက်တွင်လှည့်ကာ ရှိလေ၏။ တစ်ခါတစ်ခါတွင်လည်း ကိုယ်ကြီးသာပြေးပြီး ခေါင်းမပါဘဲ ရှိလေ၏။

ဤကဲ့သို့ အမျိုးမျိုး ခြောက်လှန့်သော်လည်း လိုက်သောသူများသည် ကြောက်လန့်ခြင်းမရှိဘဲ ဝိုင်း၍လိုက်သောအသံသည် တစ်တောလုံး ဆူညံလျက်ရှိလေ၏။ ခရီးတစ်မိုင်ကျော်ကျော်လောက် ရောက်သောအခါ လိုက်သောသူများလည်း မောပန်းသဖြင့် ခြေလှမ်းများ နှေး၍လာသည်တွင် ပြိတ္တာကြီးသည် တဖြည်းဖြည်း ဝေးဝေးပြီး နောက်ဆုံး ပျောက်ကွယ်သွားသောအခါမှ လိုက်သောသူများလည်း လက်လျှော့ကာ ရွာသို့ပြန်ခဲ့ကြလေသည်။

## ပင်ပန်းနွမ်းနယ်နေသော လူမမာ

ဦးပေါ်နှင့် သူကြီးမှာကား ပြိတ္တာကြီး၏ နောက်သို့ မလိုက်နိုင်ဘဲ၊ သတိမေ့နေသော လူမမာကို အပြင်ခန်းသို့ထုတ်၍ ပရိတ်ရေမန်းများနှင့် မျက်နှာကိုတောက်၍ သတိရစေရန် ကြိုးစားနေကြလေ၏။ ယခင်က အပုံ့မှိနေသဖြင့် များစွာသန်စွမ်း အားရှိသော လူမမာသည် ယခုအခါ အပုံ့ခွာသွား၍ အားနည်း ပျော့ခွေနေသောကြောင့် ပါးစပ်ထဲသို့ ရေစက်ကလေးများချပေးပြီး ယပ်ခပ်ပေးမှ အနည်းငယ်လှုပ်ရှားလာ၍ မျက်စိကလေးများဖွင့်ကြည့်သောအခါ သူကြီးမင်းနှင့် သူကြီးကတော်တို့မှာ အလွန်ဝမ်းမြောက်

လျက်၊ "သမီး....သမီး....မိန်းကလေး" ဟု ခေါ်ကြလေ၏။ လူမမာသည် မထူးနိုင်သေးဘဲ မျက်လုံးကလေးကို အသာလှန်ကြည့်ပြီး မှိန်းနေပြန်လေ၏။

နောက်များမကြာမီ ပြိတ္တာကြီးနောက်သို့ လိုက်သောသူများ ရောက်လာကြသောအခါ ဦးပေါသည် ပြိတ္တာကြီးနေသော ကျောင်းသို့ ယခင်လူများကို ခေါ်သွားပြီးလျှင် ကျောင်းကိုပတ်၍ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဦးပေါက နှုတ်တိုက်ချပေးသဖြင့် နောက်ကလူများက လိုက်၍ဆိုကြလေ၏။ ကျောင်းပေါ်တွင်လည်း ပရိတ်ရေမန်းများနှင့်ပက်ဖျန်းခြင်း၊ ကျောင်းဝိုင်းပတ်ပတ်လည်တွင်လည်း ပရိတ်ချည်မန်းများနှင့် စည်းတားထားခဲ့ပြီး ပြန်ခဲ့ကြလေ၏။

သူကြီးမင်းအိမ်သို့ ရောက်သောအခါ မိန်းကလေးသည် ကောင်းစွာသတိရပြီး စကားအနည်းငယ်ပြောနိုင်လေ၏။ ထိုအခါမှ သူကြီးနှင့်သူကြီးကတော်တို့က ဦးပေါခေါ် ဆရာပေါအား များစွာယုံကြည်ကျေးဇူးတင်ပြီး၊ ၎င်းတို့သမီးကလေးတွင် အမိမွေးသောအသက်မရှိ၊ ဆရာပေါ၏အသက်သာ ရှိကြောင်း ဝမ်းသာအားရ ပြောကြလေ၏။

ထိုအခါ ဦးပေါကလည်း မိမိသည် ပယောဂ ကု၍စားသော ဆရာမဟုတ်ကြောင်း၊ ရိုးရိုးလှေဖြင့် ကုန်သန်းရောင်းငယ် စားသောက်သူ ဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၃-လခန့်က မိမိနှင့်ထိုပြိတ္တာကြီးနှင့် တွေ့ဖူးကြောင်း၊ ၎င်းပြိတ္တာကြီးသည် ယခု သမ္ဗုဒ္ဓေ ဂါထာတော်ကြီးမှလွဲ၍ မကြောက်ကြောင်း၊ နောက်ဆုံး သူကြီးမင်း သမီးကလေး၏ သတင်းကိုကြားသိရသည့်တိုင်အောင် စုံလင်စွာပြန်ပြောသောအခါမှ သူကြီးလင်မယားနှင့်တကွ လာရောက် နားထောင်နေကြသောသူများက စုပ်သပ်ခေါင်းညိတ်ကာ ချီးမွမ်းအံ့သြကြကုန်၏။

ထို့နောက် ဦးပေါသည် ရွာသားများကို မောင်းတီးခေါ်စေပြီးလျှင် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တစ်ရွာလုံး အရကျက်၍ နေ့စဉ်အိပ်ရာဝင် အိပ်ရာထမျာတွင် ရွတ်ဖတ်ကြရန် မှာထားပြောဆိုပြီးနောက် နေဝင်လုနီးပြီဖြစ်သဖြင့် လှေသို့ပြန်ရန် နှုတ်ဆက်လေလျှင် သူကြီးမင်းက—

"ယနေ့တစ်ည အိမ်မှာအိပ်ပြီး ဘမီးကလေးအား စောင့်ရှောက်ပါဦး၊ နံနက်လင်းတော့ လှည်းနှင့်လိုက်ပို့ပါမည်"ဟု ပြောသဖြင့် ဦးပေါသည် သဘောတူကာ မိမိ၏ ငယ်သား ၃-ယောက်ကို လှေသို့ ပြန်လွှတ်လိုက်လေ၏။

## အသက်ဖိုး သုံးပိဿာ

နံနက်လင်းသောအခါ သူကြီးမင်း၏ သမီးကလေးသည် အိပ်စက်ရသဖြင့် အားနည်းခြင်းမှတစ်ပါး အခြား ဘာမျှမဖြစ်ဘဲ ကောင်းစွာ လန်းဆန်းလျက် ရှိလေ၏။ သူကြီးမင်းသည် ဦးပေါ်အား ထမင်းများ ကောင်းစွာ ချက်ပြုတ်ကျွေးမွေးစေပြီး မိမိ၏ တစ်ယောက်တည်းသော သမီးကလေး၏ အသက်ကို ကယ်ဆယ်သည့်အတွက် ကလပ်နှင့် ငွေသား သုံးပိဿာကိုထည့်ပြီး အသက်ဖိုး ကန်တော့စေလေ၏။ ဦးပေါ်က "မိမိသည် အခကြေးငွေကို အလိုရှိ၍ ကုစားသော ဆရာမဟုတ်၊ ကြုံကြိုက်သဖြင့် ဝတ္တရားအလျောက် ကယ်ဆယ်ခြင်းမျှ ဖြစ်သည်။ ငွေ သုံးပိဿာသည် မိမိအတွက် လွန်စွာများကြောင်း၊ အသက်ကယ်သည့်အတွက် ကျေးဇူးဆပ်လိုက ငွေတစ်ပိဿာ တော်လောက်ပြီ"ဟု ဆိုကာ ငွေတစ်ပိဿာကိုသာ လက်ခံလေ၏။

အားလုံးက ဝိုင်းပြီး သုံးပိဿာစလုံး လက်ခံရန် ပြောသော်လည်း မရဘဲ၊ အကြိမ်ကြိမ် ငြင်းပယ်သဖြင့် ငွေသား တစ်ပိဿာနှင့် ဝတ်စုံတစ်စုံ ကန်တော့ရလေ၏။ ပြီးသောအခါ ဆရာပေါ်က "မိန်းကလေးကို မိမိသမီးအရင်းကဲ့သို့ သနားမေတ္တာရှိကြောင်း ပြောဆိုကာ နောင် အန္တရာယ်ကင်းစေရန် သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကို လက်ဖွဲ့ခတ်ပြီး ဆောင်ထားရန် မှာခဲ့ပြီးလျှင် အိမ်ရှေ့တွင် အသင့်စောင့်နေသော လှည်းနှင့် လေ့ဆိပ်သို့ ပြန်ခဲ့လေသတည်း။

(သမ္ဗုဒ္ဓေဂါထာတော်ကြီးကို၊ တစ်နေ့ ၂-ခေါက်ကျ၊ အိမ်ကိုပတ်၍ ရွတ်ဖတ်က ရန်သူများ မကြံစည်နိုင်ဘဲ၊ ရောဂါဝဲသိမ်း ကင်းငြိမ်းချမ်းသာကြောင်း၊ အမှောင့်ပယောဂ မကပ်နိုင်ကြောင်း၊ ၂-ခေါက်ထက် ပို၍ မရွတ်ရ၊ ၃-ခေါက်ရွတ်က အိမ်စောင့် နတ်များပင် မနေနိုင်ဘဲ ခွာနေရကြောင်း၊ ကလေး လူကြီးမှစ၍ အစိမ်းသရဲ ပူးကပ်လျှင် ရေကို မန်း၍ တိုက်ခြင်း၊ သောက်စေခြင်းဖြင့် အမှန် ပျောက်ကင်း စေနိုင်ကြောင်းများကို ကျွန်တော် ကျောင်းနေစဉ်က ဆရာဘုန်းတော်ကြီး မိန့်မှာဖူးသည့်အတိုင်း ၎င်းဂါထာတော်ကြီးကို အရကျက်ထားပြီး၊ အများ အကျိုးငှာ ရေးသားပါသည်။ ဦးပေါ်၏ အဖြစ်အပျက်မှာ ကျောင်းနေစဉ်က ဆရာဘုန်းတော်ကြီး အမိန့်ရှိဖူးသည်ကိုသာ အမှတ်ရပါသည်။ မည်သည့် ခုနှစ်က ဟူ၍ မမှတ်မိတော့ပါ။)

❀

ပထမအကြိမ်

# ဘုရားမပွင့်မီက ပရိတ်တော်

ယခုအခါ ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေကြရသည့် ဘေးအန္တရာယ်များနှင့်စပ်သော စိုးရိမ်ပူပန်မှုများသည် အသိဉာဏ် အမြော်အမြင်ရှိသူတို့ ပတ်ဝန်းကျင်၌ ပို၍ပြင်းထန်လာ၏။ ''စိုးရိမ်မှုအမှတ်'' ၌ ထိဆိုက်နေသည် မှာကား အတန်ပင် ကြာညောင်းခဲ့လေပြီ။

ကမ္ဘာတစ်ခွင်လုံး၌ လူသားအချင်းချင်း ရက်စက် ကြမ်းကြုတ်စွာ အုပ်စုလိုက်သတ်ဖြတ်နေကြသော သူသတ်ပွဲများကားငြိမ်းစဲမသွားသည့်အပြင် တိုး၍တိုး၍သာ ပြန့်ပွားနေ၏။ 'သဘာဝအန္တရာယ်'ဟုပင် လွယ်လွယ်ခေါ် နေကြသော ရာသီဥတုဒဏ်ကလည်း တိုးတက်နေသော သိပ္ပံပညာနှင့် အားပြိုင် နေသကဲ့သို့ရှိသည်။ နှစ်ဆက်မိုးမရွာ၍ တစ်နိုင်ငံလုံး ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ကာ အစုလိုက်အပြုံလိုက် သေကြေကြရခြင်း၊ မုန်တိုင်းဒဏ်ကြောင့် ၁၀-နှစ်ခန့် ပင် ပြန်လည်ပြင်ဆင် အစားထိုးရမည့် အဖြစ်ဆိုးများ၊ ဒီကြားထဲ အဏုမြူ လက်နက်များကို ထိန်းချုပ်သည့်ကိရိယာများက မိမိတို့မမျှော်လင့်ခဲ့မိသော ချွတ်ယွင်းချက်များပေါ်နေ၍ အဏုမြူ ပိုင်ရှင်ကြီးများကိုယ်တိုင် လန့်ဖျပ်နေ ကြခြင်း။

ယနေ့ကမ္ဘာ့အကျပ်အတည်း၊ ကမ္ဘာ့အန္တရာယ်များအတွက် 'တစ်ခု တည်းသောထွက်ပေါက်' မှာ ဘာသာရေးသာလျှင်ဖြစ်ကြောင်း ယခင်က ထက်ပို၍ သိမြင်လာကြ၏။ ဘာသာရေးဘက် မျက်နှာမူလာသော အရေ အတွက်မှာ တစ်နေ့တခြား တိုးပွားလာနေသည်ကိုတွေ့မြင်နေကြရ၏။ ဘာသာ ရေးရပ်ကွက်တချို့တွင်မူ မိမိတို့ဘာသာ အယူဝါဒဆိုင်ရာ ထိုက်သင့်သော တရားများကို ပို၍ ကြိုးစားလိုက်နာရမည့်အစား 'ဘုရားသခင် လာခါနီး' သော နိမိတ်အဖြစ် မှတ်ယူပြောဆိုကာ ဘုရားမျှော်နေကြသည်။ မည်သို့ ဖြစ်စေ ယနေ့ ကမ္ဘာ့အခြေအနေ အရပ်ရပ်ကား ကမ္ဘာ့ဘာသာဝင်တိုင်း ပင် 'ဘုရားတ' နေရသော အဖြစ်ဆိုးများဖြစ်ကြောင်း ထင်ရှားနေပေပြီ။

ယနေ့ကမ္ဘာ့အခြေအနေသည် ဘာသာဝင်တိုင်းအား တပ်လှန့်ထားသကဲ့သို့ရှိ၏။ သို့သော် မြန်မာနိုင်ငံကား ကံကောင်းလှပေစွ။ မုန်တိုင်းကပင် အကြိမ်ကြိမ် ရှောင်ကွင်းပေးခဲ့ရ၏။ ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့်လည်း ထိုအချက်ကို သတိမလစ်ကြပေ။ မိမိတို့စွမ်းအားရှိသမျှ ယခင်ကထက်တိုး၍ လုပ်သာကြသည်ကို တွေ့ရ၏။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ငါးပါးသီလ၊ ပရိတ်နှင့်မေတ္တာဘာဝနာတို့ကို လုပ်ရိုးလုပ်စဉ်မဟုတ်မူ၍ ကြိုးစားဆောင်ရွက်ကြလျှင်ပင် လုံလောက်ပါသည်။ ထို့အတွက် ကျွန်ုပ်တို့လည်း 'မေတ္တာဝါဒ' စာအုပ်ကို လွန်ခဲ့သော ၅-နှစ်ကျော်ကပင် အထူးရည်ညွှန်း ရေးသားခဲ့ပါသည်။ ရပ်ကွက်တိုင်း၊ ဓမ္မာရုံတိုင်းကပင် အသံတိတ် 'မေတ္တာပွားပို့ပွဲများ' ပြုလုပ်ပေးကြရန် နှိုးဆော်ပေးခဲ့ပါသည်။ ကိုယ်တာဝန်ဟုသဘောထား၍ ရေးသားနှိုးဆော်ခဲ့ခြင်းဖြစ်ရာ စိတ်ပါဝင်စားလာသူများ အရေအတွက် များပြားလာသည်ကို တွေ့မြင်ရပါသည်။

## မိုးညှင်းဆရာတော် နည်းပေးခဲ့

ဤနေရာ၌ မိုးညှင်းဆရာတော်ဘုရားကြီး၏လုပ်ထုံးမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက အီတလီနှင့် အဘက်ဆီးနီးယား နှစ်နိုင်ငံ စစ်ဖြစ်ကြစဉ် ဆရာတော်ဘုရားကြီးသည် ကမ္ဘာ့မြေပုံကြီးတစ်ချပ်ကို ရှုမှာချလျက် ...

> "ဟောဒီမြေပုံမှာကြည့်စမ်း၊ ဒါက အီတလီ၊ ဒီဘက်က အဘက်ဆီးနီးယား၊ သူတို့တွေ အချင်းချင်း စစ်ဖြစ်နေကြလို့ သတ္တဝါတွေ သေကြေပျက်စီးလိုက်ကြတာ အလွန်သနားစရာကောင်းတယ်၊ သူတို့တစ်တွေ ဒီစစ်ဘေးက လွတ်အောင် မေတ္တာပို့ကြရမယ်ကွယ့်"
>
> "ထိုစစ်ဘေးကြီး တစ်နည်းနည်းနဲ့ အေးသွားတယ် ဆိုရင် ကိုယ့်မေတ္တာ အောင်ပြီလို့မှတ်ရမယ်"

ဟု အမိန့်ရှိတော်မူခဲ့ဖူး၏။

စစ်ဖြစ်နေသော တိုင်းပြည်များသို့ ရည်မှတ်ပြီး ဩဒိဿမေတ္တာများပို့ရန်လည်း တိုက်တွင်းရှိ ယောဂီများအားလုံးအား သတိပေးနှိုးဆော်တော်

မူခဲ့ဖူးလေသည်။ သူတော်ကောင်းကြီးများသည် နိုင်ငံနှင့်အဝန်း၊ ကမ္ဘာနှင့် အဝန်း အရေးတစ်စုံကြုံတိုင်း ကယ်မ,တော်မူနေကြပါသည်။

ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် နှိုးဆော်၍ အပူတပြင်း ဩဒိဿ မေတ္တာ (အသံတိတ်မေတ္တာပွားပို့ပွဲကြီး) ပြုလုပ်နေစဉ် မေတ္တာပို့၍ ၅-ရက် မြောက်နေ့မှာပင် ထိုစစ်ပွဲကြီး ပြေငြိမ်းကြောင်း သတင်းစာများတွင် ကြေး နန်းသတင်းပါလာ၏။ ယနေ့ကမ္ဘာ့ထိပ်တန်းသတင်းတွင် လွန်ခဲ့သော ၅-နှစ် ခန့်မှစ၍ မိုးမရွာသဖြင့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေရရှာသော အီသီယို ပီးယားနိုင်ငံဟူသည် ယခင်က မိုးညှင်းဆရာတော် ဩဒိဿမေတ္တာပွားပို့ခဲ့ သော အာဘက်ဆီးနီးယားနိုင်ငံပင်ဖြစ်၏။

မိုးညှင်းဆရာတော်ဘုရားကြီးသည် ၁၃၀၁-ခုနှစ်၊ နတ်တော်လတွင် တရုတ်ပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဥက္ကဋ္ဌဖြစ်သူ ကရုတ်ဘုန်းတော်ကြီး 'ဦးထိုင် ဆူး' ကို လည်းကောင်း၊ ထိုနှစ်တန်ဆောင်မုန်းလတွင် ဗုဒ္ဓဘာသာ ဟိန္ဒူ ဘာသာဝင်တို့အချင်းချင်း ချစ်ခင်ညီညွတ်မှုရရှိကြစေရန် ဩဝါဒနည်းလမ်း ကို တောင်းခံလာသူ 'ဂရုတ်တိနိဒိသဘာ' ဟိန္ဒူအဖွဲ့အတွင်းရေးမှူး ပရမာ နန္ဒကိုလည်းကောင်း....

“ကိုယ်ရောနှုတ်ရော၊ စိတ်ပါလက်ပါ တစ်နေ့ ၁၀-ကြိမ်၊ ၁၅-ကြိမ် ထက်မနည်း အကျိုးစီးပွား လိုလားသောစိတ်ဖြင့် မေတ္တာပွားများရန်” ကို သာ ညွှန်ကြားတော်မူခဲ့ဖူးပါ၏။

ကျွန်ုပ်တို့ရေးသားသောစာအုပ်ကို ဖတ်ရှုဖူးသူများအတွက် အထူး ချဲ့ထွင်ရေးရန်မလိုဟု ယူဆပါသည်။ ယုတ်စွအဆုံး နှစ်ပြည်တစ်ပြည် အရေး ကြီးသော ကိစ္စတစ်ခုအတွက် ဆွေးနွေးရန်၊ ကိုယ်ရေး ကိုယ်တာ အတွက် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန်ရှိသောအခါများတွင် မည်သို့လုပ်ရမည်ဆိုသော အချက်ကိုလည်း ကျွန်ုပ်၏ စာဖတ်ပရိသတ်များ သိပြီးပင်ဖြစ်ပါသည်။

## ပရိတ်ကိုချုံ့၍ အနှစ်ကိုချုပ်လျှင်

ဤဆောင်းပါးဖြင့် ဤယနေ့အထူးတင်ပြနှိုးဆော်လိုသည်မှာ 'ပရိတ် တော်' အကြောင်းပင် ဖြစ်ပါသည်။ သို့သော် 'ပရိတ်ကြီး' ဆိုသည်မှာလည်း အားလုံးသိပြီး၍ ရိုး၍ပင်နေချေပြီ။ ရိုးနေသောအကြောင်းကို ရေးပြရသည်မှာ အခက်ဆုံးဖြစ်နေတတ်ပါသည်။ 'သိပြီး'ဟု ထင်နေကြသောအရာတော်တော်

များများမှာ အထူးသဖြင့် ဘာသာရေးကိစ္စမှာ တကယ်မသိသောအရာများ ဖြစ်နေတတ်ကြပါသည်။

ဤကိစ္စ၌ ကျွန်ုပ်တို့လည်း သူများတကာထက်ပို၍ ထူးထူးခြားခြား သိထားသည်ဟူ၍တော့ မရှိလှပါ။ သို့ရာတွင် စာရေးသူ၏ အထာ-ဉာဉ် ကိုတော့ (စာရှုသူအတွက် အသုံးဝင်မည်၊ မဝင်မည်မသိ) ထင်ပြလိုပါ သေးသည်။

ကျွန်ုပ်သည် အကြောင်းအရာတစ်ခု (ပိဋကတ်သုံးပုံပင်ဖြစ်စေ) အတုံး လိုက်၊ အတစ်လိုက်မခံစားတတ်ပါ၊ ထေရဝါဒ ပင်ရင်းကျနိုင်သမျှကျအောင် လည်း နှလုံးမူပါသည်။ အကြောင်းအရာတစ်ခုကို ရှုမြင်နည်း နှစ်မျိုးဖြင့် ကြည့်ပြီးမှ 'အနှစ်ချုပ်' ထုတ်ယူခံစားလေ့ ရှိပါသည်။ ရှုမြင်နည်း နှစ်မျိုး ဆိုသည်မှာလည်း ထူးဆန်းလှသည် မဟုတ်ပါ။

၁။ အကြောင်းအရာ၊ သဘောတရား တစ်ခုခုကိုခြုံငုံ၍ (ချုံ.၍) ရှုမြင်ခြင်းနှင့်၊

၂။ ခွဲ၍ ဖြန့်၍ ရှုမြင်ခြင်းပင် ဖြစ်ပါသည်။

ဤ ပရိတ်ကြီးနှင့်စပ်ရာ၌လည်း ကျွန်ုပ်သည် ဤရှုမြင်နည်း နှစ်မျိုး ဖြင့် ကြည့်ပါသည်။ အားလုံးသိရှိကြသည့်အတိုင်း ပရိတ်ကြီးမှာ ၁၁-သုတ် ရှိ၍ မူရင်း ဗောဇ္ဈင်သုတ်များ၊ အာဋာနာဋိယ သုတ်များနှင့် ဖြန့်ချိသော် အလွန်ကျယ်ပြောလှပါသည်။ လမင်းပရိတ်၊ နေမင်းပရိတ်၊ ယုန်မင်းပရိတ် စသည်ဖြင့်လည်း 'ပရိတ်ငယ်'များမှာ စာအုပ်ပေါ် ရောက်မလာ၊ ပေထဲမှာ များစွာရှိနေကြပါသေးသည်။ ဘုရားနှုတ်တော်ထွက် ဓမ္မစက်၊ အာဏာစက် ပရိတ်တော်များနှင့် ယှဉ်တွဲ၍လည်း ဆဒ္ဒိသာပါလ၊ စက်ပရိတ်၊ ဓာရဏ၊ ပရိမိတ္တဇာလစသော ပရိတ်များလည်းမနည်းချေ။ (ထိုပရိတ်များအကြောင်း စာအုပ်ရှေ့ပိုင်းရှုပါ။)

မည်သို့ဖြစ်စေ၊ ထိုထိုဤဤ အလီလီသော ပရိတ်တော် အားလုံးကို အထက်ပါ ခြုံငုံ၍ (ချုံ.၍) ရှုမြင်နည်းဖြင့် ကြည့်သောအခါ....

"ပရိတ်တော်ဟူသည်—

၁။ ဗုဒ္ဓ-ဓမ္မ-သံဃ-ဂုဏ်တော်များ၊
(ဗုဒ္ဓါနုဿတိ)

၂။ မေတ္တာဘာဝနာနှင့်

၃။ သစ္စာပြုခြင်းသုံးမျိုးပင်ဖြစ်ကြောင်း ရှုမြင်နိုင်ပါသည်။ သို့ရာတွင် အထက်ပါ သုံးချက်အပြင် နတ်ပင့်တိုင်တည်ချက်များ၊ အကူအညီ တောင်းခံချက် များဖြင့်လည်း ထုံးဖွဲ့ထားရာ ယေဘုယျပရိတ် ရွတ်ဖတ်သူတို့သည် အဆိုပါ အခြေခံအချက်များထက် အထုံအဖွဲ့အပေါ်မှာ ပို၍ စိတ်အာရုံကျရောက်နေတတ်ကြပြန်ပါသည်။ ထိုအချက်ကိုလည်း လိုသည်ထက် မပိုရအောင် သတိပြုသင့်လှပါသည်။

## ပရိတ်သမိုင်းကို အလျှားလိုက် လျှောက်သော်

ပရိတ်တော်များနှင့်စပ်၍ အကျယ်ချဲ့ထွင် ရှုမြင် သုံးသပ်နည်းမှာ သက်ဆိုင်ရာ နောက်ခံအကြောင်း အဋ္ဌုပ္ပတ်များ၊ စကားတစ်လုံးတစ်လုံး၏ အနက်သွားပုံနှင့် ခေတ်အဆက်ဆက်လုပ်ထုံးများ စသည်ဖြင့် ရှုမြင်ခြင်းကို ဆိုလိုပါသည်။ ဤအချက်နှင့်စပ်၍လည်း ပရိတ်စာအုပ် အများအပြားမှာ စာမျက်နှာ အခက်အခဲကြောင့် တန်းစေ့ ရုံမျှသာ ဖော်ပြ ပေးနိုင်ကြလေတော့သည်။

အကျယ်ဖြန့်ချီ၍ ရှုမြင်ရာ၌ သက်ဆိုင်ရာပရိတ်တော်များ၏ အဋ္ဌုပ္ပတ်ဖြစ်ရပ်နောက်ခံဇာတ်လမ်းများကိုသာမက အလှမ်းမီသမျှ 'ပရိတ်တော်သမိုင်းရေစီးကြောင်း' ကိုပါ လှန်လှောကြည့်ရှုရန်လိုပါသည်။ ကြည့်ရှုသောအခါ ပရိတ်တော်ဟူသည် ဘုရားပွင့်ပေါ်လာမှ ကျင့်သုံးခွင့်ရသော လက်နက်ကောင်းကြီးတစ်ခုမဟုတ်ပါ။ ဘုရားမပွင့်မီကပင်ရှိခဲ့သော၊ အလောင်းတော်ကြီးများ လက်တွေ့ကျင့်သုံးခဲ့သော၊ လက်တွေ့အောင်ပွဲရခဲ့သော နည်းလမ်းကောင်း လက်နက်ကောင်းကြီးများပင်ဖြစ်ကြောင်း တွေ့နိုင်ပါသည်။

"ဘုရားမပွင့်မီက ပရိတ်တော်များ" ဟု ဆိုသဖြင့် ရွှေဥဒေါင်းမင်းပရိတ်၊ ငုံးမင်းပရိတ်၊ မြွေမင်း(ခန္ဓ)ပရိတ်များဟု အများက နားလည်နေကြပါသည်။ ထိုမျှမကပါ။ ထိုပရိတ်တော်သုံးသုတ်၏ အဋ္ဌုပ္ပတ် သမိုင်းကြောင်းများလည်း အများအသိပင်ဖြစ်ပါသည်။

ဤ၌ ဖော်ပြလိုသည်မှာ အလောင်းတော်ကြီးများ၏ ပရိတ်အပေါ် ထားရှိပုံ၊ ခံယူပုံ၊ 'ပရိတ်သည်ငါ၊ ငါသည်ပရိတ်' ဖြစ်အောင် ကျင့်သုံးပုံစသည်တို့ကို သိရှိလိုက်နာကြရန်ဖြစ်ပါသည်။ ဖော်ပြမည့် ဖြစ်ရပ်များကား

အသိခေါင်သော ဖြစ်ရပ်များမဟုတ်ပါ။ သို့ရာတွင် 'အသိခေါက်ခက်'သော ဖြစ်ရပ်များဟုကား ဆိုသင့်မည်ထင်ပါသည်။

ဦးစွာပြလိုသည်မှာ 'အာရုံငါးပါးနှင့် မင်းသားနောက်လိုက်ငါးဦး' အကြောင်းပင် ဖြစ်ပါသည်။ ဤဇာတ်လမ်းမှာ ကေနိပါတ်၊ တေလပတ္တဇာတ်(ဇာ၊ ဌ၊ ၁-၄၁၇) နှင့် ဘီရုကဇာတ် (ယင်း၊ ၄၉၄) စသည်တို့၌ ပါရှိသော ဇာတ်လမ်းဖြစ်ပါသည်။ နံရံပန်းချီကားချပ်များအထိ အများသိနေသော ဇာတ်လမ်းဟုဆိုလျှင် မလွဲနိုင်ပါ။ သို့သော် အပေါ်ယံသိနေသူကသာ များပါသည်။

ဇာတ်လမ်း အကျဉ်းချုပ်မှာ....

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သားတော် တစ်ရာတွင် ဘုရားအလောင်းတော်မှာ သားအငယ်ဆုံးဖြစ်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ နန်းတော်သို့ နေ့စဉ်ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူကြသဖြင့် အလောင်းတော်လည်း ဝေယျာဝစ္စပြုခွင့်ရသည်။ တစ်နေ့တွင် အလောင်းတော်မင်းသားငယ်သည် နောင်တော်ပေါင်း ၉၉-ယောက်ရှိနေသဖြင့် 'ဤတိုင်းပြည်၌ ရှင်ဘုရင်ဖြစ်မှုဖြစ်ရပါ့မလား'ဟု စဉ်းစားမိ၏။ကြောင့်ကြမိ၏။ နောက်တစ်နေ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဝတ်ကြီးဝတ်ငယ်ပြုပြီး လျှောက်ထားလေရာ—

## အလောင်းတော် ကိုယ်တွေ့ပရိတ်

"မင်းသား၊ သင်ကား ဤတိုင်းပြည်၌ မင်းဖြစ်မည်မဟုတ်၊ ဤဗာရာဏသီပြည်မှ ယူဇနာ ၂၀၀-ဝေးကွာ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ သွားဝံ့ပေလျှင် ခုနစ်ရက်ပြည့်မြောက်သော် မင်းဖြစ်ရပေလိမ့်မည်" ဟု မိန့်တော်မူကြ၏။ ဆက်လက်၍ လမ်းခရီးအကြား ယူဇနာတစ်ရာခရီး တစ်လျှောက်လုံး ဘီလူးမများ နေထိုင်ရာ (အမနုဿကန္တာရ) ဖြစ်၍ ခန္တရာယ်ကြီးမားပုံ၊ အမျိုးမျိုးအဖုံဖုံ အာရုံ ၅-ပါး ဖန်ဆင်းပြ၍ အလိုသို့လိုက်၊ အကြိုက်သို့ ပါလျှင် သတ်စားခံရတတ်ပုံတို့ကိုလည်း မိန့်တော်မူကြ၏။

"မင်းသား၊ သင်သည် ထိုဘီလူးမတို့ဖြားယောင်းသည်ကို လှည့်မကြည့်ဘဲ သတိကြီးကြီးနှင့် သွားနိုင်လေလျှင် ခုနစ်ရက်မြောက်၌ အမှန်စင်စစ် မင်းဖြစ်လိမ့်မည်။"

"ရှိပါစေဘုရား၊ ဘုရားအန္တရာယ်ရှိရှိ၊ အရှင်မြတ်များ၏ ဩဝါဒကို ရရှိထားပြီးမှတော့ ဘီလူးမတွေကို မကြည့်ဘဲ သွားနိုင်ပါသည်။"

မင်းသားက လျှောက်ထားသဖြင့် အရှင်မြတ်များက ပရိတ်အရံ အတားများ ရွတ်ဖတ် ချီးမြှင့်လိုက်၏။ အထူးမှတ်သားဖွယ် ကောင်းသည်မှာ ပရိတ်သဲများ၊ ပရိတ်ချည်များကိုပါ ချီးမြှင့်တော်မူကြ၏။ မင်းသားလည်း ယုံယုံကြည်ကြည်ဖြင့် ယူဆောင်ကာ အရှင်မြတ်များနှင့် ခမည်းတော်၊ မယ်တော်များကို ရှိခိုး၍သွား၏။ သွားခါနီး အလောင်းတော်မင်းသားက သူ၏ ရောင်းရင်း ကျွန်ယုံတော် ၅-ဦးကိုလည်း အကျိုးအကြောင်း ပြောပြရာ ရောင်းရင်း ၅-ဦးတို့လည်း "မင်းသားကဲ့သို့ပင် အာရုံ ၅-ပါး မလိုက်စား၊ မကြည့်ရှုဘဲ သတိရှိရှိ လိုက်ပါကြမည်" ဟု ကတိပြုကြသဖြင့် ခေါ်ဆောင်သွား၏။ ၅-ဦးစလုံးပင် အာရုံ ၅-ပါး၊ လူ ၅-ယောက်၊ ခွဲတမ်းချသကဲ့သို့ အဆင်းလှလှကြိုက်သူက အဆင်းလှလှဖန်ဆင်းပြသည်၌ မက်မော၍ ခရီးလမ်းမှာ သေကျန်ရစ်၏။ ဖော်ဋ္ဌဗ္ဗာရုံကြိုက်သူက ထိုအာရုံဖြင့်ပင် သေကျန်ရစ်၏။

ဘုရားအလောင်းတော်မှာမူ မည်သို့မျှဖြားယောင်း၍မရဘဲ တက္ကသိုလ်ပြည်အနီး ဇရပ်ကြီးတစ်ခုသို့ ချောမောစွာရောက်လေ၏။ ဘီလူးမသည်လည်း ဇွဲနပဲကြီးစွာလိုက်လာ၏။ အလောင်းတော်ကား ပစ္စေကဗုဒ္ဓါ အရှင်မြတ်များအမိန့်တော်ကို တသဝေမတိမ်း လိုက်နာကာ စောင်းငဲ့၍မျှ မကြည့်။ ဇရပ်သို့ရောက်လျှင် ပရိတ်ချည်များဖြင့် ဝန်းရံလိုက်၏။ ပရိတ်သဲများကို ခေါင်းရင်း၌ ဖြန့်ကြဲထား၏။ ဘီလူးမသည် နတ်ကညာအသွင် ဖန်ဆင်းနှောင့်ယှက်သော်လည်း အနားသို့မကပ်နိုင်ချေ။ ဇရပ်အနီး၌ ရစ်သီရစ်သီ လုပ်ကာ နေလေ၏။

ထိုအခိုက် တက္ကသိုလ်ဘုရင်သည် ဥယျာဉ်ကစား ခြွေရံများနှင့်ထွက်လာရာ နတ်ကညာကိုမြင်သောအခါ "ဘီလူးမ" ဟု မင်းသားပြောသည်ကို မယုံဘဲ အာရုံ၌ စွဲငြိ၍ မိဖုရားကြီးမြှောက်လေရာ ထိုည၌ပင် မင်းနှင့်တကွ တက္ကသိုလ် နန်းတွင်းသူ နန်းတွင်းသားအားလုံး ဘီလူးမအစာဖြစ်ကာ သေကြေပျက်စီးကြရရှာလေ၏။

တိုင်းသူပြည်သားများက ဇရပ်ပေါ်၌ရှိသော ညှော်သည် မင်းသားကို နန်းတင်ကြလေ၏။ ဤ၌ပရိတ်ချည်၊ ပရိတ်သဲများ အသုံးကို မှတ်သားသင့်သကဲ့သို့ သူတော်ကောင်းတို့၏ အဆုံးအမကို အလေးအနက်ခံယူမှု၊ ကြောက်ရွံ့ဆုတ်နစ်ခြင်းမရှိမှုတို့ကိုလည်း အတုယူသင့်၏။ ထိုသို့ သူတော်ကောင်းအဆုံး

အမကို မြေ့ဝယ်မကျ နှာခံမှတ်ယူကြောင်း ဘီရဏဇာတ်၌ ဤဇာတ်လမ်းကိုပင် ညွှန်းကာ ဟောကြားတော်မူ၏။

## သန့်ရှင်းရေးသမားကြီး ဦးမဃ၏ပရိတ်

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူမှသာ ပရိတ်တော်၏စွမ်းအင်သတ္တိကို သိရှိတော်မူသည်မဟုတ်ကြောင်း ဥဒေါင်းမင်း၊ ငုံးမင်းပရိတ်စသည်များဖြင့်လည်း ထင်ရှားလှပါသည်။

တစ်ဖန် ပရိတ်တော်အကြောင်းဟု မထင်ရသော အခြားဇာတ်တော်တစ်ခုလည်း ရှိပါသေးသည်။ ဇာတ်တော်ကား ကုလာဝကဇာတ် (ဇာ၊၁-၁၊၂၁၄) ဖြစ်ပါသည်။ အတိတ်ဇာတ်လမ်းမှာ အများသိနေကြသော သိကြားလောင်း မဃဇာတ်လမ်း ဖြစ်ပါသည်။ မဃကိုလည်း (အရပ်ခေါ်မာဃ) လူမှုဝန်ထမ်း သန့်ရှင်းရေးသမားဟုသာ လျှမ်း၍ နားလည်ထားကြဟန်တူပါသည်။

အကျဉ်းချုပ်အားဖြင့် မဃလုလင်နှင့် အပေါင်းပါလူ ၃၃-ဦးတို့ကို မြို့ဝန်ကြီးက ကုန်းချောက်ာ ရှင်ဘုရင်က ဆင်ဖြင့်နင်းသတ်၍ မသေသော အကြောင်းဖြစ်ပါသည်။ ဆင်ဖြင့်နင်းသတ်စေရာ၊ မေတ္တာပွားပို့နေကြသဖြင့် ဆင်များမနင်းဝံ့ကြ၊ သို့နှင့် တစ်စုံတစ်ရာ ဆေးဝါးအဆောင် ရှိ,မရှိစစ်ဆေးရာ မည်သည့် ဆေးဝါး အဆောင်ကိုမျှ မတွေ့ရ။ တစ်ဖန် မည်သည့်မန္တန်များ ရွတ်ဖတ်ကြကြောင်း ဆက်လက်စုံစမ်းစေရာ အလောင်းတော် မဃလုလင်က—

"မှန်လှပါ အရှင်မင်းကြီး ကျွန်တော်မျိုးတို့မှာ အခြားမန္တန်ဟူ၍ သီးခြားမရှိပါ။ ကျွန်တော်မျိုးတို့ ၃၃-ဦးစလုံး သူ့အသက်ကိုမသတ်ကြပါ။ သူ့ဥစ္စာကို မခိုးကြပါ။ သူ့အိမ်ရာကို မကျူးလွန်ကြပါ။ လိမ်လည်မပြောကြပါ။ သေရည်သေရက် မသောက်စားကြပါ။ သတ္တဝါအားလုံးအပေါ် မေတ္တာစိတ်ထားကြပါသည်။ (မေတ္တာပွားပို့ကြပါသည်။) အလှူအတန်းလည်း ပေးကြပါသည်။ လမ်းများကို ရှင်းလင်းသုတ်သင် ဖောက်ထွင်ညှိခင်းကြပါသည်။ ရေတွင်း ရေကန် တူးကြပါသည်။ တည်းခိုဇရပ်များဆောက်လုပ်ကြပါသည်။

"ဤအရာအားလုံးသည်ပင် ကျွန်တော်မျိုးတို့၏ မန္တန်ဖြစ်ပါသည်။ ပရိတ်လည်း ဟုတ်ပါသည်။ ကြီးပွားရေးတရားလည်း မည်ပါသည်" ဟု သံတော်ဦးတင်လိုက်ရာ အသက်ဘေးမှ ချမ်းသာရာရကြသည့်အပြင် ဆုလာဘ်များကိုပါ ခံယူကြရလေသည်။

'ပရိတ်'ဟူသည် ကျက်မှတ် ရွတ်ဖတ်ရုံသာလော၊ ပရိတ်သည် ငါ၊ ငါပင် ပရိတ်ဖြစ်အောင် မည်သို့လိုက်နာဆောင်ရွက်သင့်ကြပါသနည်း။

ဤယနေ့ အများစု နားလည်ကျင့်သုံးလျက်ရှိသော ပရိတ်အဓိပ္ပာယ်တွင် ဘုရားအလောင်းတော်ကိုယ်တိုင် လက်တွေ့လိုက်နာ အောင်မြင်ခဲ့သောထုံးကို နှလုံးမူကြရန်ဖြစ်ပါသည်။ 'ပရိတ်တော်' ဆိုသည်ကို ခြုံငုံသုံးသပ်၍ အနှစ်ချုပ် ထုတ်ယူလိုက်ပါက သတ္တဝါအများ ဘေးရန်ကင်းကွာ ချမ်းသာကောင်းစားရေးအတွက် ကိုယ်နှုတ်နှလုံး သုံးပါးလုံး အပြည့်အစုံ ကျင့်သုံးလိုက်နာကြရန်ပင် မဟုတ်ပါလော။

## ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ဆီ၊ ပရိတ်သဲ ပြုလုပ် သုံးစွဲနည်း သမိုင်းအကျဉ်း

ဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့သည် ပရိတ်ကြီး ငယ်တို့အပေါ်၌ အစဉ်အလာ ရိုးရာယုံကြည်မှုကား ရှိကြပါ၏။ သို့ရာတွင် စနစ်တကျ လေ့လာခြင်း၊ အာရုံမိမိ ထိထိ ခိုက်ခိုက် ယုံကြည်ရွတ်ဆိုသူကား အရေအတွက် နည်းနေပေလိမ့်မည်။

ပရိတ်တော်ဟူသည် ဂုဏ်တော်, မေတ္တာဘာဝနာနှင့်သစ္စာပြုခြင်းများဖြစ်ကြောင်းပြခဲ့ပြီ။ ထိုဂုဏ်တော် မေတ္တာနှင့် သစ္စာပြုသူ၏သန္တာန်၌ အလိုလိုပင် သီလအခြေခံများ ကြိုတင်ပြည့်စုံနေနှင့်ပြီး ဖြစ်ရမည်မှာ ယုံမှားဖွယ်ရာမရှိချေ။ မိမိရွတ်ဆိုသွားသော စာသားများအတိုင်း 'ဆင်ခြင်မှု' အပါလိုက်ပါလျှင်၊ ဆင်ခြင်သော်လည်း သီလအခြေခံအင်အားနည်းနေသူဖြစ်လျှင်၊ သီလအခြေခံအကျိုးပေးသေးနုပ်နေမည်သာဖြစ်၏။ ဘာသာရေး ကိစ္စတိုင်းတွင် အကျင့်

သိလနှင့် မနေ့ာကံ ဆင်ခြင်မှုကား ခပ်တိုင်းငန်သော ဆားကဲ့သို့ မပါ၍ မဖြစ်။

ယခုအခါ နှုတ်တိုက် ကျက်ထားသည့်အတိုင်း ရွတ်ရုံ ရွတ်သွားသူက များ၏။ စာသားအဓိပ္ပာယ်ကိုပါ သိအောင်၊ သိထားသည့်အတိုင်း ရွတ်ဆိုသော အခိုက်မှာလည်း အသိကပ်ပါသွားအောင် လေးလေးစားစား ရွတ်ဆိုကြရန် ကြပ်ကြပ် သတိမူသင့်၏။ အင်အားပါအောင် ပရိတ်နှင့်စပ်သော စာပေများကို ဖတ်ရှုလေ့လာသင့်၏။ ရွတ်ဆိုရာ၌လည်းစနစ်တကျလေ့ကျင့်သင့်၏။

စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် အာဏာစက်ပျံ့နှံ့သော အလွန်တန်ဖိုးကြီး၍ တန်ခိုးကြီးသော ပရိတ်တရားတော်များအပေါ် ကျွန်ုပ်တို့၏ သဘောထား ခံယူချက်၊ ယုံကြည်ချက်၊ ပြုမူချက်များကို ပို၍ လေးနက်စေသင့်ကြပြီ၊ ဘဝသံသရာခရီးသွားကြရာ၌ ဒုက္ခတွေကား တစ်နေ့တခြား များပြားလှပါဘိသည်။

အထူးသဖြင့် ယခုအခါ ရှင်ရော‌လူပါ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ဆီ၊ ပရိတ်သဲများ ပြုလုပ်ပုံ၊ သုံးစွဲပုံတို့နှင့်စပ်၍ကား ရိုးရာလောက်သာရှိနေကြသည်။ ပြုလုပ်ပုံလည်း မလေးနက်၊ သုံးစွဲပုံလည်း မလေးနက်။ မွန်ပြည်နယ်တွင်ကား အတန်အသင့်လေးနက်မှုရှိနေသေးသည်ကို တွေ့ကြရ၏။

## သီဟိုဠ် (သီရိလင်္ကာ) နှင့် ပရိတ်ချည်

သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်း၌ကား ယခုတိုင် ပရိတ်ရွတ်ခြင်းနှင့်၊ အထူးသဖြင့် ပရိတ်ချည်များကို အလွန် တန်ဖိုးထားကြောင်း တွေ့ရ၏။ ပရိတ်ရွတ်ရာ၌ ညလုံးပေါက် ရွတ်ပွဲကြီးများပင် မပြတ်ရှိတတ်သည်။

လွန်ခဲ့သော ၁၅-နှစ်ကျော်က သီရိလင်္ကာ ဝန်ကြီးချုပ် မစ္စ၊ ဗန္ဒရာနိုက်ကေး (အမျိုးသမီးဝန်ကြီးချုပ်) ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ရန် လေယာဉ်ပေါ်တက်ခါနီးတွင် သမ္မတကြီးက ဝန်ကြီးချုပ်၏ လက်ကောက်ဝတ်၌ ပရိတ်ချည်ကွင်းများ စွပ်၍ပေးသည်ကို စာနယ်ဇင်းများ၌ တွေ့မြင်ရဖူး၏။

သွားလေရာရာ ဘေးမသီ ရန်မခဘဲ၊ ကြံသမျှပြီးစီးရန် သီဟိုဠ်ကျွန်း သူ ကျွန်းသားတို့ ပရိတ်ချည်အပေါ် ယုံကြည်အားထားပုံမှာ အထူးဖော် ညွှန်းရန်မလိုချေ။

ယနေ့ သီဟိုဠ်သူ သီဟိုဠ်သားတို့ ယုံကြည်ချက်ကား လွန်ခဲ့သော ၂၅၀၀ ကျော်က မြတ်စွာဘုရားရှင်၏ မေတ္တာ ကရုဏာကို ကျေးဇူးတို့ ရာလည်း ရောက်ပေသည်။ ဗုဒ္ဓ၏ဇာတိမြေ အိန္ဒိယ၌ သာသနာကွယ်ပ၍ လက်ဘဲပခေါ် သီဟိုဠ်ကျွန်း၌ သာသနာတည်ထွန်းရစ်မည်ကို မြတ်စွာဘုရား ရှင် မြင်တော်မူခဲ့ပြီး ဖြစ်ပါသည်။

ထိုအတွက် မြတ်စွာဘုရားရှင် သုံးကြိမ်တိုင်တိုင်ကြွရောက်တော်မူခဲ့၏။ လူ့ခနဒေသ မဖြစ်သေးသော ထိုကျွန်းကို နောင်အရှည်မျှော်၍ ပရိတ်တော် အရံအတား ကြိုတင်ပေးသနားတော်မူခဲ့လေသည်။

> "ဘုရားသခင်လည်း.... ဘီလူးတို့ မလာစိမ့်သောငှာ (သီဟိုဠ်) ကျွန်းအလုံးကို သုံးကြိမ် လက်ယာရစ် လည်တော် မူ၍ ပရိတ်အရံအတားကို ပြုတော်မူ၏။ ယင်းသို့ ပရိတ်ရွတ် ပြီးမှ ....ဖလသမာပတ် ဝင်စား၍ နေတော်မူ၏"
>
> (မဟာဝင်မြန်မာ-၄၉)

## သုံးစွဲနည်း

ရှေးနားက ပြခဲ့ပြီးသော ဘုရားအလောင်းမင်းသား၏ ကျွန်ယုံတော် ငါးဦးဇာတ်လမ်းအရ ပရိတ်ချည်, ပရိတ်သဲ သုံးစွဲပုံမှာ ဘုရားမပွင့်မီကပင် ရှိခဲ့ကြောင်း ထင်ရှား၏။ အဆိုပါဇာတ်လမ်းတွင် ဘုရားလောင်း မင်းသား ငယ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ပေးသနားချီးမြှင့်လိုက်သော ပရိတ် ချည်, ပရိတ်သဲတို့ကို ယုံယုံကြည်ကြည် ရိုရိုသေသေ ယူဆောင်၍ ကန္တာရ ခရီးကြမ်းကို ဖြတ်သန်းခဲ့ရာ တက္ကသိုလ်ပြည်အနီးရှိ ဇရပ်ကြီးသို့ ရောက်သော အခါ—

> "သာလာယံ ပရိတ္တဝါလုကံ သီသေကတွာ=ပရိတ်သဲ ကို ခေါင်းရင်းမှာထား၍ (ဖြန့်ကြဲ၍)၊ ပရိတ္တ သုတ္တဥ္စပရိက္ခိ ပိတွာ=ဇရပ်ကို ပရိတ်ချည်ဖြင့် လှည့်ပတ်ဝန်းရံ၍" အိပ်စက်

သဖြင့် ဘေးမသီရန်မခဘဲ တက္ကသိုလ်ပြည်၌ ထီးနန်းပင် စံခဲ့ရ၏။

(ဇာ-ဋ္ဌ-၁၊ ၄၂၃-တေလပတ္တဇာတ်)

ယခုအခါ ပရိတ်ရေ၊ ပရိတ်ချည်များ ထုံးစံအတိုင်း လုပ်ကြပါ၏။ ပရိတ်ရေအိုးတွင် ပန်းခက်ထိုး၍ အိမ်ရှေ့၌ချထား၏။ ပန်းညှိုးလျှင် အားလုံး စွန့်ပစ်လိုက်ကြ၏။ ထိုသို့မလုပ်ရ။ ပရိတ်ရေအိုးတွင်လည်း ပန်းသစ်ခက် မထိုးက သာ၍ကောင်း၏။ သန့်ပြန့်လုံခြုံအောင် ဘုရားစင်မှာထားပြီး နေ့စဉ်ဖြစ်စေ၊ သောက်ရေအိုး၌ ရေလဲတိုင်းဖြစ်စေ သုံးစက်ခန့်ထည့်ပေးသင့်၏။ ထည့်ပေးတိုင်း သရဏဂုံသုံးပါးရွတ်၊ တတ်နိုင်လျှင် ကိုယ်တိုင် ပရိတ်ရွတ်ရင်းထည့်။ ပရိတ်ရေလည်း အလျှင်မပြတ်စေရ။ ကုန်ခါနီးလျှင် ဖြည့်ထား၊ ပွားထားရ၏။ ရောဂါအလိုက် အခြေအနေကြည့်၍ ယုံယုံကြည်ကြည်လိမ်း၊ ခပ်၊ သောက်။

ပရိတ်ချည်ကိုလည်း အိမ်၊ ဝင်းစသည် လှည့်လည် ရစ်ပတ် ထား၍၊ ကျန်လျှင် ရိုသေစွာသိမ်းဆည်းလျက်၊ အလိုရှိသလို သုံးစွဲနိုင်လေသည်။ လောကီအဆောင်၊ လက်ဖွဲ့စသည် သုံးသကဲ့သို့လည်း သွားလေရာ ပန်ဆင် သုံးစွဲနိုင်၏။

## ပြုလုပ်ပုံအစီအရင် (အာဏာစက်သွင်းပုံ)

ပြုလုပ်ပုံအစီအရင်ကား ရွတ်ဖတ်သောပုဂ္ဂိုလ်များနှင့်ဆိုင်၏။ ပရိတ်ရွတ်သူသည် ရွတ်သောအခါ ပရိတ်ချည်၊ ပရိတ်ရေများကို မည်သို့ပြုလုပ်သင့်ကြောင်း ပါရာဇိကဏ်အဋ္ဌကထာ စာမျက်နှာ ၆၇-၌ အတိုချုပ် ပြဆိုထားချက်ရှိ၏။

"ဥဒကံ စာလေတွာ-ရေကိုလှုပ်မွှေ၍၊ သုတ္တံ ပရိမဇ္ဇိတွာ- ချည်ကို ဆုပ်နယ်၍ပြီးမှ၊ ဒါတဗ္ဗံ-ပေးရမည်"
ယင်းကို သာရတ္ထဒီပနီကကြီး၌ ဖြည့်စွက်၍ ဖွင့်ပြသည်မှာ—

"လှုပ်မွှေ၍၊ ဆုပ်နယ်၍ ဆိုသည်မှာ မြတ်စွာဘုရားရှင်၏အာဏာစက်တော်သည် ဤရေ၊ ဤချည်ထဲ၌ ကိန်းဝပ်တည်နေစေရမည် ယူသော စိတ်ဖြင့် ပြုလုပ်ပေးရခြင်းဖြစ်၏။

ထိုသို့ပြုလုပ်ပေးခြင်းဖြင့်ပင် ထိုရေ၊ ထိုချည်တို့၌ ပရိတ်တော် အာဏာစက် ထည့်သွင်းပေးသည် မည်၏။"

ယခုအခါ အများအားဖြင့် ပရိတ်ရွတ်ဖတ်သည့် ပုဂ္ဂိုလ်များကလည်း ထိုစနစ်ကို အတိအကျ မလိုက်နာကြသည်က များနေ၏။ သို့ရာတွင် မေတ္တာ ကရုဏာရှင်၊ သမာဓိအားကောင်းသော ဘာဝနာရှင်တို့ဖြစ်ပါမူကား ရေ၊ ချည်တို့ကို ထိကိုင်၍ မန္တာန်ဆိုခြင်းမပြုသော်လည်း အာဏာစက်များသက်ဝင်ကိန်းတည် စေနိုင်ပါသည်။ ရေ၊ ချည်တို့၌ စိတ်ညွတ်၍ကား ရွတ်ဆိုရပေလိမ့်မည်။

မည်သို့ဖြစ်စေ၊ ပရိတ်နာသူ (ပရိတ်ရေစသည် သုံးစွဲသူ) ဘက်က ပဉ္စာနန္တရိယကံကြီးငါးပါး လွန်ကျူးဖူးသူ မဖြစ်စေရ၊ မိစ္ဆာဒိဋ္ဌိ (ကံ၊ ကံ၏ အကျိုးမယုံကြည်သူ)မဖြစ်စေရ၊ ယုံကြည်စိတ်ရှိရမည်– ဆိုသောအင်္ဂါသုံးရပ် တွင် ယုံကြည်စိတ်ချနိုင်မှုသည် အရေးပါလှပေ၏။ အရှင်အင်္ဂုလိမာလပရိတ် ရွတ်ရာ၌ ထိုင်သောနေရာ အင်းပျဉ်ကိုဆေးသောရေနှင့်ပင် ရောဂါအန္တရာယ် အမျိုးမျိုး ပျောက်ကင်းစေနိုင်သည်ကို အာရုံယူလျက် သဒ္ဓါစိတ်ကို မွေးမြူ ရာ၏။

ဤကား မြတ်စွာဘုရားရှင် မပွင့်ပေါ်မီကစ၍ သီဟိုဠ်ခေတ်အဋ္ဌကထာ ဆရာကြီးများ လက်ထက်တော်အထိ ပြုလုပ်စီရင်ပုံနှင့် သုံးစွဲနည်းအမြွက်မျှ ဖြစ်၏။

## ပုဂံပြည် ရှင်အရဟန်ပရိတ်ရွတ်ပွဲ

မြန်မာနိုင်ငံတွင်လည်း သာသနာတော်ရောက်သည့်အချိန်မှစ၍ မြို့ပြ၊ ထီးနန်း၊ အိမ်ယာသစ်များ ပြုလုပ်ကြရာမှအစ ပရိတ် ရွတ်ဖတ် နာယူခြင်း၊ ပရိတ်ရေ၊ ပရိတ်ချည်သုံးစွဲခြင်းများကို အလေးမူခဲ့ကြ၏။

သက္ကရာဇ် ၄၆၃-၄-ခန့်က ကျန်စစ်သားမင်းကြီး နန်းသစ်တည်ရာ၌ အရှင်အရဟန်မထေရ်ကြီးအမှူးပြုသော သံဃာတော် လေးထောင့်တစ်ရာ့ရှစ် (၄၁၀၈) ပါးတို့ ညဥ့်အိပ်ကိန်းစက်ကာ ပရိတ်ချီးမြှင့်တော်မူကြကြောင်း၊ 'ငါတို့သခင် မဟာထေရ်အရဟန်မျက်မှောက်၌ သူတို့စီရင်အပ်သော ရွှေ၊ ငွေ ကြေး၊ မြေအိုးရှိရေကိုကိုင်'၍ ပရိတ်ရွတ်ကြောင်း၊ နန်းတော်ဆောက်လုပ်ရန် တိုင်သစ်များကိုပင် ဖျန်းပက်ကြကြောင်း 'ကျန်စစ်သား မင်းတရားကြီး

နန်းတော် မှန်ကျောက်စာ' ၌ အသေးစိတ် မှတ်တမ်းတင်ထားလေသည်။ ဘာသာပြန်မူရင်းအတိုင်း အမြွက်မျှ ထုတ်ပြရသော်—

"ပုကာမ်နန်းတော်ကို ဆောက်တည်သော လဆန်း ဥပုသ်နေ့တိုင်းရင်း လဆုတ် ဥပုသ်နေ့တိုင်းရင်း ငါတို့သခင် မဟာထေရ် အရဟန်သည် သခင်သင်္ဃာ ခပ်သိမ်းနှင့်နှင့်တကွ ဇေတဝန်(အဆောင်) အတွင်းသို့ ဝင်၍ ကိန်းလျောင်း၏။ ဝင်၍ ကိန်းလျောင်းသည့်နေ့၏... သန်ကောင် အချိန်၌.... လူကြီးလူကောင်း သားတို့သည် ရွှေငွေကြေးမြေအိုးရှိ ရေ၊ ဆန်၊ နေဇာမြက် ထည့်အပ်သော ခရသင်းရေတို့ကိုယူ၍ သင်္ဃာအသီးသီးအား ရှိသေစွာ ဆက်ကုန်၏။ ထို့နောက် ပညာရှိ အသင်းလူကြီးတို့သည် ရွှေပန်းခွေ၊ ပလ္လင်၊ ဖယောင်းတိုင်တို့ကို တည်(ထား) ၍ ပရိတ်ကို ရှိခိုးတောင်းလျှောက် ကုန်၏။

"ရှိခိုးပြီးသော် ငါတို့သခင် မဟာထေရ်အရဟန်သည် မြတ်သောသင်္ဃာတို့နှင့်တကွ ပရိတ်ရွတ်ကုန်၏။ ပရိတ်ရွတ်ပြီးသော် ငါတို့သခင် မဟာထေရ် အရဟန်နှင့် ပရိတ်ရွတ်သော သခင်သင်္ဃာတို့သည် ဆန်၊ နေဇာမြက်ပါသော ခရသင်းရှိ ပရိတ်ရေကို ယူကုန်၏။ ထို့နောက်ဝင်၍ နန်းတော်လေးဘက် လုံးတွင် ဖျန်းကြဲ၏။"

## ရှင်လောင်းနှင့် ပရိတ်ချည်

မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက် မင်းအဆက်ဆက်လည်း နန်းတော်တွင်း၌ 'ပရိတ်နာအဆောင်'ဟု သီးခြားထားရှိကာပရိတ်ကို ဦးတိုက်ခဲ့ကြသည်။ ကုန်းဘောင်ခေတ်၌ ပရိတ်ရွတ်အသင်းများကိုလည်း ဖွဲ့စည်းပေးတော်မူခဲ့ကြ၏။

အင်းဝခေတ်၊ ကုန်းဘောင် ခေတ်က ပရိတ်ချည်ကို မင်းကိုချည် စသည်ခေါ်ပုံ၊ ပရိတ်နာသူနှင့် မောင်ရှင်လောင်းများ၌ ဘေးကင်း ရန်ကာ ပြုလုပ်ဝတ်ဆင့်ပေးကြပုံအကြောင်း သက္ကရာဇ် ၁၁၉၉-ခုနှစ်က ရေးသော တတိယ နံ့မဟ္ဘာ ဆရာတော်အရှင် ဝိနဒ္ဓာသဘ၏ 'သီလ ဝိသုဒ္ဓိ ဒေနီကျမ်း' ၁၃၁-၌ ဖတ်ရှုရ၏။

ယခုအခါ မောင်ရှင်လောင်းများ၌ မိဘများက အိမ်မှာ ရှိသော ချည်ဖြင့် စလွယ်သိုင်းပေးခြင်း၊ လက်ကောက်၌ ဝတ်ပေးခြင်း ပြုလုပ်ကြသည်ကို မြင်တွေ့ကြရမည်ဖြစ်၏။ မည်သို့ ပြုပြင်စီရင်ပြီးမှ ဝတ်ဆင်ရသည်ကို အများအားဖြင့် သိပုံမရ။ သီလဝိသောဓနီကျမ်း၌ ဤကိစ္စတွင် ရဟန်းတော်များက ထုံးစံကိုဖျက်၍ နှုတ်ကွဲဒွန်မစောင့်ဘဲ စီမံခန့်ခွဲခြင်းမလုပ်သင့်ကြောင်း ဖော်ပြလိုရင်းဖြစ်၏။

"ယခုအခါ ရှင်ပြုပရိတ်ရွတ်ရာ ပရိတ်အိုး၌ စိုက်ထည့်သော မင်းကိုယ်ချည်ကို ရှေးဆရာမြတ်တို့ ပရိတ်အိုးကိုကိုင်၍ ပရိတ်ရွတ်ပြီး ရှင်ပြုမည့်အခါမှ အချို့ ဆရာမြတ်တို့ ရှင်လောင်း၏ လည်မှာ စွပ်စေသည်။ အချို့ ဆရာမြတ်တို့ ပရိသတ် ပတ်လည်ဝိုက်စေသည်။

"ထိုးအစဉ်ရှိသည်ကို ဖျက်၍ ပရိတ် မရွတ်မီကပင် ရှင်လောင်းတွင်၍သာ ဝိုက်စေခြင်း၊ ရှင်ပြုမည့် သင်္ကန်းတောင်းမှသာ လည်၌ စွပ်စေခြင်းများကို စီရင်ခြင်း........ သည် နှုတ်ကွဲဒွန်ကို မစောင့်သည်သာမည်၏။

"ထိုပရိတ်ရွက်ပြီးသောချည်ကို မင်းကိုယ်ချည် ခေါ်သည်။ အောင်ချည်လည်း ဟူကြသည်။ မှန်ကူချည်လည်း ဟူကြသည်။ ပရိတ် မရွတ်သေး ချည်သည် မင်းကိုယ်ချည်၊ အောင်ချည်၊ မှန်ကူချည် မဟုတ် ဖြစ်၍ ပရိတ်မရွတ်မီချည်ဝိုက်မှုကို ပြုသည်ကား မသင့်။

"မင်းကိုယ်ချည်၊ အောင်ချည်၊ မှန်ကူချည် ဝိုက်သား၍ ရှင်ပြုလျှင် ရှင်လောင်း၏ အန္တရာယ်ကို ထိုချည်ကွယ်သောဟူသည်။ ထို့ကြောင့် သက္ကရာဇ် ၉၉၅-မင်းဖြစ် သာလွန်မင်း လက်ထက် မင်္ဂလာ ပရိတ်ရွတ်ရာပါသော မင်းကိုယ်ချည်ကို ပရိတ်ရွတ်ပြီးလျှင် မင်းသား မင်းသမီးတို့ လည်မှာ စွပ်ပါလေဟု လေးထပ်ဆရာတော် တပည့်ရဟန်းတစ်ဦး ပရိသတ် မျက်မှောက် ဆိုကြောင်းကို စာတမ်းရှိသည်။ ဤကား ကွဲဒွန်မဲ့ခြင်းကြောင့် အာဇီဝပါရိသုဒ္ဓိ မစင်ကြယ်ရာသည်၏ အဖြစ်ကိုပြသည်။" (သီလ ဝိသောဓနီ ကျမ်း။)

---

ဗုဒ္ဓအသံစာပေ

[ဒုတိယ တကောင်းခေတ်ကြီးကို စတင်တည်ထောင်သော ဓဇရာမင်းကြီး နန်းသစ် ဆောက်လုပ်ရာတွင်လည်း 'ရဟန္တာနှစ်ပါး ပရိတ်မေတ္တာပြုရ၏' ဟု မှန်နန်းရာဇဝင်၌ ပါရှိသည်။]

## ရည်ရွယ်ချက်နိဂုံး

ယခုအခါ ပရိတ် ဒေသနာတော်များကို အလေးအနက် သက်ဝင်ယုံကြည်ကာ သီလ၊ သမာဓိ၊ ပညာ၊ သဒ္ဓါ၊ ဝီရိယကြီးကြီးဖြင့် ပရိတ်ရေအိုးများ ပွက်ကျစီးလျှံအောင် ချီးမြှောက်တော်မူနိုင်သော ပုဂ္ဂိုလ်ထူးများ ထင်ရှားရှိတော်မူနေကြပါ၏။

သို့ရာတွင် ယေဘုယျ ရဟန်းရှင်လူတို့ ပရိတ် ဒေသနာတော်များ အပေါ် သဘောထားခံယူပုံမှာ အားနည်းသောကြောင့် လည်းကောင်း၊ ပရိတ် အာဏာစက်တော်များနှင့်စပ်၍ ပြုလုပ်စီရင်ပုံ (အာဏာစက်သွင်းပုံ)၊ သုံးစွဲပုံများ အကြောင်း ရှင်းမြစ်ကျကျ ဟောပြော ရေးသားမှုများ မရှိသလောက် နည်းပါးသောကြောင့်လည်းကောင်း စွမ်းအားရှိသမျှ လေ့လာရေးသားလိုက်ပါကြောင်း။

စာပေမှ တစ်ဆင့်၊ အကျင့်သို့ သက်ဝင်အောင် လေ့ကျင့်ခန်းဝင်ကာ ကမ္ဘာသူကမ္ဘာသား အားလုံးတို့အား ပရိတ်တော်ဖြင့် ကယ်တင်စောင်မကြပါကုန်စို့။

ဓမ္မာစရိယဦးဌေးလှိုင်
(၂၇-၂-၈၈)

# သဂ္ဂကထာ



ပန်းချီဝတိုး

## သေနည်းသင်တန်း တက်ထားပါ

ဘဝသံသရာ ပျော်ပါနေကြရတဲ့ သူသူငါငါ သတ္တဝါတွေအတွက် မေတ္တာနှင့် နေနည်းကို ပြောပြီးပြီ၊ ခုတစ်ခါ သေနည်းကို ပြောမယ်၊ သေနည်းသင်တန်း တက်ထားဖို့လိုတယ်။ ဒါ အရေးအကြီးဆုံးပဲ။

လူတိုင်း တစ်နေ့မှာ မုချသေချာမှာပဲလဲ့ဘူး။ ကြောက်ဖို့မလိုဘူး၊ ကြောက်လို့လဲ မရဘူး။

၁။ ကြိုတင် ပြင်ဆင်ထားကြရအောင် သေနည်း သုံးမျိုး ပြောပြမယ်။ 'ငါ့ခေတာ့ ဒီတောင်က မကျော်တော့ဘူး' လို့ ကိုယ့်ဟာကိုယ်သိလာပြီဆိုလျှင် အနားမှာ ဘယ်သူမှ မလာစေနှင့်။ မိမိဘဝသက်တာအတွင်း ပြုလုပ်ဖူးတဲ့ အလှူတွေကို စဉ်းစားကြည့်။ ဒါနကို လူတိုင်း လုပ်ဖူးကြတာချည်းပဲ။ တန်ဖိုး နည်းတာ များတာ လိုရင်းမဟုတ်ဘူး။ ဒုဋ္ဌဂါမဏိမင်းကြီးလို မိမိ စိတ် အကြည်လင်ဆုံး၊ အကျေနပ်ဆုံး အလှူတစ်ခုကိုပဲ ဆင်ခြင်နေ။

၂။ ဒါမှမဟုတ်၊ ကိုယ်ရှုမှတ်နေကျ ဘာဝနာတစ်ခုခုကို နှလုံးသွင်းနေ။ ဒါမှ မဟုတ်လဲ....

၃။ ရောဂါက ပြင်းထန်လို့၊ ဆေးတွေလွန်နေလို့ သတိ မရတစ်ချက် ရတစ်ချက်၊ ကမ္မဋ္ဌာန်းကတော့ ဖြစ်တယ် ပဲလား၊ သတိရလာတာနဲ့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ရွတ်နေ။ ဒါ....လူတိုင်း ရပြီးသား။ ဒီ ၃-နည်း၊ တစ်နည်း နည်းနှင့် သေရင် အနည်းဆုံး နတ်ပြည် ရောက်မှာ သေချာပါတယ်။

ကျေးဇူးရှင် နယ်ခြားတောင်သာသနာပြု
အရှင်ဦးဥတ္တမသာရ ဆရာတော်ဘုရားကြီး

အချပ်ပို (၃)

# အမေ့မေတ္တာ

ကျောက်ကုန်းထက်တွင် ငါးများချိတ် တန်းလန်းနှင့် သေအံ့မူးမူး မိခင်ကြွက်မကြီးသည် ငါးများကြိုးကို ကိုက်ဖြတ်လျက် သားငယ်ကလေးများ ရှိရာသို့ မြစ်ရေပြင်ပေါ် ကူးပြေးသွားကာ နို့ချိုတိုက်ကျွေးရှာသည့် အနန္တ မေတ္တာရှင်၏ ဇာတ်လမ်းသည်လည်းကောင်း။

မိခင်ကြီး၏ အသည်းနှလုံးကို ထုတ်ယူ၍ ချစ်သူသို့ ပဏ္ဏာဆက်ရန် အသွား လမ်းတွင် ခလုတ်တိုက်လဲရသော သားဖြစ်သူကို မိခင်၏ အသည်းနှလုံးက "သား.... လူလေး.... ဘယ်များ နာသွားသေးလဲ... သားရယ်" ဟု ကရုဏာနှင့်ယှဉ်ကာ၊ အကြင်နာစကား ဆိုလေသော 'စကားပြောသည့် အသည်းနှလုံး' စသည် စသည်ဖြင့် ရေးသိခဲ့ကြပါ၏။

သို့ရာတွင် ကျွန်တော်ရေးဖွဲ့မည့်မိခင်မေတ္တာဇာတ်လမ်းကတော့ အခြားသော မေတ္တာဘွဲ့တို့နှင့် အမြင်တူသော်လည်း အသွင်ကွဲမည် အမှန်ဖြစ်ပါ၏။

"ဒေါ်တင်မြတို့ကတော့ ရှာမှရှားပဲ"

"တကယ့်ကို တရားပြည့်တဲ့ သူတော်ကောင်းကြီးပါ"

"တရားသမားမို့လို့သာပေါ့ရှင်....ကျွန်မတို့ဖြင့် သူ့လို ခံနိုင်ရည် မရှိပေါင်ရှင်...."

စသည်....စသည်ဖြင့် လူအများက အမေ့ကို ချီးမွမ်းကြသည်။ အံ့သြကြသည်။ လူအများ သြချရလောက်အောင်လည်း အမေက နေပြခဲ့သည်။ သူတကာတွေ သောကထွေပြားလျက် ပဌာမြေလူး အရူးမီးဝိုင်းသည့်ပမာ လူးလိမ့်ငိုကြွေးနေစဉ်မှာ အမေက ပကတိ တည်တည်ငြိမ်ငြိမ်၊ ဣန္ဒြေရရ၊ သတိကြီးစွာဖြင့် သမာဓိကို ခိုင်ခိုင်ထားသည်။

အဒမ၏အစ်ကိုတွေ၊ အစ်မတွေကတော့ အမေ့လိုမဟုတ်၊ တရှုပ်ရှုပ် ငိုသူလည်းရှိ။ တကျည်ကျည် မြည်တွေးသူလည်း မရှား၊ ရင်ဘတ် စည်တီး ငိုကြီးချက်မဖြင့် အရုပ်ကြိုးပြတ် ပုံလဲသွားသူတို့လည်း ပါသည်။ ဤသည် တို့ကိုမြင်၍ သူတို့အနားမှာ တရားပြ နားချနေနိုင်သူကတော့ ကျွန်တော်၏ အမေ....။

"သိပ်လဲငိုမနေပါနဲ့ အစ်မရယ်၊ မိမိကိုယ်သော်မှ မိမိမပိုင်တဲ့ဘဝ၊ သေက်ရှည်သေရတဲ့ဘဝ၊ မယ်သူဌေးဆင်းရဲတဲ့ဘဝ၊ မောင်လမ်းမှန်လမ်းမှား ရတဲ့ဘဝတွေဟာ တရားနဲ့ဆင်ခြင်တော့ သူ့သဘော သူဆောင်နေကြတာပဲ၊ ဖြစ်ပြန် ပျက်ပြန် လောကဓံ အမှန်သိပါစေတဲ့...."

အမေ့စကားဆုံးတော့ အမေ့အစ်မကြီးက အမေ့ကို မျက်ရည် စက် လက်ဖြင့် မော့ကြည့်သည်။

"တင်မြ၊ ညည်းက အဖေသေတာမှိုလို့ ဒီစကားပြောနိုင်တာပါအေ၊ ညည်းယောကျ်ား ညည်းသားသာဆိုရင် ညည်းဒီလို နေနိုင်မတဲ့လား...."

"အဖေရေ.... အဖေ့သမီး အလိမ္မာကြီးက အဖေ့အတွက် မျက်ရည် မကျရဘူးတဲ့....ဟီး....ဟီး"

ထိုကာလ၌ အမေသည် မည်သည့်စကားမျှ မဆိုသာတော့။ အစ်မ ဖြစ်သူ၏ ဘေးမှာပင် အေးဆေးတည်ငြိမ်စွာဝင်ထိုင်ရင်း အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းနေဟန်ရှိပါ၏။

ဤကား....ကျွန်တော်တို့ အဘိုးကွယ်လွန်စဉ်က အမေ၏ ထူးခြားသော ခံနိုင်ရည်ရှိမှုပင် ဖြစ်ပါ၏။ ကျွန်တော်ကတော့ အမေ့အစ်မကြီး ဆိုသကဲ့သို့ပင် ထင်မြင်သည်။ အမေသည် ပုထုဇဉ်မျှသာဖြစ်သည်။ အမေ့စိတ်ကို ထိခိုက်စေ လောက်သည့် အကြောင်းတရားများ မဟုတ်၍သာ အမေ့တွင် ခံနိုင်ရည်ရှိ ခြင်း ဖြစ်ရပေမည်။ အကြောင်းဆုံခဲ့ပါလျှင် အမေ မည်သို့ တုံ့ပြန်ပါမည် နည်း။ သိလိုလှပါသည်။

ကျွန်တော်တို့အဘိုးဆုံး၍ တစ်နှစ်ခန့်အကြာတွင် အဘွားဆုံးပါသည်။ သည်တစ်ခါတွင်လည်းအမေသည်မျက်ရည်စကလေးသော်မှစို့ထွက်ခြင်းကင်း လျက် ပြုဖွယ်ကိစ္စအဝဝတို့ကို အေးချမ်းစွာ ဆောင်ရွက်လုပ်ကိုင်နေပါသည်။ အမေ့ကိုကြည့်ရင်း ကျွန်တော် အံ့သြတုန်လှုပ်မိပါသည်။ အမေ့တွင် ချစ်တတ်

သော အသည်းနှလုံးရှိမှ ရှိပါလေစဟူ၍ သံသယပွားမိပါ၏။ အသည်းနှလုံးသည် ခံစားမှု စေတသိက်ကို ပေးစွမ်း၏။ ခံစားမှုရှိပါမှ ထိခိုက်မှု ရှိလိမ့်မည်ဟု ကျွန်တော် သိမှတ် နားလည်ပါသည်။

ဩော် ...ကိုင်းဖျားကိုင်းနား လှုပ်သည်ဆိုကာမျှနှင့်တော့ ပင်စည်သည် အသိုလျှင် လှုပ်ခါနိုင်ပါမည်နည်း။ အဘိုးနှင့် အဘွားတို့သည် အမေ့အဖို့မူ ကိုင်းဖျား ကိုင်းနားများပေလား မသိနိုင်ပါလေ။

သည်တစ်ခါဖြင့် ကိုယ်ကျိုးနည်းချေပြီလား မသိ။

မြင်းမိုရ်တောင်ကြီး လဲပြိုသည်ဆိုသည် ဒါမျိုးပင် ဖြစ်မည်ထင်၏။ ပြိုမည့် ပြိုတော့ ခေါင်မှ စပြိုသည်။ လဲမည့်လဲတော့ အခြေမှ လဲသည်။ ပင်စည်သည် လှုပ်သည်ဆိုရုံမျှမက အမြစ်ပါ ကျွတ်ထွက်သည်။

၁၉၇၃ ခုနှစ်က ဖြစ်သည်။ အဖေ ဆုံးပြီ ဆိုသည့် သတင်းက ကျွန်တော် ရှိရာ အညာဒေသသို့ ကြေးနန်းဖြင့် ရောက်လာသည်။ ကျွန်တော်၏ ဘဝတာတွင် အဖေ အမေတို့နှင့် နှစ်ပေါင်းများစွာ ကွဲကွာ နေထိုင်ခဲ့ရပါသည်။ ကိုယ့်ဘဝ ကိုယ့်အတွက်လေးများနှင့် တစ်နယ် တစ်ကျေးတွင် ဘဝကို အစတေးခံကာ ရှန်းကန် လှုပ်ရှားနေခဲ့ရပါသည်။ မိဘနှင့် နှစ်များစွာ ရှင်ကွဲကွဲလေသူ ကျွန်တော်....ယခုတော့ အဖေသည် ကျွန်တော်တို့နှင့် ရာသက်ပန် ခွဲခွာသွားခဲ့ပြီကော။ တွေးရင်းကပင် ကျွန်တော့် ရင်မှာ နာကျင်လာသည်။အံကိုတင်းတင်းကြိတ်လျက်မျိုသိပ်ထားသော်သည်း ကြာရှည်လေးမြင့်စွာ ရပ်တည်ခြင်းငှာ မစွမ်းသာပါ။ ကျွန်တော်ငိုပါသည်။ အဖေ့ကိုချစ်သော ကျွန်တော် ငိုရပါဦးမည်။

သေသကမီးအိမ်ကို ရင်မှာထွေးပိုက်လျက် အဖေခေါင်းချရာ ရန်ကုန်မြေသို့ ကျွန်တော်ရောက်ခဲ့ရပါသည်။ အိမ်ရောက်တော့ အဖေ၏ရုပ်အလောင်းကို မတွေ့ရတော့ပါချေ။ ဆေးရုံကြီး ရေခဲတိုက်ထဲမှာဟုသိရသည်။ ကျွန်တော့်ကိုမြင်တော့ ညီငယ်-ညီမငယ်များက ရှိုက်ကြီးတငင ငိုကြွေးကြသည်။ သူတို့လေးများကိုကြည့်ရင်း ကျွန်တော့် နှလုံးအိမ်တွင် နာကျင်သော ဝေဒနာသည် တလိပ်လိပ် ဆို့တက်လာပါသည်။

ကျွန်တော် ငိုရပြန်ပါသည်။ ရင်တွင်းရှိသမျှဝေဒနာတို့ကို မျက်ရည်ဖြင့်သာ သန့်စင်စေလိမ့်မည်ဟု ကျွန်တော် ခံစားနားလည်မိပါသည်။ ကျွန်တော့်အဖြစ်ကိုကြည့်ရင်း အမေက ကျွန်တော်၏နဖူးဆံစကလေးများကို

ကြင်နာစွာ သပ်တင်ပေးပါသည်။ ပြီးမှ တည်ငြိမ်လေးနက်စွာဖြင့် တရားစကား ဆိုပါ၏။

"ငိုလိုက်စမ်းပါသား.... သားကြီး ကျေနပ်အောင် ငိုပစ်လိုက်စမ်း။ ဒါပေမယ့် အလွန်အကျွံတော့ မဖြစ်စေနဲ့။ နေရာဌာနတိုင်းမှာ သတိရှိရမယ်။ သားကြီးက ငိုနေတော့ သားရဲ့ ညီလေး- ညီမလေးတွေက ဘယ်လိုနေကြမလဲ၊ သားရဲ့ဖေဖေဟာ သူ့ဘဝလမ်းကို အကုသိုလ်ကင်းစွာနဲ့ အေးအေးချမ်းချမ်း လျှောက်သွားခဲ့ပြီပဲကွယ်။ အမေတို့ သူ့အတွက် ကောင်းမှုကုသိုလ်တွေပြုရင်း အမျှအတမ်းဝေကြရမယ်။ သားဖေဖေကို ချစ်တယ်ဆိုရင် သူ့လမ်းစဉ်ကိုလိုက်ပါသားရယ်။ သူ့လိုပဲ တရားဓမ္မနဲ့ပျော်မွေ့ပါ။"

အဖေ၏ ရုပ်အလောင်းကို ကျွန်တော်တို့တစ်တွေ နောက်ဆုံးဂါရဝပြုကြပါသည်။ အသက်ထက်ဆုံး တရားဓမ္မဖြင့်သာ ပျော်မွေ့ လာခဲ့သော အဖေ....၊ နောက်ဆုံးအချိန်အထိ ဝိပဿနာတရားရှုမှတ်ရင်း အသက်ပျောက်ခဲ့ရသော အဖေ။ အဖေ၏ရုပ်အလောင်းသည် ငါးရက်တိုင်တိုင် ကြာသော်လည်း ပြောင်းလဲဖောက်ပြန်သွားခြင်း မရှိသေးပါချေ။

အဖေနာမကျန်းဖြစ်စဉ်က ကျွန်တော် နောက်ဆုံးတွေ့ခဲ့ရသောရုပ်သွင်ကဲ့သို့ပင် ကြည်လင်လျက်ရှိနေပါသေးသည်။ အနံ့အသက်ကင်းပြီး ပစ်ရက်စရာမရှိသော အဖေ၏ရုပ်အသွင်ကိုကြည့်ရင်း ကျွန်တော့်ရင်သည် ဆို့နင့်၍လာပါသည်။ ကျွန်တော်၏ ညီငယ်-ညီမငယ်များသည်လည်း ကျွန်တော့်နည်းတူ ခံစားနေကြရရှာပါသည်။ မျက်ရည်အသွယ်သွယ် စီးဆင်းလျက်က အဖေ့ကို ဦးနှိမ်ရှိခိုးပူဇော်ကြပါသည်။ အမေကတော့ မျက်ရည်ကင်းသော မျက်ဝန်းများဖြင့် အဖေ့ကို ကန်တော့ပါသည်။

မီးသင်္ဂြိုဟ်စက်၏ ခေါင်းတိုင်ထိပ်ဖျားမှ မီးခိုးငွေ့ကလေးများသည် တဖြည်းဖြည်း ကွယ်ပျောက်သွားပါပြီ။ ထို့အတူ အဖေ့ဘဝသည်လည်း....။

အဖေ့အတွက် ရက်လည်ဆွမ်းသွတ်ပြီးသည့်နေ့မှာ အမေက တရားရိပ်သာသို့သွားကာ ယောဂီဝတ်၍ တရားအားထုတ်တော့မည်ဟုဆိုပါသည်။ ကျွန်တော် မကန့်ကွက်လိုတော့ပါ။ ကန့်ကွက်ရန်လည်း သင့်တော်မည်မဟုတ်ပါ။ ကန့်ကွက်လို့လည်း ရမည်မထင်မိပါ။ နှစ်ပေါင်း လေးဆယ်ကျော်ပေါင်းသင်းနေထိုင်လာခဲ့သည့် အဖေ့ကိုပင် သံယောဇဉ် ဖြတ်နိုင်စွမ်းသော အမေသည် ကျွန်တော်တို့အပေါ် ဥပေက္ခာပြုနိုင်စွမ်းမည်မှာ သေချာပါသည်။

အမေသည် သူ၏အမိဌာနကို မည်သည့် အကြောင်းနှင့်မျှ ဖျက်လေ့ဖျက်ထ မရှိပါ။ နောက်တစ်နေ့တွင် ဝိပဿနာရိပ်သာသို့ ထွက်ခွာသွားပါတော့သည်။

လူတို့ကံကြမ္မာကို လူတို့ကသာ ဖန်တီးသည်ဆိုပါလျှင် ကျွန်တော်၏ ညီငယ်-ညီမငယ်တို့၏ ကြမ္မာသည်လည်း သူတို့ကိုယ်တိုင်ဖန်တီးရလေလိမ့်မည်။ သည်အသိနှင့်အတူ အညာသို့ခွင့်မစေ့မီပြန်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့မှာ အထုပ်အပိုးပြင်သည်။ ကားလက်မှတ်ဝယ်သည်။ ကျွန်တော် ပြန်မည်။ မိမိ၏ ဘဝလမ်းကို မိမိကိုယ်တိုင် လျှောက်လှမ်းခြင်း သည်သာ အသင့်လျော်ဆုံးဟု ကျွန်တော်တွေးထင်မိပါသည်။ ထို့ကြောင့်ပင် မည်သူ့ ကိုမျှ စကားအပို ဆိုမနေတော့။ သံယောဇဉ်ကြောင့်ဖြစ်ရတတ်သော စွဲလမ်း မှုသည် ကျွန်တော်၏ခန္ဓာအိမ်မှ ခေတ္တဖဲကြဉ်သွားခဲ့ဟန်တူပါသည်။ ညီ-ညီမ ငယ်များ၏ တားဆီး ကန့်ကွက်နေသည့်ကြားမှပင် ကျွန်တော် ကားဂိတ်သို့ ထွက်ခဲ့သည်။ ကားဂိတ်သို့သာ လူကသွားနေသော်လည်း ကျွန်တော်၏စိတ် အစဉ်က အမေ့ထံသို့ ပျံ့လွင့်ရောက်ရှိနေပါ၏။ ကျွန်တော် အမေ့ကို တွေ့မြင် လိုပါသေးသည်။ အမေ့ကို ရှိခိုးကန်တော့လိုပါသေးသည်။ ဆန္ဒ၏စေ့ဆော် ချက်ကြောင့် အမေရှိရာ တရားရိပ်သာသို့သွားရန် ခြေလှမ်း ပြင်လိုက်သည်။ တရားရိပ်သာသို့ ရောက်သောအခါ အေးချမ်းသာယာသော တရားရိပ်က ကျွန်တော့်ကို ချွေးသိပ်စေပါ၏။ ငြိမ်ဆိတ်သာယာဖွယ်ကောင်းသော တရား ချောင်သည် ဝါးရုံပါးရိပ်တို့ဖြင့် စိတ်ကြည်နူးဖွယ်ရှိလှပါ၏။

တရားအားထုတ်ခြင်းမှ ခေတ္တနားနေချိန်တွင် အမေ့ကို တွေ့ခွင့်ရပါ သည်။ ကျွန်တော့်မြင်တော့ အမေ့ရင် ချမ်းမြေ့ဟန် တူပါသည်။ အမေ့ မျက်လွှာပေါ်တွင် နှစ်လိုဖွယ်အပြုံးရိပ်တို့ ယှက်သန်းလျက်တွေ့ရပါ၏။

"သားကြီးက ပြန်တော့မလို့လားကွယ်"

ကျွန်တော်၏ စိတ်အာရုံအတွင်းသို့ ထိုးဖောက် ဝင်ရောက်နိုင်စွမ်းသူ ဗမာ အမေက မေးပါသည်။

"ဟုတ်ပါတယ် အမေ၊ ကျွန်တော် ဒီနေ့ညနေကားနဲ့ပဲ ပြန်တော့မလို့ အမေ့ကို လာကန်တော့တာပါ"

ကျွန်တော့်ကို စေ့စေ့ကြည့်နေသော အမေ၏မျက်နှာသည် အနည်း ငယ် ညိုမှောင်သွားပါသည်။

"ခွင့်မစေ့သေးဘဲနဲ့ အစောကြီး ပြန်တော့မလို့လား သားရယ်"

"အိမ်မှာ ကျွန်တော် ဆက်နေလို့လဲ ဘာမှ အကြောင်း မထူးပါဘူး အမေ၊ ခေါင်မရှိတဲ့အိမ်ဟာ ဘယ်လိုမှ မိုးမလုံနိုင်ပါဘူး အမေရယ်"

"ဩော်...သားက အမေ့ကို စကားနာထိုးနေတာပေါ့နော်၊ သားကို အမေခွင့်လွှတ်ပါတယ်လေ။ အမေ့မှာ တာဝန်တွေရှိနေသေးလို့ပါသားရယ်။ အဲဒီတာဝန်တွေပြီးတဲ့အခါကျတော့ သားရဲ့ ညီ-ညီမတွေရဲ့ မိသားစုတာဝန်ကို အမေဆက်ပြီး ထမ်းမှာပါကွယ်။ သားကို အမေ သတိပေးချင်တာက ဘယ်လို အရေးကိစ္စတွေပဲဖြစ်ဖြစ် ဆန္ဒမစောပါနဲ့။ ဆင်ခြင်တုံ တရားကို လက်ကိုင်ထားပြီးမှ ဆုံးဖြတ်ပါ"

"ကျွန်တော် ဆန္ဒမစောပါဘူးအမေ၊ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ။ ကျွန်တော် ဒီနေ့ပြန်မယ်"

ထိုအခါ အမေသည် ခဏမျှ တွေ၍ စဉ်းစားပြီး....

"သားကို အမေတစ်ခုပဲနောက်ဆုံးပြောမယ်။ ငါ့သား ဒီနေ့မပြန်ပါနဲ့၊ အိမ်ကိုပြန်ပြီး မင်းရဲ့ ညီ-ညီမငယ်တွေနဲ့ အေးအေးချမ်းချမ်း နေလိုက်ပါဦး"

"ကျွန်တော် လက်မှတ်ဝယ်ပြီးပြီ အမေရ"

"လက်မှတ်က ဘယ်လောက်တန်လို့လဲ သားရဲ့"

"လေးဆယ့်ငါးကျပ်တောင်မှ အမေရ"

"ငွေဆိုတာ မက်မောတွယ်တာစရာ မဟုတ်ပါဘူးကွယ်။ မင်းရဲ့ လက်မှတ်ကို ဆုတ်ဖြဲပစ်လိုက်စမ်းပါ။ အမေ့သေတ္တာထဲမှာ ငွေငါးရာရှိတယ်။ ညီ-ညီမလေးတွေအတွက် လိုအပ်တာတွေ လုပ်ကိုင်ပေးပါ။ ကျန်တဲ့ကိစ္စတွေကိုတော့ အဒမ ပြန်လာမှ စီစဉ်မယ်။ ကဲ...လူလေး သွားတော့၊ အမေ့စကားကို နားထောင်၊ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို မမေ့နဲ့။ တရားသဘောကို အမြဲနှလုံးသွင်းရမယ်"

"ဟုတ်ကဲ့ပါ အမေ"

အမေ့ခြေဖဝါးထက်သို့ ဦးတင်ရင်း ကျွန်တော် ရှိခိုးကန်တော့လိုက်ပါ၏။ ကန်တော့ရင်းကပင် ကျွန်တော့်ရင်သည် နာကျင်ဆို့နစ်လာပါသည်။ အမေအို၏ ခြေဖဝါးအစုံကို ဖွဖွဆုပ်ကိုင်ရင်း ကျွန်တော့် လွမ်းမျက်ရည် ဝေ့ခဲ့ရပါ၏။

---

ပထမအကြိမ်

"ငါ့သားကြီး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ လိုရာဆန္ဒပြည့်ဝပါစေ...."

အမေ့ဆုတောင်းက သည်မျှသာဖြစ်သည်။ အမေ့မေတ္တာနှလုံးသားကမူ အဆုံးအဆမရှိ တုန့်ခါ၍ ပဲ့တင်ထပ် သွားသလို ခံစားရပါသည်။ သို့ရာတွင် ထူးခြားနေသည်မှာ အမေ့အသံသည် ခါတိုင်းနှယ် ကြည်လင်ပီပြင်ခြင်း မရှိလှပါ။ တုန်ရီအက်ကွဲလျက် တစ်ချက်တစ်ချက်ရှိုက်သံသဲ့သဲ့ကို ကြားနေရပါ၏။ အံ့သြ တုန်လှုပ်စွာဖြင့်ပင် အမေ့ကို မော့ကြည့်မိသည်။ အမေ့မျက်ဝန်းမှာ မျက်ရည်စတို့ဝေ့လျက်။ အမေငိုနေပါသည်။ အမေငိုတတ်ပါပြီ။ ကျခဲဘိသော အမေ့မျက်ရည်သည် ဘယ်အတွက် သည်တစ်ခါ သည်မျှကျလွယ်ရပါသနည်း။ ဩော်....အမေသည် မိခင်များစွာတို့ထဲမှ မိခင် တစ်ဦးပေပဲ၊ အမေ့တွင် ကြင်နာတရားသည် ရှိနေသေးမည်သာ။

ခွင့်ရက်စေ့သော် ကျွန်တော် အညာမြေသို့ ပြန်ခဲ့ပါသည်။ လမ်းခရီးတစ်လျှောက်တွင် အမေ့စကား၊အမေ့ဘရားနှင့်အမေ့မေတ္တာတို့ကိုသာအဖန်ဖန် အောက်မေ့ဆင်ခြင်ရင်း လိုက်ပါလာခဲ့ပါသည်။ မော်တော်ကားက တစ်နာရီလျှင် မိုင်ငါးဆယ်ကျော်နှုန်းဖြင့်မောင်းနှင်နေပါ၏။ကျွန်တော်တို့၏ကားသည် ရှေ့မှ ကားတစ်စီးကို ကျော်တက်ရန် လမ်းတောင်းပါ၏။ ရှေ့ကားက လမ်းဖယ်မပေးပါ။ ကားဆရာက မကျေမနပ်သဖြင့် မြည်တွန်ပါသည်။

"တောက်-တော်တော်ခက်တဲ့လူပဲဗျာ၊ လမ်းကို သက်သက်မဲ့ပိတ်ပြီး မောင်းနေတယ်။ ကျွန်တော်က စိတ်မရှည်လို့ အတင်းလုပြီး ကျော်တက်ရင် ဟိုတစ်ပတ်က ကားလိုမှောက်သွားမှာ သေချာတယ်။ ဟိုတစ်ပတ်ကလည်း ဒီနေရာမှာ ကားတစ်စီးမှောက်လို့ နှစ်ယောက်ပွဲချင်းပြီးသွားတယ်"

ကားဆရာက ကျွန်တော့်ကို လှည့်မကြည့်ဘဲ ပြောရင်း ကားကိုသာ ဂရုတစိုက် ဆက်မောင်းသည်။ ကျွန်တော်က စိတ်အားထက်သန်စွာ ပြန်မေးမိသည်။

"မှောက်တဲ့ကားက ဆရာတို့လိုင်းက ကားပဲလား"

"ဟုတ်တာပေါ့ဗျာ"

သူ့အဖြေစကားကြောင့် ကျွန်တော် အသက်ရှူမှားလောက်အောင် ကြောက်ရွံ့တုန်လှုပ်မိပါသည်။ အကြောင်းမှာ သူပြောပြသည့် လွန်ခဲ့သော

အပတ်က မှောက်သည့်ကားသည် ကျွန်တော်လိုက်ပါရန် လက်မှတ်ဝယ်လိုက်သည့်(ကျွန်တော် မလိုက်ဖြစ်သော)ခရီးစဉ် ဖြစ်သောကြောင့်ပါတည်း။ ။

အလုပ်ဝတ္တရားနှင့် အဖေ့အတွက် သောကတွေ ကြားက ညီငယ်ညီမငယ်များအပေါ် ထားရှိသော ကျွန်တော့်အမြင်မှာ ကြည်လင်ပြတ်သား၍ တရားလမ်းကြောင်းကျသည်ဟုပင် ထင်မိ၏။ မျက်နှာငယ်များနှင့် တားသည့်ကြားက ပြတ်ပြတ်သားသားပင် ပြန်ဖို့ ဆုံးဖြတ်ခဲ့ပါ၏။ ယခုလို အခါမျိုးမှာ အမေလည်း တရားဝင်နေခိုက် အစ်ကိုကြီးက အဖအရာ အခိုက်အတန့်အားဖြင့် နေသင့်သေးကြောင်း အမေတားသည့်နောက်တွင်မှ သဘောပေါက်ရပါ၏။

တစိမ့်စိမ့် ပြန်လည် စဉ်းစားမိခါမှ ကျောချမ်းမိပါသည်။ တရားဘာဝနာနှင့် ထုံထားသော အမေ့နှလုံးသားအပေါ် အမှတ်မထင်စိတ်ကွက်မိမှားသည်မှာ ကျွန်တော့်အတွက် ကြီးလေးလှသော ဘဝအဟန့်အတားကြီးပါကလား။

ကျွန်တော့် အမေကား ဒါတွေကို မြင်ပါ၏။ ကျွန်တော့် အသံ၊ ကျွန်တော့် အမြင်ကို အမေက ကြီးမားသော မေတ္တာ၊ မိတို အာဏာဖြင့် တားလိုက်ပါတော့သည်။ အကယ်၍သာ... ကျွန်တော့် ဆုံးဖြတ်ချက်အရ ညီအစ်ကို မောင်နှမငယ်များ အပေါ် ထားရှိရမည့် ဝတ္တရားပျက်ကွက်မှု... ထို့ထက် ကြီးမားလှသော မေတ္တာရှင် မိဘအပေါ် စိတ်ကွက်မှုကြီးနှင့်သာ ဇွတ်ခရီးထွက်ခဲ့ပါမူ....။

[၁၉၇၅-ခု၊ မေလထုတ် သင့်ဘဝမဂ္ဂဇင်းပါ ဖိုးစော (သန်လျင်)၏ "အမေ" ကို ကူးယူဖော်ပြပါသည်။]

# ပိဋကသုံးပုံ နေ့စဉ်ရွတ်ဖတ် ပူဇော်သူများ

"နေ့စဉ်နေ့တိုင်း ပိဋကသုံးပုံကို ရွတ်ဖတ် ပူဇော်သည်" ဟူသော စကားကို ကြားရရုံမျှဖြင့် အတုယူစရာ, အံ့သြစရာများ တသီကြီးထွက်ပေါ်လာ၏။

၁။ ဘုရားဟော ပိဋကပါဠိတော်များကို ယေဘုယျအားဖြင့် စာတိုက်ဗီရိုများ၌ တရိုတသေ ပူဇော်ထားရုံသာ ထားကြ၏။ အာရုံဆောင်ဖို့ကိုထား၍ စာကြည့်ပြီး ရွတ်ဖတ်ပူဇော်ရန်ပင် စိတ်ကူးအာရုံမပေါ်ကြ၊ "ဤသို့ပြုလုပ်ရသော် ကောင်းလေစွ" ဟု အကြံဖြစ်သူရှားလှ၏။

၂။ ထိုစိတ်အကြံ ဖြစ်ပေါ်သည့်တိုင်အောင် ပိဋကသုံးပုံပါဠိတော်အုပ်ရေ ၄၀-ကို အစမှအဆုံးတိုင် တစ်ခေါက်ခေါက်ရုံမျှ ရွတ်ဖတ်ပူဇော်ဖို့ပင် တော်တော့ သဒ္ဓါ, ဝီရိယနှင့်မလွယ်ကူ၊ အဓိဋ္ဌာန်ပါရမီ ပြည့်ညီမှသာ အောင်မြင်နိုင်၏။

၃။ ထို့ထက် နေ့စဉ်ဝတ်ထား၍ ရွတ်ဖတ်ပူဇော်ရန်မှာ သာ၍ပင် ခက်ခဲလေပြီ။ နေ့စဉ်နေ့တိုင်း ဝတ်မပျက်၊ တစ်သက်လုံး ပူဇော်သည်ဟု ဆိုလျှင်ကား လူသာမန်တို့ ယုံကြည်ရန်ပင် မလွယ်ကူတော့ချေ။ ထိုသို့သော အာဇာနည်အရှင်မြတ်ကား မြန်မာနိုင်ငံ၌ အမှန်တကယ် ရှိခဲ့၏။ အာဇာနည်တို့မည်သည် အကြောင်းအရာတစ်ခုကို ရှုမြင်ရာ၌ လူသာမန်တို့ မြင်သလို မမြင်၊ ထို့ကြောင့်လည်း—

၁။ လူသာမန်တို့ ကြံသော အကြံမျိုးကိုမကြံ၊
၂။ လူသာမန်တို့ကဲ့သို့ မပြော၊
၃။ လူသာမန်တို့ လုပ်သလိုမလုပ်၊

ထို့ကြောင့်ပင် အာဇာနည်မည်၍၊ ထိုအာဇာနည်တို့၏ စိတ်နေသဘော၊ အပြော၊ အလုပ်တို့ကို လူသာမန်တို့ အတုယူလိုက်နာ ဆောင်ရွက်ဖို့ကို မဆိုထားဘိ၊ ယုံရမည်ကိုပင် ဝန်လေးနေတတ်ကြသည်မှာ လောက၏ဓမ္မတာပင်။

## ရွတ်ဖတ်ပူဇော်ပုံ အစီအရင်

ဗျာန် မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း သမထ, ဝိပဿနာ အလုပ်ကိုမဆိုထားဘိ၊ ဝတ်တက်ဝတ်ကပ် ရွတ်ဖတ်ပူဇော်သော အခြေခံ အပိုင်းမှာပင် လူသာမန်တို့နှင့် ကွာခြားချင်တိုင်းကွာခြားနေ၏။ လူသာမန်တို့ကား အသက်ကြီးသောအခါ ဘုရားရှေ့သွားပြီး ဩကာသကန်တော့ခန်း၊ သီလတောင်းဂုဏ်တော် ပါဠိအနက်မျှလောက်ကိုပင် မရ၊ ဘာသာရေး စာအုပ်များကိုတစ်အုပ်ပြီးတစ်အုပ် ဝယ်ယူဖတ်ရှုလေ့လာနိုင်သူ၊ ဘာသာရေး သင်တန်းကြီးများ တက်ရောက်နေသူတို့ပင်လျှင် လိုရင်းပဓာနဖြစ်သော ပရိတ်ကြီး ၁၁-သုတ်လောက်ကိုမျှ အာဂုံမရ။ ဓမ္မာစရိယတန်းလောက် ပေါက်မြောက်သူ ပါဠိဆရာကြီးများပင်လျှင် ဓမ္မစကြာ, အနတ္တလက္ခဏ, သတိပဋ္ဌာန်များကို အရအမိ ရရှိဖို့ကိုထား၍ ဂုဏ်တော်အဖွင့်နှင့် ပရိတ်လောက်ကိုပင်မေ့ပျောက်နေတတ်ကြရာ ပိဋကသုံးပုံကို နေ့စဉ်ရွတ်ဖတ်ပူဇော်သော ဆရာတော်အကြောင်းကို ပြောပြရသည်မှာ ပြောရသူပင် အားပျက်စရာကောင်းနေပေတော့သည်။

သို့သော် မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူဦးစ တရားဟောရန် စိတ်အကြံတော် တွန့်ဆုတ်နေသောအခါ သဟမ္ပတိဗြဟ္မာမင်းကြီး လျှောက်သော "ဟောလျှင် သိမြင်နိုင်မည့်သူများ ရှိပါသေးသည်" ဟူသကဲ့သို့ မူလက စိတ်ကူးအကြံမရ၍ မလုပ်မိခဲ့သော်လည်း တုယူအားကျမည့်သူများရှိနိုင်ကောင်း၏ဟု အားတင်းကာ ရေးသားဖော်ပြရပါသည်။ အနည်းဆုံး ထိုဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို ထုတ်ဖော်ပူဇော်ရ၊ ဖတ်ရှုကြည်ညိုရသော ကုသိုလ်စိတ်ကိုမူ ရေးသူ၊ ဖတ်သူ နှစ်ဦးနှစ်ဝ ရရှိကြမည်မှာ မလွဲပါချေ။

ထိုဆရာတော်ဘုရားကြီးကားကျေးဇူးရှင်တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအဘိဓဇမင်းကွန်းဆရာတော်ဘုရားကြီး၏ ငယ်ဆရာ မင်းကွန်းဓမ္မနာဒ ဆရာတော်ဘုရားကြီး ဦးပညာစက္က (၁၂၄၇-၁၂၉၉) ပင် ဖြစ်ပါသတည်း။

ဓမ္မနာဒဆရာတော်ဘုရားကြီးသည် သက်ရှယ်တော် ခပ်ငယ်ငယ်ကပင် ကျောင်းရှိ ပိဋကသုံးပုံပါဠိတော်စာအုပ်များ၊ ဓမ္မစေတီများကို ဘုရားရှေ့၌ စားပွဲများခင်းလျက် စားပွဲပေါ်၌ စနစ်တကျ အမြဲပူဇော်ထားရှိ၏။

ဝိနည်း ၅-ကျမ်း ပါဠိတော်၊

သုတ္တန် ၃-ကျမ်း ပါဠိတော်၊

အဘိဓမ္မာ ၇-ကျမ်းပါဠိတော် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ် နိကာယ်အလိုက် စားပွဲပေါ်၌ တန်းစီစေလျက် မြတ်စွာဘုရားရှင်အား ပူဇော်သကဲ့သို့ ပန်း၊ ဆီမီးမှအစ သီးခြား ပူဇော်၏။ အထူးသဖြင့် နံ့သာရေမွှေးများဖြင့်လည်း ထုံမွှမ်း ဆွတ်ဖျန်းပူဇော်တော်မူ၏။ 'ဓမ္မံ ပူဇေမိ'ကို လက်တွေ့ အဓိပ္ပာယ်ဖွင့်ပြနေသကဲ့သို့ရှိသည်။

နှစ်ဆန်း ၁-ရက်နေ့မှစတင်၍ ရွတ်ဖတ်ပူဇော်ရာ တစ်နှစ်တာကုန်ဆုံးသောရက်တွင် ပိဋကသုံးပုံ အစအဆုံး ရွတ်ဆိုပူဇော်ပြီးဖြစ်၏။

ဆရာတော်၌ တစ်နေ့တာ ရွတ်ဖတ်ပူဇော်မှု စံနှုန်းရှိနေပြီး ဖြစ်သည်။ တစ်ဖန် နှစ်ဆန်း ၁-ရက်ရောက်ပြန်လျှင် ဝိနည်း ၅-ကျမ်းမှစကာ တစ်ကြော့ပြန်၍ တစ်နှစ်တာ စပြန်လေသည်။

'ဓမ္မနာဒ- တရားရင့်ကျူး ကြွေးကြော်ရာ ကျောင်းတိုက်' ဟူသော အမည်သည် မည်ကာမတ္တ၊ မှည့်ကာမတ္တ မဟုတ်၊ အလုပ်နှင့် အပြော တစ်သဘောတည်း ဖြစ်သကဲ့သို့ အမည်နှင့် အရည်၊ အသံနှင့် အဆံလည်း တစ်ကြိတ်တည်း ကိုက်ညီကာ အနွတ္ထသညာ ဖြစ်လေတော့၏။

## ပိဋကသုံးပုံဆောင်ဆန္ဒ နှိုးဆွသယောင်

ဆရာတော် နေ့စဉ် ဓမ္မစေတီ ပါဠိတော်များကို ဖုန်သုတ်ခြင်း အမွှေးနံ့သာများဖြင့် ပူဇော်ခြင်းများ ပြုလုပ်နေသည်ကို တွေ့မြင်နေရတာပင်လျှင် ကြည်နူးဖွယ်ကောင်းလှ၏။ ဆရာတော့်အမူအရာမှာလည်း တည်ငြိမ် အေးချမ်းလှပါသည်။

အမွှေးနံ့သာ၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ပူဇော်ပြီးလျှင် ဓမ္မစေတီများအနီး ကြမ်းပျဉ်၌ ကျုံ့ကျုံ့ကလေးထိုင်ကာ လက်အုပ်ချီလျက်က စာတင်ခုံ အမြင့်၌ အနေတော် လှန်ချထားသော ပါဠိတော်များကို တစ်လုံးချင်း ပီပီသသ လေးလေးပင်ပင် ရွတ်ဖတ်ပူဇော်လေ့ရှိ၏။

နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော ထိုမြင်ကွင်းမှာ ယောဘုယျ ကိုရင် ဦးပဉ္စင်းများအဖို့ ကြည်ညိုရသည်မှအပ မထူးခြားလှသော်လည်း ကိုရင် ဝိစိတ္တသာရ၊ ဦးပဉ္စင်းကလေး အရှင်ဝိစိတ္တသာရာဘိဝံသ အတွက်ကား ဖော်မပြနိုင်သော ခံစားချက်များကို ဖြစ်ပေါ်စေခဲ့၏။ အခိုက်အတန့်အားဖြင့် ငုပ်ကွယ်နေသော မြင့်မြတ်သည့် ဆန္ဒဓာတ်တစ်ခုကို နှိုးဆွပေးနေသယောင် ရှိတော့သည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် အစဉ်အလာ စာမေးပွဲများ အဆင့်ဆင့် ဖြေဆိုအောင်မြင်ပြီးသောအခါ မိမိငယ်ဆရာ နှိုးဆွပေးလိုက်သော သဒ္ဓါဆန္ဒများ တစ်နေ့တခြား ကြီးထွားလာ၏။ သို့နှင့် အထူးကြည်ညိုလျက် ရှိခဲ့သော ပါဠိတော် သုတ္တန်ကြီးအချို့ကို အာဂုံကျက်၍ပင် နေ့စဉ်ရွတ်ဖတ် ပူဇော်နေခဲ့၏။

## ပိဋကမျှော်ပေါက်တာ သူများကိုမပြောနှင့်

ရွတ်ဖတ် ပူဇော်ဖန်များလာသောအခါ အရှင်ဝိစိတ္တသာရာဘိဝံသ၌ ထူးခြားသော အသိအမြင်အတွေးအခေါ်များဝင်လာ၏။ မြတ်စွာဘုရားရှင် အပေါ် ကြည်ညိုမှု၊ ရွတ်ဖတ်ရင်း ရွတ်ဖတ်ရင်း ယခင်က မဖြစ်ဖူးသော အသိဉာဏ်များ လျှပ်စစ်ဓာတ်သီးပွင့်သလို ပွင့်လာမှုများ တစ်နေ့တခြား ဖြစ်ပေါ်လာ၏။ နှစ်လချီ၍ကြာသည်ထက်ကြာလာသောအခါတွင်ကား ထိုမျှလောက်မက၊ နေမှု စားမှု ကျန်းမာရေး၊ ပတ်ဝန်းကျင်က မိမိအပေါ် ခင်မင်လေးစား သဘောထားမှု၊ မိမိဖြစ်လို လုပ်လိုသော အရာများ အထူးကြောင့်ကြမစိုက်ရဘဲအလွယ်တကူပြီးစီးအောင်မြင်မှု....စသည်ဖြင့် မိမိကိုယ်ကို မိမိ အထင်ကြီးလောက်အောင်၊ အတွေးအယူမတည့်မတ်သူများအဖို့ တန်ခိုးကြီးသောပုဂ္ဂိုလ်တစ်စုံတစ်ယောက်က အမြဲတမ်းစောင့်ရှောက်ကူညီပြီးလိုတာ တွေအကုန် ပြည့်အောင် ပါရမီ ဖြည့်နေ၊ မ စနေသလား၊ ပိဋကမျှော်ပင် ပေါက်နေရော့သလား ထင်ရလောက်အောင်ပင် စဉ်းစားစရာတွေ၊ ထူးခြားသော ခံစားမှုတွေ များစွာ ဖြစ်ပေါ်လာလေသည်။

အရှင် ဝိစိတ္တသာရာဘိဝံသည် ထိုအသိ အမြင် ခံစားချက်များကို မျိုသိပ်မနေနိုင်ဘဲ ဓမ္မနာဒ ဆရာတော်ဘုရားကြီးအား ဖွင့်ဟ၍ပင် လျှောက်ထားမိလေတော့၏။ ပထမတွင် ဆရာတော်ကား ကြည်နူးစွာ ပြုံးလျက်ပင် နေတော်မူ၏။ ပိဋကကို ရွတ်ဖတ်ပူဇော်ရခြင်း၏ အကျိုးကျေးဇူးကို အတန် အသင့် ရိပ်စားမိလာသောတပည့်တစ်ဦးပေါ်လာ၍ များစွာလည်းအားတက်

တော်မူဟန်ရှိသော အပြုံး၊ နှလုံးငြိမ်းချမ်းသော အကြည့်ဖြင့် ရှန်းရှန်းကြီး ကြည့်တော်မူကာ....

"အင်း....ဦးပဥ္စင်း၊ ဒီအကြောင်းကို သူများတွေ လျှောက်မပြောနှင့်၊ မလုပ်တဲ့လူတွေက ဘယ်လိုမှ ယုံကြည်ကြမှာ မဟုတ်တော့ ငရဲကြီးတတ်တယ်။ ဒါတင်မကဘူး ဦးပဥ္စင်း၊ ယောနိသော မနသိကာရ မထားတတ်တဲ့ လူတွေ အဖို့ ဦးပဥ္စင်းတို့ ငါတို့ ဒီလို အမြဲပူဇော်နေတာကိုပဲ ဘုန်းကြီးချင်လို့ သိဒ္ဓိတွေ ပေါက်ချင်လို့ ထင်မှတ် ပြောဆိုမိရင် တို့များလဲ မကောင်းဘူး။ ပြောတဲ့လူလဲ မကောင်းတော့ဘူး"ဟု မိန့်တော်မူလေသည်။

## ကမ္ဘာပေါ်မှာ အမြတ်ဆုံးစကားလုံးများ

"သူများတွေကို မပြောပါဘူး ဘုရား၊ ဘုရားတပည့်တော်စိတ်ထဲမှာ သဘောပေါက်လာတာကိုသာ လျှောက်စမ်းကြည့်တာပါ" ဟု လျှောက်ရလေ၏။

ဤနေရာ၌ ပိဋကရွတ်ဆိုပူဇော်မှု အာနိသင်ကို ကိုယ်တွေ့ သဘော ပေါက်နေသူ အရှင်ဝိစိတ္တသာရာဘိဝံသ မဟုတ်မူ၍ အခြားတစ်ပါးပါးသာ ဖြစ်ပါမူ ဆရာတော်သည် အောက်ပါ စကားများတို့ ဆက်လက်ဖွင့်ဆို မိန့်ကြားတော်မူလိမ့်မည်ဟု မျှော်လင့်ရပါသည်။

"အေး.... မပြောနှင့်။ ကိုယ်သိ ကိုယ့်ဝမ်းထဲမှာပဲထား။ ဒီမှာ ဦးပဥ္စင်း....၊ ပါဠိတော် သုတ်တိုင်းမှာလိုလို ဦးပဥ္စင်းတို့ နေ့စဉ် တွေ့နေတဲ့ 'အာဒိကလျာဏံ၊မဇ္ဈေကလျာဏံ၊ပရိယောသာနကလျာဏံ၊ သာတ္ထံ၊ သဗျဉ္ဇနံ၊ ကေဝလပရိပုဏ္ဏံ၊ ပရိသုဒ္ဓံ၊ ဗြဟ္မစရိယ ပရိယောသာန်" ဆိုတဲ့ ဝိသေသန ပုဒ်တွေဟာ ဒီဘုရားဟော တရားတော်၊ ပါဠိတော်တွေရဲ့ ဂုဏ်တွေပဲ မဟုတ်လား၊ အစ-အလယ်-အဆုံးကောင်းတယ်၊ သဒ္ဒါအနက် ပြည့်စုံကယ်နှုတ်စရာ မရှိ၊ အပြည့်စုံဆုံး အကောင်းဆုံး၊ အကျင့်တရား အထွတ်တပ်ပေးလိုက်တဲ့ တရားစကားတွေ။

"သွာက္ခာတော ဓမ္မော-ဆိုရင်ပဲ ပဋိပတ်သာမက ဒီစာပေပရိယတ္တိ ပါဠိတော်စကားလုံးတွေ အကုန်ပါသွားတယ်။ သည့်ပြင်ဟာ မပြောပါနှင့်၊ ပါဠိတော်စာအုပ်တွေ သုတ်တိုင်း သုတ်တိုင်းမှာ ပထမဆုံးတွေ့ရတဲ့'ဧဝံ မေ သုတံ' ဆိုတဲ့ စာပိုဒ်က ဟော....ပျံ့နေတဲ့ ဝိပတ္တိစက် လေးပါးစလုံး တစ်ခါတည်း လည်ပတ် သွားစေတယ်။ ရွတ်တဲ့ ဖတ်တဲ့ နာကြားတဲ့

နှုတ်ကရွတ်မယ် (ဝစသာပရိစိတာ)

ရွတ်တော့ ရွတ်ရင်း ရွတ်ရင်း စိန္တာမယဉာဏ်နဲ့ အနက်အဓိပ္ပာယ် စဉ်းစားမိရော (မနသာနုပေက္ခိတာ)၊

နောက်...ဘာဝနာမယဉာဏ်နဲ့ လက်တွေ့ဖြစ်အောင် ဆင်ခြင်တယ်၊ ပွားတယ်။ ပွားတော့ အသိအမြင် စင်ကြယ်ပြီး (ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ)။ မဂ်ဖိုလ် နိဗ္ဗာန်ဟာ အနေးနဲ့အမြန် ရတော့တာပဲ။

ဒီလောက် ကြီးကျယ်မြင့်မြတ်တဲ့ အကျိုးကျေးဇူးတွေ ရှိနေလေတော့ ဒီဘုရားစကားတော်တွေ ရွတ်လို့ဖတ်လို့ ကြားနာရလို့ ဘယ်လို အန္တရာယ် ကင်းတယ်၊ ဘယ်လို စီးပွားဥစ္စာတိုးတယ်-ဆိုတာတွေဟာ အမည်တပ်ပြီး ဘာမှ ပြောစရာမလိုတော့ဘူး" ဟုလည်း မိန့်တော်မူလေ၏။

ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မင်းကွန်းဆရာ တော်ဘုရားကြီး ပိဋကသုံးပုံဆောင်ပြီး **တစ်ပါးတည်းသော တရားဘဏ္ဍာစိုး** ကြီး ဖြစ်တော်မူရာ၌ မူလဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ ပိဋကသုံးပုံကို နေ့စဉ် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ယင်းသို့သော အဆုံးအမတို့သည် ပဓာန တွန်းအားကြီး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်ဟု မှန်းဆရပေသည်။

## နန္ဒမူလိုဏ်ဂူတွင်းမှာ သင်းပျံ့လို့မွှေး

တစ်ဖန် "ကြည့်သောသူသည် မြင်၏" ဆိုသကဲ့သို့ ယခုအခါ လွန်စွာ တာဝန်ကြီးလေးလှသော နိုင်ငံတော်သံဃကိစ္စများနှင့် အထက်အောက် မြန်မာနိုင်ငံ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးနှစ်ခု ဖြစ်ပေါ်လာစေရန် ကိုယ်အား ဉာဏ်အား ပညာအား ပစ္စည်း (အဆောက်အဦ) အား၊ ရှိသမျှ အားများကိုသုံးကာ အလွှက်တကူနှင့် ဦးဆောင်တော်မူနိုင်သည်မှာ ယင်း **လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအားများ** ကြောင့်ပင် ဖြစ်ပေလိမ့်မည်။

သို့ရာတွင် ကျွန်ုပ်တို့သည် အလွန်တရာ ရခဲသော ဝရဇိန်လက်နက် ကြီးကို သားမုဆိုးလိုက်ရာ၌ သုံးစွဲနေသကဲ့သို့ ကြုံခေါင့်ကြုံခဲ ထူးကဲလွန်မြတ် သော ဆရာတော်ဘုရားကြီးထံမှ မဟာဗုဒ္ဓဝင် ကဲ့သို့သော ကျမ်းစာများ၊ တရားစကားများ၊ အဆုံးအမများကို အချိန်မြဲ နည်းခံမှတ်ယူ ပူဇော်နေ ကြရမည့်အစား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အားကြီးကို ဗဟိဒ္ဓသာသနာ (အုတ်၊ သစ်၊ ကျောက်ရေး) ၌ ရှေ့တန်းတင်သုံးစွဲစေတော်မူနေကြရသည် မှာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။

---

ပထမအကြိမ်

သတ္တဝါတွေ၊ လူတွေ နတ်တွေ ဗြဟ္မာတွေအားလုံး အကုန်လုံး သမ္ပတ္တိ ဆိုက်ပြီး အစီးပွားချမ်းသာတွေ ရသွားစေနိုင်တယ်ဆိုတာကို ဖော်ပြတာပဲ မဟုတ်လား။ ဒီလောက် ကျေးဇူးများတဲ့ စကားလုံးတွေ။

"ဘာသာတစ်ရာတစ်ပါးမှာ ဘယ်ဘာသာစကားကို ပြောဆို ရွတ်ဖတ်လို့မှ ပဋိသမ္ဘိဒါပတ္တ မဖြစ်စေနိုင်ဘူး မဟုတ်လား။ မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိတော်တွေ၊ စကားလုံးတွေကျတော့ သင်ကြားရွတ်ဖတ်ရတယ်ဆိုရင်ပဲ ပဋိသမ္ဘိဒါဉာဏ်ရစေနိုင်တယ်။ ဒီလောက် တန်ဖိုးရှိတဲ့ ဘာသာစကား၊ ခုနကပြောတဲ့ 'သာတ္ထံ သဗျဉ္ဇနံ' ဆိုတာ ဒီပဋိသမ္ဘိဒါဉာဏ်တွေ ပါပါသွားတယ်။ ဦးပဥ္စင်းတို့ အဋ္ဌကထာကြည့်ရင် ဒါတွေပဲ ထပ်ချည့် တလဲလဲ တွေ့နေရတာ၊ ဘာဒစိန္တာမှာ ဒါကိုပဲ 'သောဟာ' နုဿဝနံ ပဋိ-သမ္ဘိဒါယ စ ပစ္စယော' ဆိုပြီး အာဂုံဆောင် ဂါထာရေးထားတာ မဟုတ်လား။

"အေး....ဒီလောက် ကြီးကျယ်မြင့်မြတ်တာ။ ဟိုအကျိုး ဒီအကျိုး တွေ ရနိုင်စေနိုင်တာ ဘာမှ မဆန်းဘူး ဦးပဥ္စင်း....၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း စီးပွားဉစ္စာ၊ အင်္ဂါ ခြေလက်၊ အသက်ပေါင်းများစွာ စတေးပြီး ဆည်းပူးမှ ရရှိတော်မူတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့စာတွေ၊ တရားတွေဆိုတော့ လေး သင်္ချေနှင့် ကမ္ဘာတစ်သိန်းက အင်အားသတ္တိတွေ၊ တန်ခိုးတွေ စကားလုံး တိုင်း စကားလုံးတိုင်းမှာ အကုန်ပါဝင် ကိန်းအောင်းနေတာ၊ ဒါကြောင့် အဲသလို အကျိုးတွေများတာ၊ တစ်လုံးတစ်ပါဒ ရွတ်ရ ဖတ်ရ နာရ ကြားရ ရုံနှင့် ဒီလို ဂုဏ်ကျေးဇူးတွေရနိုင်တာ၊ ဒါ့ကြောင့် သုတ္တနိပါတ်ပါဠိတော်၊ သုဘာသိတသုတ်မှာ—

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊
ခေမံ နိဗ္ဗာန ပတ္တိယာ။
ဒုက္ခဿန္တ ကိရိယာယ၊
သာ ဝေ ဝါစာန' မုတ္တမာ။

"ဒါ့ကြောင့် ကမ္ဘာပေါ်မှာ ဘာသာစကားတွေအနက် ဘုရားရှင်ရဲ့ စကားလုံးတွေဟာ စကားလုံးတိုင်း စကားလုံးတိုင်း နိဗ္ဗာန်ရောက်ကြောင်း၊ ဒုက္ခ ကင်းကြောင်း၊ ချမ်းသာကြောင်းဖြစ်လို့ အမြတ်ဆုံး အကောင်းဆုံး စကားလုံးတွေလို့ ဟောတော်မူတာ။

"အင်္ဂုတ္တရ၊ သောတာနုဂတသုတ်မှာ ဟောတဲ့အတိုင်းပေါ့၊ နာမိ ကြည့်မိတော့ ကျက်ထား ဆောင်ထားပြီး (စတာ)၊

တိပိဋကဓရ လမ်းပြရှေ့သွား ဓမ္မနာဒဆရာတော်ဘုရားကြီး (ဦးပညာစက္က) အကြောင်း ကျွန်ုပ်တို့ မှတ်သိနာကြားဖူးသမျှ အနည်းငယ် ဆက်၍ ပြဆိုပါဦးအံ့။

ဆရာတော် ဘုရားကြီးသည် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်ကြီး၌ သံဃာလေးငါးဆယ်၏ ပရိယတ္တိပညာရေး (ပရဟိတ၊ သာသနဟိတ) အတွက် (ဦးစွာသော ပိဋက သူရဲကောင်းကြီး တစ်ဦး ထွက်ပေါ်နိုင်သည့်တိုင်အောင်) အလေးပေးစွမ်းဆောင်တော်မူသည့် ကြားက အတ္တဟိတ၊ သာသနဟိတ ပြဆိုခဲ့သော ဓမ္မပူဇာ အလုပ်ကိုလည်း ရာသက်ပန် ဝတ်မပျက်ဆောင်ရွက်တော်မူခဲ့၏။

စာဝါများ အားလပ်ခိုက်တွင်လည်း နေ့စဉ်လိုပင် အရည်ဝါကေစာနေတော်မူလေ့ရှိကြောင်း သိမှတ်ရ၏။ ဓမ္မနာဒချောင်၏ အနောက်မြောက်ဘက်တွင် ဥရုဝေလချောင်ဟူ၍ ရှိသည်။ (ယခု ဗောဓိပက္ခိယချောင် မြောက်ပိုင်း)။ ယင်းချောင်သည် ဓမ္မနာဒချောင်နှင့်စာလျှင် လူသံသူသံ ကင်းဝေးဆိတ်ငြိမ်၏။ တောင်ကမ်းပါးယံတွင် တစ်ပါးနေ လိုဏ်ဂူ တစ်ခုကိုလည်း ဖန်တီးတော်မူထားသည်။ 'နန္ဒမူလိုဏ်ဂူ' ဟု သမုတ်တော်မူထား၏။

'နန္ဒမူဖန်ဂူရိပ်မှာ၊ ပစ္စေကာ ချွေးတော်သိပ်တယ်' ဟူသော ကဗျာကဲ့သို့ ဆရာတော်သည် နေ့စဉ်ပင် နန္ဒမူလိုဏ်ဂူ၌ ကေစာ သီတင်းသုံးကာ ဘာဝနာတရားဖြင့် မွေ့လျော်တော်မူလေ့ရှိ၏။ ဗုဒ္ဓါနုဿတိ ဘာဝနာ၌ များစွာလေ့ထုံတော်မူတတ်၍ ဆရာတော် ကေစာ သီတင်းသုံးသော နန္ဒမူလိုဏ်မှာ အမြဲတမ်း မွှေးကြိုင်သင်းပျံ့သော ရနံ့များလှိုင်နေသည်ဟု ဆိုကြပါသည်။

မူလ ဓမ္မနာဒဆရာတော်ကား သက်တော်မရှည်ရှာပါ။ ၁၂၉၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉-ရက်၊ သက်တော် (၅၂) မှာ ပျံလွန်တော်မူခဲ့၏။ ပျံလွန်ခါနီး တရားနှင့်စပ်၍ ဆရာတပည့် ပြောဆိုကြသော စကားများမှာ အလွန်မှတ်သားဖွယ်ကောင်း၏။

## ဓမ္မနာဒ၏ ဓမ္မဒါယာဒ (တရားအမွေ)

အရှင် ဝိစိတ္တသာရာဘိဝံသ သည် မိမိဥပဇ္ဈာယ်ဆရာ သေရာညောင်စောင်း၌ လဲလျောင်းနေရလျက် ရက်ပိုင်းမျှသာရှိနေချိန် ရောဂါဒဏ်ချက်ကြောင့် တရားနှလုံးသွင်းမှု ပျက်ကွက်မေ့လျော့နေမည်ကို စိုးရိမ်နေရှာ၏။ ပညာရှိတို့မည်သည် တိုက်ရိုက်လည်း ပြောရိုးမရှိ၊ ဆရာတပည့် ဖြစ်၍လည်း

လေးစားသမှုပြု၍ မိကျောင်းမင်း ရေကင်းပြရာ မရောက်အောင် အသုံးအနှုန်းဆင်ခြင်ရပြန်၏။ သို့နှင့် တစ်ခဏမျှ စဉ်းစားပြီး မလိုလဲလိုလဲ သတိပေးသောအားဖြင့် အရဲစွန့်လျှောက်ထား မေးစမ်းကြည့်သည်။

တပည့်။ ဆရာတော်ဘုရား...၊ အသညသတ်တို့ ရောက်သွားကြတဲ့ ဗြဟ္မာတွေမှာ နာမ်တရားကို ရှိရှာမှုန်းတီးတာဟာ လမ်းမှန်တယ်မဟုတ်လား ဘုရား။

ဆရာ။ အေး...မှန်တယ်ကွ။

တပည့်။ အရူပဘုံသွားကြတဲ့ ဗြဟ္မာတွေမှာ ရုပ်တရားကို ရှိရှာမုန်းတီးစက်ဆုပ်ကြတာကော ဘုရား၊ လမ်းမှန်ပဲ မဟုတ်လား။

ဆရာ။ အိမ်း...မှန်တယ်ကွ။

တပည့်။ ဒါဖြင့်လျှင်ဘုရား... အဲဒီအမှန်နှစ်ခုကို စုပြီးတော့ "ဓိ...နာမရူပံ၊ (နာမရူပံ-နာမ်ရုပ်တရားနှစ်ပါးသည်၊ ဓိ=စက်ဆုပ်ဖွယ်ကြောက်လန့်ဖွယ်တွေပါတကား) ဓိ...နာမရူပံ"လို့ အဲဒီလို နှလုံးသွင်းလျှင် ပြည့်စုံနိုင်တယ် မဟုတ်လား ဘုရား။ ဘာလိုသေးတယ်လို့ပြောစရာ မရှိဘူး မဟုတ်လား ဘုရား။

ဆရာတော်အား တာဝန်သိသော သူ့တပည့်ချစ် တစ်ဦးအား ပညာရှိစကားသွား မည်သို့သော အဓိပ္ပာယ်ဖြင့် လျှောက်ထားနေသည်ကို အတပ်ပင် သိတော်မူ၏။ ထို့ကြောင့် ဆရာတော်က တစ်ခဏချင်းပင် တပည့်တော်၏ ကြောင့်ကြပူပန်ခြင်းလည်း ရှင်းစေတော့၊ နည်းလမ်းညွှန်ပြ ဓမ္မအမွေလည်း ပေးရာရောက်စေတော့ဟု နှလုံးပြုတော်မူလျက်...

### ဝဇီရာ ထေရီမကလေး ကျေးဇူး

ဆရာ။ အိမ်း...ဟုတ်ပါတယ်။ ဒါပေမယ့်ကွာ...ဟို...တို့...သံယုတ် ပါဠိတော်ထဲမှာလာတဲ့ အသက် ၇-နှစ်မျှသာ ရှိသေးတဲ့ ဝဇီရာထေရီ ရဟန္တာမကလေးထံ မာရ်နတ်ကလာပြီး မဟုတ်မဟတ်ပြောဖူးတယ်။ အဲဒီလို ပြောတုန်းက ဘိက္ခုနီမကလေးက ပြန်ရှုတ်ချပြတဲ့ ဂါထာတစ်ခုရှိတယ်။ အဲဒီဂါထာက...

(က) ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ-လို့ ရှိတယ်မဟုတ်လား။

တပည့်။ ရှိပါတယ်ဘုရား။

(ဣမသ္မိံ ကာယေ=ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ ဒုက္ခမေဝ ဟိ=ရုပ်နာမ်နှစ်ပါး ဒုက္ခတရားသည်သာလျှင်။ သမ္ဘောတိ=ဥပါဒ်ထင်ရှား၊ ဖြစ်ပွား၍နေ၏။ ဒုက္ခံ=ရုပ်နာမ်နှစ်ပါး၊ ဒုက္ခတရားသည်။ တိဋ္ဌတိ စ=ဋ္ဌိခဏအနေဖြင့် တည်လည်းတည်ပေ၏။ ဝေတိ စ=ဘင်ခဏသို့ ရောက်၍ ချုပ်လည်း ချုပ်ပျောက်၏။ ဒုက္ခာ=ရုပ်နာမ်နှစ်ပါး၊ ဒုက္ခတရားကို။ အညတြ ဌပေတွာ=ချန်လှပ်ဖယ်ရှား၊ အလွတ်ထား၍။ အညံ=တစ်ပါးသော အတ္တလိပ်ပြာ၊ သတ္တဝါသည်။ န သမ္ဘောတိ=ဖြစ်သည်လည်း မဟုတ်။ ဒုက္ခာ=ရုပ်နာမ် နှစ်ပါး၊ ဒုက္ခတရားမှ။ အညံ=တစ်ပါးသော အတ္တလိပ်ပြာ၊ သတ္တဝါ ဆိုတဲ့သဘောသည်။ န နိရုဇ္ဈတိ=ချုပ်သည်လည်း မဟုတ်။)

ဆရာ။ အေး... ဒီတော့ ရုပ်နာမ်တရားကို ချုပ်ကြည့်လိုက်လျှင် ဒုက္ခပဲ။ ဒုက္ခဆိုတာ ရုပ်နာမ်တရားပဲ။ ဒီတော့ သူက (ထေရီမကလေးက) အလွန်ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒုက္ခလို့ဆိုလိုက်လျှင် ရုပ်နာမ်တွေ အကုန်မြင်ကုန်တယ်ကွ။ ဒီတော့ တို့အနေနဲ့ဆိုလျှင် အဲဒီ ဒုက္ခဆိုတဲ့နေရာမှာ ဒုက္ခရဲ့အရ တရားကိုယ်ဖြစ်တဲ့ နာမ်ရုပ်နဲ့သွားလျှင် ပိုမကောင်းဘူးလားကွ။

(ခ) နာမရူပံဝ သမ္ဘောတိ၊ တံ ဝ တိဋ္ဌတိ ဝေတိစ။

နာညတြ တမှာ သမ္ဘောတိ၊ နာညံ တမှာ နိရုဇ္ဈတိ။ အဲသည်လို နှလုံးသွင်းကွ၊ သိပ်ကောင်းတာပဲဟု မိန့်တော်မူလေရာ "နောင်အခါ ပရိယတ္တိသာသနာ့ဘာဝန်တွေ ပိလာတဲ့ကြားမှာ ဒီတရားကို မင်းသာမမေ့ရစ်လေနှင့်" ဟု မှာကြားသကဲ့သို့ နာ၊ ဘာတိ၊ အသိဉာဏ်ရှိသော အရှင်ဝိစိတ္တသာရာဘိဝံသမှာ အတိုင်းထက်အလွန် ဝမ်းသာသွား၏။ တပည့်တော်တစ်ဦး၌ ထားရှိအပ်သော တာဝန်ကျေသည့် အပြင် ကြောင့်ကြစိတ်လည်းပြေသွား၏။ တရားဘာဝနာနှလုံးသွင်းပုံ ဓမ္မအမွေကိုပင် ရရှိလိုက်သေးသည်။

အရှင်ဝိစိတ္တသာရာဘိဝံသကား ထိုလျှပ်တစ်ပြက်လျှောက်ထားပြောဆိုရခြင်းကို ရာသက်ပန်မမေ့နိုင်အောင်ရှိလေ၏။ ထို့ကြောင့်လည်း ထိုဂါထာကလေးကို အနက်မြန်မာပြန်၍ သီတံလင်္ကာကလေးပင် ရေးထားသည်။ သားသမီး တပည့်ကောင်းတို့မည်သည် မိဘဆရာသမားတို့ လွန်ခါနီးကာလ

မြွက်ဟ မိန့်မှာသည့်စကားကို မြေဝယ်မကျ မှတ်သားနာယူကာ လိုက်နာကြမြဲမဟုတ်ပါလော။

* ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝ နာမ်ရုပ်၊ ဖြစ်၍ချုပ်၏၊ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါတည့်၊ ဤမှာ ဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်။ ခန္ဓာနာမ်ရုပ် မျှသာတည်း။ (ဂါထာအနက်လွယ်၏။ ရှောဂါထာမှီး၍ဆို။)

## နာမ်ရုပ်ကွဲလျှင် လက္ခဏာတင်

အရှင်ဝိစိတ္တသာရာဘိဝံသသည် နာမ်ရုပ်ကွဲပြီးနောက် ဝိပဿနာဉာဏ်ဆိုက်စေရန် အောက်ပါဂါထာအနက်နှင့် သီတံကလေးကိုပါ ဖြည့်စွက်ရေးသား ဟောကြားတော်မူလေ့ရှိ၏။ (ခေတ် ၆ ပါး သိမ်းဆည်းပုံ တရားတော်ရှု။)

တဒ္ဓ ဟုတွာ အဘာဝေန၊ ဥဒယဗ္ဗယ ပီဠနာ။
အဝသဝတ္တနာ, နိစ္စံ၊ ဒုက္ခာ နတ္တာဝ ကေဝလံ။

တဒ္ဓ=နာမ်ရုပ်တရား၊ ထိုနှစ်ပါးသည်လည်း။ ဟုတွာ-အဘာဝေန=ဖြစ်ပြီးသည့်နောက် တစ်ခဏချင်း ချုပ်ပျောက်တတ်သောကြောင့်။ ကေဝလံ အနိစ္စံ=သက်သက်ကေန်၊အနိစ္စ မှန်စွာ့တကား။ ဥဒယဗ္ဗယ ပီဠနာ=ဖြစ်ခြင်း ပျက်ခြင်း၊ ဤနှစ်သင်းဖြင့်၊ အတင်းအကျပ်၊ နှိပ်စက်အပ်သောကြောင့်။ ကေဝလံ ဒုက္ခံဝ=သက်သက်ကေန်၊ ဒုက္ခမှန်စွာ့တကား။ အဝသဝတ္တနာ=အလိုအကြိုက်သို့၊ မလိုက်ပါခြင်းကြောင့်။ ကေဝလံ အနတ္တာဝ=သက်သက်ကေန်၊ အနတ္တမှန်စွာ့တကား။

* နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခအနတ္တချည်းသာတည်း။

ဆရာတပည့် ယင်းသို့ပြောဆိုကြပြီးနောက် ၄-၅-ရက်အကြာ ပထမ



မင်းကွန်းတိပိဋကဓရဆရာတော်၏ဆရာ ပထမဓမ္မနာဒဆရာတော်
(အရှင်ပညာစက္က) ပုံ

ဓမ္မနာဒဆရာတော်(ဦးပညာစက္က- ဒေဝဒဲ့ယာဉ်ပျံ) ပျံလွန်တော်မူခဲ့၏။ အရှင်ဝိစိတ္တသာရာဘိဝံသ ဒုတိယဓမ္မနာဒဆရာတော်) ဖြစ်တော်မူသာ၏။

ဒုတိယဓမ္မနာဒဆရာတော်သည်လည်း မိမိ၏ ဥပဇ္ဈာယ် ဆရာ့အမွေဖြစ်သော၊ ဥပဇ္ဈာယ်ဆရာနည်းပေးခဲ့သော ပိဋကသုံးပုံ ရွတ်ဖတ် ပူဇော်ခြင်းနှင့် တရားဘာဝနာ နှလုံးသွင်းခြင်းများကို မလစ်မလပ် ရွတ်ဖတ်ဆင်ခြင်တော်မူကာ တပည့်ဒကာ,ဒကာမတို့အားလည်း ဟောကြားညွှန်ပြပေးတော်မူလေ့ရှိပါသည်။

ခဏတာလမ်းခွဲ၍ လက်တွဲပြုတ်ခဲ့သော်လည်း

မိမိဆရာ့ဂုဏ်ကျေးဇူးကို အထူးသတိတရ ရှိတော်မူလှ၍ မိမိဆရာ

သုံးစွဲခဲ့သော 'မေဓာ့ယာဥ်ပျံ' (မေဓာ=ပညာ+ယာဥ်ပျံ=စက္က) ကလေ၁င် အမည်ကိုပင် ရံခါ သုံးစွဲတော်မူလေ့ရှိပါသည်။

လူ့ဘုံလူ့ရွာသို့တာဝန်အသီးသီးနှင့်လာကြရသော၍ဆရာနှင့်တပည့် တို့လှည့်ကျေးဇူး လက်ယှက်ကူး၍ ဆည်းပူးတူစုံ ပွားထုံခဲ့ကြသည့် ဓမ္မ ဒူတ သာသနာ့တမန်တော်အလုပ်ကား ကျွန်ုပ်တို့အတွက် ဤမျှဖြင့်၊ ဤ တစ်ဘဝဖြင့် နိဂုံးချုပ်သွားကြတော့မည်လော။ ဤလူ့ရွာတွင် တစ်ခါပြန် ၍ တွေ့ဆုံဖူးမြော်ခွင့် သင့်မှ သင့်ပါဦးတော့မည်လောဟု တွေးတောကြံဆ သတိပြုမိကြပါမူ၊ ခံစားမှုဘစ်မျိုး ဖြစ်ကြပေလိမ့်မည်။

ပညာစက္ကနတ်သားသည် ဤလူ့ရွာသို့ တာဝန်ဖြင့် ရောက်လာ၏။ တာဝန်ပြီးပြေ၍ နေရင်းဌာနသို့ ပြန်ကြွခဲ့လေပြီ။

ပါရမီဖြည့်ဖက် ဓမ္မဓရနတ်သားလည်း ၂၅၀၀ သာသနာခေတ်တွင် တာဝန်အရ လူ့အဖြစ်ကိုယူခဲ့၏။ ထိုက်သက်ရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လျက်ရှိချေပြီ။

တာဝန်ကျေကုံ၍ ဤလူ့ဘုံမှ ပြောင်းရွှေ့ရသော် အဘယ်ဘုံ၌ မွေ့လျော်စံပျော်တော်မူချေမည်နည်း။

ဒုတိယေ အတ္တဘာဝမှိ၊
လဒ္ဓါ သပ္ပညနိဿယံ။
ဓမ္မဓရောတိ နာမေန၊
သောတာပန္နော မရှာဘဝေ။

ဒုတိယေ အတ္တဘာဝမှိ=ဤဘဝမှထောက်၊ နှစ်ခုမြောက်သောကိုယ် အဖြစ် (ဒုတိယဘဝ) ၌။ သပ္ပညနိဿယံ=ပညာရှိသဟဲ၊ တံကဲတရထည်၊ အမှီကို။ ဝါ—ပညာစက္ကဟူသော ပညာရှိနတ်သားအမှီကို။ လဒ္ဓါ=မလွဲကေန်၊ အမှန်ရရှိ၍။ မရှာဘဝေ=တာဝတိံသာ၊ နတ်တို့ရွာ၌။ ဓမ္မဓရောတိနာမေန= 'တရားဆောင်သူ ဓမ္မဓရ' ဟူသော အနွတ္ထအမည်ဖြင့်။ သောတာပန္နော= အောက်သို့မလား၊ အဆင့်ဆင့်တက်သွားမည့်၊ သောတာပန်နတ်သားသည်။ (ဘဝေယျ'=စင်စစ်မသွေ၊ ဖြစ်စေလို။)

ဓမ္မနာဒဆရာတော်ဘုရားကြီး၊နှစ်ပါး၏ ဖခြေတော်အစုံကိုဦးခိုက်လျက်—
တပည့်တော်—ဓမ္မလှိုင်
(ဓမ္မာစရိယဦးဓမ္မလှိုင်)

# မြင်ကွန်းမြို့မှ ဆိဆုံသရာကြီး ဆရာကြင်၏
# ထမင်းတစ်လုတ်ကုသိုလ်




မုဒ္ဒအသံစာစဉ်မှ

## မြင်ကွန်းမြို့မှ ဆီဆုံဆရာကြီးဆရာကြင်၏

# ထမင်းတစ်လုတ်ကုသိုလ်

မြေလတ်ပိုင်း မြင်ကွန်းမြို့နယ် တောရွာတစ်ရွာ၌ ဆရာကြင်ခေါ်သော ဆီဆုံဆရာကြီးတစ်ဦးရှိ၏။ ဆီဆုံဆိုသည်မှာ မြေပဲနှမ်းတို့ကို ဆီထွက်အောင် နွားတပ်၍ကြိတ်ရသော သစ်သားဆုံကြီးကိုခေါ်သည်။ ဆရာကြင်သည် လူကြီးလက်နှစ်ဖက်ဖြင့် မဓိနိုင်အောင် ကြီးမားသော ကုက္ကိုတုံးကြီးကို ဆီဆုံပြုလုပ်တတ်သော ဆရာကြီးဖြစ်သည်။

တစ်နေ့တွင် မကြာမီကရောင်းချလိုက်သော ဆီဆုံဖိုးငွေရရန် အခြားရွာတစ်ရွာသို့လှည်းဖြင့်ထွက်သွား၏။ ဆီဆုံဝယ်သွားသူနှင့် ငွေရေးကြေးရေး စကားပြောကြသောအခါ တစ်ဦးနှင့်တစ်ဦး အနည်းငယ် ကွဲလွဲချက် ဖြစ်နေ၏။ ဆရာကြင်ကပင် အလျှော့ပေးလိုက်သည်။

တောရပ်ကျေးရွာ ထုံးစံအတိုင်း အိမ်ရှင်က ဆရာကြင်အား ထမင်းချက်ပြုတ်ကျွေးမွေးသည်။ ဟင်း လေးငါးမျိုးဖြင့် တည်ခင်း ကျွေးမွေးရာ စားကောင်းသောက်ဖွယ်များဖြစ်၍ ဆာဆာနှင့်အားရပါးရ စားသောက်၏။ ပထမတွင် ဆရာကြင်၏ ထုံးစံအတိုင်း မည်သည့်ဟင်းကိုမျှ မခပ်ယူသေးဘဲ ထမင်းချည်းသက်သက်အဆုပ်ကလေးသုံးဆုပ်လုပ်၍ စကားမပြောဘဲ တစ်လုံးချင်းစား၏။ ပြီးမှ ဟင်းခကျွးဟင်းလျာနှင့် အများနည်းတူ နယ်ဖတ်စားလေ့ရှိသည်။

၁၀-မိနစ်ခန့်ရှိသောအခါ ဆရာကြင်သည် ထမင်းစားရင်း လည်ချောင်းထဲမှ ယားလာ၍ ထမင်းဟင်းသီးသွား၏။ အသံလည်း တခွီးခွီးဖြစ်လာ၍ ထမင်းပွဲမှထလိုက်ရသည်။ ရင်ထဲမှာဆို့နင့်နင့်၊ လည်ချောင်းထဲမှ ယားကျိကျိဖြစ်၍ အော့အန်ကြည့်၏။ တံတွေးများသာ ကျလာသည်။ အခံရခက်သည်မှာ မပြေ၊ ထို့နောက် ပါးစပ်ထဲ လက်ညှိုးထိုး၍ ဟပ်ပြီး အန်ချ

လိုက်ရာ၊ ပါးစပ်ထဲမှလည်းချောင်းအပြည့် ကြွက်စုတ်သေတစ်ကောင်ကျလာ၏။ တံတွေးတစ်ပျစ်ပျစ်ထွေးကာ ချွေးများပင် ပျံ၍လာတော့သည်။

'ငါ့ကို ရွာသူမများ ပြုစားလေရော့သလား' သံသယဖြစ်နေ၏။ အတူစားနေသော အိမ်ရှင်ယောက်ျားကြီးမှာ မည်သို့မျှမပြောဆိုတတ်။ ယောင်အမ်းအမ်းဖြစ်ကာ ပလုပ်ကျင်းရန် ရေကိုသာ တွင်တွင်ခပ်၍ ပေးရှာ၏။ မျက်နှာလည်း မကောင်းလှ။

"ခင်ဗျား ရောဂါကျသွားပါပြီဗျာ။ ထမင်းထပ်ပြီး သုံးဆောင်ပါဦး" ဟု တိုက်တွန်းသော်လည်း ဆရာကြင်သည် စားလိုစိတ် မရှိတော့ဘဲ ချက်ချင်းပင် နွားလှည်းက၍ အိမ်ပြန်ခဲ့တော့သည်။

နောက်တစ်ရက် ဆီဆုံအသစ်တစ်လုံးထွင်းနေခိုက် ညွှန်သည်မိန်းမကြီး တစ်ယောက် ရောက်လာ၏။ ထိုမိန်းမကြီးက....

"ဘကြီးကို ကျွန်မတောင်းပန်ချင်လို့ပါ" ဟု ဆိုကာ ငှက်ပျောဖီးနှင့် လက်ဖက်ထုပ်ကလေးကို ခရီးရောက်မဆိုက် တောင်းထဲမှ ထုတ်လိုက်၏။ ခေါင်းခု တဘက်ကလေးကို ဖြေဆန့်၍ ပခုံးတင်လျက် ချွေးများသုတ်ရင်း ပြောလိုက်၏။

"ဘာကိစ္စတုံး...."

ဆရာကြင်သည် ဆီဆုံထွင်းသော ဓားကောက်ကြီးကို ကိုင်ရင်း နားမလည်ဟန်ဖြင့် မေးလိုက်သည်။ မိန်းမကြီးမှာ စကားကို မထွက်ရဲဘဲ "ဟို.... အင်...." ဟု ထစ်အ,အ ဖြစ်နေစဉ်....

"သြော်....မနေ့က ကိုအဝှာရဲ့ ဇနီးလား" ဟု မနေ့က ကိစ္စ သတိရ၍ ပြောလိုက်ခြင်းဖြစ်၏။ ထိုမိန်းမကြီးသည် ရွာသိ ရပ်သိ စုန်းမကြီး ဖြစ်ကြောင်း ထိုနေ့ကပင် သိရှိခဲ့သည်။

"ဘကြီးကို ကျွန်မလုပ်မိတာ ခွင့်လွှတ်ပါ"

ပြောပြောဆိုဆို တဘက်ကလေး ပခုံးတင်၍ ငှက်ပျော၊ လက်ဖက်နှင့် ကန်တော့၏။

"သည်းခံပါ ဘကြီး၊ ကျွန်မလဲ ရုတ်တရက်ဆိုတော့ မဆင်မခြင် လုပ်မိပါတယ်။ ကျွန်မ ခင်ပွန်းလဲ ရိပ်မိသွားလို့ ကျွန်မ ဖွင့်ပြောခဲ့ပါပြီ။ သူကလဲ ကန်တော့ဖို့ခိုင်းပါတယ်။ ဒီလာခါနီးမှာပဲ ဒီပညာကိုလဲ ဘုရားရှေ့မှာ သစ္စာဆိုပြီး ကျွန်မ လျှော့ခဲ့ပါတယ်"

"သာဓုဗျာ....သာဓု"

"ဒီပညာကလဲ ကျွန်မ ဘယ်မှ သင်ရတာ မဟုတ်ပါဘူး၊ ဝမ်းတွင်း စုန်းဆိုပါတော့ ဘကြီးရယ်။ ကျွန်မလဲ မရှက်ပါဘူး၊ ပြောပါရစေတော့။ အစကတော့ ဒီလိုစွမ်းမှန်းလဲ မသိဘူးပေါ့။ နောက်တော့ မခံချင်လို့ တစ်ယောက်ယောက်ကို စိတ်ထဲက မြည်တွန်ကျိန်ဆဲလိုက်ရင် အဲဒီလူတော့ တစ်ခါတည်း ဒုက္ခဖြစ်မယ်သာမှတ်"

စုန်းမကြီးကား သူ့ပညာစွမ်းကို နောက်ကြောင်းပြန်၍ပင် အားရ ပါးရ ပြောနေပြန်၏။

"နောက်တော့ ကျွန်မလဲ အင်း....ငါတယ်ဟုတ်ပါလားဆိုပြီး ကျွန်မ စိတ်နဲ့မတွေ့တဲ့ လူမှန်သမျှတော့ မသက်သာဘူးပဲ။ ကျွန်မယောကျ်ားကတော့ မသိဘူးပေါ့။ ခုတော့ သူလဲ ရိပ်မိ၊ ရှက်လဲရှက်၊ ကျွန်မကလဲ အကုန်ဖွင့် ပြောပြီး ဘုရားကို တစ်ခါတည်းလျှဖို့ ကတိပြုတာနဲ့ သူလဲယခုလို ခွင့်လွှတ် တာပါပဲ"

"သာဓုဗျာ ...သာဓု....သာဓု...."

"ဒါထက်၊ ခုမှတော့ မထူးပါဘူး။ ပြောပါရစေတော့။ ကျွန်မ တစ် သက်နဲ့တစ်ကိုယ်မှာ ဘယ်ဆရာမှ ကျွန်မပြုစားတာကို မဖျက်နိုင်ပါဘူး။ အမှန် အတိုင်းပြောရရင် ကျွန်မပညာကိုတန်ပြန်ဖျက်ပစ်နိုင်တာဘကြီးတစ်ယောက်ပဲ တွေ့ဖူးသေးတယ်။ ကျွန်မလဲကျွတ်ချိန်တန်လို့ထင်ပါရဲ့။ ကဲ....ကျွန်မအကြောင်း တော့ ပြောပြီးပြီ။ ဘကြီးရဲ့ပညာစွမ်းကိုသိချင်လို့၊ ကန်တော့လဲ ကန်တော့ ချင်တာနဲ့ လာခဲ့တာပါ"

ဆရာကြင်သည် ခေါင်းတစ်ညိတ်ညိတ်နှင့် နားထောင်နေရာမှ သူ့ ပညာစွမ်းကို ဘယ်လိုပြောရမှန်းမသိ ဖြစ်နေ၏။ နောက် အတန်ငယ် သူ တွေ့ကြုံပြုလုပ်ခဲ့သမျှ ပြန်လည် စဉ်းစားကာ....

"အေး..ဘကြီးလဲ ဆရာတစ်ယောက် မဟုတ်ဘူး ငါ့တူမ။ ဘကြီး ဘယ်လိုပြောရမှန်းတောင် မသိဘူး။ ညည်းပြောသလို ဘကြီးလဲ 'ဝမ်းတွင်း ဆရာ' ဖြစ်နေသလားမသိဘူး။ တစ်ခုတော့ ထူးထူးဆန်းဆန်း ကြုံဖူးတယ်။ မနှစ်ကပေါ့ကွယ်....။ ခုလို နွေခေါင်ကြီးမှာ ဘကြီးလှည်းနဲ့ မြင်ကွန်းက ပြန် လာတာ။ လမ်းမှာ လူတစ်ယောက်က လှည်းကြုံစီးပြီး လိုက်လာကာပေါ့။ ဘကြီးအိမ်ပေါက်လဲရောက်ရော၊တစ်ခါတည်း အဲဒီလူဟာ လှည်းပေါ်ကကျွမ်း

ပြန်ကျသွားတာပဲ။ ပြီးတော့ သူက ဖုတ်ဖက်ခါထပြီး ပြောသွားသေးတယ်။ "ခွင့်လွှတ်ပါဆရာရယ်။ ဆရာ့ဗည်းဝိုင်းထဲ ကျွန်တော် ဝင်လို့မရဘူးတဲ့"

"ဒီလိုဆိုတော့ ဘကြီးဟာ စုန်းမ,တင်မကဘူး။ အောက်လမ်းဆရာကိုတောင် နိုင်တဲ့ဆရာပေါ့"

ထိုစုန်းမကြီးက တအံ့တသြ ချီးကျူးရင်း ပြောလိုက်၏။

"အေး... ထင်စရာပေါ့။ ဘကြီးဟာ ဘယ်ဆရာဆီမှပညာမသင်ဖူးဘူး။ ဘာဆေးဘာအင်းမှလဲ မလုပ်ဖူးဘူး။ အေး....ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဘကြီးဟာ လူမှန်းသိတတ်တဲ့အရွယ်ကစပြီး ဆရာဘုန်းကြီးကရော၊ မိဘတွေကရော ပြောလို့ ထမင်းစားတိုင်းစားတိုင်း ဝတ်လုပ်ထားတာ တစ်ခုတော့ရှိတယ်"

"သြော်....ဟုတ်ပြီ။ ဒါကြောင့်ကျွန်မခင်ပွန်းကပြောတာ။ သူထမင်းစားခါနီး ဘာလုပ်တယ်မသိဘူး။ တစ်မျိုးတော့တစ်မျိုးပဲတဲ့"

"အေး....ဟုတ်တယ်။ ထမင်းစားတော့မယ်ဆိုရင် ပထမဆုံး ထမင်းချည်းပဲ သုံးဆုပ်ဆုပ်ပြီး ထားတယ်။ ဘာဟင်းမှမစားခင်—

ပထမတစ်ဆုပ်ကို 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုပြီးစားတယ်။

နောက်တစ်ဆုပ်ကို 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဆိုပြီးစားတယ်။

နောက်ဆုံး တစ်ဆုပ်ကိုလဲ 'သံဃံ သရဏံ ဂစ္ဆာမိ' ဆိုပြီးစားတာပဲ။

"ပြီးတော့ ဗိုက်ထဲက ဆာလောင်နေတဲ့ ပိုးတွေကိုလဲ ငါဒါနပြုတယ်လို့ စိတ်ထဲမှာ ထားတယ်"

"နောက်ပြီးတော့လဲ ရှိသမျှသတ္တဝါတွေအားလုံးလဲ ငါ့လိုပဲ စားကြရ၊ သောက်ကြရပါစေ၊ အစာရေစာဝလို့ ချမ်းသာကြပါစေလို့လဲ စိတ်ထဲက မေတ္တာထားပြီး စားတာပဲ"

"သြော်....ဒီလိုလား၊ ဘကြီးထမင်းတစ်လုတ်က ကုသိုလ်တွေ အများကြီးပေါ့နော်...."

"အေး....ဟုတ်တယ်။ ကုသိုလ်လဲရ၊ ဝမ်းလဲဝပေါ့ကွယ်။ ဒါပေမယ့် ဘကြီးက ထုံးစံမှို လုပ်ရိုး လုပ်စဉ် လုပ်တာပဲ။ လူကြီး မိဘတွေကတော့ ငယ်ငယ်ကပြောကြတယ်။ ဒီလိုလုပ်စားရင် လူမပြုစားနိုင်ဘူး။ အဆိပ်မသင့်ဘူး။ အန္တရာယ်ကင်းတယ်။ အကြံအစည် အောင်တယ်။ ဒုဗ္ဘိက္ခန္တရကပ် မဆိုက်ဘူး စသည်ဖြင့် ပြောကြတာပေါ့ကွယ်။ ပထမက ဒါတွေ ယုံလှလို့ ရယ်လဲ မဟုတ်ပါဘူး။ ခုလိုပေါ့၊ တဖြည်းဖြည်း ယုံစရာတွေ တွေ့တွေ့လာတော့ ပိုပြီးအားတက်လာတာပေါ့လေ။ ဘကြီး နေ့စဉ် ဝတ်မပျက် လုပ်တာကတော့ ဒါပါပဲ။ ရတနာသုံးပါး ကျေးဇူးပေါ့ကွယ်"

"ဝမ်းသာလိုက်တာ ဘကြီးရယ်။ ကျွန်မလဲ ဒီနေ့ကစပြီး ဘကြီးလိုပဲ ဝတ်ထားပြီး လုပ်ပါ့မယ်"

"သာဓုဗျာ....သာဓု....သာဓု။ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ"

[ထိုအကြောင်းကား မြင်ကွန်းမြို့ ဆရာတော်ဦးဝါယမ (ပေပင်စမ်းရွာ)၏ ထုတ်ဖော်ပြောပြချက် ဖြစ်ပါသည်။ ဆရာကြင်အား ၎င်းကိုယ်တိုင် မေးမြန်းပြီး ပြောပြခြင်း ဖြစ်ပါသည်။]

## ချစ်စွာသော စာဖတ်သူများသို့—

ဤစာအုပ်တွင် ပြန်လည်တင်ပြထားသော ဆောင်းပါး,ဝတ္ထုရှင် စာရေးဆရာများအား အလွန် ကျေးဇူးတင်လျက် ရှိနေပါသည်။

စာမူရှင်များအား ဗုဒ္ဓအသံ-သို့ လိပ်စာအပြည့်အစုံ ဖော်ပြ၍ ဆက်သွယ်ကြပါရန် ခင်မင်လေးစားစွာ ပန်ကြားအပ်ပါသည် ခင်ဗျား...

ဒွေးလှိုင်

# အရဟံဂုဏ်တော်ဖြင့် မုန်တိုင်းကိုဖြိုခွင်းသူ

## ဘက်စုံကာကွယ် တွန်းလှန်နိုင်ပါမူ

## ( ၁ )

လူသားတို့၏ ဘဝသည် အန္တရာယ်များလှ၏။ အမြဲတမ်း သဘာဝ အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ ကိုယ့်အားကိုယ်ကိုး၍ ကြိုးစား လုပ်ကိုင်တိုင်းလည်း အကျိုးခံစားရသည် မရှိ။ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းထန်ခြင်း၊ လျှော်လှုပ်ခြင်း စသည်။

လူသားတို့ကလည်း အားကျမခံ၊ 'လှိုင်းကြီး လေ့အောက်၊ တောင်ကြီး ဖဝါးအောက်' ဟု သဘောထားကာ သဘာဝ အန္တရာယ်များအတွက် အမျိုးမျိုးသော တွန်းလှန်ကာကွယ်နည်းများကို စူးစမ်းလေ့လာဆောင်ရွက် ကြသည်။ သို့ရာတွင် ယေဘုယျအားဖြင့် ကြိုတင်သိရှိကာ ပုန်းရှောင်နိုင် သော နည်းလောက်သာ တွေ့ရှိကြသေး၏။

တိုးတက်တီထွင်ဆောင်ရွက်ကြတိုင်း သဘာဝ အန္တရာယ်များကိုလည်း တိုး၍ တွေ့ရှိရပြန်သည်။ ဥပမာ ရိုးရိုးလေယာဉ်မှ အမြင့်ပေ ၅၀၀၀၀ မှ တစ်နာရီ မိုင် ၇၀၀ အထိ ပျံသန်းနိုင်သော ဂျက် လေယာဉ်ကြီးများကို တိုး တက် တီထွင်နိုင်ကြစေကာမူ တစ်နာရီလျှင် မိုင် ၂၀၀ ကျော် တိုက်ခတ်နိုင် သော 'ဂျက်လေစီးကြောင်း' ခေါ် ကောင်းကင် သဘာဝအန္တရာယ်သစ် တစ်ခုတိုး၍ တွေ့ကြုံလာကြရပြန်၏။ (ပိဋကတော်လာ 'ဝေရမ္ဘလေ' နှင့် နှိုင်းယှဉ်လေ့လာသင့်၏။)

လူသားတို့ လုံ့လသည် ချီးကျူးထိုက်သကဲ့သို့ သဘာဝ အန္တရာယ် များကလည်း အမျိုးမဆုံးအောင် ဆန်းကြယ်လှ၏။ ဆေးသစ်ဆေးထွမ်းများ ပေါ်လာလေ၊ ရောဂါဆန်းများက တိုးလာလေ ဖြစ်နေသကဲ့သို့ ရှိခတ

သည်။ မည်သို့ပင်ဖြစ်စေ တီထွင်ကြံဆ၍ မလျော့သော လုံ့လဖြင့် ကြိုးစားရင်ဆိုင်ကြရမည်မှာကား လူသားတို့၏တာဝန်ပင်ဖြစ်၏။ ထို့ကြောင့် သိပ္ပံပညာရှင်တို့အား ချီးကျူးကာ ကျေးဇူးတင်ကြရပေလိမ့်မည်။

သိပ္ပံဆရာတို့ကိုချည်း ပုံ၍ယုံကာ အားကိုးနေရုံမျှနှင့်လည်း သဘာဝဘေးရန်က လုံပြီဟု မယူဆအပ်။ လေျှပ်, မုန်တိုင်း စသော သဘာဝဘေးရန်ကြီးများနှင့် စပ်၍လည်း သိပ္ပံဆရာတို့ ကိုယ်တိုင် ကြိုးစား ကြံဆဆဲအဆင့်၌သာ ရှိသေးကြောင်း နားလည်အပ်ကုန်၏။ 'Natural disaster' 'သဘာဝ အန္တရာယ်' ဆိုသော ဝေါဟာရ ကိုယ်နှိုက်က ထိုအဓိပ္ပါယ် သက်ဝင်ပြီး ဖြစ်လေသည်။

ရုပ်ပိုင်းဆိုင်ရာကလည်း အစွမ်းကုန် ကြိုးစားနေကြသကဲ့သို့ နာမ်ပိုင်းဆိုင်ရာကလည်း ဝိုင်းဝန်းကြိုးစားပါမူ၊ ဝါ-သဘာဝအန္တရာယ်တို့ကို ဘက်စုံတွန်းလှန်လိုက်ကြပါမူ တစ်နေ့သောအခါ လူသားတို့က အောင်ပွဲရမည်မှာ သေချာလှပေသည်။ သို့ရာတွင် ယခုနလူသားတို့၏ အသိမှာ ရုပ်ပေါ်၌သာ လုံးလုံးမှီခိုနေ၏။ လူသားတို့ နာမ်အင်အား သတ္တိကို လုံးဝ အသုံးမချသလောက် ဖြစ်နေ၏။

စမ်းသပ်ရုံကလေးမျှလောက်ကိုပင် စမ်းသပ်ရကောင်းမှန်း သိသူများမရှိ၍ နာမ်အင်အားသတ္တိ အလွန်ကြီးမားလှသည်ကို မသိထားဘိ၊ ရှိသည်ကိုပင် မယုံနိုင်ကြ။ ထိုမယုံသူများအလယ်၌ ဤစာတမ်းသည် အလွန်ဆန်းနေပေလိမ့်မည်။

တစ်ဖန် ဘာသာရေး အမြင်ဖြင့် တီထွင်စမ်းသပ်မည် ဆိုလျှင်လည်း 'ဘာသာရေး' ဆိုသည်ကိုပင် ဗလုံးဗထွေး နားလည်ထားသူတို့ အမြင်၌ သိပ္ပံလည်း မထွန်းကား၊ တကယ့်သဘောတရား ဘာသာရေးလည်း မပေါ်သေးသော ရှေးခေတ်က လူများ အန္တရာယ်ပြုတတ်သော မြစ်၊ တော၊ တောင်၊ နေ၊ လ စသည်တို့ကို ကိုးကွယ်ခြင်းနှင့် ရောထွေး နားလည်နေမည်ကိုလည်း စိုးရိမ်ရပြန်၏။

ဗုဒ္ဓဝါဒကား အကြောင်းအကျိုး၊ ပူမှု အေးမှု စသော သဘောတရား၌ ရပ်တည်၍ ကိုယ့်အား ကိုယ်ကိုးသော ဘာသာဖြစ်သည်။ ပြင်ပဝတ္ထုတစ်စုံတစ်ရာ၊ တစ်ဦးတစ်ယောက်သော ပြင်ပပုဂ္ဂိုလ်ကို အားကိုးသော ဘာသာမဟုတ်ချေ။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် လူသားတို့ ဒုက္ခဘေး

ရန်ကို အမှန်တကယ် ဖယ်ရှားပေးနိုင်သော 'သိပ္ပံဘာသာ'အဖြစ် ရပ်တည် နေလေသည်။

ဘာသာရေးမှန်သမျှ ကြောက်ရွံ့မှုက စတင်သည်ဟု သုံးသပ်ကြသည့် အတိုင်း သိပ္ပံပညာလည်း ထို့အတူပင်ဖြစ်၏။ အခြားအကြောင်းရင်း မရှိ။ လူသားတို့ ဒုက္ခ၊ ဘေးရန် အန္တရာယ်များကို တားဆီး ပယ်ဖျောက်ရန်ပင် မဟုတ်ပါလော။ ထို့ကြောင့် ယနေ့လူသားတို့ ရင်ဆိုင်နေကြရသော ဘေး ရန်များအတွက် သိပ္ပံပညာကို အားကိုးတစ်ခု ပြုရသကဲ့သို့ သိပ္ပံဘာသာ ဖြစ်သော ဗုဒ္ဓဝါဒကိုလည်း အားကိုးအားထားရာကြီး တစ်ခုအဖြစ် လက်ခံ လိုက်နာ၍ ဘက်စုံ ရပ်တည်နိုင်ပါမူ၊ ဘက်စုံ ကာကွယ် တွန်းလှန်နိုင်ပါမူ လူသားတို့ ကမ္ဘာသည် အလွန်နှစ်လို့ဖွယ် တည်ရှိနေပေလိမ့်မည်။ ချမ်းမြေ့ သာယာနေပေလိမ့်မည်။

'သရဏ-သရဏဂုံ'ဟူသော စကားသည်ပင်လျှင် ဘေးရန် အမျိုးမျိုး (ယခုဘဝကြုံရသော ဘေးရန်ကိုသာမက) ဖယ်ရှားပစ်ကာ သုခအစားစားကို ပေးနိုင်သဖြင့် လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အားကိုးရာ အား ထားရာ-ကိုးကွယ်ရာ-ပုန်းအောင်းရာ-ခိုလှုံရာ ဟူသော အဓိပ္ပာယ်ကို ဆောင် လေရာ ထိုအခြေခံအချက်ကြီးကို မမေ့နေကြလေသည်။

သရဏ-ဘုရား၊ တရား၊ သံဃာ ဟူသော ကိုးကွယ်ရာ ရတနာ သုံးပါးက ပေးသော ချမ်းသာကား ကြိုတင်သိရှိ၍ ရှောင်ရှားနိုင်သော ကြောင့် ရသော ချမ်းသာမျိုး၊ ပြေးနိုင်လို့ လွတ်မြောက်သော ချမ်းသာ မျိုး မဟုတ်ချေ။ ဖြစ်ပေါ်မည့် ဘေးရန်များ မဖြစ်တော့သဖြင့် ပြေးပုန်း ရှောင်ရှားရန်ပင် မလိုတော့သော ချမ်းသာမျိုးဖြစ်၏။

## မြို့လုံးကျွတ် နစ်မြုပ်စေနိုင်သော မုန်တိုင်းဘေး

## ( ၂ )

အန္တရာယ်တွေများစွာ ရှိနေတဲ့အထဲက မုန်တိုင်းအန္တရာယ်တစ်ခု တည်း၏ ကြောက်မက်ဖွယ်ကောင်းပုံကို ကြည့်ကြဦးစို့။

တစ်နာရီလျှင် မိုင် ၃၀-ကျော်မှ မုန်တိုင်းဟု ခေါ်၍ ၄၀-ကျော်လျှင် ဆိုင်ကလုံး (ခွေနေသော မြွေကြီး)၊ ၆၀ ကျော်လျှင် မုန်တိုင်းကြီးဟု သုံး နှုန်းကြ၏။ ဆိုင်ကလုံး ဟူသော ဝေါဟာရမှာ ဘင်္ဂလား ပင်လယ်အော်

အတွက် ခေါ်သော ဝေါဟာရဖြစ်၏။ ၇၅-မိုင် ကျော်လျှင် ပစိဖိတ်၌ 'တိုင်ဖုန်း' ဟုခေါ်၍၊ အတ္တလန္တိတ်၌ "ဟာရိကိန်း" ဟု ခေါ်သည်။

ဘင်္ဂလားပင်လယ်အော်၌ တစ်နှစ်လျှင် ၆ ကြိမ်မှ ၁၀ ကြိမ်အထိ ဖြစ်ပေါ်တတ်၍ မြန်မာပြည်ဘက်သို့ကား တစ်နှစ်လျှင် တစ်ကြိမ်လောက်သာ ဝင်လာတတ်၏။ မိုးလေဝသမှတ်တမ်းများအရ အောက်ပါမုန်တိုင်းကြီးများသည် အသိဉာဏ် လုံ့လရှိသော လူသားတို့အား ဆိုးရွားစွာ ဒုက္ခပေးခဲ့သည့်အပြင် 'ကိုယ်ပိုင် အင်အားများ'ကို မွေးမြူကြရန်လည်း သတိပေးနေသကဲ့သို့ ရှိခဲ့လေသည်။

၁၇၃၇ ခုနှစ်၊ အောက်တိုဘာ ၇ ရက်နေ့က ဘင်္ဂလားပင်လယ် အော်အောက်ပိုင်း ဟူဂလီမြစ်ဝှမ်း၌ တိုက်ခတ်ခဲ့သော ဆိုင်ကလုံးကြောင့် ဒီရေများ ပေ ၄၀ ထိ မြင့်တက်လာ၏။ လှေ-သင်္ဘော နှစ်သောင်းပျက်စီး၍ လူပေါင်း သုံးသိန်း သေဆုံးခဲ့ရသည်။

၁၇၈၉-ခုနှစ်၊ဒီဇင်ဘာလကအိန္ဒိယအရှေ့ဘက်ကမ်းခြေရှိ ကိုရင်းဂါး မြို့မှာ အဆောက်အအုံများနှင့်အတူ မြို့နေလူအားလုံး (နှစ်သောင်း) အလောင်းပင် ရှာမရတော့ချေ။ ကိုရင်းဂါးဆိုင်ကလုံးဟုတွင်ခဲ့၏။ တစ်မြို့လုံး စုပ်စုပ်မြုပ် ပျောက်ကွယ်ခဲ့ရသည်။

၁၀၆၄-ခုနှစ်၊ အောက်တိုဘာလက တိုက်ခတ်ခဲ့သော ကာလကတ္တား ဆိုင်ကလုံး၌ လူရှစ်သောင်း သေခဲ့ရသည်။

မှတ်တမ်း တွေ့ရှိရသမျှ မြန်မာနိုင်ငံ၌ မုန်တိုင်းဒဏ်ကြောင့် သေကြေ ပျက်စီးခဲ့ရသော စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်—

၁။ ၁၀၀၄ ခု၊ မေလ ၁၄ ရက်မှ ၁၇ ရက်ထိ၊ လူ၁၀၀ ကျော် သေ၍ သီးနှံများစွာ ပျက်စီးဆုံးရှုံးခဲ့ရ၏။

၂။ ၁၉၃၆-ခု၊ ဧပြီလ ၂၂-မှ ၂၆။ ကျောက်ဖြူမုန်တိုင်း၊ လူ ၁၀၀၀ ကျော်သေ၊ ကျွဲနွား ၇၀၀၀-ကျော်သေ၊ ဘုရား ကျောင်းကန် အဆောက်အအုံ သိန်း ၂၀၀-ကျော်။

၃။ ၁၉၆၇-ခု၊ မေလ ၁၇-ရက်၊ ကျောက်ဖြူမုန်တိုင်း၊ ပုသိမ်ခရိုင်၌ သိန်းတစ်ရာကျော်၊ ကျောက်ဖြူခရိုင် သိန်းနှစ်ရာငါးကျော်။ (နှစ်တစ်ရာအတွင်း တတိယ အဆိုးရွားဆုံး၊)

၄။ ၁၉၆၇-ခု၊ အောက်တိုဘာလ၊ စစ်တွေမုန်တိုင်း၊ စစ်တွေနှင့် ကျောက်ဖြူခရိုင် လူတစ်ထောင်ကျော်သေ၊ ကျွဲနွား အိုးအိမ်တန်ဖိုး သိန်းတစ်ရာကျော်၊ ထိုမုန်တိုင်းကြောင့် ချင်းတွင်းမြစ်ရေ ညတွင်း

ချင်း ၁၀–ပေတက်၊ မုံရွာခရိုင် လူတစ်ရာကျော်၊ ကျွဲနွားတစ်ထောင်ကျော်သေ။

၅။ ၁၉၆၀–ခု၊ မေလ ၆-ရက်မှ ၁၀-ရက်၊ စစ်တွေမုန်တိုင်း၊ လူတစ်ထောင်ကျော်၊ ကျွဲနွား ၂–သောင်းသေ၊ ပင်လယ်ဒီလှိုင်း ၁၅–ပေတက်၊ လေတိုက်နှုန်း တစ်နာရီ မိုင် ၁၅၀၊ သိန်းပေါင်းရှစ်ထောင်ခန့် ဆုံးရှုံး။ အဆောက်အအုံ ၉၅ ရာခိုင်နှုန်းပျက်။ နှစ်တစ်ရာအတွင်း အဆိုးရွားဆုံး။ မြန်မာ့မုန်တိုင်းရာဇဝင်တွင် အဆိုးရွားဆုံး။

၆။ ၁၉၇၅–ခု၊ မေလ၊ ပုသိမ်မုန်တိုင်း၊ တစ်နာရီမိုင်တစ်ရာ၊ ဒီလှိုင်း၁၀ ပေတက်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း အထူးသဖြင့် ပုသိမ်မြို့၊ လူ ၃ပေါင်းသုံးရာကျော်၊ ကျွဲ နွား တစ်သောင်းခန့်သေ၊ ဆုံးရှုံးမှုတန်ဖိုး သိန်းပေါင်း ရှစ်ထောင်နီးပါး။

၇။ ၁၉၈၂–ခု၊ မေလ၊ ဂွမြို့မုန်တိုင်း၊ မိုင်–၁၂၀၊ ဂွမြို့ ၉၀ ရာနှုန်းပျက်၊ ရခိုင်တောင်ပိုင်း၊ ဧရာဝတီ မြောက်ပိုင်း၊ ရန်ကုန်တိုင်း ပဲခူးတိုင်းတောင်ပိုင်းနှင့် မွန်ပြည်နယ်။ များစွာပျက်စီး၊ လူသေမှုကားနည်း၏။

ပထဝီဝင်အရ လေကတော့ ဖြစ်လေ့ရှိသော ဘင်္ဂလားပင်လယ်အော်နှင့် တိုက်ရိုက်ထိစပ်နေသော ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယ အရှေ့ပိုင်းတို့၌ကား လွန်ခဲ့သော အနှစ်အစိတ်ခန့်မှစ၍ နှစ်စဉ်လိုလိုပင် လူပေါင်း ထောင်နှင့်ချီ၍ သေပျောက်ခဲ့ရရှာလေသည်။

၁၉၇၅–ခုနှစ်၊ မေလ ၂၄ ရက်နေ့က မုန်တိုင်းမှာလည်း ဘင်္ဂလားဒေ့ရှ်ကမ်းခြေတစ်လျှောက်မှနေ့ောက် နှစ်မြုပ်ပစ်ခဲ့ပြန်၏။လူပေါင်း၁၀၀၀ နေထိုင်သော ဥရိချာခေါ် ကျွန်းသစ်ကလေး တစ်ကျွန်းလုံး ရေထဲမျောပါသွား၏။ လူတစ်ဝက်ခန့် သေပျောက်သွားသည်။ ၁၂ ပေခန့်မြင့်သော ပင်လယ်ရေ ဒီလှိုင်းကြီးများသည် ဥရိချာကျွန်းနှင့်တကွ ကမ်းခြေမြို့ရွာရှိ လူသူအဆောက်အအုံအားလုံးအား ပင်လယ်ထဲ ဆွဲသွားလိုက်၊ ကုန်းပေါ် ပစ်တင်လိုက်နှင့် ထုရိုက်ချေမှုန်းခဲ့၏။ အိန္ဒိယ, ဘင်္ဂလားဒေ့ရှ်, သီဟိုဠ် (သီရိလင်္ကာ) ခေါင်းဆောင်ကြီးများပင် ကွင်းဆင်းကြည့်ရှု၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ခဲ့ကြရသည်။

မည်မျှပင် နှစ်စဉ်အန္တရာယ်ရှိသည်ကို သိမြင်ကြသော်လည်း လူဦးရေသန်းတစ်ရာရှိ ဘင်္ဂလားဒေ့ရှ်သားတို့သည် ပြေးစရာ မြေမရှိရှာကြတော့ပေ။ သိသိကြီးနှင့် ဇွတ်ပေ၍သာ ခံနေကြရရှာလေသည်။ ရုပ်အင်အား နာမ်

အင်အားသစ်များကို ကြိုးစားရှာဖွေတွေ့မြင်လာ ရင်ဆိုင်နိုင်ကြပါစေဟုသာ မျှော်လင့်ရပေတော့သည်။

## မုန်တိုင်းဖြိုခွင်းရေး နည်းသစ်

## ( ၃ )

မုန်တိုင်းကို သိပ္ပံနည်းဖြင့် ကြိုတင်သိမြင်ရှောင်တိမ်းနိုင်ရုံမှအပ လုံးဝ တားဆီးဖြိုဖျက်ရန် မလွယ်ကူလှသေးချေ။ မုန်တိုင်းဗဟိုချက်မခေါ် မျက်စိ ထဲသို့ လေယာဉ်ဖြင့် အိုင်အိုဒိုက်ဒ်ငွေ့များ ကြဲချပေးခြင်းဖြင့် ၃၀-ရာခိုင်နှုန်း သက်သာစေသောနည်းကို အမေရိကန်တို့ တွေ့ရှိထားပြီဟု သိရ၏။ သို့သော် ကျယ်ပြန့်စွာ သုံးစွဲရန် လွယ်ကူဦးမည် မဟုတ်သေးချေ။

စင်စစ် ရွေ့လျားလည်ပတ်နေသော ကမ္ဘာကြီးကို ရပ်တန့်အောင် လုပ်ရန် မလွယ်ကူသကဲ့သို့ ဝါ-မလုပ်အပ်သကဲ့သို့သဘာဝအလျောက်ဖြစ်ပေါ် မြဲ ဖြစ်သော မုန်တိုင်းကိုလည်း ထို့အတူပင် သဘောထားကြဟန်ရှိလေသည်။

သဘာဝအလျောက် ဖြစ်ပေါ်သည်ဆိုခြင်းကို အနည်းငယ် ရှင်းရ သော် ဤကမ္ဘာကို မိုင် ၃၀၀မှ ၁၀၀ အတွင်း လေထုကြီးကလွှမ်းခြုံထား၏။ ကမ္ဘာ၏ ၃-ပုံ ၂-ပုံ သည် ပင်လယ်ရေနေဖြစ်၍ ၁-ပုံသာ မြေပြင်၌ ရှိ၏။ ဝင်ရိုးစွန်းဒေသများက ရေခဲပြင်ဖြစ်၍ အီကွေတာအနီး အချို့ဒေသများ မှာ သဲကန္တာရဖြစ်ရာ အေးသောအရပ်က အလွန်အေး၍ ပူသောအရပ်က အလွန်ပူသည်။

ဒေသအလိုက် အပူအအေးမတူ၍ လေဖိအားကွာခြား၏။ လေဖိအား ကွာခြား၍ လေကြောင်းပြောင်းလဲ၏။ ထိုလေသည် အမြဲလည်ပတ်နေသော ကမ္ဘာလုံးကြီးကြောင့်လည်း ကွေ့ကောက်ရစ်ခွေ၍ တက်နေရပြန်၏။ ဆိုင်က လုံးအဖြစ်သို့ ရောက်သွားသော ယင်းလေပွေ၏ မိုင် ၂၀-ခန့်ရှိ ဗဟိုချက် (မျက်စိ)သည် လက်ဝဲရစ် မိုင် ၁၅၀ နှုန်းမျှ ဝဲလှည့်၍ နေတော့၏။ ကုန်းပေါ်သို့တက်မိ၍ ပိုမိုခြောက်သွေ့သော လေအေးနှင့် ထိတွေ့ခွင့်ရမှ သာလျှင် ထိုမုန်တိုင်းအင်အား ပျက်ပြယ်သွားနိုင်သည်။ ဤကား သဘာဝ အလျောက် ကမ္ဘာလေလှုပ်ရှားတိုးဝှေ့ပုံ အကြမ်းသဘောဖြစ်၏။

သဘာဝအန္တရာယ်ခေါ်သော ယင်းမုန်တိုင်းကြီးများကို သတ္တဝါတို့ အတွက် ဗုဒ္ဓဓမ္မနည်းကိုသုံး၍ စမ်းသပ်ကာကွယ်၊ ဖြိုဖျက်လျှင် ရစကောင်း၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဓမ္မသည်လည်း အန္တရာယ် အမျိုးမျိုးကိုကာကွယ် ဟန့်တားနိုင်သော အစိန္တေယျဓမ္မဖြစ်သောကြောင့်ပေတည်း။

သဘာဝအန္တရာယ်ဟု သာမန်အားဖြင့် ထင်ရသော်လည်း မိုးလေဝသ အန္တရာယ်တိုင်း ဥတုနိယာမ သဘာဝအန္တရာယ် မဟုတ်တတ်ချေ။ မိုးရွာခြင်း အကြောင်း ဂ-မျိုးရှိရာတွင် ရာသီဥတုကြောင့်ရွာခြင်းမှာ အကြောင်းတစ်ခုသာ ဖြစ်၏။ သစ္စာကြောင့် သူတော်ကောင်းတို့၏ တန်ခိုးကြောင့် စသော အကြောင်း ခုနစ်ရပ်ရှိနေသေးသည်။ ထို့အတူ ပူမှုအေးမှု လေတိုက်မှု စသည်တို့တွင်လည်း ဥတုနိယာမဟူသော သဘာဝကြောင့်ချည်းမဟုတ်ချေ။ သဘာဝမဟုတ်သော အခြားအကြောင်းများလည်း ရှိသေးကြောင်း ဝလာဟက သံယုတ်ပါဠိ၊ အဋ္ဌကထာ၊ ပဥ္စာအင်္ဂုတ္တရ၊ ဝဿသုတ်နှင့် အထူးသဖြင့် လူတို့၏ ကိုယ်ကျင့်တရား၌ အခြေခံကြောင်း တိကနိပါတ်-ဂါမဏိစန္ဒဇာတ်၊ စတုက္က-ရာဇောဝါဒဇာတ်၊ စတ္တာဠီသ-တေသကုဏဇာတ် စသည်တို့၌ဟောကြား ဖွင့်ဆိုချက်များ ရှိကုန်၏။

အထက်ပါ သုံးသပ်ချက်များကို ထောက်ရှု၍ 'ကိုယ့်အာ ကိုယ်ကိုးရမည်' ဟူသော ဗုဒ္ဓဩဝါဒတော်နှင့်အညီ ထုတ်ဖော်ကျင့်သုံးရန် လိုအပ်ကြောင်း ထင်ရှားလာပေသည်။ ကျွန်ုပ်တို့သည် ဘာသာရေးကျမ်းစာများ ရေးစကပင်လျှင် ထိုအင်အားသစ်ကို ပျိုးထောင်ပေးခဲ့ဖူးပါ၏။

ကျွန်ုပ်တို့၏ ထိုအခြေခံ ခံယူချက်နှင့်လည်း ကိုက်ညီ၍ လက်တွေ့လည်း စမ်းသပ်ကာ အကောင်အထည်ဖော်လျက်ရှိသော ပုဂ္ဂိုလ်ထူးတစ်ပါးကိုလည်း ဖူးတွေ့ရ၏။ သူကား နှစ်ပေါင်း ၄၀ ကျော် တောပျော် တောင်တန်း သာသနာပြု ခန္တီနီးတောင်တောရဆရာတော်ကြီး အရှင်ဦးဥတ္တမသာရဖြစ်ပါသည်။ ဆရာတော်သည် နှစ်ပေါင်းများစွာ ဗုဒ္ဓါနုဿတိနှင့် မေတ္တာ ဘာဝနာ စသည်တို့ကို များစွာပွားထုံလေ့ကျက်တော်မူခဲ့၏။ ဘေးအန္တရာယ် အမျိုးမျိုးကို အကြိမ်ကြိမ် အောင်မြင်ခဲ့သော လက်တွေ့များက မုန်တိုင်းကြီးများကိုပင် ကာကွယ်ဖို့ခွင်းလျှင် ရနိုင်စကောင်း၏ ဟူသော အသိသစ်၊ အင်အားသစ်များကို ဖြစ်ပေါ်စေခဲ့လေသည်။

ဆရာတော်ကား လို့လဝီရိယ ဇွဲသတ္တိ ကြီးမားသည့်အပြင်၊ လူသာ ပဓာန၊ ကိုယ့်အား ကိုယ်ကိုးသော ဝါဒကို အကြွင်းမဲ့ယုံကြည်ကာ သတ္တဝါ အများ ကောင်းစားချမ်းသာရေးကို ကိုယ်နှင့်ရင်း၍ ပေးချင်သူ ဖြစ်၏။ ထိုအခြေခံစိတ်ထားနှင့် ဗုဒ္ဓဓမ္မအတွေ့အကြုံများက ဆရာတော်အား မုန်တိုင်းကြီးများကိုပင် ဟန့်တားဖြိုခွင်းသည်အထိ ဆောင်ရွက်တော်မူရန် တွန်းပို့ခဲ့ကြလေတော့၏။

အချိန်ကား ၁၉၇၄-ခုနှစ်၊ ဩဂုတ်လ။

နှစ်ပေါင်း မုန်တိုင်းဘေးကြောင့် သေကြေပျက်စီးကြရသောသတ္တဝါများအပေါ် သနားကရုဏာ ဖြစ်တော်မူခဲ့ရပေါင်း များစွာကြုံရသော ဆရာတော်သည် မိုးမှောင်ကျနေသော ခန္တီနှံတောင် တောရကျောင်းကလေးအတွင်း၌ အရုပ်လေးမျက်နှာသို့ ဖြန့်လွှတ်၍ မေတ္တာဘာဝနာ ပွားပို့နေခိုက် အသိဉာဏ်တစ်ချက် ဖျက်ခနဲပွင့်လာ၏။ မုန်တိုင်းရန်ကို ဟန့်တား ဖြိုဖျက်လျှင် ရနိုင်ကောင်းသည် ဟူသော အသိပင် ဖြစ်သည်။

ထိုအခိုက် အနီး၌ရှိသော ရေဒီယိုကလေးကို ဖွင့်လိုက်ရာ တိုက်တိုက်ဆိုင်ဆိုင် မုန်တိုင်းသတင်းကြေညာလျက်ရှိသဖြင့် ငြိမ်းအောင် နားထောင်နေမိ၏။ မုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်၌ ပင်လယ်ပြင်ကို ဗဟိုပြုကာ၊ မည်၍မည်မျှ အင်အားရှိ၍၊ မည်သို့မည်ပုံ ရွေ့လျားဖွယ်ရှိ ကြောင်း သတင်းပါ အချက်အလက်များကို သေချာစွာ မှတ်သားလိုက်၏။

"ဒီမုန်တိုင်းကို ငါရအောင်ဖြိုခွင်းမည်" ဟု စိတ်ကိုဆုံးဖြတ်လိုက်သည်။ ပြီးလျှင် ဘုရားသိုင်းမြဲနေရာ၌ ထိုင်တော်မူ၍ ဂုဏ်တော်ပွားကာ မိုးနတ်သား လေနတ်သားကစ၍ အမျှဝေ မေတ္တာရပ်လိုက်သည်။ နှစ်စဉ် မုန်တိုင်းဒဏ်ခံရလေ့ရှိသော ဒေသများကို အထူးမေတ္တာများပို့၏။ ထိုဒေသရှိ လူနတ်များကိုလည်း အထူးမေတ္တာပို့ အမျှဝေ၏။

အဓိဋ္ဌာန်နှင့်ပရိကံများလုပ်ပြီးလျှင် မုန်တိုင်းတစ်ခုတွင် မိုင် ၂၀-ခန့်ရှိသော မုန်တိုင်းမျက်စိခေါ် ဗဟိုချက်မသည်ရှိ၏၊ ထိုမျက်စိတွင်းသို့ဝင်ကာ စိတ်ညွတ်လျက် ကင်ပျဉ်ခွေထိုင်နေလိုက်၏။ ထိုင်ပြီးလျှင် ဦးစွာ 'အရဟံ' ဂုဏ်တော်တို့ နည်းသုံးမျိုးဖြင့် ပွားများနေလိုက်၏။

၁။ **အ—ရဟံ** = မျက်မှောက် မျက်ကွယ်၊ အခြင်းခပ်သိမ်း စင်ကြယ်တော်မူသည်ဖြစ်၍ မကောင်းမှုပြုဖွယ်၊ ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရား။

၂။ **အရ—ဟံ** = အရိယမဂ်၊ ဓားသန်လျက်ဖြင့်၊ ငွေသက် မကျန်၊ ကိလေသာရန်ကို တွန်းလှန်ပယ်သတ်တော် မူပါပေသော မြတ်စွာဘုရား (အရိ=အရ+ဟံ)။ ဝါ-သံသရာစက်၊ အကန့်အကွက်တို့ကို၊ ချိုးဖျက်တော်မူနိုင်ပါပေသော မြတ်စွာဘုရား (အရ+ဟံ)။

၃။ အရဟံ = လူနတ်ဗြဟ္မာသတ္တဝါအားလုံး၊အမြတ်ဆုံးဟု၊ ညွတ်ရှိုး

ဦးခိုက်၊ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေသော မြတ်စွာဘုရား။

အရဟံဂုဏ်တော်ကိုပွားခြင်းဖြင့် အစိန္တေယျဘုရားရှင်၏ အင်အားကို ခံယူခြင်းပင်ဖြစ်၏။ အရဟံဂုဏ်တော်ကိုပွားလျက် မုန်တိုင်းရွေ့လျားရာသို့ လိုက်ပါတော်မူ၏။

ထို့နောက် မုန်တိုင်းကြီး၏ ဗဟိုချက်မပေါ် တင်ပျဉ်ခွေထိုင်လျက်က မိမိလိုရာဘက်သို့လည်း ဆွဲခေါ်တော်မူ၏။ အရဟံ ၃-မျိုးနှင့်နောက်ကနေ၍ တွန်းသည့်အခါတွန်း။ ဆရာတော်သည် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ကြီး၌ ၆-နှစ်ခန့်နေခဲ့ဖူးရာ ထိုဒေသ၏ မိုးခေါင်ရေရှား ဖြစ်ပုံကို အာရုံ၌ပေါ်လာသည့်အားလျော်စွာ မုန်တိုင်းကြီးကို မိုးခေါင်ရေရှား မကွေးတိုင်းဘက်သို့ စိတ်ဖြင့်ညွှတ်၍ အရဟံနှင့် တွန်းပို့လိုက်သည်။ ကုန်းပေါ်တက်၍ မကွေးတိုင်း ပခုက္ကူနယ်မြေဘက်သို့ ရောက်လျှင်ပင် အရဟံဂုဏ်တော်ဖြင့်ပင် ဖြိုခွင်းဖျက်ခွဲကာ လေထုမှုရေထုဖြစ်အောင် စိတ်ညွှတ်လိုက်ပြန်၏။

ထိုအချိန်က ပခုက္ကူတစ်နယ်လုံး မိုးများရေကြီးကာ သီးနှံများပျက်စီးရကြောင်း ရေဒီယိုမှ သိရှိရလေရာ....

"အင်း....ဒီနည်းကောင်းတော့ဟုတ်ပြီ။ ဒါပေမယ့်အသုံးပြုပုံလိုနေသေးတယ်" ဟု သဘောပေါက်တော်မူလေ၏။

သို့နှင့်....မုန်တိုင်းသတင်း ကြေညာသောအခါ ပုသိမ်မြို့၏ အနောက်မိုင်မည်မျှအကွာ အိန္ဒိယသမုဒ္ဒရာ၌ ဗဟိုပြုနေသည်ဟုကြားသိရလျှင်ပင် ယခင်နည်းအတိုင်းစိတ်ညွှတ်၍ မုန်တိုင်းဗဟိုချက်မ၌ တင်ပျဉ်ခွေထိုင်လျက်၊ အရဟံဂုဏ်တော်ဖြင့် ဖြိုခွင်း၏။

နောက်ရက်များတွင် လပွတ္တာ၊ ငွေမြို့နှင့် ကျောက်ဖြူဘက်သို့ ဝင်လာပြီဟုဆိုလျှင် ကျောက်ဖြူကနေ၍ အနောက်ဘက်သို့တွန်းပြန်၏။ မုန်တိုင်းမှာ အိန္ဒိယကမ်းခြေဘင်္ဂလားဘက်သို့ ရွေ့လျားသွားပြန်သည်။ မုန်တိုင်းသွားရာသို့ စိတ်ညွှတ်လိုက်ပါရင်း—

"အင်း...ဘင်္ဂလားလဲ သတ္တဝါတွေပဲ သင်းတို့လဲ ဒုက္ခမရောက်ကြပါစေနှင့်" ဟု မေတ္တာပွားလျက် ကရုဏာညွှတ်ကာ မုန်တိုင်းကြီးကို ကွင်းဘက်သို့ ဆွဲခေါ်ရန် အကြံပေါ်လာ၏။ အရဟံ ၃-မျိုးနဲ့ အနောက်ဘက်ကနေပြီး မောင်းထုတ်၊ နောက်ဆုံး ထိုမုန်တိုင်းကြီးသည် ရခိုင်ရိုးမကြီးကို ဖြတ်ကျော်ကာ ပဲခူးကွင်းပြင်သို့ ရောက်လျက် တစ်စုံတစ်ရာ အနှောင့်အယှက် မပေး၊ စိုက်ပျိုးရေးအကူ မိုးရေများအဖြစ် ရွာသွန်းစေတော်မူခဲ့လေသည်။

---

မုန်တိုင်းတို့မည်သည် ကုန်းပေါ်သို့ရောက်လျှင် ပိုမိုပြင်းထန်လာတတ်သည့် လေအေးနှင့်ထိတွေ့ပါကကျေပျောက်ရစမြဲဖြစ်သည်ဟု မိုးလေဝသသိပ္ပံပညာ ကဆိုထားလေရာ အန္တရာယ်ပေးသောမုန်တိုင်းကြီးကို မိုးခေါင်ရေရှားအရပ်၌ မိုးရေအဖြစ် ရွာသွန်းစေလိုသော ဆန္ဒ၊ စေတနာ၊ ထိုစေတနာ ဆန္ဒဖြင့် ကွင်းပြင်သို့ ဆွဲဆောင်လွှတ်ယူလိုက်မည်ဟူသော ဆရာတော်၏အကြံမှာ သိပ္ပံ နှင့် တစ်ထပ်တည်း ဖြစ်နေသည်မှာ တိုက်ဆိုင်လွန်းစွ။

## ကံကောင်းအောင်နေ၊ ဘာမဆိုလုပ်လို့ရတယ်

## ( ၄ )

"ဘီလိဗ် အက်တ် အော်နေ့တ်" "ယုံချင်ယုံ မယုံချင်နေ" ဆိုသော စကားကိုပင် ပြောရပေတော့မည်။ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ထို စိတ်ကူးအကြံပေါ်သည့်ကိုပင် ဝမ်းမြောက်ဖွယ် ကောင်းလှပါပေသည်။

၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ညက ရန်ကုန်မြို့၊ ရေကျော်ရပ်၊ မဟာဇေယျလမ်း၊ ဓမ္မာရုံကြီး၌ ဆရာတော် ဟောပြောသည်ကို နားကြား၍ မှတ်သားမိသမျှ ရေးရခြင်းဖြစ်ပါသည်။ ထိုနေ့ညက မီးပျက်၍ အသံဖမ်းစက်လည်း သုံး၍မရ၊ စာရေးမှတ်၍လည်း မဖြစ်ပါ။

ဆရာတော်ကမူ ထိုနေ့ညမှာမှ ပို၍ အရေးပါသော အချက်များကို အားပါးတရ မမောနိုင် မပန်းနိုင် ဟောပြနေခဲ့၏။

"တတိယကမ္ဘာစစ်ကြီး မဖြစ်စေရဘူး"

"မြန်မာပြည် သာသနာ ဘယ်တော့မှ မတိမ်ကောဘူး"

"မြန်မာပြည်မှာ ရဟန္တာ ဘယ်တုန်းကမှ အဆက်မပြတ်ခဲ့ဖူးဘူး။ ကောင်းကင် ပျံကြွနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးတို့ ကိုယ်တွေ့ ခုလဲ ရှိနေ ကြပါတယ်"

အနယ်နယ်လှည့်လည်နေသော ဆရာတော်၏ အတွေ့အကြုံ၊ ကိုယ်တိုင် ပွားထုံထားသော မိမိ၏ဓမ္မအင်အားကို မည်မျှ အားထားယုံကြည်ကြောင်း အထက်ပါ သီဟနာဒ ကြုံးဝါးသံများကပင် သာဓက ပြလျက် ရှိနေကြ ပါ၏။

ကျွန်ုပ်သည် ထိုနေ့ညက မီးမလာသဖြင့် အသံဖမ်း၊ စာရေးဖို့ နေနေ သာသာ၊ ဆရာတော်ကိုပင်လျှင် ကောင်းစွာ မဖူးရသဖြင့် တရားပွဲအပြီး အားမလို အားမရ ဆင်း၍လာခဲ့ရာ ဓမ္မာရုံလှေကားအဆင်းတွင် ဥပါသကာ တစ်ယောက်က....

"ဆရာတော့် တရားနာရတာ အားကိုရှိသွားတာပဲဗျာ၊ နောက်ညတွေ ဘယ်မှာရှိသေးတုန်း" ဟု မေ့ာင်နှင့်မည်းမည်းတွင် မေးမြန်းနေသံကို ကြားခဲ့ရပါသေး၏။

ကျွန်ုပ်စိတ်ပျက်ခဲ့ရသည့်ကြားက ဝမ်းမြောက်စရာ အထောက်အထားတစ်ခုတော့ တိုက်တိုက်ဆိုင်ဆိုင်ရရှိခဲ့၏။ ၃-၂-၇၅ နေ့နံနက် ဆရာတော် ရန်ကုန်မှ တောင်ပေါ်သို့ပြန်ကြွမည်ဖြစ်ရာ ကျွန်ုပ်၏တပည့်တစ်ယောက်သည် ဆရာတော်၏ အထုပ်အပိုးများကို ၂-ရက်နေ့ညနေပိုင်း၌ ထုပ်ပိုး ပြင်ဆင်ပေးရသည်။ ဆရာတော်၏ ဒိုင်ယာရီတစ်ခုမှာ သိမ်းဆည်းရင်း အမှတ်မထင် လှန်ကြည့်မိရာက အောက်ပါ စာပိုဒ်ကလေးတစ်ခုကို ကူးယူလာကာ ကျွန်ုပ်အားပေးလာ၏။ ကိုယ့်မျက်စိများကိုပင် မယုံကြည်နိုင်အောင် ဖြစ်ရသည်။ "ဆိုင်ကလုံးဖြို (အမြင်ပေါက်)။ ၂ ရက်ဖျက်။ လေ ကျင့်စက ပခုက္ကူနယ် မိုးခေါင်၍ ဆိုင်ကလုံးမှ မိုးရေဖြစ်စေရန် ညွှတ်ပေးရာ အတိုင်းအဆလွန်သွား၍ ပခုက္ကူနယ်၌ မိုးလွန်ပြီး သီးနှံပျက်သည်ဆို၏"

အထက်ပါ ဖြစ်ရပ်များကား သက်တော် ၇၀-နှစ် ရှိပြီ ဖြစ်သော ဆရာတော်ဘုရားကြီး၏ အရဟံ ဂုဏ်တော်နှင့် မုန်တိုင်းကို ဖြိုခွင်းပုံဖြစ်၏။ မယုံလျှင်လည်းနေနိုင်ပါသည်။ သို့ရာတွင် သတ္တဝါအများစု၏ ကမ္မဿကတာ အခြေခံအင်အားအရ ကုသိုလ်ကံများထူထောင်နိုင်ကြပါမူ သူတော်ကောင်းကြီးများ၏ မေတ္တာစသော ဓမ္မသတ္တိများကိုလည်း အလွယ်တကူ ရယူခံစားနိုင်သည်ကိုမူ မဖြစ်နိုင်ဟု မဆိုသာချေ။

ထောက်ပြစရာ သာဓကတွေလည်း များစွာရှိပါ၏။

ဆိုင်ကလုံးမုန်တိုင်းထက် အဆပေါင်းများစွာ ပြင်းထန်၍ အာဠဝက တောင်ထွတ်ကြီးများကိုပင် လွင့်စဉ်သွားစေနိုင်သော မာရ်နတ်နှင့် အာဠဝကတို့၏ မုန်တိုင်းကြီးများကို ဘုရားရှင်၏ မေတ္တာသည် အောင်နိုင်ခဲ့ပါ၏။

မိုးညှင်းဆရာတော်ဘုရားကြီးကလည်း ဒုတိယ ကမ္ဘာစစ် မဖြစ်မီက အီတလီနှင့် အီသီယိုပီးယား နှစ်ပြည်ထောင်စစ်ဖြစ်ကြရာ မြေပုံကြီးကြည့်ကာ စိတ်ညွှတ်ပြီး မေတ္တာပွားပို့ကြရန် ညွှန်ကြားသည့်အတိုင်း ဆရာတော်နှင့်တကွ ယောဂီအများ ပွားပို့ကြရာ ၅-ရက်အရ စစ်ပြေငြိမ်းကြောင်း ကြေးနန်းသတင်း ပါလာဖူး၏။

တစ်ဖန် ရဟန္တာဟု ကျော်ကြားတော်မူသော ညောင်လွန့် တောရ ဆရာတော်ဘုရားကြီးနှင့် လယ်တီ ဆရာတော်ဘုရားကြီးများ ကိုယ်တိုင် မိုး

ခေါင်၍ ဆင်းရဲဒုက္ခရောက်နေကြရရှာသော တောင်သူလယ်သမား သတ္တဝါများအတွက် သိသာထင်ရှားအောင် မိုးများကို ရွာသွန်းပေးတော်မူခဲ့ကြဖူးပါ၏။

အစိန္တေယျဓမ္မဖြစ်သော ကမ္မနိယာမ-သီလ-သမာဓိ-ပညာ-အင်အားတို့သည် ဥတုနိယာမ ဗီဇနိယာမဟု ('နိယာမ-ဖြစ်မြဲ') အမည်တွင်၍ 'သဘာဝပဲ'ဟု ထင်ရသော အရာများကိုပင် လွှမ်းမိုးချုပ်လှယ်ကာ လိုသလို စေစားနိုင်သော အင်အားများ ဗုဒ္ဓဝါဒ၌ အထင်အရှား ရှိနေကြောင်းကိုလည်း ကောင်းစွာ မှတ်သားအပ်ကုန်၏။

တန်ခိုးဖြင့် လွှမ်းမိုးခြင်းထက် ကောင်းကံများကို ထူထောင်ကာ လွှမ်းမိုးအောင်နိုင်ခြင်းက သာ၍ စိတ်ချရပေသည်။

ဤနေရာ၌ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ စကားတော်တစ်ခွန်းကား ကျွန်ုပ်တို့ နားထဲက မထွက်ပါ။ ဗုဒ္ဓစာပေအရ မိမိဘာသာ အင်အားရှိအောင် ထူထောင်ထားပါလျှင် လောကကြီးမှာ ဘာမဆိုလိုသလို လုပ်လို့ရကြောင်း နားလည်ရပါသည်။

"(စစ်ပွဲကြီးများကို ရည်ညွှန်း၍) တို့များက ဒီကနေ့ ရပ်ဟေ့ဆိုရင် ရပ်ရမယ်"

"တို့ဘုရားသာသနာက မိုးရွာအောင်လုပ်လို့လဲရတယ်။ နေပူအောင်လုပ်လို့လဲ ဖြစ်တယ်။ လူလာအောင် လုပ်လို့လဲ ရတယ်၊ လူမလာအောင်လုပ်လို့လဲ ရတယ်။ သစ်ပင်ရှိရင် ဆွမ်းရှိတယ်။ မင်းတို့ ဘုရားကြည်ညိုတာက မတည့်တဲ့ သူငယ်ချင်း တစ်ယောက် အိမ်အလည်လာသလောက်မှ မကြည်ညိုကြလို့. မင်းတို့မှာ.... ဘာအကျိုးထူးမှ မခံစားရဘူး"

[မှတ်ချက်။ လူတိုင်းလူတိုင်း မိမိတို့ တွေ့ကြုံရသော ဒုက္ခဘေးရန် အန္တရာယ်အမျိုးမျိုးကို ဗုဒ္ဓဓမ္မနည်းဖြင့် ကာကွယ်ကျော်လွှန်နိုင်ကြစေရန်နှင့် ထိုသို့ ကိုယ်တွေ့ကြုံက သက်လုံကောင်းအောင် ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ သစ္စာ၊ သီလ၊ သမာဓိ ဝသီဘော်ကို ကြိုတင်အားဖြည့်ထားကြရန် ရည်သန်ချက်အရသာလျှင် အမြွက်မျှ နည်းပေးသည်ကို အကြမ်းဖျဉ်း သဘောသိရုံမျှ ရေးသား တင်ပြရခြင်း ဖြစ်ပါကြောင်း။]

# စစ်တွေမုန့်တိုင်းနှင့် ရတနာသုံးပါးကံလှိုင်း

## ဘေးဒုက္ခတွေ့ကြုံသော်

ဘုရားရှင်ကိုယ်တော်မြတ်သည် 'ဘေးဒုက္ခတွေ့ကြုံသော်၊ ငါဘုရား၏ ဂုဏ်တော်တံခွန်၊ တရားတော်၏ ဂုဏ်တော်တံခွန်၊ သံဃာတော်၏ ဂုဏ်တော် တံခွန်ကို ကြည့်ကြကုန်လော့။ မေတ္တာကို ပွားကြကုန်လော့။ ကြောက်လန့် ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းမှပျောက်လတ္တံ့'ဟု ဓဇဂ်သုတ်-မေတ္တသုတ် ပရိတ်တော်တို့၌ ကိုးကွယ်ရာကို ဟောကြားခဲ့လေသည်။

ထို့ကြောင့်ဗုဒ္ဓဘာသာဝင်တို့သည် ဘေးများနှင့် တွေ့ကြုံလာသော်၊ 'ဘုရားကယ်တော်မူပါ' ဟု မိမိတို့ ရရှိထားသော ဂုဏ်တော်၊ ပရိတ်တော် များကို ရွတ်ဆိုကြသည်။ မေတ္တာပို့ကြသည်။ အလွန် ကောင်းမြတ်လှပါ၏။ အထူးသတိပေးလိုသည်မှာ ဘေးတွေ့ကြုံမှ အောက်မေ့ခြင်းထက် အမြဲတစေ အရဟံ စသော ဂုဏ်တော်များကို ပွားများ ဆင်ခြင်ကြပါက သာလွန်၍ ကောင်းပါ၏။ စိတ်၏ချမ်းသာမှုအကျိုးကိုလည်း ရရှိမည်မှာ မလွဲပါ။

## ရခိုင်တိုင်းမှ အဖြစ်အပျက်ကလေး

မကြာမီက လေမုန်တိုင်းဒဏ်ခံလိုက်ရသော ရခိုင်တိုင်းမှ အဖြစ်အပျက် ကလေးကို တင်ပြလိုပါသည်။ မှတ်သားဖွယ် နည်းယူဖွယ် ကောင်းလှပါ၏။ မကွေးမြို့၌ အထက်တန်း ရာထူးတစ်ခုဖြင့် အမှုထမ်းနေသူ စစ်တွေမြို့သား တစ်ဦးသည် မကွေးမြို့၌ ဆွမ်းလောင်း အသင်းအဖွဲ့ဝင် တစ်ဦးဖြစ်၍ သာ သနာရေးကိစ္စကို အထူး ဆောင်ရွက်လျက်ရှိ၏။ အိမ်ထောင်ရေး ကိစ္စဖြင့် မိဘရပ်ထံ စစ်တွေသို့ ရောက်ရှိနေစဉ် ကြောက်မက်ဖွယ်ကောင်းသော လေ မုန်တိုင်းဒဏ်ကို ကိုယ်တိုင် ခံစားတွေ့ကြုံခဲ့ရသည်။

ရေလှိုင်း လေလှိုင်းများနှင့် ပြင်းထန်စွာ တိုက်ခတ်လာသော လှိုင်း လုံးကြီးများ ရိုက်ခတ်လာသဖြင့် တစ်လုံးပြီးတစ်လုံး အိမ်များကျွံ၍ မျော နေသည်ကို သူမြင်ရသည်။ မိမိတို့အိမ်များသို့ တစ်ဟုန်ထိုး ပြေးလာနေသော လှိုင်းလုံးကိုလည်း မြင်ရသည်။ ၎င်းတို့ ဘာမျှမတတ်နိုင်ဘဲ သေမင်းခေါ် ရာသို့ လိုက်သွားရမည့် အချိန်ကို ကြောက်လန့်စွာနှင့် မျှော်လင့်စောင့်ဆိုင်း ၍သာ နေရသည်။

(၁၉၆၀ ခု၊ မေလ ၁၀ ရက် စစ်တွေ မုန်တိုင်းကြောင့် စစ်တွေ ခရိုင်နှင့် ကျောက်ဖြူ ခရိုင်များတွင် လူပေါင်း ၁,၀၀၀ ကျော် သေဆုံးပြီး ကျွဲ နွားနှင့် အိုးအိမ်စုစုပေါင်း ကျပ် သိန်း တစ်ရာကျော်ဖိုး ဆုံးရှုံးခဲ့ပါသည်။ ဤမုန်တိုင်းသည် လွန်ခဲ့သော နှစ် ၁၀၀ ခန့် အတွင်း အဆိုးရွားဆုံး မုန်တိုင်းဟု မိုးလေဝသ မှတ်တမ်းများအရ သိရှိရပါသည်။ စာတည်းသူ။)

ဖခင်ဖြစ်သူသည် ရတနာ သုံးပါးကို အမြဲ ကိုးကွယ်သူ ဖြစ်သည်။ ဘုရားဝတ်အမြဲပြုသည်။ ဆွမ်းဝတ်အမြဲချက်သည်။ ဖခင်၌ကြောက်လန့်သော အမူအရာမရှိ။

"သားတို့၊ သမီးတို့ ဘုရား တရား အာရုံပြုကြ၊ မေတ္တာ ကမ္မဋ္ဌာန်း ပွားများကြ၊ ရတနာသုံးပါးအာရုံပြုသေရလျှင်ငါတို့မြတ်သည်"စသည်ဖြင့် သားသမီးများကို ဆုံးမ၍ ပရိတ်မေတ္တာပွားနေသည်။

ရေလှိုင်း အဟုန်သည် ပြင်းထန်စွာ တစ်ချက် ပုတ်ခတ်လိုက်သည်။ ၎င်းတို့၏ ကုသိုလ်အကျိုးပေလော၊ မမျှော်လင့်ဘဲ ဝါးဖောင်ကြီးတစ်ခုသည် အိမ်ဘေးသို့ ရေလှိုင်းနှင့်အတူ ဆိုက်ရောက်လာသည်။ သားအမိ၊ သားအဖ တစ်စု ဖောင်ပေါ်သို့ အမြန်တက်လိုက်ကြသည်။ ဖောင်ပေါ်ရောက်သည်နှင့် တစ်ပြိုင်တည်း ၎င်းတို့အိမ်သည် ရေလှိုင်းနောက်သို့ မျောပါသွားလေတော့ သည်။ မိသားတစ်စုသည် ဘုရား တရား တန်ရင်း လေလှိုင်းပုတ်ခတ်ရာသို့ ဖောင်ကိုစီးရင်း ဘေးလွတ်ရာကမ်းခြေသို့ ရောက်ရှိသွားလေသည်။

ဤအတွေ့အကြုံကလေးသည် တကယ့်အတွေ့အကြုံဖြစ်၍ ထူးဆန်းလှ ပါသည်။ က်-ဉာဏ်-ဝီရိယ၏ သဘောသည် ပေါ်လွင်လှပါ၏။ အမြဲပြုလေ့ ရှိသော ကောင်းမှုကံ၊ ဘုရားလျှင် ကိုးကွယ်ရာရှိသည်ဟု သိသော ဉာဏ်၊ ဆိုက်ရောက်လာသော ဖောင်ပေါ်သို့ သတိ မမေ့လျော့ဘဲ တက်ရောက်ခြင်း ဝီရိယ၊ ထိုသုံးဌာန ပေါင်းဆုံသဖြင့် ရရှိသော ကုသိုလ်အကျိုး ကိုယ်တွေ့ မှတ်တမ်း တစ်ခုကို ဒါယကာ ပြောပြသည့် အတိုင်း တင်ပြလိုက်ရပါ သတည်း။

(၁၉၆၀ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့ထုတ် ဗုဒ္ဓဓမ္မလောက စာစောင်အတွဲ (၁၄) အမှတ် (၁၇) မှ မင်းတုန်း-ဦးကောဝိဒ၏ "ကုသိုလ် အကျိုး ကိုယ်တွေ့"ဆောင်းပါးကို မူရင်းအတိုင်း ပြန်လည် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။)

# တစ်ကြိမ်ဦးချ ကျိုးဖလ

ကျွန်ုပ်သည် ပဲခူးမြို့ရွှေမော်ဓောဘုရားအနီးရပ်ကွက်တစ်ခုတွင်နေထိုင်ပြီး ဘုရားအရှေ့မုခ်နှင့်တောင်မုခ်ကြား ဘုရားဈေးတွင် ကျပန်း ရာသီကုန်များ၊ ကုန်စိမ်းများရောင်းချကာ အသက်မွေးဝမ်းကျောင်း ပြုရပါသည်။ ဘုရားဈေးအနီး၌ ယခုရန်ကုန်၊ ပဲခူးကားဂိတ်နှင့် သနပ်ပင်ပဲခူးကားဂိတ်ရှိသဖြင့် လွန်စွာ စည်ကားပါသည်။

ကျွန်ုပ်နှင့် ကျွန်ုပ်အမေတို့မှာ မိုးလင်းမှမိုးချုပ်မအားရအောင် အလုပ်လုပ်နိုင်မှ တစ်ဝမ်းတစ်ခါး ဝရသူများဖြစ်ပါသည်။ ညီငယ်ညီမငယ်များမှာ ငယ်သေးသဖြင့် ဘာမျှအပူအပင် မရှိကြပါ။

ဤသို့ဖြင့် ကျွန်ုပ်အသက် တစ်ဆယ့်ရှစ်နှစ်ခန့်အရောက် တစ်ခုသော မိုးတွင်းကာလတွင် လုပ်ငန်းပင်ပန်းလွန်းသဖြင့် ပန်းဖျားဖျားပါတော့သည်။ ညစဉ်ဘုရားဝတ်ပြုပြီးမှ အိပ်လေ့ရှိသော်လည်း အပြင်းဖျားနေသောကြောင့် ပက်လက်အနေအထားဖြင့်သာ ဘုရားအာရုံ ပြုရပါတော့သည်။ ဆွေမျိုးညာတိ အသိုင်းအဝန်းတွင် စားနိုင်သောက်နိုင်သူ၊ ချမ်းသာသူများ ရှိပါသော်လည်း အကူအညီမပေးကြပါ။

"ခြော် ...ငါ့မှာ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပါလား" ဟု ဘုရားကိုသာ ယုံကြည် အားကိုးရပါတော့သည်။ ကျွန်ုပ်တွင် ကံကောင်းသော အချက်တစ်ခုတော့ ရှိပါသည်။ ၎င်းမှာ ကျွန်ုပ်အိမ်ရာခေါင်းရင်း ပြတင်းပေါက်မှ ရွှေမော်ဓောဘုရားကြီးကို ဖူးမြော်နိုင်ခြင်းဖြစ်ပါသည်။

စောစောက အမေတိုက်သော ငန်းဆေးတစ်ခွက် သောက်သော်လည်း မသက်သာလှပါ။ အဖျားရောဂါသည် ကျသည်မရှိ ပို၍ ပြင်းထန်လာပြီး သေလုမျောပါး ခံစားရသောအခါ အောက်ပါအတိုင်း သစ္စာဆိုမိပါသည်။

"ငါသည် သူတစ်ပါးကို စိတ်မချမ်းသာအောင် ဒုက္ခဖြစ်အောင်မလုပ်ခဲ့ပါ၊ အိမ်ရှေ့ လူသွားလမ်းကိုလည်း ပြုပြင်ခဲ့ပါတယ်၊ ဤမှန်သောသစ္စာစကားကြောင့် ယခုကြုံတွေ့နေရသောဒုက္ခမှ လွတ်မြောက်ပါစေသား"

ဤသို့ သစ္စာဆိုပြီး တတ်သိသမျှ သမ္ဗုဒ္ဓေဂါထာ ဘုရားဂုဏ်တော်စသည်တို့ကို ရွတ်ဖတ်ခဲ့ပါသည်။

သို့သော်အဖျားရောဂါမှာသက်သာပျောက်ကင်းခြင်းမရှိဘဲဆက်လက်ခံစားနေရစဉ် ညဥ့်တစ်နာရီခန့်တွင် အိမ်ရှေ့မှလူခေါ်သံ တံခါးခေါက်သံကြား၍ အနိုင်နိုင်လူးလဲထပြီး မီးမှန်အိမ်မြှင့်တံခါးဖွင့်လိုက်ပါသည်။ မိုးတဖွဲဖွဲကျနေသည့်အောက်တွင် လူသုံးယောက် ရပ်နေသည်ကို တွေ့ရပါသည်။ သုံးယောက်စလုံး အဝတ်ဖြူဝတ်ထားသဖြင့် သူခိုးဓားပြမဖြစ်နိုင်ဟု ယူဆလိုက်ပါသည်။

"ဘာကိစ္စရှိပါသလဲခင်ဗျာ"အထက်ပါအတိုင်း မေးလိုက်သောအခါ သုံးယောက်လုံးက ပြုံးပြီး....

"မင်းကိုတွေ့ချင်လို့ လာတာပဲ"

"ဪ...ဟုတ်လား လာပါ တက်ခဲ့ပါ"ဟု ဆိုပြီး အိမ်မှာ ခြေတံရှည်အမြင့်ဖြစ်၍ ဝါးလှေကား ချပေးလိုက်ပါသည်။ အဖျားလည်း ဘယ်ရောက်သွားမှန်းမသိပါ။ သူတို့တက်လာပြီး အနီးရောက်စဉ် သေချာစွာကြည့်လိုက်တော့မှ အလယ်ကလူမှာ ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ဦးဖြစ်ကြောင်းသိရပါသည်။ ဆံပင်လည်းအတော်ကောင်းသူတစ်ယောက်ဖြစ်ပါသည်။ သူမလက်ထဲတွင် ကြာပွတ်လိုလို ကြိုးလိုလို ခွေလျက်သားကိုင်ထား၏။

ကျွန်ုပ်တို့အိမ်ရှေ့လမ်းမှာ မိုးတွင်းရွံ့ဗွက်ထူသည်ဖြစ်ရာ ၎င်းတို့သုံးယောက်အား ခြေဆေးရန် ရေနှင့်ခြေသုတ်ရန် အဝတ်များယူပေးပါသည်။ ၎င်းတို့သုံးဦးက ပြုံးရယ်ကြ၍ သေချာစွာကြည့်လိုက်ရာ ခြေထောက်တွင်ရွှံ့ပေခြင်းတို့ မရှိကြသည့်ပြင် မိုးပင်မစိုကြပါ။ အံ့ဩမိသည်မှာ သူတို့မှာ ဖိနပ်များလည်းမပါကြပါ။ထို့နောက်ထမင်းစားစားပွဲဝိုင်းချပြီး ကျွန်ုပ်တို့နှင့်ဝိုင်းထိုင်လိုက်ကြပါသည်။ သူတို့ထဲမှ အသက်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးက—

“ငါတို့ မင်းကိုလာခေါ်တာပဲ၊ မင်း တစ်ခါတည်း လိုက်ခဲ့ရမယ်၊ မင်းဒီလိုဒုက္ခရောက်နေတာကို တို့မကြည့်ရက်ဘူး၊ ဒါကြောင့် ဘာမှ မစိုးရိမ်ပါနဲ့ လိုက်ခဲ့ပါ”

“နေပါဦး၊ ဒီမှာ နေမကောင်းရတဲ့အထဲ ရှုပ်ရှုပ်ယှက်ယှက် ဘယ်ကို လိုက်ရမလဲဗျာ”

“မင်းမလိုက်လို့ မရဘူး၊ တစ်ခါတည်းခေါ်ဖို့ ငါတို့လာခဲ့တာပဲ”

“မဖြစ်နိုင်ဘူးဗျာ၊ ကျွန်တော်မရှိရင် အမေ တစ်ယောက် တည်းနှင့် မနိုင်မနင်းအလုပ်လုပ်နေရလိမ့်မယ်၊ ပြီးတော့ ညီမလေးတွေလဲ ရှိသေးတယ်၊ ဒါကြောင့် မဖြစ်နိုင်ဘူးဗျာ”

ဆိုပြီး စိတ်တိုတိုနှင့် အော်ပစ်လိုက်ပါသည်။ ထိုအခါ ယောကျ်ား နှစ်ယောက်က ဖျတ်ခနဲထပြီး ကျွန်ုပ်အား ဖမ်းချုပ်လိုက်၏။ အိမ်အလယ်တိုင်တွင် ကြိုးနှင့်တုပ်ချည်ပြီး အမျိုးသမီးက ကြာပွတ်နှင့်ရိုက်နှက်ပါတော့သည်။ အကြိမ်ကြိမ်ရိုက်လိုက် “လိုက်မှာလား”ဟု မေးလိုက်ဖြင့် ညှဉ်းပန်း နှိပ်စက်ပါတော့သည်။ တစ်ချက်ရိုက်လျှင် အသားပဲ့ကျမတတ် ခံစားရ၍ အသည်းခိုက်အောင် နာကျင်လှသော်လည်း “မလိုက်ဘူး” ဟု ဘူးခံနေပါသည်။ တစ်ချိတွင် မခံနိုင်၍ ဆောင့်ရုန်းလိုက်ရာ ကြိုးပြေပြီး လွတ်သွားသည်ဖြစ်၍ အမေ့အိပ်ခန်းဆီသို့ ပြေးသွားမိပါသည်။ “အမေရေ....အမေ... ထပါဦး” ဟု အော်နိုးလိုက်ပါသည်။ အမေထလာပြီး—

“သား မင်းဘယ်လိုဖြစ်တာလဲ”ကျွန်ုပ်ကလက်ညှိုးထိုးပြလျက်“ဟိုမှာ ကျွန်တော့်ကို သူတို့နဲ့အတူလိုက်ရမယ်ဆိုပြီးရိုက်နှက်နေကြပါတယ်၊ အမေ.... ကယ်ပါဦး”

“အမေ မမြင်ပါလား၊ ဘယ်မှာလဲ” “ထောင့်မှာ သူတို့ ထိုင်နေကြတယ်၊ ဟိုမှာလေအမေ ကျွန်တော့်ကိုလဲ လက်ယပ်ခေါ်နေတယ်၊ အမေမမြင်ဘူးလား”

“ဟယ်၊ မင်းကလဲ ဒုက္ခပါပဲ၊ ဘာမှမရှိဘူးဟဲ့”ဟုဆိုပြီး ကျွန်ုပ်ကို ချော့မော့ပြန်အိပ်စေပါသည်။အမေလည်း အခန်းထဲဝင် ပြန်အိပ်နေပါသည်။

အမေအိပ်သည်နှင့်သူတို့သုံးယောက်က ခြင်ထောင်လှန် ဝင်ဆွဲကြပြီး အတင်းအဓမ္မရိုက်နှက်ကြပြန်ပါသည်။ အသည်းခိုက်အောင် နာကျင်လှသော်

လည်း နောက်ဆုံးကြံရာမရဖြစ်သည်နှင့် ပေခဲ့ပြီး ငုတ်တုပ်ထိုင်လျက် ရွှေမော်ဓောဘုရားကို ရှိခိုးလိုက်ပါသည်။

ထိုနောက် "ဗုဒ္ဓဘုရားပေးမယ့်အသက်သာ ရှိပါတော့တယ် ဘုရား၊ အရှင်ဘုရားကို တပည့်တော်အသက်လှူဒါန်းပါတယ် ဘုရား"ဟု ရွတ်ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် သူတို့သုံးယောက်သား လေ၏လျင်မြန်မှုမျိုးဖြင့် နောက်ဆုတ်သွားကြ၏။ ကျွန်ုပ်ကလှည့်ကြည့်လိုက်ရာ မျက်နှာပျက်နေကြပါသည်။ ဝါးလှေကားကို နောက်ပြန် ခုန်ချ ဆင်းပြေးကြပြီး လမ်းမလောက်ဆီမှ ပြင်းထန်သော တောက်ခေါက်သံတစ်ချက် ကြားရ၏။

ထို့နောက် ကွယ်ပျောက် သွားကြတော့၏။ ကျွန်ုပ်လည်း မရဲတရဲ လှေကားဆွဲတင် တံခါးပိတ်၊ တတ်သမျှ ဘုရားစာ ရွတ်ဖတ် သရဇ္ဈာယ်၍ မောမောနှင့် အိပ်ပျော်သွားပါသည်။ မနက်ပိုင်း မိုးစင်စင်လင်းမှ နိုးသော အခါ ခေါင်းအနည်းငယ် မူးသည်မှလွဲ၍ အဖျားရောဂါ မရှိတော့ပါ။ အံ့ဩဖွယ် ပျောက်ကင်း သွားပါတော့သတည်း။

ကျွန်ုပ်ကဲ့သို့ အခက်အခဲအကျပ်အတည်း ကြုံတွေ့သူများလည်း ဘုရားတန်ခိုးတော်ဖြင့် ဘေးဒုက္ခလွတ်မြောက်နိုင်ကြစေရန် ရည်သန်၍ အထက်ပါအဖြစ်အပျက်ကို ကျွန်ုပ်တို့ နေ့စဉ်မှတ်တမ်းမှ ကူးယူဖော်ပြရပါသည်။

(၁၉၇၅ခု၊ ဧပြီလ ဇောတိသဝေဒမဂ္ဂဇင်း စာမျက်နှာ ၁၇၇ တွင် ပါရှိသော ကျော်ဆွေဟန်၏"မြတ်ဗုဒ္ဓကျေးဇူး အထူးကြီးစွ" ဆောင်းပါးကို မူရင်းအတိုင်း ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။)

## လိုသလိုလုပ်လို့ရတယ်

"တို့ဘုရားသာသနာက မိုးရွာအောင်လုပ်လို့လဲရတယ်။ နေပူအောင် လုပ်လို့လဲ ဖြစ်တယ်။ လူလာအောင် လုပ်လို့လဲ ရတယ်။ လူမလာအောင် လုပ်လို့လဲ ရတယ်။ သစ်ပင်ရှိရင် ဆွမ်းရှိတယ်။ မင်းတို့ ဘုရားကြည်ညိုတာက မတည့်တဲ့ သူငယ်ချင်း တစ်ယောက် အိမ်အလည်လာသလောက်မှ မကြည်ညိုကြလို့ မင်းတို့မှာ....ဘာအကျိုးထူးမှ မခံစားရဘူး"

ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီး

အန္တရာယ်လှုနှစ်ယောက်နှင့်

# မြင်းကြိုး



# အန္တရာယ် လူနှစ်ယောက်နှင့် မြင်းကြီး

ကျွန်မသည် မုံရွာသူဖြစ်ပါသည်။ တစ်နေ့တွင် မိုးကောင်း မိုးညှင်းဘက်ဆီမှ ရှမ်းအမျိုးသမီးနှစ်ဦး ကျွန်မအိမ်သို့ ရောက်လာ၏။ တစ်ဦးမှာ ကျွန်မနှင့်ရင်းနှီးသော မိတ်ဆွေဖြစ်ပြီး ကျန်တစ်ဦးကိုမူ ယခုမှမြင်ဖူးပါသည်။

နေ့လယ် ၁၂ နာရီခန့်တွင် မိုးညှင်း သမ္မုဒ္ဒေသို့ ဧည့်သည်များ ခေါ်ဆောင်လာခဲ့ပါသည်။ ဘုရားအဝင်ဝတွင် ကားဂိတ်ရှိရာ မုံရွာသို့ နောက်ဆုံးကားဘယ်အချိန်မှာ ရှိတတ်သလဲဟုစုံစမ်းကြည့်ရာ ညနေ ၄ နာရီဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

အတော်အတန် အချိန်ကလေးရသောကြောင့် အားပါးတရ ဘုရားဖူးရပါ၏။ ဧည့်သည်များနှင့်တွဲ၍ အမှတ်တရဓာတ်ပုံရိုက်ရပါ၏။ ဓာတ်ပုံမှာ တစ်နာရီခန့်မျှ စောင့်ရုံဖြင့် တစ်ပါတည်းရလာခဲ့ပါသည်။ လက်မှ နာရီကို ကြည့်လိုက်သောအခါ ၄-နာရီမတ်တင်းရှိပေပြီ။ ကမန်းကတန်းပင် ကားဂိတ်သို့ရောက်အောင် ပြန်ခဲ့ကြပါ၏။ မုံရွာမြို့သို့ ပြန်ရန် ခေါင်းလှည့်ထားသော ကားလေးပေါ်တွင် ခရီးသည်နှစ်ဦး ထိုင်နေသည်ကို တွေ့ရပါသည်။

"ကားဆရာ ၄ နာရီအတိ ထွက်မှာလား...."

"ခရီးသည် ၁၀-ဦးပြည့်မှ ထွက်နိုင်မယ်ခင်ဗျ၊ တစ်နာရီလောက်တော့ စောင့်ရဦးမယ်ထင်တယ်...."

မည်သည့်နည်းနှင့်မျှမဖြစ်နိုင်ပါ။ အကြောင်းကား ကျွန်မတို့မှာ မိန်းမသားတွေချည်းဖြစ်သောကြောင့်ပင်။ ထို့ကြောင့် မြန်မြန်ရောက်နိုင်မည့်နည်းလမ်းရှာဖွေရပါတော့သည်။ ဘုရားမှ မိုင်ဝက်ခန့် ခြေကျင်လျှောက်သွားလျှင် မုံရွာ-မန္တလေးသွား ကတ္တရာလမ်းမကြီးနံဘေးသို့ ရောက်နိုင်ပါသည်။ ယင်းမှ

ပထမအကြိမ်

ကြုံရာကား တစ်စီးစီးဖြင့် မုံရွာသို့ပြန်နိုင်သည်။ သို့မဟုတ် မြင်းလှည်းတစ်စီး စီးကို စင်းလုံးငှားလျှင် ရနိုင်ပါသည်။

ဤမိတ်ကူးကို သုံးဦးသား သဘောတူညီသဖြင့် ကတ္တရာလမ်း နံဘေး အတိုင်း လျှောက်လာရာ မြင်းလှည်းတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ ညွှန့်သည် နှစ်ဦးမှာ အတော်ကလေး ညောင်းညာလာဟန်တူပါ၏။ ဈေး ကိုပင် မစုံစမ်းဘဲ မြင်းလှည်းပေါ်သို့ တက်ထိုင်လိုက်ကြသည်။ အပေါ်သို့ ရောက်လျှင် ပိုက်ဆံအိတ်ဖွင့်ကာ စောစောက ရှိုက်လာသော ခေါက်ဆွဲကို အားပါးတရကြည့်လိုက်၊ ရှမ်းဘာသာဖြင့်ပြောလိုက်၊ တစ်ခစ်ခစ်နှင့်သဘော ကျနေပုံရပါသည်။

သို့သော်လည်း သူတို့နှစ်ဦး အိတ်ဖွင့်လိုက်စဉ် အစိတ်တန် ငွေစက္ကူ များ အလိပ်လိုက်ပေါ်သွားသည်ကို မြင်းလှည်းသမားက မျက်လုံးစွေကြည့် လိုက်၏။ ညွှန့်သည်တို့က အမှတ်တမဲ့ နေသော်လည်း ကျွန်မက ဖျတ်ခနဲ သတိထားလိုက်မိပါသည်။

"ကဲ—အစ်မလေးတို့ မုံရွာကို ပြန်မှာဖြင့် အတော်ပဲ။ ကျွန်တော် တို့လဲ ပြောင်းဆန်အိတ်သွားတင်ဖို့ ယခုပဲသွားမလို့။ ခဏကလေးစောင့်ကြဦး၊ မကြာပါဘူးနော်....၊ အနောက်ဘက်က ရွာကလေးထဲ ခဏ သွားလိုက်ဦး မယ်...."

ပြောပြောဆိုဆို ထွက်သွားပါတော့သည်။ ဆယ့်ငါးမိနစ်ခန့်ကြာမှ ပြန်ရောက်လာပါတော့သည်။ ထူးခြားသည်မှာ ရွာထဲမသွားမီက သူ့ရုပ် မှာ ကြည်ကြည်လင်လင် ရှိသော်လည်း အပြန်တွင် မျက်နှာတစ်ခုလုံး နီရဲ နေ၏။ ပါးစပ်မှလည်း ကွမ်းတစ်ပျစ်ပျစ် ထွေးနေပါသည်။ မြင်းလှည်း ပေါ်သို့ အရောက်တွင် အရက်နံ့က ထောင်းခနဲ ကျွန်မတို့ နှာခေါင်းထဲသို့ တိုးဝင်လာပါတော့သည်။

မြင်းလှည်း စထွက်ပါပြီ။ မောင်းသူမှာ ဘီးလိမ့်ရုံမျှ ခပ်ဖြည်းဖြည်း ကလေး လှိမ့်နေ၏။

"ခပ်သုတ်သုတ်လေး မောင်းပေးပါရှင်၊ မုံရွာကို စောစောရောက် ချင်လို့ပါ"ဟု ကျွန်မက အသံမြှင့်၍ လှမ်းပြောလိုက်ပါ၏။

"မြင်းလှည်းဆိုတာ စက်နဲ့ဆွဲတာမဟုတ်ဘူး။ အသက်နဲ့ဆွဲရတာ" ဟု ခပ်ငေါက်ငေါက် ပြန်ပြောသံ ကြားလိုက်ရပါသည်။ ကျွန်မ စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သွား၏။ သူ့အမူအရာမှာ ကျွန်မတို့တစ်တွေအား သူ့လက်ခုပ်ထဲက ရေနှယ် သဘောထားဟန် တူပါသည်။ ကျွန်မကလည်း ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ....

"ဒီမယ်မြင်းလှည်းဆရာ၊ တို့က မကြောက်တတ်လို့ ဘုရားဖူး ထွက်လာတာ၊ ယောကျ်ားနှစ်ယောက်လောက်တော့ အရေးမစိုက်သေးဘူး" ဟု အသံမာမာပြောပစ်လိုက်ပါသည်။ မောင်မင်းကြီးသားကမူ မထီမဲ့မြင် ပုံစံမျိုးနှင့် "ဖေ့သားရေ ဖြည်းဖြည်းသွားကွယ့်၊ မြင်းကောင်း ခွာလိပ်တတ်တယ်၊ ဟဲ....ဟဲ...." ဟုပင် ရယ်သွမ်းသွေးလိုက်ပါသေး၏။

ခံပြင်းလိုက်သည့်ဖြစ်ခြင်း။ အကယ်၍သာ ကားတစ်စီးစီး မန္တလေးဘက်မှလာသည်ကိုတွေ့လျှင် ပြောင်း၍ စီးသွားမည်ဟု ဆုံးဖြတ်လိုက်၏။ အရေးထဲကျကာမှ ကားနှင့်တူတာဟူ၍ပင် အရိပ်အရောင်မတွေ့ရ။ ကားပြတ်ချိန်နှင့် ကြုံကြိုက်ရပေပြီ။

မြင်းလှည်းထွက်လာ၍ ဆယ်မိနစ်ခန့်ရှိချေပြီ။ ခရီးကား မတွင်သေးပါ။ မုံရွာနှင့် မိုးညှင်း သမ္ဗုဒ္ဓေဘုရားမှာ ၇-မိုင်ခန့်ဝေးပါသည်။ နောက်ဆုံးမှ ထိုင်လာသော ကျွန်မက လှည့်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းတွင် အမျိုးသား နှစ်ဦး မြင်းကြီးတစ်ကောင်ကို စီးလျက် ကျွန်မတို့ မြင်းလှည်းရှိရာသို့ ဦးတည်၍ လာနေချေပြီ။

ကျွန်မရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိပါ၏။ 'ကေန္တ မြင်းလှည်းသမားနဲ့ ချိတ်ဆက် လုပ်ထားတဲ့သူတွေ နေမှာပဲ။ တို့တော့ ဒုက္ခဖြစ်ပြီနဲ့ တူတယ်'ဟု တွေးရင်းတွေးရင်း ရင်တွေခုန်လာပါသည်။ စိုးရိမ်နေဆဲမှာပင် မြင်းလှည်းသမားက လမ်းဘေး လယ်ကန်သင်းရိုးများရှိရာသို့ ဇက်ကြိုးဆွဲပြီး ကွေ့လိုက်၏။

"ရှင် ဒါဘာလုပ်တာလဲ"ဟု ကျွန်မက ခပ်ငေါက်ငေါက်မေးလိုက်ရာ သူက အေးဆေးသော လေသံဖြင့် "မြင်းကရိုင်းတယ်ဗျ၊ လှည်းတပ်တာ မကြာသေးတော့ သူဆွဲချင်ရာ ဆွဲဆွဲသွားတဲ့ဉာဉ်ရှိတယ်"ဟု ပြောရင်း မူလလမ်းဘက်သို့ ပြန်လှည့်လိုက်ပြန်သည်။

ကျွန်မထင်သည့်အတိုင်း မသမာမှုပြုကြပေတော့မည်။ ဤအချိန်တွင် ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိတော့ပါ။ ခပ်ဝေးဝေးတွင် လှမ်းမြင်နေရသော သမ္ဗုဒ္ဓေ ဘုရားကြီးကို ကျွန်မ အာရုံပြုလိုက်၏။ စိတ်ထဲမှလည်း သမ္ဗုဒ္ဓေဂါထာတစ်လှည့်၊ ဂုဏ်တော်ကိုးပါးတစ်လှည့် အပြန်ပြန်အလှန်လှန် ရွတ်ဆိုရပါတော့သည်။

ပါးစပ်မှ ဆီမန်းမန်းသကဲ့သို့ တတွတ်တွတ်ရွတ်နေစဉ်တွင် အံ့ဩဖွယ်ရာ မြင်ကွင်းတစ်ခု ပေါ်ပေါက်လာပါသည်။ ယင်းကား ဈေးစောက မြင်းတစ်ကောင်နှင့်လူနှစ်ယောက်တို့ ကျွန်မတို့စီးလာသော မြင်းလှည်းကို မီလုမီခင်ရှိခါမှ မြင်းကြီးသည် မူလလာရာလမ်းဘက်သို့ ခေါင်းလှည့် သွားပါတော့သည်။ ကျွန်မမှာ ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေမိပါ၏။ ခါးဖက်၍ ထိုင်လာသော နောက်မှလူက အောက်သို့ ကမန်းကတမ်း ခုန်ဆင်းကာ မြင်းကို တဖြုန်းဖြုန်း ရိုက်၍လည်းကောင်း၊ ဇက်ကြိုးဆွဲ၍လည်းကောင်း ကျွန်မတို့ရှိရာဘက်သို့ တအားဆွဲလှည့် နေပါသည်။ ရိုက်သံ ဆိုသံ ဆဲသံများကား အတိုင်းသားကြားနေရပါ၏။ မြင်းကြီးမှာ အကိုင်ကြမ်းလေလေ လက်နှစ်ဖက်ကိုမြှောက်၍ ပတ်ရပ်လျက် တဟီးဟီးမြည်နေပါတော့သည်။ ကျောပေါ်တွင် ထိုင်နေသောလူကား သူ့ကိုယ်သူ လိမ့်ကျမသွားစေရန် ကြိုးကိုတအားဆွဲပြီး ကြောက်ရွံ့နေဟန်ရှိပါသည်။ မြင်းကြီးမှာ ကျွန်မတို့အား ကျောပေးရင်းကပင် မြင်ကွင်းမှဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပါတော့သည်။

ကျွန်မတို့၏လှည်းမှာ မုံရွာအဝင် ညောင်ပင်စောက် ရွာကလေးကို လှမ်းမြင်နေရပါပြီ။ မန္တလေးဘက်မှ ကားတွေကလည်း တစ်စီးပြီး တစ်စီး ဆက်တိုက်လာကြပါ၏။ လမ်းနံဘေးတွင် လူစ လူနများ မြင်တွေ့ရတော့ ကျွန်မတို့မှာ အားတက်လာမိပါ၏။ အကြံမအောင်ရှာသော မြင်းလှည်း သမားမှာ နှုတ်ဆိတ်လျက် မြင်းကိုမောင်းနှင်လာပါသည်။ ဤသို့ဖြင့် ကျွန်မ နေသော ဒေါနခြံရပ်ကွက်တွင်းရှိ အိမ်နှင့်မလှမ်းမကမ်းသို့ ရောက်လာပါတော့၏။ ဆင်းခါနီးတွင် ရှမ်းအမျိုးသမီးညွှန်သည်က....

"ရော့....ရော့မြင်းလှည်းခကျွန်မတို့သုံးယောက်အတွက်ခြောက်ကျပ်"

ဤတွင် မြင်းလှည်းသမားက မကျေမနပ်အမူအရာဖြင့်....

"တစ်ယောက်နှစ်ကျပ် လေးယောက်ရှစ်ကျပ်ပေါ့ဗျ"

"ဘယ်မှာလဲ လေးယောက်၊ အစကတည်းက သုံးယောက်တည်းလ ဘွဲ့ဥစ္စာ"

"မဟုတ်သေးပါဘူး၊ လမ်းမှာတုန်းက ကျွန်တော် လှည့်ကြည့်လိုက်တော့ တစ်ဖက်နှစ်ယောက်စီ ထိုင်နေကြတာ ကျွန်တော်မြင်ရတယ်။ လေးယောက်ပါဗျ"

"ကြံကြံဖန်ဖန်ရှင်.... အရက်မူးနေပြီး မျက်လုံးမှ ဖွင့်ကြည့်ရဲ့လား"

မြင်းလှည်းသမားမှာ ငွေခြောက်ကျပ်ကို အိတ်ထဲသို့ ဆောင့်သွင်းရင်း မကျေမချမ်းဖြင့် ပြန်မောင်း သွားပါတော့သည်။ ကျွန်မအနေဖြင့် အန္တရာယ်စက်ကွင်းက သီသီကလေး လွတ်ကင်းရသည်မှာ သမ္ဗုဒ္ဓေဂါထာ၏ တန်ခိုး၊ ဂုဏ်တော်ကိုးပါး၏ သတ္တိတို့ကြောင့်သာ ဖြစ်ပေသည်ဟု မမှိတ်သုန် ယုံကြည်မိပါတော့သည်။

(၁၉၇၄၊ ဇွန်လ၊ ၃၁/၇၊ သင့်ဘဝမဂ္ဂဇင်းမှ 'မှိုရှာ-ပဒုမ္မာ'၏ ကိုယ်တွေ့ဆောင်းပါးကို ကူးယူဖော်ပြပါသည်။

●

## အရဟံ သုံးမျိုး ဂုဏ်တော်တန်ခိုး

၁။ အ—ရဟံ = မျက်မှောက် မျက်ကွယ်၊ အခြင်းခပ်သိမ်း စင်ကြယ်တော်မူသည်ဖြစ်၍ မကောင်းမှုပြုဖွယ်၊ ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရား။

၂။ အရ—ဟံ = အရိယမဂ်၊ ဓားသန်လျက်ဖြင့်၊ ငွေ့သက် မကျန်၊ ကိလေရန်ကိုတွန်းလှန်ပယ်သတ်တော်မူနိုင်ပါပေသော မြတ်စွာဘုရား (အရိ=အရ+ဟံ)။ ဝါ-သံသရာစက်၊ အကန့်အကွက်တို့ကို၊ ချိုးဖျက်တော်မူနိုင်ပါပေသော မြတ်စွာဘုရား (အရ+ဟံ)။

၃။ အရဟံ = လူနတ်ပြဟ္မာသတ္တဝါအားလုံး၊ အမြတ်ဆုံးဟု၊ ညွှတ်ရိုးဦးခိုက်၊ ပူဇော်အထူးကို ခံယူတော် မူထိုက်ပါပေသော မြတ်စွာဘုရား။

# သေမင်းမျက်စိလည်သွားခြင်း

"ဗုဒ္ဓါနံ့ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ယောာတု။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဇီဝိတဿ၊ အသက်တော်အား။ ကေနစိ၊ တစ်စုံ တစ်ယောက်သော သူသည်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်ချေ။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်သည်။ ယောာတု၊ ဖြစ်ပါစေသတည်း။

စိန်မြသည် ဗုဒ္ဓဂုဏ်တော်ဖြင့် ဘုရားရှိခိုးကို အဆုံးသတ်လိုက်ပြီး မေတ္တာပို့ အမျှဝေရင်း ဦးသုံးကြိမ်ချလိုက်သည်။

ထို့နောက် ရွာဘက်သို့မှန်း၍ မိဘနှစ်ပါးကို ကန်တော့သည်။

တစ်ဆက်တည်း ကွပ်ပျစ်တစ်လုံးတည်း သူ့ဘေးတွင် ကျောဆန့် အိပ်နေဟန်တူသော ခင်ပွန်းလင်သည် ကိုသာထူးကို တရိုတသေ ဦးချလိုက်ကာ ဘေးစောင်းလေး ဝင်အိပ်ချလိုက်သည်။

သည်တော့မှ သာထူး၏ လက်ကြမ်းကြီးက တစ်ဖက်က စိန်မြကိုယ်လုံး လေးကို သိုင်းဖက်လာသလို....

"ငါ့မယား အလိမ္မာတုံးလေး၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ဒီလင်ကြီးနဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေဗျာ"

"အလိုတော်၊ ကျုပ်က တော်အိပ်နေပြီမှတ်နေတာ ကိုသာထူးရဲ့"

"အိပ်နိုင်ပါဦးမလား စိန်မြရယ်၊ နင်ပဲ စဉ်းစားကြည့်ပါဦး၊ ချစ်စခင်စ ကြင်နာစ ရတာမှ တစ်လမပြည့်သေးဘူး၊ ချစ်လေချစ်လေ ချစ်မပြေချစ်မဝ"

"တော်ပါတော့ ကိုသာထူးရယ်၊ ရှင့်စကားတွေ ပိုလိုက်တာ၊ တကတည်း အာကာလွှာပုံပြု မေရှစုတ်တံချီ ဆိုသလိုပဲ"

"ပိုရမယ်လေ… ပိုရမယ်စိန်မြရဲ့၊ စိန်မြဆိုတဲ့ ကွမ်းတောင်ကိုင်အချောအလှ ဝဝကစ်ကစ်ကလေးကို အပိုင်ရဖို့ သုံးနှစ်သုံးမိုးမက အမျိုးမျိုးကြိုးစားခဲ့ရတာ မဟုတ်လားလို့၊ ကဲ….နင်ကကော ငါ့ကိုမချစ်လို့လား"

"ဒီအခြေရောက်မှတော့ ပြောနေဖို့လိုပါဦးမလား ကိုသာထူးရယ်….၊ အဖေတို့ အမေတို့က ရွာထဲမှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားတဲ့ကြားက ရှင့်အလိုကျ လယ်ကွင်းထဲမှာ တဲစုတ်နဲ့လိုက်နေတာပဲကြည့်"

"ဒါကတော့ တို့ညားကာစ လွတ်လွတ်လပ်လပ်လေး နေရအောင်၊ အဲ….ဘာခေါ်မလဲ ဟန်းနီးမွန်းထွက်တဲ့သဘောကတစ်ကြောင်း၊ နောက်ပြီးနှစ်သီးစား သုံးသီးစားရအောင် ယာလေး ဘာလေး စမ်းစိုက်၊ ထင်းလေး ဘာလေး တိုက်ချင်တာက တစ်ကြောင်းမို့ ပါကွယ်။ ဒါမှလဲ ငွေပိုငွေလျှံလေးရမှာ၊ ဒီတော့မှ ရန်ကုန်တက်လည်ကြမယ်လေ…."

"ကျုပ်သဘောကတော့ ရတာလေး ခြစ်ခြစ်ကုပ်ကုပ် စုဆောင်းထားချင်တယ်တော်၊ ရှေ့ရေးက အများကြီးရှိသေးတယ်၊ တော်နဲ့ ကျုပ်၊ နှစ်ယောက်တည်းနဲ့ပြီးမှာ မဟုတ်ဘူး။ တော်ကြာ သားတွေ သမီးတွေ တို့လို့တွဲလောင်းနဲ့…."

"အေး….ဒါလဲ ဟုတ်သားပဲဟ၊ ငါကတော့ ဦးဦးဖျားဖျား သားလေးပဲနော် စိန်မြ…."

"အို….ဘုရားပေးတဲ့ အတိုင်းပဲပေါ့တော်၊ ဘယ်သူ ဘာတတ်နိုင်မှာမို့လဲ…."

"နင်ကလဲ ဆုတောင်း၊ ဘာလို့ မရရမှာလဲ စိန်မြရဲ့…"

"ကဲပါ….အချိန်က မနည်းတော့ဘူး၊ တော်လဲ မနက် ထင်းထတိုက်ရဦးမယ်ဆို…."

"စောပါသေးတယ်ဟာ၊ ဒီဘက်တိုးစမ်းပါဦး၊ ချမ်းလွန်းလို့...."

"အမလေး....ဖြည်းဖြည်းလဲ ဖက်ပါဦးတော်...."

"အား.... မွှေးလိုက်တာ ပါးကလေး၊ သနပ်ခါး နံ့ကလေးကို သင်းလို့...."

ဤသို့ဖြင့် ရေနံဆီမီးခွက်ကလေး ဟုတ်ခနဲ ငြိမ်းသွားရသည့်နောက် လယ်တဲလေးတစ်ခုလုံး မှောင်ကျသွားသလို တိတ်ဆိတ်ခြင်းက မင်းမူသွားပါတော့သည်။

လမိုက်ညမို့ အမှောင်ထုက သည်းသထက် သည်းလာသည်။

ညဉ့်ကလည်း နက်သထက် နက်လာပါပြီ။

သာထူးနှင့် စိန်မြတို့ လယ်တဲကလေးမှာတော့ တုတ်တုတ်မျှ မလှုပ်တော့ဘဲ ပကတိ ငြိမ်သက်လျက်။

ကြမ္မာမုန်တိုင်း အရှိန်ဇောတိခင်းလာမည့် အချိန်ကို စောင့်မျှော်နေသည့်အလား။

"စိန်မြ....ဟဲ့....စိန်မြ၊ ထစမ်းပါဦး၊ နင့်အစ်မ ဒေါ်မယ်ရှင် လေဖြတ်သွားလို့ဟ...."

"ငါ ညဏ်မောင်ပါ၊ ဖိုးထွန်းတို့ ပါတယ်ဟ"

အသံဗလံများကြောင့် စိန်မြ လန့်နိုးသွားရသည်။

တခေါ်ခေါ် ဟောက်၍ အိပ်မောကျနေသော သာထူးကို အလျင်နှိုးမိသည်။

"ကိုသာထူး၊ ကိုသာထူး၊ ရွာထဲမှာ အစ်မလေဖြတ်သွားလို့တဲ့၊ အစ်ကို ညဏ်တို့ လာခေါ်တယ်၊ ဒုက္ခပါပဲတော်"

အစ်မဆိုသည်က သူတို့ရွာဓလေ့ အဒေါ်ကို ခေါ်ခြင်းပင်ဖြစ်ပါသည်။

သာထူးလည်း အိပ်ချင်မူးတူး ပြူးတူးပြဲတဲထလာသည်။ သူ့နောက်မှ စိန်မြလည်း ဖိုးရိုးဖားရား ဆံပင်ကို ထုံးဖွဲ့ရင်း ပါလာသည်။

မင်းတုပ် ချထားသော ထရံကပ် ကလား တံခါးကို ဖွင့်ပေးလိုက်မိသည်။

တဲပြင်တွင် မျက်နှာချင်းဆိုင်လိုက်ရသူများကား ကိုညဏ်မောင်လည်း မဟုတ်။ ဖိုးထွန်းလည်း မဟုတ်နိုင်။

ပုဆိုးခြုံ မျက်နှာဖုံးစည်းနှင့်။ ဓားကိုယ်စီဆွဲထားတဲ့ လူဆိုး လေးယောက်။

သာထူးနှင့် စိန်မြတို့အဖို့ အမှားပြင်ချိန်မရလိုက်။ နောက်အကျကြီး ကျသွားပါပြီ။

"ကဲ...သာထူးနဲ့ စိန်မြ၊ အော်လို့တော့ အကြောင်း ထူးမှာတော့ မဟုတ်ဘူး၊ အသားနာပြီး အသက်မသေချင်ကြရင် တို့လိုချင်တာ အကုန် ပေးပေတော့"

ခေါင်းဆောင်လုပ်သူက အမိန့်တွေ တရစပ် ထုတ်လိုက်သည်။

"ကျွန်...ကျွန်မတို့မှာ ဘာပစ္စည်းမှ မရှိပါဘူးရှင်၊ ချမ်း....ချမ်းသာ ပေးပါ"

"တော်၊ တိတ်၊ တို့က ပိုင်လို့လာတာ၊ မပိုင်ရင် ခြင်တောင်မရိုက်ဘူးမှတ်၊ နင်တို့ မင်္ဂလာဆောင်တုန်းက လက်ဖွဲ့တွေ လေးငါးထောင်ဖိုး ရတာကအစသိတယ်။ ရှိတဲ့အဝတ်အစားတွေ အကုန်ထုတ်၊ ဈေးဦးပေါက် နင့်နားက နားကပ်ချွတ်လိုက်စမ်း၊ ဟေ့ကောင် သာထူး၊ မင်း လက်ပတ် နာရီကော ဘယ်မလဲ"

"အဓိက ကတော့ စိန်မြဆွဲတဲ့ ရွှေကြိုးပဲ၊ ငါးမူးသား ရှိတယ် မဟုတ်လား၊ ပြီးတော့ ငွေနှစ်ထောင်လောက် နင်တို့ သိမ်းထားတာ ရှိဦး မယ်"

"ရွှေကြိုးက အစ်မဆီမှာ အပ်ထားခဲ့ပါတယ်တော်၊ ငွေဆိုတာလဲ ရွာဦးကျောင်းဆရာတော်က သိမ်ဆောက်ဖို့ စိုက်ချေးထားလို့ မရှိ"

"နင်တို့ကို အေးအေးသက်သာ တောင်းနေတာ မရဘူးလား၊ ဗိုန်း ဗောင်းခြောက်ပေါက်တိုက်မှ ကျေနပ်မယ်ပေါ့၊ ဟုတ်စ"

"မင်းသမီးနဲ့ မင်းသားကို နှိပ်စက်ခန်း၊ မဖွင့်ချင်ဘူးနော"

"ဘုရားစူးရပါစေရဲ့ရှင်၊ မရှိလို့မရှိဘူးပြောတာပါ၊ ဒီတဲထဲရှိသမျှ ကြိုက်သလို ရှာယူသွားကြပါ"

"တို့က နင်တို့ကိုယ်တိုင် ကြည်ကြည်သာသာပေးတာမှ လိုချင်တာ"

"ကြာ ါတယ်၊ လျှာရှည်တယ်ကွာ၊ ကဲ....ရှိတာ အကုန်ထုတ်ပေး မလား၊ မပေးဘူးလား၊ ကဲ...."

"ဖြန်း"

"အမလေး"

စိန်မြက ငိုသံပါနှင့် ရှိခိုး တောင်းပန်နေသည့်ကြားမှ လူဆိုး တစ်ယောက်က စိန်မြကျောကို ဓားပြားနှင့်ရိုက်လိုက်သည်။

"ကဲပါ....စိန်မြရယ်၊ သူတို့လိုချင်တာ ရှိသလောက်သာပေးလိုက်ပါ။ ဆရာတို့၊ ကျုပ်တို့ကို အသားနာအောင်တော့ လုပ်နဲ့၊ လိုချင်တာရစေ့ မယ်...."

သာထူးက တစ်ယောက်နှင့်အများ အားမတန် မာန်လျှော့ဆိုသလို အံကြိတ်သံနှင့် ပြောလိုက်သည်။

သည်နောက်တော့ စိန်မြက ကျောက်နီနားကပ်ကလေးနှင့်သံသေတ္တာ ထဲမှ ငွေသုံးရာကို ထုတ်ပေးလိုက်ရရှာသည်။

ဘသားချောတွေက ဒါလောက်နှင့် အားမရသေး၊ အဝတ်အစား တွေကိုပါ သေတ္တာလိုက်မသည်။

အိုးခွက်ပန်းကန်တွေကအစ ယူသည်။

သယ်ရင်း ပိုးရင်း လူဆိုးတစ်ယောက် မျက်နှာဖုံးနောက်စည်းပြေ၍ ကျွတ်ကျသွားသည်။

စိန်မြ အမှတ်တမဲ့ မော့အကြည့် လှမ်းမြင်လိုက်ရသည်။

'ဟင်း' ကနဲဖြစ်သွားမိပြီး ပါးစပ်ပိတ် ငြိမ်ငုံ့နေလိုက်မိသည်။

လူဆိုးကလည်း စိန်မြကိုမသိယောင်ထပ်ဆောင်ခဲ့မိသည်။သည်အဖြစ် ကို ရိပ်မိသွားသလို စိန်မြကို အကဲခတ်မိသည်။

နောက်ဆုံး...

"ကဲ....တို့သွားမယ်၊ ဘယ်သူ့ကိုမှ တိုင်လား တောလား မလုပ်နဲ့၊ တိုင်မယ်ဆိုရင်တော့ ကိုယ့်သင်္ချိုင်း ကိုယ်ရှာရပြီသာ မှတ်ကြပေတော့၊ တို့ လက်က လူသတ်ဖို့ ဝန်မလေးဘူးနော်၊ သနားလို့ ညှာမယ်လဲ မထင်နဲ့ ကြားလား"

လူဆိုးခေါင်းဆောင်က သတိပေး ခြိမ်းခြောက်ထားခဲ့ပြီး အလျှို အလျှို တဲထဲမှ ထွက်သွားကြသည်။

တစ်စတစ်စနှင့် ဝေးသွားကြသော သူတို့အဖို့ စိန်မြ၏ ငိုရှိုက်သံနှင့် သာထူး၏ တက်ခေါက်သံတို့ကို မကြားသလို ဘာမှမမှု၊ ဂရုမစိုက်တမ်း ဥပေက္ခာ ပြုထားခဲ့ပါလေပြီ တကား။

"ကို....ကိုရင်သာထူး"

"ဘာလဲစိန်မြ၊ ငိုမနေစမ်းပါနဲ့ဟာ၊ ပစ္စည်းသခ်ါရပဲ၊ ပြန်ရှာရင်ရပါတယ်၊ မတရားအနိုင်ကျင့်ခဲ့တဲ့ကောင်တွေ တစ်နေ့ဘေးတွေ့မှာပါ၊ ငါကလဲ လေးယောက်တစ်ယောက်ပေမယ့် မကြောက်ပါဘူး၊ ပြန်တွယ်ဖို့ ချောင်းနေတာ မလစ်လို့ ပေါ့ကွာ"

"ကျုပ်ပစ္စည်းမက်လို့ ငိုတာမဟုတ်ပါဘူးတော်.... ကျုပ်တို့ကိုဓားပြလာတိုက်တဲ့လူတွေထဲမှာ မထင်တဲ့လူပါနေလို့အံ့ဩပြီး ဝမ်းနည်းလွန်းလို့ပါ"

"ဟုတ်လား၊ ဒါ...ဒါကို နင်ဘယ်လို သိလိုက်လို့လဲ၊ အဲဒီလူက ဘယ်သူလဲဟင်....စိန်မြ"

"ဘယ်သူရှိရမှာလဲ၊ ကျုပ်တို့ တစ်အိမ်ကျော်က ကိုပေါက်စလေ၊ တော်သိတဲ့အတိုင်းပဲ၊ ကျုပ်တို့နဲ့ ညီအစ်ကိုမောင်နှမတွေလို နေနေတာ၊ ကျန်တဲ့လူတွေကို ဒင်းပဲ လက်ထောက်ချ ခေါ်လာတာ ဖြစ်ရမယ်"

"ကေန္တတော့ဒင်းကပစ္စည်းယူရုံသက်သက်ဟုတ်မယ်မထင်ဘူး၊ရန်ငြိုးဖွဲ့လာတဲ့ သဘောပဲ စိန်မြရဲ့၊ ဒါ့ထက် ဟိုတစ်ခါက သူနင့်ကို ရည်းစားစကား ပြောဖူးသေးတယ်ဆို"

"အင်း.. ဒါပေမယ့် လူချင်းခင်တာကတခြား။ နေ့ရှိသရွေ့ ကြက်တိုက်၊ ဖဲရိုက်၊ အရက်သောက်နေတဲ့လူကို ကျုပ်က လင်လုပ်နိုင်ပါ့မလားလို့၊ ဒါကြောင့်လဲ အကြောက်အကန် ငြင်းခဲ့မိတယ်လေ၊ ဒီကတည်းက ဒင်းခပ်တန်းတန်းလုပ်နေခဲ့တာ။ တော်နဲ့ညားပြီဆိုတော့ မစားရတဲ့အမဲ သဲနဲ့ပက် ဆိုသလို အကောက်ကြံတာ သေချာတယ်"

"တောက်.... ခွေးမသား၊ သတ္တိ ကြောင်လိုက်တာ။ ဒီလိုမှန်းသိနှစ်ယောက်ချင်း စိန်ခေါ်ပြီး ထသတ်တယ်"

"ပြီးတာပြီးပါစေတော့ ကိုသာထူးရယ်၊ ကဲ....ကျုပ်တို့ ရှေ့ဆက် ဘယ်လို လုပ်ကြမလဲ"

"ဘာလုပ်စရာလိုမလဲ၊ သူတို့လိုချင်တာယူပြီးမှ အေးရောပေါ့၊ မနက်ကျမှ ကောင်စီခေါ်၊ ရဲစခန်းသွားတိုင်ကြရုံပဲရှိတယ်"

"မဟုတ်သေးပါဘူးတော်၊ ကျုပ်သဘောကတော့ ဒီမှာကိုဆက်မနေချင်တော့ဘူး၊ ခုချက်ချင်းဆိုသလိုပဲ၊ ရွာထဲ ပြေးချင်တယ်၊ ဒါမှမဟုတ်လဲ ဟို မြောက်ဘက်ရွာကို သွားလိုက်ချင်တယ်"

"ဘာဖြစ်လို့"

"အို...ကျုပ်စိတ်တွေ လေးနေတယ်တော့၊ ကျုပ်စိတ်ထဲမှာ ဒင်းတို့နောက်တစ်ခေါက်ပြန်လာကြပြီး ကျုပ်တို့ကို အသေသတ် နှုတ်ပိတ်လိမ့်မယ်လို့ပဲထင်နေတယ်"

"ဟာ...စိန်မြရာ မင်းကလဲ ကြံကြီးစီရာကွာ"

"ကျုပ်အဟုတ်ပြောတာ ကိုသာထူးရဲ့၊ ကျုပ်နားထဲမှာလေ ဒီမှာမအိပ်နဲ့၊ ပြေး....ပြေးလို့တစ်ယောက်ယောက်ကလာပြောနေသလိုပဲ၊ ပြီးတော့ နင်တို့ကို လာသတ်လိမ့်ဦးမယ်တဲ့၊ ဟို....ဘာပြောရမလဲ ထူးထူးဆန်းဆန်း ကြီးပါပဲတော်"

"အိုကွာ....မင်းစွဲလမ်းနေလို့ ဖြစ်မှာပါ။ လာရဲလာကြည့် ကြပေါ့၊ ဒီတစ်ခါတော့ သာထူးအကြောင်းသိစေရမယ်။ လက်ဦးအောင် ဆီးတွယ်ပစ်ပြီသာမှတ်"

"လာပါ ကိုသာထူးရယ်၊ လူဆိုးလူမိုက်တွေနဲ့ ဆက်မဖြစ်ချင်စမ်းပါနဲ့၊ စိန်မြစကားကို နားထောင်ပါ။ လောလောဆယ် ဘေးကင်း ရန်ကင်း ဖြစ်အောင်သာ ရှောင်ပြေးကြပါစို့"

"မပြေးဘူးကွာ....၊ မင်း.... လင်တစ်ယောက်လုံးလုံး ရှိလျက်သားနဲ့ ကြောက်စရာလား၊ ငါတစ်ညလုံး ဓားဆွဲပြီး ထိုင်စောင့်နေမယ်။ မင်းသာ စိတ်ချလက်ချအိပ်...."

"အိပ်နိုင်ပါ့မလားတော်၊ ဒီလောက်တောင်ပြောမရ ခေါင်းမာလှတာနေပေါ့၊ သေအတူ ရှင်အတူပဲ"

တစ်ယောက်ကိုတစ်ယောက် အားပေးရင်း ဝါးကြမ်းခင်း ကွပ်ပျစ်လေးတွင် မှီထိုင်နေမိကြသည်။

ရင်ထဲမှာတော့ တထိတ်ထိတ်....

အသည်းတွေ တလှပ်လှပ်....

စိုးရိမ်ချောက်ချား ညသံသရာကား ရှည်မဆုံး။

စိန်မြ စိုးရိမ်သည့်အတိုင်းပါပဲ။

နောက်တစ်နာရီခန့်အကြာမှာပင် လူဆိုးတစ်သိုက် ပြန်ရောက်လာကြပါသည်။

သာထူးက ငှက်ကြီးတောင်ဆွဲလျက် တံခါးကြားက အသင့်စောင့်နေလိုက်သည်။

ဝင်ဝင်လာချင်း လူဆိုးတစ်ယောက်တို့ ဆီးခုတ်သည်။

ကံမကောင်းအကြောင်းမလှချင်တော့ အပိုင်ရယ်လို့ ခုတ်တဲ့ကြားက လူဆိုးက လက်တားခံ၍ ပြန်ခုတ်သည်။

သည့်နောက် သုံးယောက် တစ်ယောက် ဓားအစွမ်း ပြပွဲလေးဖြစ်ခဲ့ရသည်။

ရုပ်ရှင်ထဲကလို သိပ်တော့ မကြာလိုက်ပါ။

စိန်မြ၏မျက်စိအောက်မှာပင် ငယ်သံပါအောင် အော်ရင်း ဟစ်ရင်းကြားမှ သာထူးခမျာ ပုံလျက်သား အပိုင်းခံလိုက်ရသည်။

"စိန်မြ....ပြေး....လွတ်အောင်ပြေး၊ ငါ့ကို မငဲ့နဲ့၊ ငါ့ကို ထားခဲ့၊ စိန်မြ ပြေး"

သာထူးက သူ့ကိုနလံမထူနိုင်အောင် အပိုင်းပိုင်းအထစ်ထစ်ဝိုင်းခုတ်နေသည့်ကြားမှ ဇနီးသည်လေးအသက်ဘေးကို ပူပန်ဇောနှင့် သတိပေးခဲ့ရှာပါသေးသည်။

တစ်စထက် တစ်စ သာထူး အသံက တိမ်ဝင် ပျောက်ကွယ်သွားခဲ့ရသည်။

မှောင်နှင့်မည်းမည်း ဘာမှမမြင်ရပါပဲလျက် သာထူး တစ်ယောက်သွေးအိုင်ထဲ အသက်ပျောက်ခဲ့ပြီဆိုတာ စိန်မြ သိလိုက်ပါသည်။

"ခွေးတွေ....ခွေးထက် ယုတ်မာတဲ့လူတွေ"

စိန်မြ ကျိန်ဆဲနေမိသည်။

စိန်မြ အသံကြောင့် လူဆိုးတွေက အာရုံပြောင်းပြီး သူ့ဘက်လှည့်လာသည်။

"ဟား....ဟား....ဟား၊ သေမင်းကို အာခံရင် ဆယ်ခါပြန် အသက်ထွက်သွားမှာပေါ့၊ ကဲ....သာထူးပြီးတော့ နင့်အလှည့်ပဲ စိန်မြရေ၊ ငါ့လူတို့ သွေးစွန်းမှတော့ မထူးတော့ဘူး၊ ကျူပြင်ခုတ် ကျူငုတ် မကျန်ရအောင် ဒီကောင်မပါ တစ်ခါတည်း နှုတ်ပိတ်စို့ရဲ့"

လူဆိုးတွေက စိန်မြရှိရာ တိုးကပ်လာကြသည်။

စိန်မြ နောက်ဆုတ်နောက်ဆုတ်နှင့် ကြောက်လန့်ချောက်ချား ဘုရားတ,နေမိရှာသည်။

သည်ကြားထဲမှ ထူးထူးဆန်းဆန်း အသံများ နားဝတွင် ပဲ့တင်ထပ်လာသည်။

"စိန်မြ ပြေးလေ၊ နင့်နောက်ဘက် ထရံကို တွန်းဖွင့်ပြီး ပြေး၊ ထရံ ပျက်နေတယ်၊ ဆောင့်တွန်းပြီး ပြေး"

မှောင်ကြီးထဲတွင် လူဆိုးတွေ စမ်းတဝါးဝါးနှင့် သူ့ကို လက်ရဖမ်းမမိခင် ချာခနဲလှည့်ကာ ထရံကို ဆောင့်တွန်း ခြေနှင့်ကန်ဖွင့်လိုက်သည်။

ကံအားလျော်စွာ ထရံကြီးက ပွင့်ကျသွားသည့်နောက် စိန်မြလည်း ခြေ၊ နဖူးနှင့်ဒူးတည့်ရာဆိုသလို ပြေးခဲ့မိရှာပါတော့သည်။

သာထူး မရှိတော့ဘူးဆိုသည့်နောက် သူ့ဆက်နေလို့ အကြောင်းမထူးသလို၊ အသက်ကို အသေမခံဘဲ လူဆိုးတွေတို့ တန်ပြန်ကလဲ့စားချေမယ် ဆိုတဲ့စိတ်နှင့် သေပြေးရှင်ပြေး ပြေးခဲ့ခြင်းပါပေတည်း။

"ဟေ့....ကောင်မ ပြေးပြီ၊ မလွတ်စေနဲ့၊ အမိလိုက်၊ အသေသတ်၊ လိုက်ကြ....လိုက်ကြ"

ရှေ့က အမှောင်၊ နောက်က အမိုက်၊ သေမင်းခေါ်သံ ဟားတိုက်သံကြီးများကလည်း ထက်ကြပ်မကွာ လိုက်ခဲ့ပါပြီ။

ပြေးသည်။ ပြေးသည်။ ပြေးသည်။ စိန်မြ အသက်ကို ဖက်နှင့်ထုပ်ပြေးသည်။ ဟောဟဲဆိုက်၍ မျက်ဖြူလန်မတတ်ပြေးသည်။ ခလုတ်တိုက်လဲ ကွဲပြဲ၊ သွေးရဲရဲ သံရဲရဲကြားက ပြေးသည်။

သို့ပါသော်လည်း....

သခင်ဆယ်လှမ်း ကျွားတစ်လှမ်းဆိုသလို။

ယောကျ်ားရင့်မာကြီးလေးယောက်လက်မှ အားငယ် နုနယ်ငယ်ရွယ်သူ မိန်းမသားလေးသာ ဖြစ်သော စိန်မြ ဝေးဝေးပြေးလို့ လွတ်နိုင်ပါမတဲ့လား။

ရွာပြင်မှ တစ်ခေါ်လောက်အကွာ လယ်ကွင်းစပ် ရေတွင်းပျက်ကြီးနား အရောက်မှာပဲ စိန်မြကို လူဆိုးတစ်သိုက် ညှပ်ပူးညှပ်ပိတ် ဝိုင်းမိသွားသည်။ တစ်ဆင့်တက်လိုက်တော့ မလှုပ်သာအောင် ချုပ်ဖမ်းမိခဲ့ပါပြီ။

"ကဲ....ဒီမသာလောင်းမကို ဘယ်လိုစီရင်မလဲ"

"လှလှပပလေး၊ နှမြောစရာကွာ"

"အံမယ်....မောင်ရင့်လေသံက သေခါနီး ရိက္ခာယူချင်တဲ့ သဘောပါလား"

"ဒီဘဝရောက်မှတော့ မထူးတော့ပါဘူး၊ ကဲ....ပေါက်စ မင်းကိုလဲ စိန်မြသိနေမှာပဲ၊ မင်းသဘောပဲ"

"တော်ပါပြီဗျာ.... ကျုပ်အချစ်နဲ့ ကျုပ်အမုန်းကို ဒင်းနားလည်သွားရင် ပြီးတာပါပဲ"

"ဒါဖြင့် ဘယ်သူ ခွဲတမ်းလိုချင်သေးလဲ"

"ခေါးပြတိုက် လူသတ်တာက အကြောင်းမဟုတ်ဘူး၊ နာမည်မပျက်ဘူး၊ သိက္ခာရှိဦးမယ်ကွ၊ မုဒိမ်းကောင်တွေ ဆိုတာတော့ လူကြားလို့မကောင်းပါဘူးကွာ၊ ဒီတော့ လှတာတွေ ဘာတွေမက်မနေနဲ့၊ တစ်ချက်တည်းသာ ကိစ္စပြတ်ရှင်းလိုက်၊ အကောင်းဆုံးပဲ"

"ဟုတ်တယ် ဒါမှန်တယ်၊ မြန်မြန်လုပ်ကြ၊ အချိန် မရှိတော့ဘူး၊ ရောင်နီလာတော့မယ်"

"ပြောနေကြာတယ်၊ မပြောရင်မကြာဘူး၊ သွားတော့ကွာ ကိုင်း"

"အလို၊ ဘုရား....ကယ်တော်မူပါ"

တစ်ယောက်က ဗိုးကနဲ ဆတ်ကနဲ စိန်မြကိုဝင်ဆွဲပြီး ခါးမြှောင်နှင့် ထိုးချလိုက်သည်။

ပြီးတော့....။

"တစ်ချက်တည်းနဲ့ အသက်ပါပြီ၊ မလှုပ်နိုင်တော့ဘူး၊ ဒါပေမယ့် အလောင်းကို ဒီအတိုင်းထားခဲ့လို့ မဖြစ်သေးဘူးထင်တယ်"

"မဖြစ်ရင်တော့ ဟောဟိုက ရေတွင်းပျက်ထဲ သွားပစ်ထားခဲ့လေကွာ၊ ရေတွင်းက အတောင်နှစ်ဆယ်လောက်ရှိတဲ့အထဲ ခြောင့်တွေ ဆူးတွေ တစ်ပုံကြီးနဲ့၊ မင်းဟာမ အသက်ငင်နေတာတောင် ပြန်ထလာနိုင်တော့မှာ မဟုတ်ဘူး၊ တော်တော်နဲ့လဲ လူတွေရှာတွေ့စရာမရှိဘူး"

"ကောင်းလိုက်တဲ့ အကြံဗျာ၊ ကဲ ဒီတစ်ခါ တာဝန်တော့ ကျုပ်ပဲ ယူလိုက်ပါ့မယ်။ ပွဲမယ်ပို့ သင်္ချိုင်းရောက်အောင်ပို့ ဆိုသလို။ ကဲသွားပေတော့ စိန်မြရေ...."

"ဝုန်း"

သည့်နောက်တော့ လူဆိုးတွေအချင်းချင်း ခေါင်းချင်းရိုက်ပြီး အလျှိုအလျှိုလမ်းခွဲ၍ ခြေရာဖျောက် လစ်ပြေးခဲ့ကြပါလေတော့သည်။

နောက်တစ်နေ့....

မိုးလင်းချိန်....

ဦးဖိုးခတို့၊ ဒေါ်ကုလားမတို့ ရွာဈေးသည်များ မြို့တက်ဈေးရောင်းထွက်ခဲ့ရာမှ။

ရွာပြင် ကွင်းစပ် ရေတွင်းပျက်ကြီးကို အဖြတ်တွင် ရေတွင်းထဲမှ....

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ"

အသံသဲ့သဲ့လေးကို ကြားလိုက်ရသည်။

ပြေးကြည့်လိုက်တော့ အတောင်နှစ်ဆယ်လောက်အောက်တွင် ခွေခွေလေး လဲနေသော စိန်မြကို တွေ့ရသည်။

ရွာသူရွာသားအကူအညီတွေခေါ်ပြီး စိန်မြကိုသယ်ထုတ်ခဲ့ကြရသည်။

စိန်မြမှာ အကြောက်လွန်အားပြတ်ပြီး ကယောင်ချောက်ချားဖြစ်နေတာကလွဲ၍ ဘာမှမဖြစ်။

ဘာမှမဖြစ်ဆိုသည်မှာ သူ့ကို လူဆိုးတစ်ယောက် ဓားနှင့်ထိုးခဲ့သည့်တိုင် ဒဏ်ရာဆို၍ အပ်ထောက်ရာလေးတောင် မတွေ့ရခြင်းပါ။

သည့်အပြင် ရေတွင်းပျက်ကြီးထဲတွင် ဆူးတွေ ခြောက်တွေ သာမကပုလင်းကွဲတွေ၊ မှန်ကွဲစတွေ ထိုးထိုးထောင်ထောင်နှင့် ရှုပ်အမှိုက်တောင်းကြီး ဖြစ်နေသည့်ကြားက စိန်မြတစ်ကိုယ်လုံးမှာ ပွန်းရာရှရာ ခြစ်ရာရယ်လို့တစ်စွန်းတစ်စမျှ မထင်ခဲ့။

ကြားသိရသူတိုင်းက စိန်မြ ကံကောင်းပုံကို တဖွဖွပြောမကုန်တော့။

သက်ဆိုင်ရာမှ ဂရုတစိုက်ပြုစုကုသမှုဖြင့် သတိပြန်ကောင်းလာသောစိန်မြကတော့ မချိပြုံးလေး ပြုံးလို့သာ။

"အဖြစ်ကတော့ မကြုံစဖူးထူးဆန်းလိုက်တာအမှန်ပဲတော်၊ ကျုပ်ကိုလူဆိုးတွေ ပြန်လာမယ်ဆိုတာ သတိပေးသံကြားရတာလဲ နားနဲ့ဆတ်ဆတ်ဖြစ်ခဲ့သလို၊ ထရံဖောက်ပြေးဖို့လဲ အဲသလို သူတော်ကောင်း ပုဂ္ဂိုလ်တွေကပဲတိုက်တွန်းခဲ့ပုံရပါတယ်။ အဲဒီထက် ပိုထူးဆန်းတာ ကျုပ်ကို ဓားနဲ့ထိုးလိုက်တုန်းကပေါ့။ ဓားနဲ့ထိုးလိုက်တာသိလို့တောင် ကျုပ်ဘုရား တ,လိုက်မိသေးတယ်။ တစ်ပြိုင်တည်းလိုလို ကျုပ်သတိလစ်သလို မေ့ခနဲ ဖြစ်သွားတယ်။ အဲ၊ဟို....တစ်ယောက်ယောက်က ဘေးတွန်းထုတ်လိုက်သလို စွေ့ကနဲရွေ့သွားတာလဲ သိလိုက်တယ်၊ ထိုးတဲ့ လူဆိုးကတော့ ကျုပ်ရင်ညွန့်ကို သေသေချာချာထိုးမိပါတယ်လို့ဆိုတယ်၊ အမှန်ကကျုပ်ကိုဘေးဖယ်ပြီး တစ်ယောက်ယောက်က ဓားစာခံဝင်ပေးလိုက်တဲ့ ပုံမျိုးပါပဲ၊ နောက်တစ်ခါ ရေတွင်းပျက်ထဲပစ်ချတော့လဲ ဒီလိုပဲ၊ ကျုပ်သတိအခကောင်းကြီး ရှိနေရာက ဂွမ်းစကလေး တစ်ခုလို အသာလေးကျသွားတာ၊ အောက်ရောက်တော့ ဘယ်နာပါ့မလဲလို့၊ ပြီးတော့ ချက်ချင်း အိပ်မွေ့ချ ခံရသလို ခြေပစ်လက်ပစ် အိပ်မောကျသွားတာပဲ၊ နိုးလာတော့မှ မိုးလင်းစပြုနေတာနဲ့ ရေတွင်းပျက်ထဲရောက်နေမှန်းသိပြီး ကုန်းအော်မိတာ ဆိုပါတော့။ ကျုပ်အဖြစ် ကတော့ပြောရင်ယုံနိုင်စရာတောင် မရှိဘူးလေ။ ပြောမယုံ ကြုံဖူးမှသိ ဆိုသလို ကျုပ်ဟာကျုပ်တော့ နားလည်ပါတယ်၊ တခြားဘာမှမဟုတ်ဘူး၊ သေကံမရောက်သက်မပျောက်ဆိုတာထက် ဘုရားကျေးဇူး၊ ဘုရားတန်ခိုးတော်တွေကြောင့်

သူတော်ကောင်း နတ်ကောင်းတွေ စောင့်ရှောက်တာပဲဖြစ်ရမယ်။ ကျုပ်က လဲ လူမှန်းသိတတ်စကတည်းက ဗုဒ္ဓါနံ ဇီဝိတဿကို မနက်အိပ်ရာထ တစ်ခေါက်၊ ညအိပ်ရာဝင်တစ်ခေါက်တစ်ရက်မှမပျက် ရွတ်ဖတ်ပူဇော်ခဲ့တဲ့သူကိုး။ ဒီဂုဏ်တော်လေးပါး၍ တန်ခိုးအာနုဘော်များ ကြီးမားလိုက်တာ။ သေမင်းကို အန်တုနိုင်တဲ့အထိ စိန်မြတို့ လက်တွေ့ပါပဲတော်''တဲ့။

စိန်မြကား တောသူလေးပီပီ အရိုးခံအတိုင်း ဖွင့်ဟပြောပြခဲ့ရှာပါလေသည်။

တစ်ချက်ဘစ်ချက်မှာတော့ သွားလေသူ သာထူးကို လွမ်းတမိယောင်ဖြင့် မျက်နှာလေး ညှိုးသွားတတ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ သူ့ကိုသေကြောင်းကြံ၍ ချစ်စ ခင်စ ခင်ပွန်းသည် သာထူးကို ရက်ရက်စက်စက် သတ်ခဲ့သော ငြိုးသူ ရန်ဖက်ကြီး တစ်ရွာတည်းသား ပေါက်စအပါအဝင် ရွာမှ လူဆိုးကြီးများ ဖြစ်ကြသော ချက်ကြီး၊ တင်ဦး၊ ချစ်အောင်နှင့် ခေါင်းဆောင်လုပ်သူ ရာကျော်တို့ကို ဖော်ထုတ်၍ ဥပဒေကြောင်းအရ အရေးယူစေနိုင်ခဲ့သည်။ ဆိုင်ရာမှ တစ်သက်တစ်ကျွန်း ထောင်ဒဏ်မျာ အပြစ်ပေးလိုက်သည်။

ဤသည်ပင် စိန်မြအဖို့ သာထူးအတွက် စိတ်ဖြေနိုင်စရာ သွေးကြွေးဆပ်လိုက်ခြင်း မည်သလို တရားကို နတ်စောင့်ခြင်း ဆိုလည်း မှားမည်မဟုတ်ပါ။

ဘာပဲဖြစ်ဖြစ် သေမင်း မျက်စိလည်အောင် စွမ်းဆောင်ရာရောက်ခဲ့သည့် ညောင်တုန်းမြို့အပိုင် ရွာတစ်ရွာမှ တကယ့်ဖြစ်ရပ် စိန်မြရဲ့ဇာတ်လမ်းကတော့ အံ့မခန်းစရာမို့ မှတ်တမ်း တစ်လွှာ တင်သင့်သည်သာ မဟုတ်ပါလား။

ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ
အန္တရာယော ကာတုံ၊ တထာ မေ
ဟောတု အစချီသလို....

ဘုရားရှင်တို့မည်သည် သူတစ်ပါးသတ်၍ သေရိုးထုံးစံ မရှိပါ။

ဗုဒ္ဓအသံစာပေ

ထို့အတူ ဘုရားဂုဏ်တော်၊ တန်ခိုးတော်တို့ကို ယုံကြည် ကိုးစား ဆည်းကပ်သူမှန်သမျှမှာလည်း ဘေးအပေါင်း ရန်အသွယ်သွယ် အန္တရာယ် ဟူသမျှမှ ကင်းဝေးရစမြဲ ဖြစ်ပါကြောင်း။

ဗုဒ္ဓဂုဏ်တော် တန်ခိုးတေဇော် အာနုဘော်ဘော်တို့ကို ရှိသေစွာ ဦးခိုက်ပူဇော်လျက်....

(၁၉၇၆၊ မတ်လ၊ အမှတ်-၄၉၊ ပြစ်မှုမဂ္ဂဇင်းမှ ညီညီနိုင်၏ ဝတ္ထုကို အပြည့်အစုံ ကူးယူဖော်ပြပါသည်။ 'အန္တရာယ်မပြု ဂုဏ်လေးခု' အပြည့်အစုံကို မဟာစရိယ ဦးဌေးလှိုင်ရေး 'ရတနာသုံးပါး ကျေးဇူး' စာအုပ်မှာ ကြည့်ရှုကြပါကုန်။)

## စိတ်ရှင်းရှင်းထား

လူ့ဘဝဆိုတာ ချမ်းသာအောင်နေတတ်မှ ချမ်းသာမယ်။ စိတ်ကိုရှင်းရှင်း ထား၊ သောက ဗျာပါဒတွေ မပင်စေနှင့်။ 'စိတ်ကို ရှင်းရှင်းထား' ဆိုသည်မှာ ကိုယ်နှင့် မဆိုင်တဲ့ အာရုံတွေကို စိတ်ထဲမှာ မထားရဘူး၊ အကြောင်းကိစ္စတွေ ဆိုတာ သူ့အကြောင်းနဲ့သူ ဖြစ်နေကြတာ။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့် မစဉ်းစားနဲ့။ ပြင်မရနိုင်တော့တဲ့ ရှေးက အကြောင်းတွေကိုလဲ ပြန်တွေးမနေနှင့်။

ကိုယ့်အိမ်ရှေ့မှာ သူများက အမှိုက်သရိုက်တွေလာပြီး စုပုံထားရင်မကြိုက် သလို မေတ္တာနှင့် တစ်လောကလုံးကို ဖြန့်ပြီး စိတ်ကို ရှင်းရှင်းထား နေတတ်တဲ့ သူဟာလဲ အမှိုက်သရိုက်နဲ့ တူတဲ့ သူ့အကြောင်း၊ ကိုယ့်အကြောင်း ရှုပ်ရှုပ် ရှက်ရှက်တွေကို မစဉ်းစားဘူး။ ကိုယ့်လာပြောလဲ နားမထောင်ဘူး။
စိတ်ကို ရှင်းရှင်းထားမှ ချမ်းသာမယ်။

ကျေးဇူးရှင် တောင်တန်း သာသနာပြု
ဦးဥတ္တမသာရ ဆရာတော်ဘုရားကြီး။

ပထမအကြိမ်

## သက်တော်ရှည် ဆရာတော်ကြီး ကိုယ်တွေ့

# အန္တရာယ်ကင်းဂါထာ

မကြာမီက မန္တလေးသို့ တစ်ခေါက် ရောက်ခဲ့သည်။ မန္တလေး ရောက်ခိုက် ဆရာ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)နှင့် တွေ့ဆုံခွင့် ရခဲ့ပါသည်။ ဆရာ ဦးမောင်မောင်တင်သည် နိုင်ငံတော် သမိုင်း သုတေသန ဦးစီးဌာန အကြံပေးပုဂ္ဂိုလ်ဖြစ်၍ ပျူယဉ်ကျေးမှုများကို လေ့လာသိရှိနိုင်ရန် သရေခေတ္တရာ၊ မိုင်းမောတို့မှ တွေ့ရှိရသော ဘဒ္ဒပီဌပုံ၊ ပျူဒင်္ဂါး၊ ပုတီးစေ့၊ အိုးကွဲ၊ အုတ်ခွက် စသော ပုံများကို ဒီဇိုင်းဆွဲ၍ ထားသော စာရွက် တစ်ရွက်ကို စာရေးသူအား ပေးပါသည်။ ယင်းစာရွက်၏ နောက်ကျောတွင် တံဆိပ်တုံးဖြင့် "အန္တရာယ်ကင်း ဂါထာ" ကိုပါ ရိုက်နှိပ်ပေးလိုက်ပါသည်။ ထိုစာမှာ—

'အန္တရာယ်ကင်းဂါထာ'

အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော၊

ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊

အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

"ရဟန်းတို့၊ သူတစ်ပါးတို့၏ လုံ့လ ပယောဂကြောင့် ငါဘုရား ပရိနိဗ္ဗာန်စံရန် အကြောင်းအခွင့်မရှိ၊ ရဟန်းတို့ ငါဘုရားတို့သည် သူတစ်ပါး တို့၏ လုံ့လ ပယောဂမရှိဘဲသာ ပရိနိဗ္ဗာန်စံကြရမြဲ ဖြစ်ကုန်သည်"

(စူဠဝဂ္ဂပါဠိတော်)

---

ယခင်ကလည်း ကတ်ပြားတွင်ရိုက်နှိပ်၍ ဆရာ ဦးမောင်မောင်တင်က ပေးပို့ခဲ့ဖူးပါသည်။ သူ့အခန်းနံရံတွင်လည်း ရေးသား ချိတ်ဆွဲထားသည်။

"တစ်ခါက လေယာဉ်ပျံပျက်ကျတုန်းက မသေဘဲ ကျန်နေတဲ့ သူ့ရဲ့ အိတ်ထဲမှာ ဒီအနန္တရာယ်ကင်းကတ်ပြားလေး ပါတာပေါ့"ဟု ဆရာ ဦးမောင် မောင်တင်က ပြောသည်။ မကြာမီက လက်တွေ့အဖြစ်အပျက်များကိုလည်း ဆက်လက်ပြောပြသည်။ ဆရာ ဦးမောင်မောင်တင်သည် ထိုအန္တရာယ်ကင်း ဂါထာကို ယုံကြည်၍ စိတ်ဝင်စားလှသည်။

"ဆရာ၊ ဒီအန္တရာယ်ကင်း ဂါထာနှင့်ပတ်သက်ပြီး စံကင်း ဆရာတော် ဘုရားကြီး၏ ကိုယ်တွေ့ ဝတ္ထုတွေ ဆရာတော်ကြီး ကိုယ်တိုင် အမိန့်ရှိတာ ကျွန်တော် အများကြီးကြားဖူးတာပေါ့"

"ဒီလိုဆိုရင် စာတစ်ပုဒ်လောက် ရေးစမ်းပါဦး၊ စာအုပ်လေး တစ်အုပ်ပေါင်းပြီး ထုတ်တန်ထုတ်ရတာပေါ့၊ ဒါမှမဟုတ်လဲ ဆောင်းပါး တစ်ပုဒ်လောက် ရေးပါ"ဟု ဆရာမောင်မောင်တင်က ကျွန်တော့်ကို တိုက် တွန်းသည်။ သို့သော် ကိစ္စအထွေထွေကြောင့် ကျွန်တော် မရေးဖြစ်ခဲ့ပါ။

၁၃၂၀၊ (၁၉၅၉) ခု၊ ဝါဆိုလ နေ့ဝင်စ အချိန်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင် သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး သီတင်းသုံးတော် မူသော သက်တော်ရှည် ကျောင်းဆောင်ပေါ်၌ ဖြစ်သည်။

ရဟန်းလေးတစ်ပါးသည် ဆရာတော်ကြီးကို ဦးသုံးကြိမ်ချ၍လက်အုပ် ချီကာ ထိုင်နေသည်။ ထိုအချိန်က ကျွန်တော် ဆရာတော်ကြီး အနီးသို့ ရောက်နေ၏။

"ဘာကိစ္စလဲ" ဆရာတော်ကြီးက မေး၏။

"ဘုရားတပည့်တော် အရပ်ပြန်မှာမို့ ဆရာတော်ကို လာကန်တော့ ပါတယ် ဘုရား"ဟု ရဟန်းငယ်က လျှောက်သည်။

"ဘယ်အရပ်မှာနေမှာလဲ၊ တောကျောင်းလား၊ ရွာကျောင်းလား"

"တောကျောင်းနေမှာပါ ဘုရား"

"အေး....ဒီလိုဆိုရင် တို့ရိုက်နှိပ်ဝေငှတဲ့ 'အဋ္ဌာန မေတ်'ကို ရရဲ့လား၊ ရရင် ဒါလေးကို အမြဲရွတ်ဖတ်၊ သိပ်ကျေးဇူးများတယ်၊ တို့တော့ တစ်သက်လုံး အသုံးပြုလာတာပဲ၊ ဂျပန်ခေတ်မှာလဲ ဒါကိုပဲအားကိုးရွတ်ခဲ့တယ်"

ဆရာတော်ကြီးက မေတ္တာ ကရုဏာ အပြည့်အဝပါသော အသံဖြင့် အမိန့်ရှိတော်မူသည်။ ရဟန်းလေးက လက်အုပ်ချီ၍ နားစိုက်နေ၏။ ဆရာတော်ကြီးသည် 'အဋ္ဌာန မေတ်' အစချီသောပါဠိနှင့် ဓမ္မပဒပါဠိတော်လာ 'ဒိဝါ တပတိ အာဒိစ္စော'အစရှိသော သဗ္ဗမင်္ဂလာဂါထာတော်ကို ရိုက်နှိပ်၍ ဓမ္မဒါန အဖြစ် ဝေငှ၏။ ကိုယ်တော်တိုင်လည်း အမြဲရွတ်ဖတ်သည်ဟု ကြားသိရဖူး၏။ ဆရာတော်ကြီးက 'အဋ္ဌာန မေတ်' အန္တရာယ်ကင်းနှင့် ကိုယ်တွေ့ဝတ္ထုများကို ဆက်လက် အမိန့်ရှိတော်မူပါသည်။

"တို့ ဓနုဖြူ စံကင်းမှာနေစဉ်တုန်းက ညနေပိုင်းမှာ အမျိုးသမီးတွေ ရေလာလှူလေ့ရှိတယ်။ ဒီထဲမှာ 'စိန်သုံ' ခေါ်တဲ့ မိန်းကလေး တစ်ယောက်ပါတယ်။ သူ့အသက်က ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လောက်ပဲရှိဦးမယ်"

"အဲဒီနှစ်မှာ ပလိပ်ရောဂါဖြစ်တော့ စိန်သုံ့ရဲ့ အမေလဲ ပလိပ်ကပ်ထဲပါသွားတယ်။ စိန်သုံတို့နေအိမ်ရှေ့က ချောင်းရှိတယ်၊ တံတားလေးကူးထားရတယ်။

"စိန်သုံအမေဆုံးပြီး ညမှာလူတွေဝိုင်းစောင့်အိပ်နေတဲ့အထဲက စိန်သုံဟာ အစ်မ-အစ်မ ဆိုပြီး ထလိုက်တာ ချောင်းဟိုဘက်ကမ်းအထိ ရောက်တယ်၊ နှစ်ည သုံးည ထလိုက်တယ်။

"တို့ လာလျှောက်တာနဲ့ "အဋ္ဌာန မေတ်"ကို တစ်ကြောင်းတည်း မိုင်းကိုင်စက္ကူထဲမှာ ရေးပြီး လည်ပင်း ဆွဲပေးလိုက်တယ်။ အဲဒီညကစပြီး ကောင်းကောင်းအိပ်ရတယ်"

ဆရာတော်၏အသံမှာ ကြည်လင်ပြတ်သား၍ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ကျွန်တော် အာရုံစိုက်မိပါသည်။ ဆရာတော်က ဆက်လက်အမိန့်ရှိပြန်သည်။

"အဲဒီနှစ်ကပဲ အရပ်ကဲမှာ ၁၄ နှစ်သားလောက်ရှိတဲ့ လူငယ် တစ်ယောက် ပယောဂဝင်ပြီး ဆူလိုက် ဆဲလိုက် ငိုလိုက်နဲ့ လုပ်နေတယ်၊ ဘယ်သူမှ ပြောမရ ဆိုမရ၊ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။

"ဒါနဲ့ တို့ဆီကိုလာခေါ်တယ်၊ 'အဋ္ဌာ န မေတံ'ကိုတစ်ကြောင်းတည်း ရေးပြီး သူ့လည်ပင်း ဆွဲပေးလိုက်တယ်။

'ဘုန်းကြီးက နိုင်သဟ၊ ဘုန်းကြီးက နိုင်သဟနဲ့' အော်ပြီးပျောက်ကင်းသွားတယ်။

ရဟန်းလေးက လက်အုပ်ချီလျက် ဆရာတော်ကြီး အမိန့်ရှိနေသည်ကို နားစိုက်၍ နေသည်။ ဆရာတော်က သူ၏ကိုယ်တွေ့ ဝတ္ထုများကို ဆက်ပြန်သည်။

"တို့ စံကင်းမရောက်ခင် မန္တလေးမှာနေတုန်းက တပည့် ဦးပဥ္စင်း တစ်ပါးကို 'အဋ္ဌာ န မေတံ'ကို အကျက်ခိုင်းထားတယ်၊ ဦးပဥ္စင်းက သူ ဆွမ်းခံအိမ်ကလူတွေကို ရေးပေးပြီး အမြဲရွတ်ခိုင်းတယ်၊ တစ်ယောက်က တော့ အယုံအကြည်မရှိဘူး၊ ကျက်လဲမကျက်ဘူး၊ ရွတ်လဲမရွတ်ဘူး။

"အဲဒီတုန်းက မန္တလေးမှာ ပလိပ်ကပ်ရောဂါဖြစ်တယ်၊ ဟိုတုန်းက ပလိပ်ကပ်ဖြစ်ပြီဆိုရင် ဘယ်သူမှမနေဝံ့ကြဘူး၊ အဲဒီအိမ်မှာ မယုံကြည်တဲ့ သူတစ်ယောက်ပဲ ရောဂါထဲပါသွားရှာတယ်၊ ကျန်တဲ့ အိမ်သားတွေ ဘာမှ မဖြစ်ဘူး"

ဆရာတော်သည် ကိုယ်တော်တိုင် အမြဲတမ်းရွတ်ဆိုအသုံးပြုနေသဖြင့် ကိုယ်တွေ့ဝတ္ထုများ အများပင် တွေ့ကြုံခဲ့သည်။ မိမိယုံကြည် အားကိုးသလို ယုံကြည်အားကိုးစေချင်သည်။ လေးနက်စေချင်သည်။ ဆက်လက်၍ မိန့်တော်မူပြန်ပါသည်။

"တို့တပည့်ရဟန်းတစ်ပါး စစ်ကိုင်းနယ်ထဲက ရွာတစ်ရွာမှာကျောင်း ထိုင်တယ်၊ အဲဒီကျောင်းက ခြောက်လှန့်လှန့်လှန့်လို့ ကျောင်းဘုန်းကြီးမမြဲ ဘူး၊ မနေဝံ့ကြဘူး။"

"သူကျောင်းထိုင်တော့ သူကိုယ်တိုင်မလဲ "အဋ္ဌာန မေတံ"ကို အမြဲ ရွတ်ဖတ်တယ်၊ ကိုရင်တွေ ကျောင်းသားတွေကိုလဲ သင်ပေးပြီး အမြဲ ရွတ်ခိုင်း တယ်၊ ကိုရင်ကျောင်းသားတွေကလဲ ကလေးတွေဆိုတော့ ခဲတွေမန်းပြီး ဟိုပစ်ဒီပစ်နဲ့လုပ်ကြတယ်၊ အဲဒီဘုန်းကြီးလက်ထဲမှာ မခြောက်လှန့်တော့ဘဲ အန္တရာယ်ကင်းသွားတယ်၊ သူလဲ အဲဒီကျောင်းမှာ မြဲသွားတယ်။"

လေ အရှုးရင့်လေ’ ဆိုသကဲ့သို့ တဖြည်းဖြည်း နေမြင့်၍ လုပ်ငန်းခွင်သို့ ဝင်သောအခါ ဦးနှောက်သည် ဒိုရင်းအတိုင်း ပြန်လည် နောက်ကျုလာသော ကြောင့် စိတ်သည်လည်း မကြည်မလင် ဖြစ်လာပြန်ပါတော့သည်။ ထိုအခါ သူတစ်ပါးအား မလိုမုန်းထားလိုစိတ်၊ မကောင်းကြံလိုစိတ်၊ သူတစ်ပါး ပြောသည်ကို ဟုတ်သည် မှန်သည်ဟု မယုံကြည်လိုစိတ်တို့ ထပ်တလဲလဲဖြစ် လာပါတော့သည်။

ကျွန်တော်ကိုယ်တိုင်လည်း တစ်ခါက ဤဆေးကို ဆောင်ထားရသူ ဖြစ်ခဲ့ဖူးပါသည်။ သို့ရာတွင် ကျွန်တော်မှာ အညွှန်းအတိုင်း သုံးဆောင် သော်လည်း တစ်ညလုံး အိပ်စက်ခွင့် မရသောကြောင့် အညွှန်းထက် ပို၍ သုံးဆောင်ပါမှသာ တစ်ညလျှင် ၂-နာရီ ၃-နာရီခန့်မျှ အိပ်ခွင့် ရခဲ့ပါ သည်။

၁၃၂၄ ခုနှစ်၊ တန်ဆောင်မုန်းလ၏ တစ်ညသ၌ အိပ်မပျော်၍ ကိစ္စ အမျိုးမျိုး၊ အကြောင်းအမျိုးမျိုး၊ လူအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို တွေးရင်း တောရင်းက ကံကောင်း ထောက်မချိန် ရောက်လာသော ကျွန် တော်သည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရား အကြောင်းကို လည်း တွေးမိပါသည်။

‘အင်း.... နှလုံးငြိမ်ဆေးတွေကို သောက်လာခဲ့တာလဲ ကြာလှပြီ၊ ဆေးရဲ့တန်ခိုးကတော့ အခိုက်အတန့်ပဲ တန်ခိုးပြတာပဲ၊ မဟာစည်ဆရာတော် ဘုရားကြီးရဲ့ ‘ဝိပဿနာ အလုပ်ပေးတရားတော်’ အရ ငါ့ရဲ့ နောက်ကျိနေတဲ့ ဦးနှောက်ကို ရှင်းလင်းသွားအောင် အားထုတ်ကြည့်ဦးမှပဲ’ ဟု ထူးထူးခြား ခြား အကြံကောင်းပေါ်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိပ်ရာ ပေါ်၌ပင် ပက်လက်လှန်၍ အိပ်ရင်း ဝမ်းဗိုက်ကို စူးစိုက်ကာ ဝမ်းဗိုက် ဖောင်းလာခိုက် (ဖောင်းတယ်) ဝမ်းဗိုက်ပိန်လာခိုက်(ပိန်တယ်)ဟု လက်တွေ့ ရှုမှတ်ပါသည်။ အချိန်မည်မျှကြာသွားသည် မသိပါ။ ရှုမှတ်နေသော စိတ် သည် ပျောက်ကွယ်၍ အိပ်ပျော်သွားပါတော့သည်။

နံနက်မိုးလင်း၍ အိပ်ရာမှ နိုးသောအခါ လွန်စွာအံ့ဩ၍ ဝမ်း မြောက်မိပါသည်။ “ငါ၏အဖို့ အကောင်းဆုံးသော စိတ်ကို ထိန်းသိမ်းနိုင်မှု နည်းကောင်းကိုရပြီ” ဟု ဝမ်းသာမဆုံး ဖြစ်မိပါသည်။ ဘုရားရှင်၏ ဂုဏ် တော်ကိုလည်းကောင်း၊ တရားတော်၏ ဂုဏ်တော်ကိုလည်းကောင်း အဖန်ဖန် ပွားမိသည့်အပြင် မဟာစည် ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ်တို့ကိုလည်း

ဦးညွတ်မိပါသည်။ ကျွန်တော်၏ စိတ်သည်လည်း အထူးသဖြင့် ကြည်လင်နေပါသည်။ ရုပ်ကောင်း၊ သွားကောင်း၊ ထိုင်ကောင်း၊ အလုပ်လုပ်လို့လဲ ကောင်း ဖြစ်နေပါတော့သည်။

"ဘုရားရှင်၏ တရားတော် အရသာသည် အရသာတကာတို့တွင် အမြတ်ဆုံးဖြစ်၏"ဟု ရဟန်းရှင်လူ အပေါင်းတို့ ပြောကြ ဟောကြပါသည်။ ကျွန်တော်ကမူ "တရားကို ရှုမှတ်သောသူ၏ စိတ်သည် စိတ်ငြိမ်ဆေးကို သုံးဆောင်သူများစွာတို့၏ စိတ်ထက် တည်ငြိမ်သည်" ဟု ယုံကြည်ပါသည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်သည် စိတ်တည်ငြိမ်မှုအတွက် အကောင်းဆုံးသော ဆေးကြီးဖြစ်ကြောင်း ကျွန်တော် ရဲဝံ့စွာ အာမခံပါသည်။

ကျွန်တော်သည် သာသနာ့ရိပ်သာ၌ စေတနာ့ဝန်ထမ်း ဆေးကုသခဲ့သည့် ၁၉၅၂ ခုနှစ်မှစ၍ တရားအရသာကို သိသည့်နေ့တိုင်အောင် ပြန်လည် ရေတွက်လျှင် (၁၁) နှစ်ခန့်ကာလ ကြာညောင်းခဲ့ပါပြီ။ ၎င်း (၁၁) နှစ်အတွင်း၌ဝယ် မဟာစည်ဆရာတော်ဘုရားကြီးအား ဘာဝပြဿနာကို မေးမြန်း လျှောက်ထားစဉ်က ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးစွာ ဓမ္မသာကစ္ဆာ မင်္ဂလာကို ခံယူခဲ့ရသည်မှအပ၊ တရားအရသာကို ဘာဝနာမယ ဉာဏ်ဖြင့် သိသည်အထိ ကိုယ်တိုင်အားမထုတ်မိခဲ့သောကြောင့် ပြန်လည်၍ တွေးမိတိုင်း ယူကျုံးမရ ဖြစ်မိပါသည်။ ထို (၁၁) နှစ် ကာလအတွင်း၌ တရားအရသာကို ဘာဝနာမယဉာဏ်ဖြင့် သိအောင် အားမထုတ်ခဲ့ခြင်းမှာ ကျွန်တော်၏ ချွတ်ယွင်းသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။

ဤကဲ့သို့ တရားအရသာကို သိသည့်နေ့မှစ၍ ကျွန်တော်သည် ညစဉ်အိပ်ရာဝင်တိုင်း ဖောင်းသည် ပိန်သည်ကို မရှုမှတ်ဘဲ အိပ်လေ့မရှိတော့ပါ။ ဖောင်းမှု ပိန်မှု မှတ်ရခြင်းသည်ပင်လျှင် ကျွန်တော့်အဖို့ အကောင်းဆုံးသော စိတ်ငြိမ်ဆေး ဖြစ်ပါတော့သည်။

တရားသဘောကို ကျွန်တော်အကျယ်မပြောတတ်ပါ။ မဟာစည်ဆရာတော်ဘုရားကြီးသည် သာသနာ့ရိပ်သာသို့ တရားအားထုတ်ရန် လာရောက်ကြကုန်သော ရဟန်းရှင်လူတိုင်းအား တရားပေးသည့်အခါ ဟောကြားတော်မူလေ့ရှိသည်ကို အသံဖမ်းယူ၍ စာအုပ်အဖြစ် ပုံနှိပ်ထားသော 'ဝိပဿနာ အလုပ်ပေးတရားတော်ကြီး' စာအုပ်၌ပါသည့်အတိုင်း ရှုမှတ်ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စ၍ နေ့စဉ် နံနက်တိုင်း၊ နံနက် ၅ နာရီမှ ၆ နာရီ အထိ၊ ၁ နာရီခန့် အချိန်ယူ၍ဝိပဿနာတရားကို မှန်မှန် အားထုတ်လာခဲ့ပါသည်။ ကျွန်တော်၏ စိတ်များသည် သိမ်မွေ့ နူးညံ့လာ၍ အသိဉာဏ်များလည်း တိုးတက်လာပါ သည်။ ကြောက်သည်၊ လန့်သည် ဆိုသော အရာတို့လည်း တစ်စ တစ်စ ပါးလာ၍လားမသိ၊ အစွမ်း သတ္တိတို့သည်လည်း ထက်မြက်လာပါသည်။ အပါယ်တံခါးကိုလည်း ပြန်လည်၍ မပွင့်စေလိုတော့ပါ။ ဤဘဝမှစ၍ လုံးဝ ပိတ်သွားဖို့ရာသာ စူးစိုက်မိပါသည်။ ထိုင်းမှိုင်း တွေဝေသော စိတ်တို့လည်း နည်းပါးလာသောကြောင့် ကျွန်တော်၏စိတ်မှာ ပေါ့ပါးလာပါတော့သည်။ မဂ်ဉာဏ်ကို မရသည့်တိုင်အောင် မျက်မှောက်တွင်ပင် ဒိဋ္ဌဓမ္မအကျိုးတို့ကို ခံစားသင့်သလောက် ခံစားနေရပါပြီ။

## ဆွီဒင်အမျိုးသမီးသီလရှင်

ကျွန်တော်သည် တစ်နေ့လျှင်တစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်နာရီမျှသာ တရားထိုင်လာခဲ့ရာမှ တစ်လကျော်မျှ ကြာလာခဲ့သော်လည်း တရားတော်၏ အရသာကို ဘယ်လို ခံစားရမှန်းမသိ၍ စိတ်ပျက်သလို ဖြစ်သွား ပါသည်။ စိတ်ပျက်သည့်ကြားထဲက တစ်ဖန်ပြန်၍ တွေးမိပြန်သောအခါ သာသနာ့ရိပ်သာသို့ လာရောက် တရားအားထုတ်ကြသော သူတော်စင် အပေါင်းတို့သည် တရားတော်၏ အရသာကိုသိပြီးဉာဏ်စဉ်နာသွားကြသည်။ သာသနာ့ရိပ်သာမှ မိုင်ပေါင်းများစွာ ဝေးကွာလှသော ဥရောပတိုက် အနောက် ကမ်းခြေ၊ ဆွီဒင်ပြည်မှ ဆွီဒင်လူမျိုး သီလရှင်မကြီး ဒေါ်အမိတာကပင် ဉာဏ်စဉ် နာပြီးသောအခါ၌ 'Meditation is very marvellous process.' (အဓိပ္ပာယ်မှာ တရားအားထုတ်ရတာ သိပ်ထူးဆန်းတာပဲ) ဟု ကျွန်တော် အား သာသနာ့ရိပ်သာဆောင်းထဲတွင် ထုတ်ဖော် ပြောသွားခဲ့ဖူးပါသည်။

[မှတ်ချက်။ ။အဆိုပါ ဆွီဒင် သီလရှင်၏အမည်မှာ 'စစ္စတာ၊ အမိတာနိဿတ္တ Sister Amita Nissatta ဖြစ်၍ အဆိုပါ သီလရှင်မှာ တရား အားထုတ်၍ အမှတ်ကောင်းနေစဉ် ၂၉-နာရီလုံးလုံး မလှုပ် မယှက်၊ မပြုံမပြင်ဘဲ ငြိမ်သက်စွာ ထိုင်နေနိုင်ကြောင်း မဟာစည် ပဋိပတ္တိသာသနာဝင် စာအုပ်ကြီး၊ ၂၁၆၊ ၂၇၃-တို့အရ သိရှိရ ပါသည်။ စာတည်း။]

---

များစွာသော သူအပေါင်းတို့သည် တရားတော်၏အရသာကို တကယ်မခံစားရဘဲနှင့်ခံစားရသည်ဟုပြောကြမည့်ပုဂ္ဂိုလ်များမဟုတ်၊ ဂ-ပါးသီလကို စောင့်ထိန်းကြသော သူများဖြစ်သည်။ အရသာအစစ်အမှန်ကို တွေ့ရှိသာ ပြောပြသွားတန်ရာသည်။ ဆရာတော်များကလည်း တရားထိုင်ရင်း ပေါ်လာသမျှကိုသာ ရှုမှတ်သွားပါ၊ ရှုမှတ်သွားရင်းက တရား၏ တကယ့်အရသာကို တွေ့ရလိမ့်မည်ဟု တိုက်တွန်းကြသည်။ ငါလည်းဇွဲသန်သန်ဖြင့် တရားကို အားထုတ်ကြည့်ဦးမည်ဟု စိတ်ကိုတင်းကာ ပြန်ပြီး တရားကို ရှုမှတ်ပြန်ရာ အကောင်းအဆိုးခံစားမှုများနှင့် ကြုံတွေ့မှုများ ပေါ်လာသည့် အခါတိုင်း ရှုမှတ်လာခဲ့ရင်းက ကျွန်တော်၏စိတ်သည် ထိုအာရုံများ အပေါ်၌သာ ကျရောက်နေပါသည်။

ထိုကဲ့သို့ ရှုမှတ်လေ့လာကြည့်ရာမှ ပေါ်လာသမျှ ထိတွေ့မှုများ၊ ကောင်းဆိုး ခံစားမှုများသည် မည်သို့ ဖြစ်သွားသည်ကို သိရှိလာပါသည်။ နာကျင်ခြင်း၊ ညောင်းညာခြင်း၊ ကိုက်ခဲခြင်းစသော ခံစားမှု များသည် ပေါ်ပြီး ပျောက်ကွယ်သွားသည်ကို သိရှိရပါသည်။

## တရားအရသာ

၁၉၆၂-ခု၊ ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး တရားထိုင်ခဲ့ရာမှ ၁၉၆၂-ခု၊ ဒီဇင်ဘာလထဲသို့ ရောက်လာသောအခါ နံနက်ခင်း တစ်ချိန်တွင် ကျွန်တော်သည် မဖော်ပြနိုင်သော တရားအရသာကလေးကို ခံစားလိုက်ရပါသည်။

ထိုအရသာကလေးမှာ ကျွန်တော်၏ တစ်သက်တာတွင် ခံစားခဲ့ရသော မည်သည့်အရသာနှင့်မျှ မတူကြောင်းကို သိရှိသွားပါသည်။ ထိုအရသာကလေးကို ခံစားရပြီးနောက် ၁၉၆၃-ခုနှစ် ဖေဖော်ဝါရီလ ၂၃-ရက်နေ့ ညနေ ၄း၃၀ နာရီအချိန်တွင် ကျွန်တော်သည် ဉာဏ်စဉ် တရားတော်ကို ရှိသေစွာ နာကြားခွင့် ရသွားပါသည်။

ဉာဏ်စဉ်တရားနာပြီးခြင်းသည် တရားအားထုတ်သည့်အလုပ် ပြီးဆုံးသွားသေးသည်မဟုတ်သေးပါ။ဆက်လက်ပြီးအားထုတ်ရန်ရှိပါသေးကြောင်းကို သိရှိပါသည်။ သို့ပါသော်လည်း လူ့လောကအလယ်၌ ပလိဗောဓ မျိုးစုံတွေကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော ကျွန်တော့်အဖို့ တရားအားထုတ်ခြင်းနှင့် ကင်းကွာရမည့်အကြောင်း ပေါ်ပေါက်လာခဲ့ပါသည်။

လောကုတ္တရာနယ်ပယ်၌ မွေ့လျော်နေခဲ့သော ကျွန်တော်သည် မလွဲမရှောင်နိုင်သော အကြောင်းကြောင့် လောကီနယ်အတွင်းသို့ ပြန်ဝင်လိုက်ရပြန်ပါသည်။ စရဏကုသိုလ်ပြုရန်အတွက် ကမ္ဘာအေး သံဃဆေးရုံကြီး၌ တာဝန်ထမ်းဆောင်ရန် အကြောင်း ပေါ်လာခဲ့ပါသည်။

## ဝမ်းဗိုက်နာ

သံဃဆေးရုံကြီးတွင် တာဝန်များကို ထမ်းဆောင်ရင်းက ကျွန်တော်သည် ၁၉၆၆-ခု၊ ဩဂုတ်လ ၁၁-ရက်နေ့ည ၃၀-နာရီအချိန်တွင် နေအိမ်သို့ပြန်ရောက်ပြီး အိပ်ရာဝင်သောအခါ တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရဖူးသောဝမ်းဗိုက်နာကို ခံစားလိုက်ရပါသည်။ ဝမ်းဗိုက်အတွင်း၌ အူများကို တအားလက်ဖြင့် ဆွဲဆုပ်ထားသလို အခံရခက်လှသော နာကျင်မှုကြီးသည် ကျွန်တော်အား စတင်နှိပ်စက်လာပါတော့သည်။

ကျွန်တော်၏ဝမ်းဗိုက်တွင်းက အောင့်သလိုလို နာသလိုလိုလည်းထင်ရပါသည်။ အခံရခက်သော ဝေဒနာကြောင့် ပက်လက်လည်း အိပ်မလို့မရ၊ မှောက်လျက်လည်း အိပ်လို့မဖြစ်၊ စောင်းနေပြန်လျှင်လည်းတစ်ဒုက္ခ ဖြစ်နေပါသည်။ ဝမ်းသွားပစ်လိုက်လျှင် ရောဂါသက်သာသွားလိမ့်မည်ဟု ထင်မိသည့်အလျောက် ဝမ်းနုတ်ဆေး ကရင်းအော့ (ဖ်) မက်ဂနီဆီယာ (Cream of Magnesia) ကို ယူ၍ သောက်လိုက်ပါသည်။ မသက်သာလှပါ၊ မသက်သာသည့်အတွက် ဇနီးဖြစ်သူအား ဝမ်းချုခိုင်းပြန်ပါသည်။

ဇနီးဖြစ်သူက ဝမ်းချုပေးသော်လည်း သက်သာမသွားပါ။ ဝမ်းသွားလို့မရ၍ ငါ၏ အူလမ်းကြောင်းသည် ပိတ်နေပြီဟု သိသွားပါသည်။

အူလမ်းကြောင်း ပိတ်ပြီဟုသိသည်နှင့် တစ်ပြိုင်နက် သေရတော့မည့်အရေးကို တွေးမိလာပါသည်။ တွေးမိသည်နှင့်တစ်ပြိုင်နက် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည့် ဥတ္တိယထေရ် ဥဒါန်းကျူးရင့်တော်မူသော အောက်ပါ ထေရဂါထာကလေးကို သတိရမိလာပါသည်။

အာဗာဓေ မေ သမုပ္ပန္နေ၊
သတိ မေ ဥဒပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊
ကာလော မေ န ပမဇ္ဇိတုံ။

"ငါ့အား ခရောဂါဟုဆိုအပ်သော ဝေဒနာသည် ဖြစ်ပေါ်ခဲ့လေပြီ။ ငါ့အား မေ့ခလျှော့နေဖို့အခါ မဟုတ်တော့ပြီဟု ရောဂါဖြစ်လာသည်ရှိသော် အောက်မေ့မှု သတိလည်း ဖြစ်ခဲ့ပြီ။"

(ဤဂါထာ ကလေး၏ အဓိပ္ပာယ်ကို မဟာစည်ဆရာတော်ဘုရားကြီး၏ နှုတ်ခွန်းဆက်တရားတော် စာအုပ်ထဲမှာ တွေ့ရှိနိုင်ပါသည်။)

## ရှုမှတ်ခြင်းသာ ဆောက်တည်ရာ

ပြင်းထန်စွာခံစားနေရသော ဝမ်းဗိုက်နာကျင်မှုအတွက် ညည်းညူနေခြင်းဖြင့် အကျိုးထူးမည်မဟုတ်၊ ဒေါသဖြစ်ပြီး ဘေးနားရှိ လူများကို ကြိမ်းမောင်းဆဲဆိုနေပြန်ရင်လဲ ရောဂါပျောက်မည် မဟုတ်၊ အကုသိုလ်သာ ဖြစ်တော့မည်။ သေရမည့်အတူတူ ယခင်က ရှုမှတ်ခဲ့သော တရားတော်ကိုသာ ဆောက်တည်ရာအဖြစ် ပြန်လည်ရှုမှတ်တော့မည်ဟု စိတ်တွင်ပိုင်းဖြတ်လိုက်ပါသည်။

စိတ်ပိုင်းဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် ၁၉၆၂-ခုနှစ်အတွင်း တရားအားထုတ်စဉ်ကကဲ့သို့ကျွန်တော်၏ခန္ဓာကိုယ်ပေါ်တွင်ပေါ်လာသောဝေဒနာဆိုးများအပေါ်၌ ကျွန်တော်၏ အသိစိတ်ကလေးကို တစ်ထပ်တည်းကျနေအောင် တင်ထားပြီး စူးစိုက်ကြည့်ပါတော့သည်။

တရားအားထုတ်စဉ်က ကြုံတွေ့ရသောဝေဒနာသည် ခန္ဓာ၌ ရှိလျက်သာ နေသည်ကို အထင်အရှားသိခဲ့ရသည်။ တရားသာ ထိုင်မကြည့်ခဲ့လျှင် ဝေဒနာများ ရှိနေသည်ကို သိရန်ခဲယဉ်းလိမ့်မည် ထင်ပါသည်။

မည်ကဲ့သို့သော ဝေဒနာမျိုးကို ခံစားနေရသည်ဖြစ်စေ၊ အခံရခက်နေသည့် ခန္ဓာအစိတ်အပိုင်းပေါ်၌သာ ကျွန်တော်၏စိတ်ကို တင်ထားပြီး ရှုမှတ်ကြည့်ခဲ့ရာတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

ဝမ်းဗိုက်အတွင်းရှိအူတွေမှာ တင်းကျပ်စွာ ညှစ်ထားသကဲ့သို့ ထင်ရပါသည်။ ပိတ်ဆို့နေသည့် အစာအိမ်နှင့် အူများမှာ ဖောင်းကားနေပြီး အစာဟောင်းများနှင့် ပြည့်နှက်လျက် ရှိသည်ကိုပါ သတိပြုမိပါသည်။ အစာအိမ်နှင့် အူများ ဖောင်းတက်နေသည့်အတွက် ကျွန်တော်၏ ဝမ်းဗိုက်တစ်ပြင်လုံးမှာ ဂျပ်ပြားကဲ့သို့ တင်းမာလျက်ရှိနေသည်ကို သတိပြုမိပါသည်။

ဝမ်းဗိုက်အလယ်ကို ရှုမှတ်နေရင်းက ကျွန်တော်သည် ဘယ်ဘက်သို့ စောင်းချင်လာပါသည်။

စောင်းချင်သည့်စိတ်ပေါ်လာ၍ ဘယ်ဘက်သို့ စောင်းပစ်လိုက်သောအခါ ဝမ်းဗိုက်အလယ်၌ ပေါ်နေသော ဝေဒနာသည် ပျောက်ကွယ်သွားပါသည်။ တစ်ဖန် ဘယ်ဘက်တေး တစ်နေရာတွင် နာကျင်သော ဝေဒနာသည် ပေါ်လာပြန်ပါသည်။ သက်သာသလိုထင်၍ ညာဘက်သို့ စောင်းချင်သည့်စိတ် ပေါ်လာပြန်သောအခါ ရှုမှတ်ပြီးလှည့်လိုက်ပါသည်။ ဘယ်ဘက်ဗိုက်တစ်ခြမ်းမှ ဝေဒနာပျောက်ပြီး ညာဘက်ဗိုက်တစ်နေရာတွင်နာကျင်သော ဝေဒနာပေါ်လာသည်ကို သတိပြုမိပြန်ပါသည်။ ဤသို့ကျွန်တော်ရှုမှတ်နေသော စိတ်အစဉ်သည် တစ်ဗိုက်လုံး၌ နာလိုက် ပျောက်လိုက် ဖြစ်နေသော နေရာအနှံ့အပြား ပေါ်၍သာ ကျနေပါတော့သည်။

ကျွန်တော်၏စိတ်သည် ဝေဒနာကို အနိုင်ကိုမခံ၊ အရှုံးလည်းမပေးဘဲ ရှုမှတ်မြဲရှုမှတ်နေပါသည်။ ဇနီးဖြစ်သူက တတ်စွမ်းသမျှ ပြုစုပြီး ရောဂါနှင့်ပတ်သက်သော အကျိုးအကြောင်း မေးမြန်းသည်ကိုပင် ရှည်ရှည် ဝေးဝေး မဖြေဘဲ အတိုချုပ်သာ အဖြေပေးပြီး ဝေဒနာကိုသာရှုမှတ်လျက် နေပါသည်။ ထိုညအဖို့ အလွန်ဆိုးဝါးပြီး တင်းကျပ် နာကျင်လှသော ဝမ်းဗိုက်နာကို ရှုမှတ်လျက်ပင် ကုစား၍ မိုးထိန်ထိန်လင်းသွားခဲ့ပါသည်။

၁၉၆၆-ခု၊ ဩဂုတ်လ ၁၂ ရက်။ မိုးလင်း လာခဲ့သော်လည်း ဝေဒနာမှာ ပျောက်ကွယ်၍မသွားပါ။ အူလမ်းကြောင်းပွင့်သွားရန် ညအချိန်က ဝမ်းနှုတ်ဆေးသောက်ပြီး ဝမ်းချုပ်ခဲ့သော်လည်း ဝမ်းမှာ လုံးဝမသွားပါ။ ဝမ်းဗိုက်မှာ တစ်ချိန်ထက်တစ်ချိန် ပို၍တင်းမာပြီး ဖောင်းတက်၍သာ လာနေပါသည်။

ဇနီးဖြစ်သူသည် တယ်လီဖုန်းဖြင့် ရန်ကုန်ဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ထံသို့ အကြောင်းကြားလိုက်ပါသည်။

"ဆရာ့မိတ်ဆွေညကတည်းကစပြီးဗိုက်နာတာ အခုအချိန်အထိမသက်သာဘူး၊ ဝမ်းနှုတ်ဆေးတိုက်ပြီး ဆပ်ပြာရည်နှင့် ဝမ်းချုပ် ပေးတာလည်း နှစ်ခါရှိပြီ၊ အခုအချိန်ထိ ဝမ်းလုံးဝ မသွားဘူး၊ အန့်လဲ အန်တယ်။ အန်တာက နှစ်ကြိမ်ရှိပါပြီ၊ တဆိတ်ကျေးဇူးပြုပြီး လာရောက်ကြည့်ပါဦး" လို့ ဇနီးဖြစ်သူက ဆေးရုံမှဆရာဝန်ကြီးအား တယ်လီဖုန်းမှနေပြီး ပန်ကြား

နေသည့်အသံသည် ကျွန်တော်၏နားတွင်းသို့ ဝင်ရောက် လာပါသည်။ ဝင်ရောက်လာရာမှ တစ်ဖန် ပျောက်ကွယ်သွားပြန်ပါသည်။ မကြာမီ အထူးကုဆရာဝန်၏ အသံသည်လည်း ကျွန်တော်၏နား နားဝ၌ ပေါ်လာပါသည်။ ထို့နောက် ကျွန်တော်၏ ဝမ်းဗိုက်မှာ သူ၏လက်ဖြင့် စမ်းသပ်ခြင်းကို ခံလိုက်ရပါသည်။ ဆရာဝန်သည် ကျွန်တော့်ကို မေးခွန်းအမျိုးမျိုးထုတ်ပါသည်။ ကျွန်တော်သည် လိုရင်းလောက်ကိုသာ ပြောကြားရင်း စိတ်ကို ဝေဒနာပေါ်၌သာ တင်ထားပါသည်။

## အူလမ်းကြောင်းပိတ် ရောဂါ

ဝမ်းနှုတ်ဆေးတိုတိုက်၍ဖြစ်စေ၊ ဝမ်းချုပ်၍ဖြစ်စေ ဝမ်းမသွားလျှင် (Intestinal Obstruction) အူလမ်းကြောင်း ပိတ်နေသည်ကို ဆရာဝန်တိုင်း အကဲခတ်နိုင်ကြပါသည်။ သို့သော် ဗိုက်ခွဲကြည့်မှသာ ပိတ်ရသည့် အကြောင်းမှန်ကို တပ်အပ်သေချာသိနိုင်ပါသည်။ အူလမ်းကြောင်းကို ပိတ်စေတတ်သည့်ရောဂါပေါင်းစုံတို့ရှိသည့်အနက် ကင်ဆာရောဂါသည် ကြောက်စရာ အကောင်းဆုံးနှင့် ဆရာဝန်များ လူလို့မပျောက်သော ရောဂါဖြစ်ပါသည်။ အူလမ်းကြောင်း ဖြုန်းကနဲ ပိတ်သွားသောအခါ လူမမာသည် သေဖို့နှင့်ရှင်ဖို့အနက် သေဖို့သာများနေသည်ကို အထူးကုဆရာဝန်ကြီးလည်း သိပါသည်။ ကျွန်တော်လည်း သိပါသည်။

အထူးကုဆရာဝန်သည် ကျွန်တော်နှင့်တကွ ကျွန်တော်၏ ဇနီးအား အားမငယ်ရန်နှင့် သူကိုယ်တိုင် အစွမ်းကုန်ကြိုးစားပြီး ကုမည့်အကြောင်း အားပေးစကားပြောပါသည်။ကျွန်တော်မှာ ကြောက်စိတ်မရှိပါ။စိတ်ကိုဝမ်းဗိုက်တစ်ပြင်လုံး၌ ပေါ်နေသောဝေဒနာများပေါ်၌သာ တင်ထားပါသည်။ မုချသေရတော့မည်ဟုယူဆ၍ မိမိ၏ခန္ဓာကိုယ်ပေါ်၌ ပေါ်ပြီးရင်း ပျောက်သွားရင်း ဖြစ်နေသော ဝေဒနာ အာရုံမှလွဲပြီး မည်သည့် အာရုံဆီကိုမျှ ကျွန်တော်၏စိတ် အရောက်မခံပါ။ မိမိပိုင်ပစ္စည်းကိုလည်း သတိမရ၊ ဇနီးနှင့် သားသမီးများကိုလည်း သတိမရတော့ပါ။ စွဲလမ်းစရာအာရုံမှန်သမျှ တစ်ခု တစ်လေမျှ မပေါ်လာတော့ဘဲ တင်းမာ ဖောင်းတက် နာကျင် နေသော ဝေဒနာသည်သာလျှင် ကျွန်တော်၏စိတ်၌ ပေါ်လိုက် ပျောက်လိုက် ဖြစ်နေသည်ကို သိနေရပါသည်။ ကျွန်တော်မှာ မလှုပ်ရှားနိုင်တော့ဘဲ အိပ်ရာပေါ်၌ ပက်လက်လဲနေပါပြီ။

## ဘဝမျှအကျိုးမသက်ရောက်

အထူးကုဆရာဝန်သည် ကျွန်တော်၏ဝမ်းဗိုက်ကိုစေ့စပ်စွာ ကြည့်ပြီးမှ သူ၏ညာလက်ဖြင့် သေချာစွာစမ်းသပ်ရင်း ကျွန်တော်၏ဇနီးအားနောက်ထပ် အလှဆီဆပ်ပြာရည်ဖြင့် ဝမ်းချူပေးရန် မှာကြားပြီး သူ့အိမ်သို့ ပြန်သွားပါသည်။ ညအချိန်ကကဲ့သို့ ဝမ်းထပ်ချူသော်လည်း ဘာမျှ အကျိုးမသက်ရောက်ပါ။ ဆပ်ပြာရည် အလှဆီတို့သာ ပြန်ထွက်လာပါသည်။ ရှုမှတ်လျက်နေသော စိတ်သည် ဝေဒနာနှင့် တစ်ထပ်တည်းလို ကျနေခဲ့ရာမှ ထိုနေ့ညပိုင်းသို့ ရောက်သောအခါ အထူးကုဆရာဝန်သည် သူကိုယ်တိုင် လာရောက်ပြီး ကျွန်တော့်အား ဆေးရုံသို့ ခေါ်ဆောင်သွားပါသည်။ တစ်ချိန်ထက်တစ်ချိန် ကျွန်တော်၏ ရောဂါမှာ ပိုပြီးဆိုးလာပါသည်။ ရှုမှတ်လို့ မရနိုင်အောင် ဖြစ်လာခဲ့သော်လည်း ရှုမှတ်သည့်စိတ်တို့ကို အလျှော့မပေးခဲ့ပါ။

ကျွန်တော်၏ခန္ဓာကိုယ်သည် ပက်လက်တစ်မျိုးတည်း မနေနိုင်တော့ပါ။ အိပ်ရာပေါ်တွင် လိမ့်နေပါသည်။ နာကျင်သော ဝေဒနာမှ သက်သာခွင့်ရရန် ဘယ်ဘက်ဒူးကိုကွေးပြီး ညာဘက်ခြေသလုံးကို ဘယ်ဘက်ဒူးပေါ်သို့ တင်ကာ သက်သာသလို သက်သာငြား စမ်းကြည့်ပါသည်။

ရှုမှတ်နေသောစိတ်၊ ပြင်းထန်စွာ ပေါ်လွင် နေသော ဝေဒနာ၊ အလူးအလဲဖြစ်နေသောခန္ဓာကိုယ်တို့သည် သူနိုင်ငါနိုင် တိုက်ပွဲဝင်နေသကဲ့သို့ ထင်ရပါသည်။

ကျွန်တော်၏ နေအိမ်မှ ဆေးရုံကြီး အရေးပေါ်ဌာန အတွင်းခန်းသို့ ရောက်သည်တိုင်အောင် ပြင်းထန်လှသော ဝေဒနာသည် ပေါ်လိုက်၊ အသိစိတ်ကလေးများသည်လည်း ပျောက်သွားလိုက်၊ ပတ်ဝန်းကျင်မှ ဆူညံသော အသံတို့သည် နားထဲဝင်လာလိုက်နှင့် တစ်လှည့်စီ အာရုံဆိုးများဆီသို့သာ ရောက်နေပါတော့သည်။ တစ်ခါတစ်ရံ၌ ပြင်းထန်သော ဝေဒနာသည် ပေါ်လွင်နေပါသည်။

ကျွန်တော်သည် အခန်း နံပါတ် (၃) နှင့် (၄)ရှိ လှတ်ခနေသော ခုတင်ပေါ်၌ ရောက်သွားပါသည်။

ခုတင်ပေါ်၌ လဲလျောင်းပြီး ခံစားမှုများနှင့် ပေါ်ရာ အာရုံများကိုသာ စိုက်ပြီး ရှုမှတ်လျက်နေစဉ် ခွဲစိတ် အထူးကု ဆရာဝန်ရောက်လာပြီး ရောဂါဝေဒနာ၏ သမိုင်းဖြစ်စဉ်ကို ထပ်မံမေးမြန်းပါသည်။ မေးမြန်းပြီး

နောက် ဝမ်းဗိုက်ကို ခေါတ်မှန်ရိုက်ရန်အတွက် ခေါတ်မှန်ဌာနသို့အလျင်အမြန် ခေါ်သွားရန် ဆရာမနှင့် သူနာပြု လက်ထောက်များအား စေခိုင်းလိုက်ပါသည်။

သူနာပြုနှင့် လက်ထောက်များသည် ခေါတ်မှန်ဌာနသို့ ကျွန်တော့်ကို ခေါ်ဆောင်သွားကြပါသည်။ စိုးရိမ်မှု၊ ကြောက်လန့်မှု၊ ငိုကြွေးမှု၊ ဒေါသထွက်မှုများ လုံးဝပေါ်မလာပါ။ ခေါတ်မှန်ဌာနသို့ ကျွန်တော်၏ ဗိုက်ကို ခေါတ်မှန်ရိုက်ပြီးသောအခါ ကျွန်တော်၏ အူအလယ်ပိုင်းမှာ ပိတ်ဆို့နေသည်ကို တွေ့မြင်ရပါသည်။ ခေါတ်မှန်ပါရဂူကလည်း အူအလယ်ပိုင်းပိတ်ဆို့နေသည်ဟုပင် မှတ်ချက်ပေးလိုက်ပါသည်။

## ခွဲစိတ်ကုသရန်

သူနာပြုနှင့် လက်ထောက်များသည် ကျွန်တော့်အား အခန်းနံပါတ် (၃)နှင့် (၄)သို့ ပြန်ပြီး ခေါ်ဆောင်သွားပါသည်။ ကျွန်တော်၏ ရောဂါအကြောင်းကို သိရပါသည်။ အထူး ခွဲစိတ် ကုသပေးသော ဆရာဝန်၌ ဝမ်းဗိုက်ကို ခွဲစိတ်ပြီး ပိတ်နေသော အူအစိတ်အပိုင်း ဖြတ်တောက်ပြီး ပြန်ဆက်ရန်၊ သို့မဟုတ် အူအခွေလိုက် ရစ်ပတ်နေလျှင်လည်း နေသားတကျဖြစ်အောင် ပြန်လည် ပြုပြင်ရန်၊ ကားထွက် နေသော အူ အောက်ပိုင်းထဲသို့ ကြုံ့နေသော အူ အလယ်ပိုင်းက တိုးဝင် နေခဲ့လျှင်လည်း ပြန်လည်ဆွဲထုတ်ပေးရန်၊ ဝမ်းဗိုက်ကို ခွဲစိတ်ကြည့်ပြီးနောက် ဗိုက်အတွင်းနေရာအနှံ့အပြား၌ အမြစ်တွယ်လျက်နေသော ကင်ဆာအကျိတ်များကို တွေ့မြင်၍ လှီးဖြတ်ပယ်ရှားပစ်ရန်၊ မဖြစ်နိုင်လျှင်လည်း မည်သို့မျှမလုပ်ဘဲ ဝမ်းဗိုက်ကို ပြန်လည်ပိတ်ပစ်ပေးရန် အခွင့်အရေး ရှိနေပါသည်။ ခွဲစိတ်ကုသပေးသည့်တိုင်အောင် ကျွန်တော်၏ အသက်မသေဘဲ ရောဂါ ပျောက်လိမ့်မည်ဟု အာမ မခံနိုင်ပါ။ သတိကြီးစွာဖြင့် စွန့်စားပြီး ခွဲစိတ် ကုသသောအခါ တွေ့မြင်ရမည့် ဝမ်းတွင်းရှိရောဂါအစိုင်အခဲများကို သူ၏ ဓားလက်နက်ဖြင့် လှီးဖြတ်ပြီး အသက်ကို ကယ်နိုင်စွမ်းရှိလျှင် ကြိုးစားပြီး ကယ်တင်မည်၊ မကယ်ဆယ်နိုင်လျှင်လည်း ဥပေက္ခာရှုလိုက်ရုံသာ ရှိပေသည်။

ပါရဂူသည် ကျွန်တော့်ကို ခွဲစိတ် ကုသရန်အတွက် ဇနီးဖြစ်သူ၏ သဘောတူညီချက်ကို ယူပါသည်၊ ကျွန်တော်၏ ဇနီးက ခွဲစိတ်ကုသပြီးမှဖြစ်စေ၊ ခွဲစိတ်ကုလရင်းဖြစ်စေ အကယ်၍ ကျွန်တော် သေဆုံးသွားခဲ့လျှင်

အရေး မဆိုပါ။ ခွဲစိတ်ရန် ခွဲဇိုပြုသဘောတူညီသည့် အကြောင်းကို လက်မှတ် ရေးထိုးလိုက်ပါသည်။

ခွဲစိတ်အထူးကု ဆရာဝန်က ကျွန်တော့်ကို ခွဲစိတ်ကုသရန် ဆုံးဖြတ် လိုက်ပါသည်။ ဇနီးဖြစ်သူကလည်း သဘောတူပြီးပါပြီ။ ကျွန်တော်သည် အိပ်ရာပေါ်၌ပင် မျက်စိမှိတ်လျက် ပေါ်လာသမျှ အာရုံတိုင်းကိုသာ ရှုမှတ် နေစဉ် ဆရာဝန်ကလေးနှင့် သူနာပြုဆရာမလေးတို့သည် ကျွန်တော့်အနီးသို့ ရောက်လာကြပြီး ဆရာဝန်ကလေးက ကျွန်တော်၏ နှာခေါင်း ပေါက် ကလေးမှ နေပြီး (Ryles Tube) ရော်ဘာ ပိုက်လုံးကလေးကို ကျွန် တော်၏ အစာအိမ် အတွင်းသို့ ရောက်အောင် ထိုးသွင်း လိုက်ပါသည်။ ရော်ဘာပြွန်ကလေး၏ တစ်ဖက်စွန်းသည် ကျွန်တော်၏ လည်ချောင်းသို့ ရောက်သွားရာ ကျွန်တော့်လည်ချောင်းအတွင်းမှာ တစ်ဆို့နေသည့် ခံစား မှုကို ကြုံတွေ့ရပါသည်။

ရော်ဘာပိုက်လုံးကလေးသည် လည်ချောင်းကို ကျော်လွန်ပြီး အစာ ရေမျိုလမ်းကြောင်း (Oesophagus) ကို ဖြတ်ပြီး အစာအိမ် အတွင်းသို့ ရောက်ရှိသွားသောအခါ လည်ချောင်းအတွင်း၌ တစ်ဆို့နေ၍ အခံရခက် နေသည့် အရှိန်သည် လျော့ကျသွားသည်ကို သတိပြုမိပါသည်။ ကျွန်တော်၏ စိတ်သည် နာနေသော ဝမ်းဗိုက်ပေါ်၌ ကျသည့်အခါလည်း ကျနေသည်။ လည်ချောင်းတွင်း၌ ခိုးလိုးခုလုဖြစ်နေသည်ကိုလည်း သတိပြုမိပါသည်။

ထိုအာရုံတွေ ကြားထဲက ကျွန်တော်၏ လက်မောင်းမှ နေပြီး (Dextrose with saline) သကြားနှင့်ဆား ရောစပ်ထားသော အရည် သွင်းရန်အတွက် ဆရာဝန်ကလေးသည် လက်မောင်းလယ်မှ သွေးပြန်ကြော ထဲသို့ ချွန်ထက်သောအပ်ကလေး ထိုးသွင်းလိုက်၍ နာကျင်သော ဝေဒနာ ကလေးကိုလည်း သိရပြန်ပါသည်။ အခန်းတွင်းရှိ ပေါ်လာသမျှသော အာရုံဆိုးတို့သည် ပေါ်လာပြီးတိုင်း ပျောက်ကွယ်လျက် ရှိနေသည်ကိုသာ တွေ့ရသည့်ကြားထဲက တာဝန်ခံ အထူးကု ဆရာဝန်သည် ည ၁၀-နာရီ အချိန်တွင် ကျွန်တော်၏ အိပ်ရာနား‌သို့ ရောက်လာကာ—

"ခွဲသင့်တဲ့ အကြောင်းတွေကတော့ရှိတာပဲ၊ ဒါပေမယ့် ကျွန်တော် တို့ (Conservative Treatment) မခွဲဘဲနဲ့ စောင့်ကြည့်ချင်သေးတယ်။ ခုနေခါမှာ (Suction and Replacement) အစာအိမ် အတွင်းမှ

အပုပ်ရည်တွေ စုပ်ထုတ်ရင်း လက်မောင်း သွေးပြန်ကြောထဲမှ နေပြီး သကြားနှင့် ဆားရည်တွေ သွင်းပေးသွားဦးမယ်”

ကျွန်တော်သည် ခွဲစိတ်ကု ဆရာဝန်ပြောဆိုသမျှတို့ကို နားထောင်လျက်သာနေပါသည်။ ကျွန်တော်က မည်သို့မျှပြန်မပြောပါ။ ဆရာဝန်ပင်ဖြစ်သော်လည်း ထိုအချိန်က လူမမာ ဖြစ်နေသဖြင့် ခွဲစိတ် ကုသသော ဆရာဝန်၏ ညွှန်ကြားချက်တို့ကို တစ်သဝေမတိမ်း လိုက်နာရပါသည်။

## ပေါ်လိုက် ပျောက်လိုက်

ခွဲစိတ်အထူးကုဆရာဝန် ထွက်ခွာသွားသောအခါ တာဝန်ခံ ဆရာဝန်ကလေးသည် ကျွန်တော်၏ အစာအိမ်အတွင်းမှ ပုပ်ဟောင်ပြီး မစင်နံ့ ထွက်နေသော စိမ်းဖန့်ဖန့် အရည်များကို စတင်ပြီး စုပ်ထုတ်ပစ်ပါတော့သည်။

မစင်နံ့ ထွက်နေသော အရည်များကို ဖန်ပြွန်ဖြင့် စုပ်ထုတ်ပြီးသည့်အခါတိုင်း ကျွန်တော့် အနားတွင် ရှိသော ဆရာဝန်ကလေးသည် (Kindey Tray) ခေါ် ခွက်ကောက်ကလေးထဲသို့ စွန့်ပစ်နေပါသည်။ ခွက်ကောက်ကလေးထဲမှ ထွက်ပေါ်လာသော မစင်နံ့သည် ကျွန်တော်၏ နှာခေါင်းထဲသို့ ရောက်လာပါသည်။

နာနေသော ဝမ်းဗိုက်၊ ခိုးလိုးခုလု ဖြစ်နေသော လည်ချောင်း၊ မစင်နံ့ ထွက်နေသော ခွက်ကောက်အတွင်းမှ အနံ့ဆိုးများ၊ ကျွန်တော်၏ ခုတင်ဘေးနားမှ တခြားလူမမာတို့၏ အော်သံ၊ ညည်းညူသံများကို ကျွန်တော်သည် တစ်မျိုးပြီးတစ်မျိုး ကြားနေရပါသည်။ ခံစားရသမျှ၊ ကြားရသမျှ၊ နံရသမျှတို့သည် တစ်လှည့်စီ ပေါ်လျက် နေရာမှ တစ်လှည့်စီ ပြန်ပြီး ပျောက်လျက်သာ နေပါသည်။

ည ၁၁ နာရီအချိန်တွင် အထူးကု ဆရာဝန်၏ ညွှန်ကြားချက်အရ ဆရာဝန်ကလေးသည် ကျွန်တော့်တင်ပါး၌ အိပ်ဆေး ထိုးပေးလိုက်ပြီး နောက် နာရီဝက်ခန့် ကြာသောအခါ တရားစဉ်ကို ရှုမှတ်နေရင်းက ကျွန်တော်သည် အိပ်ပျော်သွားပါတော့သည်။

၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်၊ စနေနေ့ နံနက် ၁၀ နာရီခွဲ

အချိန်တွင် ကျွန်တော့်အား ပြုစုနေသော အထူးကု သူနာပြု ဆရာမ မငွေးမေကို တွေ့မြင်ရပါသည်။

ကျွန်တော်သည် သတိထားပြီး ဝမ်းဗိုက်ကို ပြန်လည်ရှုမှတ်ကြည့်သော အခါ နာကျင်သော ဝေဒနာမှာ ယမန်နေ့ကကဲ့သို့ မဟုတ်တော့ပါ။ သိသိ သာသာကြီး လျော့ကျသွားသည်ကို သတိပြုမိသွားပါသည်။ ကျွန်တော်၏ နှာခေါင်းထဲမှာလည်း ရှင်းသွားသည်ဟု သိလာပါသည်။ တစ်ကိုယ်လုံးမှာ လည်း နေသာ ထိုင်သာ ရှိလာပါသည်။

အစောင့်ဆရာမက—

"ညတုန်းက ဆရာဝန်ကလေးတွေလာပြီး ၂ နာရီ တစ်ကြိမ်ကျ ဝမ်းထဲက အရေတွေကို သားရေပိုက်လုံးကနေပြီး စုပ်ထုတ်ပေးကြပါတယ်။ တော်တော်ကြာလျှင်လည်း လာကြလိမ့်ဦးမယ်"ဟု ပြောပါသည်။

ကျွန်တော်သည် မှိန်းလျက် နေပါသည်။ ဆိုးရွားသော ဒုက္ခဝေဒနာ မှာ တဖြည်းဖြည်း ကုန်ဆုံးလိုက်လာပါသည်။ ကျွန်တော်၏စိတ်သည် ငြိမ်း အေးလာပြီး ပတ်ဝန်းကျင်မှ အာရုံမျိုးစုံတို့သည် ယမန်နေ့ကကဲ့သို့ ပေါ် ထွက်နေသော်လည်း ကျွန်တော်၏စိတ်သည် ထိုအာရုံများကိုဥပေက္ခာပြုလျက် ရှုနိုင်နေပါသည်။

ညပိုင်း ၄ နာရီ အချိန်တွင် ကျွန်တော်၏အိမ်သားများနှင့် ဆွေမျိုး မိတ်သင်္ဂဟများသည် ဆေးရုံကြီးရှိ ကျွန်တော့်အား တင်ထားသော လူနာခန်းသို့ ရောက်လာကြပါသည်။ မိတ်ဆွေများကို နှုတ်မဆက်နိုင်ပါ။ ပြုံးလျက်သာ ပြနိုင်ပါသည်။ ခံစားခဲ့ရသော ဝေဒနာဆိုးကြောင့် အားအင် များမှာ ကုန်ခန်းသွား၍ အသံမှာ မထွက်တော့ပါ။ စကားမပြောနိုင်၍ မှိန်းလျက်သာ နေရပါသည်။

## ကိုယ်ပင်ပန်းစေ၊ စိတ်မနွမ်းစေနဲ့

နောက်တစ်ကြိမ် မျက်စိကို ပြန်ဖွင့်ကြည့်ရာတွင် သာသနာ့ရိပ်သာမှ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့်များ ဖြစ်သော ဆရာတော် ဦးပဏ္ဍိတနှင့် ဆရာတော် ဦးဇဝနတို့သည် ကျွန်တော်၏အိပ်ရာ ဘေး၌ ရပ်နေကြသည်ကို တွေ့မြင်ရပြန်ပါသည်။ ဆရာတော် ဦးပဏ္ဍိတ

သည် စက္ကူခြွေကိုချထားရာမှ တည်ငြိမ် ရင့်ကျက်သော မျက်နှာတော်ကို တဖြည်းဖြည်း မော့ကာ ကျွန်တော့်ကိုကြည့်ရင်း....

“ဒါယကာကြီး ကိုယ်သာ ပန်းစေ၊ စိတ်မနွမ်းပါစေနှင့်” ဟု သတိပေး ဆုံးမစကား တစ်ခွန်းတည်းကိုသာ မိန့်ကြားပါသည်။

ဇနီးနှင့် သားသမီးများမှာ သောကမီး လောင်နေလျက် ရှိကြပါ သေးသည်။ ဆွေမျိုးများနှင့် မိတ်ဆွေများမှာလည်း စိုးရိမ်နေကြပါသည်။ ထူးခြားသည်မှာ ထိုအချိန်က ပူဆွေးနေကြသော မိတ်ဆွေ အပေါင်းတို့ကို မြင်တွေ့နေရသော်လည်း ကျွန်တော်၏စိတ်မှာ မည်သို့မျှမဖြစ်ပါ။

တရားတော်အရ ‘မြင်ကာမတ္တ’ ဖြစ်နေသလား မပြောတတ်ပါ။ အရှင်မြတ်နှစ်ပါးသည် ကျွန်တော်၏ အိပ်ရာဘေးနားတွင် ရပ်တော်မူလျက် အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်တော်မူကြပြီးနောက် သာသနာ့ရိပ်သာသို့ ပြန်ကြွတော်မူကြပါသည်။

## ပျောက်သလောက် ရှိနေပါပြီ

ယမန်နေ့ညက ကြုံတွေ့ခဲ့ရသော ဒုက္ခဝေဒနာကြီး ပျောက်သလောက် ရှိနေပါပြီ။ အမှတ်သတိတို့သည်လည်း တိုးတက် ကောင်းမွန်လာ၍ အကွက် စေ့အောင် ရှုမှတ်နိုင်ပါသည်။ ဆေးရုံကြီး တောင်ဘက်ဆီမှ တိုက်ခတ်လာ သော လေအေးကလေး၏ ဒဏ်ကြောင့် ဖြစ်ပေါ်လျက်ရှိသော သုခဝေဒနာ ကလေးကိုပင် ရှုမှတ်ရပါသေးသည်။

အားလုံးသောဆွေမျိုးမိတ်သင်္ဂဟတို့အားစိတ်ချမ်းသာစေရန် “ဒီညနေ ပိုင်းမှာတော့ တော်တော်ကလေး သက်သာသွားပါပြီ” ဟု စကား တစ်ခွန်း သာ ပြောလိုက်ပြီး မျက်စိကို ပြန်မှိတ်ကာ ပေါ်လျက်ပင်ရှိနေသော သုခ ဝေဒနာကို ပြန်ပြီး ရှုမှတ်လျက်သာ နေပါသည်။ ဧည့်သည်များ ပြန်သွား ကြသောအခါ မိုးချုပ်စပြုနေပါပြီ။

သုခဝေဒနာကို ရှုမှတ်နေရသည်မှာ တစ်ချိန်ထက်တစ်ချိန် ကောင်း လျက်သာ နေပါသည်။ လည်ချောင်းထဲမှ ထုတ်မပစ်သေးသော ရှော်ဘာ ပိုက်လုံးကလေးကသာ လည်ချောင်းတွင်း၌ ကလိသလို ဖြစ်နေပါသည်။ တံတွေးမျိုလိုက်လျှင်လည်း ငါးရိုးမျက်သလို ဖြစ်နေပါသည်။

သက်သာလာပြီ

ခွဲစိတ်အထူးကုဆရာဝန်သည် ညပိုင်းတွင် ကျွန်တော့်ထံသို့ ရောက်လာပြီး ကျွန်တော်၏ အခြေအနေကို မေးမြန်းပြန်ရာ ကျွန်တော်သည် ရှုမှတ်နေသော တရားကို ဖျက်လျက်–

''အတော့်ကို သက်သာသွားပါပြီဆရာ၊ လည်ချောင်းထဲမှာရှိနေတဲ့ ရော်ဘာပိုက်လုံးကလေးကြောင့် အခံရခက်နေတာလောက်ပဲ ရှိပါတော့တယ်''ဟု ပြန်ပြောလိုက်ပါသည်။ အူလမ်းကြောင်း ပိတ်သည့် ဝေဒနာဖြစ်၍ ရော်ဘာပိုက်လုံးကလေးကို အစာအိမ်အတွင်းမှ ဆွဲထုတ်ပစ်ရန် မဖြစ်နိုင်သေးပါ။

အစာအိမ်အတွင်း၌ နောက်ထပ် အိုင်ထွန်းလာမည့် အပုပ်ရည်များကို စုပ်ထုတ်ပစ်ရန် ထားနေရပါသေးသည်။

တစ်ချိန်ထက်တစ်ချိန် ရောဂါသက်သာလာသည်ဟု ထင်ရသော်လည်း တကယ့် အခြေအနေမှာ မကောင်းလှသေးပါ။ စနေနေ့ည ကုန်ခဲ့ပြန်ပါသည်။

နောက်နေ့ နံနက်ပိုင်း အချိန်တွင် ခွဲစိတ် အထူးကု ဆရာဝန်သည် ကျွန်တော်၏မျက်နှာနှင့် လက်ချောင်းကလေးများမှာ ပြာနှမ်း နေသည်ကို တွေ့မြင်သွားပါသည်။

အထူးကုဆရာဝန်သည် ပိုမိုစိုးရိမ်ပြီး ဝမ်းဗိုက်ကိုခွဲရကောင်းမလား၊ မခွဲဘဲထားရကောင်းမလားနှင့် ချီတုံချတုံ ဖြစ်သွားပါသည်။ ဆရာဝန်သည် ကျွန်တော့် အနားတွင် ရပ်လျက် နက်နက်နဲနဲ တွေးတော နေပါသည်။ ကျွန်တော့်မှာ ဆရာဝန်ကို တစ်ချက်မျှ စိုက်ကြည့်ပြီးနောက် မျက်စိကို အသာကလေးပြန်မှိတ်ကာ တရားကိုပင် ပြန်ပြီးရှုမှတ်နေပါသည်။ အင်န်ကြာမှ ဆရာဝန်သည် လူတစ်ယောက်၏ အသက်ကို အထူးတန်ဖိုးထားသူဖြစ်သည့်အလျောက် သူ၏ဓားကိုမသုံးဘဲစွန့်ပြီး အစည်ထုတ် ဆေးသွင်းပြီး ကုသရန်သာ ဆုံးဖြတ်လိုက်ပါသည်။

''ဒီလိုပဲထားပါဦးမယ်၊ တဖြည်းဖြည်း သက်သာ သွားပါလိမ့်မယ်'' ဟု ပြောပြီး ပြန်ထွက်သွားပါသည်။

တနင်္ဂနွေနေ့ ညနေပိုင်းအချိန်တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာနာစရိယဆရာတော် ၄-ပါးနှင့်အတူ ကြွရောက်တော်မူလာပါသည်။

## ဗောဇ္ဈင်တရားတော်

ထိုအချိန်ထိ ကျွန်တော်၏ရုပ်မှာ ပျက်နေပါသေးသည်။ လက်ချောင်းကလေးများမှာလည်း ပြာနှမ်းလျက်ပင် ရှိနေပါသေးသည်။ နံနက်ပိုင်းက ကျွန်တော့်ထံသို့ လာရောက်ကာ ကျွန်တော်၏ လက်ချောင်းကလေးများကို ကိုင်လျက် အထူးကုဆရာဝန်က "ဒီလက်တွေက အစကတဲက ဒီလိုပဲလား"ဟု မေးမြန်းလိုက်မှ ကျွန်တော် သတိပြုမိသွားပါသည်။ လက်များမှာ တကယ် ပြာနှမ်းနေသည်ကို တွေ့မြင်ရပါသည်။

ကျောင်းဇူးရှင်ဆရာတော်ဘုရားကြီးသည် ဗောဇ္ဈင်သုတ် တရားတော်ကို ဟောပြောပြီးနောက် ကျွန်တော် ရှုမှတ်ရင်း ဖြစ်သော တရားတော်ကိုသာ ဆက်လက်ရှုမှတ်ရန် သတိပေး ဆုံးမစကားပြောပြီး ပြန်ကြွသွားပါသည်။ ကျွန်တော်၏ ဝေဒနာအတွက် လာရောက်မေးမြန်းကြသော အိမ်သားများနှင့် ဆွေမျိုး အားလုံးတို့သည်လည်း နေအိမ်များသို့ အသီးသီး ပြန်သွားကြပါသည်။

ညပိုင်းအချိန်တွင် အထူးကုဆရာဝန်သည် ကျွန်တော့်ထံသို့ ထပ်မံရောက်လာပြီး စမ်းသပ်ကြည့်ပြန်သောအခါ အံ့အားသင့်သွားပါသည်။ စိတ်အားတက်ကြွစွာနှင့်ပင် "မခံရတော့ဘူး၊ ဒီအတိုင်းနဲ့ပဲ ပျောက်ပါလိမ့်မယ်" ဟု ပြောပါသည်။

ထိုနေ့ည ၁၀-နာရီ အချိန်တွင် အခန်းတွင်း၌ တာဝန်ကျသော ဆရာဝန်ကလေးသည် ရေဘဲလုံးကလေးကို ကျွန်တော်၏ နှာခေါင်းထဲမှ ထုတ်ယူပစ်လိုက်သောအခါ ကျွန်တော့်မှာ ပိုမိုပြီး နေသာထိုင်သာ ရှိသွားပြန်ပါသည်။

သောကြာနေ့ည ၁၀-နာရီမှစပြီး တနင်္ဂနွေနေ့ည ၁၀-နာရီတိုင်အောင် ရေတစ်စက်မျှ မသောက်ခဲ့ရ၍ ကျွန်တော်၏ လည်ချောင်းမှာ ပူပြီး ခြောက်သွေ့လျက်ရှိနေရာ ရေခဲရေ သောက်ခွင့်ကို ရရှိသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်မှာ လန်းဆန်းသည်ထက် လန်းဆန်းလာပါသည်။ လည်ချောင်းမှာလည်း ခြောက်သွေ့နေရာမှ စိုပြည်လာပါသည်။ အလှည့်ကျ ဆရာဝန်သည် အထူးကုဆရာဝန်၏ ညွှန်ကြားချက်အရ ထိုည၌ အိပ်ဆေး ထိုးပေးသဖြင့် တရားမမှတ်နိုင်တော့ဘဲ အိပ်ပျော်သွားပါတော့သည်။

ဤသို့နှင့်ပင် ကျွန်တော်သည် သေဘေးမှ လွတ်မြောက်ခဲ့ရပါသည်။

---

ပထမအကြိမ်



ဝဏ္ဏကျော်ထင်ဆရာဝန်ကြီးဦးမြင့်ဆွေအား ဆေးရုံဖွင့်ပွဲ၌ ဥက္ကဋ္ဌကြီး
သတိုးသီရိသုဓမ္မ ဆရာဦးသွင်က ရွှေတံဆိပ်ဆုချီးမြှင့်စဉ်....

## အလေးအနက် တိုက်တွန်းပါရစေ

တစ်ချိန်က စွဲစွဲမြဲမြဲ အားထုတ်ခဲ့သောတရားတော်သည် ကျွန်တော် သေရမည့်အချိန်တွင် သက်သာခွင့်ရရန် များစွာအကျိုးပြုပေသည်ကို သိရှိသွားပါသည်။ ဝေဒနာပြင်းစွာ ခံစားနေချိန်၌ ကျွန်တော် ရှုမှတ်သော တရား၏ အထောက်အပံ့ကိုသာ မရဘဲ ကျွန်တော်၏စိတ်သည် စွဲလမ်းစရာ အာရုံတစ်ခုခု၏အပေါ်၌ ကျရောက်နေခဲ့လျှင် ထိုရောဂါနှင့်ပင် သေဆုံးသွားရသောအခါ ကျွန်တော်သည် စက်ဆုပ်စရာကောင်းသော ဘဝတစ်ခုခုသို့ ရောက်သွားပေလိမ့်မည်ဟု ထင်မိပါသည်။

ယခုသော် မှန်မြတ်သော တရားတော်ကို အားထုတ်ထား၍ သေခါနီးအချိန်တွင် ကျွန်တော့် အတွက် တရားသည် ထောက်တည်ရာ ဖြစ်ရ

ပါသည်။ ယခုအခါတွင် ကျွန်တော်သည် တရားစစ် တရားမှန်ကို ကိုယ်တိုင် တွေ့ရပြီဟု နှစ်ထောင်းအားရ ဖြစ်နေပါသည်။

ကျွန်တော်တို့သည် စားဝတ်နေရေးဖြစ်သည့် လူမှုရေးကိစ္စ၊ သာသနာရေး မယားရေးကိစ္စတွေနှင့်ပင် အချိန်ကုန် နေကြပါသည်။ အချိန်ကုန်နေသည့်ကြားထဲက အနည်းဆုံး တစ်နေ့လျှင် တစ်နာရီကြာမျှ ဝိပဿနာတရားတော်ကို အားထုတ်ကြည့်ကြလျှင် ထူးခြားသော တရားကို တွေ့နိုင်ကြလိမ့်မည်ဟု ထင်ပါ၍ "တရားတော်ကို အားထုတ်ကြည့်စမ်းပါ" ဟု တိုက်တွန်းလိုပါသည်။

ဓမ္မမိတ်ဆွေ အပေါင်းတို့၊ ကျွန်တော်တို့ တစ်တွေဟာ သံသရာမှာ ကျင်လည်နေကြတဲ့သူတွေ ဖြစ်လေတော့ မအိုချင်ဘဲနှင့်လည်း အိုကြရသည်၊ မနာချင်ဘဲနှင့်လည်း နာကြရသည်၊ မသေချင်ဘဲနှင့်လည်း သေကြရသည်၊ သေပြီးပြန်တော့လည်း တစ်ဖန်ဘဝသစ်၌ မဖြစ်ချင်ပေမယ့် ဖြစ်ကြရဦးမည်၊ ဖြစ်ပြန်တော့လည်း ကိုယ်ဖြစ်ချင်ရာဘဝ၌ချည်း ဖြစ်ရသည်မဟုတ်၊ သက္ကာယဒိဋ္ဌိမကင်းသေးသော ပုဂ္ဂိုလ်မှာဆိုလျှင် ငရဲ၌လည်း ဖြစ်နိုင်သည်။ တိရစ္ဆာန်၌လည်း ဖြစ်နိုင်သည်။ ပြိတ္တာ၌လည်းဖြစ်နိုင်သည်။ အသုရကာယ် ဆိုသည့် အပါယ်ဘဝ၌လည်း ဖြစ်နိုင်သည်။ မဖြစ်ပါစေနှင့်ဟု တောင့်တလို့လည်း ရသည်မဟုတ်၊ ပြုလုပ်ခဲ့သော ကံအားလျော်စွာ သူဖြစ်ချင်ရာမှာ ဖြစ်သွားတတ်ပါသည်။

ထို့ကြောင့် သံသရာဆိုဟာ သေသေချာချာသိလျှင် အလွန်ကြောက်စရာကောင်းပါသည်။ သံသရာဘေးကြီးမှ လွတ်မြောက်ရန် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည့်ဝိပဿနာတရားကိုအားထုတ်ဖို့ အထူးတိုက်တွန်းလိုပါသည်။

မြင့်ဆွေ

(ဝဏ္ဏကျော်ထင် ဒေါက်တာဦးမြင့်ဆွေ)
ဆဋ္ဌသင်္ဂါယနာသံဃပြဋ္ဌာကမဟာဘိသက္က
သာသနာ့ရိပ်သာ အကျိုးဆောင် ဆရာဝန်။

[ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော "အရိယာဝါသ တရားတော်" (ပဋ္ဌမအကြိမ်၊ ၁၉၇၈-ခု၊ နိုဝင်ဘာလ) စာအုပ်မှ ဒေါက်တာဦးမြင့်ဆွေ၏ နိဒါန်းကို ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။ အပြည့်အစုံကို ယင်းတရားတော်စာအုပ်၌ ဖတ်ရှုပါကုန်။]



ယောဂီ
ဘုန်းတော်ကြီး
# ဦးပုည

# ယောဂီဘုန်းတော်ကြီး ဦးပဏ္ဍဝ ထေရုပ္ပတ္တိ

## မင်္ဂလာနိဒါန်း

ဤအကြောင်းအရာ စာအုပ်ငယ်ကို ကာယကံရှင် ယောဂီ ဘုန်းတော်ကြီး ကိုယ်တိုင်ရေး၍ ၁၃၃၆ ခု၊ တော်သလင်းလ (၁၉၇၄၊ စက်တင်ဘာလ)က အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ရာ ဓမ္မမိတ်ဆွေများအား ဖြန့်ဝေခဲ့သည်။ နိဒါန်းရေးသားခြင်းနှင့်မှမ်းမံမှုကို မင်္ဂလာဦးအောင်မြင့်ကတာဝန်ယူဆောင်ရွက်ပေးခဲ့ရာ ဦးမင်္ဂလာကြီး၏ မှတ်သားဖွယ်ကောင်းသော မင်္ဂလာနိဒါန်းကား ဤသို့ ဖြစ်ပါ၏။

### သတိပဋ္ဌာန်သမိုင်းဦး ဥပသကာ နှစ်ယောက်

"ကျွန်တော်သည် ဦးပဏ္ဍဝ အရှင်မြတ်ကို ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစကပင် သိခဲ့ပါသည်။

ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီး မပြီးမီကပင် ပျော်ဘွယ်မြို့ ရွှေပြည်သာ ကမ္မဋ္ဌာန်းကျောင်း ဘုန်းတော်ကြီး ဦးသုန္ဒရထံ၌ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ခဲ့ပါသည်။ ရွှေပြည်သာ ကမ္မဋ္ဌာန်းကျောင်းကား မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ ညာလက်ရုံးတပည့်ကြီး ဦးစံထွန်း တည်ထောင်ခဲ့သော ကမ္မဋ္ဌာန်းကျောင်း ဖြစ်ပါသည်။

ကျွန်တော်သည် တရားအားထုတ်ပြီးနောက် မန္တလေးသို့ ရောက်လာခဲ့ရာ မိဘမဲ့ကျောင်းအုပ် ဆရာတော်ဘုရားကြီး ဦးပဝရနှင့် စကားစပ်မိသဖြင့် သတိပဋ္ဌာန် မြန်မာပြန်ကို အရေးခိုင်း၍ ရေးပေးခဲ့ရပါသည်။ စာအုပ်



သတိုးသီရိသုဓမ္မဆရာဦးသွင်

ဖြစ်လာသောအခါ ယင်းစာအုပ်၌ ပါလာသော သတိပဋ္ဌာန် ဝိပဿနာ ရှုနည်းအကျဉ်းကို ဖတ်ရသော ဦးဘသင်သည် ကျွန်တော်တို့ထံ ရောက်လာပါသည်။ ကျွန်တော်တို့ကလဲ ထိုစဉ်က တရားအားထုတ်လာခဲ့ပါသော်လည်း ကိုယ်အားထုတ်ခဲ့တဲ့တရားကို ပုဂ္ဂိုလ်တိုင်းအား မပြောဝံ့သေးသော အချိန်မှာ ဦးဘသင်နှင့် တွေ့ရ၍ တအားတက်မိပါသည်။

ဦးဘသင်က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်၍ ဆရာတော်ဘုရားကြီး သတင်း၊ တရားတော် အကြောင်းတို့ကို ပြောပြသဖြင့် ဆရာတော်ဘုရားကြီးကို မတွေ့ရခင်ကပင် ဆရာတော်ဘုရားကြီး၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို သိခွင့် ကြည်ညိုခွင့်ရခဲ့ပါသည်။

မြန်မာပြည် လွတ်လပ်ရေးရပြီး သာသနာ့ရိပ်သာကို တည်ထောင်၍ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကို ပင့်သောအခါ ဦးဘသင်သည် ဝတ်ဖြူဝတ် ဥပါသကာအဖြစ်ဖြင့် နောက်က ပါလာသည်ကိုတွေ့ရပါသည်။ ထို့နောက်၌ မဟာစည်ဆရာတော်ဘုရားကြီး၏ ဆရာတူ တပည့်ဖြစ်လာကြသောကြောင့် ပိုမိုရင်းနှီးခဲ့ရာက ယခု ဦးပဏ္ဍဝ ထေရုပ္ပတ္တိကို ဖြည့်စွက် ပြင်ဆင် ရေးသား ပုံနှိပ်ပေးရန် စစ်ကိုင်းတောင်ရိုး ပါဠိကာရီ သုံးခွချောင် ဆရာတော်ဘုရား အရှင်ဝရသာမိဘိဝံသမှ တစ်ဆင့် စေခိုင်းလာသောကြောင့် ပင်ကိုယ်မူ မပျက်အောင် အထိုက်အလျောက် ပြင်ဆင် ရေးသားပုံနှိပ်ပေးရပါသည်။

အညာသူဌေးနှင့် ရန်ကုန်သူဌေးဆွေးနွေးခန်း

ဆာဦးသွင်။ ဦးတို့ စစ်ကိုင်းကို ရောက်လာတာကတော့ သမီးများနဲ့လဲ တွေ့ရင်း၊ ဘုရားလဲဖူးရင်း ကမ္မဋ္ဌာန်းနည်းပြ ဆရာကောင်း ကိုလဲ ရှာရင်း ဆိုပါတော့။

ဦးဘသင်။ ဦးက တရားအားထုတ်လိုလို့ပါလား ခင်ဗျာ။

သွင်။ ကျုပ် တရားအားထုတ်ဖို့လောက်သာ ရည်ရွယ်တာ မဟုတ် ပါဘူး၊ ဦးတို့ ရန်ကုန်မှာ ပရိယတ္တိ သာသနာတော်ကိုရော၊ ပဋိပတ္တိ သာသနာကိုပါ အစွမ်းကုန် ချီးမြှောက်ထောက်ပံ့ ဖို့ရာ ရည်ရွယ်ပြီးတော့ သာသနာ့ရိပ်သာ ဖွင့်လှစ်ထားပါ တယ်။ ပရိယတ္တိ သာသနာတော်ကို ချီးမြှောက်ဖို့ အတွက် တိပိဋကရွေးချယ်ပွဲကြီးကိုကျင်းပပြီး တိပိဋကရသာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးကို တစ်နှစ် တစ်ကြိမ် ရွေးချယ် နေပါတယ်။ ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်ဖို့အတွက် ကတော့ ကမ္မဋ္ဌာန်းကျောင်းတွေလဲဆောက်ပြီးတန်သလောက် ဆောက်ပြီးပေမယ်လို့ ကျုပ်တို့ လိုချင်တဲ့ ကမ္မဋ္ဌာန်းနည်းပြ ဆရာ ပုဂ္ဂိုလ်ထူးမရသေးလို့ ရှာဖွေနေဆဲပဲ ရှိပါသေးတယ်။

သင်။ ဦးတို့ အလိုရှိတဲ့ ကမ္မဋ္ဌာန်းဆရာ ပုဂ္ဂိုလ်ဆိုတာက ဘယ်လို ပုဂ္ဂိုလ် အမျိုးအစားဆိုတာ သိခွင့် ပေးစေချင်ပါတယ် ခင် ဗျား။



သူဌေး ဦးဘသင်

သွင်။ ဒီလိုဗျာ့၊ ကျုပ်တို့က ပရိယတ္တိသာသနာတော်ကို မြန်မာပြည်တွင်းမှာသာမက ကမ္ဘာကိုပါ ဖြန့်ချင်တယ်။ ဒီတော့ကာ ကမ္ဘာ့ဌာန်းဆရာပုဂ္ဂိုလ်ဟာ ရဟန်းတော်လဲ ဖြစ်ရမယ်၊ အရွယ်တော်ကလဲ ဆောင်ရွက်အားကောင်းတုန်း ဖြစ်ရမယ်၊ ပရိယတ်ပဋိပတ် နှစ်ရပ် စွယ်စုံရမယ်၊ ဘာသန္တရဗေဒ သုဘာလဲ အထိုက်အလျောက်ရှိရမယ်၊ ဒါနေအသိုင် သိက္ခာဆုံတာကတော့ဗျာ ကမ္ဘာ့ဌာန်းဆရာ ဆိုနေမှတော့ ပြည့်စုံပြီးသား ဖြစ်ရမှာပေါ့။

မုဒ္ဒအသုံစာပေ

သင်။ ဦးတော်တို့ လိုချင်တဲ့ ကမ္မဋ္ဌာန်းနည်းပြ ဆရာမျိုးကိုတော့ အတော်ခက်ခက်ခဲခဲ ရှာယူရပါလိမ့်မယ် ထင်ပါတယ် ခင်ဗျား။

သွင်။ ဟုတ်ပါတယ်....၊ ဟုတ်ပါတယ်....၊ ကျုပ်တို့ သာသနာ့ရိပ်သာ တည်ထောင်တာ တစ်နှစ်ကျော်ပါပြီ၊ အခုအထိ ကျုပ်တို့ လိုချင်တဲ့ ကမ္မဋ္ဌာန်းဆရာ ပုဂ္ဂိုလ်မျိုး မတွေ့သေးတာနဲ့ အခုအထိ ကမ္မဋ္ဌာန်းလုပ်ငန်း မစရသေးဘူးဗျ၊ ဒါပေမယ့် တစ်နေ့တော့ ကျုပ်တို့လိုချင်တဲ့ ကမ္မဋ္ဌာန်းဆရာကို တွေ့ရမှာပေါ့။

သင်။ ဟုတ်ပါ့ခင်ဗျား၊ ကျွန်တော်များ အခု ကိုးကွယ် ဆည်းကပ်နေတဲ့ ဆရာတော်တစ်ပါးတော့ ရှိပါတယ်။

သွင်။ ပြောပါဦး၊ ဘယ်မှာတုန်းဗျ၊ ဖူးတွေ့ရအောင်။

သင်။ ရွှေဘိုနယ်မှာပါ ခင်ဗျား။

သွင်။ ရဟန်းတော်ပဲနော်။

သင်။ ဟုတ်ပါတယ်ခင်ဗျား။

သွင်။ အရွယ်တော်ကကော။

သင်။ သက်တော် ၄၀-လောက်ပဲ ရှိပါဦးမယ်။

သွင်။ အရွယ်တော်ကတော့ အတော်ပဲဗျ၊ အရည်အချင်းကတော့ ပြောပါဦး။

သင်။ ပရိယတ္တိဘက်က ဓမ္မာစရိယဘွဲ့ ရပြီးပါ။ ဝိပဿနာရှုနည်း ကျွမ်းပြုပုဂ္ဂိုလ်လဲ ဖြစ်ပါတယ်။ ပဋိပတ္တိဘက်ကလဲ သထုံမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးတပည့် ဖြစ်ပါတယ်။ ရဟန်း ရှင် လူ အများလဲ သွားရောက် နည်းခံအားထုတ်နေကြပါတယ်။ ကျွန်တော်လဲ အဲဒီဆရာတော်ထံမှာ အားထုတ်ခဲ့ပါတယ်။

သွင်။ ဒီလိုဆိုရင် ကျုပ်တို့လိုချင်တဲ့ အင်္ဂါရပ်တွေနဲ့ အတော်အတန် ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ဥပမိရုပ်ကို ဖူးတွေ့ဖို့နဲ့ ဟောတဲ့တရားကို နာကြည့်ဖို့ကလိုသေး

သဗျာ့၊ တတ်နိုင်ချင် ကျုပ်တို့ မပြန်ခင် တရားနာခွင့်ရအောင် ဆောင်ရွက်ပေးပါလားဗျာ။

သင်။ ဟုတ်ကဲ့ခင်ဗျား၊ ကျွန်တော် ဆောင်ရွက်ကြည့်ပါဦးမယ်။

သွင်။ အေးဗျာ၊ ခင်ဗျားနဲ့ တွေ့ရတာ သာသနာ အတွက်ရော၊ သာသနာ ကြည်ညိုကိုးကွယ်တဲ့သူတွေအတွက်ပါ အကျိုးများစရာ ရှိလာနိုင်ပါတယ်။

သင်။ ဦးတော် မျှော်လင့်တဲ့အတိုင်း ဖြစ်လာနိုင်စရာ ရှိပါတယ်။ ကျွန်တော် တစ်ရက်နှစ်ရက်အတွင်း အကြောင်း ပြန်ပါ့မယ်။

သွင်။ ကောင်းပါပြီဗျာ။

*　　　*　　　*

## အမွေဆက်ခံနိုင်သော သားကောင်း

၁၃၁၁ ခုနှစ်က ဖြစ်ပါသည်။ နေရာကား စစ်ကိုင်းတောင်ရိုး ချပ်သင်းချောင် ဒေါ်ဝိစာရီ ဇရပ် ဖြစ်သည်။ ဆာဦးသွင်ကား ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦး သွင် ဖြစ်ပါသည်။ ဦးဘသင်မှာ ရေဦးဆန်စက်သူဌေးဦးဘသင်ဖြစ်ပါသည်။

ဦးဘသင်သည် ရွှေဘိုသားဖြစ်၏။ ရွှေဘိုမြို့ပွဲစားကြီး ဦးတင်၊ ဒေါ်ဖန်တို့မှ ၁၂၅၆-ခု၊ သီတင်းကျွတ်လဆန်း ၁၃-ရက်၊ ကြာသပတေးနေ့ နံနက် ၄-ချက်တီးကျော်၌ ဖွားမြင်ခဲ့သောသူ ဖြစ်ပါသည်။

ဘွားအေကြီး ဒေါ်အိုရှိစဉ်က ဒေါ်အိုသည် မြေးမောင်ဘသင်ကို လုံ့လ ဝီရိယရှိဖို့၊ ကိုယ်ကျင့်တရား ကောင်းမွန်ဖို့၊ ရတနာသုံးပါး ကြည်ညိုတတ်ဖို့အတွက် အထူးတလည် ပုံသွင်းပေးခဲ့၏။

နံနက်တိုင်း ၄-နာရီအချိန်မှန် အိပ်ရာကထအောင် နှိုးပေး၏။ အိပ်ရာက နိုးသည်နှင့်တစ်ပြိုင်နက် ကိုယ်လက်သုတ်သင်စေပြီးလျှင် အိမ်နှင့် သုံးပြခန့် အကွာရှိ ရွှေကြက်ကျာဘုရားကို အရုဏ်ဆွမ်းကပ်သွားရာသို့ ခေါ်သွား၏။ ညကသမှစ၍ ငါးပါးသီလခံယူပုံ ဂုဏ်တော်ပွင့် ဘုရားရှိခိုးတို့ကိုပါ ခုနစ်နှစ်သားအရွယ်ကပင် နှုတ်တက်ရအောင် သင်ပေးထား၏။

ရှစ်နှစ်သားအရွယ်တွင် မိဘတိုးဘွားတို့က ရှင်ပြုပေးခဲ့သော်လည်း ငယ်ရွယ်သေး၍ သင်္ကန်းမနိုင် သပိတ်မနိုင်ဖြစ်ခဲ့သည်။ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ် ရောက်သောအခါ သင်္ကန်းသပိတ်ကိုနိုင်ပြီဖြစ်၍ ရွှေဘိုမြို့ ဓမ္မသုခတိုက်၌ တည်ဆောက်ထားသော ကျောင်းရေစက်ချပွဲနှင့်အတူ အလှူကြီးပေး၍ မောင်ဘသင်ကို ရှင်ပြုပေးခဲ့၏။ မောင်ဘသင်သည် လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ ခန္ဓကဝတ် သေခိယသိက္ခာပုဒ်တို့ကို နားလည်ပြီး၍ ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းတို့ကိုပင် ကောင်းစွာနှုတ်သွင်းလာနိုင်ပေပြီ၊ ဘွဲ့တော်ကား ကိုရင်ပဏ္ဍိတ ဖြစ်ပါ၏။

တစ်ဆယ့်လေးနှစ်သားအရွယ်မှာ ရန်ကုန်မြို့၌ စပါးပွဲစားကြီးလုပ်နေသော ဖခင်ကြီးဦးတင်၏ အလုပ်ကို ကူညီ၍ ငွေထိန်းစာရင်းကိုင် အလုပ်ကိုပင် လုပ်တတ်နေမလေပြီ။

တစ်ဆယ့်ခြောက်နှစ်သား အရွယ် ရောက်သောအခါ ဖခင်ကြီးက အလုပ်တာဝန်များကို လွှဲပြောင်းပြီးလျှင် ရွှေဘိုသို့ပြန်၍ ရွှေဘိုကစပါးများကို ရန်ကုန်သို့ ပို့ပေးခဲ့၏။ 'ဒီကမန်' သူဌေးကြီးက ကိုဘသင် ခေါင်းရွက်လုပ်ကိုင်ပုံကို အားရသောကြောင့် ဂုဏ်ပြုလေသည်။ စတီးဘရားသားသူဌေးကြီး၊ သူဌေးကြီး ဆာဖိုးသာ၊ သူဌေးကြီး ဦးကျင်ကျူတို့ကလဲ ငယ်ငယ်ရွယ်ရွယ်နှင့် စပါးအလုပ်ကို ကျွမ်းကျင်စွာ လုပ်နိုင်သည့်အတွက် ချီးကျူးကြလေသည်။

ကိုဘသင်၏အရွယ်ကား အသက် ၂၀-ကျော်ခဲ့ပြီးဖြစ်၍ အိမ်ထောင်ပြုမည်ဆိုလျှင် ပြုနိုင်လောက်ပြီဖြစ်သော်လည်း ဝါသနာကဆန်စပါးအရောင်းအဝယ်၌သာ စူးစိုက်နေ၍ အိမ်ထောင်ရေးကို စိတ်မဝင်စားအားအောင် ရှိနေလေသည်။

ငယ်ငယ်က ဘွားအေကြီး ဒေါ်အိုလေ့ကျင့်ပုံသွင်းပေးခဲ့သည့်အတိုင်းပင် နံနက် ၄-နာရီ အချိန်မှန် အိပ်ရာကထ၍ ရတနာသုံးပါး ဆရာသမား မိဘတို့ကို ရှိခိုးပြီးလျှင် မေတ္တာပို့ အမျှဝေလေ့ရှိ၏။ ထိုကိစ္စ ပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ဆန်စပါးရောင်းဝယ်ရေးကိစ္စကို စူးစူးစိုက်စိုက်လုပ်လေ့ရှိသည်။

သားသမီးတို့မည်သည် မိဘတိုးဘွားတို့၏ အမွေကို ခံထိုက်အောင် နေရမည်၊ (မွေခံထိုက်စေ) ဟူသော ဘုရားရှင်အဆုံးအမတော်အရ မောင်ဘ

သင်ကလေးကား စီးပွားရေး အမွေကိုသာမက အရွယ်နှင့် မလိုက်အောင် ဘာသာရေးအမွေကိုလည်း ဆက်ခံနိုင်ခဲ့သူဖြစ်၏။ ၎င်းငယ်ငယ်ကပင် ဖခင်ကြီးဦးတင်နှင့် မန္တလေးမြို့ဝါးတန်းရပ် ပွဲစားဆန်စက်သူဌေးဦးမောင်ကလေးတို့ အစုစပ် ဆန်စက်တစ်လုံး ရွှေဘို၌ တည်ထောင်ခဲ့ ပြန်သောကြောင့် ထိုဆန်စက်အလုပ်ကိစ္စတို့ကိုပါ ရန်ကုန်မှနေ၍ ဆောင်ရွက်ပေးခဲ့ရလေသည်။

## ဘာလုပ်ဖို့ ပိုက်ဆံ ရှာနေကြတာလဲ

တစ်နေ့သော် ရှေးအတိတ်ပါရမီက လမ်းခင်းပေးခဲ့လေသလော ဗသိ၊ ပွဲစားဘဝကတည်းကပင် နေခဲ့သော ရန်ကုန်မြို့ တစ်နေရာရှိ အိမ်ခန်းအတွင်း၌ ကိုဘသင်တစ်ယောက် မိမိပတ်ဝန်းကျင်နှင့် မိမိဘဝကို တစ်ခဏမျှရပ်ပြီး ကြည့်နေမိသကဲ့သို့ အောက်ပါမေးခွန်းများကို တစ်ခုပြီး တစ်ခု မေးရင်း တစ်ယောက်တည်း ကြက်သီးထနေမိလေသည်။

"ရန်ကုန်မြို့ကြီးမှာ အင်္ဂလိပ်စက်သူဌေးတွေ၊ ဂျာမန်စက်သူဌေးတွေ၊ မြန်မာ-ကုလား တရုတ်-စက်သူဌေးတွေပါ နံနက် ၄-နာရီဆိုလျှင် အိပ်ရာကထကြပြီး မိမိတို့ စက်တွေရှိရာ ပုဇွန်တောင်၊ ခနောင်တို ့တို့ကို သွားကြရတယ်။ ဆန်သယ်၊ စပါးသယ်ကြတဲ့ ဂေါ်ရင်ဂျီကုလားတွေဆိုရင် နံနက် ၃ နာရီ ကတည်းက ထပြီး အလုပ်လုပ်ကြရတယ်။

"ရန်ကုန်မြို့လယ် သိမ်ကြီးဈေးတစ်ဝိုက်မှာရှိကြတဲ့ တရုတ်၊ ကုလား၊ ဗမာတွေဟာလဲ နေ့မီးညမီးဆက်ပြီးအလုပ်လုပ်ကြရတယ်၊ လူ့စည်းစိမ်ဆိုတာ ဘာကိုခေါ်တာလဲ၊ဒီလိုလုပ်နေကိုင်နေကြတာဟာ လူ့စည်းစိမ်လား၊တစ်သိန်းက နှစ်သိန်းရအောင်၊ နှစ်သိန်းကသုံးသိန်း၊ လေးသိန်းရအောင်၊ ဆယ်သိန်း သိန်းနှစ်ဆယ် သုံးဆယ်ရအောင် ရှာနေကြတာဟာ ဘာလုပ်ဖို့လဲ၊ ပြည်သူ့ကောင်းစားဖို့လား၊ ငါကောင်းစားဖို့လား၊ ငါနဲ့ငါ့ဆွေမျိုး ငါ့အိမ်သားကောင်းစားဖို့သာ ရှာနေကြတာပဲ၊ ပြည်သူကောင်းစားဖို့၊ သာသနာတော်ကောင်းစားဖို့ဆိုတဲ့ရည်ရွယ်ချက်ကတော့ နည်းပါလိမ့်မယ်၊ ဒီလိုရည်ရွယ်ကြတဲ့သူတွေအထဲမှာ ငါလဲ တစ်ယောက်အပါအဝင်ပဲ၊ ဘုရား....ဘုရား ဒီအတိုင်းသာဆိုရင် ငါသွားရာလမ်းဟာ ဘယ်လမ်းလဲ...ဘယ်လမ်းလဲ.... တွေးဝံ့စရာ မရှိတော့ပါလား"

ကိုဘသင်သည် ရှေ့သို့ဆက်၍ မတွေးဝံ့တော့ဘဲ အတွေး အယဉ်စိတ်ကိုဖြတ်၍....

"ဒီဘဝမှာ ဒီလိုသာနေသွားလျှင် ဒီသံသရာက ငါဘယ်တော့ လွတ်မှာလဲ....ဒီသံသရာက လွတ်ရေးအတွက် ငါ ရွှေဘိုပြန်မှ" ဟု ချက်ချင်း ဆုံးဖြတ်ကာ ရွှေဘိုပြန်ခဲ့သည်။

ရွှေဘိုသို့ ရောက်သောအခါ ရွှေဘိုမြို့ ဓမ္မသုခ ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘိုးခေမာထံဝင်၍....

"တပည့်တော်အား ကယ်တော်မူပါ၊ သက်န်းဝတ်ပေးတော်မူပါ၊ လူဝတ်ကြောင်ကို တပည့်တော်ကြောက်လှပါပြီဘုရား"ဟု လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက....

"နေပါဦး မောင်ဘသင်ရ၊ မင်းဟာက စဉ်းစဉ်းစားစားလဲ လုပ်မှပေါ့၊ မင်းလက်ရှိ အလုပ်တွေဟာ သေးတာမှ မဟုတ်ဘဲဟာ၊ သက်န်းဝတ်တာက မခက်ပါဘူး၊ သက်န်းဝတ်ပြီး လုပ်လက်စ အလုပ်တွေကို စိတ်က မပြတ်ရင် ပိုဆိုးနေပါဦးမယ်။

"ဒီလိုလုပ်ကွယ်၊ မင်းဟာ ငယ်ပါသေးတယ်၊ တို့ ဘုရားလောင်း သိဒ္ဓတ္ထ မင်းသားတောင်မှ ယသော်ဓရာ ဗိမ္ဗာဒေဝီမိဖုရားနဲ့ သားတော် ကလေး ရာဟုလာကို ရပြီးမှ တောထွက်တယ် မဟုတ်လားကွယ့်၊ အေး.... မင်းလဲ အခုတော့ စောပါသေးတယ်၊ အိမ်ထောင်ပြုတာ-မပြုတာကတော့ မင်းတို့ မိဘနဲ့ မင်းသဘောပေါ့၊ မင်းအခုလက်ရှိ အလုပ်တွေကို လုပ်မြဲပြန် လုပ်ရင်း ဒီလိုစိတ်ထဲကထားရမယ်ကွ၊ အခုငါလုပ်နေတဲ့ အလုပ်တွေဟာ ငါ့ အတွက်မဟုတ်၊ မိဘ ဆွေမျိုးနဲ့ တိုင်းပြည်အတွက်၊ ငါ ကိုးကွယ်တဲ့ ဗုဒ္ဓ သာသနာအတွက်ငါလုပ်တယ်၊ မင်း ဒီလိုစိတ်ထားရင် မင်းမှာ နေ့စဉ် ကုသိုလ်တွေရနေမယ်.... ကြားလား၊ မင်းအတွက်လုပ်တာ မဟုတ်တဲ့အတွက် မင်းမှာ တွယ်တာမှုလဲ ကင်းသွားမယ်။

"မင်းအလုပ် လုပ်ချိန်ထဲက တစ်နာရီ နှစ်နာရီ နေ့စဉ်ယူပြီးတော့ကာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းထိုင်ကွာ၊ သမာဓိမရသေးရင်လဲ ဘုရားဂုဏ်တော် ပုတီးစိပ်ကြားလား၊ မင်းရဲ့ စိတ်တွေလဲ ကြည်လင်လာမယ်၊ အဲဒီအတိုင်း ဆိုရင် မင်းအတွက်ဟာ ကုသိုလ်ချည်း မဟုတ်လား" စသည်ဖြင့် အမိန့်ရှိလိုက်၍ ကိုဘသင်၏ စိတ်သည် ကြည်လင် သက်သာလာတော့သည်။

## ပျော်ရင်းနှစ် နှစ်လျက်ကပျော်

ကိုဘသင်သည် အလုပ်များကို ပြန်လုပ်ရင်းက မကြာမီပင် မိဘဆွေမျိုးသားချင်းတို့ အပူတပြင်း စီမံပေးချက်အရ မန္တလေးမြို့၊ ဈေးချိုဝါးတန်း ပွဲစားကြီး စက်သူဌေး ဦးမောင်ကလေး-ဒေါ်ဘွေးတို့၏ သမီးကြီး မသက်နှင့် အကြောင်းပါခဲ့လေသည်။ ထိုအခါ ဘဝပေး တာဝန်များကို ဆက်၍ ရုန်းရပြန်လေရာ မကြာမီ ဦးဘသင်သည် ရွှေဘို မုဆိုးခြုံဆန်စက်ပိုင်၊ ဝက်လက် ဆန်စက်ပိုင်၊ ရေဦး ဆန်စက်ပိုင် သူဌေးဟူ၍ စီးပွားရေး လောက၌ နာမည်သတင်း မွှေးခဲ့လေသည်။

ရေဦး ဆန်စက် သူဌေး ဖြစ်သောအခါ ဘောဂဗလနှင့် ပြည့်စုံပြီးဖြစ်၍ လုပ်ငန်းအရပ်ရပ်တို့ကို ကိုယ်တိုင် မဆောင်ရွက်တော့ဘဲ ဇနီးဖြစ်သူ ဒေါ်သက်အား လွှဲအပ်ပြီးလျှင် မိဘများ ကိုးကွယ်ခဲ့သော ရွှေဘိုမြို့ ဓမ္မသုခကျောင်းတိုက် ဆရာတော်ဘုရားကြီး အထံတော်၌ ၅-နှစ်တိုင်တိုင် သင်္ဂြိုဟ် ၉-ပိုင်း ပဋ္ဌိစ္စသမုပ္ပါဒ်တို့ကို သင်ကြား၍သာ နေခဲ့လေသည်။

ဦးဘသင်ကား ငယ်ငယ်ကတည်းကပင် တရားဘက်၌ ဝါသနာပါခဲ့ရာမှ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး၊ ရွှေဘိုတို့၌ ရှိသော ဆရာတော် အသီးသီးတို့ထံ ချဉ်းကပ်၍ နည်းအမျိုးမျိုးတို့ဖြင့် တရားအားထုတ်ခဲ့လေသည်။

မှတ်မှတ်ရရ ဒုတိယ ကမ္ဘာစစ်ကြီးပြီး၍ ငါးရက်မြောက်သောနေ့၌မူ ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းသို့ သွားရောက်ပြီးလျှင် မဟာစည်ဆရာတော်ဘုရားထံ သတိပဋ္ဌာန် ဝိပဿနာတရားကို ပေးသနား ညွှန်ပြရန် တောင်းခံ လျှောက်ထားခဲ့လေသည်။

### စစ်အတွင်း ယောဂီ

မဟာစည် ဆရာတော်ဘုရားက....

“မြတ်စွာဘုရား၏ သာသနာတော်နဲ့ တွေ့ကြုံတဲ့အခါမှာ အရေးအကြီးဆုံးလုပ်ငန်းက မိမိတို့သန္တာန်မှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဒီအင်္ဂါ သုံးခု ပြည့်စုံအောင် အားထုတ်ဖို့ဟာ အရေးအကြီးဆုံးပဲ၊ သီလလဲပြည့်စုံရမယ်၊ သမာဓိလဲ ပြည့်စုံရမယ်၊ ပညာလဲ ပြည့်စုံရမယ်။

"သီလဆိုတာက ဘာလဲ ဆိုလို့ရှိရင် လူများမှာ အောက်ထစ်ဆုံးအား ဖြင့် ငါးပါးသီလ (အာဇီဝဋ္ဌမကသီလ) ပြည့်စုံရမယ်၊ ရဟန်းများမှာတော့ ပါတိမောက္ခသီလ ပြည့်စုံရမယ်။ ဒီသီလ ပြည့်စုံတယ် ဆိုရင်ပဲ လူ့ဘဝ၊ နတ်ဘဝ၊ ကောင်းရာ ဘဝတွေ ရောက်ပြီးတော့ ကောင်းစား ချမ်းသာ သွားနိုင်တယ်၊ ဒါပေမယ့် ဒီလောကီ သီလလောက်နဲ့တော့ အပါယ်ဘေးက လုံးဝလွတ်ပြီလို့ စိတ်မချရသေးဘူး၊ ဒါကြောင့် လောကုတ္တရာ သီလနဲ့လဲပြည့်စုံအောင် အားထုတ်ရမယ်၊ လောကုတ္တရာသီလဆိုတာ မဂ်သီလ ဖိုလ်သီလပဲ၊ ဒီမဂ်သီလ ဖိုလ်သီလနဲ့ ပြည့်စုံသွားရင်တော့ အပါယ်လေးပါးကို ဘယ်တော့မှ မကျတော့ဘူး၊ လူ့ဘဝ နတ်ဘဝဆိုတဲ့ ဘဝကောင်းတွေမှာချည်း ဖြစ်ပြီး အစဉ်ထာဝရ ကောင်းစား ချမ်းသာသွားတော့တာပဲ၊ ဒါကြောင့် မိမိတို့ သန္တာန်မှာ အဲဒီ မဂ်သီလ ဖိုလ်သီလတွေနဲ့ ပြည့်စုံအောင် အားထုတ်ကြ ရမယ်။

"တကယ်တမ်းအားထုတ်ရင် ပြည့်လဲ ပြည့်စုံနိုင်ပါတယ်။ ဒီလို အခါ ကောင်းကြီးထဲမှာမှ အားမထုတ်မိလို့ အဲဒီ မဂ်ဖိုလ်သီလထူးတွေနဲ့ လွဲသွားရ မယ်ဆိုရင် အများကြီးပဲ ဝမ်းနည်းစရာ ကောင်းတယ်။ အကုသိုလ်ကံတွေက အခွင့်ရတိုင်း အကျိုးပေးပြီး အပါယ်လေးပါးကို ပစ်ချလိမ့်ဦးမယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေကို ရောက်ရောက်ပြီးတော့ အနှစ်သိန်းပေါင်းများစွာ ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံခံစားသွားရလိမ့်ဦးမယ်။

"ဒါကြောင့် ယခုလို ဘုရားသာသနာတော်ကြီးနဲ့ တွေ့ကြုံနေတဲ့အခါ ဟာ အဲဒီလောကုတ္တရာ မဂ်ဖိုလ်သီလနဲ့ ပြည့်စုံအောင် အားထုတ်ဖို့ အချိန် ပဲ....တဲ့"

ဤသို့ ဝိပဿနာအလုပ်ပေးတရားတော်၏ အခြေခံသီလအကြောင်းကို ဟောပြတော်မူလေသည်။

ဦးဘသင်တား သီလဆိုသည်မှာ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ဆယ်ပါး သီလတို့နှင့် အာဇီဝဋ္ဌမက သီလမျိုးတို့လောက်ကိုသာ ကြားထားသေးရာ ယခုအခါ၌ မဂ်သီလ ဖိုလ်သီလကိုပင် ကြားနာရသောကြောင့် 'အပါယ်တံခါး ပိတ်နိုင်တယ်ဆိုတာ ဒီမဂ်သီလ ဖိုလ်သီလတွေပါကလား။ ဒီမဂ်သီလ ဖိုလ်သီလ တွေကို ငါရမှ ငါ့မှာ အပါယ်တံခါးပိတ်မှာပါလား'ဟု တွေးရင်း တွေးရင်း အတိုင်းမသိ ဝမ်းသာနေလေသည်။

## သီလ သမာဓိ ပညာ တစ်ပါတည်းထူထောင်

ထို့နောက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက မဂ် သီလ ဖိုလ်သီလဆိုတာ သူ့ချည်းသက်သက် အားထုတ်လို့ ဖြစ်တာမဟုတ်၊ သမာဓိကိုလဲ အားထုတ်ရသေးပုံ၊ သမာဓိမှာလဲလောကီသမာဓိ၊ လောကုတ္တရာ သမာဓိ နှစ်မျိုးရှိပုံ၊ လောကီသမာဓိတွေနဲ့ ပြည့်စုံရင် ဗြဟ္မာ့ဘုံတွေကို ရောက်နိုင်ပုံ၊ သို့ပါသော်လဲ အပါယ်လေးပါးကတော့ မလွတ်သေးပုံတို့ကို လည်းကောင်း၊ လောကုတ္တရာသမာဓိဆိုတာကတော့ မဂ်သမာဓိ ဖိုလ်သမာဓိဖြစ်ပုံ၊ ဒီသမာဓိကလဲ ပညာပါ ပြည့်စုံရပုံ၊ ပညာဆိုတာကလဲ လောကီပညာ၊ လောကုတ္တရာပညာ ၂-မျိုးရှိပုံတို့ကိုလည်းကောင်း၊ ဆက်လက် ဟောကြားတော်မူပြီးနောက် ရှုမှတ်နည်းကို ဟောကြားသင်ပြပေးတော်မူလေသည်။

"လောကုတ္တရာပညာ ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ၊ ဒီမဂ်ဉာဏ်ကိုရအောင် ဘာကို အားထုတ်ရမလဲဆိုလို့ရှိရင် သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ ဒီအကျင့် ၃-မျိုးထဲမှာ ပညာအကျင့်ဆိုတဲ့ ဝိပဿနာ ဘာဝနာကိုအားထုတ်ရမယ်။ ဒီပညာ ဘာဝနာ ပြည့်စုံသွားရင်တော့ သီလရော၊ သမာဓိရော အကုန်လုံး တစ်ပါတည်း ပြည့်စုံသွားတော့တာပဲ။

"ဒီပညာ ဘာဝနာက ဘယ်လို အားထုတ်ရတာလဲ ဆိုလို့ရှိရင် မိမိသန္တာန်မှာ ထင်ရှားရှိနေတဲ့ ရုပ်တရား နာမ်တရားတွေကို အမှန်တိုင်းသိအောင် ခွဲစိတ်ပြီး ရှုရတာပါပဲ။

"ဝိပဿနာ သဘောဆိုတာ ထင်ရှားရာကစပြီး ရှုရမယ်တဲ့၊ နာမ်နဲ့ရုပ် နှစ်ပါးထဲမှာ နာမ်ဆိုတာက သိမ်မွေ့တယ် သိပ်မထင်ရှားဘူး၊ ရုပ်ကတော့ ကြမ်းတယ်၊ ထင်ရှားတယ်၊ ဒါကြောင့်ဝိပဿနာသက်သက်စပြီးရှုတဲ့ဝိပဿနာယာနိက ပုဂ္ဂိုလ်မှာ ရုပ်ကစပြီးတော့ရှုရတယ်၊ ရုပ်တရားတွေထဲမှာလဲဝါယောဓာတ်ဟာ အသိသာအထင်ရှားဆုံးဖြစ်တယ်" ဟု ဟောကြားပါသည်။

ဦးဘသင်သည် ဖောင်းတယ်၊ပိန်တယ် ဦးစွာရှုမှတ်သည်။ထင်ရှားသော ဝါယောဓာတ်ရုပ်၏ သဘောကို သိသာ၍ ဝမ်းသာနေသည်။ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်ဟူ၍လည်းမှတ်ရသည်ကိုကျေနပ်နေသည်။ ထိုမှတစ်ပါး မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် ထိခိုက် ကြံတွေးခိုက် တို့၌ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ ကြံတွေးတယ်ဟုမှတ်တတ်

နေသည်သာမက၊ မြင်တယ်ဟု မှတ်သောအခိုက်မှာပင် မြင်ရတဲ့ အဆင်းရုပ်ကို ရှုမှတ်မိသည်လည်း ရှိသည်။ မြင်သိတဲ့စိတ်ကလေးကို ရှုမှတ်မိသည်လည်း ရှိသည်။ တစ်ခါတစ်ရံမှာမြင်ရာဌာန မျက်စိရုပ်ကလေးကိုရှုမှတ်မိပြီး 'ဒီကနေမြင်မြင်သွားတာပါလား'ဟု သိသိသွားသည်လည်း ရှိသည်။

ထို့အတူပင် ကြားခိုက်မှာလည်း ရှုမှတ်လိုက်တဲ့အခါမှာ ရုပ်နဲ့နာမ်ပဲရှိတယ်၊ နံခိုက်မှာလည်း ရုပ်နဲ့နာမ်ပဲရှိတယ်၊ စားခိုက်မှာလည်း ရုပ်နဲ့ နာမ်ပဲရှိတယ်၊ တွေ့ထိခိုက်မှာလည်း ရုပ်နဲ့နာမ်ပဲရှိတယ်ဟု သိလာသည်။

ဦးဘသင်ကား သတိပဋ္ဌာန်သုတ်ကို အတော်အတန် သိထားသူဖြစ်၍ 'ရှုမှတ်ရတာ အားလုံး သတိပဋ္ဌာန်သုတ်ထဲက ဘုရားဟောတဲ့ အတိုင်းပါတကား၊ ငါဆိုတဲ့ စွဲလမ်းမှု သက္ကာယဒိဋ္ဌိ ပြုတ်တော့မှာပါကလား'ဟု မှတ်ရင်း မှတ်ရင်း သဘောကျကျနေတော့သည်။

## လက်ထောက်ဆရာကြီး ဆရာကြွက်

ဦးဘသင်ကို နေ့စဉ် တရားစစ်သူမှာ ဆရာကြွက် ဖြစ်ပါသည်။ ဆရာကြွက်သည် ဦးဘသင်အားနေ့စဉ်စစ်ဆေး၍ ရှုမှတ်နည်းတို့ကိုလမ်းတည့်အောင်လည်း ပြင်ပေးသည်။ စိတ်အား ထက်သန်လာအောင်လည်း ဝတ္ထုကြောင်းကလေးတွေကို ညှပ်၍ ပြောပြသည်။

ဦးဘသင်သည် 'ဖောင်းတယ် ပိန်တယ်'မှတ်ရင်း မှတ်ရင်းနှင့် ရုပ်နှင့်နာမ် နှစ်ခု တခြားစီ ကွဲကွဲလာသည်။ 'တခြားစီပါကလား'ဟု သဘောကျလာသည်။

ဖောင်းတက်လာတဲ့ရုပ်နဲ့ ဖောင်းတယ်လို့ သိတဲ့စိတ်ကလေး။

ပိန်ကျသွားတဲ့ရုပ်နဲ့ ပိန်ကျသွားတယ်လို့ သိတဲ့ စိတ်ကလေး။

တစ်ခုစီ တစ်ခုစီ ကွဲကွဲသွားသလို ဘယ်လှမ်းခိုက် ညာလှမ်းခိုက်တို့မှာလည်း တစ်ခုစီတစ်ခုစီ ကွဲကွဲသွားသည်ကို သဘောကျနေသည်။

ထို့နောက် မသွားခင် သွားချင်တဲ့ စိတ်ကလေးတွေ။

မရပ်ခင် ရပ်ချင်တဲ့ စိတ်ကလေးတွေ။

မကွေးခင် ကွေးချင်တဲ့စိတ်ကလေးတွေ သိသိလာသည်။

မမြဲတဲ့ သဘောတရားကလေးတွေ။

ဆင်းရဲတဲ့ သဘောတရားကလေးတွေ။

အစိုးမရတဲ့ သဘောတရားကလေးတွေကိုလည်း ဒီရုပ်နဲ့ ဒီနာမ်ကို မှတ်ရင်း မှတ်ရင်း အလိုလို အသိဉာဏ်များ ပေါ်ပေါ်လာသည်။ သိသိလာသည်။

ကြာလေကြာလေ မှတ်လို့ကောင်းလေ၊ မှတ်လို့ကောင်းလေ သမာဓိ ရင့်သန်လေဖြစ်လာ၍ ဝိပဿနာဉာဏ်တို့လည်း တစ်ဉာဏ်ပြီး တစ်ဉာဏ် ပေါ်လာ ပေါ်လာတော့သည်။ ရုပ်နာမ်တရား နှစ်ပါးတို့၏ ဖြစ်ခြင်းကို လည်း ကောင်း၊ ပျက်ခြင်းကို လည်းကောင်း ကောင်းကောင်း မှတ်မိနေလေပြီ။ ဘယ်တုန်းကမှ မဖြစ်ဖူးသော ပီတိအထူးကိုလည်း ခံစားလာရသည်။ မမျှော် လင့်ခဲ့သော အလင်းရောင်ကြီး တစ်ခုလည်းပဲ ကြမ်းပြင်မှ အထက် ခေါင်မိုး အထိ တက်လာသည်။ အရှေ့နံရံမှ အနောက်နံရံသို့ ကူးလိုက်၊ အနောက်နံရံက အရှေ့နံရံသို့ ကူးလိုက်နှင့် မြင်နေရပြီးလျှင် နောက်ဆုံးမှာ အမိုးကိုဖောက်၍ ထွက်သွားသည်ကို တွေ့ရ၍ မဖြစ်ဖူးသော ကြက်သီးမွေးညင်း ထခြင်းများ တစ်ကိုယ်လုံး အဆက်မပြတ်ထနေတော့သည်။

ဤအကြောင်းကို ကမ္မဋ္ဌာန်းဆရာ ဆရာကြွက်အား ပြောပြသော အခါ ဆရာကြွက်က ရှုမှတ်ပုံများနှင့်တကွ ထင်လာပုံတို့ကို စစ်ဆေးပြီး....

"အင်း.... ကြိုးစား အားထုတ်မယ်ဆိုရင် ဒီဘဝမှာပဲ အပါယ် လေးပါးမှ ကင်းလွတ်နိုင်ပါတယ်။ စက်ပိုင်ကြီး ကြိုးစားပါ"ဟု ပြောပါ သည်။

## မဟာစည်နှင့် ဝေဘူဆရာတော်ထံ အစစ်ခံ

ဦးဘသင်သည် မိမိကိုယ်ကို သတိပေးသည်မှာ....

"မင်း ငယ်စဉ်တုန်းက ဇာတ်ပွဲရုပ်ပွဲကို မိုးအလင်း ကြည့်ဖူးတယ် မဟုတ်လား၊ ငရဲကျမယ့်ပွဲကိုတော့ မိုးအလင်းကြည့်ခဲ့တယ်။ အခု ငရဲက လွတ်မယ့် တရားကျတော့ အလင်းအားမထုတ်ချင်ဘူးလား၊ မင်းအပါယ်ငရဲ မကျရအောင် တစ်ညလုံး မိုးအလင်း တရားအားထုတ်မပါ" ဟု သတိပေး တိုက်တွန်း၍ မအိပ်မနေ အားထုတ်ခဲ့ပါသည်။

၁၇-ရက်ကြာသောအခါ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားနာခွင့်ရခဲ့ပါသည်။ ဆိပ်ခွန်ရွာကြီးရှိ ကျောင်းပေါင်း ၁၇-ကျောင်းမှ သံဃာတော်အားလုံးကို ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် ရွှေဘိုသို့ ပြန်ခဲ့ပါသည်။

ရွှေဘိုသို့ ပြန်ရောက်ပြီးနောက် အလုပ်ရှိရာ ရေဦးသို့ ပြန်သွားသော်လည်း ဒီဝိပဿနာ သတိပဋ္ဌာန်တရားကိုတော့ အားမထုတ်ဘဲနေလို့ မရပါ။ သို့ဖြစ်၍ ချမ်းသာကြီး ကျောင်းပေါ်တက်ပြီးလျှင် နေ့စဉ်လိုပင် အားထုတ်လေ့ရှိပါသည်။ ထိုစဉ်က ကျမ်းတတ်ပေတတ် ချမ်းသာကြီး ဆရာတော် လူထွက် ဦးတေဇဝန်၏ ညွှန်ကြားချက် အရ စောကြီး, အင်ကြင်းပင် ဝေဘူဆရာတော်ဘုရားကြီးထံ သွားရောက်၍ အားထုတ်ခဲ့ရသော တရားကို အစစ်ခံရာ ဆရာတော်ကြီးက အားရ ကျေနပ်တော်မူကြောင်း အမိန့်ရှိလိုက်ပါသည်။

ဦးဘသင်သည် ဤဝိပဿနာတရား အားမထုတ်မီ နှစ်ပေါင်းများစွာက အမြဲတစေ အားထုတ်ခဲ့သော အရဟံ စသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊ အဠိက အရိုးစု ကမ္မဋ္ဌာန်း၊ အာနာပါနကမ္မဋ္ဌာန်းတို့မှာ ယခုကဲ့သို့ စနစ်တကျ လက်ပွန်းတတီး နည်းပေးသင်ပြမှု မရရှိခဲ့၍ ၎င်းကမ္မဋ္ဌာန်းတို့ထက် အဆပေါင်းများစွာ စိတ်နှလုံးချမ်းမြေ့လှသော ဤဝိပဿနာ သတိပဋ္ဌာန်တရားတော်ကို သဘောကျလွန်း၍ ခြောက်လတိုင်တိုင် ဆက်လက် အားထုတ်နေ၏။

## တရားထူးကို ပြောကောင်းသလား

တစ်နေ့သော် အရေးတကြီး လျှောက်ထားစရာ ကိစ္စ ပေါ်လာ၍ တပည့်ဖြစ်သူ ဦးချစ်ထူးကို မြင်းအပြင်ခိုင်းပြီးလျှင် ဆရာတပည့်နှစ်ယောက် မြင်းကိုယ်စီနှင့် ဆိပ်ခွန်ရွာ မဟာစည်ဆရာတော်ဘုရားထံ အရောက်လာခဲ့ကြပါသည်။

ရောက်လျှင် ရောက်ချင်းပင် ဆရာတော်ဘုရားအား အားထုတ်ဆဲဖြစ်သော ဝိပဿနာတရားတော်၏ အတွေ့အကြုံတို့ကို လျှောက်ထားပြီး....

"တပည့်တော် စကားအထူးလျှောက်ထားဖွယ်ရှိပါသည်။ ခွင့်ပြုတော်မူပါ ဘုရား"ဟု ခွင့်တောင်းပြီးလျှင် ဤသို့ လျှောက်ထားပါသည်။

"ဘုရားတပည့်တော်၏ အသက်ကိုလည်းကောင်း၊ စည်းစိမ်ကိုလည်း

ကောင်း အရှင်ဘုရားအား လှူဒါန်းပါ၏ဘုရား၊ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လိုတာ အမိန့်ရှိတော်မူပါ ဘုရား။

"ဘုရားတပည့်တော်သည် ဆရာတော်ဘုရား၏ တရားကို အားမထုတ်မီက စမ်းကိုင်းတောင်ရိုးသို့ မကြာမကြာသွားရောက်၍ အာနာပါန စသောတရားတို့ကို အားထုတ်ပါသည်ဘုရား၊ ထိုစဉ်က စစ်ကိုင်းချောင်ကအချို့သော ဘုန်းတော်ကြီးများကလည်းကောင်း၊ သီလရှင်များကလည်းကောင်း ပြောကြသည်မှာ သူတော်ကောင်းတရားဆိုတာ သူတစ်ပါးကို မပြောကောင်းဘူးဟု ပြောဖူးပါသည်။ တပည့်တော်မှာ အရှင်ဘုရားပေးသနားတော်မူသော တရားတော်တို့ကို ကိုယ်တိုင်အားထုတ်ရသဖြင့် ရရှိသောတရားကို တပည့်တော်၏ မိဘ ဆွေမျိုးများနှင့် ချစ်ခင် ရင်းနှီးသူတို့အား အားထုတ်ချင်လာအောင် ပြောချင်ပါသည်။ ပြောကောင်းပါသလား ဘုရား။"

"တိုက်တွန်းစကား ပြောကောင်းပါတယ် ဒါယကာကြီး"ဟု အမိန့်ရှိပြီးလျှင် ချက်ချင်းပင် ဆရာတော်ဘုရားကြီးက အောက်ပါ ပါဠိနှင့် မြန်မာပြန်ကို ရေးပေးပါသည်။

"ဣဓေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊

အသုညော လောကော အရဟန္တေဟိ အဿ"

အို...သုဘဒ္ဒ (ဝိပဿနာယောဂီ ၄-ပါး၊ မဂ္ဂဋ္ဌာန် ၄-ပါး၊ ဖလဋ္ဌာန် ၄-ပါးအားဖြင့် ၁၂-ပါးသော) ဤဘိက္ခုတို့သည် ကောင်းစွာ နေကြပါလျှင် လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းတော့လေရာ (ဒီဃနိကာယ် မဟာဝဂ္ဂလာ ဘုရားမြတ်စွာ၏ မိန့်ခွန်း)။

ဤ၌ 'ကောင်းစွာနေ'ဆိုသည်မှာ "သောတာပန်သည် မိမိရပြီးသောတရားကို အခြား ပုဂ္ဂိုလ်အား ပြောကြား၍ ၎င်းပုဂ္ဂိုလ်ကို သောတာပန်ဖြစ်စေနိုင်လျှင် ကောင်းစွာ နေသည် မည်၏"ဟု မှတ်ရန်ဖြစ်ပါသည်။

(ဒီဃနိကာယ မဟာဝဂ္ဂ အဋ္ဌကထာစကား)

## ဆရာ့အတွင်းရေးသိ၍ သတင်းပေးဝံ့သူ

ဦးဘသင်သည် တစ်နေ့သော် စစ်ကိုင်းတောင်ရိုးသို့ တရားအားထုတ်ရန်နှင့် တရားဝါဒဖြန့်ရန် ရောက်လာလသည်။ ချုပ်သင်းမချောင် ဆရာကြီးဒေါ်ဝိစာရီမှာ ထင်ရှားသော စာတတ်ပေတတ် ဆရာကြီးဖြစ်၍ ဦးဘသင်

သည် စစ်ကိုင်းတောင်သို့ ရောက်တိုင်း ရောက်တိုင်း ဆရာကြီး ဒေါ်ဝိစာရီထံ ရောက်မြဲ၊ တရားဆွေးနွေးမြဲ ဖြစ်ပါသည်။

တစ်နေ့သော ညနေချမ်း၌ မိမိတည်းခိုရာ မင်းဘူးချောင်မှ ချပ်သင်းချောင်သို့ ကူးလာခဲ့သည်။ ဒေါ်ဝိစာရီနှင့်အတူ သပ်ရပ်တင့်တယ် ကြည်ညိုဖွယ်ကောင်းသော သီလရှင်ကြီးတစ်ပါး စကားပြောနေသည်နှင့် အနားသို့ ချဉ်းကပ်၍ ဦးဘသင်လည်း ထိုင်နေလေသည်။

ဆရာကြီးနှစ်ပါးပြောနေကြသော စကားတို့တွင် ရန်ကုန်မြို့ သူဌေးကြီး ဆာဦးသွင်က နိဗ္ဗာန်အကြောင်းမေးသော စာတစ်စောင်အကြောင်း ပါလာလေသည်။ စာ၌ 'ဆရာကြီးတို့ နိဗ္ဗာန်အကြောင်း သိလိုပါ၏' စသည် ပါသည်။ ယင်းစာကို မည်သို့ပြန်လျှင် ကောင်းမည်ကို တိုင်ပင်နေကြပါသည်။

သူဌေးကြီးဆာဦးသွင်ကား ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ကိုင်းတောင်ရိုး၌ လာရောက် တည်းခိုနေပြီးလျှင် စစ်ပြီးသောအခါ ရန်ကုန်သို့ ပြန်၍ အင်းစိန် မင်းကွန်းဇေတဝန်တိုက်၌ တရားအားထုတ် နေကြသော ရဟန်းရှင်လူ ယောဂီတို့အား ကျွေးမွေးစောင့်ရှောက် ထောက်ပံ့နေသော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သိရပါသည်။ သို့ဖြစ်၍ ဦးဘသင်က–

"ဆရာကြီးတို့ နိဗ္ဗာန်အကြောင်းကို ဘယ်လို စာပြန်ကြမတုံး" ဟု မေးမိလေသည်။ ထိုအခါ ညွှန့်သည်ဆရာကြီးက ဒေါ်ဝိစာရီအား–

"ဒီဒကာက ဘယ်ကပါလဲ"ဟု မေးသည်။ မန္တလေး ဈေးချိုတော်ဝါးတန်း ဦးလေးမောင်သမက် ရေဦးဆန်စက်ပိုင်ရှင် ဦးဘသင်ဖြစ်ကြောင်း ပြောသောအခါ–

"တရားဘက်က ဝါသနာပါပုံရတယ်"ဟု မေးပြန်သည်။

"ဟုတ်ပါတယ် ဆရာကြီး၊ စက်သူဌေးသာဆိုရတယ်၊ တရားကိုပဲ အားထုတ်နေတာက များပါတယ်"ဟု ပြန်ပြောသည်။ ထိုအခါ ညွှန့်သည် ဆရာကြီးက–

"ဒကာကြီးဦးသွင် မကြာမီ သူ့သမီးများထံ လာပါ လိမ့်မယ်။ လာတဲ့အခါ ဒကာကြီးနဲ့ တွေ့ပေးလိုက်ပါ" ဟု အမိန့်ရှိလေသည်။ ဦးဘသင်လည်း ညွှန့်သည်ဆရာကြီး ပြန်သွားမှပင် မင်းကွန်း ဂူကလေးချောင် ဆရာကြီး ဒေါ်ဓမ္မစာရီဖြစ်ကြောင်း သိရလေသည်။

မကြာမီ တစ်နေ့မှာပင် သီလရှင်ကလေးတစ်ပါး ဦးဘသင်နေရာ မင်းဘူးချောင်သို့ ရောက်လာပြီးလျှင်—

"ဒကာကြီးကို ဆရာကြီး ဒေါ်ဝိစာရီက အခေါ်လွှတ်လိုက်ပါတယ်" ဟု ပြောလာသဖြင့် သွားရောက်ရာ ဤအတ္ထုပ္ပတ္တိအစ၌ ပါသောအတိုင်း ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင်နှင့် တွေ့ဆုံကြရခြင်း ဖြစ်ပါသည်။ (မှတ်ချက်။ ။ထိုသူဌေးနှစ်ဦး တွေ့ဆုံရာမှအစ မဟာစည် ဆရာတော် ရန်ကုန်ရောက်လာ သာသနာပြုပုံများကို ဆရာတော်၏ ထေရုပ္ပတ္တိနှင့် သာသနာ့ရိပ်သာ သမိုင်းစာအုပ်များတွင် အသေးစိတ် သိရှိကြည်ညိုကြပါကုန်။ ကုန်ရောင်းကုန်ဝယ်သွားရာမှ ဗုဒ္ဓနှင့် အနာထပိဏ်သူဌေး တွေ့ပုံ သတိရဖွယ် ရှိပေ၏။)

## သပိတ် သက်နှုံးက အဆင်သင့်

တစ်နေ့သော် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား....

"တပည့်တော် ရဟန်းခံလိုပါသည်။ ဒုလ္လဘသာသနာ့မျိုး ခဏခေတ္တ မဟုတ်ပါ။ တခါတည်း အပြတ်တစ်သက်လုံး ဝတ်လိုပါသည်" ဟု လျှောက်ထားလိုက်ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီးက....

"သည်လိုဆိုရင် မိမိပိုင် ဘာပစ္စည်းမှမထားသင့်ဘူး"အမိန့်ရှိပါသည်။ "မထားပါဘုရား" ဟု ချက်ချင်း ကတိခံပါသည်။

ဦးဘသင်သည် ဆရာတော်ဘုရားကြီးအား ကတိခံခဲ့သည့်အတိုင်း မိမိပိုင် ဆန်စက်, သစ်စက်နှင့် ပြတ်သားအောင်၊ ရန်ကုန်ရှိ တိုက်များနှင့် ပြတ်သားအောင် သားသမီး မြေး စသည်များကို လွှဲပေးခြင်း၊ အခြား ပြည်သူပိုင်သိမ်းသောကိစ္စ၊ ဘဏ်ကိစ္စ၊ အမြတ်တော်ခွန်ကိစ္စမှစ၍ အရပ်ရပ် ပြတ်သားအောင် တစ်နှစ်ခွဲကြာမျှ ဆောင်ရွက်ခဲ့ရလေသည်။

အားလုံး ကိစ္စအရပ်ရပ် ပြီးစီးသောအခါ ရဟန်းဘောင် တက်ရေး အတွက် မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားထံ နေခွင့်ရရန်သွားရောက်လျှောက်ထားရာ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက....

"ဒကာကြီးက ရဟန်းခံပြီး တရားအားထုတ်မှာ ဖြစ်ပါတယ်။ဘုန်းကြီးတို့ ကျောင်းတိုက်က စာသင်တိုက်ဖြစ်လေတော့ စာသင်သားတွေများလှ

ပါတယ်။ ဝိဝေကဖြစ်မည် မဟုတ်လို့ သည်းခံပါ''ဟု တောင်းပန်လိုက်၍ ပြန်လာခဲ့ရပါသည်။

ထိုမှတစ်ဖန် အမရပူရမြို့ ငယ်ဆရာဖြစ်တော်မူသော အရှင် ဇနကာ ဘိဝံသ ဆရာတော်ဘုရားကြီးထံ သွားရောက်၍ ရဟန်းပြုလိုပါကြောင်း၊ ဆရာတော်အနီးမှာပင် နေလိုကြောင်း လျှောက်ထားပြန်သောအခါ....

''ဘုန်းကြီးတို့တိုက်က ပရိယတ် ပဋိပတ် နှစ်ရပ်လုံး လက်ခံ၍ မဖြစ်၊ ပရိယတ်တစ်ခုတည်းသင်ကြားလိုသည့် ပုဂ္ဂိုလ်တို့အတွက်သာလက်ခံသင်ကြား ပေးနိုင်ပါသည်'' ဟု အမိန့်ရှိသောကြောင့် ပြန်လာခဲ့ရပြန်ပါသည်။

ထိုမှတစ်ဆင့် မန္တလေးမြို့ ဝါခင်းကုန်း ကျောင်းတိုက် မဟာစည် သာသနာ့ရိပ်သာဌာနနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇောတိကထံ သွား ရောက်လျှောက်ထားရာ ဆရာတော်ဘုရားက လက်ခံလိုက်၍ ဝါဆိုမီ ၃-ရက် အလို ၁၃၃၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၂-ရက်နေ့၌ပင် ကောလင်းမြို့ မြောက်အင်းကျောင်း ဆရာတော်ဘုရားက စွန့်လိုက်သော သပိတ် တစ်လုံး သင်္ကန်းသုံးထည်ဖြင့်ပင် ဝါခင်းကုန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော်က ဥပဇ္ဈာယ်ပြု၍ သံဃာက ချီးမြှောက်သောကြောင့် ဦးဘသင်သည် ရဟန်းဘွဲ့ တော် ဦးပဏ္ဍိဝ ဟူသော အမည်ဖြင့် ရဟန်းဘောင် ရောက်ခဲ့ပါသည်။

သပိတ်နှင့် သင်္ကန်းတိစီဝရိက် လှူဒါန်းသော ကောလင်းမြောက်အင်း ကျောင်းဆရာတော်မှာ ဦးပဏ္ဍိဝ လူဝတ်နှင့် ဝိနည်းသင်ခဲ့သောဆရာ ဖြစ်ပါ သည်။ ''ရဟန်းခံမည်ဖြစ်ပါ၍ ဝိနည်းတရားတော်တို့ကို သင်ပေးတော်မူပါ ဘုရား'' ဟု လျှောက်ထားသည့်အခါမှစ၍....

''ဒကာကြီးက သာသနာမှာ အမြဲရဟန်းဝတ်မှာဖြစ်လို့ ဘုန်းကြီးက ကုသိုလ်ရအောင် ဟောဒီသပိတ်နဲ့ သင်္ကန်း တိစီဝရိက်ကို အဆင်သင့်ရဖို့ရာ ပြင်ထားပါတယ်။ရဟန်းခံဖြစ်တာနဲ့ ပစ်ပြိုင်နက် ဒီသပိတ်နဲ့ သင်္ကန်းကိုယူပြီး ဝတ်လိုရာ ဆရာသမားထံ၌ ဝတ်ပါ'' ဟု အမိန့်ရှိထားခဲ့ပါသည်။

ဦးပဏ္ဍိဝသည် ရဟန်းဖြစ်စ ပထမဝါ၌ ဝါခင်းကုန်း ဆရာတော် ဦးဇောတိကထံ၌ပင် သီတင်းသုံး၍ နေ့ရောညပါ ဝိပဿနာတရားကိုအားထုတ် ခွင့် ရခဲ့ပါသည်။ နေ့အခါ၌ တိုက်ကျောင်းမှာ နေခွင့်ပေး၍ ညဥ့်အခါ၌ သစ်သားကျောင်းမှာ နေခွင့်ပေးသောကြောင့် ရာသီဥတု မျှတလှပါသည်။ တရားအားထုတ်လို့လည်း အလွန်ကောင်းမွန်လှပါသည်။

## အလုပ်စခန်း မဆုတ်တမ်း

ဦးပဏ္ဍဝသည် တရားအားထုတ်ရင်း တစ်ခါတစ်ခါ မိမိကိုယ်ကို ဝီရိယ နည်းသေးသည်ဟု ထင်မှတ်ကာ....

“ပဏ္ဍဝ မင်းက စစ်ကဲတော်မင်း ဦးပွဲ၏ မြေး မဟုတ်လား၊ မိမိလို ချင်တဲ့ ဝိပဿနာ မဂ်ဉာဏ်အဆင့်ကို မရမချင်း လုံ့လမလျော့နဲ့၊ ဇွဲကောင်း ကောင်း နေ့ရောညပါ အားထုတ်ပေး”ဟု သူ့ကိုယ်သူ အားပေးတိုက်တွန်း ပြီးလျှင် အားထုတ်လေ့ရှိသည်။

စစ်ကဲတော်မင်း ဦးပွဲကား သူ့ခေတ် သူ့အခါက စီးပွားရှာရာ၌ လည်းကောင်း၊ မင်းစိုးရာဇာတို့နှင့် ဆက်ဆံရာ၌ လည်းကောင်း၊ မတွန့်ဆုတ် သော လုံ့လဝီရိယရှိခဲ့သော ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ခဲ့သည်ဟုအများကအံ့ချီး ယူခဲ့ရလေသည်။

ဦးပဏ္ဍဝသည်လည်း မအိပ်မနေအလွန်ပြင်းထန်သော လုံ့လဝီရိယဖြင့် ဝိပဿနာ ဟုရားတော်ကို အားထုတ်လေ့ရှိရာ အထူး အထွေ တရားတို့ကို တွေ့တိုင်း တွေ့တိုင်း ဝေဘူဆရာတော်ဘုရားထံသို့လည်းကောင်း၊ မဟာဂန္ဓာရုံ ဆရာတော် ဘုရားထံသို့ လည်းကောင်း၊ မဟာစည် ဆရာတော်ဘုရားထံသို့ လည်းကောင်း၊ ပါဠိကာရီ ဆရာတော်ထံသို့ လည်းကောင်း သွားရောက် အစစ်အဆေးခံလေ့ရှိသည်။

## ရဟန္တာဖြစ်နိုင်သော ခေတ်ကောင်းကြီး

ဤခေတ်ကား ရဟန္တာမကင်းဆိတ်သေးပါ။ သာသနာနှစ် ၂၅၁၀- ခုနှစ်သာ ရှိပါသေးသည်။ မည်သူမဆို နည်းမှန် လမ်းမှန်ကို ညွှန်ပြ နိုင်သော ဆရာကောင်းကို ဆည်းကပ်၍ တရားအားထုတ်လျှင် ယခုဘဝမှာ ပဲ သောတာပတ္တိမဂ်ဉာဏ်ကိုလည်း ရနိုင်ပါသည်။ သကဒါဂါမိ မဂ်ဉာဏ်ကို လည်း ရနိုင်ပါသည်။ အနာဂါမိမဂ်ဉာဏ်ကိုလည်း ရနိုင်ပါသည်။ အရဟတ္တ မဂ်ဉာဏ်ကိုလည်း ရနိုင်ပါသည်။

သုတ်ပါထေယျ အဋ္ဌကထာ ၇၃-၌၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တစ်ထောင်၊ ဆဠဘိညာရဟန္တာခေတ် တစ်ထောင်၊ တေဝိဇ္ဇ ရဟန္တာခေတ် တစ်ထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ် တစ်ထောင်၊ ပါတိမောက္ခရဟန္တာ

ခေတ်တစ်ထောင် ပေါင်း သာသနာ ၅၀၀၀ တည်မည်ဟု ဖွင့်ခဲ့သည်။ ယနေ့ သာသနာသည် ၂၅၁၈-ခုနှစ်သာရှိသေးရာ ပ၊ ဒိ၊ အာခေါ်သော တေဝိဇ္ဇ ရဟန္တာခေတ်ရှိသေးသဖြင့် ဦးပဏ္ဍိတတို့လို နေ့မအား ညမအား ကြိုးကြိုး စားစား အားထုတ်ကြသော ယောဂီတို့အဖို့မှာ ဤဘဝ၌ပင် အရဟတ္တမဂ် ဖြင့်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ သို့မဟုတ် သကဒါဂါမိမဂ် ဖြင့်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ သို့မဟုတ် အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖြင့်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။

[စာတည်းသူ၏ မှတ်ချက်။ ။သာသနာခေတ် ငါးခေတ်မှာ အဋ္ဌ ကထာ၌ သာမန်အားဖြင့် လျာထားချက်မျှသာ ဖြစ်သည်။ ယခုအခါ ဆဋ္ဌ ဘိည ရဟန္တာများပင် ဖြစ်ထွန်းလျက်ရှိနေရာ ကြိုးစားမှုနှင့် နည်းမှန် လမ်းမှန်ရရှိမှုသာ ပဓာန ဖြစ်သည်။]

## နေ့ခင်းကြီးမှ အဆင့်ဆင့်လွတ်ပုံ

ဦးပဏ္ဍိတသည် ရဟန်းဘဝဖြင့် (၈) နှစ်တိုင်တိုင် တရားအားထုတ် လာခဲ့ရာ အထက်ဖော်ပြပါ မဂ်လေးပါးအနက် ဘယ်မဂ်အထိ ရပြီကိုမူ ဦးပဏ္ဍိတသာ သိနိုင်ပါသည်။ အဘယ်သံယောဇဉ်ကို ပယ်ပြီးပြီ၊ အဘယ် သံယောဇဉ်ကို မပယ်ရသေးသည်ကိုလည်း တရားအားထုတ်သူ ယောဂီတိုင်း ပင် ကိုယ့်ဟာကို သိကြသကဲ့သို့ အပြင်က ပုဂ္ဂိုလ်များကလည်း အတော် အတန် ရိပ်စားမိတတ်ကြပါသည်။

ယောဂီဘုန်းတော်ကြီး ဦးပဏ္ဍိတ၏ ဘဝကံရေစီးကြောင်း ဆရာ ကောင်း အမှီနှင့် ဝီရိယသဒ္ဓါစိတ်တို့ကို ထောက်ဆ၍ ဓမ္မာဘိသမယ ရရှိ သော တရားအဆင့်ကိုမူ စာရှုသူတို့ ထောက်ချင့်ရန် ဖြစ်ပါသည်။

၁။ သောတာပတ္တိမဂ်ဉာဏ်ကို ရသော ပုဂ္ဂိုလ်သည်—

(၁) ဒိဋ္ဌိ၊ (၂) ဝိစိကိစ္ဆာ၊ (၃) သီလဗ္ဗတ ပရာမာသ၊
(၄) ဣဿာ၊ (၅) မစ္ဆရိယတို့ ကင်းပါ၏။

**ဆောင်ပုဒ်။ ။ဒိ-ဝိ-သီ-ဣ၊ မစ္ဆရိ၊ မရှိသောတာပန်။**

၂။ သကဒါဂါမိမဂ်ဉာဏ်ကို ရသောပုဂ္ဂိုလ်သည်
ကာမရာဂနှင့် ပဋိဃကို လုံးဝ မပယ်နိုင်သေးသော်လည်း အကြမ်း စား ကိလေသာနှင့် ဒေါသကိုတော့ ပယ်နိုင်ပြီဟု ဆိုပါ၏။

ပထမအကြိမ်

၃။ အနာဂါမိမဂ်ဉာဏ်ကိုရသော ပုဂ္ဂိုလ်သည်—

(၆) ကာမရာဂ၊ (၇) ပဋိဃတို့ကင်းပါ၏။

**ဆောင်ပုဒ်။ ။ကာမရာဂ၊ ပဋိဃ၊ ကင်းပ အနာဂါမ်။**

၄။ အရဟတ္တမဂ်ဉာဏ်ကိုရသော ပုဂ္ဂိုလ်သည်—

(၈) ဘဝရာဂ၊ (၉) မာန၊ (၁၀) အဝိဇ္ဇာတို့ကင်းပါ၏။

**ဆောင်ပုဒ်။ ။ဘဝ-မာနာ၊ အဝိဇ္ဇာ၊ ကင်းကွာ အရဟံ။**

သို့ဖြစ်၍ 'ငါ သောတာပန်အဆင့်ရောက်ပြီ'ဟု ထင်လျှင် သောတာပတ္တိမဂ်ဉာဏ်ကိုရသော ယောဂီတို့ပယ်သော သံယောဇဉ်ငါးမှာရှိသေးသလား၊ မရှိတော့ဘူးလား သုံးသပ်ရန်ဖြစ်ပါ၏။ ရှိနေသေးလျှင် 'ငါ သောတာပန် မဟုတ်သေး'ဟု ကိုယ့်ကိုကိုယ် ဆုံးဖြတ်ရန်ဖြစ်ပါသည်။ မရှိတော့လျှင် 'ငါ သောတာပန် ဟုတ်ပြီ'ဟု ကိုယ့်ကိုကိုယ် ဆုံးဖြတ်ရန် ဖြစ်ပါသည်။

ငါ သကဒါဂါမ်အဆင့် ရောက်ပြီဟု ထင်လျှင်—

ငါ အနာဂါမ်အဆင့် ရောက်ပြီဟု ထင်လျှင်—

ငါ ရဟန္တာအဆင့် ရောက်ပြီဟုထင်လျှင်လည်း သောတာပန်အတိုင်း ပင် ဆိုင်ရာ သံယောဇဉ်တို့ ရှိနေသေးသလား၊ ပယ်ပြီးပြီလား ကိုယ်တိုင် ဆုံးဖြတ်ကြရန် ဖြစ်ပါသတည်း။

ရေဦးနှင့်ကောလင်း စက်သူဌေး ဦးဘသင် တစ်ဖြစ်လဲ ဦးပဏ္ဍဝသည် ၁၃၃၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် နံနက် ၈-နာရီအချိန် သက်တော် ၈၁-နှစ်၊ သိက္ခာ ၀၁ ၁၀-၀၁(ခန့်)အရ၊ ရွှေဘိုမြို့၊ မြို့ထောင့်စေတီ သာသနာ့ ရိပ်သာ၌ ပျံလွန်တော်မူခဲ့လေပြီ။

[ယောဂီ ဦးပဏ္ဍဝအကြောင်း သီးသန့် စာတစ်အုပ် အဖြစ် ရေးသားပြုစုရန် စီစဉ်လျက်ရှိပါသည်။ သက်ဆိုင်ရာ နီးနီးကပ်ကပ် ဝတ္တဆုံနှီးနှောဖူးသူများအား စာရေးသူထံ ကျေးဇူးပြုပြီး ဓမ္မသတင်း များပေးပို့ ညွှန်ကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ ဦးပဏ္ဍဝ (ဦးဘသင်)၏ ဘဝဖြစ်ရပ်များ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ သိရှိမှတ်သားမိသမျှ ကြားနာ မှတ်သားလိုပါသည်။]

●

## သမိုင်းဆရာအချို့ မှားယွင်းစွာ သုံးစွဲနေသော
## မြန်မာ့သာသနာဝင် ဝေါဟာရ

သမိုင်းဆရာ တော်တော်များများသည် သဗ္ဗတ္ထိဝါဒ စသော ဂိုဏ်းများကို ထေရဝါဒနှင့် အတူတူဟုယူဆကာ ထေရဝါဒကိုလည်း ယခုအခါ ဟိနယာနဟု မှားယွင်းစွာ ဖော်ပြနေမိကြလေသည်။

ပင်စည်သည် အကိုင်းမဟုတ်။
ထေရဝါဒသည် ဟိနယာန မဟုတ်ချေ။

ထိုအချက်ကို ထင်ရှားစေရန် အရှင် မဟာ ဗုဒ္ဓဃောသတို့ မပေါ်မီ လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင့်ငါးရာ (၁၅၀၀)ကျော်က ရေးသားခဲ့၍ အစောဆုံး သာသနာဝင်ကျမ်း ဖြစ်သော 'ဒီပဝံသကျမ်း' ဂါထာအမှတ် ၅၂-၌ ဂိုဏ်းကွဲ ၁၇-ဂိုဏ်းကို ဖော်ပြပြီးနောက်—

"ဝါဒတို့တွင် အကောင်းဆုံး အမြတ်ဆုံးဖြစ်သော ထေရဝါဒသည် ပညောင်ပင်ကြီးနှင့်တူစွာ မြတ်စွာဘုရား အဆုံးအမ သာသနာတော် အပြည့်အစုံကို (အားလုံးကို) မပိုမယုတ် ပြည့်နှံလျက် ရှိပေ၏။ ကြွင်းသောဝါဒ (ဟိနယာန, မဟာယာန ဂိုဏ်းကွဲအယူ) တစ်ဆယ့်ခုနစ်မျိုးတို့သည်ကား ထိုပညောင်ပင်ကြီး၌ မှိုတွယ်ဖြစ်ပေါ်လာသော ဆူးငြောင့်တို့နှင့် တူကုန်၏"ဟု ဖော်ပြထား၏။

ဓမ္မာစရိယ ဦးဌေးလှိုင်
'သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ'
(စာမျက်နှာ ၈၃-မှ)

## ပြည်သူနှင့် အစိုးရ
## ရှေးကမရဖူးသော ကုသိုလ်ထူး

ဓလေ့ထုံးစံ ရာသီဥတု စသည် ခြားနားလှသော ကမ္ဘာ့နိုင်ငံ အသီးသီး၌ တွေ့ကြုံရသော ဒုက္ခမျိုးစုံကို ရင်ဆိုင်ကာ သာသနာပြု တော်မူနေကြသော မြန်မာ့ရဟန်းတော်များမှာ ယခုအခါ ၇၀-ပါး ခန့် ရှိလာ၍ ဝမ်းမြောက်ကြရပါသည်။

| | | | |
|---|---|---|---|
| ၁။ အိန္ဒိယ | ၂၀-ပါး၊ | ၅။ ထိုင်း | ၂၂-ပါး |
| ၂။ သီရိလင်္ကာ | ၅-ပါး၊ | ၆။ ဂျပန် | ၃-ပါး |
| ၃။ အမေရိကန် | ၁၃-ပါး၊ | ၇။ မလေးရှား၊ | ၃-ပါး |
| ၄။ ဗြိတိန် | ၂-ပါး၊ | ၈။ စင်္ကာပူ | ၁-ပါး |

ထိုမှတစ်ပါး အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့၌ စာပေဆည်းပူးရင်း သာသနာပြုနေကြသော ရဟန်းတော်များလည်း ရှိနေပါသေးသည်။ ကမ္ဘာတစ်ဝန်း သွားချည်ပြန်လှည့် သာသနာပြု ပုဂ္ဂိုလ်များလည်း ရှိနေကြပါသည်။

မြန်မာတို့က ၂၀-ရာစု ကမ္ဘာ့ရာဇဝင်မှာ ကဏ္ဍသစ် တစ်ခု ဖွင့်နိုင်ခဲ့ကြ၏။

ယခုအခါ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာသည် စာတွေ့ လက်တွေ့ အခိုင်အမာ အမြဲတောင့်တင်းဆုံး ဖြစ်သည်ဟု ကမ္ဘာတစ်ဝန်းလုံးက လက်ခံ အတည်ပြုထားကြသည်ကို အထူးဖော်ပြရန် မလိုပါ။ ဗုဒ္ဓဝါဒနှင့်စပ်လျှင် မြန်မာနိုင်ငံကို အားထားလျက်ရှိကြရာ မြန်မာ ရဟန်း ရှင် လူတို့သည်လည်း ကျလာသည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရပေတော့မည်။

ကမ္ဘာ့အရပ်ရပ်၌ နယ်မြေသစ်ဖွင့်ကာ စွန့်စွန့်စားစား သာသနာ ပြုတော်မူလျက်ရှိကြသော အရှင်မြတ်တို့၏ ပစ္စည်းလေးပါးနှင့်တကွ အခါအားလျော်စွာ အခြေအနေအားလျော်စွာ နောက်ပိုင်းက ပံ့ပိုး ကူညီခွင့်ရလာသည်မှာ မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူတို့အတွက် ရှေးက မရဖူးသော သာသနာပြု ကုသိုလ်ထူးကြီး တစ်ခုပင် ဖြစ်ပါသည်။

တစ်ချိန်သောအခါ မြန်မာတို့ကပင် ကမ္ဘာ့ ငြိမ်းချမ်းရေးကို ဦးဆောင်မှုပေးနိုင်ဟု မည်သူ ပြောနိုင်ပါအံ့နည်း။

ဓမ္မဒူတ



အရညဝါသီ
ဝေသုဒ္ဓိဆရာတော်

ဗုဒ္ဓအသံစာပေ

ဗန်းမော်မြို့နယ်မှ ရဟန္တာဟု ကျော်ကြားသော

# အရညဝါသီ

# ဝေသုက္ခီဆရာတော်

(၁၂၅၃-၁၃၃၉)

ကုန်း-ရေ-လေ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသော ဤခေတ်မှာပင် ဘာသာရေး အသိဉာဏ်ဟူသော လမ်းပန်း ဆက်သွယ်ရေးကား နှမ့်ကျလျက်ပင် ရှိသေး၏။

ဤမြန်မာပြည်၏ သာသနာကား ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် တည်ရှိခဲ့မည်မှာ ယုံမှားစရာ မရှိချေ။ မြန်မာပြည်သည် မဇ္ဈိမဒေသ (အိန္ဒိယ) နှင့် တစ်မြေတစ်ရေတည်း ဆက်စပ်နေသည့်အချက်ကပင် သမိုင်းအထောက်အထားပြရန် မလိုလောက်အောင် ခိုင်မာနေပေသည်။ သို့စင်ရှည်လျား ကြာညောင်းခဲ့ပြီ ဖြစ်သော မြန်မာပြည် သာသနာဝင်၌ သမိုင်းမတင်၊ လူရှင်အများ မသိလိုက်ဘဲ ပရိနိဗ္ဗာန်ပြုတော်မူသွားကြသော ရဟန္တာအရှင်မြတ်များ မည်မျှ များပြားလှပြီကို ချင့်မြော်ကြရာ၏။

## အံ့ဖွယ်မဟာထေရ် ဝေသုက္ခီ

ယခု ဝေသုက္ခီဆရာတော် စသော ဆရာတော် ခပ်များများမှာ လူအများဖူးမြော်ဖို့ထား၍ ကြားသိလိုက်ကြမည်ပင် မဟုတ်ပေ။ ဤဆရာတော်၏ ကျေးဇူးဂုဏ်နှင့်စပ်၍ သက်တော်ထင်ရှားရှိစဉ် (၁၃၃၃-ခုနှစ်) ကပင် စာမျက်နှာ ၂၄-မျက်နှာရှိ (ဆားမှော်မြို့၊ အောင်မင်္ဂလာဆရာတော် ဦးသုဇာတရေး) ထေရုပ္ပတ္တိစာအုပ်ငယ်တစ်အုပ်နှင့် ၁၃၃၆-ခုနှစ်၊ တန်ဆောင်

မှန်းလ (၂၈-၁၁-၇၄) ထုတ် "ဓမ္မဗျူဟာ" စာစောင်၌ တည်တော ဆရာတော် (ရွှေထီးကုန်ဒရာ) ရေးသားသော ဆောင်းပါး တစ်ပုဒ် ဖတ်ရပါသည်။

တစ်ဖန် ၁၃၄၀-ပြည့်နှစ်၊ ဝေသုက္ခီရွာပန မန်လောင် တိုက်နယ် နာယကဆရာတော်များ ထုတ်ဝေသော ၅၂-မျက်နှာရှိ ထေရုပ္ပတ္တိစာစောင်ကိုလည်း ဖတ်ရှုရပါသည်။ ဝန်းသိုအရှင်အဂ္ဂဝံသ၊ အရှင်ပရမတို့၏ကျေးဇူးကြောင့် အထက်ဖော်ပြပါ စာအုပ်ငယ် ၂အုပ်၊ ဆောင်းပါးများနှင့် ဖူးတွေ့ဖူးသူများ၏ ပြောပြချက် အရသာလျှင် ဝေသုက္ခီဆရာတော်အကြောင်းကို ဖော်ပြရပါတော့သည်။

ထေရုပ္ပတ္တိစာအုပ်ဆိုရာ၌လည်း ရေးသားကြရာတွင် ကဗျာလင်္ကာတွေကိုသာ အသားပေး ရေးသားလေ့ရှိကြရာ "ဆရာတော်သည် မည်သူ့အား မည်သည့် ကိစ္စနှင့်စပ်၍ မည်သို့ဆုံးမသည်" စသော ဩဝါဒစကားတစ်လုံးတလေမျှ မပါရှိ၊ အပြည့်အစုံသိမှတ်ခွင့် မရနိုင်ပါပေ။ နောက်ဆုံးထိုမျှလောက် မှတ်တမ်းပြု ထားကြသည်ကိုပင် ကျေးဇူးတင်မဆုံး ရှိနေရပြန်ပါသည်။

မည်သို့ဖြစ်စေ၊ ဝေသုက္ခီဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်များကိုဖတ်ရှုရကာမျှဖြင့် အထက်အညာ ဗန်းမောက်နယ်တစ်ခွင်၌ ရဟန္တာအရှင်မြတ်ကြီးဟုကျော်စောသတင်းပြန့်ကာ ကြည်ညိုပူဇော်ခဲ့ကြရာ ကြည်ညိုပူဇော်သူတို့အတွက် သာသနာ့ အခွင့်ကောင်းကြီးကို ရလိုက်ကြသည်မည်ပါပေ၏။

အံ့ဖွယ်ဂုဏ်များကို ကြားသိရရုံမျှဖြင့်လည်း တစ်ဆင့်ကြားသိကြည်ညိုရ သူတို့အဘွက် "မည်သို့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်"ကို ခန့်မှန်းနိုင်ရုံမျှမက သဒ္ဓါပသန္န တိုးပွားကြရမည်မှာ သေချာလှပါသည်။

## မန်ကျည်းချိုသီး တစ်တောင့်

ဝေသုက္ခီဟူသော အမည်မှာ စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ဗန်းမောက်မြို့၊ မန်လောင်တိုက်နယ် အဝင်အပါ သျှမ်းရွာတစ်ရွာ၏ အမည်ဖြစ်သည်။ ထိုရွာကျောင်း၌ သီတင်းသုံးတော်မူ၏။ ဆရာတော်လည်း သျှမ်းလူမျိုးပင်ဖြစ်သည်။ (သာမ-သျှာမ-ဝ ရွှေသော အဆင်းရှိသောလူမျိုး)

ဆရာတော်၏ ဇာတိရွာကား ဗန်းမောက်မြို့နယ်၊ မန်စိကြီးတိုက် မန့်ကျည်းကုန်းရွာဖြစ်၏။ ၁၂၅၃-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်

၁၅-ရက်၊ တနင်္လာနေ့ဖွား၊ ငယ်မည် မောင်စံချုပ်၊ ခမည်းတော် မယ်တော်တို့ကား ကျောင်းဒကာကြီး ဦးလိပ်ဆု၊ ဒေါ်မင်းနေ၊ စတုတ္ထသားရတနာဖြစ်သည်။

ပုဂ္ဂိုလ်ထူးတို့၏ ဘဝနှင့် ပတ်ဝန်းကျင်တွင် မြင်တတ်လျှင် ထူးခြားသော တိတ်နိမိတ်များဖြစ်ပေါ်သော ရှိတတ်မြဲဖြစ်ရာဆရာတော်လောင်းလျာမောင်စံချုပ်ဖွားသည့်နှစ်တွင် အိမ်အနီး၌ မန်ကျည်းပင်ကြီးမှာ ယာဝစဉ်အချဉ်သီး သီးနေမြဲရှိရာမှ ထူးထူးခြားခြား အချိုသီး သီးခဲ့သည်ဟုဆို၏။

အချိန်တန်အရွယ်ရောက်လျှင် မန်ကျည်းကုန်းဆရာတော် ဦးသောမထံ ကျောင်းအပ်နှံ၍ ၁၄-နှစ်သားတွင် မန်စီတိုက်နယ် မန်းဝိန်းဆရာတော်ကြီး ဦးနန္ဒိသာရထံ ရှင်သာမဏေပြု၏။ ဘွဲ့ ရှင်ကဝိန္ဒ။ မန်စီ၊ မန်လောင်ထိုက်နှစ်ခုတို့၏ ဂိုဏ်းချုပ်ဖြစ်တော်မူသော နောင်ပတ်ကျောင်း ဆရာတော်ကြီး ဦးနေမိန္ဒထံ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

၁၂၇၂-ခုနှစ်တွင် ငယ်ဆရာ ဦးသောမထံမှာပင် နေ၍ ဝေဠုကွိ ဆရာတော်ကြီး ဦးတေဇောက ဥပဇ္ဈာယ်အဖြစ် ချီးမြှောက်တော်မူလျက် နန်းလမ်းချောင်း ရေသိမ်၌ ရဟန်း ဖြစ်တော်မူ၏။ ရဟန်း ဒကာကား ခမည်းတော် မယ်တော် များပင်တည်း။ ၁၂၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် နေ့တွင် မန်စီကြီး ရွာနေ ဟိန္ဒူ ကုလား လူမျိုး ဦးမိကျန် ဒေါ်မယ်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ဝေဠုကွိ ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြုကာ ပေပင်ချောင်း ရေသိမ်၌ ဒုတိယအကြိမ် ကံဆောင်တော်မူပြန်၏။

ရဟန်းဖြစ်ပြီး နောက်တွင်လည်း သရက်ကုန်းကျောင်းစသည်ထင်ရှားသော ဆရာတော်များထံ ပရိယတ္တိ ပဋိပတ္တိ နည်းခံလျက်နေရာ ၁၂၈၅ ခုနှစ်တွင် မိမိ၏ဥပဇ္ဈာယ်ဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ဝေဠုကွိရွာ ဒကာ-ဒကာမတို့၏ ပင့်လျှောက်ချက်၊ ဆရာသမားတို့၏ တိုက်တွန်းချက်အရ စာသင်ရာ သရက်ကုန်းကျောင်းမှ ဝေဠုကွိရွာကျောင်းသို့ ရွှေ့ပြောင်း၍ ကျောင်းထိုင်အဖြစ် သီတင်းသုံးတော်မူခဲ့၏။

ဆရာတော်သည် ထိုရွာကျောင်း၌ ၁၃၀၄-ခုနှစ် ထိ ၁၉-နှစ်ဘိုင်တိုင် ဂါမဝါသီအဖြစ် သီတင်းသုံးကာ ရပ်ရွာ ဒကာ ဒကာမ ကလေး သူငယ်တို့အား တရားဓမ္မဟောကြားဆုံးမခြင်း၊ ဘာသာစာပေ သင်ကြားပေးခြင်းဖြင့် သာသနာပြုတော်မူခဲ့၏။

## ဘေးမရောက်ခင်၊ ယခုပင်၊ တောဝင် ငါကျင့်မှ

ဆရာတော်ကား သက်တော်၅၀-ကျော်ခဲ့ပြီ။ တပည့်ဒကာ ဒကာမတို့ အကျိုးကိုလည်း တာဝန်ကျေအောင် သည်ပိုးခဲ့ရပြီ။

ဆရာတော်၏စိတ်တွင် တစ်စုံတစ်ခု နှိုးဆွနေသော ဆန္ဒကို ၁၃၀၄-ခုနှစ် ဝါဆိုဦးတွင် ဂျပန်စစ်ဘီလူးကြီးက အကောင်အထည် ဖော်ပေးလိုက်တော့၏။အင်္ဂလိပ်များဆုတ်ခွာ၍ ဂျပန်တပ်များ ဝေဠုဝနာရွာကျောင်းကိုပင် တပ်စခန်းချလာနေကြပြီး စစ်ဖိနပ်သံများနှင့်အတူ ဘိရမာ...ခူးရာ....အသံများ ဆူညံကာ ကျောင်းထဲတွင် ကြက်အရှင်များ အပြုံလိုက်ဆွဲယူလာကြ၏။ ဆရာတော်အား ရေခပ်ခိုင်းခြင်း၊ ကြက်ဖျက်၊ ကြက်မွေးနုတ်ခိုင်းခြင်းစသော မဖွယ်မရာများကို ပြုမူလာကြသည်။

ဆရာတော်မှာ ဓမ္မသံဝေဂ ကြီးစွာဖြစ်ကာ လိုက်လျောနိုင်သမျှ လိုက်လျောညီထွေ နေတော်မူရလျက် ဆုံးဖြတ်ချက် တစ်ခုကို အမြန်ဆုံး ချမှတ်လိုက်ရသည်။ ထိုနေ့ည မှောင်ရီရီတွင် ဝေဠုဝနာကျောင်းမှ သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းဖြင့် တိတ်တဆိတ် ထွက်ခွာတော်မူခဲ့လေ၏။ ရွာနှင့် ကျောင်းကြားတွင် ချောင်းကလေးခြား၍နေရာ ဘုရားဝတ်ပြုအပြီး ရွာဘက်ဆီသို့ တစ်ချက်လှမ်း၍ ကြည့်တည့်ကာ ပစ္စည်းလေးပါး ဒကာတို့အား စိတ်ထဲက မှန်းထားလျက် မေတ္တာစကားသာ ပြောကြားနိုင်တော့၏။ ရွာဘက်ဆီတွင်လည်း ခွေးသံ နွားသံများ ဆူညံကာ ကျီးလန့်စာစား ဖြစ်နေကြရှာသည်။ ထို့ကြောင့် ရွာဘက်သို့လည်း မကြွလိုတော့။

> 'မီးဘေး၊ ရေဘေး၊ ပြည်ပျက်ဘေးကား၊ ဆယ်ရေးတရေး၊ ကယ်နိုင်သေး၏။ အိုဘေး၊ နာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊လွန်ကြီးမားကား၊ သားနှင့်အမိ၊ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်။(မဃဒေဝ)''

ဆရာတော်သည် ရွာကျောင်းမှ ထွက်လာပြီးနောက် ကုလလေးတာ အပြန် ငါးရာခန့် ရွာနှင့်ဝေးကွာ၍ တောရအင်္ဂါ ညီညွတ်လောက်ပြီဟု ခန့်မှန်းရသော ပန်းထိမ်ကုန်း တောင်ခြေ၊ စမ်းချောင်းအနီး သစ်ပင်ကြီးတစ်ပင်အောက်၌ တန့်နားတော်မူလိုက်၏။ မိုးကာလဖြစ်၍ တဖျောက်ဖျောက် ရွာသွန်းသော မိုးဒဏ်ကို ကာကွယ်ရန် ထင်းခြောက် ဝါးခြောက်များကို

ရှာဖွေကောက်ယူကာ အခြင်ရနယ်လုပ်၍ ဖက်ရွက်ခြောက်များမိုးလျက် တစ်ဖက်ရပ်တဲကလေးကို ကိုယ်တော်တိုင် ထိုးတော်မူ၏၊

တစ်ဖက်ရပ်တဲ (ဇောင်းတဲ) ထိုးပြီးသည်နှင့်စိတ်အေးချမ်းစွာထား၍ ဘဝရှေးရေး တွေးတောရင်း နားနေခိုက် ရပ်ရွာ ဒကာ-ဒကာမ တို့အားလည်း မေတ္တာပွားပို့လိုက်၊ ထိုတော ထိုတောင်ရှိ တောစောင့် နတ်၊ တောင်စောင့်နတ်တို့အားလည်း မေတ္တာပွားကာ အမျှဝေတော်မူလိုက်သည်။ အဂ္ဂုတ္တရပါဠိတော်လာ 'သာသနာနေ့ာင်ရေး တွေ့မည့်ဘေးငါးမျိုး'နှင့်စပ်၍ ရှေးသူဟောင်းတို့ နှလုံးသွင်းနှင့် တင်ထပ်တည်းရာသက်ပန်နေ့ာင်ရေးအတွက် ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချက်ချင်းပင် ဆုံးဖြတ်တော်မူလိုက်သည်။

၁။ အိုနာ ဆွမ်းရှား၊ ထပွားသူပုန်၊ ကွဲတုံသံဃာ၊ ဘေးငါးဖြာ၊ နေ့ာင်ခါ ရောက်တတ်လှ။

၂။ ဘေးမရောက်ခင်၊ ယခုပင်၊ တောဝင် ငါကျင့်မှု။

## တောထဲမှာ ၂၅နှစ်

လောကီစီးပွားရေးသမားအချို့က 'ပြည်နာမှ ငွေရှာ၍ ကောင်းသည်'ဟု ဆိုကြသကဲ့သို့ ပဋိပတ် ရေးရာတွင်လည်း "ကိုယ်တွင်း, ကိုယ်ပဘေးကြီးတွေဆိုက်မှ တရားရှာ၍ ပိုကောင်းသည်"ဟုပင် ဆိုသင့်၏။ ဤ၌ ဆရာတော်အား ဒုတိယကမ္ဘာစစ်ကြီးက ကိလေသာ စစ်ထိုးရန် တောထဲသို့ ပင့်သွားခဲ့လေပြီ မဟုတ်လော။

ရှေးအခါက သီဟိုဠ်ဝတ္ထုများကို ဖတ်ကြည့်လျှင် ဒါနအရာ၊ သီလအရာ၊ ဘာဝနာအရာ ထူးချွန်ပြောင်မြောက်၍ မှတ်တမ်းတင်လောက်အောင် အောင်မြင်သည့်ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်ခဲ့သည်မှာ အေးဆေး ငြိမ်သက်သော ခေတ်အခါမျိုးထက် စဏ္ဍာလတိဿသူပုန်ရန်နှင့် ဒုဗ္ဘိက္ခန္တရကပ်ကြီးဖိစီးသောခေတ်က ပို၍များကြောင်း အထင်အရှားပင် တွေ့နိုင်၏။

ဆရာတော် တောထဲသို့ ရောက်လာသောအခါ ဆွမ်းခံရန် ရွာများသို့လည်း မကြွ၊ အလိုလို လက်ပေါ်ကြွေကျသော သစ်ရွက် သစ်သီးလည်း မရ၊ ကိုယ်တိုင်ရရာသစ်ဥသစ်ရွက်ကိုတူးဖော်ခူးဆွတ်စားရန်လည်းဝိနည်းဥပဒေတော်က ခွင့်မပြု။ သီဟိုဠ်ကျွန်း၌ ကပ်ကြီးဆိုက်စဉ်က သူတော်ကောင်းကြီး

များထုံးကို နှလုံးမူကာ ပန်းထိမ်ချောင်း ရေအေးအေးနှင့် တရားဘာဝနာ အာဟာရကိုသာ မှီဝဲရလေတော့၏။

ရပ်ရွာဒကာများလည်းကိုယ့်အပူနှင့်ကိုယ်ဆရာတော်ကိုသတိမရနိုင်၊ ၆ ရက်မြောက်နေ့ သတိရ၍ ကျောင်းသို့သွားကြည့်ရာ မတွေ့ရခါမှ လူအုပ်ခွဲကာ တောထဲလိုက်ရှာကြရ၏။ ၆-ရက်တိုင်တိုင် တစ်စုံတစ်ရာ မည်သည့် အာဟာရမျှ မဘုဉ်းပေးရဘဲလျက် ကြည်ကြည် လင်လင် ချမ်းချမ်း သာသာ တရားနှလုံးသွင်းနေသည်ကို တွေ့ကြရသောအခါ များစွာ အံ့ဩကြရလေသည်။ ပထမဆုံးသော ဆရာတော်၏ 'အံ့တစ်ပါး'ဟူ၍ပင် ဥဒါန်းတွင်လေ၏။

ဒကာများမှာ ဆရာတော်အား ရွာကျောင်းသို့ပင့်ရာ အခွင့်မရသဖြင့် ထိုနေရာ၌ သစ်ရွက်မိုး ဇောင်းတဲနှင့်ဆက်ကာ သစ်နီသား တိုင်ငယ်များဖြင့် အတန်ငယ် ခိုင်ခံ့သော ကျောင်းငယ်တစ်ဆောင်ကို ဆောက်လှူပေးကြရသည်။ ဆရာတော်လည်း ၁၃၀၄-ခုနှစ်မှစ၍ ၁၃၂၉-ခုနှစ် တိုင်အောင် ၂၅ နှစ်လုံးလုံး တောထဲ၌သာ ကေစာကျင့်သုံးတော်မူလေတော၏။ သို့ရာတွင် ပန်းထိမ်ကုန်းကြီးကောင်၌ သာမက ထိုအနီးဝန်းကျင်ရှိ ရေရှင်ကုန်း၊ ဝေ့ကုန်းတောင်၊ ပန်းထိမ်ကုန်း လေးတောင်အားဖြင့် ၅၄ာန ၆ကြိမ် ရွှေ့ပြောင်း၍ သီတင်းသုံးတော်မူသည်။

## သေနတ်မီးမကူး၍

ဆရာတော်သည် တော၌နေရခြင်းကို တစ်နှစ်ထက်တစ်နှစ်ပို၍ကျေနပ်တော်မူသည်။ သက်တော် ၅၀ ကျော်မှစ၍ တောရနေတော်မူရာ သက်တော် ၇၆ နှစ်အထိဖြစ်သည်။ မြတ်စွာဘုရားရှင်သည် အရှင်နာဂိတအား တော၌နေရခြင်း၏ ဂုဏ်ကျေးဇူးကို အင်္ဂုတ္တရ၊ ဆက္က—နာဂိကသုတ်၊ အဋ္ဌကက-ယသသုတ်တို့၌—

"ရွာကျောင်း၌ ဈာန်ရသော ရဟန်းတော်ထက် တောထဲ၌ အိပ်နေသောရဟန်းကို ငါဘုရားချီးကျူးကြောင်း၊ ရွာကျောင်းနေ ဈာန်ရသော ရဟန်းသည် မကြာမီ ပျက်စီးနိုင်၍ တောနေရဟန်းကား တောဟူသော သတိရှိနေသူဖြစ်၍ မကြာမတင် တရားထူးရရှိနိုင်ကြောင်း" ဟောတော်မူပူး၏။

ဆရာတော်သည် တော၌ပျော်မွေ့သော်လည်း မြန်မာပြည်ကြီး လွတ်လပ်ရေး ရခါမှ တော၌နေလို့မရသော အကြောင်းတစ်ခုပေါ်ပေါက်လာပြန်၏။

ဆရာတော်နေသော ဗန်းမော်ကန်နယ်တစ်ဝိုက်ကား ဒုတိယကမ္ဘာစစ်ကြီးပြီး၍ လွတ်လပ်ရေးကာလသို့ပင် ရောက်လာသော်လည်း သူပုန်သူကန်ဘေးကြောင့် ၁၃၂၈ခုနှစ်တိုင်အောင် အေးချမ်းစွာ နေရသည်မရှိလှ။ တပ်နီကွန်မြူနစ်များ တစ်တောဝင် တစ်တောထွက် လှုပ်ရှားသောင်းကျန်းနေကြရာ တစ်ခုသော ညတွင် တောင်ပေါ်ဒွဲစကြံ့ကြွနေသောဆရာတော်အား ရန်သူထင်ကာ သေနတ်ဖြင့်ဝိုင်း၍ပစ်ကြ၏။ အကြိမ်ကြိမ်သေနတ်မီးမကူးဘဲ ရှိနေမှဆရာတော်မှန်းသိကာ လေးစားအံ့သြသွားကြသည်။ ထိုနှစ်မှာပင် အစိုးရတပ်နှင့်သူပုန်တို့ တိုက်ပွဲဖြစ်ပြန်ရာ ဒကာများက ရွာကျောင်းသို့ပင့်ထားကြရ၏။ သေနတ်မီးမကူးသည်မှာလည်း 'အံ့တစ်ပါး'ပင်။

ဆရာတော်သည် ရွာကျောင်း၌ နေသော်လည်း အမြဲမနေ ဦးပဥ္စင်းကိုရင် ကပ္ပိယအဖော်မထား၊ တစ်ပါးတည်းနေတော်မူ၏။ ဆွမ်းကပ်သူများပင် ကပ်ချိန်သာလာ၍ ပြီးလျှင် အပြန်ခိုင်းသည်။ ပေ ၅၀-၃၀ ခန့်ရှိ ကျောင်းကြီးတစ်ဆောင်ရှိသော်လည်း ထိုကျောင်းကြီး၌ နေခဲ၏။ ကျောင်းဝင်းအတွင်း ကျောင်းကြီးနှင့် ကိုက်နှစ်ဆယ်ခန့်အကွာရှိ ကမ္မဋ္ဌာန်းကျောင်းကလေး၌သာ အနေများသည်။ ယခင်တောရကျောင်းဟောင်းများသို့လည်း သွားရောက်ကာ မကြာခဏ နေ့သန့်တော်မူလေ့ရှိ၏။

## မပေးဘဲ ခိုးယူလို့မရ

တစ်နေ့တခြား ရဟန္တာဟု ကျော်ကြားလာ၍ ဝေးနီးအရပ်မှ လာရောက်ဖူးမြော်ကြရာ ၅ပါးသီလပေး၍ တရားစကားအနည်းငယ် ပြောဟောကာ ပြန်လွှတ်လေ့ရှိသည်။

တစ်နေ့သောအခါ ဦးသာဇံနှင့် ဦးမောင်ခိုင်တို့နှစ်ဦး ကောက်ဦးဆွမ်းအလှူသွားကြရာဆရာတော့်အနီး၌ ချဉ်းကပ်ဝတ်ပြုနေသော အလွန်သန့်ရှင်းရည်မွန်သည့် ကျောင်းသားသူငယ်တစ်ဦးကို တွေ့ရ၏။ ဦးသာဇံတို့ နှစ်ဦးနှစ်နာရီကျော်ကြာ ကျောင်း၌နေပြီး ပြန်လာကြရာ လမ်းရောက်လျှင် ဦးသာဇံက—

"ကိုမောင်ခိုင်၊ ဆရာတော်နားက သူငယ်ချောချောလေးက ဘယ်သူ့သားလဲ၊ ရွာထဲမှာဒီလိုကလေးရှိသလား။ ဆရာတော်ကို လျှောက်ချင်တာ မလျှောက်ရဲလို့"ဟု ဆိုရာ ဦးမောင်ခိုင်က—

"ကိုသာဇံနှယ်....ကြံကြီးစည်ရာ ဘယ်ကလာ ကျောင်းသား ကိုရင် လက်ခံလိမ့်မတုံး"ဟု ငြင်းကာ အချင်းချင်း အခြေအာင် ပြောဆိုကြလေ၏။ မြင်သူမှာလည်း အမှန်ဖြစ်၍ မမြင်သူမှာလည်း အမှန်ပင်ဖြစ်၏။ နောက်ဆုံး နတ်ဖြစ်စေ၊ နဂါးဖြစ်စေ လူယောင်ဆောင်လျက် ဝတ်ပြုနေကျ ဖြစ်လိမ့် မည်ဟုသာ အောက်မေ့ကြရသည်။ ဤသည်လည်း 'အံ့တစ်ပါး'။

ဆရာတော်သည် ပစ္စည်း လေးပါးနှင့် စပ်၍ ချီးမွမ်း အလှူခံ စိမံ ခန့်ခွဲဖို့ နေနေသာသာ၊ ကမ္မဋ္ဌာန်း ကျောင်းကလေး မိုးယို နေသည်ကိုပင် အသိမပေး၊ ဟိုမှသည်မှလာရောက်လှူဒါန်းကြသော ပစ္စည်းအသုံးအဆောင် များ ကျောင်းပေါ်၌ စုပုံနေ၏။ ရံခါ ရဟန်းသာမဏေများ လာရောက် ကန်တော့လျှင် ကြိုက်ရာအလှူခံရန် လှူဒါန်း ပေးကမ်းသည်မှအပ ထိုပစ္စည်း များကိုလှည့်၍မျှမကြည့်။နဝကမ္မ(ပိုက်ဆံ)များကိုလည်းမြွေပွေးမြွေဟောက် အလား ထင်မှတ်တော်မူ၏။ တည်ငြိမ်အေးငြိမ်းသော ဣန္ဒြေတော်ကြောင့် မည်သူ တစ်ဦးတစ်ယောက်ကမျှလည်း ပစ္စည်းများနှင့် စပ်၍ မလျှောက် ထားဝံ့။ ရှေ့မှာပင် ယူလိုသူတို့ ယူလိုရာ ယူသွားသော်လည်း မည်သို့မျှ မပြောဆို။

ထိုအချက်ကို အခွင့်ကောင်းယူသော လူဆိုးတစ်စုသည် တစ်ညတွင် ကျောင်းရှိ ပစ္စည်းများကို ထမ်းသယ်ကြဖူး၏။ တစ်ညလုံး ကျောင်းဝင်း အပြင်သို့ထွက်၍မရသဖြင့် မိုးလင်းသောအခါ ထမ်းထားသော ပစ္စည်းများကို ပစ်ချလျက် ဆရာတော်အား ကန်တော့ကာ ထွက်ပြေးကြရသတတ်။ ဤ လည်း 'အံ့တစ်ပါး'။

လူတို့သည် ဤသို့သော ပုဂ္ဂိုလ်ထူးကြီးများထံ ချဉ်းကပ်ဖူးမြော်ကြရာ ဘာမဟုတ်သည့် ခေါက်လုံး လက်ဖွဲ့ အဆောင်ကောင်း တစ်ခုခုရလိုရငြားနှင့် ချဉ်းကပ်သူများလည်းမရှား၊ လုပ်ငန်းကိုင်ငန်းအောင်မြင်၍ သူဌေးဖြစ်ချင်သူ လည်း အများ၊ လောလောဆယ် ခံစားနေရသည့် ရောဂါ တစ်စုံတစ်ရာ ချမ်းသာရာ ရလိုသူများလည်းပါ၏။ မိမိတို့စေတနာ ဆန္ဒအလျောက်ရောဂါ ပျောက်ကင်းသူများကား များလှ၏။ ကိုယ်ရေပြား ရောဂါရှင်များပင် ပျောက်ကင်းကြသည်ဆို၏။ ဖူးမြော် ပူဇော်ရသော စေတနာ ကမ္မ သတ္တိနှင့် သူတော်ကောင်းကြီးတို့၏မေတ္တာသည် ဘာမဆို လိုရာပြီးမြောက်စေနိုင်သည် ဖြစ်ရာ၊ "လောကီပျောက်စေဆရာ"များနှင့် ဒွေးရောယှက်တင် အထင်အမြင်

ရှုပ်ထွေးစေသော ဆည်းကပ်ခြင်းမျိုးကိုမူ အခြင်းခပ်သိမ်း သတိပြု ရှောင်ကြဉ်ကြရာ၏။

## အံ့ချီးဖွယ်ဂုဏ် အဖုံဖုံ

ဆရာတော်ဘုရားကြီးအနီး၌ ပရိယတ္တိအမြင်ရှိသော ပဋိပတ်လည်းလိုသားသော နည်းခံပုဂ္ဂိုလ်များကား ရှားပါးဟန်ရှိ၏။ မေးလျှောက် မှတ်သားချက်များ ကျန်ခဲ့သော် သားစဉ်မြေးဆက် အကျိုးများလေရာ၏။

ယခုမူ သာမန် အရပ်သားတို့ အမြင်အရ သဒ္ဓါတရားသက်သက်ဖြင့် ချဉ်းကပ်ကြစဉ် လောကနှင့်မတူသော၊ လောက အမြင်၌ အလွန်ဘုရာတွေ့ရခဲသော အဖြစ်သနစ်များကိုကြည့်ကာ တစ်မျိုးပြီးတစ်မျိုးအံ့ဖွယ်များကိုပြောဆိုနေကြ၏။ ဤသို့သော သူတော်ကောင်းကြီးတို့၌ အံ့ဖွယ်တို့ကား အဆုံးမရှိ တတ်ချေ။ လူသာမန်တို့ အံ့ဩသည်ထက် အံ့ဖွယ်ကောင်းသော အံ့ဖွယ်များကိုလည်း အကြိမ်များစွာ ဖူးတွေ့ကြရသည်။

"ကျွန်တော်ဖြင့် ဆရာတော်ကြီး အိပ်စက်လဲလျောင်းနေတာတစ်ခါမျှ မမြင်ဖူးဘူး။ ဒူးတစ်ဖက်၊ ဒါမှမဟုတ် ဒူးနှစ်ဖက်ကို လက်ပိုက်ပြီး ' ဖြစ်စေ၊ စမွယ်တင်လိုလို ထိုင်လျက်ဖြစ်စေ၊ အမြဲတမ်း ဒီလိုနေတာပဲ ဖူးတွေ့ရတယ်"ဟု လည်းကောင်း။

"၁၃၃၀-ပြည့်နှစ်က ဆရာတော် ကျောင်းမှာမရှိတုန်း ဆရာတော့်နေရာကို အာဂန္တုဦးပဉ္စင်းတစ်ပါးက ရှင်းလင်းသုတ်သင်မည်ဟုဖျာကိုလှန်တဲ့အခါ ထိုင်တဲ့နေရာတည့်တည့်ဖျာအောက်မှာ ထူးဆန်းတဲ့ မြွေငယ်တစ်ကောင်ခွေနေတာကို တွေ့ကြရတယ်။ သူငယ်ယောင် ဆောင်သောနဂါးများဖြစ်နေရော့သလား မသိ"ဟု လည်းကောင်း။

"၂၅-နှစ်လုံးလုံး ဆရာတော်နေတဲ့ တောင်ပေါ် တောကျောင်းကလေးဟာ ဖူးမြော်တဲ့လူတွေ အပြည့်တက်ရောက် နေထိုင်ကြသော်လည်း ပျက်စီး ပြိုကျခြင်း မရှိဘူး"ဟု လည်းကောင်း။

"ဆရာတော်ဟာ ညကြီးမင်းကြီး မြွေတွေကျားတွေကိုလဲ ကြောက်ပုံမရဘူး။ တစ်ခါတစ်လေ ရွာ့အပြင်မှာ ထုတ်ထားတဲ့ အလောင်းစင်တဲနားမှာ သုသာန်မှာ တွေ့ခဲ့ရတယ်"ဟု လည်းကောင်း။

“ဆရာတော့်ကျောင်းမှာ အမြဲတမ်းအမွှေးနံ့ တစ်မျိုးရတယ်၊ အလင်းရောင်တစ်မျိုးလဲ ထွက်နေတယ်”ဟု လည်းကောင်း။

“ရင်းနှီးတဲ့ ဒကာဖြစ်ဖြစ်၊ ဆွေမျိုးရင်းချာ ဖြစ်ဖြစ် သီလပေး တရားစကား အနည်းငယ် ပြောတာကလွဲလို့ မာကြောင်း သာကြောင်း ဘာမှ မေးလေ့မရှိဘူး။ တစ်စိမ်းတစ်ရံဆံလိုပဲ ဆက်ဆံတယ်”ဟု လည်းကောင်း ပြောစမှတ်ပြုကြ၏။ (စန္ဒူပမသုတ်လာ အရှင်မဟာကဿပ၏ ထုံးကို နှလုံးမူကြရာ၏။)

## ဘုရားပေးသော ဝတ်စုံ ဘေးရန်လုံ

ရပ်ရွာရှိ လူတိုင်းလိုလို အမြဲတွေ့ကြုံနေရသဖြင့် ရိုးနေသော အံ့ဖွယ်များလည်း ရှိပေသေး၏။ ယင်းကား အခြားမဟုတ်၊ နွေမိုးဆောင်း ဟူသော သဘာဝဥတု သုံးလီ ရာသီဆယ့်နှစ်သည် ဆရာတော့်အတွက် အပြောင်းအလဲ မရှိခြင်းပင်တည်း။ ရွာသားတို့ ပြောကြပုံကား....

“ဆရာတော်ဟာ နွေခေါင်ခေါင်ကြီး ဖိနပ်မစီး ထီးမဆောင်းဘူး။ နေဘယ်လောက်ပူနေနေ၊ ကိုယ်ဝတ်သင်္ကန်းကို လှပ်ခွာနေတယ်မရှိ၊ ပကတိနေမြဲ၊ ကြည်မြဲပဲ”ဟု လည်းကောင်း။

“ဆောင်းအခါမှာလဲ ဘယ်လောက်အေးအေး၊ နှင်းတွေဘယ်လောက်ကျကျ၊ မီးလဲမလှုံ၊ စောင်လဲမခြုံဘူး။ စင်္ကြံလျှောက်ချိန်လျှောက်၊ သွားနေကျတောထဲ သွားနေမြဲပဲ”ဟု လည်းကောင်း။

“မိုးတွင်းမှာ မိုးဘယ်လောက်ရွာရွာ ဆရာတော်မှာ ဘယ်တော့မှ ထီးမဆောင်းဘူး၊ ဒါပေမယ့် သင်္ကန်းတော်ရော၊ ခန္ဓာကိုယ်ပါ တစ်ခါမျှ မိုးစိုစွတ်တာ မတွေ့ဖူးဘူး”ဟု လည်းကောင်း၊ ယခုတိုင် ပြောဆိုအံ့သြ၍ မပြီးနိုင်ကြချေ။

ထို့ထက် အံ့ဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခုကား တောမထွက်မီက စ၍ ခန္ဓာပြတ်ငြိမ်း ဘဝဇာတ်သိမ်းတော်မူသည်အထိ နှစ်ပေါင်း ၃၀-ကျော် နေပူမိုးရွာမရှောင် ဝတ်ရုံတော်မူသော သင်္ကန်းတစ်စုံမှာ တစ်စုံတစ်ရာ စုတ်ပြဲဆွေးမြည့်ခြင်းမရှိ၊ ဖွပ်လျှော်ခြင်းလည်းမရှိ၊ အရောင်လွင့်ခြင်း၊ ဇာဆင်း

ကွက်ခြင်းပင်လျှင် မရှိကြောင်း အများပင် ဖူးမြင်နေကြရလေသည်။ လူတို့ ဝတ်စုံတစ်စုံသည် အဘယ်မျှကြာရှည်ခံ၍ အဘယ်မျှ ဟောင်းရန် လိုကြောင်း ဘုရားပေးသော ဝတ်စုံနှင့် နှိုင်းယှဉ်သုံးသပ်ကြရာ၏။

ထိုမှတစ်ပါး တပည့် ဒကာ-ဒကာမများ ကိုယ်တွေ့အံ့ဖွယ်များလည်း ရှိနေကြပေသေး၏။ အချို့က "ဆရာတော်ကုဋီတက်တာ တစ်ခါမျှ မတွေ့စဖူး"ဟု ဆို၏။ တောထဲ၌ ကုဋီသွားသော နေရာကိုပင် ဆရာတော်ထပြီး မရှေးမနှောင်းသွားကြည့်ရာ မည်သည့်အညစ်အကြေးမျှ မတွေ့ရဟု ဆိုသည်။ (တစ်စုံတစ်ဦးက သိမ်းဆည်းနေဟန်ရှိ၏။)

ဆံတော်ကိုလည်း မည်သူရိတ်ပေးသည်ကိုမျှမမြင်တွေ့ရဘဲ ခေါင်းရိတ်ထားသည်ကိုသာ ဖူးတွေ့ကြရ၏။ ဆရာတော်နေသော ကျောင်းဝင်းတွင်းလည်း မည်သူမျှ တံမြက်မလှည်းရ၊ အမြဲ ပြောင်ရှင်းနေသည်ကို တွေ့ကြရ၏။ လူစုလူဝေးနှင့် ပူဇော်ပြီးသောအခါမျိုးတွင် ပို၍ထင်ရှားသည်ဆို၏။

ထိုအရပ်ဒေသသည် မြွေဆိုးများ ပေါများလှသဖြင့် ဒကာတစ်ဦးက ဆရာတော်အား သတိပေးလျှောက်ထားရာ ဆရာတော်က သူနေထိုင်ရာမှ ကျောင်းအမိုးပေါ်သို့ မော်ကြည့်ကာ—

"မြွေကတော့ ငါ့ကျောင်းပေါ်မှာတောင်ရှိနေတာကပဲ"ဟုမိန့်တော်မူ၏။ ထိုဒကာကိုယ်တိုင်ပင် တွေ့မြင်ရလေ၏။

## ရုပ်ကလာပ်တော်နှင့် နောက်ဆက်အံ့ဖွယ်များ

ဖော်ပြရာပါ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးသည် သက်တော် ၈၇-နှစ်၊ ၆၇-ဝါအရ၊ ၁၃၃၉-ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ညနေ ၆ နာရီ ၄၅ မိနစ် အချိန်တွင် အပြီးတိုင် ဘဝကိုလွန်တော်မူရာ မန်လောင်တိုက် ဂိုဏ်းအုပ် ဆရာတော်၊ ပေပင်ဆရာတော်၊ ဗန်းမော်မြို့မကျောင်း ဆရာတော်၊ မန်ခါးဂိုဏ်းအုပ် မန်လူ့နားပင် ဆရာတော်များ ဦးစီးကာ အန္တိမဈာပန အစွမ်းကုန်ပူဇော်ကြပြီးလျှင် ပုံတော်ပျက်ယွင်း နံစော်ခြင်းမရှိသော ရုပ်ကလာပ်တော်ကို အများပြည်သူတို့ အစဉ်အဆက် ဖူးမြော်ပူဇော်နိုင်ကြစေရန် မှန်ခေါင်း သွင်းကာ အုတ်ကျောင်းတော်၌ ပူဇော်ထားကြလေသည်။

၁၃၄၄-ခုနှစ် တပေါင်း-တန်ခူးလက (၅×၃ပေရှိ) ထေရုပ္ပတ္တိကျောက်စာနှစ်ချပ်ကိုလည်း ရေးထိုး ပူဇော်ထားလေသည်။

ယင်းသို့ အဆင့်ဆင့်ပူဇော်ပွဲများ ကျင်းပပြီးသည့် နောက်ကာလတွင်လည်း ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်သိမီသူ ရဟန်းရှင်လူ အချို့ထံမှ ကြည်ညိုအံ့ဩဖွယ် ကိုယ်တွေ့သတင်းများကိုလည်း အောက်ပါအတိုင်း ဆက်လက် ကြားသိကြည်ညိုရပါသည်။

၁။ ရုပ်ကလာပ်တော်မှ အလင်းရောင်များ ဖြာထွက် လင်းထိန်တတ်ခြင်း။

၂။ မွန်ခေါင်းတော်အောက်ရှိအခင်းမှာ ဓာတ်မှန်ရိုက်ထားသကဲ့သို့ ဆရာတော်ပုံထင်ဟပ်နေခြင်း၊ ခွဲဝေပူဇော်ထားကြသောသင်္ကန်းစများမှာပင် ဆရာတော်ပုံထင်နေသည်ကို အများပင် ဖူးတွေ့ကြရခြင်း၊

၃။ ရန်ကုန်မြို့ စစ်ရာထူးခန့်ချုပ်ရုံးမှ ဗိုလ်မှူး အုန်းကျော်သည် ဆရာတော်မရှိသည့်နောက် ယခင်က သွားရောက် ဖူးမြော်ရာမှ အမြဲသွားလေ့ရှိသော ဆံတော်နှင့်သင်္ကန်းစကြုတ်တွင်း၌ ဆန်ကျိုးခန့်အဖြူရောင် ဓာတ်တော်တစ်ဆူဖူးတွေ့ရခြင်း၊ အခြားဗိုလ်ကြီးတစ်ဦးတွင်လည်း ထိုကဲ့သို့ အံ့ဩစွာဖူးတွေ့ရခြင်းတို့ ဖြစ်ပါသည်။

## ကျောင်းအိပ်ဖူးမြော်သူ ဦးစံညွန့်ကိုယ်တွေ့

ဤ၌ နိဂုံးချုပ်အားဖြင့် ဝေသုက္ခ ဆရာတော်အား ကိုယ်တိုင်ဖူးတွေ့ခဲ့ရသူတစ်ဦး၏အတွေ့အကြုံကို အကျဉ်းချုပ်၍ ဖော်ပြလိုပါသည်။ ထိုပုဂ္ဂိုလ်မှာ ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၂-ရပ်ကွက် (ဇီးကွက်ကန်ရပ်ကွက်) အိမ်အမှတ် ၆၃၉-နေ ဦးစံညွန့်ဆိုသူ အသက် (၅၀-ကျော်) ဖြစ်ပါသည်။

ဦးစံညွန့်ကား သူပြောလူပြောနှင့် ယုံဘတ်သူမဟုတ်၊ လက်တွေ့သမားဖြစ်၏။ အထူးသဖြင့် လောကီ ပုဂ္ဂိုလ်ထူးများစွာထံ ချဉ်းကပ်ဖူးသူလည်းဖြစ်၍ ထူးသည်ဆိုတိုင်း စိတ်ဝင်စားလေ့မရှိ။ တစ်နည်းအားဖြင့်လောကီဂိုဏ်းဆိုင်ရာ စိတ်ဝင်စားသူ၊ ဗဟုသုတရှိသူဟု ဆိုနိုင်၏။

သူသည် ၁၉၇၃ ခုနှစ် မိုးဦးကျက အစောင်းအဝယ်ကိစ္စဖြင့် မိုးညှင်းဘက်သို့ ရောက်သွား၏။ စီးပွားရေးကလည်း အဆင်မပြေ၊ ဆရာတော်၏ သတင်းများကလည်း နေ့စဉ်နှင့်အမျှ ကြားနေရသဖြင့် ရုတ်တရက် စိတ်ဆုံးဖြတ်ကာ အင်းတော်ဘက်သို့သွား၍၊ ထိုကမှတစ်ဆင့် ဆရာတော် သီတင်းသုံးရာ ဗန်းမောက်နယ်သို့ ကားကြုံနှင့်လိုက်သွားသည်။ ဆရာတော့်ထံ၌စားမှုသောက်မှု အခက်အခဲရှိသော်လည်း သင့်တကူ ဖြစ်စေရန် ငှက်ပျောသုံးဖီးဝယ်သွား၏။ ဆရာတော် သီတင်းသုံးသော တောရ တဲကျောင်းကလေးမှာ ရွာနှင့်အတန်အလှမ်းကွာ၍ ခြေလျင်သွားရသေးသည်။

## ဖယောင်းတိုင် အမွှေးတိုင် ဒကာများပုံမှန်လာ

ဦးစံညွန့်သည် ခရီးကြမ်းလာခဲ့ရသော်လည်း ဆရာတော်ကို ဖူးလိုက်ရသည်နှင့် ခမာပန်းနွမ်းဟိုက်မှုများ ယူပစ်သလို ပြေပျောက်သွား၏။ တောရကျောင်းကလေးမှာ ကျိုးတိုးကျဲတဲ ခယိုခယိုင် ရှိသလောက် ဆရာတော်ကို ဖူးတွေ့ရသည်မှာ မဝနိုင်အောင် ရှိတော့၏။ အသားအရေမှာ ရေချိုးပြီးစကဲ့သို့ စိုပြည်ဝါဝင်းနေ၏။ ရှုံထားသော အညိုရောင်သက်န်းမှာလည်း ပွဲလမ်းသဘင်မှာ အပူဇော်ခံ၊ဝင်သောအခါ ဝတ်ရုံသောသင်္ကန်းကဲ့သို့ဖြစ်၍ နေ့စဉ်ဝတ်သင်္ကန်းလို နွမ်းချော်ခြင်းလည်း မရှိချေ။ သွား၍ဦးချလျှင် 'ဒကာဘာကိစ္စလဲ'ဟု မေးတော်မူ၍ 'ဖူးချင်လို့ပါဘုရား'ဟု လျှောက်လိုက်ရာ—

"ဖူးချင်လို့ မဟုတ်ပါဘူးကွာ၊ ငါသိပါတယ်"ဟု ဆိုကာ ချက်ချင်းပင် မျက်နှာလွှဲကာ "ဒကာ–ဒီမှာ ချက်ပြုတ်စားသောက်စရာ ဆန်ဆီတွေ လှူထားသာရှိတယ်၊ ကြိုက်ရာအသုံးပြုနိုင်တယ်"ဟု မိန့်တော်မူ၏။ ရှေ့ရေးနောက်ရေး မေးလျှောက်ရန် အားခဲထားခဲ့သော်လည်း မေးချိန်မရ၊ ဆရာတော်မှာ ချက်ချင်း လှည့်ထွက်သွားပြီး တရားထိုင်မြဲ ထိုင်နေတော်မူ၏။

ထိုနေ့ နေမဝင်မီ ဆရာတော့်ထံသို့ ဒကာ၊ ဒကာမ ၉ ဦးရောက်လာ၏။ ဒကာ ၆ ဦး၊ ဒကာမ ၃ ဦး၊ အမွှေးတိုင်နှင့် ဖယောင်းတိုင်များ လှူသွားသည်ကို မြင်ရ၏။ မေးမြန်း ပြောဟောသည်ကို မတွေ့ရ။ 'ငါသိပါတယ်' ဆိုသောစကားမှာ ဦးစံညွန့်၏ သိချင်စိတ်ကို ဆွထားသကဲ့သို့ ဖြစ်နေပြန်၏။ နေဝင်ပြီး ညဉ့်နက်သည်ထက် နက်လာသည်။ ဆရာတော်မှာ တရားထိုင်မြဲ။

ဦးစံညွန့်မှာ ခရီးလည်းပန်း၊ စိတ်လည်းနွမ်းကာသမ်းဝေငိုက်မျဉ်းလျက် ဆရာတော်ကိုပင် အကဲခတ် မကြည့်နိုင်တော့။ တဖြည်းဖြည်းဒူးတုပ်ထိုင်ရာမှ

နဖူးကြမ်းထိကာ နောက်ဆုံး ခွေခွေကလေးတုံးလုံးလှဲချလိုက်သည်။ ထိုအခိုက် အနီးသို့ ဆရာတော်ရောက်လာကာ....

"ဒကာ၊ အချိန် မရောက်သေးဘူး။ ခုအချိန် ဘာလုပ်လုပ် နေရာကျမှာ မဟုတ်ဘူး"ဟု ရုတ်တရက်ပြောလိုက်ရာ ဦးစံညွန့်မှာ အံ့အားသင့်သွားသည်။

"ဘယ်အချိန်အထိ စောင့်ရဦးမှာလဲ ဘုရား" ဟု လျှောက်လိုက်လျှင်....

"ဒကာ၊ အချိန်တွေအများကြီး လိုသေးတယ်"ဟု ပြောပြောဆိုဆို သူ့နေရာသူပြန်ကြွကာ တရားထိုင်မြဲ ထိုင်နေတော်မူ၏။ ဦးစံညွန့် ဆက်လက်မဖူးမြော်နိုင်တော့ဘဲ အိပ်ပျော်သွား၏။ နံနက်မိုးလင်း၍ ကြည့်လိုက်သောအခါ ဆရာတော်မှာ ထိုင်မြဲ။ နေ့ရက်များတွင် မအိပ်ဘဲ စောင့်ကြည့်မည်ဟု စဉ်းစားမိ၏။

ဆွမ်းအုပ်နှင့် ဆွမ်းအစ်မကလေး၏ အလှကျက်သရေ

ဆရာတော်မှာ မည်သည့်ရွာကိုမျှ ဆွမ်းခံမကြွ၊ အမျိုးသမီး တစ်ဦးမှလွဲ၍ ဆွမ်းလာပို့သူကိုလည်း မတွေ့ရ။ ထိုအမျိုးသမီးမှာ နေအတန်မြင့်လျှင် နေ့စဉ်ပုံမှန် လာပို့မြဲဖြစ်သည်။ အဖူးချွန်ချွန်နှင့် ဆွမ်းတော်အုပ်ကြီးကို ပွေ့ပိုက်၍ ဆွမ်းလာပို့သူ အမျိုးသမီးကို ဦးစံညွန့် မြင်လိုက်ရသောအခါ ပထမတွင် ထူးခြားလှသည် မထင်မိသော်လည်း စဉ်စားမိတိုင်း သံသယတွေ ဝင်လာ၏။ ဤမျှ ယဉ်ကျေးသိမ်မွေ့သော အမျိုးသမီးငယ်မျိုး ဤလိုအရပ်မျိုးမှာ ရှိနိုင်ပါ့မလား။ ဆရာတော်အား ဆွမ်းအုပ်နီနီကြီးကပ်ပြီးလျှင် ဆွမ်းဘုဉ်းပေးခိုက် ဆရာတော်နှင့် မလှမ်းမကမ်းမှာ တဘက်ကို ရင်သိုင်း၍ လက်အုပ်ချီကာ မလှုပ်မယှက် မျက်လွှာချပြီး ကြည်ညိုနေပုံမှာလည်း ဣန္ဒြေရလွန်းလှ၏။ ဦးစံညွန့်မှာ ဆရာတော် ငြိမ်သက်စွာ ဘုဉ်းပေးနေသည်ကိုလည်း ကြည်ညိုလို့မဝ၊ ဆွမ်းအမကလေးကို မြင်ရသည်မှာလည်း မျက်တောင်မျှ ခတ်မိသည် မထင်။

ထူးထူးခြားခြား သတိပြုမိသည်မှာ ဆွမ်းတော်အုပ်ကြီးကို ဖွင့်လိုက်သည်နှင့် မွှေးကြိုင်သင်းပျံ့သောရနံ့များက တစ်ကျောင်းလုံးလှိုင်သွားသည်။ ထိုရနံ့မျိုး ရှေးက ရှူရှိုက်ဖူးသည် မထင်မိ။

ထိုအမျိုးသမီးကလေး ကပ်လှူသောဆွမ်းမှာသစ်သီးစုံ ဆွမ်းသာလျှင်ဖြစ်သည်။ နံ့သာဖငှက်ပျောသီး၊ သရက်သီးနှင့် အုန်းသီးဆံများ နေ့စဉ်ပါရှိ၍ သစ်သီးဆယ်မျိုးလောက်နှင့် ဆွမ်းကို ကြေးဇွန်းကြီးနှင့် ရောမွှေပြီးတစ်ထိုင်တည်းဘုဉ်းပေးသည်ကိုတွေ့ရသည်။ ကျန်သောဆွမ်းသစ်သီးများကိုမူမည်သူ့ကိုမျှ မကျွေး၊ မြေကျင်းထဲမှာ အားလုံး စွန့်ပစ်သည်ကို တွေ့ရ၏။ (မြောက်ကျွန်းသူတို့၏ ဆွမ်းကို ဘုဉ်းပေးသော မြတ်စွာဘုရားသည် အနားတွင် စားချင်စိတ်ပြင်းပြနေသော ကောသလမင်းကြီးအား အစာမကျေမည်စိုးသောကြောင့် တစ်ဆုပ်တစ်ခဲမျှသာ စွန့်ကြဲသည်ကို သတိပြုသင့်၏။)

ဦးစံညွန့်မှာ အသင့်ယူဆောင်လာသော ငှက်ပျောသီးမှ ဆရာတော်အား နေ့စဉ်သုံးလုံးကပ်၍ မိမိလည်း တစ်နေ့သုံးလုံးသာ စားနေ၏။ အထူးမှတ်သိပ်ဆာလောင်ခြင်းလည်း မရှိ။

## အမြဲတမ်း သစ်လွင်ရှန်းစို နုပျိုမွေးပျံ့

ညနေ နေဝင်ရီတရော အချိန်ရောက်လျှင် ဒကာ ၄-ဦးနှင့် ဒကာမ ၃-ဦးတို့ ဖယောင်းတိုင်နှင့် အမွှေးတိုင်များလာလှူပြီး ပြန်သွားကြ၏၊ တစ်ညလုံး ဆရာတော်အား စောင့်ကြည့်မည်ဟု အားခဲထားသော်လည်း ဦးစံညွန့်သာ အိပ်ပျော်သွား၏။ ဆရာတော်ကား နိုးလို့ ကြည့်မိတိုင်း တရားထိုင်လျက်ချည်းသာ တွေ့ရသည်။

တတိယနေ့တွင်လည်း အမျိုးအမည် မသိရသော ဆွမ်းအစ်မကလေးကား လာမြဲပင်။ ညနေရောက်ပြန်လျှင်လည်း ဖယောင်းတိုင် အမွှေးတိုင်လှူသူများ ပေါက်လာကြပြန်သည်။ တတိယနေ့တွင်မူ အချိုးကျ ဒကာနှစ်ဦးနှင့် ဒကာမဘာစ်ဦး ဖြစ်သည်။

ထိုအခါ ဦးစံညွန့် စိတ်ထဲတွင် သံသယဝင်လာ၏။ ဖယောင်းတိုင်အမွှေးတိုင် ဒကာများလည်း လူသာမန်တို့ ဟုတ်ဟန်မရှိချေ။ ဦးစံညွန့်နေခဲ့သော သုံးရက်အတွင်း သတိပြုမိသည်မှာ ဆရာတော်အပြင်ထွက်ခြင်း၊ ငှေချီးခြင်း၊ ကုဋ္ဌိဘက်ခြင်း (ကျင်ကြီး ကျင်ငယ်စွန့်ခြင်း)မရှိ။ သို့ရာတွင် ဆရာတော်ကိုယ်မှာ မည်သည့်အနံ့မျှ နံစော်ခြင်း မရှိသည့်အပြင်၊ မွှေးနေသည်ဟုပင်

ထင်ရ၏။ သက်န်းရောင်မှာ အသစ်စက်စက် ဖွပ်လျှော်ထားသကဲ့သို့ လည်းကောင်း၊ အသားတော်မှာ ရေချိုးပြီးစကဲ့သို့လည်းကောင်း အမြဲသစ်လွင်တောက်ပနေသည်ကိုသာ ဖူးတွေ့ရ၏။

အထူးသဖြင့် ညတိုင်းပင် ည၌နက်ပိုင်းသို့ ရောက်လာလေလေ၊ မွှေးကြိုင်သော အနံ့များ တစ်ကျောင်းလုံး သင်းပျံ့နေ၏။ အမွှေးတိုင်လည်း မထွန်း။ ဖယောင်းတိုင်လည်း မထွန်းပါဘဲလျက် တစ်ညလုံး တစ်ကျောင်းလုံး အလင်းရောင်ဝင်းနေသည်ကို တွေ့ရသည်။ ဦးစံညွန့်နိုးလို့ ကြည့်တိုင်း ဆရာတော်မှာ တရားထိုင်လျက်ချည်း ဖြစ်နေသည်ကို အလင်းရောင်တွင် ကောင်းစွာ မြင်နေရသည်။

ကိုယ်ရေးကိုယ်တာနှင့်စပ်၍ မေးလျှောက်ရန် အမြဲအခွင့်ကိုချောင်းနေသော်လည်း မည်သူနှင့်မျှ တရားစကားဟောပြောခြင်း မရှိသည့်အပြင် တရားထိုင်လျက်ချည်းသာ ဖူးတွေ့ရသဖြင့် လျှောက်ထားခွင့်မရချေ။ ကြာကြာနေလျှင် သူတော်ကောင်းတွေကို အနှောင့်အယှက်ပေးရာကျ၍ ငါ့မှာအကျိုးမရသည့်အပြင် အပြစ်သာ များချေတော့မည်ဟု ဆုံးဖြတ်ကာ ဦးစံညွန့်သည် တတိယနေ့တွင် ဆရာတော်၏ အနီးသို့ သွားရောက်ဦးချလိုက်၏။

### ဦးစံညွန့် အချိန်ရောက်ပါစေ

"ဒကာ၊ အချိန်မရောက်သေးဘဲနဲ့ မချမ်းသာချင်ပါနှင့်။ ပြန်တော့ ပြန်တော့.... ပြန်တော့...." ဟုသာ ဆုံးမတော်မူလိုက်သည်။ လောကီဂိုဏ်းအလေ့အထနှင့် စီးပွားရေးအာရုံ၌သာ နစ်မျောနေချိန်ဖြစ်၍ တစ်စုံတစ်ရာ တရားနှင့်စပ်သော မေးမြန်းလျှောက်ထားခြင်းကိုမျှ မပြုမိချေ။

"၁၉၇၃-ခုနှစ်ကစပြီး ယနေ့ (၁၉၈၆-ခု) အထိ ကျွန်တော် ဘာလုပ်လို့မှ အပေါက်အလမ်းမတဲ့ဘူးဗျာ။ လုပ်လေ လွဲလေပဲ။ ဆရာတော် အမိန့်ရှိသလို အချိန်တွေအများကြီး စောင့်ရဦးမယ်နဲ့ တူပါတယ်ဗျာ" ဟု ညည်းတွားကာ ဦးစံညွန့်က အထက်ဖော်ပြပါ ကိုယ်တွေ့ ဖြစ်ရပ်များကို ပြောပြပါသည်။ ဦးစံညွန့်အား ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိပါသည်။ ဘာမဆို ဇွဲရှိရှိနှင့် တိတိကျကျလုပ်တတ်သော ဦးစံညွန့်အဖို့ရည်မှန်းထားသော

လောကီပန်းတိုင် မည်မျှ ပျက်ပြားဆုံးရှုံးသည် အောင်မြင်သည်ကိုထား၍ တစ်ကြိမ်တစ်ခါမျှ အနိုးကပ်ဖူးတွေ့ကြည်ညိုရသေးကုသိုလ်တစ်ခုတည်းနှင့်ပင် တန်ဖိုးမဖြတ်နိုင်ပါချေ။ ယခုလို ထုတ်ဖော်ဝန်ခံ ပြောဆိုလိုက်ခြင်းအားဖြင့် လည်း စာဖတ်သူများအား ဖြန့်ဖြူးဝေငှလိုက်သော ဓမ္မဒါနကုသိုလ်မှာလည်း ကြီးမားလှပါသည်။ ထိုကုသိုလ်များကြောင့် ဦးစံညွန့်၏ လောကီ လောကုတ္တရာ ရည်မှန်းချက်များအားလုံး ပြည့်ဝပါစေဟု စာဖတ်သူအားလုံးက မေတ္တာ၊ ပတ္တနာပြုကြမည်ဟု ယုံကြည်မိပါကြောင်း။

(ဝန်းသိုမြို့ ခန္တီးရိပ်သာ အရှင်ပရမ၊ ဦးစံညွန့်နှင့် ကူညီစုံမ်း၍ မှတ်တမ်းပြုပေးသူ စာရေးဆရာ စိတြတို့အား ကျေးဇူးစကားမြွက်ကာ ကျေးဇူးမော်ကွန်းထိုးပါ၏။)

အပ္ပမာဒေန သမ္ပာဒေထ။

ဓမ္မာစရိယဦးဌေးလှိုင်

## အရဟံ ဂုဏ်တော် သုံးမျိုး

(ပြင်ဆင်ဖတ်ရှုပါရန်)

ဤစာအုပ်စာမျက်နှာ ၁၉၆၊ ၂၁၂-တို့၌ အရဟံဂုဏ်တော် သုံးမျိုး ရှေ့နောက် အစီအစဉ်ကို '၁။ အရဟံ ၂။ အရ-ဟံ ၃။ အ-ရဟံ' ဟု ပြင်ဆင်ဖတ်ရှု ရွတ်ဆိုကြပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

# ဟန်လင်းသစ်ဆိမ့်ကြီးဆရာတော်ညီနောင်

## ရဟန္တာအရှင်ဇာဝနနှင့်အရှင်ဝိသုဒ္ဓါစာရ

## (၁၁၉၃-၁၂၅၆)

နိဒါန်း—ယခုအခါ ကမ္ဘာ့အရပ်ရပ်တွင် အဘက်ဘက်၌ မိမိတို့စိတ်ပါဝင်စားရာ လေ့လာစူးစမ်းကြ၏။ အသစ်တွေ့ရှိရချက်များကို ဖော်ထုတ်ကြ၏။ အဘက်ဘက်မှာပင် ပြောင်းလဲတိုးတက်လျက် ရှိချေပြီ။

သယံဇာတ ရှာဖွေ ဖော်ထုတ် သူများ၊ သမိုင်း ရှာဖွေ ဖော်ထုတ်သူများ၊ စွမ်းအင်သစ် ရှာဖွေဖော်ထုတ်သူများ စသည်ဖြင့် ငန်းတိုက် ရှာဖွေထုတ်ဖော်နေကြရာ မြန်မာနိုင်ငံအဖို့ ရတနာသိုက်ကြီးများ၊ ရွှေကြောကြီးများကိုပင် တွေ့လာကြ၏။ သမိုင်းဆိုင်ရာတွင်လည်း လွန်ခဲ့သော နှစ်ပေါင်း ၅-သောင်း ၆-သောင်းက 'ပီကင်းလူ' ထက် နောက်မကျသော 'ဘား:မင်းလူ' ကို စစ်ကိုင်း 'နွယ်ခွေတောင်ပေါ်'၌ တွေ့လာကြ၏။ အနှစ် တစ်သောင်းအတွင်းမှသာ ဘောင်ခတ်လျက်ရှိနေခဲ့သော မြန်မာ့သမိုင်းကိုလည်း ရှေးဟောင်း သုတေသန သမိုင်းပညာရှင်တို့က ကမ္ဘာဦးကာလအထိ ဆွဲဆန့်လိုက်နိုင်ကြလေပြီ။

သာသနာနှင့်စပ်၍လည်း ခရစ်နှစ်ဦး လွန်ခဲ့သော နှစ်ပေါင်း ၁၇၀၀-ခန့်ကပင် ဗိဿနိုးခေါ် 'ပန်ထွာပြည်' ကြီး၌ ရဟန်း သံဃာတော်ပေါင်း ၆ထောင်ပေါင်းများစွာ သီတင်းသုံးခဲ့ကြကြောင်း။ 'သံဃသီရိ' ဟူသောအုတ်ခဲ့ဆိပ်တစ်ခုနှင့်အတူ စေတီနှင့်ဝိဟာရဟုယူဆကြရသောအဆောက်အအုံများကို တူးဖော်တွေ့ရှိခဲ့ကြသည်။ ဒဏ္ဍာရီထဲက ပန်ထွာပြည်သည် ယနေ့ ထင်ကယ့်ဖြစ်ရပ်များအဖြစ် သမိုင်းပညာကျော်တို့က ထုတ်ဖော်နိုင်ခဲ့ကြ၏။

## ရဟန္တာအရှင်မြတ်များ ဆက်လက် ကြွလာဦးမည်

အသိးသီးသော ပညာရှင်တို့၏ အသစ်တွေ့ရှိချက်များသည် ပညာရှင်တို့ ဖန်တီးသော၊ ဖြစ်စေသော အရာများမဟုတ်ကုန်၊ အမှန်တကယ်ရှိနေခဲ့သောအရာများကို ကြိုးစား ထုတ်ဖော်ပေးကြခြင်းသာလျှင် ဖြစ်ချေသည်။

'ရဟန္တာပုဂ္ဂိုလ်ထူးများ' ရေးစဉ်က စာရေးသူ မသိ၍ ကြွင်းကျန်နေသော၊ သိသော်လည်း အချက်အလက် မပြည့်စုံ၍ ခြွင်းချန် ခဲ့ရသော၊ ရေးစဉ်က မူအရသက်တော်ထင်ရှားဖြစ်၍ ချန်ထားခဲ့သော ရဟန္တာပုဂ္ဂိုလ်ထူးကြီးများအကြောင်း 'ဖြည့်စွက်တွဲ'အဖြစ် တစ်တွဲသတ်သတ်ရေးရန် မဆွကပင် လျာထားပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း သုတေသနပြုလျက် နေခဲ့ပါသည်။ မျှော်မှန်းထားသည်ထက် အရေအတွက်များ တိုးလာပါ၏။

ဤယခု ဓမ္မဒူတ-သာသနဝံသကထာ' အခန်းမှာ ယင်း 'ရဟန္တာပုဂ္ဂိုလ်ထူး' (ဖြည့်စွက်တွဲ)ပင် ဖြစ်ပါသည်။ တစ်ပါးပြီးတစ်ပါး ဆက်လက် ရေးသားပါမည်။

## ရဟန္တာတွေက များလှချည့်ကလား....တဲ့

"ရဟန္တာတွေက များလှချည့်ကလား"ဟု ထင်မြင်သူများ ရှိခဲ့သော်ဖော်ပြပါ ပုဂ္ဂိုလ်ထူးကြီးများ၏ ထေရုပ္ပတ္တိများ၊ ဒေသခံ အဆိုအမိန့်များကို ဆက်လက် လေ့လာပြီးမှ တစ်စုံတစ်ရာ ပြောလိုက ပြောကြပါဟု ကြိုတင်သတိပေးလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ရေးသားတင်ပြခဲ့သော 'ရဟန္တာပုဂ္ဂိုလ်ထူးများ'နှင့် စပ်၍ သဒ္ဓါဝီရိယ တိုးပွားကြရသူများရှိသကဲ့သို့ သက်ဝင်ယုံကြည်မှုအားနည်း၊ ယောနိသော မနသိကာရလည်းမထားဘဲ အလွယ်တကူ ဝန်လေးသောစကား ဆိုတတ်သူ အချို့ကိုလည်း တွေ့မြင်နေရသောကြောင့် ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ပင် သုံးမကုန်နိုင်သော ရတနာကြောကြီးများကို ဘူမိဗေဒပညာရှင်တို့ လေ့လာ တွေ့ရှိ ထုတ်ဖော် နေကြပြီး ကမ္ဘာနှင့် အဝန်း စွမ်းအင် သုတေသီ ပညာရှင် တို့ကလည်း စွမ်းအင်သစ် များကို ထုတ်ဖော်ပေးနေကြပြီ။ သုံးစားခွင့်ရနေသူတိုင်း ကျေနပ်ဝမ်းသာ၍ ချမ်းသာမှု ရနေကြ၏။ သို့သော် တစ်ခုတော့ သတိပြုရန် ရှိပေ၏။ ထိုသယံဇာတ ရတနာနှင့် စွမ်းအင်သစ်များသည် ဘူမိဗေဒစသော ပညာရှင်တို့ လုပ်ပေး၍

ရစကောင်းသော အရာများ အလျဉ်းမဟုတ်ပါချေ။ အရှိကို သိအောင် လေ့လာ၍ ထုတ်ဖော်ညွှန်ပြပေးခြင်းမျှသာပါတည်း။

ဤ၌ ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၊ ဟန်လင်းကြီး ပြူမြို့တော်အနီး၊ သစ်ဆိမ့်ကြီးရွာမှ ရဟန္တာပုဂ္ဂိုလ်ထူး ညီနောင်နှစ်ပါး အကြောင်းနှင့် ဗန်းမော်မြို့နယ်မှ 'အရညဝါသီ ဝေဘုသင်္ကြ'ဆရာတော်ကြီး အကြောင်းကို ဤစမ္မဒူတ ဒုတိယအုပ်၌ ရေးသား ပူဇော် ဖော်ပြလိုက်ပါသည်။ ရဟန္တာ အဆူဆူတို့ ဆက်လက်ကြွလာတော်မူကြပါဦးမည်။

ရွှေဘိုဟန်လင်း နောက်ခံသမိုင်းကျဉ်း

ရွှေဘိုခရိုင် ဟန်လင်းသည် သရေခေတ္တရာ၊ ဗိဿနိုး မြို့များကဲ့သို့ ရှေးဟောင်းပြူမြို့တော်တစ်ခုဖြစ်၏။ သာမန်အားဖြင့် ခရစ်၃-ရာစုမှ၉-ရာစု အထိ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှု ထွန်းကားသော မြို့တော် တစ်ခု ဖြစ်သည်ဟု ခေတ်သမိုင်းသုတေသီတို့က ဆိုကြသည်။

စင်စစ် တူးဖော်တွေ့ရှိရသော ကျောက်စာများအရ ဟန်လင်းသည် သရေခေတ္တရာထက်ပင် များစွာခေတ်စောနိုင်၏။ ပြူမြို့တော်ကို ဖြတ်၍သွားရသော တရုတ် အိန္ဒိယ ကုန်းကြောင်းလမ်းလည်း ဗိဿနိုးဟု ယူဆလျက်ရှိကြရာ ပထဝီအနေအထားကို ထောက်သော် ဟန်လင်းသာ ဖြစ်ဖွယ်များ၏။ သရေခေတ္တရာပျက်မှ ပြူတို့ အညာဆန်တက်၍ ဟန်လင်းတည်လေဟန် ဆိုကြသော်လည်း အရှေ့မြောက်၊ မြောက်ဘက်ဆီမှ ဆင်းသက်လာသော လူမျိုးစု တို့ ဟန်လင်းမြေပြန့်လောက်တွင် ပထမ မြို့တည်သင့်ခဲ့ကြ၏။ ရာဇဝင်၌ သရေခေတ္တရာပျက်လျှင် ပုဂံတည်ကြောင်း ထင်ရှားသည်။

တစ်ဖန် နန်းစောတို့ ရန်ကြောင့် ပြူနိုင်ငံ ပျက်စီးခဲ့ရာ ဟန်လင်းပြူတို့ သည် နန်းစောတို့ရန်မှ အတန်ငယ်ဝေးရာသို့ ရွှေ့ပြောင်း မြို့တည်ကြရမည် ဖြစ်ရာ ဟန်လင်းပျက်သော် သရေခေတ္တရာတည်ခြင်းသာ ဖြစ်ဖွယ်များ၏။ (၁၉၆၂-ခု၊ ဦးဖိုးလတ်၏ 'မြန်မာ့ရှေးဟောင်း ရာဇဝင်နှင့် ယဉ်ကျေးမှု သုတေသန' ၆၅လည်း ကြည့်ရန်။)'

ဤယူဆချက်သာ မှန်ကန်ခဲ့သော် တရုတ် ထံ ရာဇဝင်၌ ပါသော တရုတ်တို့ အိန္ဒိယနှင့် ကူးသန်းရောင်းဝယ်ရင်း တွေ့မြင်ခဲ့ရသော ဘာသာ သာသနာ-ယဉ်ကျေးမှု အလွန်ထွန်းကား တိုးတက်သော ပြူလူမျိုးတို့၏ 'လင်းယန်ပြည်' ဆိုသည်မှာ ဟန်လင်းသာလျှင် ဖြစ်လေလိမ့်မည်။

ဟန်လင်းနှင့် သီရိခေတ္တရာ (သီပေါ်မြို့) တို့သည် ပြူတို့၏ နယ်ခြားတပ်မြို့များဖြစ်သည်ဟု ဆိုလေရာ နှောင်းကာလ အခြေအနေ ဖြစ်ကောင်းဖြစ်ပေမည်။

မည်သို့ဆိုစေ၊ ပြူတို့၏ ယဉ်ကျေးမှုနှင့် သာသနာ့အဆုံးအမ၌ ခံယူပုံမှာကား အလွန်ရင့်ကျက် မြင့်မားလှပေသည်။ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့၏ အခြေအနေမှန်ကား အချိန်ယူရပေလိမ့်ဦးမည်။

## ပြူလူမျိုးတို့၏နှလုံးသား

ဟန်လင်း နေပြည်တော်ကို ၁၉၀၅ ခုနှစ်တွင် တူးဖော်မှု စတင်စမ်းသပ်၍ ၁၉၆၀–၆၂ ခုနှစ်က ရှေးဟောင်း သုတေသနဌာနက ထပ်မံ တူးဖော်ကြရာ ၄– ရာစုက ရေးထိုးထားသည်ဟု ဆိုသော ကျောက်စာများ၊ ရုပ်လုံး ရုပ်ကြွပါ ကျောက်ပြားများအပြင် 'ဒယာဒါနံ=တရားသဖြင့်ပေး ကမ်းလှူဒါန်းပါ။ သို့မဟုတ် အလှူတန်းရက်ရောသူ' ဟု အဓိပ္ပာယ်ရသော တံဆိပ်တုံး၊ 'ကရိဂျညရိဂျည–ကတညုတ=သူ့ကျေးဇူး သိပါ။ ကျေးဇူး သိသူ' ဟု အဓိပ္ပာယ်ရသော စာတန်းပါ အိုးခြမ်းပဲ့များကိုလည်း တွေ့ရှိခဲ့ကြရသည်။ ပေ ၁၅၀–၁၀၅ ပေရှိ ကြီးကျယ်သော အဆောက်အအုံရာ ပန္နက်များကိုလည်း တွေ့ကြရ၏။ (ဟန်လင်း မြို့ဟောင်း၊ ဦးမြင့်အောင်၊ တက္ကသိုလ်ပညာ ပဒေသာအတွဲ–၃၊ အပိုင်း–၁၊ ၁၉၆၈။)

ဒယာဒါနံ၊ ကတညုတ–စာတန်းကလေး နှစ်ခုကပင် ဟန်လင်းပြူလူမျိုးတို့၏ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ သာသနာရေး အသိစိတ်ဓာတ်ကို ဖော်ကျူးလျက် ရှိနေပါကုန်၏။

## ဓားစစ်နှင့် တရားစစ်တလင်း

မြန်မာနိုင်ငံ စစ်သမိုင်းကို ကြည့်လျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကစ၍ ရှေ့တိုနယ်သည် စစ်လမ်းကြောင်း၊ စစ်တလင်း အကြိမ်ကြိမ် ဖြစ်ခဲ့၏။ ပြူနှင့် နန်းစော၊ ပုဂံနှင့်မွန်ကို၊ မြန်မာနှင့်မွန်၊ မြန်မာနှင့် အာသံ၊ မြန်မာ ညီနောင်အချင်းချင်း၊ (ဥပမာ ပုဂံမင်းတုန်းနှင့် ပတိမ်းစားအထိ) နောက်ပိုင်းတွင် ရှေ့တိုသည်ပင် စစ်စည်းရုံးရေး နယ်မြေ အခြေခံ အောင်မြေ နင်းရာအဖြစ် စစ်သွေး စစ်စိတ်တို့ တဖိတ်ဖိတ်တက်ကြွရာ ဇာတိမာန်နယ်မြေ

[illegible]

ကြီးဖြစ်ခဲ့၏။ ထို့ကြောင့်လည်း အလောင်းဘုရား၊ ဗန္ဓုလနှင့် လှတော ဗိုလ်ချုပ် ဗိုလ်ပြင် (နောက်ဆုံး ဆရာစံ) စသည်ဖြင့် စစ်ဘုရင်များကို ထို ဒေသကပင် မွေးထုတ်ပေးခဲ့လေသည်။

တစ်ဖန် 'စစ်မြေပြင်အလုံးကို အောင်ခြင်းထက်၊ မိမိကိုယ်ကိုအောင် ခြင်းသည် သာလွန်မြင့်မြတ်၏' ဆိုသကဲ့သို့ ဓားလက်နက် စစ်ထက် ကိလေသာ စစ်သည် ပို၍ခက်ခဲ၏။ ဇွဲလုံ့လသတ္တိကိုပို၍ အသုံးပြုရသောကြောင့်ဖြစ်သည်။ 'မြန်မာအစ တကောင်းက'၊ ကိုရင်ငယ်ကလေးတစ်ဦးပင် ဈာန်အဘိညာဉ် ရခဲ့ဖူးသော ဟန်လင်းသာသနာ၊ ထိုသို့သော သာသနာဝင်အရ ရွှေဘိုသည် လောကီစစ်ရေးသာမက သာသနာ့အောင်မြေနင်းရာ၊ ကိလေသာစစ်တလင်း လည်း ခေတ်အဆက်ဆက်ဖြစ်ခဲ့ကြောင်း မြန်မာနိုင်ငံ သာသနာ အရိယာ သမိုင်းကြောင်းကိုလည်း ကောင်းစွာရှုမြင်ကြရာ၏။

ဒိန်ကျောင်း အရှင်သုမေဓာ(ရဟန္တာ)၊ မောင်ရှင်ဈာန်ရ၊ သီးလုံး ဆရာတော်၊စတုဂီရိ တောင်လေးလုံး ဆရာတော်ညီနောင် (ဥသျှစ်ကျေး)နှင့် ၎င်းတို့၏ခမည်းတော် တောရပုဂ္ဂိုလ်ကြီး၊ ပဋ္ဌမ သင်္ဂါယနာတွင် အစအဆုံး တာဝန်ယူ စာပြင်ခဲ့ရသော သစ်ဆိမ့်တိုက် ဆရာတော်ဦးပညာသီဟ၊ မဟာ ဗိုလ်ဆရာတော်၊ ရွှေကျင်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ လယ်တီ ဆရာတော်၊ဒီပဲယင်းဆရာတော်တို့မှစ၍ မျက်မှောက်ခေတ် ဝေဘူဆရာတော်၊ မဟာစည် ဆရာတော်နှင့် အရှင်ဇနကာဘိဝံသ ဆရာတော်၊ တောင်တန်း သာသနာပြု အရှင်ဦးဥတ္တမသာရ ဆရာတော်များတိုင်အောင် ဟန်လင်းနှင့် တကွ ရွှေဘိုနယ်မှ ပရိယတ်၊ ပဋိပတ် အကျော်အမော် သာသနာ့ဦးကိုင် ဆရာတော်များ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ရာ သာသနာ့ ဘူမိနက်သန် နယ်မြေကြီးဟုပင် ဆိုအပ်လှပါသည်။

ယင်းသို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော စွမ်းအင်များကို ထို ဒေသမှ အဆက်မပြတ် ထွက်ပေါ်လျက်ရှိခြင်းကပင် မြန်မာတည်ဦးပကတူး ပင်ရင်းတကောင်း၊ ဟန်လင်း မျိုးစေ့များဟု ဆိုသင့်ပေရာ 'ချောင်းရိုး မြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုးရိုးကား မတိမ်ကော' ဟူသကဲ့သို့ ရှိတော့သည်။

ထိုနယ်မြေမှအခြား ကျွန်ုပ်တို့မသိသေးသော သမိုင်းမတင် မထင်ရှား သော ပုဂ္ဂိုလ်ထူးများလည်း အများပင် ရှိပေလိမ့်ဦးမည်။

## အညာပုဂံ

ထိုတွင် ဟန်လင်း အနီး သစ်ဆိမ့်ကြီးရွာမှ ရဟန္တာ ဦးဇဝနနှင့် ညီတော် ဦးဝိသုဒ္ဓါစာရတို့လည်း အပါအဝင်ဖြစ်သည်။ သစ်ဆိမ့်ကြီးရွာကား ဟန်လင်းမြို့၏အရှေ့ဘက် ရှစ်မိုင်ခန့်ကွာဝေးသော ရွှေဂူတီမြစ် အနောက်ဘက်ကမ်း၌ တည်ရှိ၏။ ပုဂံခေတ်ကပင် ထင်ရှားသော ရွာကြီး ဖြစ်သည်။ နရသီဟပတေ့ မင်းလက်ထက် ပီကင်းသို့ ငြိမ်းချမ်းရေး တမန်တော် အဖြစ် ကြွသွားရသော ဒိသာပါမောက္ခ ဆရာတော် တရုတ်နှင့် ပုဂံအသွားအပြန် စတည်းချရာ ရွာကြီးဖြစ်သည်။ သစ်ဆိမ့်ကြီးရွာ ဝန်းကျင်တွင် သာသနိက အဆောက်အအုံများနှင့် စပ်၍လည်း 'အညာပုဂံ' ဟု ဆိုရလောက်အောင် ကျောင်းကန် ဘုရားစေတီများ ပေါများလှ၏။

ယခုအခါ ကျောင်းပေါင်း ၃၀၊ သိမ်ပေါင်း ၂၁၊ ဂူ ၃၁ စေတီ ၃၉-ဆူရှိ၍ ဘွဲ့တော်အမည်နာမ မသိရသော စေတီများကား ရာထောင်မက များပြားလှပေသည်။

သက္ကရာဇ် ငါးရာကျော် ပုဂံခေတ်က ရေးထိုးခဲ့သော ဒါနမော်ကွန်း ကျောက်စာများကိုလည်း သစ်ဆိမ့်ရွာ ကျောက်စာရုံကြီး၌ တွေ့ရှိနိုင်ပေသည်။ သက္ကရာဇ် ၄၄၄ ခုနှစ် (နှစ်ကိုးရာကျော်) ကပင် ဟန်လင်း အမတ် အလှူကျောက်စာတစ်ချပ်ကို 'ရှင်ပန်းတော်ဘုရား' (ဟန်လင်း)၌ တွေ့နိုင်သည်။ ထိုဒေသသမိုင်းကို ဆက်လက်၍ သုတေသန လုပ်သင့်ကြ၏။ ပုဂံ ကျောက်စာများကဲ့သို့ပင် ဘုရားအတွက် ကျောင်းထိုင်ဘုန်းကြီးနှင့် သံဃာ စာသင်သားတို့ အတွက် ဝါတွင်း ဝါပ၊ သီတင်း ဥပုသ်၊ ဆွမ်းကွမ်း ဝေယျာဝစ္စအတွက် စပါးတင်းရေမည်မျှစသည်ဖြင့် လယ်မြေများစာရင်းပြု၍ လှူထားသည်ကို ထောက်သော် ပုဂံခေတ်ဦးကပင် သာသနာ စည်ပင်ကြောင်း ထင်ရှားသည်။

ဤ၌ ရဟန္တာပုဂ္ဂိုလ်ထူး နှစ်ပါးအကြောင်းကို 'သစ်ဆိမ့် အတိတ် သာသနာတော်သမိုင်း' နှင့် 'စူဠာမုနိ ရုပ်ရှင်တော်မြတ် သမိုင်း ရာဇဝင်' စာအုပ်ငယ် နှစ်အုပ်ကို ရေးသားပြုစုသူ မန္တလေးသင်္ဘောတန်း ဘုရားဒကာ ဦးလှဖေ၏ ကြိုးစားအားထုတ်မှုကြောင့်သာ ယခုကဲ့သို့ တင်ပြနိုင်ခြင်း ဖြစ် ပါသည်။

---

ပထမအကြိမ်

## ဗုဒ္ဓပရိနိဗ္ဗာန်ပြုစက ဓာတ်တော်တိုက်ရှာတော်ပုံ

သစ်ဆိမ့်ကြီးရွာ ရဟန္တာ ဆရာတော် ဦးဇဝန၏အလောင်းတော်မှ ဓာတ်တော်များကျ၍ စေတီတည်ထားပုံနှင့်တကွ ကြည်ညိုအံ့သြဖွယ်များကို ညီတော် ဦးဝိသုဒ္ဓါစာရကပါဠိဂါထာ ၃၁-ဂါထာနှင့် စုဏ္ဏိယ (စကားပြေ) တို့ကို အနက် မြန်မာပြန်နှင့်တကွ ကျောက်စာရေးထိုးထားခဲ့သည်။ ‘လေးရွာရှင်စေတီ ကျောက်စာ’ ဟုခေါ်၏။

ဆရာတော် ဦးဝိသုဒ္ဓါစာရမှာ အရိယာ သူတော်ကောင်းကြီးဖြစ်ကြောင်း အဘပ်မဆိုဝံ့သော်လည်း ပုဂ္ဂိုလ်ထူးကြီး ဖြစ်သည်မှာကား ထင်ရှား၏။ မဏိသာရမဉ္ဇူသာနိဿယ စသော ကျမ်းဂန်ပေါင်း များစွာကိုလည်း ပြုစု၏။ မာန်လည် ဆရာတော်ကြီးကပင် လေးစား ခံရသော ဆရာတော် ဖြစ်သည်။ ရှမ်းကလေးကျွန်း ဆရာတော်၊ သင်္ဂဇာ၊ ရွှေကျင် ဆရာတော်တို့၏ တပည့်ကြီးတစ်ပါးဖြစ်၍ စစ်ကိုင်းဝတ်ချက်မင်းကျောင်း ဆရာတော်နှင့်လည်း အလွန်ချစ်ကျွမ်းဝင်၏။

## အရှင်ပုည၊ အရှင်သုန္ဒရ ရဟန္တာ နှစ်ပါး

ဆရာတော်သည် သစ်ဆိမ့်ကြီးရွာ အနောက်တောင်ထောင့် ဇေတဝန်ကျောင်းကြီး၌ သီတင်းသုံးတော်မူ၏။ ဇာတိသစ်ဆိမ့်ရွာအနီး ရွှေကူကြီးရွာဖြစ်သည်။

ဆရာတော်၏ ထူးခြားချက်ကား စေတီ ရုပ်ပွား ဓာတ်တော် မွေတော်များနှင့်စပ်၍ အထူးစိတ်ပါဝင်စားဟန်ရှိ၍ ဗုဒ္ဓါနုဿတိ ဘာဝနာ ထက်သန်ပုံရသည်။ ဓာတ်တော် မွေတော်များနှင့်လည်း အလွန်ကံစပ်၏။

သစ်ဆိမ့်ရွာ အနောက်ဘက်ရှိ တောထဲ၌ မြုပ်ကွယ်လျက် ရှိသော ဂူကြီးလေးလုံးနှင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး မကြာမီ အရှင်ပုညနှင့် အရှင်သုန္ဒရမည်သောရဟန္တာအရှင်မြတ်နှစ်ပါးတို့ ဘုရားရှင် ဓာတ်တော်များ ဌာပနာ၍ တည်ထားခဲ့သည်ဟု (အိပ်မက်က) ဆိုသော ကျောက်ဖျာကြီး တစ်ချပ်ပိတ်ထားသည့် ထူပါရုံ ဓာတ်တော်တိုက်ကြီးကိုလည်း ဆရာတော်ပင် အိပ်မက်အရ တူးဖော်ခဲ့သည်။

အိပ်မက်တွင် ‘ထိုရဟန္တာ အရှင်မြတ်ကြီး နှစ်ပါးလည်း ဤထူပါရုံ စေတီကြီး တည်ထားပြီးနောက် တကောင်းပြည်သို့ ပြန်ကြွသွားကာပရိနိဗ္ဗာန်

ပြုကြပါသည်’ဟု ပါရှိလေရာ တကောင်းမြို့၏ အရှေ့တောင် ရှစ်မိုင်ခန့်ရှိ ကြာညှပ်ရွာ၊ ထိုရွာ၏ အရှေ့မြောက် ရှစ်မိုင်ခန့် ဝေးသော တောင်ခေတ်တော်, မြောက်ခေတ်တော် ခေါ်သော အရပ်ပင် ဖြစ်လိမ့်မည်ဟု တွေးထင်ကြလေသည်။ ထိုဒေသရှိ မြောက်ခေတ်တော်ခေါ်သောနေရာတွင် ရှစ်တောင်ခန့်ရှိ ကျောက်တုံးကြီး တစ်တုံးမှာ မြောက်သို့ ဦးခေါင်းပြုလျက် ရဟန္တာ အရှင်မြတ်ကြီး တစ်ပါး လည်းလျောင်းကာ ပရိနိဗ္ဗာန်ပြုနေဟန် ဖူးတွေ့ကြရသည်။

## ထူးဆန်းသော ကျောက်ဖျာကြီးနှင့် နာနာဘာဝများ

ဆရာတော်သည် အကြိမ်ကြိမ် အိပ်မက်ရ၍ အကြိမ်ကြိမ် ရှာလေရာ ထိုဂူနှင့် ခေတ်တော်တိုက်နေရာကို မတွေ့နိုင်ဘဲ ရှိလေ၏။ သို့နှင့် အကြိမ်ကြိမ် လက်လျှော့ပြီး ပြန်ခဲ့ရ၏။ နောက်ဆုံးအကြိမ်၌လည်း ကျောင်းသားကိုရင် ဦးပဥ္စင်းများနှင့်အတူ ခါတိုင်းကဲ့သို့ပင် ရှာလေရာ နေကလည်း ဝင်လုပြီဖြစ်၍ စိတ်ပျက်ပြီး ပြန်မည်အပြု ရုတ်တရက် မိုးကြီးလေကြီး ကျလာသဖြင့် သစ်ခွတ်ပင်ကြီးတစ်ပင်အောက်၌ မိုးခိုနေရ၏။ မိုးတိတ်လျှင်မလှမ်းမကမ်း မြေပြန့်တစ်နေရာမှ ပေသီးလုံးကြီးခန့် အပေါက်တစ်ခုမှ မြေခိုးမြေငွေ့ရောင်များ ထွက်နေသည်ကို တွေ့ရလေ၏။ ဝါးလုံးရှည်ရှည်နှင့် ထိုးကြည့်ရာ တစ်ဆုံးဝင်သွားသည်ကို တွေ့မြင်ရ၏။ ဂူဟောင်းဖြစ်ကြောင်း သိပြီးသည်နှင့်နေဝင်၍ ပြန်လာခဲ့ရသည်။

နောက်တစ်ရက် ရွာထဲမှ ဒကာများကိုပါ ခေါ်ဆောင်၍ ဂူနေရာကို တူးဖော်ခုတ်ထွင်ကြရာ ဂူလေးလုံးတွေ့ကြရ၏။ ယခု စာလှည့်တင်ဂူဟုခေါ်သည်။ ပုဂံခေတ်က သံပျင်မင်းသမီး စာချခဲ့သောနေရာဟုဆိုကြ၏။ ဂူများကို တွေ့ရှိပြီးနောက် ယင်း၏အနီး အရှေ့တောင်ဘက်တွင် အုတ်စ အုတ်ပဲ့များရှိသောနေရာ၌ အိပ်မက်အရ ဆက်လက် တူးကြပြန်ရာ ထူပါရုံ စေတီဟောင်းရာကို တွေ့ကြ၏။ အလယ်တည့်တည့်လောက်မှန်းပြီး တူးကြရာ အလျားကြာလျှင် အချင်း ၄-ပေ၊ ထု ၅-ပေရှိ ကျောက်ဖျာကြီး တစ်ချပ်ကို တွေ့ရသည်။

အိပ်မက်ထဲကပြောသည့်အတိုင်း ဌာပနာတိုက်ဖြစ်ရမည်ဟု ဆုံးဖြတ်၍ ကျောက်ဖျာကြီးကို လူအားဖြင့် ကုတ်ကော် မ,ကြရာ မရနိုင်ဘဲ ရှိလေ၏။ သို့နှင့် နေဝင်သွား၍ ညအိပ်စောင့် လူသုံးယောက်ထားပြီး ပြန်လာခဲ့ကြ

ရသည်။ နောက်တစ်နေ့ နံနက်သွားကြပြန်၏။ အစောင့်လူများက အူယား ဖားယားပြေးလာကြကာ ညက လူသံလှည်းသံများဆူညံနေကြောင်းလျှောက် လေလျှင် "အေး... ငါနှင့်ထိုက်တာ ကျန်ခဲ့လိမ့်မည်"ဟု အမိန့်ရှိကာ ထိုနေ ရာသို့ သွားကြည့်ရာ လူအစိတ်သုံးဆယ်အားဖြင့် မ,၍မရသော ကျောက်ဖျာ ကြီး အလိုအလျောက် ပွင့်ခနေသည်ကို တွေ့ကြရလေ၏။ အစောင့်လူများ ကြောက်၍ ထိုအနားသို့ပင် ညကမသွားရဲခဲ့ကြ။

## မင်းတုန်းမင်းကြီး ကြားသတော်မူ၍

ဆရာတော်သည် ကျောက်ဖျာကြီး အောက်သို့ ရှာဖွေကြည့်ရှုစေရာ၊ ရွှေအဆင်း၊ ပုလဲအဆင်းစသော အဆင်းရောင်စုံ ဘုရားရှင်၏ ဓာတ်တော် များကို ဖူးတွေ့ရလေ၏။

ထိုသတင်းကို မင်းတုန်းမင်းတရားကြီး သိတော်မူ၍ ဆရာတော်အား နန်းတော်သို့ပင့်ပြီး ဓာတ်တော်များ ခွဲဝေပူဇော်ခွင့်ရရန် လျှောက်သဖြင့် ခွင့်ပြုရာ ထိုဓာတ်တော်တချို့ကို တည်လက်စ ရန်ကင်းတောင် မဟာကျောက် စေတီ၌ ဌာပနာတော်မူခဲ့၏။ (၁၂၃၉-ခုနှစ် ဓာတ်တော်ပင့်ရန် အခမ်းအနား အစီအစဉ် အမိန့်တော်ပြန်တမ်းကို နေမျိုးစည်သူကျော်ထင်က ပြန်ရသည်။)

## ဗုဒ္ဓဂယာ အပရာဇိတပလ္လင်ဗွေမှ ဆံတော် ၁၆-ဆူ

ဆရာတော်သည် မဟာဗောဓိမှ ဆံတော်ဓာတ် ၁၆-ဆူကိုလည်းရရှိကိုး ကွယ်ရ၏။ ယင်းဓာတ်တော်ဆံတော်များကိုသူတစ်ပါးမသိရအောင် လျှို့ဝှက် ကိုးကွယ် လာပြီးနောက် ၁၂၃၃ ခုနှစ်တွင် ရွှေညာဏ်တော် အမည်ဖြင့် ရေတိတည်၍ မိမိရှိသမျှ လယ်ယာမိုးမြေနှင့် နဝကမ္မ ပစ္စည်းများအားလုံး စာရင်းပြု၊ ပေထက်သမိုင်းတင်၍ လှူခဲ့သည်။

မဟာဗောဓိမှ ဆံတော်ဓာတ် ၁၆-ဆူ ရပုံမှာလည်း အတန်ငယ် မှတ်ဖွယ် ကောင်း၏။ မင်းတုန်းမင်းတရားကြီးသည် ၁၂၃၀-ပြည့်နှစ်က နေမျိုးမင်းလှမင်းထင်စည်သူနှင့် လူငါးဆယ်အဖွဲ့ မဇ္ဈိမဒေသ မဟာဗောဓိ သို့ လှူဖွယ်ပစ္စည်းများနှင့် စေလွှတ်ခဲ့သည်။ ထိုအဖွဲ့မဟာဗောဓိ အုတ်တိုက် ၌ တစ်လခန့် တည်းခိုနေထိုင်စဉ် နေမျိုးမင်းလှမင်းထင်စည်သူသည် မဟာ ဗောဓိနယ်မြေကို သိမ်းပိုက်ထားသော မဟန္တကိဇော်ဂျီကြီးထံ၌ ဖန်ပုလင်း

နှင့်ထည့်၍ သိမ်းထားသော ဆံတော်ဓာတ် ၁၆-ဆူနှင့် ရုံသီမုနိခေါ် ရုပ်ပွား တစ်ဆူကို တွေ့မြင်လေလျှင် ငွေသုံးရာပေး၍ ပင့်ဆောင်ခဲ့သည်။

ထိုဆံတော်ဓာတ် ၁၆-ဆူမှာ မဟာဗောဓိအရှေ့ အပရာဇိတပလ္လင် တော်ရာ၌ သီရိဓမ္မာသောကမင်းကြီး စေတီတည်၍ ဆံတော်များကို ကြုတ်ငါးထပ်၊ ရွှေပေလွှာနှင့်တကွ ဌာပနာထားခဲ့လေရာ အင်္ဂလိပ်စစ်သားများ ရတနာသိုက်တူးကြစဉ် တွေ့ရှိရသဖြင့် စစ်သားများထံမှ ဇော်ဂျီကြီးက ယူထားလိုက်သည်ဟုဆိုသည်။ ဆရာတော်၏ ရွှေညဏ်တော် စေတီသမိုင်း ပေစာမူရင်း၌—

"ငင်းရွှေဆံတော် တစ်ဆယ့်ခြောက်ဆူတို့၏ ပမာဏကား အရှည်လက်ရင်း တစ်ဆယ့် တစ်သစ်ခန့်၊ လုံးပတ်မှာ တရုတ်အပ်ကြီးပမာဏ ရှိသတည်း။ အဆင်းသဏ္ဌာန်မှာ မည်သည့် အဆင်းသဏ္ဌာန်နှင့်တူသည်ဟု နှိုင်းခိုင်းစရာ ဥပမာမရှိ တင့်တယ်သည်။ ညိုမောင်းသော အခါ၌လည်း ညိုမောင်းသည်။ စိမ်းရွှေ ဝင်းဝါသော အခါလည်း စိမ်းရွှေ ဝင်းဝါသည်"

ဟု ရေးသားပါရှိ၏။

ဆရာတော် ရရှိကိုးကွယ်ရပုံမှာ နေမျိုးမင်းလှ မင်းထင် စည်သူမှာ (ငယ်နာမည်မောင်မောင်) သစ်ဆိမ့်နယ်အဝင်အပေါ် ရွာသစ်ကြီးရွာ ဇာတိဖြစ်၍ ဆရာတော်နှင့် သူငယ်ချင်းဖြစ်၏။ ဦးမောင်မောင်သည် ယင်းဆံတော်နှင့် ရုံသီမုနိရုပ်ပွားတော်များကို မင်းတရားကြီးအား အသိမပေးဘဲ ကိုယ်တိုင်ကိုးကွယ်နေရာမှ ဆရာတော်အား လှူခြင်းဖြစ်သည်။

## မဟာမုနိညီတော်စူဠာမုနိရုပ်ရှင်တော်

ဆရာတော်သည် ဘိန္နဗုဒ္ဓ, ဥတ္တရသာခါပုညာယု စသော အမည်ဆန်းများနှင့် 'တန်ခိုးကြီးသည်' ဟု နာမည်ကြီးသော ရုပ်ပွား ဆင်းတုတော် ၇-ဆူခန့်သည်း ရှိခဲ့သေးသည်၊ ယင်းတို့၏ သမိုင်းအသီးသီးကိုလည်း ပေစာ၌ ရေးတင်ထားလေသည်။

ထိုတွင် အထူးခြားဆုံး ရုပ်ပွားတော်ကား စူဠာမုနိ ရုပ်ရှင်တော် (တင်ပျဉ်ခွေ ၅-ပေခန့်)ဖြစ်သည်။ (ယခု မန္တလေး သင်္ဘောတန်း ဦးလှဖေ အိမ်၌ ကိုးကွယ်ထား၏။)

“ငါ့ဂုဏ်အရပ်၌ မမွေ့လျော်၊ ငါ့ကို လာပင့်လှည့်”ဟု သုံးကြိမ်တိုင်တိုင် အိပ်မက်မြင်၍ အိပ်မက်အရ သံပတ်မြို့ခေါ် မန္တလေး ဓာတ်နန်းရပ် ချုံနွယ်ပုတ်ပေါင်းများကြားမှ ပင့်ဆောင်ပူဇော်ရ၏။ ပင့်ဆောင်စဉ် ဆရာတော်က လက်အုပ်ချီ၍ လိုက်ပါလာလေရာ အမျှားပရိသတ် မြင်သာအောင် ပဇ် ရုပ်ပွားရှင်တော်မြတ်က ပြုံးတော်မူသော ဟူ၏။

ဆရာတော်သည် စူဠာမုနိ ရုပ်ရှင်တော်သမိုင်းကို ပေစာ၌ ရေးကာ သားရိုးစေတီငယ်၌ ဌာပနာ၍ လှူ့ဝှက်သိမ်းဆည်းထားသည်။ သမိုင်းမှာ မန္တလေးမဟာမုနိသမိုင်းအလား ဘုရားသက်တော်ထင်ရှားရှိစဉ်ကဖြစ်၍ ရခိုင်ဘုရင် စန္ဒသူရိယမင်း ကိုးကွယ်ပုံ၊ ပုဂံ၊ အင်းဝမင်းများ ပင့်ဆောဇ် ကိုးကွယ်ပုံ၊ ထိုမှနောက် သမိုင်းပျောက်သွားပုံ စသည်ဖြင့် ရေးထားရာ ပိဋကစာပေနှင့်ကြည့်သော် ကိုးကွယ်သူတို့၏ ‘သဒ္ဓါပမာဏမျှသာ’ဟု ဆိုရချေတော့မည်။

ဆရာတော်ကား ထိုရုပ်ပွား ကိုယ်တော်မြတ်ကြီးရှေ့၌ တစ်နေ့ကုန်သည့်အခါကုန်၍ အနည်းဆုံး တစ်နေ့ ၃-ကြိမ်ထက်မနည်း ဘုရားအာရုံပြုသတတ်။ လောက၌ မိမိတို့အလိုရှိရာ၊ ညွှတ်ရာ ရတတ် ဖြစ်တတ်မြဲ ဖြစ်ရာ ရတနာ၃ပါးရှိရာ ရတနာစု၊ ရတနာ၃ပါးရှိမှ ရတနာလာဟူသည့်အတိုင်း ထူးဆန်းအံ့ဖွယ်သော ဆံတော်, ဓာတ်တော်နှင့်ရုပ်ပွားတော်မြတ်များ ဆရာတော့်ထံကြွလာတော်မူကြသည်ကိုထောက်၍ ဆရာတော်၏ဆန္ဒစေတနာနှင့် ဗုဒ္ဓါနုဿတိသဒ္ဓါဓာတ်ကို အကဲဖြတ်နိုင်ကြရာပြီ။

ဆရာတော်သည် ယင်းစူဠာမုနိ ရုပ်ရှင်တော်ကြီးကို ပြာသာဒ်, ဓနိ, သုံးထပ်လည်ပေါ်များဖြင့် ခမ်းနားလှသော ဇေတဝန်ကျောင်းကြီးပေါ်၌ ပူဇော်ထားရာ ဇေတဝန်ကျောင်း တောင်ဘက်ရှိ ပြာသာဒ်လှကျောင်း ဘုန်းတော်ကြီး ဦးခေမိန္ဒသည် ဇေတဝန် ဆရာတော်ဘုရားကြီးကို မနာလို မရှုဆိတ်နိုင်သဖြင့် ဆရာတော်ဆွမ်းခံကြွခိုက် ကျောင်းကြီးနှင့် ၁၀-တောင်မျှသာ ဝေးကွာသော ဘုံ ၇ ဆင့်ရှိ သီလဝိသောဓနိ သိမ်ပြာသာဒ်ကြီးကို မီးတုတ်ရှို့တင်၏။

ရွာထဲရောက်နေသော ဆရာတော်က ရွာသားများအား ဘာပစ္စည်းမှ မယူဘဲ စူဠာမုနိ ရုပ်ရှင်တော်ကိုသာ ကျောင်းပေါ်မှ ပင့်ချရန် အမိန့်ရှိ၍ ပြေးသွားကြရာ သိမ်ပြာသာဒ်ကြီးအားလုံးလောင်၍ မီးငြိမ်းသွားသော်လည်း အနီးရှိ ဇေတဝန်ကျောင်းကြီးကိုမီးမကူး၊ ရုပ်ပွားကိုယ်တော်မြတ်၏ တန်ခိုးတော်ကြောင့်ဟု ယုံကြည်ကြလေသည်။

## နတ်၊ နတ်ဘီလူးများ ကန်တော့ခံခြင်း

သာသနာနှင့်စပ်၍ ထူးခြားစွာ လုပ်ဆောင်နေသူများ (ဝါ) သူတော်ကောင်းကြီးများအနီးအပါးတွင်လည်း သူယုတ်မာတော်များအားပြိုင် ရှိလာတတ်သည်ကိုလည်း သတိပြုဖွယ်ရှိတော့၏။ မည်သို့ရှိလာစေကာမူလည်း မေတ္တာသည်းခံခြင်းဖြင့် အလှယ်ကာကူ လှန်မြောက်ရိုး ထုံးစံရှိနေပြီကိုလည်း သင်ခန်းစာယူသင့်၏။ ကြောက်ဖွယ်မလို၊ ကိုယ့်ကိစ္စ ကိုယ်လုပ်ရန်သာ အရေးကြီးလေသည်။

ဆရာတော် ဦးဝိသုဒ္ဓါတော့ရလည်း သက်ရှယ်တော် ကြီးလာသောအခါ မိမိတူးဖော်ခဲ့သော စာလှည့်သင်ဂူ၌ တောရဆောက်တည်၍ အရည့ဝါသီ အဖြစ်နေတော်မူ၏။ သပိတ်တစ်လုံး သုံးထည်သော သင်္ကန်းမျှရှိ၍ တစ်ပါး သူတို့လိုချင်စရာ၊ မနာလိုချင်စရာ ဘာပစ္စည်း တစ်ခုမျှ အပိုမထား၊ သို့သော် ပါပတောက်ကား မနေ၊ ကလျာဏတောတ်ကို ဖျက်ရန်ကပ်၍ လိုက်ပါနေ၏။

အကြောင်းကား တစ်ညသ၌ အဆိုပါ ပြာသာဒ်လှ ဘုန်းကြီး ဦးခေမိန္ဒသည် ဆရာတော်အား အသက်အန္တရာယ်ပြုရန် တောကျောင်းသို့ သွားလေရာ လမ်းခုလတ် တောထဲတွင် လူမမြင်ရဘဲ ကစ်စုံတစ်ဦးက နောက်မှလိုက်၍ ကြိမ်လုံးဖြင့် ရိုက်လေ၏။ ဦးခေမိန္ဒလည်း ထိုနေရာမှလှည့်၍ ကျောင်းသို့ပြန်ပြေးလေရာ အားကုန်ပြေးသော်လည်း မလွတ်၊ သူ့ကျောင်း ပေါက်သို့ ရောက်လျှင်ပင် ဟပ်ထိုးလဲကျလေ၏။ (၁၂၈၃-ခုနှစ်) ပျံလွန်ပြီး မကြာမီတစ်ညတွင် နတ်ဘီလူးကြီးတစ်ဦး ဆရာတော့ထံ လာရောက်တောင်း ပန်သည်။ သူကား ဘုန်းကြီး တဖြစ်လဲ နတ်ဘီလူးကြီး ဦးခေမိန္ဒ ဖြစ်၏။ ထိုအကြောင်းအရာ ဆရာတော်ကိုယ်တိုင် ရေးသားထားသော အတ္ထုပ္ပတ္တိ လည်းရှိ၏။ ထိုဒေသရှိ လူအများလည်း သိနေကြသော အဖြစ်အပျက် တစ်ခု ပေတည်း။

## အဝီစိမကျချင် စာတတ်အောင်သင်

ဤ၌ မုံရွာမြို့ သံဃာ ၇၀၀-ကျော်ရှိ မဟာဇောတိကာရာမတိုက်ကြီး၏ နာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် (ဦးစန္ဒာသိရိ) ကျွန်ုပ်တို့ငယ်ငယ်က အမိန့်ရှိသော စကားတစ်ခွန်းကို သတိရမိပေသည်။

ယင်းကား ဆရာတော် ကိုရင်ဘဝက (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစ ,အုပ်တွင် ဖော်ပြခဲ့ပြီးသော)မောင်းထောင်၊ ညောင်ကန်နယ်ရှိ ကျောက်ဂူတောရဆရာတော်ကြီး (ဦးဥက္ကံသ) ထံ နေရစဉ် ဆရာတော်ကြီးက ဆုံးမသော စကားတစ်ခွန်းပင်ဖြစ်သည်။ ထိုဩဝါဒစကားတော်ကား အလွန်မှတ်သားဖွယ် ကောင်းလေစွ။

"မောင်စန္ဒာသိရိ၊ မင်း....ကြီးတဲ့အခါ ဘုန်းကြီးလုပ်မှာဖြင့် စာတတ်အောင်သင်၊ ဘုန်းကြီးလုပ်ပြီး စာမတတ်ရင် ငရဲကျမှာ သေချာတယ်။ ဘာပြုလို့လဲဆိုတော့ ဒကာ-ဒကာမတွေဆိုတာ စာတတ်တဲ့ ဘုန်းကြီးကိုသာ အားကိုးကြ၊ သွားကြလာကြ၊ လှူချင်ကြတာ၊ စာမတတ်တဲ့ဘုန်းကြီးကိုးကွယ်လို့ ဘာဗဟုသုတ၊ ဘာအကျိုးမျှရမှာမဟုတ်ဘဲ၊ လူတွေကစာတတ်တဲ့ဘုန်းကြီးဆီ သွားကြ လှူကြ၊ ဝင်ကြ ထွက်ကြ၊ ဟော့....စာမတတ်ဘဲ ဘုန်းကြီးက အလကားနေ မနေလိုတော့ဘူး၊ သူ့မှာနေ့ရှိတိုင်းစိတ်ဆင်းရဲနေရပြီးကြာလာတော့ မနေလိုရုံသာမကဘူး၊ ရန်သူလုပ်လာတယ်၊ စာတတ်တဲ့ ဘုန်းကြီးကို ပျက်စီးရာပျက်စီးကြောင်း မကောင်းကြံပါလေရော၊ အဲဒီဘုန်းကြီးမျိုးသေလို့ အဝီစိမရောက်ရင် ဘယ်ရောက်စရာရှိတော့မတုံး၊ အေး....ကိုရင်လဲ ဘုန်းကြီးလုပ်မယ်ဆိုရင် အဝီစိမကျချင် စာတတ်အောင်သင်" ဟူ၏။

ဆရာတော်ဦးဝိသုဒ္ဓါစာရလည်း သက်ရှယ်တော်ကြီး၍ မထမသွားနိုင်ရှိလတ်သော် ရွာကျောင်း၌ပင် ပြန်လည် သီတင်းသုံးတော်မူ၍ ရွာမှပင် ဆွမ်းပို့ကြရသည်။ ထူးသည်ကား ရပ်ထဲရွာထဲ၌ တစ်စုံတစ်ရာ ထူးထူးခြားခြားဖြစ်လျှင် အထူးသဖြင့် တစ်စုံတစ်ယောက်ကွယ်လွန်လျှင် ဆရာတော်သိနေပြီး ဖြစ်နေတတ်၏။

ရံခါ ဆွမ်းပို့လာသူများအား "မောင်ဖြူရှိရဲ့လား"ဟု မေးလျှင် ဆရာတော်စိတ်ချမ်းသာမှုရှိစေရန် "ရှိပါသည်ဘုရား" ဟူ၍ ကျယ်ကျယ်ပင် လျှောက်ထားကြ၏။ "အင်း....နင်တို့ကသာ ရှိတယ်ပြောနေ၊ မောင်ဖြူမနေ့ညက ငါ့ဆီလာကန်တော့သွားတယ်"ဟု မိန့်တော်မူလေ့ရှိသည်။

ဘုရားရှင်လက်ထက်တော်ကပင်လျှင် နတ်ရွာသုဂတိ ရောက်ကြရသူများသည် "အဘယ်ကုသိုလ်ကြောင့် ငါဒီမှာလာဖြစ်ပါလိမ့်မလဲ"ဟု ဆင်ခြင်စဉ်းစားတတ်ကြရာ "အရှင်သာရိပုတ္တရာ ကျေးဇူးကြောင့်၊ အရှင်အနုရုဒ္ဓါ ကျေးဇူးကြောင့်" စသည်ဖြင့် သိမြင်ကြရသောအခါ ကျေးဇူးရှင်ထံသို့ လာရောက်ဖူးမြော် ပူဇော်ကျေးဇူးတုံ့ကြသည်မှာ ဓမ္မတာပင်တည်း။

ဆရာတော် ၁၂၀၆-ခုနှစ် တပို့တွဲလ၌ ပျံလွန်တော်မူရာ ခမ်းနားကြီးကျယ်စွာ ပူဇော်ကြ၏။ (ဖွားသက္ကရာဇ်စသည် မသိရ။)

## လေးရွာရှင်ရဟန္တာ အရှင်ဇေဝနမဟာထေရ်

ဆရာတော် ဦးဝိသုဒ္ဓါစာရသည် မိမိနှင့် ညီအစ်ကိုတော် ဆရာတော် ဦးဇေဝန အကြောင်းကို လေးရွာရှင်စေတီ၌ ပါဠိမြန်မာ နှစ်ဘာသာဖြင့် ကျောက်စာရေးထားတော်မူ၏။ (မျက်နှာ ၅၃-ကြောင်း၊ ကျောဘက် ၅၀ ကြောင်း) လေးရွာရှင် စေတီကျောက်စာဟု ခေါ်သည်။ သစ်ဆိမ့်ကြီးရွာ အနောက်တောင်ဘက်၌ တည်ရှိ၏။

## နောက်ဘုရားမျှော်သူများအား မိတ်ခေါ်ခြင်း

ရဟန္တာအရှင်ဇေဝနမဟာထေရ်၏ ဓာတ်တော် ကျောက်တလားကြီး ထည့်သွင်း၍ သစ်ဆိမ့်၊ ရွှေကူကြီး၊ လှေပိုးဆိပ်နှင့် ရွာသစ်ရွာ လေးရွာမှ ဒကာ-ဒကာမတို့ ကိုးကွယ်တည်ထားသောကြောင့် 'လေးရွာရှင် ဆရာတော်၊ လေးရွာရှင်စေတီ'ဟု ခေါ်လေသည်။

ထိုကျောက်စာ၌ ထူးခြားမှတ်သားဖွယ်ကောင်းသော အရိယာခေတ် အပိုင်းအခြား အဋ္ဌကထာစကားများကိုဖော်ပြလျက် ကျောက်စာထိုးသော ဆရာတော်၏အယူအဆ၊ ဆန္ဒနှင့် သတိပေး မိတ်ခေါ်ချက်များကိုပါ ဤသို့ ရေးမှာတော်မူထား၏။

"ဟိ- စဉ်းငယ်အမြွက်၊ ထူးခြားချက်ကို၊ ဆက်၍ဆိုဦးအံ့။ ဒါနို၊ ယခုအခါ၌။ ခေတ္တံ၊ ရဟန္တာခေတ်သည်။ အတ္ထိ၊ ရှိပါဦးမည်လော။ ဣတိ၊ ဤသို့မေးငြားအံ့။

"စတုသဟဿကေ၊သာသနာလေးထောင်အတွင်း၌။ အရဟံ၊ ရဟန္တာခေတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ အဋ္ဌ

ကထာ၌။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ခေတ္တံ၊ ရဟန္တာ ခေတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ လက္ခယေ၊ မှတ်ရာ၏။

"အရိမေတ္တေယျ ကာလေ၀၊ အရိမေတ္တေယျ ဘုရားရှင်၏ လက်ထက်တော်အခါ၌သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဣစ္ဆံ (ဣစ္ဆန္တာ) အလိုရှိကုန်သော သူတော်ကောင်းတို့သည်။ နိစ္စံ၊ အမြဲမပြတ်။ ဣမံ စေတိယံ၊ ဤရဟန္တာ အရှင်ဇဝနခေတ်တော်စေတီကို။ ဘဇေယျာထ ဆည်းကပ်ကြ ကုန်လော။ ပူဇေယျာထ ပူဇော်ကြ ကုန်လော။ မာပမာဒတ္ထ၊ မမေ့မလျော့ကြကုန်လင့်။"

ဆရာကော် အရှင်ဇဝနမဟာထေရ်၏ ထေရုပ္ပတ္တိကို ကျောက်စာအရ လိုရင်းအချုပ် ဖော်ပြပါအံ့။

## နတ်နှင့်လူ အချင်းချင်းမြင်ရသောပွဲ

ဆရာတော်သည် မင်းတုန်းမင်းတရားကြီးလက်ထက် ပဥ္စမသင်္ဂါယနာ ခေတ်တွင် ထင်ရှားတော်မူခဲ့သော ရှမ်းကလေးကျွန်း ဆရာတော်အရှင်နန္ဒ၏ တပည့်ဖြစ်သည်။

ခမည်းတော် မယ်တော်တို့ကား ရွှေကူကြီးရွာ ဦးပြား၊ မယ်ကတူး တို့ဖြစ်ကြ၏။ ဖွားသက္ကရာဇ်မှာ ၁၁၉၃-ခု ဖြစ်ဖွယ်ရှိ၏။ ဆရာတော် သည် သံတောင် ၁၇၅-တောင်ရှိ ရွှေဘိန်းကြီးခေါ် ပုတ်စေတီတော် ကြီး၏ မြောက်ဘက် စောင်းတန်း အဆင်း ကမ္မဋ္ဌာန်း ကျောင်းငယ် ကလေး၌သာ အမြဲ သီတင်းသုံးတော်မူ၏။ ကျောက်စာ၌ ဆရာတော်၏ ကျေးဇူးဂုဏ်နှင့် စပ်၍—

"ဝိနည်း အကျင့်နှင့်လည်း ယှဉ်ထသော၊ စင်ကြယ်ခေါင်း ပါးသော အကျင့်လည်းရှိထသော၊ အမည်အားဖြင့် အရှင်ဇဝန ဟူ၍ လည်းကောင်း၊ ရဟန္တာဟူ၍ လည်းကောင်း ထင်ရှားသော၊ မထေရ်တို့၏ အနွယ်အဆက်လည်းဖြစ်သော။ ပညာလည်းရှိထသော၊ တစ်ပါးတည်း ကျင်ဲ့နေသော၊ ကြီးသော တန်ခိုးလည်း ရှိသော၊ ခပ်သိမ်းသော သတ္တဝါတို့သည် ပူဇော်အပ်သော"ဟု ဖော်ပြလျက်

ဆရာတော်၏ ကမ္မဋ္ဌာန်းကျောင်းကလေးအနီး၌ သံတောင် ၁၇-တောင်၊

လုံးပတ် ၃-ထွာရှိ သုရူပ မည်သော နဂါးမင်း အမြဲမပြတ် စောင့်ရှောက်နေထိုင်လျက်ရှိကြောင်းကိုလည်း ဖော်ပြထား၏။

ဆရာတော်သည် ၁၂၅၆-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့နံနက်ဂ-နာရီအချိန်၊ သက်တော် ၆၃-နှစ်အရောက် ထိုအမွှေ့ဘန်းကျောင်းကလေး၌ပင် ရုတ်တရက်ဖြစ်ပေါ်လာသော ရောဂါဖြင့် ခန္ဓာဝန် စွန့်တော်မူခဲ့၏။ နှစ်ရက်အကြာ သုရူပ နဂါးမင်းလည်း အလောင်းတော်၏ အနီးအပါး၌ စုတိပြတ်ကြွေ သေလွန်ရှာလေ၏၊

ထိုအခါ "ရဟန္တာ အရှင် ဇာဝနမထေရ်ကြီး ပရိနိဗ္ဗာန်ပြုလေပြီ" ဟု တစ်ခဲနက် အုတ်အုတ်ကျက်ကျက်ဖြစ်စေ၏။ ထိုအသံကြီးကို ကြားကြရသဖြင့် လူအများ ကျောင်းသို့ သွားကြည့်ကြရာ အမှန်ပင် ဖြစ်နေ၏။ ထိုအခါမှ လူအများ သိရှိကာ လာရောက်ပူဇော်ကြသည်။ ကောင်းကင်မှ နတ်များ လာရောက်ပူဇော်ကြသည်ကိုလည်း ရှင်လူအများ မြင်တွေ့ကြရသည်။ လူက နတ်၊ နတ်ကလူကို အပြန်အလှန် မြင်ကြရသည်ဟု ကျောက်စာ၌ ရေးသားပါရှိ၏။

## ရောင်ခြည်တဝင်းဝင်း ဓာတ်တော်ကြွင်း

အလောင်းတော်ကို ၁-နှစ်နှင့်နှစ်လကြာမျှမီးမသင်္ဂြိုဟ်ဘဲ ထားရှိထု ၁-နှစ်နှင့် နှစ်လတိုင်တိုင်ပင် ညစဉ်ညတိုင်း အလောင်းတော်မှ ဖြူနီညိုပြာ အဝါအစိမ်း ခပ်သိမ်းသော အလင်းရောင်တို့ ကွန့်မြူးသည်ကို ရှင်လူအများ ဖူးတွေ့ကြရလေသည်။

အလောင်းတော်မှ မွှေးကြိုင်သော အနံ့များထွက်ခြင်း၊ ခေါင်းနှင့်တကွ အလောင်းတော်ကို မ,ချီရာ၌ ထူးထူးခြားခြားပေါ့နေခြင်း၊ ဆရာတော် သုံးစွဲသွားသော ပရိက္ခရာစသည်ကို (ရေစိမ်၍) သောက်လိမ်းလျှင် ရောဂါ ပျောက်ခြင်းစသော ထူးခြားမှုများကိုလည်း ဖူးတွေ့ကြရသည်။

အလောင်းတော်ကို ကျောက်သလင်းခေါင်း၌ သွင်းထားပူဇော်သော နေ့မှာပင် နဂါးမင်း၏ ရုပ်ကလာပ်ကိုလည်း ကြေးခေါင်း သွင်းကြ၏။ ၁၂၅၇-ခုနှစ်၊ ပြာသိုလဆန်း ၁၂-ရက်၊ အင်္ဂါနေ့မွန်းတည့်ချိန်တွင် ကျောက်သလင်းခေါင်းမှ ထုတ်ဆောင်၍ မီးသင်္ဂြိုဟ်ကြရာ—

“တသ္မိံ ဒိနေဝ၊ ထိုမီးပူဇော်သောနေ့၌သာလျှင်။ ဓာတုယော၊ ပဲခနာက်စေ့ ပမာဏ ဖြူလှသော အရှင်ဇဝန ဓာတ်တော်တို့ကို။ အနဋ္ဌံ မပျောက်ခြင်းကို။ ကတွာ၊ ပြု၍။”

ထိုဓာတ်တော်တို့ကို ကျောက်သလင်းခေါင်း၌ ထည့်ထားကြ၏။ နဂါးမင်း၏ ရုပ်ကလာပ်ကိုလည်း တစ်ပြိုင်နက် နံ့သာထင်းများဖြင့် မီးသဂြိုဟ်ကြသည်။

မီးသဂြိုဟ်ရာအရပ်၌ပင်လျှင် ၁၂၅၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀-ရက်နေ့၊ ‘လေးရွာရှင်’အမည်ဖြင့် ၃၅-ပေရှိစေတီ တစ်ဆူတည်၍ စေတီမြောက်ဘက် လိုဏ်အတွင်း၌ ကျောက်ခေါင်းတော်ကြီး ထည့်သွင်း ပူဇော်ထားကြသည်။ ထိုမှတစ်ပါးပုလဲအဆင်းရှိသော ဘုရားရှင်၏သရီရဓာတ်တော် အဆူရေငါးဆယ်နှင့် ရဟန္တာဓာတ်တော် တစ်ပြည်သားခန့်တို့ကို လည်းကောင်း၊ ရုပ်ပွား ဆင်းတုတော်များကို လည်းကောင်း ပစ္စယာအဆင့်ဆင့် ဌာပနာသွင်းထား ပူဇော်ကြကုန်၏။

ဆရာတော် ဦးဝိသုဒ္ဓါစာရ၏ ကျောက်စာကျေးဇူးကြောင့် အရှင်ဇဝန ရဟန္တာ အရှင်မြတ်ကြီး၏ ကျေးဇူးဂုဏ်ကို ကြည်ညိုရပေ၏။ ထိုကျောက်စာသာ မရှိပါလျှင် ထိုမျှလောက်ကိုပင် သိရှိကြည်ညိုခွင့်ရကြမည် မဟုတ်ပေ။

ပြဆိုခဲ့သည့်အတိုင်း ဟန်လင်း နယ်မြေသည် တကောင်းခေတ်၊ ဟန်လင်းခေတ်၊ ပုဂံခေတ်တို့မှစ၍ ယခုခေတ်သို့တိုင်အောင် သာသနာ အစဉ်အဆက် မပျက်မပြိုန်ရှိသာမက ပဋိပတ္တိ သာသနာဝင် အရိယာအရှင်မြတ်တို့ပင်လျှင် ထိုနယ်မြေမှ ရာစုနှစ်တိုင်း ပွင့်ထွန်းလျက် ရှိခဲ့ကြောင်း သမိုင်းအထောက်အထားကောင်းကြီးတစ်ခုပင်ထွက်ပေါ်ထွန်းပြနေလေပြီ။ အပ္ပမာဒေန သမ္ပာဒေထ။

[စာရေးသူမှတ်ချက်။ စာအုပ်ရိုက်နှိပ်နေဆဲ သိမ်းဆည်းထားသော ဓာတ်ပုံများ ရှာမရဖြစ်နေပါ၍ မဖော်ပြလိုက်နိုင်ပါ။]



နယ်ခြားဆုတောင်တန်းသာသနာပြု

ဆရာတော်အရှင်ဦးဥတ္တမသာရ (သက်တော် ၇၀၊ သိက္ခာ ၀၁ ၅၉)

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ယခုဖော်ပြလတ္တံ့သော ခေတ်တော် အကြောင်း ဆောင်းပါးမှာ မြင်းခြံမြို့၊ သာသနဇောတိကာရုံ စာသင်တိုက် ရွှေရတုစာစောင်ကို ဖတ်ရှုမိရာမှ ခေတ်တော်များအကြောင်း ပိုမို ကျယ်ပြန့်စွာ ကြည်ညို မှတ်သားပါရအောင် ရေးသား ချီးမြှင့်ပါရန် မမြာစရိယဦးဌေးလှိုင်က တောင်းပန်လျှောက်ထား၍ ရေးသား ချီးမြှင့်ခြင်း ဖြစ်ပါကြောင်း။

ဥတ္တမအကြွင်

# ခေတ်အဆက်ဆက်
# ရဟန္တာမဆိတ်သုဉ်းသော မြန်မာနိုင်ငံ

## (ဆရာတော်အရှင်ဦးဥတ္တမသာရ နယ်ခြားတောင်)

### ရဟန္တာခေတ်တော်တွေ များစွာတွေ့ရှိရပုံ

ဤဆောင်းပါးသည် စိတ်ဝင်စားဖွယ်ရာ ကောင်းသော မြန်မာပြည်တွင်းရှိ ရဟန္တာခေတ်တော်များအကြောင်း ဖြစ်သည်။ မြန်မာပြည်အညာဒေသ၊ ရွှေဘိုနယ်အတွင်း၌ ရှေးခေတ်လက်ကျန် ရဟန္တာခေတ်တွေ အများအပြားတွေ့ရှိနေကြသည်။ တွေ့ရှိနေကြသည်ဆိုသည်မှာ လွန်ပြီးခေတ်ကာလဆီက ရဟန်းပုဂ္ဂိုလ်ကြီးများပင် အရေးယူလောက်အောင် မတွေ့မြင်ကြ၍ ဖြစ်ခဲ့လေသလောဟုထင်မှတ်ဖွယ်ရာ ရွှေဘိုဒီပဲယင်းနယ်သားဖြစ်သော ဤအရှင်ကိုယ်တိုင် တစ်ဆင့်စကားပင် မကြားခဲ့ဖူးသောကြောင့်ဖြစ်၏။

မြန်မာပြည်အတွင်း၌ ရဟန္တာခေတ်တော်တွေ များစွာ ရှိကြောင်း၊ ဘယ်ပုံစံသိမ်းဆည်း ကိုးကွယ်ထားကြောင်း၊ မည်သည့်ပုဂ္ဂိုလ်ကမှ စာရေးသား ဖော်ပြခြင်း မရှိပါ။ ပေစာရေးသားထားခြင်း၊ ကျောက်စာတိုင် စိုက်ထူထားခြင်းလည်းမရှိပါ။ ထို့ကြောင့် တိုင်းသူပြည်သား ရဟန်းရှင်လူ အများတို့ အဖိုးထိုက်တန်ရတနာတွေ မသိကြရခြင်းဖြစ်သည်။ အမှန်မှာ လူရှင် ရဟန်း အများတို့ သိထိုက်၏။ ကြည်ညိုဖွယ်ရာ၊ အားရဖွယ်ရာ၊ သမိုင်းထူး၊ သမိုင်းကောင်းတွေ မဟုတ်ပါလော။

ဤအရှင်သည် ခရီးစဉ် ဆောင်းပါးများတွင် အကြောင်းတိုက်ဆိုင်သောအခါ အခွင့်ကြုံစကားဦးသန်းခြင်း အခြေအနေလိုက်၍ မြန်မာပြည်တွင်း၌ များပြားသော ရဟန္တာခေတ်တော်တိုက် စေတီတွေ ရှိနေကြောင်း ဆောင်းပါး(၃)ကြိမ် ရေးခဲ့ဖူး၏။

ယခုဆောင်းပါးသည် လေးကြိမ်မြောက်ဖြစ်ရာ မြင်းခြံမြို့၊ သာသနဇောတိကာရုံစာသင်တိုက်မှ နှစ်ငါးဆယ်ရွှေရတုစာစောင်အတွက်ဆောင်းပါး

---

ရေးပေးရန် အကျိုးဆောင် တိုက်အုပ် ဆရာတော် ဦးကောဏ္ဍည၏ တောင်းပန်ချက်အရ ရေးရခြင်းဖြစ်၏။ သူ၏စာတွင် "ဓာတ်တော်များ အကြောင်း ရေးတော်မူပါ" ဟု အဆိုပြုသည်။

"ဖြစ်သမျှအကြောင်း အကောင်းချည်း" ဟူသကဲ့သို့ မိတ်ဆွေ ဦးကောဏ္ဍည၏ တောင်းပန်စာကြောင့် ရဟန္တာဓာတ်တော်များအကြောင်း ဆောင်းပါးသီးသန့်ရေးဖြစ်ခြင်းဖြစ်ရာ ထိုစာမူကို အခြေခံထား၍ မြန်မာပြည်တွင်း၌ ရှေးတကောင်းခေတ်မှစ၍ အမွေကျန်ရစ်သော ရဟန္တာဓာတ်တော်ခတွ မြောက်မြားလှစွာနေရာအတော်များများ၌ ထပ်ကာတွေ့မြင်နေရပုံ ဗဟုသုတကောင်းအထွေထွေကို အသိပေးခွင့်ကြုံလာ၏။

ရှေးခေတ် မြန်မာပြည်သား ဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့က လေးစားအပ်သော ရဟန္တာဓာတ်တော်တွေကို မပျောက်မပျက်ရအောင် ဘယ်ပုံထိန်းသိမ်းကိုးကွယ်ထားကြသနည်းဆိုလျှင် ရိုးရိုး(ပုံစံ)စေတီတွေတည်၍ (ဌာပနာတိုက်၌) သိုမှီးထားခဲ့ကြသည်။ ထိုထိုကြောင်းရာ သတင်းထူး၊ သတင်းကောင်းတွေကို ဤတွင် အကျဉ်းချုပ်ရေးပြမည်။

## စေတီများနှင့် ကိုးကွယ်ထားကြပုံ

အဆိုပါစေတီရိုးရိုးပုံစံနှင့်တည်၍ရဟန္တာဓာတ်တော်ဌာပနာတိုက်တွေ များပြားလှစွာ ဖူးတွေ့နေရပုံကိုထောက်ဆ၍ မြန်မာပြည်၌ ရှေးရှေးခေတ်ဟောင်းအခါဆီက ရဟန္တာပုဂ္ဂိုလ်မြတ်တွေ အရေအတွက် ဘယ်လောက်များစွာ ဖြစ်ထွန်းပေါ်ပေါက်ကြ၍ ဘယ်နေရာဆီ၌ ဘယ်ပုံနေထိုင် သီတင်းသုံးသွားခဲ့လေသနည်း။ ခန့်မှန်းသိရန် မဖြစ်နိုင်သလိုပါ၊ သမိုင်းကျမ်းစာများ ရေးသား ထားခဲ့ခြင်း မရှိကြ၍ လက်ဆုပ်လက်ကိုင် အတိအကျ မည်သူမျှ ပြောပြနိုင်မည်မဟုတ်ပါ၊ ရဟန္တာပုဂ္ဂိုလ်တွေ အများရှိခဲ့ဖူးသည် ဟူ၍သာ ဤခေတ်လူတို့ သိကြရသည်။

လက်တွေ့မျက်မြင်နှင့် တစ်ဆင့်စကားပြောကြားနေကြပုံကို ထောက်မျှော်ကြည့်ရလျှင် ရှေးလွန်လေပြီးသော ခေတ်အဆက်ဆက်တို့ဆီက ရဟန္တာဓာတ်တော်တွေကို စေတီဓာတ်တော် တိုက်တွေနှင့် ဂရုတစိုက် ထားခဲ့ကြ၍ မပျောက်မပျက် ယနေ့တိုင်အောင် တည်ရှိနေကြပုံကို မြန်မာပြည်တွင်း၌ များစွာရှိနေကြခြင်း ဖြစ်၏။

အဆိုပါရဟန္တာဓာတ်တော်တွေ မြန်မာပြည်တွင် ဘယ်နေရာ၌အများ တွေ့ရသနည်းဟုမေးခဲ့သော် ဒေသကိုညွှန်ပြရလျှင် အထက်မြန်မာပြည် ရွှေဘို နယ်အတွင်း၌ အများဆုံး တွေ့ကြရ၏။ ရွှေဘိုခရိုင်အတွင်း ရှေးတစ်ချိန်က 'တကောင်းခေတ် ဟန်လင်းကြီးခေတ်' ဟူ၍ ဦးဆောင်ခေတ်ကြီးတွေ ကြာ ကြာ တည်ခဲ့ကြ၏။ လူအများသိကြသည်မှာ 'မြန်မာအစ တကောင်းက'ဟူ၍ ပြောရိုးစဥ်လာ ရှိခဲ့သော မြန်မာရာဇဝင် စကားအတိုင်း နှစ်ကြာကြာ နှင့် ထင်ရှားစွာ နာမည်ကြီးခဲ့ဖူးသော နေပြည်တော် ဒေသဟောင်းများနှင့် ဆက်နွယ်သော တောနယ်ကျေးရွာဟောင်းကြီးများ ပတ်ဝန်းကျင်၌ တွေ့ကြ ရခြင်းဖြစ်သည်။

ထိုခေတ်အချိန်ဆီက ရဟန္တာပုဂ္ဂိုလ်တွေ အများ ရှိကြသော်လည်း ရာဇဝင်များ၌ တခမ်းတနား ရေးခြင်း မပြုကြသည်မှာ မထင်မရှား နေထိုင်ကြ၍ လူသိမများသောကြောင့်ဖြစ်ဟန်တူ၏။ရာဇဝင်၌ ရေးသားချက် မရှိသည်မှာ ထိုထိုရဟန္တာ အရှင်မြတ်တို့သည် မင်းကျွမ်းဝင်ခြင်း မပြုကြ၍ လည်း ဖြစ်ကြမည်။ တောတောင်၌ မင်းနေပြည်နှင့် မင်းစိုးရာဇာတို့ကို အထင်အရှားသိရန်တန်ခိုးပြခြင်းစသောအကြောင်းမရှိကြ။ တောကျေးလက် နှင့် တောအုပ်များ၌သာ တစ်ဘဝလုံး သီတင်းသုံး နေထိုင်သွားကြခြင်း ဖြစ်တန်ရာ၏။ ထို့ကြောင့် နီးကပ်သော ရဟန်းပုဂ္ဂိုလ်များနှင့် ဆရာဒကာ တို့ကသာ သိကြ၍ အလေးအမြတ်ပြုကာ ဓာတ်တော်များကို စေတီ တည် ထားခဲ့ကြခြင်း ဖြစ်ပေမည်။ ဤကား ခန့်မှန်းကြည့်ခြင်းတည်း။

"တကောင်းမြို့ဟောင်းနယ်၊ ဟန်လင်းကြီး မြို့တော်ဟောင်းနယ်၊ ဒီပဲယင်း ကိုးသန်းနယ်" ဤနယ်ကြီး သုံးနယ် အတွင်း၌ အထူးခြားဆုံး ရဟန္တာဓာတ်တော်တွေအများရှိကြောင်း ကြားသိခဲ့ရ၏။ အောက် မြန်မာ ပြည်တွင် ရှိပါသေး၏။ မများပါ။ သာသနာဝင်သမိုင်း နာမည်ကြီးသော သထုံမြို့၌ ရဟန္တာဓာတ်တော်များရှိ၏။ သထုံမြို့နှင့် သုံးမိုင်ကွာမြို့၏ ဆင်ခြေ ဖုံးရပ်ကွက်ဖြစ်သော ရဟန္တာကုန်းဟူ၍ ခေါ်တွင်လျက် ရှိသော ဘုန်းကြီး ကျောင်းမြေပေါ်၌ ရှိသည်။

ထိုကျောင်းကို ဤအရှင် (၁၃၄၆-ခု၊ ပြာသိုလဆုတ် ၁၄-ရက်၊ စနေနေ့တွင်)ရောက်သွားရာ လက်ရှိသက်တော် (၆၆) နှစ်ရှိ ဆရာတော်ကြီး ဦးဇဝန သီတင်းသုံးလျက်ရှိ၍ တွေ့ဆုံ စကားဆွေးနွေးကြစဥ် ဓာတ်တော် များအကြောင်းကို မေးလျှောက်ခဲ့၏။ ထိုကျောင်းတိုက် ပရိဝုဏ် အတွင်း၌

ဟိုအနားနှစ်ဆူ သုံးဆူ၊ ဒီအနား လေးဆူ-ငါးဆူ ရပ်တည်နေကြ၏။ ရှေး ဟောင်း ဘုန်းကြီးကျောင်း ပရိဝုဏ် မြေကွက်များ၌လည်း ရှိကြ၏။ ရှေး ခေတ်မှ အမည်မသိသူတို့က တည်ထားခဲ့ကြသော ရှေးဟောင်း စေတီများ ဟူ၍သာ မိဘဘိုးဘေးတို့ အဆင့်ဆင့်ပြောဆိုသတ်မှတ်ပြီး သာမန်အသိဖြင့် အမှတ်မထင် နေလာခဲ့ကြသည်။ ရဟန္တာခေတ်တော်တိုက်များဖြစ်ကြောင်း မသိကြပါ။

ပေါ်ချိန်တန်၍ ပေါ်ပေါက်လာခြင်းပေလော၊ ဤအရှင်တွေးဆမိ သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးသောနောက်ပိုင်း ဤမြို့ဘက်မှ ပေါ်တော် မူကဲ့သို့ လူသိများစေရန် အကြောင်းဖန်လာသည်။ စစ်ကြီးပြီးကာလတွင် တစ် ခေတ်ပြောင်းခဲ့သည်နှင့်အမျှ စေတီဟောင်း အပြိုအပျက်တွေ များလာသည်။ ရှမကောင်းကြည့်မလျော်တွေကို ပြုပြင်ကြပါမှ တော်ပေမည်ဟုကိုယ်စီအကြံ ဖြစ်ကြသည်။ တစ်ပိုင်တစ်နိုင်ဆိုသကဲ့သို့ သူ့နယ်ကိုယ့်နယ် အသီးသီး၌ စေတီ ဟောင်း အပြိုအပျက်၊ စေတီငုတ်တို၊ စေတီခါးကျိုးများကို စိတ်ပါဝင်စား သူ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေက ဦးဆောင်ကာ ပြန်လည်ပြုပြင်တည်ကြ သည်။ ထိုအခါမှ "ရဟန္တာခေတ်တော်တွေ သိလှောင်ထိန်းသိမ်းသည့်သဘော မျိုး အထူးလျှို့ဝှက်၍ တည်ထားကြသော စေတီထူးများဖြစ်ကြောင်း" စာ တတ်သော ဘုန်းကြီးများက စတင်သိကြသည်။ သိသောဆရာတော်က အမိန့် ရှိမှ လူရှင်ရဟန်းအများသိကြပြီး အံ့ဩဝမ်းမြောက်ကြရသည်။

## မြန်မာပြည်အတွက် ရတနာခေတ်ကြီး

ထိုဖြစ်ရပ်သည်ကောင်း၏။ မြန်မာပြည်အတွက် အထူးကောင်း၏။ ရတနာခေတ်ကြီး ရောက်ခဲ့ပြီ ဟူ၍ နားလည်ကြရမည်။ "ငါတို့မြန်မာပြည် အတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သည်။ ဂုဏ်ယူဖွယ်ရာဖြစ်သည်။ တန်ဖိုးမဖြတ် နိုင်သော ရဟန္တာခေတ်ကြီးတစ်ခု ပေါ်ပေါက်လာခဲ့ပြီ။ အားလုံးအတွက် ကံကောင်းခြင်းတစ်ရပ်"ဟု မှတ်ယူကာ နားလည်ကြရပေမည်။ ဤစကား သည် ဤအရှင်၏ အနာဂတ်ဟောကိန်းတစ်ခုဟူ၍ ဆိုချင်ဆိုနိုင်၏။

အမှန်မှာ မိမိတို့နေထိုင်ရာ မြန်မာနိုင်ငံတွင် ရှေးရှေး ခေတ်ဦးပိုင်း ကာလ၌ ကြည်ညိုအားထားဖွယ်ရာ သူတော်ကောင်း ရဟန္တာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေနှင့် လူတွေ နေထိုင်ခဲ့ကြသည်။ ထို့နောက် ခေတ်အဆက် ဆက်၌လည်း သူတော်ကောင်းပုဂ္ဂိုလ်မြတ်တွေ အစဉ်တစိုက် ရှိနေကြပုံကို

(လုံလောက်သော အထောက်အထား) တွေ့မြင်ကြရခြင်း ဖြစ်သည်။ မြေအောက်မြုပ်နေသော ရတနာတွေ ပေါ်ထွက်လာသည်နှင့် တူဘိ၏။

မြန်မာပြည်တွင် ဟိုရှေးခေတ်ဦး ခေတ်ဖျားမှစ၍ သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တွေဖြစ်ပေါ်၍ လာခဲ့သည်မှာ မင်းတွေအဆက်ဆက် ပြောင်းခဲ့ကြသော်လည်း အစဉ်တစိုက် အဆက်မပြတ်ရှိနေခဲ့ကြသည်။ ယခုမျက်မှောက်ခေတ်၌လည်း ရှိနေတုန်း၊ ရှိနေကြဆဲဖြစ်၏။ သူတော်ကောင်း မျက်စိဖြင့်ကြည့်တတ်လျှင် အမှန်ရှိနေကြပုံကို ယုံကြည်စွာ ကျေနပ်အားရကြပေမည်။ လုံလောက်သော သာဓကတွေများစွာ ရှိသည်။

## တောင်ထိပ်ပေါ်၌ စေတီတည်ရန်

ဤအရှင်သည် နယ်ခြားတောင်ပေါ်၌ စေတီတည်ထားရန် အကြိမ်ကြိမ်ကြံရွယ်ခဲ့ဖူး၏။ နယ်ခြားတောင်ဆိုသည်ကား မြန်မာပြည်၏ သုံးဘက်ပတ်လည်၌ရှိကြ၍ နားရှင်းကြမည် မဟုတ်ပါ။ ဤအရှင် ပြောဆိုသည်က အာသံနယ်ခြားတောင်ကိုဆိုခြင်းဖြစ်၏။ အနောက်ဘက်၌ အာသံပြည်မှာယာမင်းကြီးအုပ်ချုပ်သော (ရှိလောင်) ပိုင်နက်မြေ ကျယ်ပြန့်သော တောင်တန်းကြီးဖြစ်၏။ (တီအိုမြစ်) အလယ်၌ တောင်မြောက်ခြားနေ၍ ပုံသေနယ်ခြားဖြစ်သည်။ ထိုမြစ်၏ အရှေ့ဘက်ဖြစ်သော ဤမှာဘက်သည် မြန်မာပြည်ပိုင်သော တောင်တန်းဒေသဖြစ်သည်။

အလွန်ချောင်ကျသော ထိုဒေသသည် မြန်မာပြည်အတွင်းနေ လူများဟုဆိုရသော်လည်း ဗုဒ္ဓဘာသာ မရောက်သေးပါ၊ အနောက်တိုင်းမှ စေလွှတ်ကြသော နိုင်ငံခြားဘာသာပြု ဆရာတို့၏ တပည့်ယက်ခံ လခစားတရားဟောဆရာ အဆင့်ဆင့်တွေသာ ကျက်စားနေကြသည်။ ထို့ကြောင့် အနောက်တိုင်းဘာသာဝါဒအယူ၊ အလေ့ထုံးစံတွေလွှမ်းမိုးလွှမ်းနေကြသည်။ ဘာသာပြုဆရာတွေများသောကြောင့် သူ့ဟိုဘာသာ အယူဝါဒတွေလည်း ကွဲပြားလာနေကြရာ (၁၃)ဂိုဏ်း အထိရှိကြသည်။ ထိုအကြောင်းကိုဤအရှင် တစ်ပါးတည်းသာ တောင်ပြေး မြောက်ပြေး သွားလာ လှုပ်ရှားနေရင်း တွေ့မြင်နေရသောကြောင့် ဗုဒ္ဓဘာသာ၏ ကိုးကွယ်ထုံး နမူနာရုပ်ပြအဖြစ် ဦးစွာ စေတီတစ်ဆူတည်ထားရန် ကြံရွယ်မိခြင်းဖြစ်သည်။

ထိုကြံရွယ်ချက် အကြောင်းပြု၍ မြင်းခြံမြို့၊ သာသနဇောတိကာရုံ စာသင်တိုက်မှ အကျိုးဆောင် တိုက်အုပ်ဆရာတော်ကလေး ဦးကောဏ္ဍညနှင့်

ဆက်သွယ်မိခြင်းဖြစ်သည်။ ပုဂ္ဂိုလ်ချင်းတွေ့မြင်ဖူးခြင်းမရှိပါ။ စာပေးယူဆက်သွယ်နေကြရာမှ တစ်ကြိမ်တွင် တကောင်းမြို့မှပင့်ဆောင်လာသောဓာတ်တော်တွေ့ သူ့ထံ၌ရှိကြောင်း၊ အလိုရှိလျှင် ပင့်ဆောင်ယူပါ၊ ပို့ပေးပါမည်ဟူ၍ ရေးပါသောစာကိုဖတ်ရ၏။ ထို့ကြောင့်ဝမ်းသာအားရ မှာကြားလိုက်သည်။

မြန်မာပြည်နှင့် အာသံပြည်နယ်ခြား မြင့်မားသော တောင်ကြီးတစ်လုံး၏ ထိပ်ပေါ်၌ "အဝေးကြည့် စေတီရီးရီးတစ်ဆူ တည်မည်။ ဓာတ်တော်တွေ့ရနိုင်သမျှစုပေါင်း၍ တန်ခိုးကြီးဘုရားဖြစ်အောင် ဌာပနာမည်"။ ဤမွန်မြတ်သော ကြံရွယ်ချက်ဖြင့် အရပ်ရပ်မှ ဓာတ်တော်များ ရှာဖွေမှာယူနေခဲ့သည်။ ကံအားလျော်စွာ အဆိုပါ မြင်းခြံ ဦးကောဏ္ဍည က လွယ်ကူစွာပင် ဓာတ်တော် ၃-မျိုးကို စာတိုက်မှပေးပို့ကူညီလိုက်၍ အထူးကျေးဇူးတင်လျက်ရှိသည်။ သူတို့၏ကျောင်း၌ ဓာတ်တော်မျိုးစုံ အတော်များများစုဆောင်းရခဲ့ပြီး ဖြစ်ကြောင်း သတင်းကောင်းကိုလည်း တစ်ဆင့်စကားကြားရဖူး၏။ ဓာတ်တော် စုဆောင်း ကိုးကွယ် ထားခြင်းသည် ကောင်းသော ဝါသနာပင် ဖြစ်သည်။ ဆက်လက် ကြိုးစားရန် တိုက်တွန်းပါ၏။

## ဓာတ်တော် (၃)မျိုး

မှတ်မှတ်ရရပြောရလျှင် အဆိုပါဓာတ်တော်များသည် (၁၃၂၄-ခုနှစ်၊ နတ်တော်လဆုတ် ၄-ရက် စနေနေ့တွင်) ရောက်လာ၏။ ကောင်းစွာလက်ခံရပြီးလျှင် ဘုရားစင်ဗီရိုတွင်း၌ထားကာကိုးကွယ်နေခဲ့သည်။ ဓာတ်တော်များကို ပုလင်းငယ်နှင့် အသီးသီးထည့်ပြီး စာရေး၍ ရှင်းစွာပါ၏။ သုံးမျိုးဖြစ်ကြောင်း သိရသည်။

(၁) ကျောက်ဆည်တောင်မှရရှိသောဘုရားဓာတ်တော်များ ဆူရေ (၃၀)ကျော်။

(၂) မြင်းခြံမြို့နယ်၊ ရှင်ကန်ပေါက်ရွာမှ ရရှိသော (ရှင်မဟာမောဂ္ဂလာန်ဓာတ်တော်) (၆) ဆူ။

(၃) တကောင်းမြို့ဟောင်း၊ ငှက်တောင်ပေါ်ရှိ ရဟန္တာညီနောင် ၃-ပါး ပရိနိဗ္ဗာန်စံယူရာ ဌာနမှ ပင့်ဆောင်ခဲ့သော 'တကောင်းမြို့ ရဟန္တာဓာတ်တော်များ' ဟူ၍ စာရေးပါ၏။ ထိုရဟန္တာ ဓာတ်တော်များသည် မုန်ညင်းစေ့အောက် သေး

ယော်လှရာ (ဘိန်းစေ့ကလေးများ)ကဲ့သို့ရှိကြသည်။ အရောင် အသွေးကလည်း ဘိန်းစေ့ရောင်ဆန်ဆန်ထင်ရ၏။ တစ်ကဲ့စီရှိ ကြသည်လည်း ပါ၏။ စုပေါင်းကာ ခဲ၍ တွဲကပ်နေကြသည် လည်း ပါ၏။ တစ်ဆူ-နှစ်ဆူ ဟူ၍ ရေတွက်နိုင်စွမ်း ရှိမည် မထင်ပါ။

## စေတီဖြစ်ပေါ်လာမည့်အချိန်

စေတီတည်မည့်နေရာ ပြောင်းလိုက်သည်။ မူလ ကြံရွယ်ထားသော နယ်ခြားတောင်တစ်နေရာမှ အမြင့်ဆုံးတောင်ကြီး တစ်လုံး၏ ထိပ်ပေါ်၌ စေတီတစ်ဆူ တည်ထားရန် ကိစ္စမှာ အရာရာ မပြည့်စုံမှုကြောင့် မအောင် မြင်သေးပါ။ အတော်ကြာကြာ အချိန်ယူ၍ စီစဉ်ကြိုးစားသော်လည်း စိတ်ဆန္ဒတူ ကူညီသူမရ၍ မအောင်မြင်ပါ။ အခြေအနေက အချိန်မပေးသေး ဟုဆိုရမည် ထင်ပါ၏။ သို့ရာတွင် ကြံရွယ်ချက်မလျော့ပါ။ မူလရည်ရွယ်ချက် တောင် မဟုတ်သော အခြားနယ် တစ်နေရာမှ တောင် ချွန်ချွန်ကြီး တစ်လုံး၏ ထိပ်ပေါ်၌ အဝေးကြည့် စေတီ တည်ထားရန် ကြံစည်နေဆဲ ဖြစ်၏။ အားလုံး လျာထားပြီးပြီ။

မကြာမီသော နှစ်တွင် အဆိုပါ ဒုတိယ ကြံရွယ်ချက် တောင်ကြီး ထိပ်ပေါ်၌ အောင်မြင်ပါလိမ့်မည်။ အခြေအနေက အချိန်ပေးပြီဟု ယုံကြည် ချက်ရှိသည်။ ဖလမ်းမြို့နယ်၊ နန်းကသဲချောင်း ရေအား လျှပ်စစ်စခန်း၌ လွန်ခဲ့သော (၃-နှစ်) ကာလမှစ၍ ရောက်ကြပြီး တာဝန်ထမ်းဆောင်နေ ကြသော ရေအား လျှပ်စစ်အဖွဲ့ ဒကာများနှင့် သဘောတူ တိုင်ပင်ထား ကြပြီး၊ ဦးကြည်စိုး စသော စီမံကိန်းမှူး လူကြီးများနှင့် အဖွဲ့က ကူညီ လုပ်အားပေးကြရန် သဘောတူ တိုင်ပင်ထားကြပြီး ဖြစ်သည်။ ဤအရှင် ထံ၌ စုဆောင်းရရှိသော ပြီး ဓာတ်တော်များကို ထိုစေတီတွင်း၌ ဌာပနာ၍ ကိုးကွယ်ထားလိုက်မည် ဖြစ်သည်။ ဓာတ်ပေါင်းစေတီဖြင့်၍ ဒီးရုရှ တန်ခိုး ထက်မြက်နေလိမ့်မည်။

## မြန်မာပြည်၌ တည်ရှိ စေတီ ၂-မျိုး

ဤတွင် မြန်မာပြည်၌ ရှေးရိုးစဉ်လာ တည်ထား ကိုးကွယ်လေ့ရှိ

ကြသော စေတီမူမှန် ၂-မျိုး ရှိ၏။ ဓာတ်တော် စေတီနှင့် ရုပ်ပွားစေတီ ဖြစ်သည်။

(၁) ဘုရားဓာတ်တော် ဖြစ်စေ၊ ရဟန္တာဓာတ်တော် ဖြစ်စေ၊ ထို ၂-မျိုးစုံ ပါဝင်စေ၍ဖြစ်စေ၊ ဌာပနာသွင်း၍ တည်သော စေတီကို ဓာတ်တော် မွေတော် စေတီဟု ခေါ်ကြ၍ ဤကား မူရင်း ပုံမှန် စေတီမျိုး ဖြစ်သည်။

(၂) ဓာတ်တော်-မွေတော် မပါ။ သတ္တဌာန ဗုဒ္ဓရုပ်တုတော် များကို စနစ်တကျထည့်သွင်း၍ ဖြစ်စေ၊ သတ္တဌာနမဟုတ် ဗုဒ္ဓရုပ်တုတော် တစ်ဆူဖြစ်စေ၊ အများဖြစ်စေ အတွင်း၌ ထည့်သွင်း ကိုးကွယ်တည်သော စေတီကို ရုပ်တုတော် စေတီ ဟု ခေါ်ကြ၏။

ဓာတ်တော်များ ရှာဖွေမရမှသာ ဤဒုတိယစေတီမျိုး တည်ကြသည်။ မြန်မာပြည်အတွင်း၌ များစွာသော စေတီတို့သည် (ဓာတ်တော် တစ်ဆူ ဖြစ်စေ) ဘုရားဓာတ်တော်ကို အဓိကထားကာ ထည့်သွင်းပြီး တည်ဖလ ရှိကြ၏။ ထို့ကြောင့် ဓာတ်တော်စေတီ များ[ကြ]သည်။

နယ်ခြားတောင်ကြီးထိပ်ပေါ်၌ ဤအရှင်ဦးဆောင်တည်မည့် အဝေး ကြည့်စေတီကို (ဓာတ်တော်ပေါင်းစေတီ) ဖြစ်ရန် ကြံရွယ် စီစဉ်ထား၏။ ထို့ကြောင့် အရပ်ရပ်မှ ဓာတ်တော်များကို ရနိုင်သမျှ ရှာဖွေစုဆောင်းနေ ခြင်းဖြစ်သည်။ ယခု အတော်စုံစုံ ဘုရားဓာတ်တော်၊ ရဟန္တာဓာတ်တော် တွေ ရနေပြီဖြစ်၍ အောင်မြင်ပါတော့မည်။

## ရဟန္တာ ဓာတ်တော်များ

ဗုဒ္ဓဘာသာလောကတွင် 'ဓာတ်တော်' ဟူ၍ ထူးမြတ်သောအရာ ဝတ္ထုတစ်မျိုးရှိ၏။ လူလုပ်ယူ၍ ရခြင်းမဟုတ်၊ သိပ္ပံပညာစွမ်း ဓာတုဗေဒ စွမ်းဖြင့် ဖန်တီးမရ၊ ရေထွက်သဘာဝ၊ သစ်ပင်ထွက် သယံဇာတ ပစ္စည်းမျိုး မဟုတ်၊ လောကီရတနာ ၇-ပါးတို့ထက် ထူးမြတ်၍ လူ နတ်တို့က ရှိခိုး ပူဇော်ကြရသော ကောင်းကျိုးပေး ရတနာ ဖြစ်၏။

စိတ်ဓာတ်အလွန်စင်ကြယ်၍ အာသဝေါတရားလေးပါး ကုန်ခန်းပြီး သော ထူးမြတ်သည့်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့မှ ရရှိကြသည်။ ဘုရား ရဟန္တာ

ပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်စံယူတော်မူသွားပြီးနောက် ရုပ်ကြွင်းခန္ဓာကို မီးသင်္ဂြိုဟ် ပူဇော်၍ လောင်ကျွမ်းသွားပြီးမှ ကျန်ရစ်ခဲ့သော အရာဖြစ်၏။ ထိုအရာဝတ္ထုငယ်များကို(ဓာတု)ဓာတ်တော်ဟုခေါ်ဆိုရသည်။ ထိုဓာတ်တော်ကို ပေပေါ်တင်၍တူနှင့်ထုသော် မကွဲမကြေနိုင်ပါ။ ထိုဓာတ်တော်ကို ရှိခိုးပူဇော်ကြသော လူနတ်တို့သည် ကောင်းကျိုးချမ်းသာခြင်းသို့ ရောက်ကြသည်။ ထို့ကြောင့် လူတို့က မြတ်နိုးကြ၏။

## ပုဂ္ဂိုလ်မြတ် (၃) မျိုး

လူ့လောကတွင် အလွန်စင်ကြယ်၍ ထူးမြတ်သော သူတော်ကောင်း ပုဂ္ဂိုလ် သုံးမျိုးရှိကြ၏။ ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါနှင့် သာဝက ရဟန္တာ ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုသုံးမျိုးတွင် မြတ်စွာဘုရားရှင်တို့ ပရိနိဗ္ဗာန် စံယူတော်မူကြပြီးနောက် တေဇောဓာတ် လောင်ကျွမ်းပြီးသောအခါ ဓာတ်တော်ကျန်ရစ်မြဲဖြစ်၏။ လူနတ်တို့ ကောင်းကျိုး ချမ်းသာရကြစေရန် ရှိခိုး ပူဇော်ရစ်ဖို့အတွက်ဖြစ်သည်။

ထူးသည်ကား လူတို့အသက် တစ်သိန်းတမ်း၊ တစ်သောင်းတမ်း စသည်ဖြင့် သက်တမ်းရှည်သော ခေတ်ကာလ၌ ပွင့်ကြသော ဘုရားရှင်တို့မှ ကျန်ရစ်သော ဓာတ်တော်တို့သည် မကွဲမပြား တစ်လုံးတစ်ပေါင်း တည်ကျန် ရစ်မြဲဖြစ်၏။ ငါတို့၏ဂေါတမဘုရားရှင်ကဲ့သို့ လူတို့ အသက် တစ်ရာတမ်း၊ သက်တမ်းတိုသောကာလ၌ ပွင့်ကြကုန်သော ဘုရားရှင်တို့မှ ကျန်ရစ်သော ဓာတ်တော်တို့သည် အစိတ်စိတ် အမျိုးမျိုးကွဲပြား၍ ကျန်ရစ်ကြမြဲဖြစ်၏။ လူနတ် အများတို့က အရပ်ရပ်သို့ လိုရာပင့်ဆောင် ကိုးကွယ်နိုင်ကြစေခြင်း အကျိုးငှာဖြစ်သည်။

ဘုရားရှင်တို့၏ တပည့်သာဝက ဖြစ်ကြသော ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်စံယူပြီးနောက် တေဇောဓာတ်လောင်ကျွမ်းပြီးသောအခါ အများ အားဖြင့် ဓာတ်တော်ကျန်ရစ်ကြသည်။ ဓာတ်တော်မကျန်သော ပုဂ္ဂိုလ်၊ ဓာတ်တော် လုံးဝမကျန်အကုန်အစင် လောင်ကျွမ်း ပျောက်ကွယ်သွားသော ရဟန္တာပုဂ္ဂိုလ်များလည်း ရှိကြ၏။ ဓာတ်တော်ကျန်ရစ်သော်လည်း မများ၊ အနည်းငယ်သာ ကျသော ပုဂ္ဂိုလ်များလည်း ရှိကြ၏။ ဤကား ထိုထို ပုဂ္ဂိုလ်မြတ်တို့၏ အလိုရှိသော ဆန္ဒတော်အလျောက် ကြိုတင် ဓိဋ္ဌာန်ချက် အကြောင်းခံကြောင့် ခြားနားကြသည်။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့မှ

ဓာတ်တော်ကျန်ခြင်း၊ မကျန်ခြင်း၊ ၂-မျိုးရှိကြောင်း ခွဲခြား နားလည်ကြရာ၏။

ပစ္စေကဗုဒ္ဓါတို့၏ ဓာတ်တော်များနှင့်စပ်၍ကား ကျမ်းဂန်တို့၌ ကျယ်ပြန့်စွာ မတွေ့မိ၊ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ်၊ အတ္တနောပုဗ္ဗကမ္မဝတ္ထုလာ သုသိမ ပစ္စေကဗုဒ္ဓါ ဓာတ်တော် ကြွင်းကျန်ကြောင်းသိရ၏။ ဗာရာဏသီမြို့ တံခါးအနီး၌ ပစ္စေက ဗုဒ္ဓါများနှင့် ဒကာဒကာမများက အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီးလျှင် ဓာတ်တော်များကို ကောက်ယူ၍ စေတီတည်ထားသည်ဟု ပါရှိ၏။ ပစ္စေကဗုဒ္ဓါကို ဘုရားငယ်ဟု ခေါ်ကြသည်။

ဘုရားငယ်ဆိုသည်မှာ သစ္စာလေးပါးကို အလိုလို ကိုယ်တော်တိုင် သိမြင်နိုင်ကြသည်။ သာဝကတို့ကဲ့သို့ သူတစ်ပါးမှီခိုအားပြုနေရခြင်းမရှိပါ။ ထို့ပြင် ဘုရားရှင်တို့ ပွင့်ပေါ်ကြသော ခေတ်ကာလ မဟုတ်။ ဘုရားရှင်တို့ သာသနာတွင်းကာလမျိုးတို့၌ ဖြစ်ရိုးပေါ်ထွက်ရိုး မရှိကြပါ။ ထို့ကြောင့် "ပစ္စေက=အသီးအခြား၊ ဗုဒ္ဓ=ဘုရား" ဟု ဆိုခြင်းဖြစ်သည်။ ပခုက္ကူမြို့ မဟာဝိသုဘာရာမတိုက် ဆရာတော်ဘုရားကြီး ဦးပညာက စာချရာတွင် ပစ္စေကဗုဒ္ဓါကို "ကြားဘုရား လော်ကယ်ဘုရား"ဟူ၍ စာသင်သားရဟန်း သာမဏေတို့ နားရှင်းကြစေရန် ဝါ-ပေါက်၍ အနက်ပေးတော်မူဖူး၏။

## ဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်ခြားနားချက်

ဤတွင် ဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော် ခြားနားချက်ကို ပြောမည်။ ဓာတ်တော်ဟူသမျှ အမျိုးတူပါ၏။ သဘာဝအားဖြင့် တူကြသည်။ သို့ရာတွင် အရွယ်အစား ပုံစံပမာဏအားဖြင့် မတူကြပါ။ အရောင်အဆင်းအားဖြင့်လည်း ခြားနားကြသည်။ ပါဠိကျမ်းဂန်တို့၌ ပမာဏပြထားသည်မှာ—

'မဟန္တာ မုဂ္ဂမတ္တာစ၊ မဇ္ဈိမ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာမှိ' ဟူ၍ မှုမှန်ခွဲခြားပြချက်ရှိ၏။

"အကြီးဆုံးဓာတ်တော်တို့က ပဲနောက်စေ့ ပမာဏရှိကြသည်။ ထိုထက်ပို၍ငယ်ကြီး၊အလတ်စားဓာတ်တော်တို့က ဆန်ကျိုးပမာဏရှိကြသည်။ အငယ်စားဓာတ်တော်တို့က မုန်ညင်းစေ့ ပမာဏ ရှိကြသည်။ ထိုအောက် သေးငယ်ခြင်း မရှိကြ"

ဟူ၍ အရွယ်ပမာဏသုံးမျိုးရှိကြောင်း ရှင်းစွာခွဲခြားပြထားပြီးရှိ၏။ ဓာတုဝင်ကျမ်း၌ အရောင်အဆင်းပါ ပုံသေဆိုထားပြီးဖြစ်၍ ဓာတ်တော်ကို ဖူးမြင်ရလျှင် "ဒါ ဘုရားဓာတ်တော် ဖြစ်ကြောင်း" ခွဲခြားသိနိုင်ကြ၏။

## ရဟန္တာဓာတ်တော် ဘယ်နှစ်စားရှိသနည်း

ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့၏ ဓာတ်တော်များကို ဖူးမြင်နေကြရ၏။ သို့သော်ဘယ်နှစ်မျိုးရှိလေသနည်း။ ပုံစံအရွယ်ပမာဏအားဖြင့်လည်းကောင်း အရောင်အဆင်းအားဖြင့် လည်းကောင်း သိဖို့လိုပါ၏။ ပါဠိကျမ်းဂန်တို့၌ ခွဲခြားပြဆိုချက် မတွေ့ရဖူးပါ၊ အမှန်သိရှိရန် လိုပါသည်။ သိပ္ပံပညာဖြင့် အဏုမြူဓာတ်ကို ရှာဖွေ၍ ခွဲခြားသိနိုင်စွမ်းရှိကြသည်ဆို၏။ သိကြ၍ထုတ်ဖော် ရေးပြနိုင်စွမ်းကြသည်။

လက်တွေ့ ကြည့်မြင်နေကြရသော ရဟန္တာပုဂ္ဂိုလ်တို့၏ ဓာတ်တော် အများကိုလည်း စေ့စပ်အောင်လေ့လာကြည့်ရှုပြီး မှတ်သားထားကြလျှင် ဖြစ်နိုင်ပါမည်။ စာပေကျမ်းဂန်တတ်ကျွမ်းပြီး လောကီ-လောကုတ် စွယ်စုံ ပညာရှင် ဗဟုသုတနှံ့စပ်အောင် လေ့လာမှုနှင့် ပြည့်စုံတော် မူကြသော ရဟန်းပညာရှိပုဂ္ဂိုလ်တို့က ကျမ်းစာငယ်တစ်စောင်တစ်ဖွဲ့ဖြစ်စေ ရေးကြလျှင် ကျေးဇူးများပါမည်။ ပါဠိစာပေနှင့်တကွဗဟုသုတကြွယ်ဝကြသောလူပညာ ရှိတို့ကဖြစ်စေ၊ မိမိတို့စွမ်းနိုင်သမျှ ရေးသားကြလျှင် နှောင်းလူတို့ အသိဉာဏ် တိုးကြရပါမည်။ အလွယ်သိကြရပါမည်။ တိုက်တွန်းပါ၏။

အမှန်ပြောရလျှင် ဤအရှင်အနေဖြင့် ရဟန္တာပုဂ္ဂိုလ်မြတ်တို့၏ဓာတ် တော်များအကြောင်းကို ရှင်းစွာခွဲခြားမသိပါ၊ မသိခြင်းမှာ ပြောပြဖူး သူမရှိ၍ဖြစ်၏။ ရဟန္တာဓာတ်တော်များနှင့် အကျွမ်းတဝင် မနေခဲ့ကြရဖူး၍ အသိအမြင် မများခြင်းကြောင့်လည်းပါ၏။ မိမိကိုယ်တိုင်က သိချင်စိတ်ဖြင့် စိတ်ဝင်စားစွာရှာဖွေကြည့်ရှုလေ့လာမှုမပြုခဲ့ဖူးသောကြောင့်လည်း မသိခြင်း ဖြစ်သည်။

သို့ရာတွင် သိနိုင်သောနည်းရှိ၏။ ဤအရှင် ရဟန္တာဓာတ်တော်များ ကို မှတ်မှတ်ရရ စတင်ဖူးမြင်ခဲ့ရသည်ကတော့ ကြာပါပြီ၊ ရှေးလွန်လေပြီး သောအချိန် ပျို့ရွယ်စဉ် သာမဏေစာသင်သား၊ ရဟန်းလောင်း ကိုရင်ကြီး ဘဝတုန်းက စစ်ကိုင်းတောင်ရိုး မဟာသမယချောင်၌ ကျေးဇူးရှင် ဆရာ

တော်ဘုရားကြီး ဦးညာဏိန္ဒ၏ထံပါး အလုပ်အကျွေးပြုရင်း စာပေပရိယတ် သင်ယူနေစဉ်အခါတွင် ဖြစ်၏။

## ရဟန္တာဓာတ်တော် ကြီးငယ်မျိုးစုံ

တစ်နေ့သ၌ ဆရာတော်ကြီးက ဤအရှင်ကို စာပို့လွှတ်၍ ရှင်ဖြူ ရှင်လှဆိပ် ရွှေကျောင်း ဆရာတော်ထံသို့ ရောက်သွား၏။ ထိုဆရာတော် ကျောင်းသို့ ယခုတစ်ကြိမ်သာ ရောက်ရဖူးခြင်းဖြစ်ရာ မိမိကံကောင်းခြင်းအစ ဟု ထင်မှတ်ထားသည်။ မမြင်ရဖူးသော စိတ်ဝင်စားဖွယ် အဆန်းအပြား တွေ ဤတစ်ကြိမ် စတင်တွေ့မြင်ရသောကြောင့် ဖြစ်၏။

ရွှေကျောင်းဆရာတော်၏ ကျောင်းအပေါ်ထပ်သို့ တက်ရောက်သွား လျှင် ဘုရားခန်း၌ သာသာယာယာ ကြည်ညိုဖွယ်ရာ ဖြစ်အောင် ပြင်ဆင် ထားပုံကို မြင်ရ၏။ မြင်ကာမျှနှင့် စိတ်ဝင်စားလှသည်။ စာပွဲရှည်များ အပေါ်၌ ဖန်ပေါင်းချောင်ကြီးငယ်အမျိုးမျိုးကို ကြည့်ဖွယ် ကောင်းအောင် ခင်းကျင်းထားပြီး ဖန်ပေါင်းချောင်များအတွင်း၌ ဓာတ်တော်အမျိုးကွဲတွေ အတော်များများကို တစ်သန့်စီ ထည့်၍ ကိုးကွယ်ထားသည်။ မိမိသည် လေးစားစွာထိုင်၍ ရှိခိုးကာ ဦးချသည်။

ပြီးလျှင် အထူးအဆန်းတွေကို ထိုတစ်ကြိမ်သာ မြင်တွေ့ရခြင်းဖြစ်၍ စိတ်ဝင်တစား တစ်နေရာမှ တစ်နေရာသို့ တဖြည်းဖြည်း လျှောက်ကြည့် နေမိသည်။

ရွှေကျောင်းဆရာတော်က ကျေနပ်အားရဟန်တူ၏။ ဤအရှင်အနီး သို့ လျှောက်လာခဲ့ပြီး "ကိုရင်က ဓာတ်တော်ကို ကြည်ညိုတတ်ပုံရတယ်၊ အဲဒါဓာတ်တော်အမျိုးမျိုးတွေပေါ့၊ ဒီကျောင်းမှာနေတဲ့ ရသေ့ကြီးတစ်ပါး က ဝါသနာပါလို့ မြန်မာပြည် အရပ်ရပ်မှ ရှာဖွေ ယူဆောင် လာခဲ့ပြီး ကိုးကွယ်ထားတာတွေ"

ဖန်ပေါင်းချောင် အမျိုးမျိုးကို တစ်ခုပြီးတစ်ခု လက်ညှိုးညွှန်ပြရင်း "ဟောဒါတွေက ဘုရားဓာတ်တော် အစစ်တွေဖြစ်တယ်၊ ကျန်တာတွေ အားလုံးကတော့ ရဟန္တာ ဓာတ်တော်တွေ ဖြစ်ကြတယ်" ဟု အမိန့်ရှိရာ ကျေးဇူးတင်လှ၏၊

ဤအရှင်၏ တစ်ဂုဝတာတွင် ထိုအချိန်သည် မှတ်မှတ်ရရ ခေတ်တော် အမျိုးမျိုးကို ဦးစွာ ဖူးတွေ့ရခြင်း ဖြစ်၏။ မိမိ၏ရှေ့တွင် ဖန်ပေါင်းချောင် အမျိုးမျိုးတွင် ခေတ်တော်ပုံစံအမျိုးမျိုးတွေ့ ကြည့်မြင်ရခါမှ "ဘုရားရှင် ခေတ်တော်နှင့် ရဟန္တာခေတ်တော်" ဟူ၍ နှစ်မျိုးရှိကြောင်းကိုလည်း ထိုနေ့ မှ စတင်သိမြင်ခဲ့ရသည်။

ထို့ပြင် ဘုရားရှင် ခေတ်တော်နှင့် ရဟန္တာတို့၏ ခေတ်တော်မတူကြ သော ထူးခြားပုံကိုလည်း မိမိ၏ပင်ကိုအသိဖြင့် သတိပြုကာ ကြည့်ခဲ့မိသည်။ မူကြမ်းအားဖြင့် ပြောရလျှင် ရဟန္တာ ခေတ်တော်များက အရွယ်ပမာဏ ကြီးတာတွေ ရှိကြသည်။ ပုံပန်းသဏ္ဍာန်မှာ ကျောက်စရစ်ခဲတွေ လိုလိုက တစ်မျိုး၊ အရွယ်ကလိန်စေ့ခန့်ပုံဟန်ကလည်း ကလိန်စေ့ဆန်ဆန် လုံးယောင် ပြားယောင်က တစ်မျိုး၊ အခွံခွာပြီး ကွမ်းသီးငယ်ခန့်၊ အချို့က ကွမ်းသီး ခြမ်းလုံးလိုလို ဖန်ပေါင်းချောင်တွင်းထည့်၍ထားပုံ အတော်စုံစုံ ဖူးမြင်ခဲ့ရ၏။

စာရေးကပ်ထား၍ဖတ်ရသိရသော အချို့ရဟန္တာခေတ်တော်များက အတော် သေးငယ် မှုန်မွှားရှိကြသည်။ ပုလင်းတုင်ထည့်၍ ကိုးကွယ်ထား ရာမှာ ဘိန်းစေ့ငယ်ကလေးများ ပမာဏရှိကြပုံ ဖူးမြင်ရ၏။ ခေတ်တော်တို့၏ အသွေးအရောင်မှာ ဘုရားခေတ်တော်များကဲ့သို့ရွှေအဆင်း၊ ပုလဲအဆင်းမျိုး မဟုတ်ကြပါ။ ခရုသင်းဖြူရောင်၊ ညိုပြာအနုရောင်၊ နီပြာရောသော အဖြူနု ရောင်ဝါဖျော့ဖျော့အရိုးခေတ်ဆန်ဆန်ရှိကြပုံကိုလည်းသတိပြုကြည့်ခဲ့မိသည်။ ဤကား ပထမဆုံးအကြိမ် တွေ့မြင်ရချက်မှ စိတ်မှတ်တမ်းဖြစ်သည်။

## အနုရုဒ္ဓါချောင် ခေတ်တော်များ

ထို့နောက် စစ်ကိုင်းတောင်ရိုး၌ပင် ထိုစဉ်က 'ရဟန္တာချောင်' ဟူ၍ ခေါ်ပြောလေ့ရှိသော အနုရုဒ္ဓါချောင်၌ ခေတ်တော်တွေများစွာ ဖူးတွေ့ရ ပြန်၏။ အနုရုဒ္ဓါချောင် ဘုန်းကြီးကျောင်း အပေါ်ထပ်၌ ကျယ်ပြန့်သော ဘုရားခန်းကြီးကို ဖန်တီး၍ စားပွဲရှည်ကြီးတွေပေါ်၌ ကြည့်ဖွယ်ကောင်း အောင် ဖန်ပေါင်းချောင် ပုံစံအမျိုးမျိုးနှင့် ခေတ်တော်တွေ အနည်းအများ ပုံစံအမျိုးမျိုး တစ်သန့်စီထည့်ကာ ကိုးကွယ်ထားပုံကို အတော်ကြီး ပြည့်စုံ စွာ ဖူးတွေ့ခဲ့ရ၏။ မိမိအနေဖြင့် ဒုတိယအကြိမ် မှတ်မှတ်ရရ ဖူးတွေ့ရခြင်း ဖြစ်သည်။

ထိုအခါ ဓာတ်တော်တို့၏ ပုံစံပမာဏအရွယ်အစား အမျိုးပေါင်းစုံလှစွာကို ဖူးမြင်ရခြင်းဖြစ်၍ အံ့ဩမဆုံးအောင် သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့၏ ရုပ်ကြွင်းခန္ဓာမှ ကျန်ရစ်ခဲ့သော ဓာတ်သဘာဝကို ဉာဏ်မမီမလှမ်း တွေးဆမိခဲ့ဖူး၏။ ထိုဆရာတော်ကြီး၏ အထူးကြိုးစား၍ ရှာဖွေစုဆောင်းထားလိုသော စေတနာ၊ ဆန္ဒနှင့် ဝီရိယအားထုတ်ပုံကို ချီးကျူးမဆုံး ဖြစ်မိပါ၏။ အနုရုဒ္ဓါချောင် တစ်နေရာတည်း၌ လူ့ရှင့်ရဟန်းအများအလွယ် ဖူးမြင်နိုင်ကြစေရန် စေတနာ ဆန္ဒ မနသိကာရကိုလည်း အထူးချီးကျူးကာ ကျေးဇူးတင်မဆုံး ဖြစ်မိရသေး၏။ ထို့ပြင် တစ်ဆက်တည်းမှာပင် မိမိတို့မြန်မာပြည်အတွင်း၌ ဤမျှများပြား၍ စုံလင်လှစွာသော ဘုရားရှင်ဓာတ်တော်တွေနှင့်ရဟန္တာဓာတ်တော်တွေအများရှိနေကြောင်းကိုလည်း ထိုအချိန်တွင် လက်တွေ့သိမြင်ရ၍ ဝမ်းသာ အားရ ဖြစ်ခဲ့ရ၏။ ဝမ်းသာအားရခြင်းသည် စိတ်ဓာတ်ကို ထက်မြက်စေပါသည်။

မြင်းခြံမြို့၊သာသနဇောတိကာရုံကျောင်းတိုက်မှမိတ်ဆွေဦးကောဏ္ဍညပို့လှူသော တကောင်းမြို့ဟောင်း ငှက်တောင်ပေါ်၌ ရဟန္တာ ညီအစ်ကိုသုံးပါး ပရိနိဗ္ဗာန်စံယူရာမှ ဓာတ်တော်များသည် ဘိန်းစေ့ကလေးများကဲ့သို့ အလွန်သေးငယ်သော ဓာတ်တော်များ ဖြစ်ကြ၏။

## ဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော် ခွဲခြားသိနည်း

အဆိုပါ ဖူးတွေ့သိမြင်ခဲ့ရသော အသိအမြင်တို့ကို အထောက်အထားပြု၍ စုပေါင်းချုပ်ပြီးအမြင်ရှင်းရှင်းကြည့်တတ်ကြလျှင် ဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော် ခွဲခြားသိနိုင်ကြပါမည်။

သိအောင်ကြည့်နည်းမှာ ဘုရားရှင်ဓာတ်တော် (၃) မျိုးကို မှုသေမှတ်၍ ပိုင်ပိုင်သိအောင် ကြည့်ထားရမည်။ မြင်ကာမျှဖြင့် 'ဒါ ဘုရားဓာတ်တော်' ဟု ရှင်းရှင်းသိထားပြီးလျှင် ကျန်သမျှ ရဟန္တာဓာတ်တော်များဟု နားလည်ရမည်။

ဓာတ်တော်ကို မြင်ဖူးရလျှင် အရွယ်ပမာဏ ကြီးသည်ဖြစ်စေ၊ အလတ်စားဖြစ်စေ၊ အလွန်သေးငယ်သည်ဖြစ်စေ၊ အရောင်အဆင်း မည်သို့ ရှိသည်ဖြစ်စေ၊ ဘုရားရှင်ဓာတ်တော်သုံးမျိုးနှင့် မတူညီသော ဓာတ်တော် ဟူသမျှအားလုံးကို 'ရဟန္တာပုဂ္ဂိုလ်တို့၏ ဓာတ်တော်တွေချည်း ဖြစ်ကြတယ်' ဟု

ပုံသေမှတ်ယူနိုင်ကြသည်။ ဤသို့ တစ်ခု မူသေထား၍ အကြွင်း သိနည်းကို အဝုတ္တသိဒ္ဓိနည်း ခေါ်သည်။

'အဝုတ္တသိဒ္ဓိနည်း' ဆိုသည်မှာ သဒ္ဒါကျမ်းလာ နည်းလေးဆယ်မှ တစ်နည်းဖြစ်၏။ "မပြောရဘဲနှင့် သိစေသောနည်း" ဟု ဆိုလိုသည်။ (ဥပမာ) "ဟိုမှာလာနေကြတဲ့ လူသုံးယောက်ထဲမှာ ရှေ့ဆုံးလူဟာ အတော်ကြီး ဥပမိရုပ် ကောင်းတဲ့လူပဲ" ဟူ၍ ပြောလျှင် ကျန်လူ ၂-ယောက်ကို မပြောရဘဲ ဥပမိရုပ် အခြေအနေကို သိနိုင်ကြပြီး ဖြစ်သည်။

"ငါတို့ရွာ ဘုန်းကြီး သုံးကျောင်း ရှိရာမှာ ရွာရှေ့ ကျောင်းမှ ဆရာတော်ကြီးက အသက်အရွယ် အကြီးဆုံးလဲ ဖြစ်တယ်။ အနေအကျင့် အကောင်းဆုံးလဲ ဖြစ်တယ်" ဟူ၍ ပြောလျှင် ကျန် ဘုန်းကြီး ကျောင်း ၂-ကျောင်းမှ ဘုန်းကြီးများက သက်ရွယ် မကြီးကြသေး၊ အနေအကျင့် ထူးခြားပြောစရာ မရှိ၊ သာမန်ပုဂ္ဂိုလ်များ ဖြစ်ကြပုံကို အလိုလိုသိကြပြီး ဖြစ်သွားသောနည်းဖြစ်၏။

ဤတွင် လိုရင်း အချုပ်ပြောရလျှင် ရဟန္တာ ဓာတ်တော်များက ဘုရားရှင်၏ ဓာတ်တော်နှင့် မတူကြပါ။ တူညီရန်လည်း မထိုက်တန်ကြပါ။ အကြောင်းမှာ ဘဝပါရမီ နောက်ခံဖြစ်ဘဲ ဖြည့်ကျင့် ဆည်းပူးခဲ့ကြရသော (ပါရမီ ဒဗ္ဗသမ္ဘာရ)ပါရမီချင်း ခြားကွာလွန်းသောကြောင့်ဖြစ်၏။ဤကား နားရှင်းစွာ သိကြရန် လိုရင်း အချုပ်တည်း။

## ဒီပဲယင်းကိုးသန်းနယ်ရှိ ဓာတ်တော်များ

အညာမြေ ရွှေဘိုနယ်၌ တွေ့ရှိရသော ရဟန္တာ ဓာတ်တော်များ အကြောင်း ဤတွင် ပြောမည်။ လွန်ခဲ့သော (၇) နှစ်ကျော်က ဤအရှင်သည် ရွှေဘိုခရိုင် ဒီပဲယင်း ကိုးသန်းနယ်အတွင်း တောရွာ ကျေးလက် အများသို့ ခရီးထွက်ခဲ့သည်။ ထိုစဉ်အခါ ကံအားလျော်စွာ ကံကောင်းသည် ဆိုရပါမည်။ ရဟန္တာဓာတ်တော်တွေ ကိန်းဝပ်စေ၍ တည်ထားခဲ့ကြသော စေတီတွေ အများအပြားရှိရာ ဒေသသို့ ခရီးစဉ်အရ ရောက်သွား၏။ ထိုနယ် ထိုဒေသ၌ ရဟန္တာဓာတ်တော်တိုက်တွေရှိကြောင်း တစ်ကြိမ်တစ်ခါမျှ ပြောဆိုသံ မကြားခဲ့ရဖူးပါ။

ခရီးကြုံခိုက် ရှေးတစ်ချိန်က ဘဝတူ စာသင်ဖက် ဖြစ်ခဲ့ကြသော

သက်နှယ်ကြီး ဘုန်းကြီးတွေကို ဖူးတွေ့ခဲ့ရ၏။ အတိတ်ဘဝတို့မှ ပါရမီဖြည့်ဖက်ဖြစ်ခဲ့ကြ၍ ထင်၏။ ခင်မင်ရင်းနှီးမှု အလွန်အားကောင်းကြသော ဆရာတော်များက အထူးလိုလားစွာ ဖိတ်ခေါ်ကြ၏။ ဖိတ်ခေါ်ကြလွန်း၍ သွားရောက် ဖူးတွေ့ရင်း ပူဇော်ကန်တော့ခဲ့ရခြင်း ကုသိုလ်ပိုခဲ့ရသည်။ ဒီပဲယင်းတောင်လက်နက် ထန်းတစ်ပင်ရွာ ကျောင်း၌ တစ်ည ရပ်နားတည်းခို၍ ဆရာတော်ကြီး ဦးသီရိနန္ဒနှင့် ညချမ်းအခါ အေးဆေးစွာ ဝမ်းသာကြည်နူး စကားဆွေးနွေးခဲ့ရ၏။ ဤကား ရှေးရိုး ရှေးဘုန်းကြီးတို့ စိတ်ထားသဘာဝ အရ တစ်သက်ပန်နှစ်သက်ဖွယ်ဖြစ်ခဲ့သည်။ တစ်ဘဝတာအတွင်း ရှေးဟောင်းနှောင်းဖြစ်တွေ ဦးစွာ ပြောမိကြသည်။ သာသနာရေး အကြောင်းတွေလည်း ပါ၏။ မိမိ သွားလာ ကျင်လည်နေခဲ့ရသော ရပ်ရွာဒေသ အခြေအနေ အကြောင်း အကောင်းဘက်မှ ကြည့်မြင်နည်းလည်း ပါ၏။ လူ့လောက မြင်ကွင်းမှ သံဝေဂ ရဖွယ်တွေလည်း ပါ၏။ တရားအသိ၊ တရားအမြင် မိမိ၏ ကိုယ်ရေး ကိုယ်တာဘက်၌ တိုးတက်ဖွယ်ရာ အလားအလာတွေပါ၊ စကားစပ်မိစပ်ရာ အတော်စုံစုံပင် ပြောဆို ဆွေးနွေးခဲ့ကြရ၏။ သာရဏီယကထာနှင့် သမ္မောဒနီယကထာတွေချည်း ဖြစ်ကြသည်ဟု ဆိုရပါမည်။

## ကျောင်းအနီး ရဟန္တာဓာတ်တော်တွေ

ထို့နောက် ကံအားလျော်စွာ ဆိုရပေမည်။ ဆရာတော်ကြီး ဦးသီရိနန္ဒက သူ၏ ကျောင်းအနီးရှိ စေတီတော်များအကြောင်း စကားစီး သန်းသွား၏။

"တပည့်တော် ကျောင်းအနီးရှိ စေတီတော်များ အားလုံးဟာ ရဟန္တာဓာတ်တော်တွေ ဌာပနာပြီး တည်ထားခဲ့ကြတဲ့ ဓာတ်တော်တိုက်တွေချည်း ဖြစ်ကြတယ်ဘုရား" ဟူ၍ သူကိုယ်တိုင် ကံအားလျော်စွာ လက်တွေ့သိရပုံကို အမိန့်ရှိတော်မူ၏။

ဤအရှင်၏ ငယ်ကပေါင်းဖြစ်သော မိတ်ဆွေကောင်းဆရာတော်ကြီး ဦးသီရိနန္ဒသည် သူ၏ ကျောင်းအနီး၌ ပြိုပျက်သမျှ စေတီဟောင်းများကို အခါအခွင့်သင့်တိုင်း ပြန်လည်ပြုပြင်ကာ ကြည်ညိုဖွယ်အမြင်ကောင်းအောင် တည်နေလေ့ရှိသော စေတနာရှင် ပုဂ္ဂိုလ်ထူး တစ်ပါးဖြစ်၏။ လွန်ခဲ့သော ၉-နှစ်ခန့်က စေတီတစ်ဆူကို ခါးလယ်၌ ပေါက်ကွဲပြီး ပြိုကျ၍ ပြန်လည် ပြုပြင်ရာမှာ စေတီအတွင်း၌ ရဟန္တာဓာတ်တော်တွေ သပိတ်ကြီးနှင့် တစ်လုံး

အပြည့် တွေ့ရကြောင်း နောက်နှစ်တွင် အခြားတစ်နေရာ၌ အတန်ငယ်ကြီးသော စေတီတစ်ဆူကို ခါးထက်ဝက်ခန့်မှ ပြိုကျပြီး ငုတ်တိုဖြစ်၍ ပြန်လည်မွမ်းမံတည်ရာမှာလည်း ရဟန္တာ ဓာတ်တော်တွေ ရပြန်ကြောင်း၊ များပြားလိုက်တဲ့ဓာတ်တော်တွေ စဥ့်အိုးကြီးနှင့် တစ်လုံးအပြည့်ထည့်ထားပုံကို တွေ့မြင်ရကြောင်း အမိန့်ရှိ၏။

ထို့နောက် ၁၃၄၆-ခုနှစ်တွင် တွေ့ရပြန်သည်မှာ အတော်ကြီးသော စေတီလတ်တစ်ဆူ ပြိုကျ၍ ပြန်လည်ပြုပြင်ရာ၌ ရဟန္တာ ဓာတ်တော်များ (အိုးတ်နှင့် အင်္ဂတေဖြင့်) လျောင်ကန် ဖန်တီးပြီး ဌာပနာထားကြောင်း၊ ပြည်လည်တည်နေခိုက် ထိုဓာတ်တော်တွေကို ခေတ္တရွှေ့ပြောင်းထားဖို့လို၍ တူးယူရာမှာ သံလင်ပန်းကြီးနှင့် သုံးချပ်အပြည့် အခဲောက်ကြီး တွေ့ရကြောင်း အမိန့်ရှိ၏။ ဤသတင်း ကြားသိရချက်ကား အားရနှစ်သက်ခြင်း ဖြစ်ရပေသည်။

## ကုံကြိုက်ခိုက် ပါရမီဖြည့်ရ၏

စကားအလျဥ်းသင့်၍ ပြောရဦးမည်။ ကြွားချင်လို့တော့မဟုတ်ပါ။ ဒါနရှင်တွေ ဝမ်းမြောက်စေရန်ပါ။ ရဟန္တာဓာတ်တော်တွေ ထပ်ကာပေါ်ထွက်နေကြ၍ စေတနာထူး ဆရာတော်ကြီး ဦးသီရိနန္ဒသည် ဆက်ကာပြုပြင်တည်နေရကြောင်း သိရ၏။ အဆိုပါ လင်ပန်းကျယ်ကြီးနှင့် သုံးချပ်အပြည့် တွေ့ရသော စေတီကို ၁၃၄၇-ခုနှစ်တွင် ပြန်လည် ပြုပြင်နေခိုက် ဤအရှင် ခရီးစဥ်နှင့် ကုံကြိုက်၍ ကံပါရမီကူညီပေးခွင့်ရခဲ့၏။ ဝမ်းသာကြည်နူးဖြစ်ရသည်။

ဤအရှင်သည် ပြည်မဘက်သို့ ရပ်ဝေး ခရီးထွက်ရာ အပြန်ခရီးအတွင်း ရွှေဘိုနယ်၊ ဒီပဲယင်းနယ် နွေရာသီ ရေရှားသော ကျေးလက်ဒေသ၌ ရေတွင်း ရေကန်အများ ကိုယ်တိုင် လှည့်လည် ကြည့်ရှုပြီး ပြုပြင်ပေးခဲ့သည်။ ထိုမြို့ ဤမြို့မှ စေတနာရှင်တို့ လှူဒါန်း ထောက်ပံ့လိုက်ကြသော ခရီးစရိတ်နှင့် နဝကမ္မ ဝတ္ထုရသမျှကို ရေတွင်း ရေကန်များနှင့် ခွဲတမ်းချ၍ ရဟန္တာဓာတ်တော် စေတီများကို ပြုပြင်ရန်အတွက် (၂၅၀၀)နှစ်ထောင့်ငါးရာ လှူဒါန်းထောက်ပံ့ခဲ့၏။ ဝမ်းသာမဆုံး ကျေနပ်နေမိသည်။

စေတနာတူ ဘုန်းကြီး ၂-ပါး ကုသိုလ်ပူဖက် ပါရမီတူညီစွာဖြည့်ကြရပြန်၏။ နိဗ္ဗာန်မရခင်စပ်ကြား သံသရာတစ်ခွင် ကျင်လည်ကြရာတွင် မကြာ

မကြာ တွေ့ကြဆုံရကြုံကြိုက်ရပေဦးမည်။ ထိုအခါ ခင်ကြမင်ကြရပေဦးမည်။ စိတ်တူ စေတနာတူ ကောင်းမှုတွေ ပြုကြရပေလိမ့်ဦးမည်ဟု ကံပါရမီ၏ သဘာဝကို တွေးမျှော်ကြည့်မိပေသေး၏။ တွေးမျှော်မိ၍ စိတ်ပျော်သလို ကြည်နူးစိတ် ခေတ္တ ခံစားမိရသေး၏။

ထို့ကြောင့် ဤဘဝတွင် ရှေ့ဆက်လက်၍ မိမိပစ္စည်းအား တတ်နိုင်စွမ်းပါမူ တစ်သက်တာကာလပတ်လုံး ဆရာတော်ကြီး ဦးသီရိနန္ဒကိုကူညီ၍ ဘုရားခေတ်တော်နှင့် ရဟန္တာခေတ်တော် စေတီများကို ပြုပြင်သွားကြမည်ဟု ကြိုတင် အသိပေးလျှောက်ခဲ့မိသေး၏။ မိမိ၏ လုပ်မြဲဒါနဖြစ်သော နွေရာသီ ရေရှားကြသော လက်လှမ်းမီရာ တောရွာ ကျေးလက် ဒေသများ၌ ရေတွင်းနှင့် ရေကန်များကိုလည်း မိမိ စွမ်းနိုင်သလောက်တော့ ပြုပြင်သွားနေမည်သာ ဖြစ်၏။ ဤကား သူတော်ကောင်း ဖြစ်ကြသော ရဟန်းပုဂ္ဂိုလ်တို့ အနေဖြင့် ပြုလုပ်ထိုက်သော ကောင်းမှုမျိုး ဖြစ်၍ ဖော်ပြခြင်းတည်း။

## ရဟန္တာ ခေတ်တော်တွေ များစွာ

မပြိုမပျက် ကောင်းစွာ တည်ရှိနေဆဲ ဖြစ်သော စေတီတော်တွေ ထန်းတပင်ရွာ ဆရာတော်ကြီး ဦးသီရိနန္ဒ၏ ကျောင်းပတ်ဝန်းကျင်၌ အတော်များများ ရှိနေကြ၏။ ထိုစေတီတွေအားလုံး ရဟန္တာ ခေတ်တော်တွေကို ဌာပနာ၍ ပူဇော် ထိန်းသိမ်းပြီး တည်ထားခဲ့ကြသော စေတီမျိုးချည်းသာ ဖြစ်ကြမည်ဟု ခန့်မှန်းကြရသည်။

မည်သည့် ခေတ်အခါ၌ မည်သည့်ခုနှစ်တွင် အဘယ်မည်သော ရဟန္တာ ပုဂ္ဂိုလ်များ၊ ဘယ်နေရာ၌ ပရိနိဗ္ဗာန် စံယူတော်မူကြ၍ မည်သည့် ရဟန်း ပုဂ္ဂိုလ် မည်သည့် လူဒကာတို့က စေတီတည်ထားကြောင်း စာတန်း ရေး၍ ကျောက်စာထိုးထားခြင်းမျိုး၊ ပေစာ ပရပိုက်၌ ရေးထားခြင်း မတွေ့ကြရ၊ ထို့ကြောင့် သမိုင်းအမှန်ကို မသိကြရပါ။

ထန်းတပင်ရွာ ပတ်ဝန်းကျင်ကဲ့သို့ အခြားသောရပ်ရွာအနီး ဘုန်းကြီးကျောင်းကန့်အနီး ဝန်းကျင်တစ်ဝိုက်၌လည်း အလားတူ ရှေးဟောင်း စေတီတော်တွေ (အငယ်-အလတ်-အကြီး) အများအပြားကို တွေ့မြင်ခဲ့ရ၏။ အဆိုပါ စေတီဟောင်း အများအပြားတို့သည်လည်း ရဟန္တာခေတ်တော်တွေ သိုမှီးသိမ်းဆည်းကာ ထည့်သွင်းကိုးကွယ်ထားခဲ့ကြသော စေတီတို့ချည်းဖြစ်

ဖွယ်ရာ ရှိမည်ဟု ခန့်မှန်းရ၏။ ဖောက်ထွင်းကြည့်ရန် မထိုက်ပါ။ သို့ရာတွင် သဲလွန်စပေါ်လွင်ချက် ရှိသည်။

(ဉပမာ) နမူနာတစ်ခုကို ပြရလျှင် ထန်းတပင်ရွာ၏ အနောက်ဘက် (၂) မိုင်ကျော်ကွာ၌ ကိုင်းကန်ရွာရှိ၏။ ထိုရွာအနီး တစ်မိုင်ခန့်အကွာ၌ သန္တိသုခတောရကျောင်းရှိသည်။ ထိုကျောင်း၏အနီးအပါးရှိ စေတီများထဲမှ တစ်ဆူကို ခါးကျိုးပြိုပြိုကျ၍ ထိုတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော ဆရာတော်ကြီး ဦးသုမင်္ဂလ၏အမိန့်ဖြင့် ထိုရွာဒကာများက ပြန်လည်ပြုပြင်တည်ကြသောအခါ စေတီအတွင်း၌ ရဟန္တာဓာတ်တော်တွေ သံသပိတ်ကြီးနှင့်တစ်လုံး အပြည့်တွေ့ရကြောင်း။ ၁၃၄၆-ခုနှစ် တပို့တွဲလဆုတ်(၉)ရက် ဗုဒ္ဓဟူးနေ့တွင် ဆရာတော်ကြီးကို ဤအရှင် သွားရောက်ကန်တော့စဉ် ဆရာတော်ကြီးက အဆိုပါစေတီကို လက်ညှိုးညွှန်၍ အမိန့်ရှိလိုက်ဖူး၏။

အဆိုပါ ထိုနယ်၊ ဤနယ်၊ ထိုရွာ၊ ဤရွာတို့မှ အတွေ့အကြုံတွေကို အထောက်အထားပြု၍ ခန့်မှန်းပြောရလျှင် ထိုဒီပဲယင်း တောင်ပင်လယ်ကြီး တစ်ဝိုက်၌ ယနေ့တိုင်တွေ့မြင်နေကြရသော ရှေးခေတ်လက်ကျန်စေတီဟောင်းများသည် ရဟန္တာဓာတ်တော်တွေ သိုမှီးသိမ်းဆည်း ထားကြသော ဓာတ်တော်တိုက်တွေချည်း ဖြစ်ဖွယ်ရှိသည်ဟု တွက်ဆမိ၏။ ဤအရှင်၏ တွက်ဆချက်သည် မမှားကောင်းတန်ရာဟု ယုံကြည်သည်။

## မသိနိုင်သော ဓာတ်တော် အနည်းအများ

ဤတွင် မသိနိုင်သည်ကား ရဟန္တာတစ်ပါး၏ ဓာတ်တော်အနည်းအများပမာဏဖြစ်၏။ ပရိနိဗ္ဗာန်စံဝင်ပြီး၍ တေဇောဓာတ် လောင်ပြီးလျှင် ရဟန္တာတစ်ပါး၏ ရုပ်ခန္ဓာမှကြွင်းကျန်ရစ်သော ဓာတ်တော်သည် အနည်းဆုံး မည်မျှရှိ၍ အများဆုံးမည်မျှရှိလေမည်နည်း။ အစဉ်ဆက် ပြောပြဖူးခြင်းမရှိ၍ ကြားနာမှတ်သားရဖူးခြင်း မရှိပါ။ ရှေးဆရာတော်တို့၏ မှတ်တမ်းမှတ်ရာ စာပေသမိုင်းလည်း မတွေ့ရဖူးပါ။

သို့သော် ခန့်မှန်း၍ တွက်ဆကြည့်နည်းတော့ ဖြစ်တန်ကောင်း၏။ မကြာသေးမီနှစ်ဆီက ရဟန္တာပုဂ္ဂိုလ်ဟု ကျော်ကြားသွားသော ဆရာတော်ဈာပနပွဲကို စစ်တပ်နှင့်စောင့်ကြပ်၍ သင်္ဂြိုဟ်ရာတွင် အနီးကပ်ပါဝင်ခဲ့သော ဘုန်းကြီးတစ်ပါး၏ မျက်မြင် ပြောပြချက်မှာ (ဓာတ်တော်တွေ တစ်ပြည်သားလောက်ရှိကြောင်း) အမှန်ဟု ကြားသိရ၏။

ထိုပမာဏကို သဲလွန်စနည်းယူပြောရလျှင် "သပိတ်ကြီးနှင့် တစ်လုံးရှိသော ခေတ်တော်ကို ရဟန္တာတစ်ပါး၏ ခေတ်တော်များသာဖြစ်ပါလိမ့်မည်"ဟု ခန့်မှန်းကြလျှင် ထိုက်တန်ကောင်းပါ၏။

စေတီတစ်ဆူတည်းအတွင်း၌ စဉ့်အိုးကြီး၊ စဉ့်အိုးငယ်တွေနှင့်ထည့်သို၍ ဌာပနာထားကြပုံကိုတော့ ရဟန္တာတစ်ပါးတည်း၏ ခေတ်တော်မဖြစ်နိုင်ဟု တွက်ဆရလိမ့်မည်ထင်သည်။ တိုက်ဆိုင်ကြုံဆုံမှု အခြေအနေအလျောက်၊ ခေတ်အလျောက်၊ ကာလအလျောက်၊ ဈာပနကိစ္စ ဆောင်ရွက်ကြသော ဆရာနှင့်ဒကာတို့ သင့်တော်သဘောညီကြသလို ညှိနှိုင်း၍ ရဟန္တာ ၂-ပါး သော်လည်းကောင်း၊ သုံးပါး လေးပါး စသည်သော်လည်းကောင်း၊ အကြောင်းတိုက်ဆိုင်၍ စုပေါင်းသင်္ဂြိုဟ်လိုက်ကြခြင်းလည်းဖြစ်နိုင်၏။ ထိုအခါ စုပေါင်းခေတ်တော်အများရကြ၍ စုပေါင်းဌာပနာ ကိုးကွယ်ထားခဲ့ကြခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ နမူနာစံထိုးကြည့်ရလျှင် တကောင်းမြို့ဟောင်း ၎က်တောင်ပေါ်၌ ရဟန္တာညီနောင်သုံးပါး ပရိနိဗ္ဗာန်စံယူရာမှ ခေတ်တော်များ တစ်ပေါင်းတည်း ထားကြပုံကို သာဓကယူ သိနိုင်ကြပါမည်။ အတပ်ပြောနိုင်ရန် မလွယ်ပါ။

## ရဟန္တာအများ ပေါ်ထွက်လေ့ရှိသော အညာဒေသ

ယနေ့ ထင်ရှားစွာ တွေ့မြင်နေကြရသော ရဟန္တာခေတ်တော်စေတီများကို ထောက်ဆ၍ပြောရလျှင် အညာဒေသ ဖြစ်သော ဤအရှင်တို့၏ ရွှေဘိုနယ်တွင် ရှေးခေတ်အခါဆီက ရဟန္တာပုဂ္ဂိုလ်မြတ်တွေ များပြားစွာ ဖြစ်ပေါ်ခဲ့ကြောင်းမှာ ခိုင်လုံစွာသိရခြင်းဖြစ်၏။ ဝမ်းမြောက်ဖွယ် ကောင်းပါသည်။ "နယ်ထူးနယ်မြတ် အောင်မြေ ဒေသကြီးဖြစ်ပုံ" အတုလိုက်အားကျရပါလိမ့်မည်။

အကြမ်းဖျင်း စိတ်တွက်နည်း တွက်ဆကြည့်မည်ဆိုလျှင် စေတီငယ်တစ်ဆူစီ၌ ရဟန္တာတစ်ပါးစီ၏ ခေတ်တော်များဖြစ်ပေလိမ့်မည်။ စေတီကြီး၊ စေတီငယ်များနှင့် လှောင်ကန်လုပ်၍ ကိုးကွယ်ထားကြသော ခေတ်တော်တိုက်များ၌ ရဟန္တာ နှစ်ပါး၊ သုံးပါး၊ လေးပါး စသည်တို့၏ စုပေါင်းခေတ်တော်များဟု ခန့်မှန်းရပေလိမ့်မည်။

ဤပုံဤနည်း ရေတွက်ကြည့်ကြလျှင် အထက်ပါစေတီတွေ ပေါ်များလှသော ရွှေဘိုနယ်၊ ဒီပဲယင်းမြို့နယ်၊ တကောင်းမြို့ဟောင်းနယ်၊ ဟန်လင်း

ကြီး မြို့တော်ဟောင်း နယ်မြေတစ်ကြော၌ ရှေးခေတ်ဟောင်းအချိန်ကာလ ဆီက ရဟန္တာအရိယာပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်သူတော်ကောင်းတွေ အတော်များ များစွာ ဖြစ်ထွန်းခဲ့ကြောင်း၊ ဝိမုတ္တိသုခတရားနှင့်ပျော်မွေ့ကာ သီတင်းသုံး နေထိုင်သွားကြသောပုဂ္ဂိုလ်မြတ်တို့၏ အောင်မြေဒေသဖြစ်ကြောင်း အလွန် ထင်ရှားစွာ ကျန်ရစ်ခဲ့သော သမိုင်းထူးဖြစ်သည် ဆိုရပါမည်။

ဟန်လင်းကြီးမြို့တော်ဟောင်းနေရာ မြေပေါ်တွင် ရှေးခေတ်၌တည် ထားခဲ့ကြသော စေတီဟောင်းပေါင်း (၃၀၀) သုံးရာကျော် ရှိကြောင်း ၁၃၄၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၃) ရက်နေ့တွင် သထုံမြို့၊ မူလမင်း ကွန်းဆရာတော်ကြီး ကမ္မဋ္ဌာန်း ကျောင်းတိုက်အတွင်း၌ ဟန်လင်းကြီးရွာ ဇာတိ သက်တော် (၇၀)ကျော်ရှိ ဝိပဿနာ ကမ္မဋ္ဌာန်းတရား လှည့်လည် ပြနေသော ဆရာတော်ကြီးနှင့် ဤအရှင်တို့တွေ့ဆုံကြစဉ် ရဟန္တာဓာတ်တော် စေတီတွေ များစွာတွေ့ရပုံအကြောင်း စကားစပ်မိကြ၍ အမိန့်ရှိသွား၏။ ထိုစေတီပေါင်း သုံးရာကျော်တို့သည် အားလုံး မဟုတ်စေကာမူ ရဟန္တာ ဓာတ်တော်စေတီအများ ပါဝင်မည်မှာ သေချာ၏။

ဝေဘူဆရာတော်ကြီးကို ၂-နှစ်ကျော် အလုပ်အကျွေးပြု၍ နေခဲ့ဖူး သော ရခိုင်သား စစ်ဗိုလ်ကြီး ဦးမင်းညို (လွန်ခဲ့သော ၅-နှစ်ကျော်က) ဤအရှင်ထံရောက်လာစဉ် မြန်မာပြည်တွင် ရဟန္တာပုဂ္ဂိုလ်မြတ်တွေပေါများ ခဲ့ဖူးသော အညာမြေ ဒေသအကြောင်း စကားစပ်မိကြ၏။ တကောင်းမြို့ ဟောင်းနယ် တစ်ခုသော တောင်ပေါ်၌ ရှေးခေတ်က အုတ်အင်္ဂတေဖြင့် လေးထောင့်ကန်တိုက်ဖန်တီး၍ ရဟန္တာဓာတ်တော်တွေ အပြည့်ကြီးထည့်ထား ခဲ့ကြပုံတွေ့ရကြောင်း၊ စစ်ကြီးကာလအတွင်း ပျက်စီးယိုယွင်းပြီး ဓာတ်တော် တွေ ဖိတ်စဉ်ကျနေပုံ သူတို့တပ်က တွေ့မြင်ကြ၍ အများကောင်းမှု အဖြစ် စုပေါင်း ပြုပြင်ထားခဲ့ကြကြောင်း၊ အခြားနေရာတို့၌လည်း ထိုပုံစံကဲ့သို့ ရဟန္တာဓာတ်တော်တိုက် ကြီးငယ်တွေ ရှိကြမည် ထင်ပါကြောင်း လျှောက် ထားသွားဖူး၏။

## ရဟန္တာပုဂ္ဂိုလ် ပေါများသော မြန်မာပြည်

စေတီဘုရားဟောင်းသမိုင်း စာတမ်း အတော်များများတွင် ဘယ် စေတီကို ရဟန္တာ ၇၀၀-ကျော် ပါဝင်၍ တည်ထားကြောင်း၊ ဘယ်သိမ်ကို ရဟန္တာငါးရာ သမုတ်ခဲ့ကြောင်း စသည်ဖြင့် ရေးထားကြပုံကို ဖတ်ရဖူး၏။

ထိုထို သမိုင်းများ ဖတ်ရစဉ် ဤအရှင် ပျို့ရွယ်တုန်း အချိန်မှာ ရှေးတစ်ချိန်က မြန်မာပြည်၌ ရဟန္တာပုဂ္ဂိုလ်မြတ်တွေ များစွာ ရှိခဲ့ဖူးကြောင်းနှင့် အဆက်မပြတ် ဖြစ်ထွန်း ပေါ်ထွက်ခဲ့ကြောင်းကို သတင်းစာ ဖတ်ရသလို သိမှတ်ရုံသာရှိ၏၊ လေးနက်သော အသိအမြင် မရှိ၊ စိတ်ဝင်စားခြင်း မရှိခဲ့ဖူးပါ။

ယခုအခါမှာ အသိအမြင်လည်း ခြားလာ၏။ စိတ်ဝင်စားခြင်းလည်း ကောင်းလာ၏။ ဤအရှင်တို့၏ အညာမြေ ဒေသ၌ စေတီ ပြိုပျက်ပြုပြင်ကြရာမှ အကြောင်းတိုက်ဆိုင်၍ လေ့လာမိသော အခါ လုံလောက်သော မျက်မြင်သာဓက အများကို တွေ့ရ၏။ တွေ့ရှိနေသမျှ စေတီတွေကို ထောက်ဆ၍ ရှေးရေးခေတ်ကာလ၌ အထက်ဖော်ပြပါ အညာဒေသများ အဘှင်းပယ် သူတော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးတွေ မြောက်မြားစွာဖြစ်ပေါ်ခဲ့ကြောင်း သိရပေတော့၏။ ဤစကားရပ်သည် ဝင့်ကြွားနေခြင်းမဟုတ်ပါ။ မြေရေ သဘာဝ၊ တောတောင် သဘာဝ၊ ဥတုရာသီ သဘာဝ ဆိုသည်ကလည်း ခြားနားချက် ရှိသကဲ့သို့ သူတော်ကောင်း ဖြစ်ထွန်းရာ မြေနယ် သဘာဝ ရှိဘတ်ကြောင်း နားလည်ကြရန် ဖော်ပြခြင်းတည်း။

မိမိတို့မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော် အထွန်းကားဆုံး နိုင်ငံတော်ဖြစ်၏။ ရဟန်းသံဃာ သာသနာဝန်ထမ်းအများဆုံးရှိသောနိုင်ငံဖြစ်၏။ ရှေး မန္တလေးရတနာပုံ ပဋ္ဌမ သင်္ဂါယနာတင် မင်းတုန်း မင်းတရားကြီး လက်ထက် အခါတွင် နေပြည်တော် တစ်ခုတည်း၌ ရဟန်း သံဃာတော် တစ်သောင်းခွဲ၊ အချို့မှတ်တမ်းအရ ၆-သောင်း ရှိခဲ့ကြောင်း ရာဇဝင်၊ သာသနာဝင်မှတ်တမ်းတွေ့ရ၏။ ယခုမျက်မှောက်ခေတ်၌လည်း သံဃာတော် အရေအတွက်များလျက် ရှိနေပါသည်။ သာသနာဝင် မှတ်တမ်းတင်ပြီး စာရင်းအရ (၃၀၀၀၀၀) ကျော်၊ သုံးသိန်းခွဲရှိကြောင်း သတင်းစာနှင့် ရေဒီယို သတင်းအရ ထင်ရှားသိရ၏။ “ဘယ်နည်းလို့လဲ၊ ဤမျှလောက် များပြားသော ရဟန်း သံဃာ ဘယ်တိုင်းပြည်မှ ရှိမှာ မဟုတ်ကြပါဘူး” ဟူ၍ သက်တော် ၉၀-ကျော် အညာမြေ ဆရာတော်ကြီး ဦးသုနေယျက ကျေနပ်စွာ အမိန့်ရှိတော်မူဖူး၏။ ဤကား အရေအတွက် မနည်းကြောင်း သိစေခြင်းတည်း။

ထိုသံဃာတော်များက နေ့စဉ်ညစဉ် ပရိယတ္တိစာပေ ပိဋကတ်တွေ နိကာယ်တွေ သင်ကြား၍ ပို့ချ၍နေကြ၏။ လူအများကို တရားဟော

ကြား၍ ပေးနေကြ၏။ ပဋိပတ္တိနယ် ကမ္မဋ္ဌာန်းလုပ်ငန်းဘက်၌လည်း မြို့ရွာနယ်ပယ်တိုင်း၌ အကွက်စေ့ အားထုတ်ကြလျက်၊ တရားပြုလျက် အခါမလပ်ရှိနေကြ၏။ ဤကား "ငါတို့ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်ထွန်းကားလျက်ရှိနေပုံကို ဂုဏ်ယူဖွယ်ရာဖြစ်၏၊ ကြည်ညိုဖွယ်ရာလည်း ဖြစ်၏။ အားတက် ဝမ်းမြောက်ဖွယ်ရာလည်း ဖြစ်၏" ဟု ကြည်ညို ဝမ်းမြောက်ဖွယ်ရာ အတိပြီးသော မြန်မာနိုင်ငံ ဖြစ်နေပုံကို စာဖတ် ပရိသတ်အား အသိပေးခြင်း ဖြစ်သည်။

ယင်းသို့ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော် အစဉ်ထွန်းကားလျက်ရှိနေပုံ ကြည်ညို ဝမ်းမြောက်ဖွယ်ရာ အများတွင် ရဟန္တာခေတ်တော်တိုက် စေတီတွေ ပေါ်ထွက်နေပုံက ရှေးကလည်း ရဟန္တာပုဂ္ဂိုလ်မြတ်တွေ ပေါ်များခဲ့ကြောင်းကို သမိုင်းဟောင်း နောက်ကြောင်းပြန်၍ အားရကြည်ညိုဖွယ်ရာကိုဖော်ပြနေခြင်းဖြစ်၏။ ထိုသို့ ကြည်ညိုအားရ ဝမ်းမြောက်ကြည်နူးဖွယ်ရာအတိပြီးလျက်ရှိသောမြန်မာနိုင်ငံတော်ဖြစ်ကြောင်းကို အဆိုပါရဟန္တာခေတ်တော် စေတီတွေ ပေါ်များလှပုံက ထင်ရှားသော သမိုင်းကောင်းကို ရပ်တည်ပြနေကြပါသတည်း။

## မြန်မာပြည်၌ ရဟန္တာပုဂ္ဂိုလ် အမြဲရှိသည်

"ငါတို့ မြန်မာနိုင်ငံ၌ ရဟန္တာပုဂ္ဂိုလ် ဘယ်အခါမှ မဆိတ်ပါဘူး" ဟူ၍ ရှေးခေတ် ဆရာတော်ကြီးအချို့က ရဟန်းပရိသတ် စာပေချပို့ရာတွင် ရံခါ အမိန့်ရှိခဲ့ဖူးကြောင်း ပြောစဉ်ရှိ၏။ အနုမာန ပညာစွမ်းဖြင့် သိမြင်တော်မူနိုင်၍ပြောခြင်းဖြစ်ပါသည်။ ခေတ်အခြေအနေအရ ထိုမှ ဤမှ ရဟန္တာပုဂ္ဂိုလ်ရှိကြောင်း သတင်းကြားချက်လည်း ပါဝင်မည်။

မြန်မာပြည်၌ ရဟန္တာပုဂ္ဂိုလ်မြတ်တွေ အမြဲတမ်းရှိနေသည်ဟု သီဟိုဠ်ကျွန်းမြေပေါ်၌ သတင်းကောင်းကြီးတစ်ရပ် ဖြစ်နေကြောင်း၊ ထိုသတင်းကို ဝမ်းသာကြည်နူးစွာ အစဉ်ပြောဆိုလျက်ရှိကြောင်း၊ ကမ္ဘာလှည့် ခရီးသည် ဥရောပတိုက်သားများက မြန်မာပြည် ရောက်လာကြစဉ် ပြောပြသွားဖူးသည်ဆို၏။ ရှေးခေတ် မြန်မာဘုရင်တို့ လက်ထက်မှ၍ ယနေ့မျက်မှောက်ခေတ်တိုင်အောင် မြန်မာနိုင်ငံအတွင်း၌ ရဟန္တာပုဂ္ဂိုလ်မြတ်တွေ တစ်ရာကျော် အမြဲရှိနေကြောင်း ရဟန္တာဖြစ်အောင် ကျင့်ကြံအားထုတ်နေကြဆဲ သူတော်ကောင်းပုဂ္ဂိုလ်မြတ်တို့လည်း (သုံးရာကျော်ထက်မနည်း) အမြဲရှိနေကြောင်း

သီဟိုဠ်ကျွန်း၌ ပြောဆိုနေကြပုံ ကြားသိခဲ့ရသည်ဟု အိတာလျံ ဘုန်းတော်ကြီး ဦးလောကနာထကလည်း ပြောသွားဖူး၏။ အထက်ပါ နောက်ကြောင်း သမိုင်းများကို ထောက်ဆ၍ကြည့်ကြလျှင် အဆိုပါသီဟိုဠ်မှ သတင်းစကားသည် မမှားကောင်းတန်ရာပါ။

## သီဟိုဠ်ခေတ် ရဟန္တာများ

လွန်လေပြီးသော ရှေးရှေးခေတ်၌ သာသနာဝင် သမိုင်းများကို မျှော်၍ကြည့်လိုက်လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီး နောက်ပိုင်းတွင် ဗုဒ္ဓသာသနာတော်ကြီးသည် အိန္ဒိယမှ ရွှေ့ရှား၍ သီဟိုဠ်ကျွန်း၌ နေလို-လလို အလွန်ကြီး ထွန်းတောက်ခဲ့ပေ၏။

သီဟိုဠ်သာသနာ ထွန်းပြောင် နေချိန် ခေတ်၌ ရဟန္တာပုဂ္ဂိုလ်တွေ များစွာရှိကြကြောင်း၊ တရားအကျင့်မြတ်ဖြင့် ဘယ်ပုံကျင့်ကြံကြ၍၊ ဘယ်ပုံ ပျော်မွေ့ကြ၍ ဘယ်ပုံသီတင်းသုံးနေထိုင်ခဲ့ကြကြောင်း၊ ဈာန်အဘိညာဉ်စွမ်း ထက်ကြ၍၊ ဘယ်ပုံဘယ်နည်းပျံသန်း၍ ဘယ်ပုံသွားလာလေ့ ရှိကြကြောင်း၊ ဘုရားဟော ပိဋကတ်သုံးပုံနှင့် နိကာယ်ငါးရပ်ကို နှုတ်ငုံ ဆောင်တော်မူကြ၍ ဗုဒ္ဓသာသနာတော်ကြီး မကွယ်မပျောက်အောင် စိတ်အား ထက်သန်စွာ ဘယ်ပုံ သည်ပိုးဆောင်ရွက်တော်မူကြကြောင်း၊ မင်းနှင့်ဇိတကွသော လူဒါယကာများက ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်း၍ ဘယ်ပုံကုသိုလ်ဒါန ပြုကြကြောင်း စသည်ဖြင့် ကြည်ညိုဖွယ်ရာ ဝမ်းမြောက်ဖွယ်ရာ ချီးမွမ်းအားကျဖွယ်ရာ သမိုင်းတွေ ထင်ရှားခဲ့ကြ၏။

သာသနာသမိုင်းဝင် ထိုထို ကြည်ညိုဖွယ်ရာတွေကို ပါဠိ စာပေနှင့် ရေးသားထားကြ၍ ပါဠိစာပေကျမ်းဂန် သင်ကြားဖူးကြသော ရဟန်းသံဃာတော်အများကသိကြ၏။ အဋ္ဌကထာနှင့် ဋီကာတို့တွင် နေရာအများ၌ အကြိမ်ကြိမ်စာသင်ကြားရင်း တွေ့ကြရ၏။ လူဒကာများကိုလည်း တစ်ဆင့် ဟောကြားပေးကြ၏။ ပါဠိကျမ်းဂန်၌ အကြိမ်ကြိမ် တွေ့ကြရ၍ အကြား အသိများကြ၍ အသိနှင့်အမြင်ပါ ယဉ်ပါးပြီး ဖြစ်လာကြသည်။ ဤကား ကျမ်းဂန်၏ ကျေးဇူးပြုခြင်းဖြစ်သည်။

## မဟာဝင်နှင့်မဝုရ-ရသဝါဟိနီ

ထို့ပြင် မြန်မာပြည်သားတို့အတွက် သီးသန့် ကျမ်းစာအုပ်များရှိကြ

သေး၏။ အထင်ရှားဆုံးမှာ မြန်မာဘာသာနှင့်ရေးသားပြီး မဟာဝင်ကျမ်းနှင့်မဓုရ-ရသဝါဟိနီကျမ်းဖြစ်သည်။ ထိုကျမ်းတို့ကျေးဇူးကြောင့် ရဟန်းရှင်လူအများသည် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ပုံကို ထင်လင်းစွာ သိမြင်ကြရ၏။

မဟာဝင်ကျမ်းသည် သီဟိုဠ်သာသနာဝင်သမိုင်း သီးသန့်ဖြစ်သည်။ ဝင် ကိုးဝင်တွင် ပါဝင်၍ ထင်ရှားသည်။ မြန်မာပြည်တွင် တောရွာကျေးလက် နှံ့စပ်အောင် ဘုန်းကြီးကျောင်းတိုင်းလိုလို ထားရှိကြ၍ ရဟန်းရှင် လူအများ ဖတ်ဖူးကြသည်။ သူ့ထံစပ်ပါး ဖတ်သံကိုလည်း ကြားနာဖူးကြသည်။ တစ်ဆင့်ဟောပြောသံကို ကြားနာဖူးကြသည်။

မဓုရ-ရသဝါဟိနီကျမ်းကိုဖတ်ဖူးသူနည်းကြ၏။ ထိုကျမ်းအမည်ကိုပင် လူသိနည်းကြသည်။ ဝင်ကိုးဝင်တွင် မပါ။ သို့ရာတွင် ရေးသားပုံတစ်မျိုး တစ်ဘာသာနှင့် အတော်ပြည့်စုံသော သီဟိုဠ်သာသနာဝင် သမိုင်းကျမ်းကြီး တစ်စောင်ပင်ဖြစ်သည်။ ဘုန်းကြီးကျောင်းတိုင်း၌ မရှိကြ၍ သိသူ ဖတ်ဖူးသူ လည်းနည်းပါးမည်ထင်ရ၏။ အမှန်မှာကြည့်ထိုက်သော သမိုင်းကျမ်းကောင်း ဖြစ်သည်။ အလားတူ အခြားသီဟိုဠ်ကျမ်းများလည်း ရှိကြသေးသည်။

## မြန်မာပြည်ထွက် ရဟန္တာပုဂ္ဂိုလ်များသမိုင်း

"မြန်မာနိုင်ငံသည်ထူးခြား၍မြင့်မြတ်သောဘူမိနက်သန်မြေဖြစ်သည်" ဟု အဆိုရှိကြ၏။ မှန်ပါသည်။ ထူးခြားသော ဘူမိနက်သန်မြေ ဖြစ်သောကြောင့် ရှေးရှေးသော မင်းတို့၏ ခေတ်အဆက်ဆက်၌ ထူးခြားသောပုဂ္ဂိုလ်တွေ၊ သူတော်ကောင်းတွေ၊ ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတွေထွက်ပေါ်ခဲ့ကြောင်း ထင်ရှား၏။ ထင်ရှားစွာ နေထိုင်သီတင်းသုံးသွားဖူး၏။ သို့ရာတွင် ထိုထို ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတို့၏ထေရုပ္ပတ္တိသမိုင်းကို ဘွဲ့အမည်၊ နေရပ်၊ ကျင်လည် နေထိုင်သီတင်းသုံးပုံ စသော ကြောင်းရာပြည့်စုံကို စုပေါင်းရေးသားထားသည့် ကျမ်းစာ မရှိသေးချေ။ ဤကား လိုအပ်ချက် ကွက်လပ်ဖြစ်သည်။

စုပေါင်း ရေးသားထားခြင်း မရှိခဲ့၍ မိမိတို့တိုင်းပြည်၌ သူတော်ကောင်း ရဟန္တာ ပုဂ္ဂိုလ်မြတ်တွေ ရှိခဲ့ကြကြောင်း ထင်လင်းစွာ မသိကြရပါ။ မသိကြရသောကြောင့် ထူးမြတ်သောပုဂ္ဂိုလ်တို့၏ ကြည်ညိုဖွယ်ရာတွေ၊ ကျေနပ်အားရဖွယ်တွေ၊ အားကျပြီး အတုယူဖွယ်တွေကို မရနိုင်ဖြစ်ကြရသည်။ လူတို့၏ စိတ်သဘာဝကလည်း အဘုမြင်မှ အတတ်သင်ချင်တတ်ကြမြဲဖြစ်သည် မဟုတ်လော။

တစ်ချိန်တစ်ချိန်တွင် ထူးမြတ်သော ပုဂ္ဂိုလ်တို့၏ အကြောင်းကို နီးစပ်သူ တပည့် ရဟန်းနှင့် လူဒကာတို့က ထေရုပ္ပတ္တိ စာအုပ်ငယ်များ ရေးသားထုတ်ဝေလေ့ ရှိကြဖူး၏။ ဆရာတော်တစ်ပါး၏အကြောင်း နှစ်ပါး၏ အကြောင်းများသာ ဖြစ်ကြ၏။ ထိုစာအုပ်ကိုလည်း မြန်မာပြည်၏ လူဦးရေ အများထဲမှ လူအနည်းငယ်လောက်သာ တွေ့ဖူး ဖတ်ဖူးကြသည်။ တိုင်းသိ ပြည်သိ မဟုတ်ပါ။ ယင်းသို့ နည်းပါးလှသော စာအုပ်များတွင်လည်း အချို့သော ထေရုပ္ပတ္တိ စာအုပ်ငယ်တို့မှာ ရေးသားပုံ မရှင်း၍ စာဖတ်ရသူ စိတ်မဝင်စားကြပါ။ စိတ်မဝင်စားကြသောကြောင့် မထင်မရှားနှင့် ပျောက်ကွယ်သွားလေ့ ရှိကြသည်။ ဤသည်လည်း ခရီးမရောက်၍ အကျိုး မဖြစ်ထွန်းခြင်းပင်။

မကြာသေးမီသော နှစ်များကွင်မှ ဓမ္မာစရိယဦးဌေးလှိုင်က "ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ" အမည်ဖြင့် စာအုပ်ထူထူကြီးကို ရေးသားထုတ်လိုက်ရာမှာ ရဟန်း ရှင်လူအများ ဝမ်းသာအားရ ဖြစ်ကြရ၏။ တိုင်းပြည်နှင့် လူမျိုး၊ ရဟန်းရှင်လူ အားလုံးအတွက် အလွန် ကျေးဇူးများလှပါသည်။ ရေးသားထုတ်ဝေသော ပုဂ္ဂိုလ်အား ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အများက ကျေးဇူးတင်၍မဆုံးနိုင် ရှိကြသည်။ ထိုစာအုပ်ကို လူကြိုက်များလှ၍ အကြိမ်ကြိမ် ထုတ်ဝေရကြောင်း သတင်းကောင်းလည်း ကြားသိရ၏။ ဤကား သူတစ်ပါးအကျိုးဆောင်၍ ကိုယ်ကျိုးရှိခြင်းဖြစ်သည်။

## ဖြည့်ရန် လိုသေးသည်

သို့ရာတွင် ထိုစာအုပ်ဖြင့် မြန်မာပြည်အတွက် မပြည့်စုံသေးပါ။ ဖြည့်သွားရန် များစွာ လိုသေး၏။ မြန်မာပြည် အတွင်း၌ ရဟန္တာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ အများရှိခဲ့ဖူးသကဲ့သို့ အကျင့်ကောင်း အနေကောင်း ပါရမီရှင် ပုဂ္ဂိုလ်မြတ်တွေလည်း တိုင်းပြည်နှင့်အဝန်း အများအပြားရှိခဲ့ကြဖူး၏။ ထိုထိုသူတော်ကောင်း ပါရမီရှင် ပုဂ္ဂိုလ်မြတ် သူတော်ကောင်းတွေ ရှေးလွန်ပြီး အချိန်၌ ရှိခဲ့ကြဖူး၏။ ယခု မျက်မှောက်ခေတ် အချိန်၌လည်း ရှိနေကြဆဲ၊ ရှိနေကြလျက်ပင်၊ နောင် အနာဂတ် ကာလ၌လည်း အဆက်မပြတ် ရှိနေကြဦးမည်သာတည်း။

ရဟန္တာဖြစ်သွားကြပြီးနောက် ပရိနိဗ္ဗာန် စံယူတော်မူသွားကြလေပြီးသော ပုဂ္ဂိုလ်မြတ်တွေ သမိုင်းကို အတော်များများ ပါဝင်အောင်ခြုံငုံမိခြင်း မရှိသေးပါ။ မိမိတို့တိုင်းပြည်မှ ရဟန်းရှင်လူတို့က တကယ်သိသင့် သိထိုက်သော သူတော်ကောင်း စစ်စစ်ကြီးတွေ မထင်မရှားနေလျက် ရှိကြပါသေးသည်။

လူ့လောကအတွင်း လူမြင်ခံသွားလာလှုပ်ရှားနေမြဲနေကြသော သူတော်ကောင်းပုဂ္ဂိုလ်တွေ ရှိကြသကဲ့သို့ လူသိမခံလိုသော သူတော်ကောင်း ပုဂ္ဂိုလ်တွေလည်း ရှိကြ၏။ ပုဂ္ဂိုလ်အချို့မှာ ပဓာနအလုပ်ဖြင့် အဆင့်မြင့်နေပြီဖြစ်သော်လည်း လူ့လောက အတွင်း၌ပင် သာမန်လူတို့ ကဲ့သို့ မထင်မရှား နေကြဆဲ ပုဂ္ဂိုလ်မြတ်တွေလည်း ရှိကြသည်။

အချို့သော သူတော်စင် ပုဂ္ဂိုလ်တို့က လူ့လောကအတွင်း၌ မနေလို ငြီးငွေ့ကြသည်။ ခေတ်အလိုက် ပတ်ဝန်းကျင် လူ့လောကကို ငြီးငွေ့၍ အပေါင်း အဖော်ကို ရှောင်ကာ မထင်မရှား သင့်တော်ရာ၌ ချောင်ခို၍၊ သင့်တော်ရာ၌ တောခို၍၊ သင့်တော်ရာ၌ တောင်ခို၍၊ ဂူချောင် အောင်း၍ နေကြသော ပုဂ္ဂိုလ်မြတ်တွေ ယခုမျက်မှောက်ခေတ်၌ ရှိနေကြသည်။ ဤအရှင် တစ်ဆင့်စကား ကြားသိရဖူးသည်ပင် များစွာရှိ၏။ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် တဖြည်းဖြည်း ရှာဖွေစုဆောင်း၍ ရေးသား ထုတ်ဖော်ကြရပေဦးမည်။

## ရေးနည်းပြောမည်

သူတော်ကောင်း ပုဂ္ဂိုလ်မြတ်များ အကြောင်းကို ထုတ်ဖော်ရာမှာ ရေးနည်းကို ပြောပါမည်။ ရေးပုံရေးနည်း စကားပြေဖြစ်ရမည်။ ရှင်းရမည်။ ဖတ်သူ နားလည်ရမည်။ စကားဆန်း မသုံးရ။ သိမ်ဖျင်းသော စကားမျိုး မပါစေရန်၊ အကွန့်တွေရှောင်ရမည်။ နဘေ ကာရန်နှင့် ရေးနည်း အား မကျရ၊ အတုမယူရ၊ ပါသင့်သော ဂီတ, ကဗျာ လင်္ကာ တစ်ပုဒ်စ နှစ်ပုဒ်စ သင့်တော်သော်လည်း ထေရုပ္ပတ္တိတစ်ခုလုံးကို ကဗျာ လင်္ကာတွေ မလွှမ်းမိုးစေသင့်ပါ။ ထပ်ပြန်တလဲလဲ မညှပ်သင့်ပါ။ စာဖတ် ပရိသတ်က ထေရုပ္ပတ္တိဖြစ်စဉ်ရိုးရိုးကိုသာ ဖတ်ချင်ကြသည်။ ကဗျာ လင်္ကာတွေ မဖတ်ချင်ကြပါ။ လက်စွမ်းပြချင်လျှင် သီးသန့် ကဗျာစာအုပ် ရေးနိုင်သည်။

ကဗျာ လင်္ကာတွေ လွန်အောင်ညှပ်သွင်း၍ ရေးထားသော ပုဂ္ဂိုလ်ထူးတစ်ပါး၏ ထေရုပ္ပတ္တိဖတ်ရတာ ဘာကိုဖမ်းရမှန်း မသိကြောင်း၊ အုန်းဆွမ်းကောင်းကောင်း စားချင်လို့ စားနေရင်း ဆွမ်းတဲက စပါးလုံးတွေ၊ ကျောက်ခဲတွေ ထုတ်ပစ်နေရသလို စာဖတ်ရတာ ကဗျာ လင်္ကာတွေက အနှောင့်အယှက် ဖြစ်ရကြောင်း ဤအရှင်ကို လျှောက်သွားကြဖူး၏။

စာဖတ် ပရိသတ်က ရိုးရိုးနှင့်ရှင်းရှင်း ရေးသော စာအုပ်ကိုသာ ဖတ်ချင်ကြသည်။ ကာရန်တွေ၊နဘေထပ်တွေနှင့် ရေးကြပုံကို မကြိုက်ကြပါ။ လိုရင်း ဘဝဖြစ်စဉ်ကြောင်းရာထက် အပိုတွေ ချဲ့လွန်းခြင်း၊ ကွန့်လွန်းခြင်း၊

အမှန်းတွေများလွန်းခြင်း၊ ဥပမာ ဥပမေယျတွေ ပါသင့်သည်ထက်ပိုလွန်း
ခြင်းစသော ရေးနည်းမျိုးကိုရှောင်ရမည်။ မိမိရေးလိုသော ပုဂ္ဂိုလ်မြတ်၏
တကယ်အတုယူဖွယ်ကို လိုရင်းရောက်အောင် ရေးပြတတ်ရမည်။ ကျင့်ကြံပုံ၊
နေထိုင်ပုံ၊ ခြိုးခြံပုံ၊ ရောင့်ရဲ ပွယ်ပုံ၊ သည်းခံတတ်ပုံ၊ ဟန်ပန်မမက်ပုံ၊ ပကာ
သနမလိုက်ပုံ၊ ရှုပ်ထွေးသော လူ့လောကကြီးတွင်၌ ဆိတ်ငြိမ်ရာ ရှောင်ထွက်
နေတတ်ပုံ၊ ပင်ကိုသဘာဝ အမြော်အမြင်ကြီးပုံ တပည့် ဒကာတို့အား
အချိုးကျကျဆိုဆုံးမပုံ စသည်ကို ဖြစ်နိုင်လျှင် အချိန်နှင့် နေရပ်ဒေသကိုပါ
တွဲ၍ ရေးပြရမည်။

လိုရင်းချုပ်မှာ ရေးသူ၏ လက်လှမ်းမီသမျှ လက်တွေ့ထိရောက်သော
အကျင့်တရားပိုင်းကို ဘေးမှမြင်နိုင်သောသူ၏ တရားအသိအမြင် အစွမ်း
ထက်ခဲ့ဖူးပုံစသော အခြင်းအရာမျိုးကို စာဖတ်ပရိသတ်က သိချင်ကြသည်။
ကြည်ညိုချင်ကြသည်။ ဤအခြင်းအရာကို ထိမိအောင် ရေးပြတတ်ရမည်။

ထိုပုဂ္ဂိုလ်မြတ်၏ လုပ်ဆောင်ချက်အပိုင်းတွင် ပကတိ မှုမှန်စေတနာ
ကောင်း ဘယ်ပုံထားလေ့ရှိကြောင်း၊ စိတ်သန္တာန်၏ သဘာဝ မြင်ကွင်းကို
ပုဂ္ဂိုလ်စွဲမထား၊ ဘက်မလိုက် စာရေးသော ပုဂ္ဂိုလ်က ဣန္ဒြေရရ၊ ရိုးရိုး
တည်တည်နှင့် ကြည်ညိုဖွယ်၊ အတုယူဖွယ် ဖြစ်ရပ်များကိုသာ မိမိစွမ်းနိုင်သမျှ
ပြည့်စုံအောင် ရေးသားကြရပါမည်။ ရေးသားထုတ်ဝေကြရန် အကြံပေး
တိုက်တွန်းလိုပါသည်။ ဤကား သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့ အကြောင်း
ဘဝသမိုင်းကောင်း ဖြစ်အောင်ရေးနည်းကို သင်ပြခြင်းပါတည်း။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤမြန်မာပြည်တွင်းရှိ (အမှန်ဖြစ်ခဲ့ပြီး၊
ဖြစ်နေဆဲ၊ ဖြစ်လတ္တံ့သော) သူတော်ကောင်း ရဟန်း ပုဂ္ဂိုလ်မြတ်တို့၏
ထေရုပ္ပတ္တိကောင်းတွေ၊ လူမြတ်သူတော်ကောင်းတို့၏ ဇာနဲ့ပ္ပတ္တိကောင်းတွေ
ရှာဖွေ စုဆောင်း၍ ပေါင်းချုပ် စွမ်းနိုင်ရမည်။ အဆိုပါ ဖြစ်ရပ်ကောင်း
ပေါင်းချုပ် စာအုပ်ထူထူကြီးတစ်ဆူတော့ ဖြစ်ပေါ်လာကောင်းပါသည်ဟု
ဤအရှင်ယုံကြည်စွာ မျှော်လင့်မိပါသတည်း၊ အောင်မြင်စေရမည်။

နတ်လူသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဆရာတော်ဦးဥတ္တမသာရ

၁၃၄၇-ခု၊ ပထမဝါဆိုလပြည့်ကျော် (၈) ရက် ဗုဒ္ဓဟူးနေ့
ခန္တီနိတောင်တောရ၊ ဖလမ်းနယ်၊ ချင်းတောင်။

ပထမအကြိမ်

# အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့အတွက် ယနေ့ မြန်မာ့ အကူအညီ

ဗုဒ္ဓသည် အိန္ဒိယနိုင်ငံကြီးအား ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာ ကမ္ဘာ့အထွတ်အထိပ် နိုင်ငံကြီးအဖြစ်သို့ ပို့ဆောင်ခဲ့ရုံမျှမက အာရှတိုက်တစ်ခုလုံးနှင့်ပါ ထာဝရ မိတ်ဆွေနိုင်ငံကြီး ဖြစ်စေခဲ့သည်။ အာရှတိုက် တစ်ခုလုံး၏ ဘယ်တော့မှ မပျက်ပြယ်သော ချစ်ခင်လေးမြတ်မှုကို ပေးခဲ့၏။

ယခု ၂၀-ရာစုတွင် ဗုဒ္ဓကို အကြောင်းပြု၍ အာရှတိုက်ရှိ ဗုဒ္ဓဝါဒီနိုင်ငံများအားလုံးက အိန္ဒိယနိုင်ငံအား ကျေးဇူးတုံ့ ပေးဆပ် လိုကြ၏။ ကျေးဇူးတုံ့လက်ကို ကမ်းလှမ်းနေကြလေပြီ။ ၂၀-ရာစုတွင်ကား သိပ္ပံပညာ သွားလာဆက်သွယ်မှု တိုးတက်လာသည်နှင့်အမျှ ဗုဒ္ဓ အဆုံးအမတော်များလည်း ကမ္ဘာ့အတိုင်းအတာသို့ ဦးတည်လာနေ၏။

ဗုဒ္ဓသာသနာတော်၏ ပြန့်ပွားမှုသည် အိန္ဒိယနိုင်ငံ၏ အောင်ပွဲကြီးပင် ဖြစ်သည်။ ၂၀-ရာစု အိန္ဒိယကား အာရှတိုက် ကွက်ကွက်ကလေး မျှသာမက ဘယ်တော့မှ မပျက်ပြယ်သော ကမ္ဘာ့ ချစ်ခင်လေးစားမှုကို မလွဲမသွေ ခံယူရရှိပေတော့မည်။

ထိုအခြေအနေမှန်ကို သိမြင်သော အိန္ဒိယ တိုင်းရင်းသား တို့သည် မိမိတို့၏ မွေးရာပါ ဘိုးဘွားအမွေကို ပြန်လည်ပိုင်ဆိုင်ရန် ပို၍ နိုးကြားလာကြ၏။ ကြိုးစားလာကြ၏။

## အိန္ဒိယ ဗုဒ္ဓဘာသာဝင် သန်း-၂၀

အိန္ဒိယ၌ ဗုဒ္ဓဘာသာ ပြန်လည် ထွန်းကားရေး အတွက် စစ်ကြောင်း အသီးသီးရှိရာတွင် ဒေါက်တာအမ်ဘေဒကာ၏ အဖွဲ့ဝင်များ လက်ရှိ ကြိုးပမ်းပုံကို အနည်းငယ်ဖော်ပြသင့်၏။ ဒေါက်တာနှင့် နောက်ပါ

အဖွဲ့ဝင်များ အလုံးအရင်းနှင့် ဗုဒ္ဓဘာသာကို ခံယူကြသည်မှာ ၃၂-နှစ် ရှိလေပြီ။ ၁၉၈၁-ခုနှစ်၊ အောက်တိုဘာ ၁၀-ရက်နေ့က အိန္ဒိယတစ်ပြည် လုံး "ဓမ္မ ဒိခရှ ဒေး" (တရားမြင်သောနေ့- ဗုဒ္ဓဘာသာ ခံယူသောနေ့) ၂၅-နှစ်မြောက် ငွေရတုသဘင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပကြသည်။ အောင်မြေ ဌာနဖြစ်သော နာဂပူရ်မြို့၌ ယခင် ဗုဒ္ဓဘာသာခံယူသောကွင်းကြီး (ဒိခရှာ ဘူမိ) အထိ ဒေါက်တာ၏ အရိုးပြာငွေအိုးကို ကိုင်ဆောင်ကာ ၅-နာရီ ကြာ ချီတက်ကြ၏။ ကြိတ်ကြိတ်တိုး စည်ကားလှသည်။

ထိုငွေရတုသဘင်ပွဲ၌လည်း တစ်သိန်းကျော် ဗုဒ္ဓဘာသာအဖြစ် ခံယူ ကြပြန်သည်။ 'ဒေါက်တာအမ်ဘေဒကာ ဆမရ-က်' အသင်းကြီး၏ ဥက္ကဋ္ဌ ဖြစ်သူ မစ္စတာ၊ အာ၊ ဂဝိုက် (Mr. R. Gawai) က သတင်းစာဆရာများ အား ပြောကြားသည့် အံ့သြဖွယ်ကောင်းသော သတင်းတစ်ခုကို ၁၉၈၁-ခု၊ အောက်တိုဘာ မဟာဗောဓိဂျာနယ်၌ ဤသို့တွေ့ရ၏။

> "ယခုအခါ အိန္ဒိယ၌ ရှိနေသော ဗုဒ္ဓဘာသာဝင် ဦးရေမှာ နှစ်ကုဋေ (သန်း ၂၀) နီးပါး ရှိလာပြီဟု ခန့်မှန်းရကြောင်း။"
>
> (It was estimated that nearly two crores of Buddhists now lived in the country) (၁၉၈၆-ခုနှစ် ခန့်မှန်း လူဦးရေမှာ သန်း ၇၅၀။ ၁၀၉၁-ခုနှစ်က ဗုဒ္ဓဘာသာဝင် ၅၀,၀၀၀ မျှ။)

'နီယို ဗုဒ္ဓစ္စတ်' ခေါ် အိန္ဒိယဗုဒ္ဓဘာသာဝင် လူသစ်များကား ပြတ် ပြတ်သားသား စွန့်စားသူများဖြစ်၍ များစွာ ချီးကျူးထိုက်၏။ သူတို့မှာ အနီးကပ်ဆည်းကပ်စရာ ဆရာဘုန်းကြီးများ ရှားပါးလှသည့်ကြား၊ ကြည့်ရှု စရာ ဘာသာရေးစာအုပ်များလည်း အလုံအလောက် မရှိရှာကြ။

မီးရထားဘူတာစသည်၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တစ်ပါးပါးကို မြင်တွေ့လျှင် အားကိုးတကြီး ဝိုင်းအုံမေးလျှောက်တတ်ကြရာ လူ ၄၀၊ ၅၀ ထိ ရှိသွားတတ်သည်ဟု ကိုယ်တွေ့ကြုံသော ဆရာတော်တစ်ပါးက ပြောပြ ဖူးရာ သနားစဖွယ်ပင်ကောင်းလှ၏။

## ကလျာဏမိတ္တ ဂုရုကြီး ဦးဂိုအင်ကာ

သို့ရာတွင် သူတို့၏ယုံကြည်မှုသဒ္ဓါတရားနှင့် ပြတ်သားမှုတို့က မမျှော် မှန်းခဲ့သောအကျိုးကိုပေးခဲ့၏။ သူတို့၏ဘဝကို ကူညီပံ့ပိုးမည့် ကလျာဏမိတ္တ များ နှစ်အနည်းငယ်အတွင်းမှာပင် ပေါ်ပေါက်လာကြသည်။

ပထမဆုံး အနီးကပ်ကူညီရန် ပါရမီကံ နှိုးဆော်လိုက်သူကား ကလျာဏမိတ္တ ဂုရုကြီး ဦးဂိုအင်ကာဖြစ်၏။ အိန္ဒိယဗုဒ္ဓဘာသာဝင် သစ်များအတွက် သူတို့၏ ခေါင်းဆောင်ကြီးများဖြစ်သော ဒေါက်တာ အမ်ဘေဒကာနှင့် ဆရာတော်ကြီး ဦးစန္ဒြမဏိတို့ မရှိတော့သော်လည်း ၁၉၆၉ ခုနှစ်၊ နှစ်လယ်လောက်ကစ၍ ဦးဂိုအင်ကာကြီးသည် အိန္ဒိယတစ်ခွင် တစ်ပြင်လုံး ၁၀-ရက် တရားစခန်းများ ဖွင့်လှစ်ကာ မိခင်အိန္ဒိယအား မြန်မာတို့ကိုယ်စား အထူး အောင်မြင်စွာ တရားဖြင့် ကျေးဇူးတုံ့ဆပ်နိုင်ခဲ့သည်။

ဟိန္ဒူ၊ မူစလင်၊ ခရစ်ယာန်၊ ဂျိန်းဘုရားကျောင်းများကသာမက အစိုးရဌာန၊ ရဲဌာန၊ အကျဉ်းထောင် အုပ်ချုပ်ရေး ရုံးများကပါ ရေစက်နေသူများပမာ လိုလိုလားလား ဖိတ်ကြားခဲ့ကြသည်။ အိန္ဒိယကို ဗဟိုထား၍ တစ်ကမ္ဘာလုံး လှည့်လည် တရားပြနေသည်မှာ နှစ်ပေါင်း ၂၀ ရှိလေပြီ။

အိန္ဒိယမြေမြတ်တွင် သာသနမျိုးပင် တစ်ဖန် ပြန်လည်စိုက်ပျိုးကြရာ၌ ဦးဂိုအင်ကာကြီး၏ မြေတောင်မြှောက်၍ တရားရေစင် သွန်းလိုက်ခြင်းသည် တွန်းအားအကောင်းဆုံးပင် ဖြစ်တော့သည်။ ဝိပဿနာ သင်တန်းများတွင် မကြာခဏ ပြောကြားလေ့ရှိသော သူ့စကားများကလည်း လူမျိုးဘာသာ မရွေး နှစ်လိုဖွယ် ရှိလှပေ၏။ မြန်မာတို့၏ ကျေးဇူးဂုဏ်ကိုလည်း ကြုံတိုင်း စပ်တိုင်း ဖော်ညွှန်းလေ့ ရှိပေသည်။

"ကျွန်တော့်မှာ အိန္ဒိယ ယဉ်ကျေးမှုတွေထဲက အမြင့်မြတ်ဆုံး ရလဒ်တစ်ခု မိတ်ဆွေတို့ကို ပေးကမ်းဖို့ ရှိနေပါတယ်၊ ယင်းကတော့ မြန်မာလူမျိုးများက အမွေအနှစ်အဖြစ် သိမ်းဆည်းလာခဲ့ကြတဲ့ အလွန် အဖိုးတန်တဲ့ ရတနာလဲ ဖြစ်ပါတယ်၊ ဒါကတော့ တခြား မဟုတ်ပါ၊ လူမှုဒုက္ခတွေ အားလုံးက လွတ်မြောက်ဖို့ရာ အတွက် ကိုယ်တိုင် စစ်ဆေးခြင်း၊ စစ်မှန်သော စမ်းသပ်ခြင်း နည်းပညာဖြစ်တဲ့ ဝိပဿနာ တရားတော်ပဲ ဖြစ်ပါတယ်"

## ဗုဒ္ဓဓမ္မသည် ဘာသာရေး မဟုတ်ပါ

ဤနေရာ၌ ဗုဒ္ဓဝါဒအပေါ် လူများစု နားနည်မှု လွဲမှားနေပုံနှင့် ဦးဂိုအင်ကာကြီး၏အမြင် ပြတ်သား ရှင်းလင်းပုံမှာ အံ့သြလောက်ပါသည်။ မှန်ပါ၏၊ လူများစုသည် ဗုဒ္ဓတရားတော်၊ ဗုဒ္ဓသာသနာ၊ ဗုဒ္ဓဝါဒကို

အခြားဘာသာများနည်းတူ ဘာသာတရား တစ်ခု၊ ဘာသာ အဖွဲ့အစည်း တစ်ခု (Religion)ဟု ဗလုံးဗထွေး နားလည်နေကြ၏။ ဧရးသား ပြောဆို နေကြ၏။ လူသားတိုင်းအတွက် နေ့စဉ် လူနေမှု နည်းပညာ သဘောတရား ကြီးတစ်ခု ဖြစ်သည်ကိုမူ မသိမြင်၊ မမှတ်ထင်ကြချေ။

ထိုနည်းပညာများကို ကိုယ်တွေ့ လက်တွေ့ အသုံးချပြီး သူများ အမြင်၌ကား ကြာလေ ရှင်းလေဖြစ်၏။ ထို့ကြောင့် ဦးဂိုအင်ကာကြီးက–

"မိတ်ဆွေတို့၊ ကျွန်တော်ဟာ လူတွေကို သူတို့ ယုံကြည်ရာ ဘာသာ အဖွဲ့အစည်း တစ်ခုမှ အခြား ဘာသာ အဖွဲ့အစည်းတစ်ခုသို့ ကူးပြောင်းသွတ်သွင်းပေးရန်၊ ကူးပြောင်းခံယူစေရန် ဆန္ဒ ဧ လျဉ်း မရှိပါ။ တကယ်တော့ ကျွန်တော့်မှာ မည်သည့် ဘာသာ အဖွဲ့ အစည်း တစ်ခုကိုမျှ စိတ်ပါဝင်စားခြင်း မရှိပါ။

ကျွန်တော် စိတ်ဝင်စားနေတာကတော့ ဓမ္မ၊ သစ္စာတရား၊ အသိဉာဏ်၊ အထွတ်အထိပ် ပွင့်လင်းပြီးသူ ဘုရားရှင် အဆူဆူတို့ရဲ့ သွန်သင်ချက် ဟောကြားချက်များသာ ဖြစ်ပါတယ်။

တကယ်လို့များ ဒီမှာ.... လုံးလုံးလျားလျား ပြောင်းလဲမှု တစ်စုံတစ်ရာ ဖြစ်သွားပြီ ဟု ဆိုပါလျှင် ထို တစ်စုံတစ်ရာသည် ဆင်းရဲခြင်းမှ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ညစ်နွမ်းမှုမှ သန့်စင်ခြင်း၊ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်း၊ အသိဉာဏ် မှောင်ကျခြင်း (မောဟ)မှ အသိအမြင် ပွင့်ထွန်းခြင်း (အမြင်ကြည်လင်ခြင်း)သို့ ကူးပြောင်းခြင်းသာ ဖြစ်ပါလိမ့်မယ်"

ဦးဂိုအင်ကာကြီးက ကမ္ဘာ့အစဉ်အလာရှိရာ ဘာသာဝါဒ ကန့်သတ်မှု စွဲသမ်းမှုများကိုလည်း တစ်စုံတစ်ရာ ဝေဖန်သုံးသပ်ခြင်း မပြု။ တရား အား ထုတ်ဖို့သာလိုသည်။ ကြိုက်ရာ ကြိုက်သလို ယူဆဆုပ်ကိုင်ထားနိုင်ကြောင်း ပွင့်ပွင့်လင်းလင်း အခွင့်ပေးထားပြန်၏။

"ဝိပဿနာ ရှုမှတ်ထားတဲ့ ဟိန္ဒူတစ်ယောက်ဟာ မိမိကိုယ်ကို ဟိန္ဒူ တစ်ယောက်လို့ ဆက်လက်ပြီး ခေါ်ဆိုလိုက ခေါ်ဆိုနိုင်ပါ တယ်။ ခံယူထားနိုင်ပါတယ်။ မူဆလင်....ခရစ်ယာန်—ဗုဒ္ဓဘာသာဝင် စတဲ့ ပုဂ္ဂိုလ်များလဲ ထို့အတူပါပဲ။

အရေးအကြီးဆုံးကတော့ ဘဝနှင့် လိုက်လျော ညီထွေပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေတတ်သော လူကောင်း သူကောင်း တစ်ယောက်ဖြစ်ဖို့ပါပဲ။ 'ဓမ္မ' ကတော့ လူသားတိုင်းကို လူကောင်း သူကောင်းတစ်ဦး ဖြစ်အောင် ကူညီလျက်ရှိနေပါတယ်"

ဗုဒ္ဓဓမ္မများ၏ ပွင့်ထွန်းရာ ပင်မမူလ အိန္ဒိယနိုင်ငံကြီးမှာ နှစ်ပေါင်း ၁၀၀၀-ကျော် ကင်းကွာနေခဲ့သော ဓမ္မရတနာတို့ကို ဂုရုကြီးဦးဂိုအင်ကာက အကြောင်း အားလျော်စွာ ပြန်လည်၍ သယ်ဆောင် ပို့ပေးလိုက်နိုင်ခြင်း အတွက် မြန်မာတို့ ဂုဏ်ယူဝမ်းမြောက်စရာ ဖြစ်ပါ၏။ မန္တလေးသား ဇာတိ ဦးဂိုအင်ကာကြီး၏ လုပ်ဆောင်အောင်မြင်မှုသည် ကျွန်ုပ်တို့ မြန်မာပြည်၏ အောင်မြင်မှု၊ ကျေးဇူးတို့ဆပ်နိုင်မှုပင် မဟုတ်ပါလော။

## အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့အပေါ် ထားရှိခဲ့သော ဥက္ကဋ္ဌကြီး ဦးနု၏ စေတနာ

အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့အတွက် အခြေခံကောင်းတင်းအောင် ပံ့ပိုးပေးသူ၊ သာသနာ့တပ်ကူပေးသူအခြားတစ်ဦးကား ပိဋကဘာသာပြန် စာပေ ဖြန့်ချိရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဦးနုပင်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး ဦးနုသည် အိန္ဒိယ၌ ကာလ အတန်ကြာ နေထိုင်ခဲ့ဖူးသူ၊ အိန္ဒိယဗုဒ္ဓဘာသာ ခေါင်းဆောင်များနှင့်လည်း ရင်းနှီးခဲ့သူဖြစ်၍ အဖိနှိပ်ခံ ဇာတ်နိမ့်ဗုဒ္ဓဘာသာဝင်တို့၏ အမှီအခိုမဲ့၊ စာပေအားကိုးရာမဲ့ ဖြစ်နေရှာကြ သည်ကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရ၏။ သနားကရုဏာ စာနာ ထောက်ထား စိတ်ဝင်လာ၏။ ထို့ကြောင့် မိမိတတ်စွမ်းသမျှရေးသား၍ အားပေးကူညီမည်ဟု အကြံဖြစ်ပေါ်ကာလက်နှိပ်စက် စာမျက်နှာ ၂၀၀၀ ကျော်ရှိ အင်္ဂလိပ် ကျမ်းစာမူတစ်ခု ရေးသား ပြီးစီးခဲ့သည်ဟု ကြားသိရသည်။

မြန်မာနိုင်ငံသို့ရောက်သောအခါ ကိုယ်တိုင်ရေးသော ကျမ်းစာကိုသာမက၊ ပိဋကသုံးပုံကိုပါ အင်္ဂလိပ်ဘာသာပြန်ဆိုရန် ကြိုးပမ်းလာရာ သိန်း ၇၀ နီးပါး အလှူငွေများရလာ၏။ ဆဋ္ဌသင်္ဂါယနာတင်စဉ်ကပင် ပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာပြန်ဆိုရန် စီမံခဲ့သော်လည်း အထမမြောက်ခဲ့။ ယခုအခါ ရဟန်းပညာရှိ လူပညာရှိများ၏ အကူအညီကိုရယူကာ 'ကမ္ဘာမှာ သာသနာပြုမည်'ဟုကြွေးကြော်လျက် ပိဋကဘာသာပြန် စာပေ ဖြန့်ချိရေး

အဖွဲ့ကြီးကို ၂၀-၈-၈၀နေ့က ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပါဠိတော်ကျမ်းများ တော်တော်များများ ဘာသာပြန်ဆိုပြီး နေလေပြီ။

သို့ရာတွင် အခါအားလျော်စွာ စက္ကူ၊ စာလုံး၊ စက်ကိရိယာ စသော အခက်အခဲများကြောင့် ၇-နှစ်ကျော် ကာလတွင် အင်္ဂလိပ်လို ၄-အုပ်မျှသာ ထွက်လာသေးသည်ကို တွေ့ရ၏။ သာသနာ့အကျိုးများသော်လည်း အခြားတိုက်များက မရိုက်နှိပ်နိုင်သော မိုးထိမှုနိဿယစသည်တို့ကိုလည်း ထိုအဖွဲ့ကြီးကပင် ပြန်လည်ရိုက်နှိပ်လျက်ရှိရာ ကျေးဇူးတင် ဝမ်းမြောက်ရပါ၏။ ထွက်ပေါ်ပြီး အင်္ဂလိပ်ဘာသာပြန်များကိုလည်း နိုင်ငံရပ်ခြားသို့ တင်ပို့ရောင်းချရန် အခက်အခဲရှိသောကြောင့်လော မသိ၊ အရောင်းအဝယ် စနစ်အစားလှူကြိုဖြင့် ဓမ္မဒါန ပေးလှူသော စနစ်ကို အသုံးပြုနေရသည်ဟု ကြားသိရသည်။

ထိုထိုအခက်အခဲများ ကြားကပင် ၁၉၇၇-ခုနှစ်၊ ဩဂုတ်လက အင်္ဂလန်နိုင်ငံ ဗုဒ္ဓဝိဟာရ အသင်းကြီးမှ တစ်ဆင့် ဒီဃနိကာယ်မှ ၁၀-သုတ် (၁၀၀၀) နှင့် ဓမ္မပဒ (၅၀၀) ဘာသာပြန်များ ကမ္ဘာတစ်ဝန်းလုံးသို့ တင်ပို့လှူဒါန်းလိုက်ပြီဟု ဆဋ္ဌမ နှစ်ပတ်လည် အစီရင်ခံစာအရ သိရှိရသဖြင့် ကာယကံရှင်၊ စေတနာရှင်နှင့် ဗုဒ္ဓသာသနာ၌ သက်ဝင်သူတိုင်း 'ကမ္ဘာမှာ မြန်မာတို့ သာသနာပြုနိုင်ပြီ'ဟု ဂုဏ်ယူဝမ်းမြောက်မဆုံး ရှိကြ၏။

## ဂျပန်ပြည်က ဆင့်ပွားဖြန့်ချိ

အဆိုပါ အစီရင်ခံစာအရ ထို့ထက် ဝမ်းမြောက်ဖွယ် ကောင်းသော သတင်း တစ်ခုကိုပါ ဖတ်ရှုရသည်။ ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာ ပြန့်ပွားရေးအသင်းကြီး (Buddhist Promoting Foundation) က ဓမ္မပဒ, ဒီဃနိကာယ် အုပ်ကြီး ၂-အုပ် အပြင် ဒီဃနိကာယ် ၁၀-သုတ်၏ရှေးဦးရှုမှတ်ဖွယ် နိဒါန်း(အဓိကတရားသုံးပါး) စာအုပ်ကိုပါ အင်္ဂလိပ်လို ထပ်ဆင့် ပုံနှိပ်ရာ ပိဋကဘာသာပြန်အဖွဲ့သို့ အုပ် ၃၀၀၀ လှူဒါန်းမည်ဟု သိရ၏။ ထိုစာအုပ်များတင်သွင်းခွင့်ရရန် အစိုးရထံခွင့်ပန်ထားသည်ဟုလည်း ဆိုလေသည်။

ဆိုချင်ပါသေး၏။ သာသနာ့ဘုန်းကံဟူသည်ရှိ၏။ ကြိုတင်အကွက်ချ စီမံထားသည်ထက်ပင် ကြံကြံဖန်ဖန် တိုးတက်အောင်မြင်လေ့ရှိ၏။ ဓမ္မတာပင်တည်း။

## မြန်မာနှင့် သာသနာကိုချစ်သော မစ္စစ်ဒါမိနီ

ဤကိစ္စတွင် ဂျပန်ပြည်က တစ်ဆင့် ပုံနှိပ် ဖြန့်ချိခြင်း သည်လည်း သာသနာ့ ဘုန်းကံ ဟူ၍ပင် ဆိုရပေတော့မည်။ စေ့စပ် ဆောင်ရွက်ပေးသည့် စေတနာရှင်များပေါ်လာ၏။ သူကား.... ဂျပန်နိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးကတော် 'မစ္စစ်ဒါမိနီဘတ်စ်နာယကေး' ဖြစ်သည်။

မစ္စစ်ဒါမိနီသည် မြန်မာနိုင်ငံသို့ရောက်သောအခါ ပိဋကဘာသာပြန် စာအုပ်များကို တွေ့မြင်ရ၍ ဝမ်းသာသွား၏။ မည်သည့် နိုင်ငံ၌မှ မလုပ် နိုင်သော လုပ်ငန်းကြီးကို မြန်မာတို့ ရှိသမျှအားနှင့် စွန့်စွန့်စားစား လုပ်နေကြသောကြောင့်တည်း။ စာအုပ်များကို ကြည့်ရင်း ကြည့်ရင်း သူမစိတ် မကောင်း ဖြစ်သွားပုံရ၏။ အဘယ်ကြောင့်ဆိုသော် စက္ကူ၊ စာလုံးပုံနှိပ်ပုံနှင့် မင်ကျ မင်နများမှာ ကမ္ဘာမှာ ပုံနှိပ်စက်ပေါ်စက အခြေအနေမျိုး ဖြစ်နေသောကြောင့်ပင်။ ပိဋကအညွှန်းကျမ်းမှာ လက်နှိပ်စက်စာလုံးနှင့် 'အဖြစ်' သာ ရိုက်နှိပ်ကြရသည်။ သို့နှင့် သံအမတ်ကြီးကတော် ဂျပန်နိုင်ငံသို့ပြန်သွား ပြီးနောက် ဂျပန်နိုင်ငံ၌ ထပ်ဆင့်ပုံနှိပ်ရန်ကြိုးပမ်းအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ကောင်းချီးသာဓု ခေါ်ထိုက်လှပေ၏။

'မစ္စစ်ဒါမိနီ ဘတ်စ်နာယကေး' ဟုဆိုလျှင် မြန်မာတို့ မမေ့နိုင်သော အခြားအကြောင်းတစ်ခု ရှိပါသေးသည်။ ဒါမိနီကား သာသနာတော်ကို သာမက၊ မြန်မာနှင့် မြန်မာ့ယဉ်ကျေးမှုကို နှစ်လိုမြတ်နိုးသူ ဖြစ်၏။

"နိုင်ငံတော်သံဃာ့ မဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒခံယူ ပြီး မြန်မာမိတ်ဆွေတို့၏ အကူအညီဖြင့် သားကလေး ကောလိတခေါ် ကိုကို အား ကမ္ဘာအေး သိမ်တော်ကြီးထံမှာ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ရှင်ပြုချင် ပါသည်" ဆို၍ ၂၀၊ ၂၁-၆-၇၆ နေ့များက မင်းခမ်းမင်းနားဝင်းခင်းကျင်း ၍ ရှင်ပြုပွဲ အလှူပွဲ လုပ်ခဲ့ကြဖူး၏။ စည်တော်၊ ဒိုးပတ်၊ ဝင်း၊ အပျိုရံ၊ လူပျိုရံ၊ မြင်းနှင့်လှည့်ရာ မျက်မှောက်ခေတ်တွင် ထီးမူနန်းရပေါပါ ရှုမောဖွယ် အကောင်းဆုံး ရှင်ပြုပွဲကြီး ဖြစ်ခဲ့သည်။ သံအမတ်ကြီး မစ္စတာ ဘတ်စနာ ယကေးနှင့် ဇနီးတို့မှာ မြန်မာတို့စေတနာနှင့် ယဉ်ကျေးမှုကို ရာသက်ပန် မမေ့နိုင်ရှိကြရလေ၏။

တန်ဖိုးသိသူတို့က မြန်မာ့သာသနာနှင့် မြန်မာ့ယဉ်ကျေးမှုကို ဤမျှ အလေးထားကြ၏။

ပိဋကစာပေဘာသာပြန်များနှင့် စပ်၍လည်း လွန်ခဲ့သော ၁၀-နှစ်ကျော်က အင်္ဂလန်မှ ကမ္ဘာကျော် ပါဠိတော်အသင်းကြီး (Pali Text Society)ကပင် မြန်မာပြည်က ပြန်ဆိုသော အဋ္ဌကထာ ဘာသာပြန်များကိုမှလိုချင်ပါသည်ဟုလာရောက်တောင်းဆိုခဲ့ကြဖူး၏။ မြန်မာကိုသို့စင်အထင်ကြီးနေကြပါသည်။ အားကိုးနေကြပါသည်။

## အိန္ဒိယအစိုးရနှင့် ပညာရှင်တို့၏ ကြိုဆိုမှု

ပိဋကဘာသာပြန်များနှင့်စပ်၍ အစီရင်ခံစာအရ ထို့ထက်ပင် ဝမ်းမြောက်စရာကောင်းသော သတင်းတစ်ခုကို ဖတ်ရှုကြားသိရပြန်သည်။

အိန္ဒိယနိုင်ငံအစိုးရ၏ 'အဆင့်မြင့်တိဗက်စာပေလေ့လာရေးဗဟိုအဖွဲ့ကြီး' (Central Institute of Higher Tibetan Studies.) က ဒီဃနိကာယ် ၁၀-သုတ်နှင့်နိဒါန်းစာအုပ်(ဗမာမူဆိုက်ကြီးစာမျက်နှာပေါင်း ၇၀၀ကျော် မြန်မာ၌ ၁၄၀ ရောင်းချ)ကို တစ်ပေါင်းတည်း ရိုက်နှိပ်၍ ၁၃၄၉-ခုနှစ်၊ ဗုဒ္ဓနေ့ (ကဆုန်လပြည့်)က စတင်ရောင်းချသည်ဆို၏။

အိန္ဒိယအစိုးရက ကုန်ကျစရိတ်၏ ရာခိုင်နှုန်း ၆၀-အကုန်အကျခံလှူဒါန်းအားပေးသဖြင့် ဈေးနှုန်းမှာ အထူး သက်သာလှသည်။ ကပ်ထူဖုံး ၁၁-၇၅-ပြား၊ ရိုးရိုး ၉-၄၀ပြား (ရူပီးငွေ ၂၅-၂၀)မျှသာဖြစ်၏။ (အိန္ဒိယ၌ စာတစ်စောင်ထည့်လျှင် ၅ ရူပီးရှိသည်။) အိန္ဒိယမှ နာမည်ကျော် စာပေပညာရှင် ပါမောက္ခကြီး ၅-ဦးတို့ကလည်း ယခင် အင်္ဂလန် P.T.S အသင်းကြီးမှ ဘာသာပြန်များထက်ပင် နှစ်လိုဖွယ် ကောင်းကြောင်း ထောက်ခံအားပေး၊ နိဒါန်းများရေးလျက် ကြိုဆိုဂုဏ်ပြုထားကြသည်။

အိန္ဒိယအစိုးရနှင့် ပညာရှင်များ၏ စေတနာနှင့် အမြော်အမြင်ကားကြီးမားလှပေ၏။ ဥက္ကဋ္ဌကြီး ဦးနု မူလကမျှော်မှန်းခဲ့သော၊ စေတနာထားခဲ့သော ခိုကိုးရာမဲ့ အိန္ဒိယဗုဒ္ဓဘာသာဝင်များ အတွက်သာမက၊ တစ်နေ့တခြား တိုးပွားလာနေသော ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင် အားလုံးတို့အတွက်ပါ အားတက်ဖွယ် ဖြစ်ပေတော့သည်။

ဂျပန်နိုင်ငံကရော၊ အိန္ဒိယနိုင်ငံကပါ ရှေ့ဆက်လက် ထွက်လာမည့်ကျမ်းများကိုလည်း ဆက်လက်ဆင့်ပွား၍ ရိုက်နှိပ်ပေးသွားကြမည်ဟု ဆိုရာကမ္ဘာ၌ မြန်မာတို့ဦးဆောင်နိုင်မှုအတွက် မချီးကျူးအပ်ပါသလော။

မမြင်ရသော သာသနဘုန်းကံဟူသည် အမှန်တကယ်ရှိနေ၏။ ထိုက်တန်သူတို့သည်သာ ဘုန်းရိပ်ခိုကာ သာသနာပြုခွင့် ရကြကုန်၏။

# မဟာစည်
# နိုင်ငံခြားသာသနာပြုလုပ်ငန်းနှင့်
# နိုင်ငံခြားသား ယောဂီများ

အနန္တ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် (၁၉၇၉-ခုနှစ်) မှ (၁၉၈၂-ခုနှစ်) အထိ ပြည်ပနိုင်ငံများသို့ ဝိပဿနာ သာသနာပြုခရီးများ ကြွတော်မူခဲ့စဉ် အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံများ၌ ဗုဒ္ဓမြတ်စွာ၏ပဋိပတ္တိသာသနာမျိုးစေ့များချတော်မူခဲ့သည့်အားလျော်စွာငင်းနိုင်ငံအသီးသီးမှယောဂီများလည်းရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာသို့ ဝိပဿနာတရားများပွားများ အားထုတ်ကြရန် တဖွဲဖွဲရောက်ရှိလာကြရာ (၃၀-၅-၇၉)မှ (၃၁-၃-၈၂) နေ့အထိ ရက်ရှည် တရားအားထုတ်သွားသူ ယောဂီဦးရေမှာ ၂၄၇-ဦး အထိပင် ရှိခဲ့ပါသည်။

၁၉၈၂-ခုနှစ်၊ မတ်လ ၂၆-ရက်နေ့စွဲဖြင့် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ စာအမှတ်-၁၀၂/လ-၁ (၀၄၀၁) ပ၀/လပပ ဖြင့် ရက်တိုးခွင့် အမိန့်များ ပယ်ဖျက်လိုက်သဖြင့် ရက်ရှည်အားထုတ်ခွင့် တစ်ဆက်တည်း မရကြသော နိုင်ငံခြားသား ယောဂီအချို့မှာ ၇-ရက် ဗီဇာဖြင့်ပင် အလီလီ သွားချည်ပြန်လှည့် ရန်ကုန်နှင့် ဗန်ကောက်မြို့ ၃-ကြိမ်တိုင်တိုင် ကူးချည်သန်းချည်ဖြင့် လေယာဉ်ခကို ပဓာနမထားဘဲ ယုံကြည်မှု သဒ္ဓါတရား ထူးကဲစွာဖြင့် အားထုတ်ကြသည်များကို တွေ့မြင်ကြရပါသည်။

၁၉၈၄-ခုနှစ်တွင် မဟာစည် သာသနာ့ရိပ်သာ၏ ဩဝါဒါစရိယ ဆရာတော်ဘုရား ကျေးဇူးရှင် ဦးပဏ္ဍိတာဘိဝံသသည် အမေရိကန်နိုင်ငံသို့ သာသနာပြု ခရီး ကြွတော်မူ၍ မက်ဆာချူးဆက်-ဘယ်ရီမြို့၌ တရားစခန်း ဖွင့်လှစ်၍တရားပြသတော်မူရပြန်ရာ ထိုစဉ်က ဆရာတော်ဘုရားကြီးထံ၌ တရား အားထုတ်ခဲ့ကြရသော ယောဂီများကလည်း ရန်ကုန်မြို့၊ မဟာစည် သာသနာ့ ရိပ်သာ၌ တရားဆက်လက် အားထုတ်ရန် ရက်ရှည် ဗီဇာများလျှောက်ထား လာကြပြန်ပါသည်။

---

မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ အနေဖြင့် ၇-ရက်ဗီဇာဖြင့် လာရောက်တရားအားထုတ်လိုသူများကိုလည်း စိစစ်လက်ခံပြီးလျှင် ရက်ရှည် အားထုတ်ခွင့်ရရှိရန်ကို (Sponsorship Letter) များ ပေးပို့၍ ထောက်ခံပေးသောကြောင့် ပထမဆုံး ရက်ရှည် ယောဂီအဖြစ် Mr. Patrick J. Kearney (Australia) သည် (၁၁-၈-၈၄)နေ့တွင် ရောက်ရှိလာပြီးလျှင် (၈-၁၁-၈၄)ရက်နေ့အထိ နေ့ထိုင်လျက် သဒ္ဓါတရား ထက်သန်ကျိုးနွံစွာ ဝိပဿနာတရားများ အားထုတ်သွားခဲ့ပါသည်။

၎င်းယောဂီမှ အစပြု၍ နိုင်ငံခြားသားယောဂီများ တစ်စထက်တစ်စ တိုးတက်၍ ခွင့်ပြုမိန့်ရရှိလာကြပြီး (၃၁-၁-၈၆)နေ့အထိ တစ်လနှင့်အထက် ကျိုးနွံစွာ တရား အားထုတ်သွားကြသော ယောဂီ စာရင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

### တစ်လအထက် အားထုတ်သူစာရင်း

| | | | |
|---|---|---|---|
| ၁။ | အမေရိကန် | အမျိုးသား/အမျိုးသမီး | ၂၆-ဦး |
| ၂။ | ဩစတြေးလျနိုင်ငံ | ။ | ၃-ဦး |
| ၃။ | နီပေါနိုင်ငံ | ။ | ၄-ဦး |
| ၄။ | မလေးရှားနိုင်ငံ | ။ | ၃-ဦး |
| ၅။ | အခြားနိုင်ငံများမှ | ။ | ၁၀-ဦး |
| | | စုစုပေါင်း .... | ၄၆-ဦး ဖြစ်၍ |

### (၇) ရက် "တိုးရစ်"ဗီဇာဖြင့် အားထုတ်သူ စာရင်း

| | | | |
|---|---|---|---|
| ၁။ | အမေရိကန် | အမျိုးသား/အမျိုးသမီး | ၂၇-ဦး |
| ၂။ | ဩစတြေးလျနိုင်ငံ | ။ | ၈-ဦး |
| ၃။ | နီပေါနိုင်ငံ | ။ | ၅၆-ဦး |
| ၄။ | မလေးရှားနိုင်ငံ | ။ | ၂-ဦး |
| ၅။ | အခြားနိုင်ငံများမှ | ။ | ၃၂-ဦး |
| | | စုစုပေါင်း .... | ၁၂၈-ဦး |

ဖြစ်ပါသည်။

ထိုသို့ အားတက်သရော ဝိပဿနာတရားများကို ပွားများအားထုတ်ချင်၍ ဗိဇာလျှောက်ထားကြသော နိုင်ငံခြားသားများပိုမိုများပြားလာခြင်းမှာ မဟာစည် သာသနာ့ရိပ်သာ၏ ဩဝါဒါစရိယ ဆရာတော် ကျေးဇူးရှင် ဦးပဏ္ဍိတာဘိဝံသ၏ နိုင်ငံခြားသားများအပေါ်၌ စိတ်ရှည်စွာဖြင့် စေတနာအပြည့်အဝထားပြီး ကျွမ်းကျင်စွာ တရားပြသမှု စေ့စပ်သေချာစွာ ဟောပြောပြသမှုတို့ကြောင့် ဖြစ်သည်ဟု ယုံကြည်ပါသည်။

ဆရာတော်ဘုရား၏ ဝိပဿနာတရားပြသမှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ ယောဂီများ အထူးအားရ ကျေနပ်ကြပြီးလျှင် ဆရာတော်ထံမှောက်၌ တရားအားထုတ်ဖူးသူတိုင်းက သဒ္ဓါတရား ထက်သန် ကြည်ညိုကြပြီးလျှင် ၎င်းယောဂီဟောင်းတို့၏ တစ်ဆင့်ပြောဆို ညွှန်ကြားမှုများကြောင့် အမေရိကန် တစ်ပြည်လုံး၌ ဩဝါဒါစရိယ ဆရာတော်ဘုရားသည် တရားပြရာ၌ အလွန် ကျွမ်းကျင် လိမ္မာတော်မူသော ကမ္မဋ္ဌာန်းဆရာ တစ်ဆူဖြစ်တော်မူပါပေသည်ဟု ကျော်ကြားအသိအမှတ်ပြုကြပါသည်။

## မဟာစည် သာသနာ့ရိပ်သာ ဆရာတော်ဦးပဏ္ဍိတာဘိဝံသ၏ နိုင်ငံခြား သာသနာပြုခရီးစဉ်များ

ဤ၌ အလျဉ်းသင့်၍ ဩဝါဒါစရိယ ကျေးဇူးရှင် ဦးပဏ္ဍိတာဘိဝံသ ဆရာတော်ဘုရား၏ နိုင်ငံရပ်ခြား သာသနာပြုခရီးများကို တိုင်းပြည်အလိုက် အကျဉ်းချုံး၍ အောက်ပါအတိုင်း ဖော်ပြပါသည်။

**၁၉၈၄-ခုနှစ်၊ အမေရိကန်နိုင်ငံ ခရီးစဉ်**

ဆရာတော်ဘုရားသည် မလေးရှားရဟန်းတော် ဦးအဂ္ဂစိတ္တ၊ ကပ္ပိယ မောင်ခင်လှိုင်နှင့် အမေရိကန် အမျိုးသမီးယောဂီ (Ingrid Jordt) တို့ လိုက်ပါ၍ ၁၈-၄-၈၄ ရက်နေ့တွင် ရန်ကုန်မြို့မှထွက်ခွာပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ တစ်ညရပ်နား၍ ပြီလ ၂၀ ရက်နေ့တွင် ဝါရှင်တန်သို့ချောမောစွာ ရောက်ရှိတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားသည် အမေရိကန်နိုင်ငံ၌ (၁၀၆) ရက်ကြာမျှ နေထိုင်၍ ဓမ္မဒူတ ဓမ္မဂုဏ်ရည်ပြ လုပ်ငန်းများကို ဆောင်ရွက်တော် မူခဲ့ပါသည်။ မက်ဆာချူးဆက်ပြည်နယ် ဘယ်ရီမြို့၌ ၁-၅-၈၄ မှ ၂၁-၇-၈၄ နေ့အထိ တရားစခန်းဖွင့်လှစ်၍ အဆင့်မြင့်ယောဂီ ၁၇-ဦး၊ အချိန်ပြည့်ယောဂီ ၁၄-ဦးနှင့် ရိုးရိုးယောဂီ ၅၀ ဦးတို့အား ၈-ရက်တိတိ တရားပြသ ချီးမြှင့်တော်မူခဲ့ပါသည်။

ကျန်ရက်များမှာ အမေရိကန်နိုင်ငံသို့ ဆရာတော် ရောက်ခိုက်တွင် မဟာစည်ဌာနခွဲများသို့လည်း ရက်တိုခရီးများကြွရောက်၍လေ့လာညွှန်ကြား အားပေးမှုများ ပြုလုပ်တော်မူခဲ့ပါသည်။

အမေရိကန်သို့ ဧပြီလ ၂၀ ရက်နေ့တွင် ရောက်ရှိပြီး ဝါရှင်တန်၌ (၇) ရက် တရားစခန်း ဖွင့်လှစ်ခဲ့ပါသည်။ နယူးယောက်သို့ ဧပြီလ ၂၇ ရက်နေ့ ညတွင် မော်တော်ကားဖြင့် နယူးဂျာစီနှင့်ဖီလာဒယ်ဖီးယားမြို့များမှ တစ်ဆင့် ကြွရောက်တော်မူခဲ့ပါသည်။

ဘယ်ရီတရားစခန်း၌ မေလ ၁-ရက်နေ့မှ ဇူလိုင်လ ၂၀-ရက်နေ့အထိ အထက်တွင် ဖော်ပြခဲ့ပြီးသော အဆင့်မြင့်ယောဂီများနှင့် ရိုးရိုးယောဂီ အသစ်များအား တရားပြသခဲ့ပြီးနောက် တင်နင်စီပြည်နယ် နက်(ရှ်)ဗီ မဟာစည်ဌာနခွဲမှ ဆရာတော်ဦးဝိမလ၏ပင့်လျှောက်ချက်ဖြင့် ၂၉-၇-၀၄မှ ၄-၀-၀၄ အထိ ကြွရောက်၍ (၇) ရက် တရားစခန်း ဖွင့်လှစ်တရားပြသ ချီးမြှင့် အားပေးတော်မူခဲ့ပါသည်။ ဆရာတော်သည် ကာလီဖိုးနီးယား ပြည်နယ် ဆရာတော် ဦးသီလာနန္ဒထံသို့လည်း ဇူလိုင်လ ၁၄-၁၅-၁၆ ရက် နေ့များတွင် ခေတ္တကြွရောက်၍ သီတင်းသုံးတော်မူခဲ့ပြီးလျှင် သာသနာရေး ကိစ္စများကို ဆွေးနွေးခဲ့ပါသေးသည်။

အမေရိကန်နိုင်ငံ ဓမ္မဒူတ ဓမ္မဂုဏ်ရည်ပြ ခရီးမှ ဆရာတော်ဘုရားသည် ၉-၀-၀၄ ရက်နေ့၌ ရန်ကုန်သို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ပါသည်။

## မလေးရှားနိုင်ငံ သာသနာပြုခရီး

မလေးရှားနိုင်ငံ ပလောပီနန်မြို့ရှိ (Malaysion Buddhist Meditation Centre) မလေးရှား ဗုဒ္ဓဘာသာ ဝိပဿနာ ပြန့်ပွားရေးအသင်း၏ ၁၉၀၄-ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့ကတည်းကပင် ကျေးဇူးရှင် ဩဝါဒါ စရိယ ဆရာတော်ဘုရားအား တစ်လခန့်မျှ တရားဓမ္မ ပြသချီးမြှင့်ရန် ပင့် လျှောက်ထားပါသော်လည်း ဆရာတော်ဘုရား၏မအားမလပ်သော ဝတ္တရား များကြောင့် ၁-၁၁-၀၄ နေ့မှပင် မလေးရှားနိုင်ငံသို့ သာသနာပြုခရီး ကြွတော်မူခဲ့ရပါသည်။

ဩဝါဒါစရိယဆရာတော်ဘုရားအား ကူညီတရားပြသ စကားပြန် ရန်အတွက် နီပေါဆရာတော် ဦးဉာဏပုဏ္ဏိကနှင့် ကပ္ပိယ မောင်ခင်မောင် ဒွေးတို့သည်း လိုက်ပါသွားကြပါသည်။

ပညာမှအကြွင်



မဟာစည်နာယကအဖွဲ့ဝင် နီပေါဆရာတော်

အရှင်ဉာဏပုဏ္ဏိက(ဓမ္မာစရိယ)

ဆရာတော်ဘုရားသည် မလေးရှားနိုင်ငံ ပီနန်ကမ္မဋ္ဌာန်းဌာန၌ နိုဝင်ဘာလ ၁-ရက်နေ့မှ ၃၀-ရက်နေ့အထိ နှစ်ပတ်စခန်း ၂-ကြိမ်ဖွင့်လှစ် တရားပြသခဲ့ရာ ရဟန်းယောဂီ ၁၁ပါး၊ အမျိုးသားယောဂီ ၃၀-ဦး၊ အမျိုးသမီးယောဂီ ၇၉-ဦး၊ စုစုပေါင်း ၁၃၀-ဦး တရားအားထုတ်ကြပါသည်။ ညစဉ်ပင် ဆရာတော်ဘုရားက တစ်နာရီ တရားဟောပြောရာ၌ ညစဉ်ပရိသတ် (၂၀၀ မှ ၆၃၀) ကျော်မျှအထိ တရားနာကြကြောင်း သိရှိရပါသည်။ ၁-၁၂-၇၄ နေ့တွင် မလေးရှားနိုင်ငံတောင်ပိုင်း (Ko Tinggi) ကိုတာသိဂ်ီမြို့သို့ ကြွရောက်၍ ရိပ်သာသစ် အဆောက်အအုံဖွင့်ပွဲ၌ (၇)ရက်စခန်း ဖွင့်လှစ်၍ တရားပြသခဲ့ပါသေးသည်။

မလေးရှား သာသနာပြုခရီးမှ ၁၀-၁၂-၈၄ နေ့၌ မြန်မာနိုင်ငံသို့ ချောမောစွာ ပြန်လည်ရောက်ရှိပါသည်။

## နီပေါနိုင်ငံသို့ ဓမ္မဒေသနာခရီးစဉ်

ကျေးဇူးရှင် သြဝါဒါစရိယ ဆရာတော်ဘုရားမှာ နီပေါနိုင်ငံ (ဝိုင် အမ် ဘီ အေ) ဗုဒ္ဓဘာသာလူငယ်များအသင်း ဥက္ကဋ္ဌ မစ္စတာ အနန္ဒရာ(ချ) စက်ျနှင့် နီပေါဆရာတော် ဦးညာဏပုဏ္ဏိကတို့၏ ပင့်မလျှောက်ချက် အရ၊ ၁၉၈၅-ခု၊ မေလ၁-ရက်နေ့၌ နီပေါပြည် ခတ္တမန္ဒုသို့ ကြွရောက်တော်မူရ ပါသည်။

၁၉၈၅-ခု၊ မေလ ၅-ရက်နေ့မှစ၍ ပါတန်မြို့ International Meditation Centre ၌ (၁၀)ရက် စခန်း ၂-ကြိမ်ဖွင့်လှစ် တရားပြသ တော်မူပြီးနောက် ခတ္တမန္ဒုမြို့မှ ၂၆-ကီလိုမီတာ ဝေးသော (Banepa) ဘာနေးပမြို့၌ ၂-ပတ် စခန်း ထပ်မံ၍ တရားပြရပါသည်။ ရဟန်းလောင်း ၁၀-ဦး တို့ကိုလည်း ထေရဝါဒ ရဟန်းအဖြစ်သို့ ရောက်အောင် ဥပဇ္ဈာယ် ဆရာအနေဖြင့် ချီးမြှောက်တော်မူခဲ့ပါသည်။ ရဟန်းယောဂီ ၁၂-ပါး၊ လူယောဂီ ၄၀ ဦး၊ နိုင်ငံခြားသားယောဂီ ၁၀-ဦးတို့က ဆရာတော်ထံ မှောက်၌ တရားအားထုတ်ကြပါသည်။ တရားစခန်း ၃-ကြိမ် ဖွင့်လှစ်ပြီးသည့် နောက် ပြင်ပတရားပွဲများလည်း ၅-ပွဲမျှ ကျင်းပခဲ့ရာ တရားနာကြသည့် ပရိသတ် ၅၀၀-ကျော်မှ ၆၀၀-အထိ များပြားကြောင်း သိရပါသည်။ ဆရာတော်ဘုရားသည် ဇွန်လ ၅-ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်ကြွရန် ကြို တင်စီစဉ်ပြီး ဖြစ်သော်လည်း ထိုနေ့တွင် သတိပဋ္ဌာန် ဝိပဿနာတရားစခန်း သစ်တွင် ၄-ကောခန့်ရှိ မြေလှူဒါန်းသည့် စေတနာရှင် အမျိုးသမီး အလှူရှင် ပေါ်ပေါက်နေသဖြင့် ဆရာတော်ဘုရားကိုယ်တိုင် အုတ်မြစ်ချပေးရန် ကိစ္စ၊ လုမ္ဗိနီ၌ ညအိပ်ပြီးလျှင် မုတဝေါလ၌ ညတရားပွဲချီးမြှင့်ရန် ကိစ္စ၊ ကပိလ ဝတ်၌ ကြွရောက်လေ့လာ၍ အရဟ်ဆွမ်း ဘုဉ်းပေးရန်ကိစ္စ၊ အရှင် ညာဏပုဏ္ဏိက ဖွားရာဇာတိ (တန်ဆင်းမြို့)၌ တရားပွဲများဟောကြားရန် ကိစ္စ များအပြင် ဇွန်လ ၉-ရက်နေ့တွင် ပေါက္ခရမြို့၌ ညတရားပွဲများ ဟောပြော ရပြန်သဖြင့် မြန်မာနိုင်ငံသို့ ဇွန်လ ၁၁-ရက်နေ့မှ ပြန်လည်ရောက်ရှိပါသည်။

အဘူး ဝမ်းသာဖွယ်ရာ သတင်းမှာ နီပေါနိုင်ငံ၌ မဟာစည်ဌာနခွဲ တစ်ခု သီးခြား တည်ဆောက်ရန် မြေလှူဒါန်းသူ ပေါ်ပေါက်၍ ရန်ပုံငွေ အဘွက် အသင့် စုဆောင်းမိပြီ ဖြစ်ကြောင်း သတင်းဖြစ်၍ ရန်ကုန်ရိပ်သာ

ကြီးမှ အဆောက်အအုံပုံစံများကို နမူနာရယူလိုကြောင်း နီပေါဆရာတော်က မေတ္တာရပ်ခံသဖြင့် မိတ္တူများကူး၍ အဖွဲ့ချုပ်မှ ပေးပို့ခဲ့ပါသည်။

## ဩစတြေလျနိုင်ငံခရီး

ဩစတြေလျနိုင်ငံမှ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ လာ၍ ယောဂီ အဖြစ် အားထုတ်သွားဖူးသော ယောဂီ အမျိုးသမီး Lynne Bousfield နှင့် Graham White တို့က ဩဝါဒါစရိယ ဆရာတော်ဘုရား အား ဩစတြေလျနိုင်ငံသို့ ကြွရောက် ဝိပဿနာတရား စခန်းဖွင့်လှစ်ပြသ ပေးပါရန် ၂၇-၇-၇၄ နေ့လောက်ကပင် ကြိုတင်ပင့်လျှောက်ထားခဲ့ပါ သော်လည်း ဆရာတော်ဘုရားမှာ သာသနာရေးကိစ္စများ၍လက်မခံနိုင်ခဲ့ပေ။

၁၉၇၅-ခု၊ မေလ ၂၄-ရက်နေ့မှ ဇွန်လ ၂၃-ရက်အထိ ဆရာတော် ဦးသုန္ဒရ ကြွရောက်ရန် စီစဉ်ခဲ့သော်လည်း ဆရာတော် ဦးသုန္ဒရ ပျံလွန် တော်မူ၍ နာယက ဆရာတော် အရှင်လက္ခဏ ကြွရောက်တရားပြရန် ထပ်မံ စီစဉ်ခဲ့သော်လည်း အဆင်မပြေ၍ ရွှေ့ဆိုင်းထားခဲ့ရပါသည်။ ၁၉၇၅-ခု၊ နိုဝင်ဘာလ ၄-ရက်ခနေ့တွင်မှ ဩစတြေလျ ဓမ္မဒေသနာ ခရီးစဉ်ကို ကျေးဇူးရှင် ဩဝါဒါစရိယ ဆရာတော်ဘုရား နီပေါဆရာ ဦးဉာဏပုဏ္ဏိကနှင့် ကပ္ပိယ မောင်ခင်မောင်ဌေးတို့သည် ဩစတြေလျနိုင်ငံသို့ ကြွကြရပါသည်။ ဆစ်ဒနီမြို့ သီရိရိတရားစခန်း၌ ၁-လ တရားစခန်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၎င်းတရားစခန်း၌ အချိန်ပြည့် တရား အားထုတ်ကြသော ယောဂီများမှာ ၃၆-ဦးဖြစ်၍ အချိန်ပိုင်း ယောဂီမှာလည်း ၃၀-ဦး ဖြစ်ပါသည်။

ဩစတြေလျ၌ မဟာစည် ပဋိပတ္တိသာသနာကို စတင်မျိုးစေ့ချသော အချိန်အခါဟု ယူဆရမည်ဖြစ်ပြီး တရား အားထုတ်သူပေါင်းမှာလည်း ဆရာတော်ဘုရား၏ ကျွမ်းကျင်သော တရားပြသမှုကြောင့် များစွာ သဒ္ဓါ တရား တက်ကြွကြောင်း သိရှိရပါသည်။

ဝိပဿနာတရား၏ အရသာကိုလည်း ယခုမှ ကိုယ်တိုင်ကိုယ်ကြပ် မြည်း စမ်းကြည့်ရသဖြင့် သဒ္ဓါတရား ထက်သန်လာကြပြီးလျှင် ဝိပဿနာ တရား များ ဆက်လက် အားထုတ်ရန် ဩစတြေလျမှလျှောက်ထားသူပေါင်း ၁၅-ဦး မျှ ရှိသွားပေပြီ။

ဆရာတော်ဘုရားသည် ဆစ်ဒနီမြို့၌ ညတရားပွဲ ကျင်းပရာ၊ တရားနာ ပရိသတ် ၄၀၀-ကျော်မျှ တရားနာကြကြောင်း သိရှိရပါသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားအား မြန်မာသံရုံးမိသားစုများက ပင့်ဖိတ်သဖြင့် ကင်ဘာရာ သို့ တစ်ညကြွရောက်၍ မြန်မာမိသားစုတို့အား တရားဓမ္မများချီးမြှင့်ပြီးနောက် ၆-၁၂-၈၅ နေ့တွင် သြစတြေးလျမှ ထွက်ခွာခဲ့ပြီးလျှင် မလေးရှား ပီနန်မြို့၌ ၂-ရက် ရပ်နားကာ မလေးရှားတွင် ဝိပဿနာတရားပြသလျက်ရှိသော မဟာစည် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝါယမိန္ဒနှင့် ဦးပညာသာမိတို့အား အားပေးချီးမြှောက်ခဲ့ပြီးလျှင် မြန်မာနိုင်ငံသို့ ပြန်ကြွလာခဲ့ရာ ဒီဇင်ဘာလ ၉-ရက်နေ့၌ ချောမောစွာ ပြန်လည်ရောက်ရှိပါကြောင်း။

ကမ္မဋ္ဌာနာစရိယဆရာတော်များ၏
ပြည်ပ သာသနာပြုခရီးစဉ်များ

အနန္တ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်အခါက ချမှတ်တော်မူခဲ့သည့် လမ်းစဉ်အတိုင်း ထေရဝါဒ ဗုဒ္ဓ သာသနာပြန့်ပွားမှုကို ရှေးရှု၍ နိုင်ငံခြားသို့ ဝိပဿနာတရားဟောကြားပြသ ရန်အတွက် နိုင်ငံတော်အစိုးရ မဟာသံဃနာယကအဖွဲ့မှ ချမှတ်ထားသော စည်းကမ်း၊ ဤအဖွဲ့ချုပ်မှ ချမှတ်ထားသော စည်းကမ်းများနှင့်ညီညွတ်သော ကမ္မဋ္ဌာနာစရိယ ဆရာတော်များကို သြဝါဒါစရိယ ဆရာတော်၏ခွင့်ပြုချက် ဖြင့် ဤအဖွဲ့ချုပ်က အခါအားလျော်စွာ ပင့်ဖိတ်သော နိုင်ငံများသို့ စေ လွှတ်၍ ပေးခဲ့ပါသည်။ ယင်းကဲ့သို့ သာသနာပြုခရီး သွားရောက်ခဲ့သော ဆရာတော်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(က) ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးလက္ခဏ၏မလေးရှားခရီးစဉ်**

မလေးရှားနိုင်ငံ ပီနန်မြို့ မလေးရှား ဗုဒ္ဓဘာသာ ဝိပဿနာအသင်းမှ ပင့်ဖိတ်ချက်အရ ဆရာတော် ဦးလက္ခဏသည် ၁၉၈၄-ခုနှစ်၊ ဒီဇင်ဘာလ ၁၇-ရက်နေ့၌ ကြွရောက်ခဲ့ပါသည်။ ရောက်သည့်နေ့မှ ၈-၂-၈၅နေ့အထိ ဝိပဿနာတရားကို ပြသခဲ့ပါသည်။ ယင်းကဲ့သို့ တရားပြသရာ၌ အောင်မြင်မှု များစွာရရှိပါသည်။ ပီနန်မြို့ရှိ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင် အပေါင်း တို့က ယင်းကဲ့သို့ တရားပြသည်ကို လွန်စွာ နှစ်ထောင်း အားရ ကျေနပ်ကြ ကြောင်း သိရပါသည်။

ဒီဇင်ဘာလအတွင်း၌ တရားအားထုတ်သူ အမျိုးသားယောဂီ ၂၄ ယောက်နှင့် အမျိုးသမီး ယောဂီ ၂၆-ယောက်တို့ ရှိခဲ့ပါသည်။ ၎င်းယောဂီ

များမှာ ပီနန်မြို့မှသာ မဟုတ်ဘဲ စက်ာပူ၊ ကွာလာလန်ပူ၊ အီပိုး စသော မြို့များမှ ယောဂီများလည်း ပါဝင်ကြောင်း သိရပါသည်။

ဆရာတော်ဘုရားမှာ တရားစစ်ဆေးပြသရုံသာ မဟုတ်ဘဲ သာမဏေ နှင့် ရဟန်း ယောဂီများအား ထေရဝါဒ ဝိနည်း စည်းကမ်းများနှင့် နေ ထိုင် စားသောက်ပုံ သင်္ကန်းဝတ်ရုံပုံများမှ အစပြု၍ သင်ကြားပေးခဲ့ရ ကြောင်း သိရပါသည်။

အချုပ်အလုပ်တတ်ကျွမ်းသော အမျိုးသမီးများအားလည်း သင်္ကန်း ၃ ထည်၏ အလျား အနံ အတိုင်းအတာနှင့်တကွ ဆိုးဖြတ်ပုံ ချုပ်လုပ်ပုံ တို့ကိုပါ ရှင်းလင်းသင်ကြားပေးခဲ့ရပါသည်။

ထို့အပြင် တရုတ်လူမျိုး ဗုဒ္ဓဘာသာဝင် အများစု နေထိုင်သော မလေးရှားနိုင်ငံ ပီနန်မြို့တွင် ရှေးရှေးက အစဉ်အလာ မရှိခဲ့ဖူးသေးသော သေသူအားရည်စူး၍ သပိတ်သွတ်အမျှဝေခြင်း, ရက်လည်, လလည်,နှစ်လည် ဆွမ်း စသော အလှူဒါန ပြုလုပ်အမျှဝေခြင်းများနှင့် ပတ်သက်၍ ဆရာတော် သည် ဘုရားဟော ကျမ်းဂန်များနှင့်အညီ ထေရဝါဒ ဗုဒ္ဓဘာသာ အစဉ် အလာ ကျင့်ထုံးများကိုလည်း နည်းညွှန်လမ်းပြ ဟောကြားပြသခဲ့ပါသည်။

၎င်းနည်းညွှန်လမ်းပြ တရားဓမ္မများကို နာယူကြရသော ပီနန် တရုတ် ဗုဒ္ဓဘာသာတို့သည် အကြောင်းယုတ္တိ ခိုင်လုံကြောင်း သိရှိသဘောပေါက် လာကြသည့်အားလျော်စွာ ကွယ်လွန်သွားကြသော ဘိုးဘွား၊ မိဘများ၊ သား၊ သမီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟများအတွက် ရည်စူး၍ ရက်လည်၊ လ လည်နှင့် နှစ်လည်ဆွမ်း စသော အလှူဒါနများကို အဆက်မပြတ် ပြုလုပ်ကာ အမျှအတမ်းများ ပေးဝေကြသော ထုံးတမ်းစဉ်လာများ ရှိလာကြပြီဖြစ် ကြောင်း သိရပါသည်။

မလေးရှားနိုင်ငံ ပီနန်မြို့မှ ဥပဒေပြုလွှတ်တော်အမတ်ကြီး မစ္စတာ လင်ကင်စူး (Sentaor Lim Kean Siew, M.A)က "လူနှင့် တိရစ္ဆာန်တို့၏ ကံကြောင့် အကျိုးပေးပုံနှင့် သစ်ပင်များ၏ မျိုးစေ့ကြောင့် အမျိုးမျိုးပြောင်းလဲတို့၌ ကွဲပြားခြားနားမှု ရှိ,မရှိဟူသော ပုစ္ဆာပြဿနာ ကို အဘိဓမ္မာသဘောတရားများ ထည့်သွင်း၍ အသိဉာဏ်ရှင်းအောင် ဖြေ ကြားစေလိုကြောင်း" လျှောက်ထားတောင်းပန်ခဲ့ပါသည်။

ယင်းပုစ္ဆာ ပြဿနာနှင့်ပတ်သက်၍ ဘဏ္ဍာဝါတို့၏ ကံနှင့် ကံ၏အကျိုးတရားများ ပြုလုပ်ခံစားရပုံများကို သိသာထင်ရှား လွယ်ကူအောင် ပုံဝတ္ထုများဖြင့် တန်ဆာဆင်၍ အခြေခံအဘိဓမ္မာသဘောတရားများ ထည့်သွင်းကာ (လျှောက်လွှာစာရွက် ၂၅ မျက်နှာခန့်ဖြင့်) ရေးသား ဖြေကြားခဲ့ပါသည်။

ထို "ကံ" တရားတော်ကို ပီနန်မြို့ မလေးရှား ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန (M.B.M.C) ဂျော်မတီက ၁၉၇၅-ခု၊ ဇူလိုင်လ (ဝါဆိုလပြည့်နေ့)က စာမျက်နှာ ၃၄ မျက်နှာရှိ စာအုပ်ငယ်များ ရိုက်နှိပ်ဝေငှ ဓမ္မဒါနပြုကြောင်း သိရပါသည်။

## နီပေါနိုင်ငံသို့ ၁၀-ရက်စခန်းအတွက် ကြွခြင်း

ကမ္မဋ္ဌာနစရိယ ဆရာတော် ဦးလက္ခဏသည် နီပေါနိုင်ငံမှ ပင့်လျှောက်ချက်အရ မတ်လ ၉-ရက်နေ့တွင် နီပေါသို့ ကြွရောက်၍ မတ်လ ၁၁-ရက်နေ့မှ ၂၀-ရက်နေ့အထိ ၁၀-ရက် တရားစခန်း ဖွင့်လှစ်တရားပြသပေးခဲ့ပါသည်။ မတ်လ ၂၈ ရက်နေ့၌ ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့ပါသည်။

### (ခ) ဆရာတော်ဦးပညာသာမိနှင့် ဆရာတော်ဦးဝါယမိန္ဒတို့၏ မလေးရှား ခရီးစဉ်

အထက်ဖော်ပြပါ ဆရာတော်ဦးလက္ခဏ၏ ဓမ္မဒူတခရီးစဉ် ပြီးဆုံးပြီးသည့်နောက် မလေးရှား ဗုဒ္ဓဘာသာဝိပဿနာအဖွဲ့မှ မဟာစည် သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော် ကျေးဇူးရှင် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအား ပီနန်မြို့တွင် တစ်ဝါဆို၍ ဝိပဿနာတရားပြသရန် ထပ်မံပင့်ဖိတ်ပြန်ပါသည်။ သို့သော်လည်း ဩဝါဒါစရိယ ဆရာတော်မှာ ဩစတြေလျနိုင်ငံမှ (၁) လတာမျှ ဝိပဿနာတရားပြသရန် ပင့်ဖိတ်သည်ကို လက်ခံပြီးဖြစ်သည့်အလျောက် ရန်ကုန်မြို့ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မင်းလှကျောင်းတိုက်မှ ဆရာတော်ဦးဝါယမိန္ဒအား မလေးရှားနိုင်ငံသို့ ကြွရောက်ဝါဆို၍ တရားပြသရန် ဩဝါဒါစရိယဆရာတော်က တာဝန်ပေး စေလွှတ်ပါသည်။ ဆရာတော် ဦးဝါယမိန္ဒနှင့်အတူ ကူညီလျက် တရားပြသရန်အတွက် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့တွင် ရောက်ရှိနေသော ဆရာတော်ဦးပညာသာမိကိုလည်း မလေးရှားနိုင်ငံသို့ကြွရောက်ရန် ဩဝါဒါစရိယဆရာတော်က တာဝန်ပေးခဲ့ပါသည်။ ဆရာတော်ဦးဝါယမိန္ဒသည် ပီနန်မြို့တွင်ဝါဆိုနိုင်ရန်အတွက် ရန်ကုန်မှ ၂၉-၇-၇၅ နေ့တွင် ကြွပါသည်။ ဆရာတော် ၂-ပါးတရားပြသရာ၌ ကူညီရန်အလို့ငှာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဂုဏ်ထူးဆောင်အမှုဆောင် ဦးလှ

ထွန်းသည် စကားပြန်အဖြစ် ဆောင်ရွက်ရန်အတွက် မလေးရှားနိုင်ငံသို့ ဆရာတော် ဦးဝါယမိန္ဒ ကြွရောက်ပြီး မကြာမီ မရှေးမနှောင်း၌ လိုက်ပါသွားပါသည်။

ဆရာတော် ဦးဝါယမိန္ဒနှင့်အဖွဲ့ မလေးရှားနိုင်ငံတွင် တရားပြသရာ၌ ၁၉-၁-၈၆ နေ့အထိ တရားအားထုတ်ပြီးသူ ယောဂီအပေါင်းမှာ (၂၅၅) ဦး ရှိ၍ ယင်းတို့အနက်—

| | | |
|---|---|---|
| (က) | အမေရိကန်အမျိုးသားယောဂီ | ၁-ဦး |
| (ခ) | အမေရိကန်အမျိုးသမီးယောဂီ | ၁-ဦး |
| (ဂ) | ဂျပန်အမျိုးသား | ၁-ဦး |
| (ဃ) | ပေါ်တူဂီအမျိုးသမီး | ၁-ဦး |
| (င) | ဩစတြေလျအမျိုးသမီး | ၁-ဦး |
| (စ) | ဆွစ်ဇာလန်အမျိုးသမီး | ၁-ဦး |

တို့ ပါဝင်ကြောင်း ဆရာတော်ထံမှ ပေးပို့သောစာအရ သိရှိရပါသည်။ ဤပေးစာကို ထောက်ရှုခြင်းအားဖြင့် ဆရာတော် ဦးဝါယမိန္ဒ၏ ခရီးစဉ်မည်မျှ အောင်မြင်မှု ရရှိသည်ကို ခန့်မှန်းနိုင်ပါသည်။ ဆရာတော်တို့၏ နိုင်ငံကူးလက်မှတ်သက်တမ်းလည်း နောက်ထပ် တစ်နှစ် တိုးမြှင့်ရရှိသည့်အလျောက် ဆက်လက်တရားပြသလျက် ရှိပါသည်။

ပီနန်ဌာနခွဲ၏ လိပ်စာမှာ—

Malaysia Buddhist Meditation Centre,
355, Jalam Mesjid Negeri,
PENANG, MALAYSIA.

### အမေရိကန်နိုင်ငံ မဟာစည် သာသနာ့ရိပ်သာ ဌာနခွဲများ

အမေရိကန်နိုင်ငံ၌ ဖွင့်လှစ်ပြီးဖြစ်သော ဌာနခွဲလိပ်စာများနှင့် ကမ္မဋ္ဌာနာစရိယဆရာတော်များ၏ စာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်—

| ဆရာတော်အမည် | ကျောင်းနှင့်ဌာနခွဲလိပ်စာများ |
|---|---|
| ၁။ ဆရာတော်ဦးသီလာနန္ဒ | Dhammananda Vihara,<br>68, Woodrow Street<br>Daly City, California 94014, |

၂။ ဆရာတော်ဦးဝိမလ The Buddhist Temple,
230, Treutland Street,
Nashville, Tennessee 37212.

၃။ ဆရာတော်ဦးဣန္ဒက The America Burma Buddhist
Association, INC,
619, Bergen Street.
Brooklyn N-Y 11238.

၄။ ဆရာတော်ဦးကေလာသ Mangalarama Vihara,
1708, Power Mill Road
Silver Springs,
Maryland 20903.

အမေရိကန်နိုင်ငံ နယူးယောက်မြို့ အမေရိကန်-မြန်မာ ဗုဒ္ဓဘာသာ အသင်း ဥက္ကဋ္ဌ ဦးဟန်ကြူ အမှူးပြုသော အမှုဆောင်အဖွဲ့က ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဣန္ဒကအား သာသနာပြု လုပ်ငန်းများ၌ ကူညီရန် ပင့်လျှောက်သဖြင့် ရန်ကုန်မြို့၌ မဟာစည် သာသနာ့ရိပ်သာမှ ဝန်ဆောင်သံဃာတော်တစ်ပါး ဖြစ်သော ဦးကြင်ပိုးတိုက် အဆောင်မှူး ဆရာတော် ဦးပညာဘာသ သာသနဓဇ-အစိုးရဓမ္မာစရိယ (ဘီအေ) (H. G. P) အိပ်(ချ်)ဂျီပီသည် ၁၉၇၅-ခု၊ နိုဝင်ဘာလ ၁၆-ရက်နေ့ကပင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားတော်မူရာ နိုဝင်ဘာလ ၁၇-ရက်နေ့ ညနေ ၅-နာရီအချိန်တွင် ပြင်သစ်လေကြောင်းဖြင့် ဝါရှင်တန်သို့ ချောမောစွာ ရောက်ရှိကြောင်း သိရှိရပါသည်။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ကမ္မဋ္ဌာန်းဌာန အဖြစ် ခွင့်ပြုထားခဲ့သော Joseph Goldstein နှင့် Sharon Salzberg တို့ ဦးစီးသော ဘယ်ရီ စခန်း၏ လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

Insight Meditation Society,
Pleasant Street, Barre, Massachusetts 01005.

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၌ ထေရဝါဒရဟန်းတော် ဦးအဂ္ဂစာရ အဖြစ် နှစ်ဝါခွဲမျှ နေထိုင် တရားပွား အားထုတ်ဖူးသော အမေရိကန် အမျိုးသား (Alan Clements) နှင့် ၎င်း၏ တရားဓမ္မမိတ်ဆွေ

များတို့က စုပေါင်း၍ မဟာစည် ကမ္မဋ္ဌာန်းဋ္ဌာနခွဲအဖြစ် ဋ္ဌာနသစ် တစ်ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အယ်လင်ဂလီမင့်နှင့်အတူ ကမ္မဋ္ဌာန်းတရား ပြသမည့်သူမှာ မဟာစည်သာသနာ့ရိပ်သာ၌ ၆-လတာမျှ တရားလည်း အားထုတ်၊ မြန်မာစကားကိုလည်း သင်ကြားတတ်မြောက်သွားသူ အမျိုးသမီး (Ingrid Jordt) ဖြစ်ပါသည်။ ၎င်းတို့ဖွင့်လှစ်မည့် ဋ္ဌာနသစ် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

The Buddha Sasana Foundation,
5459, Shafter Avenue,
Oakland, California,
U.S.A. 94618.

အထက်ပါ ဗုဒ္ဓသာသနာ ဖောင်ဒေးရှင်းက မဟာစည်သာသနာ့ရိပ်သာ၏ ဩဝါဒါစရိယ ဆရာတော် ကျေးဇူးရှင် ဦးဇောတိကာဘိဝံသအား အမေရိကန် ကာလီဖိုးနီးယား၌ တစ်လတာမျှ ဝိပဿနာတရား ပြသတော်မူရန် ပင့်လျှောက်ထားသဖြင့် ၁၉၈၆-ခု၊ မေလလယ်ခန့်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားသည် ဓမ္မဒူတ ဓမ္မဂုဏ်ရည်ပြခရီး ကြွရောက်ရန် အစီအစဉ် ရှိပါသည်။

## အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်၌ ထေရဝါဒ ဗုဒ္ဓသာသနာ မြန်မာဘုန်းတော်ကြီးကျောင်း တည်ထောင်နိုင်ခဲ့ခြင်း

၁၉၇၉-ခုနှစ်နှင့် ၁၉၈၁-ခုနှစ်များက ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အင်္ဂလန်နိုင်ငံသို့ သာသနာပြုခရီးကြွတော်မူစဉ် လန်ဒန်၌ ဗုဒ္ဓဘာသာအသင်းတစ်သင်း (The Britain Burma Buddhist Trust) ဖွဲ့စည်းပေးတော်မူခဲ့ရာ ဒေါ်အုန်းမြင့်အေး၊ ဦးခင်နှင့် ဇနီး၊ ဦးစိန်ထွန်း အောင်နှင့်ဇနီး၊ ဒေါက်တာဦးဝင်းမောင်နှင့်ဇနီး၊ ဦးနေဝင်း, ဒေါက်တာ အေးနိုင်တို့ အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်ကြပြီးလျှင် ဘာမင်ဂမ် ဗုဒ္ဓ ဝိဟာရ ကျောင်းထိုင်ဆရာတော် ဒေါက်တာ အရှင်ရေဝတဓမ္မကို ဩဝါဒါ စရိယ ဆရာတော်အဖြစ် တင်မြှောက် ကိုးကွယ်ခဲ့ကြပါသည်။

ဩဝါဒါစရိယ ဆရာတော်နှင့် အသင်းအမှုဆောင်များ အခြားဗုဒ္ဓ ဘာသာဝင် မြန်မာအမျိုးသားတို့၏ နှစ်လကြာရှည်စွာ ကြိုးစားအားထုတ်

မှုတို့ကြောင့် ပေါင် တစ်သိန်းကျော်တန်သော အဆောက်အအုံ တစ်ခုကို လန်ဒန်မြို့ (Old Church Lane London NW 98TC) ရပ်ကွက်၌ ဝယ်ယူနိုင်ခဲ့ပြီးလျှင် ၁၉၇၅ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့၌ ထေရဝါဒ ဗုဒ္ဓသာသနာ မြန်မာဘုန်းတော်ကြီးကျောင်း သံဃိကကျောင်းအဖြစ် စည်ကားသိုက်မြိုက်စွာ ရေစက်သွန်းချ လှူဒါန်းဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဗြိတိန်-မြန်မာ ဗုဒ္ဓဘာသာ ဘဏ္ဍာထိန်းအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် ဒေါက်တာ အရှင်ရေဝတဓမ္မမှာ ဘာမင်ဂမ် ဗုဒ္ဓဝိဟာရကျောင်းတိုက်၌ တာဝန်များ များပြားလှသည့်အပြင် ကမ္ဘာ့သာသနာပြု လုပ်ငန်းများနှင့် မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဘယ်ဂျီယန်နိုင်ငံများသို့ပါ ဒေသစာရီ ကြွချီ၍ ဟောပြော တရားပြသခြင်း စသော သာသနာ့ကိစ္စ အဝဝကို ဆောင်ရွက်တော်မူနေသည်ဖြစ်၍ ဘာမင်ဂမ် ဗုဒ္ဓဝိဟာရကျောင်း၌ပင် ဆရာတော်အား ကူညီရန် ရှမ်းပြည် ပင်းတယ မဟာစည်ဌာနခွဲ ကမ္မဋ္ဌာနစရိယဆရာတော် ဦးဣန္ဒဝံသအား ပင့်ဆောင်ထားရသည်ဖြစ်ရာ လန်ဒန်မြို့၌ ဖွင့်လှစ်သော ကျောင်းသင်္ဃ၏ တာဝန်များကို လွှဲအပ်ရန်အတွက် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာမှ ပရိယတ္တိနှင့် ပဋိပတ္တိ အရည်အချင်းတို့နှင့် ပြည့်စုံသော ရဟန်းတော် နှစ်ပါးကို စေလွှတ် ပေးပါရန် ဗြိတိန်-မြန်မာ ဗုဒ္ဓဘာသာ ဘဏ္ဍာထိန်းအဖွဲ့က ဩဝါဒါစရိယ ဆရာတော် ကျေးဇူးရှင် ဦးပဏ္ဍိတာဘိဝံသအား လျှောက်ထားခဲ့ပါသည်။

သို့ဖြစ်၍ ကျေးဇူးရှင် ဆရာတော်ဘုရားကလည်း လန်ဒန်မြို့တော်အတွက် လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံသော ရဟန်းတော်နှစ်ပါးကို ရွေးချယ်ပြီး စေလွှတ်ရန် စီစဉ်လျက်ရှိပါသည်။

## ဆွစ်ဇာလန်နိုင်ငံမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါး ပင့်လျှောက်လာခြင်း

ဆွစ်ဇာလန်နိုင်ငံ၌ ဗုဒ္ဓဘာသာ မြန်မာအမျိုးသားဖြစ်ကြသော ဦးမြသောင်း၊ ဦးထွန်းအောင်၊ ဒေါ်အေးမြမြဝင်းစသော ယောဂီဟောင်းတို့က မဟာစည် သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါးကို စေလွှတ်ပေးပါရန် ၁၉၇၃ ခုနှစ်လောက်ကပင် ဆရာတော်ဘုရားအား စာဖြင့် ရေးသား လျှောက်ထားခဲ့ပါသော်လည်း သာသနာပြုရန် အခြေအနေ အကြောင်းမညီညွတ်ဘဲ ရှိနေခဲ့ပါသည်။

၁၉၇၅-ခုနှစ်၊ ဇွန်လ ၂၅ ရက် နေ့စွဲဖြင့် Ashoka Foundation, Meinradstar 8006 Zurich, Switzerland. မှ ဆွစ်ဇာလန်ရှိ မြန်မာနွယ်ဝင် ၁၂၀ ကျော်နှင့် အခြား ထေရဝါဒဗုဒ္ဓဘာသာဝင်များ ကိုယ်စား ပင့်လျှောက်ထားလာပြန်သဖြင့် ရန်ကုန်မဟာစည် သာသနာ့ရိပ်သာ အရန်ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသာသန(ထားဝယ်) သိက္ခာ(၂၇) ဝါ အစိုးရ ဓမ္မာစရိယနှင့် ဓမ္မာစရိယပါဠိပါရဂူအား ကျေးဇူးရှင် ဩဝါဒါစရိယ ဆရာတော်ဘုရားက ဆွစ်ဇာလန်နိုင်ငံ၌ သာသနာပြုရန် ရွေးချယ်တော်မူပြီးလျှင် နိုင်ငံကူးလက်မှတ်များ လျှောက်ထားပြီးဖြစ်၍ မကြာမီကာလတွင် ဆွစ်ဇာလန်နိုင်ငံ၌ မဟာစည်ရိပ်သာခွဲတစ်ခု ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

## ခံယူချက်နှင့် ရည်မှန်းချက်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားသည်မှာ ၃-နှစ် ကျော်ခဲ့ပြီ ဖြစ်ပါသော်လည်း မြန်မာနိုင်ငံလုံးရှိ မဟာစည်ရိပ်သာခွဲ ၃၀၀-ကျော်တို့က တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ထားသော နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ တိပိဋကဓရ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဘဒန္တဝိစိတ္တသာရာဘိဝံသ အမှူးပြုသော မဟာစည်သာသနာ့ရိပ်သာများ ဩဝါဒါစရိယဆရာတော်အဖွဲ့၊ ပုသိမ်သဒ္ဓမ္မသီတဂူဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသော မြန်မာနိုင်ငံ မဟာစည် သာသနာ့ရိပ်သာများ၏ ဦးဆောင် နာယကအဖွဲ့၊ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ၏ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအမှူးပြုသော နာယကဆရာတော်များနှင့် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်များ၊ ဟိတေသီအဖွဲ့အမှုဆောင်များ၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်များ အားလုံးတို့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြုစုပျိုးထောင်ခဲ့သော မဟာစည်သာသနာ့ရိပ်သာကြီးသည် အစဉ်မပြတ် တည်တံ့ခိုင်မြဲလျက် ရှိရလေအောင် တက်ညီလက်ညီ စည်းရုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြသဖြင့် မဟာစည် ရိပ်သာကြီးနှင့်တကွ ယောဂီအဆောင်းတို့မှာ သိုက်သိုက်ဝန်းဝန်း ရှိနေကြသကဲ့သို့ ဆရာတော်ဘုရားကြီး မျိုးစေ့ချတော်မူခဲ့သဖြင့် ရှင်သန်ကြီးထွားစပြုလာသော နိုင်ငံခြား သာသနာပြု လုပ်ငန်းများကိုလည်း—

(က) အစပျိုးပြီးသော ဌာနစခန်းများကို ခိုင်ခံ့သည်ထက် ခိုင်ခံ့အောင် ကမ္မဋ္ဌာန်းဆရာတော်များ ပို့လွှတ်ခဲ့ပါသည်။

(ခ) ထို့မှတစ်ပါး ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ရှိပြီးသော တိုင်း,နိုင်ငံများရှိ မဟာစည်ဌာနခွဲများက မိခင်ဌာနဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးနှင့် အဆက်မပြတ် ဆွေးဆွေးနွေးနွေး တိုင်တိုင်ပင်ပင် ကြီးထွားသန်မာအောင် ဆက်လက်ဆောင်ရွက်သွားရန် အဖွဲ့ချုပ်ကြီး အနေဖြင့် သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (၁၉၇၅-၇၆ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နှစ်ပတ်လည် အစီရင်ခံစာမှ)

## ကမ္ဘာ့ရိပ်သာများ နာယကအဖွဲ့ဝင် နီပေါနိုင်ငံ ကဌမဏ္ဍူမြို့ လောကသန္တိ (World Peace Temple) ဆရာတော်ဦးဉာဏပုဏ္ဏိက၏ နိုင်ငံခြားသာသနာရေး ဆောင်ရွက်ချက် တင်ပြ လျှောက်ထားလွှာ

### နီပေါနိုင်ငံ၌ သာသနာရေး ဆောင်ရွက်ချက်

သြဝါဒါစရိယ ဆရာတော် အရှင်မြတ်ဘုရားနှင့်တကွ အားလုံးသော နာယက ဆရာတော် အရှင်မြတ်တို့ဘုရား။

ဘုရားတပည့်တော် ဉာဏပုဏ္ဏိကက ဒီနှစ်အတွင်း တွေ့ကြုံခဲ့ရသော နိုင်ငံခြားအတွေ့အကြုံ အကျဉ်းချုပ်အားဖြင့် အစီရင်ခံ တင်လျှောက်အပ်ပါသည် အရှင်မြတ်တို့ ဘုရား။

ဒီနှစ်လွန်ခဲ့သော ၁၉၇၅-ခု၊ မေလ ပထမပတ်မှ စ၍ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာနသြဝါဒါစရိယ ဆရာတော်အရှင် ပဏ္ဍိတာဘိဝံသမထေရ်မြတ်သည် နီပေါပြည် ကဌမဏ္ဍူမြို့တော်သို့ ပထမအကြိမ် ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတ ခရီးစဉ်အနေဖြင့် ကြွရောက်တော်မူခဲ့ပါသည်။ ထိုသို့ကြွရောက်တော်မူရာဝယ် ပါဋ္ဌန်မြို့မှာ ၁၁-ရက် စခန်း ၂-ခုဖွင့်ပြီး သတိပဋ္ဌာန်သုတ္တန်တရားတော်နှင့်အညီ အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်

ဘုရားကြီး နည်းနိဿရည်းအားလျော်စွာ ဝိပဿနာ တရားတော်ကို ညွှန်ကြားပြသတော်မူခဲ့ပါသည်။ နှစ်ခုလုံးသော ထိုတရားစခန်း၌ ဟိန္ဒူ မဟာယာန ဗုဒ္ဓဘာသာသာဝင်များနှင့်အတူ ထေရဝါဒ ဗုဒ္ဓဘာသာဝင် အမြောက်အမြား လာရောက် တရားအားထုတ်ခဲ့ကြပါသည်။ ဦးရေအားဖြင့်တော့ တစ်ရာကျော်မျှ ဖြစ်ပါသည်။

ဟိန္ဒူနှင့် မဟာယာန ဗုဒ္ဓဘာသာဝင်တို့အတွက် ဝိပဿနာတရားဘာဝနာသည် အဆန်းတကြယ် နည်းလမ်းတစ်မျိုးလို ဖြစ်နေပါသည်။ သူတို့မှာ သမထဘာဝနာမျိုးဖြစ်သော နတ်မျိုးစုံဆိုင်ရာ မန္တန်များကို ထပ်တလဲလဲ ရွတ်ဆိုအာရုံပြုမှု၊ အထူးအားဖြင့် ဘုရားလောင်းမြောက်မြားစွာတို့ကို အာရုံပြုမှု၊ သူတို့နှင့်သက်ဆိုင်ရာ ဂါထာမန္တန်တွေကို ရွတ်ဆိုအာရုံပြုမှု၊ ရွတ်ဆိုသရဇ္ဈာယ်မှု စသော နည်းလမ်းများသာရှိပြီး လက်တွေ့ ရုပ်နာမ် သဘာဝကိုသိရန် နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကျဖြစ်သော အမျိုးမျိုး၊ အထွေထွေ၊ အမူအရာတွေကို သူ့ပင်ကိုရင်းအတိုင်း ပညတ်အခေါ်အဝေါ် သုံးနှုန်းပြီး တရားစီးဖြန်းရင်း တရားထူးရရှိနိုင်မည့်ဆိုတဲ့ တရားအားထုတ်နည်းသည် သူတို့အဖို့ အသစ်အဆန်းသဖွယ် ဖြစ်လျက် ရှိနေပါသည်။ ပထမတော့ သူတို့စိတ်ထဲမှာ အထူးအဆန်း အာရုံနိမိတ်တွေ ပေါ်လာတဲ့အခါမှာသာ တရားဟုထင်ပြီး ရိုးရိုး မှတ်ရိုးမှတ်စဉ်ကိုတော့ အထူးဂရုစိုက်လေ့မရှိကြတာကို တွေ့ရပါသည်။

နောက်ပြီးတော့ နီပေါမှာ ဆရာကြီးဦးဘခင်၏တပည့် ဦးဂေါယင်္ကာကလည်း ဝိပဿနာတရား ပြသလျက်ရှိရာ ခေတ်ပညာတတ် နီပေါ လူငယ်၊ လူရွယ်များ စိတ်ထဲတွင် ဖောင်းပိန်ကို မူလအာရုံအဖြစ်ထားရှိပြီး တရားအားထုတ်ခိုင်းသည်ကို ဘဝင်မကျ သဘော မသက်ဝင်သလို ဖြစ်နေခဲ့ပါသည်။ ဦးဂေါယင်္ကာ့က တရားအားထုတ်ရင်းနဲ့ နောက်ဘယ်လို ဘယ်ကဲ့သို့ ဖြစ်လာမည်ကို ကြိုတင်ဖော်ပြ ရှင်းပြထားသည့်အတွက် သူတို့ တရား အားထုတ်ပြီး တွေ့ရှိချက်တွေနဲ့ ကိုက်ညီတဲ့အတွက် ထိုစနစ်သည် လက်တွေ့အားဖြင့် ထိရောက်သော နည်းစနစ်ဟု ထင်မှတ်ပြီး မဟာစည်နည်းစနစ်သည် ကြိုတင် ဘာမှမသိရဘဲနှင့် စမ်းတဝါးဝါး သဘောမျိုးသွားနေရသော တရားဖြင့်၍ နောက်ထပ် ဘယ်လို ဘယ်ကဲ့သို့ ဖြစ်မည့်ဆိုတာကို မသိရသည့်အတွက် အားတက်ဖွယ်ရာ မရှိလှဟုလည်း ထင်နေကြသည်ကို တွေ့ရပါသည်။

သို့သော် ထိုကဲ့သို့သော ယုံမှား သံသယပေါင်း သောင်းခြောက်ထောင်ကို ဩဝါဒါစရိယ ဆရာတော်ဘုရားက ကျမ်းဂန် အကိုးသာခက

လက်တွေ့ကျင့်စဉ်တွေကို ပိုင်ပိုင်နိုင်နိုင် ထိထိမိမိ ရှင်းပြသွန်သင်ဆုံးမပြသတော်မူခဲ့သည့်အတွက် အင်မတန် ထိရောက် သဘောပေါက်ပြီး နှစ်သက် လက်ခံသဘောကျကြသည်ကို မကြာခင်ပင် တွေ့ကြုံသိရှိခဲ့ရပြီး သူတို့ရဲ့ အခြေအနေ ရုတ်တရက် ပြောင်းမှန်သွားသည်ကိုလည်း တွေ့သိခဲ့ရပါသည်။

ထို့နောက် အခြား ၁၀-ရက်စခန်းတစ်ခုကို ကဌမဏ္ဍုမှ မိုင် ၂၀-ခန့်ဝေးသော ဗနေပါမြို့ကလေးတစ်ခုမှာ ပြသတော်မူခဲ့ပါသေးသည်။ ထိုစခန်း၌ ယောဂီပေါင်း ၆၀-ကျော်, ၇၀-နီးပါးခန့် ရှိခဲ့ပါသည်။ ထိုစခန်းမှာ ခေတ်ပညာတတ် ဗုဒ္ဓဘာသာဝင် ၁၀-ဦးက ဒုလ္လဘအဖြစ်ဖြင့် ၁၀-ရက် ရဟန်းဝတ်ပြီး တရားအားထုတ်ခဲ့ကြပါသည်။ ရဟန်းဘဝ တန်ဖိုးကို သူတို့ ထိုက်တန်သလောက် သိရှိခံစားခွင့် ရရှိခဲ့ကြပါသည်။ ထိုစခန်းတွင် တချို့ အမျိုးသမီးယောဂီများမှာ ကျေနပ်လောက်စရာကောင်းအောင် တရားတက်သည်ကို တွေ့ကြရ၍ ဆရာတော်ဘုရားမှာ အထူး အားတက်မှု ရှိတော်မူလှသည်။ "ဆက်သာအားထုတ်ရမည်ဆိုလျှင် သိပ်နေရာကျကြမှာပဲ၊ဆက်သာအားထုတ်ရမည်ဆိုလျှင် သိပ်နေရာကျကြမှာပဲ" ဆိုတဲ့ အားရ ကျေနပ်သံ ဆရာတော်ဘုရား၏နှုတ်က တဖွားဖွားဖြစ်ပေါ်စေလျက်ရှိသည့် စကားသံကို တွေ့ရခြင်းအားဖြင့် သိနိုင်ပေသည်။

နီပေါအမျိုးသား, အမျိုးသမီး ဒကာ-ဒကာမတို့စိတ်ထဲ၌ ဒိဝိပဿနာလမ်းစဉ်အရ စိတ်ဓာတ်ငြိမ်သက် အေးချမ်းရုံမျှမက ကိလေသာကုန်ခန်းရေးအတွက်လည်း အရေးပါ အရာရောက်နိုင်ကြောင်းကို လက်တွေ့ သဘောကျသွားသည်နှင့်လျော်ညီစွာ ဦးဂေါယံကာ တရားအားထုတ်ရေးဌာန ဖွင့်လှစ်ခဲ့သလို မဟာစည်သြဝါဒခံ တရားဌာနလည်းရှိဖို့ရန်သင့်သည်ဆိုတာကိုလက်ခံလာကြပြီး ဦးသုမင်္ဂလ(နီပေါရဟန်းတော်တစ်ပါး၊ မြန်မာပြည်မှာပင် ရှင်ပြုရဟန်းခံသွားသည့်ကိုယ်တော် ဖြစ်ပါသည်။ မြန်မာပြည်မှာ ခြောက်နှစ်ကျော်ခုနစ်နှစ်ခန့် နေဖူးပါသည်) အရှင်မြတ်က ဝိပဿနာ ဌာနတစ်ခု ဖြစ်စေရေးအတွက်ဆိုပြီး မရောမယှက်သီးသန့်ဖြစ်အောင်မဟာစည်သြဝါဒခံ ဝိပဿနာဌာနတစ်ခု ဖွင့်လှစ်ရေးအတွက် အသုံးချမည်ဆိုလျှင် လယ်မြေ လှူဒါန်းရန်အသင့်ရှိကြောင်း စကားကမ်းလှမ်းလျက် သြဝါဒါစရိယဆရာတော်ဘုရား၏ ရှေ့မှောက်မှာပင် အဖွဲ့အစည်းတစ်ခု ဖွဲ့လျက် (International Buddhist Meditation Centre) အမည်မှည့်လိုက်ခဲ့ကြပါသည်။

တရားစခန်းတွေ ပြီးမြောက်ပြီး ချက်ချင်းလိုလိုပင် အရှင်ဉာဏပုဏ္ဏိက

(နီပေါ)၏လောကသန္တိ(World Peace Temple)ကျောင်းအစ်မကြီးကပင် ရိပ်သာသည့်ဆောက်ရေးအတွက် နီပေါအခေါ်အပေါ်အရ ၁၀ ရောပနီ ခန့်ရှိ လယ်မြေကို အခမ်းအနားဖြင့် လှူဒါန်းဆက်ကပ်ပြီးနောက် ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အုတ်မြစ်ချပွဲကိုလည်း တစ်ပါတည်း ပြုလုပ်ကျင်းပခဲ့ကြပါသည်။

ဤသို့အားဖြင့် ဆရာတော်ဘုရား၏ ဓမ္မဒူတခရီးစဉ်သည် နီပေါပြည်မှာ အဆင်ပြေထိုက်တန်သလောက် အကျိုးသက်ရောက်ခဲ့ကြောင်း အစီရင်ခံ တင်လျှောက်အပ်ပါသည်ဘုရား။ နီပေါပြည်သည် ဘုရားမြတ်စွာ တထာဂတ၏ ဇာတိချက်ကြွေ မွေးရပ်ဌာနီဖြစ်၍ သာသနာရေးရာ ဓမ္မရေးရာအားဖြင့် အထူး အလေးဂရုပြု စောင့်ရှောက် ချီးမြှောက်ထိုက်သည့် ဌာနဖြစ်လျက်ရှိကြောင်းကိုလည်း ဘုရားတပည့်တော်သည် နောက်ဆက် အနေအားဖြင့် ထပ်မံဖြည့်စွက် တင်လျှောက်အပ်ပါသည် အရှင်မြတ်ဘုရား။

## ဩစတြေလျနိုင်ငံ သာသနာရေး ဆောင်ရွက်ချက်

ထို့မှတစ်ဖန် ၁၉၇၅-ခု၊ နိုဝင်ဘာလ ၄ ရက်မှ ဒီဇင်ဘာလ ၆ရက်အထိ ဩစတြေလျနိုင်ငံ ဆိဒနီမြို့သို့ ဩဝါဒါစရိယ ဆရာတော်ဘုရားနှင့် အပေါင်းပါတို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ကြွရောက်တော်မူခဲ့ကြပါသည်။ နိုဝင်ဘာလ ၆-ရက်နေ့ နံနက် ၇-နာရီခွဲလောက်တွင် ဆိဒနီမြို့တော်သို့ ရောက်ခဲ့ကြပါသည်။ အဲဒီမှာရှိတဲ့ ထိုင်း (ယိုးဒယား) ဘုန်းကြီးကျောင်းမှာ ခေတ္တခဏ အနားယူ ဆွမ်းဘုဉ်းပေးပြီးနောက် တရားစခန်းဖွင့်ရာ Bowral မြို့ငယ်ရှိ Sacred Convent Park ခေါ် ရောမန်ကက်သလစ် သီလရှင်ကျောင်းသို့ သွားခဲ့ကြပြီး အဲဒီနေ့မှာပဲ တရားစခန်းဆိုင်ရာ ဆောင်ရွက်ချက်တွေကို ဆောင်ရွက်တော် မူခဲ့ကြပါသည်။ တစ်လ တရားစခန်းဖြင့်၍ နေရာဌာနနှင့်ဘန်အောင် ယောဂီများကို လက်ခံရသည့်ဖြစ်၍ စုစုပေါင်း ယောဂီ ၅၀-ကျော်မျှ ရှိခဲ့ကြပါသည်။

ယောဂီများမှာ တချို့ခရစ်ယာန်ဘာသာဝင်တွေ, တချို့ လွတ်လွတ်လပ်လပ် ကြံစည်တွေးခေါ်ကြသူတွေ Ethiest တွေ, ဘာသာမဲ့သူတွေနှင့် တချို့ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါသည်။ အဲဒီအထဲမှာ အနောက်နိုင်ငံ နယူးဇီလန် ထေရဝါဒ ရဟန်းတော်တစ်ပါး၊ အင်္ဂလန် နိုင်ငံသား ကိုရင်ကြီး တစ်ပါး၊ ဩစတြေလျအမျိုးသမီး ထေရဝါဒ သီလရှင် သုံးပါးနှင့် မြန်မာ

အမျိုးသားနှစ်ဦး၊ ဒကာမကြီး တစ်ဦးလည်း ပါဝင်ခဲ့ကြပါသည်၊ ဗုဒ္ဓဘာသာတရားကို နည်းအမျိုးမျိုး လေ့လာလိုက်စား အားထုတ်ဖူးကြသူများလည်းရှိနေကြရာ သူတို့အဖို့လည်း မဟာစည် နည်းစနစ်သည် အထူးအဆန်းသဖွယ် ဖြစ်နေလျက် ရှိနေသည်ကို တွေ့ခဲ့ရပါသည်။

သို့ဖြစ်၍ ဩဝါဒါစရိယ ဆရာတော်ဘုရား၏ ညွှန်ကြားချက်အတိုင်း လိုက်နာအားထုတ်ရေးမှာ အချို့အချို့ယောဂီများသည် အင့်မတန် အခက်အခဲ ရှိနေကြပုံပေါ်လျက် ရှိနေခဲ့ကြသည်။ တချို့ကတော့ တစ်လတိတိ အားထုတ်ခဲ့သည်။ ထူးထူးခြားခြား ဉာဏ်သက်ရောက်အောင် အားထုတ်မှုကို မဆိုထားနှင့်၊ စိတ်ငြိမ်သက်အောင်ပင် မစွမ်းနိုင်ကြသည်ကိုလည်း တွေ့ခဲ့ရပါသည်။ ဘယ်လောက်ပင် နည်းစနစ်ကျကျ ပြောပြသော်လည်း ညွှန်ကြားပြောပြသည့်အတိုင်း မလုပ်နိုင်ကြသည့် ယောဂီများအတွက်တော့ တစ်ခါတလေ အလွန်ခံပြင်းစရာ ကောင်းလှပါတော့သည်။ ဒီကြားထဲမှာ တချို့က အင်မတန် အမေးအမြန်းထူပါသေးသည်။ ဆင်ခြေများကြပါသေးသည်။ ဒီလိုအခါမျိုးမှာ သည်းခံခွင့်လွှတ် မေတ္တာ ကရုဏာရှေ့ထားပြီး ဆက်ဆံရုံမှအပ အခြားနည်းလမ်းအနေဖြင့် ဥပေက္ခာပြု လျစ်လျူရှုရုံသာ ရှိတော့သည်။ သို့သော် ကမ္မဋ္ဌာန်းဆရာတစ်ဦးအနေဖြင့် ဥပေက္ခာပြု လျစ်လျူရှုလျက် နေရုံနှင့်လည်း ပြီးမြောက်နိုင်မည် မဟုတ်ပါ၊ ဒီတော့ အတော်ကို စိတ်ရှည်ရှည်ထားပြီး သူတို့နှင့် ဆက်ဆံရေး ပြေပြစ်အောင် ဆောင်ရွက်ရပါသည်။

ဒီလိုအခြေအနေမျိုးကို အဆင်ပြေအောင် ဆောင်ရွက်ရေးကိစ္စ လွယ်ကူလှသည် မဟုတ်ပါ။ ဒါတွေကိုပင် ဩဝါဒါစရိယ ဆရာတော်ဘုရားက နည်းအမျိုးမျိုး အခြေအနေအလိုက် သုံးသပ်ဆင်ခြင်တော်မူပြီး အဆင်ပြေအောင် ဆောင်ရွက်နိုင်ရုံမျှမက သူတို့စိတ်ထဲတွင် ဒီနည်းလမ်း အမှန်စင်စစ် မှန်ကန်ပါသည်ဟု ဆိုရသည်အထိ ဆောင်ရွက်တော်မူနိုင်ခြင်းကြောင့် နောက်ဆုံး အချိန်မှာ စိတ်ကျေနပ်လောက်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရပါသဖြင့် ဒီခရီးစဉ်လည်း ထိုက်တန်သလောက် အောင်မြင်ကြောင်း အစီရင်ခံတင်ပြလျှောက်ထားအပ်ပါသည် ဘုရား။

စခန်းသိမ်းပြီး နောက်ဆုံး ပြန်ခါနီးအချိန်မှာ အသက် ၆၀ ကျော် အမျိုးသမီးကြီး တစ်ဦးကဖြစ်ပုံ ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုသည်မှာ စိတ်ဝင်စားစရာကောင်းလှပါတော့သည်။ သူမကဆရာတော်ဘုရားကိုစခန်းစပြီးမှ စ၍ ၂၄-နာရီတိတိ ဆရာတော်ဘုရားကို စိမ်ခေါ်လျက် နေခဲ့ပါသည်တဲ့၊

ဆရာတော်သည် တကယ် ဆရာဖြစ်ထိုက်၊ မဖြစ်ထိုက်၊ ဘယ်လို အခြေအနေမျိုးရှိသူဖြစ်၍ မည်ကဲ့သို့ နည်းပေး လမ်းပြလုပ်ပြီး အကျိုးရှိအောင် စွမ်းစွမ်းတမံ ဆောင်ရွက်သွားလိမ့်မည် ဆိုတာကို မျက်ခြည်မပြတ် စုံစမ်းခဲ့ပါသည်တဲ့။ ၂၄-နာရီ ကျော်တော့မှပဲ သူမရဲ့စိတ်ထဲမှာ ဆရာတော်အပေါ် ကြည်ညိုစိတ်ပေါ်သဖြင့် ဆရာတစ်ဦးအနေဖြင့် လက်ခံကာ ထိခြင်းကြီး ၅-ပါးဖြင့် ရှိခိုးလိုက်ခြင်း ဖြစ်ပါသည်တဲ့။

ဤသို့အားဖြင့် နိုင်ငံခြား သာသနာပြုရေးကိစ္စမှာ ပရိယတ်, ပဋိပတ် စွယ်စုံဘတ်ချိုသက်သက် မဟုတ်ဘဲနဲ့ တိုင်း, နိုင်ငံ၏အခြေအနေအရ ယောဂီတို့၏ စိတ်နေစိတ်ထား သူတို့၏ ခံယူချက်, သူတို့၏ ဆန္ဒ, သူတို့၏ အခြေအနေ စသည်စသည်မှစ၍ ပေးသင့်သော အကြံဉာဏ်, သွန်သင်ပြသ ဆုံးမသင့်သော အခါအခွင့် အားလျော်စွာ နည်းပေးလမ်းပြ ဆုံးမမှုနှင့်တကွ စိတ်နေစိတ်ဓာတ် ဖြူစင်သန့်ရှင်းစွာထားပြီး စိတ်ရှည်ရှည်နဲ့ မေတ္တာ ကရုဏာဓာတ် အစုံအလင်ဖြင့် ဆောင်ရွက်သွားရပါသည်။ ဒီတော့မှ တကယ့်ဓမ္မဒူတခရီးစဉ် ဖြောင့်ဖြူးတတ်ပါကြောင်းကိုလည်း ဘုရားတပည့်တော် တင်ပြလျှောက်ထားအပ်ပါသည် အရှင်မြတ်တို့ဘုရား။

ဩစတြေးလျနိုင်ငံ၏ ဓမ္မဒူတခရီးစဉ်သည် အမှန်အားဖြင့် အောင်မြင်ထမြောက်ကြောင်း၊ အဲဒီမှာရှိကြသည့် ယောဂီ အမြောက်အမြားက မြန်မာပြည် လာရောက်ပြီး ထပ်မံ တရားအားထုတ်လိုကြောင်းနှင့် မည်ကဲ့သို့ဆောင်ရွက်ရမည့်အကြောင်း မေးမြန်းစုံစမ်းလျက်ရှိသည်ကို ထောက်ဆခြင်းအားဖြင့်လည်းကောင်း၊ ဩဝါဒါစရိယ ဆရာတော်ဘုရားနှင့်အတူ ဒူးတိုက် မျက်နှာစုံညီ ဆွေးနွေး တိပ်ခွေသွင်းယူခြင်းဖြင့် လည်းကောင်း၊ စိတ်ပညာဆိုင်ရာ စာစောင်တွင် ဆရာတော်ဘုရား၏ ဆိုဆုံးမချက်ကို အများအကျိုးအတွက် ထုတ်ဝေဖြန့်ချိမည့်အကြောင်း စိတ်ပညာပါရဂူ ယောဂီတစ်ဦးက လေးလေးစားစား လျှောက်ထားခြင်းကို ထောက်ဆသောအားဖြင့် လည်းကောင်း သိနိုင်ပါသည်။

ထိုမှနောက် ဩဝါဒါစရိယ ဆရာတော်ဘုရားသည် မလေးရှားနိုင်ငံ ပီနန်မြို့ (M.B.M.C) ကမ္မဋ္ဌာန်းဌာနအဖွဲ့၏ ပင့်လျှောက်ချက်အရ ဒီဇင်ဘာလ ၇-ရက်နေ့တွင် ဗန်ကောက်မြို့မှ တစ်ဆင့် ပီနန်သို့ ၂-ရက်မျှ ခရီးဆက်တော်မူပါသည်။ ပီနန်ရှိ ဗုဒ္ဓဘာသာဝင်များသည် မူလအားဖြင့် မဟာယာနဗုဒ္ဓဘာသာဝင်များဖြစ်၍ တဖြည်းဖြည်းချင်း ထေရဝါဒ သာသနာတော်

အပေါ်မှာ ယခုမှ စိတ်ဝင်စားပြီး လေ့လာလျက်ရှိသူများဖြစ်သည်။ သူတို့၏ သဒ္ဓါတရားသည် ယခုတော့ အင်မတန် ထက်ထက်သန်သန် ရှိနေကြသည်ကို တွေ့ရပါသည်။ ထိုသဒ္ဓါတရားကို ထိန်းသိမ်း စောင့်ရှောက်ရေး အတွက် ထေရဝါဒ သာသနာတော်ကြီး၏ အနှစ်သာရကို အမြင်မှန်အတိုင်း သိစေနိုင်ရေးအတွက် သီလ၊ သမာဓိ၊ ပညာဂုဏ်တော်များ ပြည့်စုံပြီး အပ္ပိစ္ဆသန္တုဋ္ဌိ၊ လဇ္ဇီ ပေသလ ပုဂ္ဂိုလ်များမှတစ်ဆင့် သာသနာ့ကိစ္စ အဝဝကို ဆောင်ရွက်စေပြီး၊ ပညာဂုဏ်နှင့်ပါ ယှဉ်စေပြီး သာသနာရေး ဘာသာရေး ခံယူချက် တည်တံ့ခိုင်ခံ့အောင် ရှိစေရန် လိုအပ်ကြောင်းကိုလည်း ဘုရားတပည့်တော် ရှိခိုးသော အစီရင်ခံ တင်ပြရင်းနှင့် နိဂုံးချုပ်လိုက်ပါသည် အရှင်မြတ်တို့ ဘုရား။

ဦးဉာဏပုဏ္ဏိက
ခေတ္တ/မဟာစည်၊ ရန်ကုန်
နီပေါနိုင်ငံ၊ ကဌမဏ္ဍုမြို့။

## ဓမ္မာစရိယဦးဌေးလှိုင်
## ရေးသားသော ထွက်ပြီးကျမ်းစာများ


၁။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ

၂။ ရတနာသုံးပါးကျေးဇူး

၃။ အနာဂါမ် ဆရာသက်ကြီး

၄။ မေတ္တာဝါဒ (ပြဟ္မဝိဟာရအဖွင့်) .... (ကုန်)

၅။ ကမ္ဘာကိုချုပ်ကိုင်မည့်သူ

၆။ သီဟိုဠ်ခေတ်စံတော်ဝင်အရိယာများ .... (ကုန်)

၇။ ဓမ္မဒူတ (ပထမအုပ်) .... (ကုန်)

၈။ ဓမ္မဒူတ (ဒုတိယအုပ်)


## ဓမ္မဒူတ တတိယအုပ်

* အိန္ဒိယ၌ ဗုဒ္ဓသာသနာတော် တစ်ကျော့ပြန်လည် ထွန်းဂ. ရာ၌ ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ စသော သာသနာပြုပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိသမိုင်းအကျယ်နှင့် အမြင်ကျယ်သော အိန္ဒိယခေါင်းဆောင်ကြီးများ၏ ဗုဒ္ဓဝါဒအပေါ် သဘောထားကို ဓမ္မဒူတ (တတိယအုပ်) တွင် အပြည့်အစုံ ဖော်ပြပါမည်။

* ဗုဒ္ဓဖွားမြင်ရာ နီပေါနိုင်ငံ၌ ထေရဝါဒ သာသနာ ပြန်လည် ထွန်းကားရန် သက်စွန့်ကြိုးပမ်းမှုသမိုင်းတွင် မြန်မာနိုင်ငံ၏ ပံ့ပိုးမှုနှင့် လက်ရှိ အခြေအနေ။

* အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များ၏ အဖွဲ့အစည်းနှင့် မြန်မာမှ ကမ္ဘာသို့ သာသနာ နယ်မြေသစ် ခုတ်ထွင် စိုက်ပျိုးမှု သတင်းများ....

နယ်ခြားတောင်တန်း သာသနာပြု ဆရာတော်ဘုရားကြီး
အရှင် ဦးဥတ္တမသာရ၏
ဥရောပသို့ မေတ္တာခရီးအတွက်
ချမ်းမြေ့စွာ

# ဘဝနေနည်း

## လမ်းညွှန်တရားတော်

- ကမ္မနိယာမ၊
- မေတ္တာအာနိသင်၊
- ပရိတ်စွမ်းအား၊
- သေနည်းသင်တန်းနှင့်
- သမထဝိပဿနာ

ကိုယ်တွေ့ပစ္စုပ္ပန်ဝတ္ထုများ၊ တစ်သက်တာ ကိုယ်တွေ့ ကျင့်စဉ်များ၊ ကိုယ်တွေ့ ချမ်းမြေ့စွာ နေနည်းများ၊ ဘဝအောင်မြင်ရေး လမ်းညွှန်ချက် တရားတော် ၅ ပုဒ်၊ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိအကျဉ်းနှင့် စီစဉ်သူ ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရှေးဦးအမှာစကား ဆရာတော်ကြီး၏ ဖြစ်ရပ်ဆန်းနှင့် ကော လာဟလ သုံးသပ်ချက်များ၊ ပရိတ်ရေကြောင့် ရောဂါမျိုးစုံ ပျောက်ကင်း ချမ်းသာကြပုံ၊ သမထ ဝိပဿနာ အလုပ်ခွင်မှ အံ့ဩဖွယ် အတွေ့အကြုံများ စုံလင်လှ၏။

ပထမဆုံး ထွက်ပေါ်လာသော ဘာသာရေး အသိဉာဏ်ဖွင့်ပေးမည့် စာအုပ်၊ စာမျက်နှာ ၃၀၀ ကျော်၊ တစ်အုပ် ခန့်မှန်း ၃၀ ကျပ်။

ဥရောပသို့မေတ္တာခရီးအတွက်အင်္ဂလိပ်လိုဘာသာပြန်ပါရိုက်နှိပ်ရန် စီစဉ်နေပါပြီ။ (တစ်အုပ် ခန့်မှန်း ၄၀ ကျပ်)။ အင်္ဂလိပ် စကားပြော ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့အတွက်ဓမ္မဒါနလှူရန် ဓမ္မာစရိယ ဦးဌေးလှိုင်ထံ အလှူငွေများ ကြိုတင်ပေးသွင်း လှူဒါန်း နိုင်ပါပြီ။ စာအုပ်နောက်ပိုင်း၌ အလှူရှင်စာရင်း သီးသန့် ဖော်ပြနိုင်ရန်။

ဆက်သွယ်ရန်
ဗုဒ္ဓအသံစာပေ
စာတိုက်ဘူးအမှတ်-၁၃၂၃
ဗဟိုစာတိုက်ကြီး
ရန်ကုန်။

ပထမမှုအညွှန်း

## ဓမ္မဒူတ ဩဝါဒတော်

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ မာ ဧကေန ဒွေ အဂမိတ္ထ၊

(ဝိနယ မဟာဝဂ္ဂပါဠိတော်)

ရဟန်းတို့ များစွာသော လူတို့၏ အစီးအပွား ဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ၊ လောကကို စောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွားဖြစ်ခြင်း ချမ်းသာခြင်းငှာ ဒေသစာရီ လှည့်လည်ကုန်လော့။ ခရီး တစ်ကြောင်းတည်း၌ နှစ်ပါးမသွားကြကုန်လင့်။